# မှတ်စုပဒေသာ

## ဒုတိယတွဲ

ဦးဥတ္တမသာရ

ဘုန်းကြီးမှတ်စု

ဝေါ်

# မှတ်စုပဒေသာ

အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက

ဘွဲ့တံဆိပ်တော်ရ

ဂတာဝင်တန်းသာသနာပြု

ဆရာတော်ကြီး

## ဦးဥတ္တမသာရ

ထိပ်တင်ဝင်း(မြန်မာ့ရိုးရာ မိနိုင်း

ဒုတိယတွဲ

**စာပြင်-စာတည်းမှူး**

ဦးတင်မောင်
(ဓမ္မာစရိယ)

**စုဆောင်းပူဇော်သူ**

ဦးသိန်းအောင်
ရွှေလဝင်း-စာပေ

**ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ်**
၃၅/၉၄ (၁၂)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၃၂/၉၅ (၈)

၁၉၉၇-ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ - ၅၀၀
တန်ဖိုး (၂၀၀/-)ကျပ်

**အဖုံးပန်းချီ** ထိပ်တင်ဝင်း (မြန်မာ့ရိုးရာဒီဇိုင်း)

**ထုတ်ဝေသူ**
ဦးမြသန်း (၀၁၀၅၀)
အသိုင်းအဝိုင်းစာပေ၊ ၃၅-ခွဲစုရပ်
ကမ္ဘာအေး၊ ရန်ကုန်မြို့။

**အဖုံးနှင့်အတွင်းစာသားပုံနှိပ်သူ**
ဒေါ်နှင်းရီ (၀၄၅၆၀)
သစင်-အော့ဖ်ဆက်၊ အမှတ်-၁၃၉၊
လမ်း-၅၀၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

**ဖြန့်ချိရေး**
ရွှေလဝင်းစာပေ
၁၄၄၊ လမ်း-၅၀၊ ရန်ကုန်မြို့
ဖုန်း - ၂၉၁၂၁၃

# မာတိကာ

## စတုတ္ထပိုင်းမှအဆက်


စာမျက်နှာ

၁၃၀၇-ခုနှစ်၊ နယုန်လဆန်း ၁၂-ရက်မှ နယုန်လဆုတ် ၁၅-ရက်ထိ မှတ်တမ်းများ ၁-မှ-၈ အထိ

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆန်း ၆-ရက်မှ ပထမဝါဆိုလဆုတ် ၁၅-ရက်ထိ မှတ်တမ်းများ ၈-မှ-၂၇ အထိ

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃-ရက်မှ ဒုတိယဝါဆိုလဆုတ် ၁၅-ရက်ထိ မှတ်တမ်းများ ၂၇-မှ၄၈ အထိ

၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆန်း ၁-ရက်မှ ဝါခေါင်လဆုတ် ၁၄-ရက်ထိ မှတ်တမ်းများ ၄၈-မှ-၇၁ အထိ

၁၃၀၇-ခုနှစ်၊ တော်သလင်းလဆန်း ၁-ရက်မှ တော်သလင်းလဆုတ် ၁၅-ရက်ထိ မှတ်တမ်းများ ၇၁-မှ-၁၀၀ အထိ


## ပဥ္စမပိုင်း


၁၃၀၈-ခုနှစ်၊ တန်ခူးလဆန်း ၁၅-ရက်မှ တန်ခူးလဆုတ် ၁၁-ရက်ထိ မှတ်တမ်းများ ၁၀၁-မှ-၁၁၁ အထိ

၁၃၀၈-ခုနှစ်၊ ကဆုန်လဆန်း ၁-ရက်မှ ကဆုန်လဆုတ် ၁၅-ရက်ထိ မှတ်တမ်းများ ၁၁၁-မှ-၁၂၃ အထိ

၁၃၀၈-ခုနှစ်၊ နယုန်လဆန်း ၁-ရက်မှ နယုန်လဆုတ် ၉-ရက်ထိ မှတ်တမ်းများ ၁၂၃-မှ၁၂၇ အထိ

၁၃၀၈-ခုနှစ်၊ ဝါဆိုလဆန်း ၂-ရက်မှ ဝါဆိုလဆုတ် ၁၀-ရက်ထိ မှတ်တမ်းများ ၁၂၈-မှ-၁၃၂ အထိ

၁၃၀၈-ခုနှစ်၊ ဝါခေါင်လဆန်း ၁-ရက်မှ ဝါခေါင်လဆုတ် ၁၄-ရက်ထိ မှတ်တမ်းများ ၁၃၂-မှ-၁၃၆ အထိ

၁၃၀၈-ခုနှစ် တော်သလင်းလဆန်း ၁၀-ရက်မှ ၁၅-ရက်ထိ မှတ်တမ်းများ ၁၃၇-မှ-၁၄၉ အထိ

၁၃၀၈-ခုနှစ် သီတင်းကျွတ်လဆန်း ၂-ရက်မှ သီတင်းကျွတ် လဆုတ် ၁၃-ရက်ထိ မှတ်တမ်းများ ၁၄၉-မှ-၁၆၂ အထိ

၁၃၀၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃-ရက်မှ တန်ဆောင်မုန်း လဆုတ် ၁၅-ရက်ထိ မှတ်တမ်းများ ၁၆၂-မှ-၁၆၅ အထိ

၁၃၀၈-ခုနှစ်၊ နတ်တော်လဆန်း ၁-ရက်မှ နတ်တော်လဆုတ် ၁၁-ရက်ထိ မှတ်တမ်းများ ၁၆၅-မှ-၁၆၈ အထိ

၁၃၀၈-ခုနှစ်၊ ပြာသိုလဆန်း ၅-ရက်မှ ပြာသိုလဆုတ် ၁၃-ရက်ထိ မှတ်တမ်းများ ၁၆၈-မှ-၁၇၅ အထိ

၁၃၀၈-ခုနှစ်၊ တပို့တွဲလဆန်း ၃-ရက်မှ တပို့တွဲလဆန်း ၇-ရက်ထိ မှတ်တမ်းများ ၁၇၅-မှ-၁၉၀ အထိ

## * ဆောင်းပါး

စကြဝဠာကမ္ဘာလောကဓာတ်သည် ဘယ်ကဲ့သို့ဖြစ်ပျက်တည်နေသလဲ ၁၉၁-မှ-၂၂၆ အထိ

နိဂုံးမှတ်တမ်း ၂၂၇

စတုတ္ထပိုင်းမှအဆက်

## ဂျပန်နှင့် - လိပ်ကာန် စစ်တိုက်နည်း

၁၃၀၇-ခုနှစ်၊ နယုန်လဆုတ် ၁၂-ရက်။ ကမာ့ရွှတ် ကျားကျောင်းသို့ အိန္ဒိယပြည်ပြန် စာတိုက်မင်းကြီး ဦးသိမ်းဆိုသူက သံဃာတော်များပင့် ဆွမ်းကပ်၍ လိုက်စားရ၏၊ စစ်ရိက္ခာစည်သွတ်ဘူးများကို မြန်မာအမျိုးသမီးတို့ လက်စွမ်းဖြင့် ပြင်ဆင်ချက်၍ ကပ်ရာ စားကောင်းလှသည်၊ ဆွမ်းဒါယကာသည် အင်္ဂလိပ်ပြေးစဉ် အိန္ဒိယသို့ လိုက်ပါသွားလေရာ မကြာမီရက်အတွင်းကမှ ပြန်ရောက်သည် ဆို၏။

ဘုန်းကြီးများ ဆွမ်းစားနေစဉ် ဦးသိမ်းနှင့် သူ၏မိတ်ဆွေဒကာချင်း စကားပြောနေကြရာတွင် "ဂျပန်ခေတ် မျက်မြင်မိတ်ဆွေများက ဂျပန်ဟာ ပြေးလို့သာပြေးရတာ၊ အတော်သတ္တိကောင်းတဲ့ကောင်တွေ၊ သေရဲသတ်ရဲ - ခွဲလည်းကောင်းတယ်၊ သူတို့အသက် သေရမှာ နည်းနည်းမှ ကြောက်တဲ့ကောင်တွေ မဟုတ်ဘူး" ဟု ပြောကြရာ -

ဦးသိမ်းက "ဟုတ်တာပေါ့ဗျာ၊ ဒါကြောင့် လိပ်ကန်ဗိုလ်ကြီးတွေက ဘယ်လိုပြောသလဲဆိုရင် ဂျပန်ဟာ သိပ်တော်တာဗျာ၊ ဉာဏ်လည်းကောင်းတယ်၊ သတ္တိလည်းကောင်းတယ်၊ အသေရဲသေးတယ်၊ ဒါကြောင့် တော်တော့လူ့သူတို့ကို မတိုက်ရဲဘူး၊ ဒါပေမယ့် နောက်ဆုံးတော့ ကျုပ်တို့က နိုင်တာပဲလို့ ပြောလေ့ရှိကြတယ်၊ သူတို့ဝါဒက အသက်ကို အသေခံဘူး၊ အသက်မသေလျှင် နောက်တစ်ခါ တိုက်နိုင်သေးတယ်၊ အသက်သေပြီးလျှင် နောက်တစ်ခါ မတိုက်နိုင်တော့ဘူးတဲ့၊ သူတို့တိုက်နည်းက ရန်သူကို မှူးခေါ်၍ရလျှင် မှူးခေါ်ပြီး အရှင်ဖမ်းရမတဲ့၊ ဟန်ပြ၍ ခြောက်တန်လျှင် ခြောက်ရမယ်၊ မတတ်သာလှမှသာ ရင်ဆိုင်တိုက်ရမယ်တဲ့" ဟူ၍ ပြောလေသည်၊ သူမ်းအောင်း ဂျပန်နှင့် လိပ်ကန်တို့ စစ်တိုက်နည်းဝါဒ ခြားနားပုံကိုပင် သိလိုက်ရသေး၏။

## ဆရာ့တပည့် နှစ်ပါး

၁၃၀၇-ခုနှစ်၊ နယုန်လဆုတ် (၈)ရက်။ ယနေ့ညတွင် တောရွာ-ရေကျော် စွတ်ကမဲဆီသို့ ရှောင်ထွက်သွားနေသော ဘုန်းကြီး၏တပည့် ဦးသဥ္ဇင်းကြီး ဦးဘိုးငွေ ပြန်ရောက်လာ၏၊ ခြင်းကလေးနှင့်ထည့်၍ သရက်သီး (၄)လုံးနှင့် ဆပ်ပြာတစ်တောင့်ပါ ကျောင်းသား မောင်ကြိုင်က ယူလာကာ လာကန်တော့ကြသည်၊ တစ်ပါးတည်း ကေစာနေခဲ့ရာမှ ဆရာ့တပည့်နှစ်ပါး ဖြစ်လာပြန်တော့လည်း စကားပြောဖက် ရပြန်၏ဟု နှလုံးသွင်းရသည်၊ တောရွာ၌ သူ တွေ့ကြုံရသော ကြောင်းရာတွေပြော၍ နားထောင်ရာ မိမိမှာ နေမြဲတိုင်းနေရသည်က တော်သေး၏ဟု အောက်မေ့မိသည်။

## ဝိသကြို ညွန့်မောင်

၁၃၀၇-ခုနှစ်၊ နယုန်လဆုတ် ၁၀-ရက် ဦးသဥ္ဇင်းကြီး ပြန်မရောက်ခင် တစ်ပါးတည်းနေစဉ် မိုးတဖွဲဖွဲရွာနေသော တစ်နေ့သ၌ မိုးလုံသောနေရာ၌ထိုင်၍ စာအုပ်ကို ကြည့်နေ၏၊ မိုးရာသီတွင်း တစ်နေ့တစ်ခြား တိုးရောက်လာနေပြီဖြစ်သောကြောင့် မိုးမလုံသောကျောင်း၌ နေရသည်ကို စိတ်ပျက်လျက် ဘုန်းကြီးဖြစ်သောဘဝမှာ ဆွမ်းဝလင်အောင်စားရမှ - ကျောင်းမိုးလုံမှ ထိုအရပ်၌ နေအပ်ကြောင်း ရှေးဆရာတော်ကြီးတို့ မိန့်မြွက်လေ့ရှိကြသည်ကို သတိရကာ ကြည့်နေသောစာကို စိတ်, သမာဓိမရ၊ ဤနေရာ၌ အတော်ကြီး ငြိုငွေ့နေမိ၏၊ မိုးလင်းနေခိုက် စိတ်မပူလှ၊ မိုးစွေရွာနေလျှင် နေမပျော်တော့ပေ၊ ထိုသို့ရှိနေစဉ် ကျောင်းအနီးရပ်ကွက်၌နေသော မောင်ညွန့်မောင် ဆိုသူ လူရွယ်တစ်ယောက် ဘုန်းကြီးထံ ရောက်လာ၏။

"ဟင် - ဘုန်းကြီးကျောင်းက မိုးယိုလို့ပါလား" ဟု ပြောလေသည်။

"အေးကွယ် - မင်းမြင်တဲ့အတိုင်းပဲ"

"အရှင်ဘုရားက ဒကာတွေကို အမိန့်မရှိဘူးလားဘုရား၊ ကျောင်းမိုးယိုနေပြီ၊ ကြည့်ရှုမိုးပေးကြပါဦးလို့"

"မပြောချင်ပါဘူးကွယ်၊ သူတစ်ပါးကို အပူမကပ်ချင်ပါဘူး။ ဖြစ်သလိုနေပါတော့မယ်၊ ငါလည်း အရပ်ဒေသမျိုးစုံ နေခဲ့ဖူးလို့ နေတတ်ပါတယ်"

"အို - ဘယ့်နှယ် ဒီအတိုင်း ပစ်ထားလို့ဖြစ်မလားဘုရား။ အခု မိုးရာသီရောက်နေပြီ၊ နေ့တိုင်းမိုးရွာနေတော့မှာ"

ကျောင်းတွင်း ဟိုဟိုသည် လျှောက်ကြည့်လျက် -

"ဟင် - ဝိရိုတွေပေါ်လည်း မိုးယိုလို့ပဲ၊ စားပွဲတွေပေါ်မှာရော၊ ဟင် - အတွင်းအိပ်ခန်းထဲမှာလည်း ယိုလို့ပဲ၊ ဘယ်မှာနေ စရာရှိတော့သလဲ၊ အရှင်ဘုရားအမိန့်ရှိတဲ့ ဖြစ်သလိုဆိုတာကို မကောင်းဘူးဘုရား။ ရပ်နဲ့ရွာနဲ့ နေတာပဲ၊ ဘုန်းကြီးကိုးကွယ်ပြီး ကျောင်းမိုးယိုကြီးနဲ့ ပစ်ထားကြလို့ တော်ပါ့မလား" ဟု ညည်းညူကာ စိတ်လက်မကောင်းရှာ၍ ရှိခိုးပြီး ပြန်သွားလေသည်။

အဆိုပါ မောင်ညွန့်မောင်သည် အရပ်လူကြီး ဦးကံထွန်း၏တူ စိတ်ကောင်းလူကောင်း အိမ်ထောင်သည်တစ်ဦးဖြစ်သည်၊ ဆရာကောင်းတပည့် ဘုန်းကြီးကျောင်းထွက်ဖြစ်သောကြောင့် ဘုန်းကြီးဆင်းရဲစွာနေပုံ မြင်ရသည်ကို ကိုယ်ချင်းစာနာ ကြင်နာတတ်ရှာပေသည်၊ နောက်များမကြာမီ ဘုန်းကြီးကျောင်း ပြင်ဆင်မိုးပေးကြရန် စီမံနေကြကြောင်း ကြားရ၏၊ ယနေ့ ခနီများ၊ ဝါးများ လှည်းနှင့်တိုက်၍ ကျောင်းအတွင်း သယ်ယူလာကြသည်ကို မြင်ရ၏။

ကပ္ပိယကြီး ဦးဘိုးတင်လည်း ရောက်လာ၍ ၎င်းက ဦးစီးဦးဆောင်ကာ ရွာသားများလက်ညီတက်ညီမိုးပေးကြရာ ဘုန်းကြီးကျောင်းမိုးလုံလေလုံဖြစ်သွား၏၊ မောင်ညွန့်မောင်နှင့် ဦးကံထွန်းတို့ တူဝရီး (၂)ယောက်က ရပ်ရွာထဲ ကောက်ခံကြောင့်ကြစိုက်ကြသည်ဆို၏၊ ကျောင်းမိုးသူများကို ၎င်းတို့တူဝရီးကပင် ထမင်းကျွေးကြသေး၏၊ အားလုံး မိုးပြီးကြလျှင် ချက်ချင်း မိုးပြင်းပြင်းရွာချလိုက်လေရာ အခါတိုင်းလို စိတ်သောကမများရတော့ပေ၊ "ငါစိတ်ပူ တွေးတောကြံဆနေသည်ကို သိကြားမင်းကျောက်ဖျာခင်း၍ မောင်ညွန့်မောင်ကို ဝိသကြံ့အဖြစ် စေလွှတ်ခြင်းပဲဖြစ်ရော့သလား" ဟု ယူဆစရာဖြစ်နေ၏၊ ဆွမ်းအတွက် ရက္ခစိုး မောင်ကို၊ ကျောင်းအတွက် ဝိသကြံ့ မောင်ညွန့်မောင်တို့ ကျေးဇူးပေ။

## ကိုယ်တော်ကြီး

၁၃၀၇ - ခုနှစ်၊ နယုန်လဆုတ် ၁၁-ရက်။ ကမာရွတ် ကမ်းနား ဒေါ်လှခင်အိမ်သို့ ဦးဝမ္မိက၊ ဦးကိတ္တိတို့ရဟန်းညီနောင်နှင့်အတူ ဆွမ်းကပ်ပြီး ဂျပန်စက္ကူ ၆၀ - ကျပ်စီလှူသော ဆွမ်းကျွေးပွဲ၌ ဆွမ်းစားနေကြစဉ် အမည်မသိ ဒကာမကြီးတစ်ဦးက "ကိုယ်တော်ကြီးများ" ဟူသော စကားတစ်ခွန်းသုံးလိုက်ရာ ဘုန်းကြီး (၃)ပါး အံ့ဩစွာနှင့်ကြည့်မိကြသည်၊ အကြောင်းမှာ အရွယ်မကြီးလွန်းသေးသော ငယ်ဖြူရဟန်းတို့မှာ ကိုယ်တော်ကြီးခေါ်ဆိုခြင်းကို မကြိုက်ကြသောကြောင့်ဖြစ်၏၊ စာသင်

သား ဦးသခင်းများမှာ အလွန်မကြိုက်ဆုံးသောစကား ဖြစ်သည်၊ လူလူချင်းမှာ 'ခင်ဗျားကြီး' ဟူသော စကားကဲ့သို့ မထီလေးစား ငေါ့၍ပြောသည်နှင့်တူသောကြောင့်ဖြစ်၏၊ စင်စစ်မှာ ခံပြင်းစရာကားမဟုတ်ပေ၊ သို့သော် ငယ်ဖြူဖြစ်သော်လည်း အသက် ၅၀-ကျော်ရွယ်နှင့် တောထွက်ကြီးများကိုမူ ကိုယ်တော်ကြီးဟု ပြောကြမြဲ ဖြစ်၏။

## လူပေလူတေကြီး

ဂျပန်များ ရန်ကုန်မှ ဆုတ်ခွာသွားဆဲအချိန် ကျောင်း၌ ဘုန်းကြီးတစ်ပါးတည်းနေစဉ် တစ်ခုသော နံနက် (၈)နာရီခန့် အဘိုးကြီးတစ်ဦးလာ၍ ဥပုသ်ဇရပ်ပေါ်၌ အဖျားတက်နေ၏၊ သနား၍ သွားကြည့်ရှုမေးရာ သူ့ကိုယ်ပေါ်(၅)နေရာ၌အနာများ တွေ့ရသည်၊ မေးကြည့်ရာ ဂျပန်စစ်ဂိုဒေါင်ကို သူများနှင့်ရောၡ ဈေးဦးပေါက်ပစ္စည်းယူကြရာတွင် ဂျပန်အရိုက်ခံရကြောင်း ပြော၏၊ သနားသဖြင့် ကျောင်း၌ရှိသော ဆေးရည်ပုလင်းကိုယူ၍ လိမ်းပေးလိုက်ရာ တစ်ညကြာလျှင် အထူး သက်သာသွားလေသည်၊ နောက်ရက်တို့၌လည်း 'သနားပါတယ်၊ လိမ်းပေးပါ' ဟု လျှောက်ထားတောင်းပန်၍ ကောင်းမွန်စွာ ပြုစုပေးလိုက်၏၊ အဘိုးကြီးဖြစ်၍ သနားသောကြောင့် ဆွမ်းကျန် ဟင်းကျန်များပင် ခွန့်လိုက်သေးသည်။

အဖျားကျသောအခါ 'အင်းစိန် မိတ်ဆွေထံသို့ သွားပါဦးမည်' ဟူ၍လည်းကောင်း၊ 'စမ်းချောင်း - ဟုမ်းလမ်း နှမဝမ်းကွဲထံ သွားဦးမည်' ဟုလည်းကောင်း လျှောက်ပြီး သွားလေ့ရှိရာ သနားတတ်သော ဘုန်းကြီးဖြစ်ကြောင်းသိ၍ ပြန်လာပြီး အိပ်နေတတ်သည်၊ ဤသို့လျှင် သွားပြန်ဝင်ထွက် နေရင်းက ဘုန်းကြီးနှင့် အကျွမ်းဝင်သကဲ့သို့ ဖြစ်နေ၏၊ ရံခါ ဘုန်းကြီးကို နှိပ်နယ်ပေးတတ်သည်။

၎င်းမှာ သုံးဆယ်မြို့ ပန်းဖွဲ့လမ်း သပြေကုန်းရွာဇာတိ အသက် ၇၁-နှစ်ရှိ ဦးမြို့ဆိုသူဖြစ်ကြောင်း၊ ပထမအိမ်ထောင်နှင့် သမီးတစ်ယောက်ရှိရာ ပြည်မြို့ ပွဲစားတစ်ဦးနှင့် အိမ်ထောင်ကျလျက်ရှိကြောင်း၊ ၎င်း၏နောက်အိမ်ထောင်တို့မှာ မမြဲကြောင်း၊ ပဲခူး, ခရမ်း, သုံးခွ မီးရထားဂါတ်ဝိုလ် လုပ်ဖူးကြောင်း၊ မိန်းမမရှိဘဲ နေခဲ့သည်မှာ အနှစ် ၃၀-ကြာပြီး စသည်ပြောပြ၏၊ ဘုန်းကြီးထံ ဝင်ထွက်များ၍ လူပေလူတေကြီးဖြစ်ကြောင်း သိရ၏၊ တစ်ရက် ဥပုသ်စောင့်နိုင်းကြည့်ရာ မရချေ။

နယုန်လဆန်း (၂)ရက်နေ့က နံနက်စောစော (၅)နာရီခန့်တွင် ဘုန်းကြီးထံလာပြီး 'ကန်တော်ကလေး ဘုတ်ကလပ် အမေရိကန်စစ်ဗိုလ်တစ်ဦးထံ၌ တစ်လ ၃၀-ကျပ်နှင့် ထမင်းချက်ဝင်မည်၊ ဘုန်းကြီးထံ မကြာခဏလာပါမည်' ဟု ပြောပြီး ငွေချေးလေတော့သည်၊ သနားတတ်သော ဘုန်းကြီးမှာ ပြောဖန်များသဖြင့် ရှိသမျှ အင်္ဂလိပ်စက္ကူကလေးနည်းနည်း ထုတ်ပေးစေလိုက်ရာ ကျေးဇူးတင်ကြောင်း ပြောကြားပြီး ယူသွား၏၊ သူ၏ဂျပန်စက္ကူ ၄၀၀-ကျပ်ခန့် ပစ်ချထားခဲ့ခါ ထွက်သွားလေ၏၊ နောက် ပေါ်မလာတော့ချေ၊ ကျေးဇူးရှင်ကို ကျေးဇူးစွပ်သွားခြင်းပေလော။

သို့သော် ယောထဲက ဘုန်းကြီးတစ်ပါးနှင့်စာလျှင် တော်သေး၏။ တောင်ပေါ်က ချင်းများ ယောထဲဆင်း၍ လာကြစဉ် အဆင်မသင့်လျှင် ဖျားနေတတ်ကြသည်၊ တစ်နေ့သ၌ ဘုန်းကြီးကျောင်း ဇရပ်ပေါ်၌ ချင်းငည့်သည်များ လာအိပ်နေကြပြီး တောင်ပေါ်တက်သွားကြသောအခါ တစ်ယောက် အဖျားတက်၍ အိပ်ကျန်နေရစ်ခဲ့သည်။ ထိုကျောင်းဘုန်းကြီးမြင်လျှင် သနား၍ ဆေးတိုက်၊ ရေနွေး ကျိုပေး၊ ထမင်းကျွေးမွေး၍ ပြုစုပေးရာ (၃-၄)ရက်ကြာလျှင် ကောင်း၍လာတော့သည်၊ ထိုအခါ သူ့အိတ်ထဲကငွေ (၄)ကျပ် ဘုန်းကြီးကခိုးယူထားပါသည်ဟု သူကြီးအိမ်သွားတိုင်ပြီး တောင်နေ၍ မဟုတ်ဘဲနှင့် သနား၍ ဆေးကုပေးမိသော ဘုန်းကြီးမှာ သူခိုးအယိုးခံရဖူးလေသည်၊ ယခုလည်း အဘိုးကြီး ဦးမြို့ကို ဆေးကု ထမင်းကျွေးထားမိရာ နောက်ဆုံး ငွေလိမ်သွားလေတော့သည်၊ ချင်းလို တရားမစွဲ၍ တော်သေး၏။

## သံဝေမြင်သူနှင့် စာချဘုန်းကြီးကထိ

၁၃၀၇-ခုနှစ်၊ နယုန်လဆုတ် ၁၅-ရက်။ သံဝေဉာဏ်ဟူသည် ဓာတ်ခံအလျှင်ရှိဖူးသူတို့မှ ဖြစ်ပေါ်လွယ်တတ်ပေသည်၊ သူတော်ကောင်းတို့၏ ကျင့်ထုံးလက်သုံး အလုပ်ကောင်းတစ်ခုဖြစ်၏၊ ယနေ့ ဝေးသောနေရာသို့ သွားရောက် နေ့ဆွမ်းစားခဲ့ပြီး အပြန်အမောဖြေရေချိုး၍ ကျောင်းခန်း ထဲ တစ်ပါးတည်း ထိုင်စာရေးနေစဉ် သမိုင်း - မြို့မကျောင်း ဘုန်းကြီး ဦးစန္ဒိမာ ရောက်လာ၏၊ အကြောင်းထူးမရှိ၊ တမင် မိမိထံ အလည်လာချင်စိတ်ရှိလှ၍ တစ်ပါးတည်း ထွက်လာခဲ့ကြောင်း ပြောလေသည်။

သမာဓိယူ၍ စာရေးနေသောအခါ တံခါးပေါက်ပိတ်ထားလေ့ရှိ၏၊ သို့သော် စာရေးခုံရှိရာ ဘေး၌ အလင်းရောင်ရရန် သံဆန်ကာမျှသာဖြစ်၍ အပြင်မှ ဘုန်းကြီးစာရေးနေသည်ကို ကောင်း စွာမြင်နိုင်၏။ ထိုအလင်းရောင်ကို အပြင်မှ ရပ်ကြည့်ပြီး "ဆရာတော် စာရေးနေသလား"ဟု နှုတ် ဆက်တံခါးဖွင့်နိုင်း၍ ထဖွင့်ပေးပြီး နေရာထိုင်ခင်းညွှန်း -မိမိက သင့်ရာမှ ထိုင်ရှိခိုးနေ၏။

"မှန်ပါ - စာတစ်အုပ်ရေးနေတယ်ဘုရား၊ အခုအတောအတွင်း တပည့်များ စာချပေးစရာ မရှိခိုက် အချိန်ရတုန်းမို့"ဟု လျှောက်လိုက်၏။

ဦးစန္ဒိမာမှာ မိမိထက် ဝါအနည်းငယ်သာကြီးသော မိတ်ဆွေရင်းကြီးဖြစ်၏၊ လေးစားအပ် သော အာဂန္တုဖြစ်၍ ရေးလက်စစာကို ခေတ္တရပ်ထားပြီး အေးဆေးစွာ စကားလက်ခံပြောနေလိုက် သည်၊ ၎င်းသည် မင်းပြောင်းမင်းလွှဲခေတ်တွင် ကြုံတွေ့ရသော လောကဓံတို့ကြောင့် အထူးသံဝေ ရကာ ဘယ်အရာမှ မတည်မြဲ၊ စိတ်မချရသော လူ့လောကကြီးကို ကြောက်ရွံ့နေဟန် ရှိသည်၊ မျက်မြင်အပြင်လူများဖြစ်ထွေသာမက သူကိုယ်တွေ့ ငြီးငွေ့ဖွယ်များပါညှပ်၍ ပြောပြသွား၏။

သူ၏ ဆရာတော်ကြီးက အမိန့်ရှိခဲ့ဖူးသည်မှာ "သံသရာ ကျင်လည်ခဲ့ရသမျှ မခံစားဖူး သောအာရုံ၊ မခံစားဖူးသော စည်းစိမ်ရယ်လို့ မရှိဘူး၊ လောကီအာရုံ ကာမဂုဏ် ငါးပါးတို့ဟာ

ခံစားလို့ချည်းလာခဲ့ကြဖူးလှပြီ၊ ထိုခံစားပြီးတဲ့ အာရုံကာမဂုဏ် အမျိုးမျိုးတွေဟာ အခု သိကြသေးရဲ့လား။ မသိနိုင်တော့ဘူး။ လောက၏ ချမ်းသာမှုဆိုတာ တကယ်ရှာကြည့်လျှင် ဘယ်မှာမှ ရှာတွေ့လိမ့်မည် မဟုတ်ဘူး' လို့ အမိန့်ရှိခဲ့ဖူးတယ်။

'ထိုစဉ်က အမှတ်မထား နားထောင်ခဲ့သော်လည်း ငယ်သေးတဲ့ဘဝမို့ အဓိပ္ပါယ်လေးနက်မှန်း ဒီလောက်မသိခဲ့ဘူး၊ အခု လူကြီးဖြစ်လာတဲ့ဘဝကျမှ အလွန်မှန်တာပဲလို့ နားလည်လာတယ်၊ တပည့်တော်မှာ ရေကြောင်းလမ်း သွားလာဆက်ဆံရတဲ့ကိစ္စတွေကြောင့် ခရီးသွားချင်လျှင် သူများလေ့ငှားရ - လေဆန်ရေဆန်နှင့် လှေဟာ ၃ရီးဖင့်ရတတ်လို့ မော်တော်ဘုတ်ထောင်ထားဖူးတယ်၊ ကိုယ်ပိုင်မော်တော်ရှိလျှင် အချိန်မရွေး ခရီးသွားနိုင်တယ်၊ ရေဆန်လေဆန်ဖြစ်သော်လည်း ခရီးမဖင့်ဘူး၊ ချမ်းသာရော့မယ်လို့ မှတ်ထင်မိတာ ထင်သလို မဟုတ်ပါ။

'မော်တော်ရှိလျှင် မောင်းသူလိုပြန်တယ်၊ မောင်းသူရှာရတယ်၊ စက်ဆီလိုပြန်တယ်၊ ရေနံဆီဝယ်ရပြန်တယ်၊ မြစ်ဆိပ်မှာ စောင့်သူထားရတဲ့ကိစ္စ - မကြာခဏ ကိုယ်တိုင်ဆင်းကြည့်ရတဲ့ကိစ္စတွေက ပိုလာတယ်၊ မကြာခဏ ငှားချင်သူတွေလာလို့ စကားပြောရ၊ မငှားလျှင်အမုန်းခံရနှင့် ဘယ်မှာ ချမ်းသာမှုရှိသလဲ၊ မော်တော်ထားကာမှ ဒုက္ခပိုများနေသေးတယ်၊ ကြာတော့ ဖြစ်ချေဘူးလို့ ထုတ်ပစ်လိုက်ရတယ်၊ ဒီအခါမှ စိတ်အေးအေး နေရတော့တယ်။

'လောကစည်းစိမ်ချမ်းသာမှု ရှာမတွေ့ဘူးဆိုတာမှန်တယ်၊ အစားမျိုးစုံစားခဲ့ပြီ၊ အဝတ်မျိုးစုံဝတ်ခဲ့ပြီ၊ ဆရာတော်ကြီးဂုဏ်ကျေးဇူးမို့၍ နေရာကောင်း, ကျောင်းကောင်းလည်းရခဲ့ပြီ၊ ဘာမှမလိုတော့ဘူး၊ အရသာရဲ့သဘောကိုကြည့်လျှင် အရှင်ဘုရားပြောလေ့ရှိတဲ့ စိတ်ချမ်းသာဖို့ပဲ အရေးကြီးတာဖြစ်တယ်။

'တပည့်တော် အခုလုပ်နေတာ ဆရာတော်ကြီး၏ ခြေရာလက်ရာခံပြီး ထိန်းသိမ်းစောင့်ရှောက်ရသောတာဝန်၊ တပည့်လက်သားများ မွေးမြူရေးကိစ္စ၊ ရပ်ရွာကျောင်းသားသူငယ်တို့ ပညာသင်ကြားရေးကိစ္စ၊ ဥာတတ္တစရိယာဆိုတာလို ကိစ္စတွေနဲ့နေရတယ်၊ တစ်ခါတစ်ရံ စိတ်ပျက်ရတာပဲ၊ သာသနာရေးကိစ္စဆောင်ရွက်ရပြန်လည်း မဟာသံဃာ့အဖွဲ့လက်အောက်ခံ စည်းကမ်းမကျတဲ့ ညွှန်ကြားချက်တွေ လိုက်ဆောင်ရွက်နေရမှာမျိုးတော့ ဘယ်တော့မှ မလုပ်လိုတော့ဘူး၊ စိတ်ကုန်ပါပြီ၊ နောက်တစ်နေ့နေ့ကျလျှင် ပရိယတ္တိသာသနာပွားရာ ကြီးပွားကြောင်းသာ သံဃာ ၅၀-ခန့် မွေးကျွေး၍ စာသင်တိုက်တည်ထောင်မယ်လို့ စိတ်အကြံပြုထားပါတယ်၊ အကယ်၍တည်ဖြစ်လျှင် စာချဘုန်းကြီးအဖြစ် ကူညီပါ၊ အရှင်ဘုရားကို အားထားပါရဲ့' ဝမ္မသူ၏ ရှေ့ရည်ရွယ်ချက်အတွက် တောင်းပန်စကား ပြောလေသည်။

'ဒါက ဝန်မလေးပါဘူး။ တပည့်တော် ရန်ကုန်မှာလည်းရှိနေ၍ ကျန်းမာမယ်ဆိုလျှင် ကူညီနိုင်ပါတယ်' ဟု သာမန်ကတိပေးလိုက်၏။ စာချဖို့အလုပ်ကား လေ့လာပြီးဖြစ်သည့်အပြင် ဝါသနာ

သန့်သောအထုံကြောင့် ဝန်မလေးပေ၊ တကယ်ပင် ကူညီနိုင်မည်ဟုလည်း ယုံကြည်လျက်ရှိ၏၊ တစ်နည်းအားဖြင့် ပရိသတ်ထိန်းနိုင်အောင် ၶွမ်းသောဇာတ်မင်းသားကောင်းမှန်းသိလျှင် ဇာတ်ထောင်လိုသူ ဇာတ်ပိုင်ရှင်တို့က မင်းသားကောင်းလိုက်၍ ငွေကြေး စပေါ်ပေးနေကြသကဲ့သို့ ထင်ပေါ်လျှင် စင်ကော်ကကောက် အမိပွာယ်မျိုးရောက်နေသောကြောင့် မိတ်ဆွေကြီးစကားကို ကျေးဇူးတင်ဝမ်းမြောက်ရမလို နေသေး၏။

လူတို့တွင် စိတ်ထိခိုက်လာသောအကြောင်းတခုခုကြောင့် သံဝေဂမြင်တတ်သူမှာ သံဝေဉာဏ်ဓာတ်ခံရှိပြီးသူဟု ဆိုရလေသည်၊ ဦးစန္ဒိမာ၏ပြောပြသွားပုံကို နားဦးကြားယောင်၍ ငင်းပြန်ကြွသွားသည့်တိုင် မိမိမှာ အထူးစိတ်ဝင်စားကာ ဓာတ်ကူးနေရစ်သောကြောင့် လောကကြီးတစ်ခုလုံးကို စိတ်ဖြင့် မြင်းစိုင်းသကဲ့သို့ အပြေးလျှောက်ကြည့်မိကာ အတော် ငြိုးငွေ့ကျန်ရစ်ခဲ့ပေသည်၊ ယခု ဤစာရေးစဉ် ထိုမိတ်ဆွေကြီးကို မြင်ယောင်လွမ်းမိပေသေး၏။

## မမြင်ဖူးတာတွေ မြင်ရ

နယုန်လကုန်၍ ပထမဝါဆိုလ ဆန်းခဲ့လေပြီ၊ ဘာလိုလိုနှင့် ရန်ကုန်မြို့ကြီး၌ ထိုင်နေရင်းပင် မမြင်ဖူးသေးသော ကပ္ပလီလူမျိုးတွေ၊ အမေရိကန်ပြည်ထောင်စုသားလူမျိုးစုံတွေ၊ အင်္ဂလိပ်စစ်သားတွေကို မြင်နေရလေပြီ၊ နေ့စဉ် ကားကြီးကားငယ်တွေ ဝင်ရောက်လာနေကြသည်မှာ လမ်းပေါ်၌ အချိန်အားမရှိသလောက်နေ၏၊ မကြားဖူးသော စကားပြောသံတွေ၊ ဗုံးသံ၊ အမြောက်သံတွေ၊ လေယာဉ်ပျံသံ၊ စက်သေနတ်သံတွေလည်း ကြားကြရ၏၊ လေထီးဆင်းကြသည်ပင် မြင်ရ၏၊ မကြုံဖူးသည့်ဒုက္ခတွေ ကြုံကြရပုံကဖြင့် ပြောမပြချင်လောက်အောင်နေ၏၊ ငယ်စဉ်တုန်းက ရှေးလူကြီး "ဆရာမိဘတို့က မင်းတို့ရဲ့ ဆုတ်ကပ်ကြီးထဲမှာ မမြင်ဖူးတာတွေ မြင်ရ၊ မကြားဖူးတာတွေကြားရ၊ မကြုံဖူးတာတွေ ကြုံကြရလေဦးမယ်" ဟု ပြောလေ့ရှိကြသည်ကို သတိရမိပေတော့သည်။

ရန်ကုန်မြို့ကြီးနှင့် ဆင်ခြေဖုံးအနှံ့ လူဖြူလူမည်း လူနီလူဝါ လူရှည်လူပု လူဝလူပိန် အသွေးအရောင်စုံ၊ ပုံပန်းပေါင်းလည်း စုံ၍ နေကြ၏၊ ဖရိုဖရဲပျက်စီးနေသော မြို့ကြီးတွင်ကြည့်၍ မလှသော ကားမဲ့ခြောက်ခြောက်တို့ဖြင့်လည်းကောင်း၊ ပုဒိုက်၍လောမသိ အင်္ကျီမဝတ်ဘဲ နေကြသော ထိုထိုလူမျိုးစုံစစ်သားတို့ဖြင့်လည်းကောင်း ရှုပ်ထွေး၍နေကြသည်မှာ ရှောင်မလွတ်အောင် မြင်နေရသည်၊ ထို့နောက် ဘာတွေများ ထူးဆန်းလာကြပေဦးမည်မသိ၊ တစ်နှစ်ထက်တစ်နှစ် တစ်ခေတ်ထက်တစ်ခေတ် ပိုမိုဆန်းပြားလာဖွယ်ရာ ရှိသေး၏။

## ကြိုးစားသောလူငယ်တစ်ဦး

ဘုန်းကြီးကျောင်းအနီး၌နေကြသော ဒေါ်သဲပွင့်၊ သား မောင်ထွန်းကြိုင်တို့ မိသားတစ်စုသည် ဇွပန်ပြေးခါနီး တောရွာသို့ ခေတ္တသွားရောက်နေကြရာမှ မသေမပျောက်ပြန်ရောက်ခဲ့ကြ

ရပ္ပိဟု ပထမဝါဆိုလဆန်း (၅)ရက်၊ (၆)ရက်၊ (၇)ရက်နေ့တို့၌ နံနက်တိုင်း ဘုန်းကြီး(၃)ပါး သူတို့အိမ်ပင့် ဆွမ်းကပ်၍ ပရိတ်နာကြသည်၊ အစားအသောက်တို့မှာ ချက်ပြုတ်တတ်၍ ရိုးရိုးနှင့် စားကောင်းလှသည်၊ မောင်ထွန်းကြိုင်သည် စာပေဝါသနာပါသော လူရည်သန့် လူရိုးလူကောင်းကလေးဖြစ်၏၊ ပညာဝါသနာပါ၍ မနေမနား ကြိုးစားမှုလည်း ရှိသောကြောင့် ငယ်စဉ်က လောကဓာတ်ကျောင်းတို့၌ အထက်တန်းပညာကို မသင်ခဲ့ရဘဲလျက် ယခုသွားစိုက်ဆရာဝန် ဖြစ်နေလေပြီ။ သူ့ဦးလေးထံမှတစ်ဆင့် အခြေခံရ၍ တကယ်တတ်ကျွမ်းသော ဆရာကြီးတို့ထံနည်းခံသင်ယူပြီး နောက်ဆုံးဂျပန်ပြည်သွားရောက် သင်လေသည်၊ ယခုမှ ရန်ကုန်ဆူးလေဘုရားလမ်း၌ 'ဒေါက်တာအုံးမြင့်' ဟူသော ဆိုင်းဘုတ်နှင့် တကယ်တတ်ကျွမ်းသော ဂျပန်ပြန် သွားစိုက်ဆရာဝန်ကြီးအဖြစ်နှင့် လူကြိုက်များကာ ကျော်ကြားနေလေတော့သည်။

လူ့၏တက်လမ်းသည် စိတ်ရင်းကောင်းအရင်းခံ၍ ဇွဲနှင့် မနေမနား ကြိုးစားမှုဖြစ်၏၊ မည်သူမဆို ဤနည်းဖြင့် ကြိုးစားလျှင် ဖြစ်နိုင်ကြသည်ပင်။

## ကင်ပွန်းတပ် နာမည်ပေး

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆန်း(၆)ရက်။ တူကလေး မောင်ပြုံးချို - မတင်တို့က သူတို့၏ သားကလေး ကင်ပွန်းတပ်နာမည်ပေးဟူ၍ ဘုန်းကြီးများ အိမ်ပင့်ပြီးလျှင် နန်းကထိ ခေါ် ရန်ကုန်၌ စားလေ့ရှိကြသော ကောက်ညှင်းပေါင်းကို အုန်းသီးခြစ် ထန်းလျက်၊ သကြားရည် စသည်နှင့် ရောဖျော်သောက်ရသော အရာကိုကပ်၍ စားရ၏။

ဘုန်းကြီးများကို ကလေးနာမည်ပေးလည်းပင့်၊ လက်ထပ်လည်းပင့်၊ မကျန်းမာလျှင်လည်း ပရိတ်နာလို၍ဟု ပင့်၊ လူသေလည်းပင့်နှင့် နေရာတကာ ဘုန်းကြီးပါနေရတော့သည်၊ သားဖွားရာ တစ်ခုသာ ကျန်တော့၏၊ အချို့က သားဖွားပြီးစအချိန် သားဖွားမင်္ဂလာဟူ၍ ပင့်ကြသေးသဖြင့် မကျန်တော့ပေ၊ ဘုန်းကြီးဆိုသည်မှာ ပင့်လျှင်လိုက်၊ ကျွေးလျှင်စား၊ ပေးလျှင်ယူ၊ လှူလျှင်ခံရသော ပုဂ္ဂိုလ်မျိုး ဖြစ်ပေ၏၊ သို့သော် အပင့်တွေများလွန်းလေတော့ လိုက်ရသည်ပင် ပျင်းနေကြ၏။

## သီတင်းသုံးဖော်ချင်း ပေးကြ လှူကြ

သီတင်းသုံးဖော်ချင်း ခင်မင်နေကြသည်အလျောက် တပ်တွင်းကျောင်းဘုန်းကြီး ဦးကောဝိဒနှင့်မှ စာအုပ်ချင်း လဲလှယ်ယူတတ်ကြပြီးလျှင် ပြန်ပို့နည်းဖြင့် ဆက်ဆံနေကြ၏၊ လှူစရာရှိလျှင်လည်း အပြန်အလှန် ပေးပို့လှူကြမြဲ ဖြစ်သည်၊ ယနေ့ပင် ထိုင်းနိုင်ငံ ဒေသန္တရပဟုသုတစာအုပ်ဖတ်ချင်သည်ဆို၍ မောင်အောင်စိန် သွားပို့ရင်း ကျောင်းဝင်းထဲ၌ ရှိသော ကန်စွန်းရွက်၊ က နဖော့

ရွက်တို့ကို အတော်များများ ကပ္ပိစေပြီး အလှူလွှတ်လိုက်၏။ ဦးကောဝိဒထံမှလည်း ပိန္နဲသီးမှည့်ကြီး ပြန်လှူလိုက်လေရာ 'ဆန်ပေးလို့ ဆေးရ' ဟူသကဲ့သို့ ကန်စွန်းရွက်နှင့်လဲသလိုနေ၍ ပြုံးမိသေးသည်၊ သူ့ကျောင်းဝင်းထဲ၌ သရက်ပင်၊ ပိန္နဲပင်များစွာ ရှိသောကြောင့် လှူလိုက်ရခြင်း ဖြစ်၏။

## ပုဂ္ဂိုလ်စွဲ၊ ကျောင်းစွဲ သံဃောဇဉ်

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၇)ရက်။ လူများက ဘုန်းကြီးကိုးကွယ်ကြသည်မှာ ပုဂ္ဂိုလ်စွဲလည်း ရှိတတ်၏၊ ကျောင်းစွဲလည်း ရှိတတ်၏၊ မနေ့က ရပ်ကွက်သစ်ထဲမှ ကုန်သည် ဦးဘာသော်က သံဃာတော် ၁၀-ပါး သူ့အိမ် ပင့်ဆွမ်းကပ်ရာ အခြားအိမ်တို့ကပင် ပင့်ရိုးပင့်စဉ်ကဲ့သို့ နံနက်(၆)နာရီမဟုတ်ဘဲ နံနက်(၇)နာရီခွဲအရောက်ကြွရန် ပင့်လေသည်၊ တစ်နာရီခွဲနောက်ချန်၍ နံနက်ဆွမ်းပင့်ခြင်းမှာ ရန်ကုန်မြို့၌ ထူးဆန်းနေ၏၊ အကြောင်းမှာ လှိုင်မြစ်အနောက်ဘက်ရှိ ဒိုင်စုရွာကျောင်းဘုန်းကြီးပင့်ထား၍ လှေတစ်တန် ကုန်းတစ်တန်ကြွလာရမည်ကို ထောက်ထားကာ အချိန်နေမြင့်စေရကြောင်း သိရ၏။

ဦးဘာသော်သည် မကြာခဏ သံဃာတော်များကို ဆွမ်းကပ်လေ့ရှိရာ သူ့အိမ်ဆွမ်းကျွေးတိုင်း ဒိုင်စုဘုန်းကြီးကိုပင့်လေ့ရှိ၏၊ ထိုရွာသား ဖြစ်ဟန်တူသည်၊ ဒိုင်စုရွာကျောင်းဘုန်းကြီးသည် အမြဲမရှိ၊ တစ်ပါးကြွသွား၊ တစ်ပါးပင့်တင်၊ တစ်ပါးဆင်း၊ တစ်ပါးတက်နှင့် နှစ်မကြာကြာချေ၊ များစွာသော ပုထုဇဉ်ဒကာတို့သည် ပုဂ္ဂိုလ်စွဲကြည်ညိုလေ့ရှိကြသော်လည်း ဦးဘာသော်မှာ ပုဂ္ဂိုလ်စွဲမဟုတ်ကြောင်းနှင့် ရွာသံယောဇဉ် စွဲထားဟန်တူသည်၊ သို့သော် မျက်နှာကြီးကို လိုက်၍ ပင့်တတ်ခြင်း၊ ပကာသနလုပ်တတ်ခြင်းများ သူတို့နှင့်စာလျှင် သူ၏ သံယောဇဉ်စိတ်ကား ချီးမြောက်ရာ ကျပေသေး၏။

## ယဉ်ကျေးမှု နည်းယူသင့်သည်

ထိုနေ့ပင်လျှင် ပြည်လမ်း(၆)မိုင် အင်းလျားကန်ကြီးအနီးခြံတွင် ကိုအေးမောင်အိမ်သို့ နေ့ဆွမ်းစားပင့်၍ သွားရ၏၊ စစ်ဗိုလ် ဗိုလ်သိမ်းမောင်က ကျွေးသည်ဆို၏၊ ဘုန်းကြီးနှင့် သပြေတောရကျောင်းဆရာတော်ကြီးကို အကြီးအမှူးထားလျက် သံဃာတော် ၁၀-ပါးတို့အား ထောပတ်ဆွမ်းကပ်၍ အလှူဝတ္ထုလည်းလှူ၏၊ လူများကိုလည်း တရားနာဖိတ်ကျွေးမွေးပြီး 'လွတ်လပ်ရေးအောင်သန်းတင်အငြိမ့်' နှင့် ဧည့်ခံကြောင်း သိရ၏။

သံဃာများ ဆွမ်းကပ်ရာမှာ ပြုပြင်ဆောင်ရွက်သူတို့သည် တစ်ယောက်နှင့်တစ်ဦး ဆွမ်းယူခဲ့ပါ၊ ဟင်းယူခဲ့ပါ၊ ရေတည်ပါ၊ လက်သုတ်ပဝါချပါ စသည်ဖြင့် သံကြီးသံကျယ်နှင့် စကားသံ

တွေ့ရှိနေ၏၊ သံဃာတော် ၁၀-ပါးမှာ လူနှစ်ယောက်လောက်နှင့် တိတ်ဆိတ်ငြိမ်သက်စွာ ပြီးနိုင်သောကိစ္စဖြစ်၏၊ အထူးသဖြင့် သံဃာတော်များ ဆွမ်းကပ်ရာမှာ အသံတိတ်နိုင်လေ ယဉ်ကျေးလေဖြစ်၏၊ စစ်ကိုင်းတောင်ရိုးတွင် သံဃာ တစ်ရာနှစ်ရာ ဆွမ်းကပ်ကြသည်ပင် လူနှစ်ယောက်သုံးယောက်နှင့် တိတ်ဆိတ်ငြိမ်သက်စွာ ဆောင်ရွက်ပုံမြင်ခဲ့ရဖူး၏၊ လူကျွေးရာ၌လည်း ထိုနည်းပင် ပြုသင့်သည်၊ ကြိုတင်စီစဉ်ထားလျှင် ဘာမှ ခက်ခဲသောအရာမဟုတ်၍ ယဉ်ကျေးမှုနည်းယူရန် သင့်လှသည်၊ သံဃာတော်များ ပြန်ကြွသွားသောအခါ အရက်တွေသောက်ပြီး မူးကြရူးကြသည်မှာ မြင်မကောင်းဘူးဟူ၍ ညနေမှ ပြန်လာသော ဒကာတစ်ဦးက လျှောက်ပြန်သဖြင့် ခြေဩ်ဟု ဆိုလိုက်မိသေးသည်၊ အကောင်းဆုံးမှာ ကုသိုလ်လို၍ ကောင်းမှုပြုရာတွင် ကောင်းကျိုးသက်သက်သာဖြစ်စေရန် ဆောင်ရွက်သင့်၏။

## ခြင်းကိုက်ဆွမ်း ၈ ။

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆန်း(၉)ရက်။ လှိုင်မြစ်လမ်း တောင်ဘက် နီဗွာန်ရပ် တရုတ်အိမ်က နေ့ဆွမ်းစားပင့်၍ သံဃာ(၃)ပါး သွားစားကြရာ အိမ်ကျဉ်းကလေးအတွင်း မှောင်နေသောကြောင့် နေ့လယ်ကြောင်ကြောင် မီးတစ်တိုင်ထွန်း၍ စားကြရ၏၊ ဆွမ်းစားနေစဉ် ခြင်တွေကလည်း ကိုက်လှသည်၊ တရုတ်ကြီးမမာနေ၍ ဇနီး ဒေါ်အုန်းခိန်က မယားငယ်ဖြစ်သောကြောင့် ကုသိုလ်ပြုခြင်း အန္တရာယ်ကင်း ပရိတ်နာစေခြင်းဖြစ်ဟန် တူသည်၊ ဘုန်းကြီးများကမူ ခြင်ကိုက်သော ဆွမ်းစားဟူ၍ မှတ်ထားကြ၏။

## ၁၁-နိယတဆွမ်း

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀-ရက်။ ယနေ့ ဘယ်ကမှ ဆွမ်းစားပင့်သူမရှိ၍ ဆွမ်းစားရက် အားနေဖြစ်၏၊ ရန်ကုန်ဘုန်းကြီးတို့ထုံးစံမှာ ဆွမ်းစားပင့်သူရှိလျှင် လိုက်စားကြ၏၊ ပင့်သူမရှိသောနေ့များမှ ကိုယ့်ကျောင်းတွင် ဆွမ်းခံ၍ စားကြရ၏၊ အချို့ကျောင်း၌ ကပ္ပိယတို့က ချက်ကပ်ကြ၏၊ သို့မဟုတ် ကိုရင်၊ ကျောင်းသားတို့က ချက်ကပ်ကြရသည်၊ အမြဲနေ့စဉ် ဆွမ်းဝတ်(မန္တလေးမြို့ကဲ့သို့) မရှိကြသည်က များ၏၊ မိမိကျောင်းမှာလည်း ထိုနည်းငှင်းဖြစ်ရာ ဦးပဍ္ဍင်းကြီးက ဆွမ်းခံကျွေးရှာသည်၊ ယနေ့ ပဋ္ဌာနသူ၏အစ်ကိုနှင့်တူများက ဦးပဍ္ဍင်းကို နံနက်နှင့်နေ့ပါ ဆွမ်းစားပင့်၍ ကြွသွားသောကြောင့် ဆွမ်းခံပေးသူမရှိတော့ပေ၊ သို့သော် ဆွမ်းပို့သူရှိ၍ တော်သေး၏၊ မန္တလေးနှင့်စာလျှင် အခြားကျောင်းတို့၌လည်း ဤနည်းပင်၊ အနိယတဆွမ်းမျိုး စားနေကြရာပေမည်။

နေ့ (၂)နာရီအချိန် ရွာမသို့ အသုဘတစ်ခုပင့်၍ လိုက်ရရာ မရစဖူး စစ္စာဦး အင်္ဂလိပ်ကျပ်တန် စက္ကူတစ်ရွက်ရခဲ့၏၊ စစ်ဘက်မှ ထုတ်သော တစ်ကျပ်တန်ဖြစ်သည်၊ ဤကျပ်တန်ကလေးရသောအချိန်ကစ၍ ယခင် ဂျပန်တစ်ခေတ်လုံးက သက်နှင်းတွေ့ခွမ်း၍ ဖိနှပ်နောက်မြီးတိုအောင်

ကြိုးစားပမ်းစား လိုက်ထားခဲ့၍ ရရှိထားကြသော ဂျပန်တို့၏ ဘုရားပုံတော်ကား စက္ကူများကို တစ်ခဏရပ်လိုက်ပြီးသွားရော့လဟယ်ဟူ၍ ကြေညာလိုက်ခြင်းပင်ဟု မှတ်ကြရပေတော့သည်။

## ဘုရားကျောင်းကန်တွင်း အရိုးစေတီသချိုင်းများ

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂-ရက်။ အောင်ချမ်းသာရပ်ကွက်မှ ဦးဘိုးစော - ဒေါ်ညွန့်တို့က သံဃာ ၁၂-ပါး ဆွမ်းကပ်ရာ သပြေတောရဆရာတော်ကြီးဦးဘဒ္ဒိယတို့ နှစ်ပါးလည်းဝေးသော်လည်း သားဆရာ-မြေးဆရာဖြစ်၍ ပင့်သောကြောင့် ကြွလာကြ၏၊ ထိုဆရာတော်ကြီးဆရာတပည့်နှစ်ပါးကို နေ့ဆွမ်းပါဆက်ပင့်သောကြောင့် ကြားအချိန်တွင် မိမိကျောင်းသို့ကြွလာပြီး အေးဆေးစွာ စကားပြောနေကြရာ သက်တော်ဝါတော်ကြီးပုဂ္ဂိုလ်ကို ရိုသေလေးမြတ်ညွှန်ခဲ့ပြုစုခွင့်ရသဖြင့် ကျေးဇူးရှိလှသည်၊ မိမိက ဆရာရင်းလို သဘောထားသကဲ့သို့ ထိုဆရာတော်ကြီးကလည်း တပည့်ရင်းလိုမှတ်ထင်ဟန် ရှိသည်၊ မျက်နှာအမူအရာနှင့် ဆက်ဆံပြောဆိုပုံမှာ မေတ္တာစိတ် လွှမ်းလျက် တွေ့ရသည်။

ရန်ကုန်မြို့တွင် အချို့သော ကျောင်းတိုက်တို့အတွင်း၌ အရိုးအိုးစေတီ၊ အရိုးဂူ၊ လူသချိုင်းတွေ့မြင်ရ၍ မည်သို့ သဘောထားသည်ကို သိရှိရန် အလျှဉ်းသင့်သည့်အခါ သပြေတောရဆရာတော်ကြီးကို လျှောက်ထားကြည့်မိရာ မိမိ မှတ်သားဖူးသော ဗဟုသုတနှင့် အယူအဆသဘောထား တူညီနေပေသည်။

ဆရာတော်ကြီးက အမိန့်ရှိသည်မှာ သူစာသင်သားဘဝ မန္တလေးနေစဉ်က စာချရင်းဆရာတော်ကြီးများအမိန့်ရှိသောစကားကို ကြားနာရဖူးသည်၊ အခြားမှ သေလွန်ပြီး အသုဘနှင့် အရိုးများဖြစ်လျှင် ၎င်းတို့၏ ဆရာရင်း၊ မိဘရင်းပင်ဖြစ်စေ ကျောင်းတိုက်တွင်း မသွင်းစေရ၊ ကျောင်းတိုက်တွင်း သွင်းမိလျှင် ထိုကျောင်းတိုက်တာဟာ တဖြည်းဖြည်း ခြောက်ကပ်သွားတတ်ကြောင်း၊ ဘုရားမြေတွင်းသွင်းမိလျှင်လည်း ထိုဘုရားမှာ တဖြည်းဖြည်း ခြောက်ကပ်သွားတတ်ကြောင်း မှတ်သားခဲ့ရဖူးသည်။

"ယခု တပည့်တော်နေသော သပြေတောရမှာလည်း သူတို့ ရန်ကုန်ဒကာတွေက သေပြီးအလောင်းတွေကို ကျောင်းထဲမှာ ဂူသွင်းဖို့ စိမ်လေ့ရှိကြတယ်၊ မသင့်ကြောင်း ပြောဆိုတားမြစ်နေရတယ်၊ ဒါလည်း မရပါဘူး၊ အမျိုးမျိုးလျှောက်ကြလွန်း၍ မတတ်နိုင်လှတော့၊ ဂူမလုပ်ဘဲမြေမှာမြှုပ်ပြီး အပေါ်က စေတီတည်၊ သံပန်းနှင့် ဝိုင်းရံကာထားကြပါလို့ ပြောရတော့တယ်၊ အဓိပ္ပာယ်က ကျောင်းမြေမှအလွတ် သီးသန့်လို သဘောထားရန် ဖြစ်တယ်၊ ဒါပေမယ့် သချိုင်းဟာ သချိုင်းပဲ၊ ကျောင်းမြေမှ ဖယ်သည့်အနေမျိုးလုပ်လို့ မရပါဘူး။

"အလျှင်က တပည့်တော်လည်း သံဃာ အစိတ်သုံးဆယ်လောက်နဲ့ စာသင်တိုက်ဖွင့် စာချခဲ့ဖူးတယ်၊ နောက်တော့ တဖြည်းဖြည်း ပျက်သွားတာပဲ၊ ဒီနောက် တပည့်တော်နဲ့ တပည့် (၂) ပါး၊ (၃)ပါးနေကြတာတောင် စိတ်ထိခိုက်လာတယ်၊ နေလက်စမို့ နေရသော်လည်း မပျော်သလို

မအိမသာနင့်ပဲ နေရတယ်၊ စိတ်ကိုက မနစ်ခြိုက်ချင်ဘူး” ဟု ညည်းတွားကာ သနားစရာ အမိန့်ရှိရာ၏။

ထိုဆရာတော်ကြီးနှင့်စာလျှင် မိမိမှာ အသက်သိက္ခာများးစွာ ခြားကွာလျက် ငါဟုမသုံးဘဲ တပည့်တော်ဟု သုံးနှုန်းအမိန့်ရှိခြင်းမှာ ပုဂ္ဂိုလ်ကို လေးစားသည့်သဘောမျိုး ဖြစ်ပေလိမ့်မည်၊ တောထွက် ဦးသဋ္ဌင်းကြီးတွေကို ကျုပ်ဟူသောစကားနှင့် ပြောတတ်သော ဆရာတော်ကြီး ဖြစ်၏။

ကျောင်းကန် ဘုရားတို့အတွင်း၌ လူသေအလောင်းသွင်း၍ အသုဘပွဲကျင်းပခြင်း၊ သင်္ချိုင်းမြှုပ်၊ ဂူသွင်း၊ အရိုးအိုးစေတီတည်ထားခြင်းငှာ မအပ်ကြောင်း၊ ကျောင်းကန် ဘုရားပျက်စီးတတ်ကြောင်း၊ စည်ကားစေရမည်ဟု မည်သို့ကြိုးစားစေကာမူ စည်ကားလျှင် ခဏသာဖြစ်ရမည်၊ မကြာမီ ခြောက်ကပ် ယွင်းယိုသွားတတ်ကြောင်း ရှေးဆရာတော်ကြီးများသည် အဆင့်ဆင့် မိန့်မှာသတိပေး၍ ထားခဲ့ကြသည်၊ အရိုးဖြင့်ပြီးသော ရုပ်ပွားဆင်းတုအရိုးကမ္ဗဝါများကိုလည်း ကျောင်းပေါ် အတင်မခံလိုကြပေ၊ ထို့ကြောင့် မန္တလေးစသော အညာမြို့ရွာကျောင်းတိုက်များမှာ ထိုဒုမင်္ဂလကို အထူးလေးစားစွာ ရှောင်ကြဉ်လေ့ရှိကြ၏၊ သေသူအသက်ပြန်ရှင်လာမည်လည်း မဟုတ်ပေ၊ ထိုသေသူ၏ ရုပ်ကလာပ်အပုပ်ကောင်နှင့် အရိုးအရင်းတို့က မွန်မြတ်သော ကျောင်းကန်ဘုရားကြီးတွေ ယိုယွင်းခြောက်ကပ် ပျက်စီးသွားရန် မလိုလားအပ်ပေ၊ မတင့်တယ်၍ အသုဘဖြစ်ပြီးမှတော့ ကောင်းကျိုးချမ်းသာဆုတ်ယုတ်ခြင်းကင်းမည့်နေရာ၌သာ ထားသင့်၏၊ မတည်မြဲ၍ လူသေရသည့် အပြင် သူ၏ အလောင်းကောင်အရိုးတို့က သူတစ်ပါးကို ထိခိုက်နစ်နာ အကျိုးမဲ့ခြင်းမှ ကင်းလွတ်စေသင့်၏၊ ဘုရား၊ ရဟန္တာတို့၏ ဓာတ်တော်မျိုးလည်းမဟုတ်၍ ‘ဘုရားပေါင်းတစ်ထောင် ဘုရားမြောင်ကိုးရာ’ ဟူသော ပုခန်းကြီး ရာဇဝင်ကဲ့သို့ ဘုရားအနီး၌ အရိုးစေတီ၊ ဂူတွေလည်း ပြုလုပ်ရန် မသင့်ပေ၊ ဘုန်းကြီးများ ကျောင်းကန်တွင်းသာမဟုတ်၊ လူတို့နေထိုင်သော အိမ်ဝင်းခြံဝင်းအတွင်း၌ ထား၊လျှင်လည်း ထိုအိမ်၌နေသူ စိတ်မပျော်၊ မကြည်မလင်ရှိခြင်း၊ စီးပွားဆုတ်ယုတ်ခြင်း၊ အချင်းချင်း မသင့်မြတ်ခြင်း စသည်ဖြစ်တတ်၏၊ မှန်-မမှန် မျက်မြင်ရှိဖူးသောနေရာတို့နှင့် နေထိုင်သူများကို ကြည့်စမ်းက သိနိုင်ပေမည်။

ဤအရှင်၏ အလိုမှာ ဆရာရင်း-မိဘရင်းပင်ဖြစ်စေ အပြင်မှသေပြီး အလောင်းနှင့်အရိုးများကို ကျောင်းကန်တွင်း မသွင်းရ၊ သင်္ကာဃလည်းမကြီး၊ အရိုးကိုပင် ကောက်ယူထားခြင်းမပြုရအောင် မီးကျွမ်းပြာချ၍ ပျောက်လွင့်သွားစေ၏၊ ကွယ်လွန်သူကို လွမ်းဆွတ်၍ ကျေးဇူးပြုလိုလျှင် ...အတွက် ရည်စူး ကောင်းမှုပြု၊ အမျှပေးဝေခြင်းသည် နည်းလမ်းကျဖြစ်သည်၊ ထိုသူအသက်ရှင်စဉ်က ပြုလုပ် ဆောင်ရွက်ခဲ့သောလုပ်ငန်း ခြေရာလက်ရာများကို မပျက်အောင် ဆက်လက်ဆောင်ရွက်ခြင်း၊ သေသူအတွက်ရည်စူး၍ ရေတွင်းရေကန်ဇရပ်ကျောင်းကန် စသည်ပြုလုပ်ထားနိုင်လျှင် အကောင်းဆုံးသော ကျေးဇူးဆပ်ခြင်းဖြစ်လေသည်။

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၃)ရက်။ ကမာရွတ် ကျားကျောင်း၌နေသော ဦးသုဒ္ဓင်း ဦးလွန်းမောင် ခေါ် ဦးသုဇာတက ကံ ဆရာ့တော်မှာ စာရေးခြင်းအလုပ်များ၍ဟု လျှောက်ကာ

မင်ခံစက္ကူတစ်ကပ် အထူးတလည်လာရောက်လှူဒါန်း၏၊ ကျေးဇူးတင်မိသည်၊ ၎င်းသည် ဦးသခွင်းယော်ဖြစ်လျက် သူ၏ စိတ်ကူးနှလုံးသွင်းတတ်ပုံကို ခန့်မှန်းကြည့်လျှင် လူကြီးလူကောင်းဖြစ်နိုင်သည်၊ သို့မဟုတ် အမှီကောင်း ဆရာကောင်းရနိုင်သည်ဟု အကဲခတ် ချီးကျူးမိသည်။

## စာအုပ်ငှားမိတ်ဆွေများ

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄-ရက်။ သမိုင်း-ကျိုက္ကလာ ပါဠိဆရာတော်ကျောင်းမှ မိတ်ဆွေ ဦးဉာဏိန္ဒကြွလာပြီး ဝါသနာအတိုင်း ခဏအတွင်း စကားပေါင်းစုံနေအောင် ပြောကြသည်၊ ယခင်ငှားသွားသော စာအုပ်ပြန်ပို့ရင်း နောက်ထပ် 'ကဝိရတနာ'၊ 'စေတိယင်္ဂဏ ဝိနိစ္ဆယ' စသည် ထပ်ငှားသွား၏။

ဦးဉာဏိန္ဒကဲ့သို့ပင် စာအုပ်ငှားကြသော ရဟန်းမိတ်ဆွေတွေ အတော်များရာ သပြေတောရအထိ ငှားနေရသည်၊ လူဒကာများကိုမူ စာအုပ်ပျောက်တတ်လွန်း၍ လူတိုင်းကို မငှားဝံ့ချေ၊ ကမာရွတ်တွင် မိမိထံသို့ စာအုပ်ငှားလေ့ရှိကြရာ စာကြည့်ပိဋကတ်တိုက်ကဲ့သို့ ဖြစ်နေ၏၊ ရှေးနှစ်ပေါင်းကြာမြင့်စွာက တည်ထောင်နေလာခဲ့ကြသော ကျောင်းတိုက်ဟောင်းတွေက မိမိကဲ့သို့သော ကျောင်းကန်သစ်ဘုန်းကြီးထံ စာအုပ်ငှားရသည်ဆိုခြင်းမှာ ပုဂ္ဂိုလ်၏ ပညာ, ဝါသနာနှင့် စေတနာတို့အပေါ်မှာ တည်သောကြောင့် ဖြစ်ရာ၏။

## ကူညီတတ်သူကို ကူညီသူပေါ်မြဲ

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄-ရက်။ 'တရားကိုစောင့်သူကို တရားက ပြန်စောင့်သည်'ဟူသော ဒေသနာကဲ့သို့ စေတနာနှင့် သူတစ်ပါးကို ကူညီတတ်သူအား အခြားသူက လာရောက်ကူညီခြင်း ခံရတတ်ပေသည်။

ပြည်လမ်း (၆)မိုင် ကားလမ်းဘေး၌ လက်ဖက်ရည်ဆိုင် ဖွင့်၍နေသော ကရင်အဘိုးကြီး ဦးဘိုးလှသည် တစ်ခါက ဘုန်းကြီးကျောင်းတွင် ရဟန်းခံရှင်ပြုအလှူတစ်ခုတွင် သူ၏ စေတနာအလျောက် မုန့်ဟင်းခါး များ လာရောက်ကူညီကျွေးမွေးဖူးလေသည်၊ ယခု သူ့ကိုလည်း ကူညီသူပေါ်လာလေရာ ကရင် လေထီးစစ်ဗိုလ်ကလေး စောဘသိန်းက ကူညီထောက်ပံ့၍ ယနေ့သူ၏ သားများ ရှင်ပြုပွဲလုပ်ရပေပြီ။

ထိုအဘိုးကြီးမှာ သား(၅)ယောက်ရှိရာ အကြောင်းမညီညွတ်နိုင်၍ ရှင်မပြုရရှာသေးပေ၊ သားကြီး မောင်မြမှာ အိမ်ထောင်ကျ၍နေရာ မိန်းမ နှစ်ဆက်ပင်ရှိပြီဆို၏၊ ယခု ကံကောင်းထောက်မ၍ ရှင်ပြုခွင့်ရသည်မှာ မည်မျှဝမ်းသာမဆုံး ရှိလေမည်နည်း၊ သားကြီး မောင်မြ ၂၁-နှစ်၊ မောင်မြသိန်း -၂၀၊ မောင်မြငြိမ်း ၁၈-နှစ်၊ မောင်သန်း ၁၂-နှစ်နှင့် သားငယ် မောင်ကျော်ပိုတို့ ဖြစ်ရာ မောင်သန်းသာ ဘုန်းကြီးထံ သင်္ကန်းနှင့်ကြာကြာနေ၍ ကျန် (၄)ယောက်ကား သာသနာ့အမွေခံ သင်္ကန်းဝတ်ဖူးရုံသာ ဝတ်ကြသည်၊ ဘုန်းကြီးမှာ ဆရာဒကာရင်းဖြစ်နေ၍ ကိုယ်တိုင် သင်္ကန်းဝတ်ပေးခြင်း၊ တရားဟောခြင်း ပြုရ၏။

၎င်းတို့သည် ဒလဇာတိဖြစ်ကြသဖြင့် ဒလပျော်ဘွယ်ကျောင်းဘုန်းကြီးလည်းပင့်၍ ကြွလာ၏၊ သံဃာ (၅)ပါး ကန်တော့ပွဲစေ့နှင့် ဝတ္ထု ၂၀-ကျပ်စီ လှူကြသည်၊ ရေစက်ချသောအခါ ရေစက်ခွက်၌ ပိုက်ဆံအကြွေများ ထည့်ကြရာ ရှမ်း၌ဘနေနှင့် ရခိုင်၌ဘနေကဲ့သို့ပင် ကရင်လည်း ဝါဒတူနေပုံ သိရ၏၊ ဘေးလူတို့ကပါ တစ်ပြားနှစ်ပြား စသည်ထည့်ခြင်းမှာ ရေစက်ဆုံရန်ဟူ၍ ဖြစ်မည်။

စောဘသိန်းသည် လူရွယ်ပင်ဖြစ်သော်လည်း စိတ်ထားမြင့်မြတ်ဟန်တူသည်၊ ရောက်ရာအရပ်ဒေသတိုင်းမှာ ကုသိုလ်ပြုခဲ့ကြောင်း၊၊ ကိုယ်၏ ချွေးနဲစာလခငွေကလေးကို အကျိုးမဲ့ပျော်ပါးသောက်စား၍ ကုန်လေ့မရှိကြောင်း၊၊ ယခုလို မသေမပျောက်ဘဲ နေရင်း၌ဘနသို့ ပြန်ရောက်ခဲ့ရ၍ အလှူကြီးပေးလှူရသည်ကို ဝမ်းမြောက်လှကြောင်း တရားဟော ရေစက်ချပြီးသောအခါ ဘုန်းကြီးထံပါးကပ်၍ လျှောက်ရှာသည်၊ ဦးဘိုးလှကြီးကလည်း တူ၏ကူညီမှုတွင် ၎င်း၏ လုပ်ကိုင်ရှာကြံထားသည်ထဲကလည်း ရောစပ်လှူလိုက်ရသောကြောင့် ဝမ်းမြောက်ရှာ၏၊ "အောင်ပြီ၊ စစ်ကြီးအတွင်းက မသေခဲ့လို့ ဒီသားတွေ ရှင်ပြုသွားရတာဘုရား၊ တပည့်တော်မှာ သေလောက်နီးနီး မကျန်းမာဖြစ်ခဲ့ရသည်" ဟု လျှောက်ရှာ၏၊ လူပရိသတ်ကို ထမင်းကျွေး၍ နေ့ပိုင်း အငြိမ့်နှင့်ညည့်ခံလေသည်။

## လှူတတ်သော ဒေါ်သိန်းရှင်

နိုင်ငံခြားသံရုံးအတွင်း၌နေကြသော ကျောင်းဆရာကြီး ဦးဘစိန်-ဒေါ်သိန်းရင်က ထူးထူးဆန်းဆန်းကလေး ရှိခိုက် "အရှင်ဘုရားကို ကြုံကြိုက်တဲ့အခါ" ဟု ဘိစကွတ်မုန့်ထုပ်၊ နို့ဆီ၊ သကြား၊ လက်ဖက်ခြောက်၊ နို့စိမ်းဘူး၊ ငါးသေတ္တာ၊ ထောပတ်ဘူး၊ ဒိန်ဘူး စသည်မျိုးစုံကိုယူလာပြီး အလှူတရားနာအပြီးတွင် လှူလိုက်၏၊ "အရှင်ဘုရားကိုလှူတာ (၅)ကြိမ်ရှိပြီဘုရား၊ နောင်လည်း လှူဦးမှာပဲ" ဟု လျှောက်လိုက်သေး၏၊ တစ်ခါက ဘုန်းကြီးကျောင်းသို့ သူတူကလေးလွှတ်၍ အုန်းသီးတောင်းဖူးသော ဒကာမကြီးဖြစ်ရာ တစ်ခါတောင်း၍ (၅)ခါလှူသဖြင့် တောင်းတတ်သော်လည်း လှူတတ်သူပင်ဟု သိရပြန်၏။

## တရုတ်ဗုဒ္ဓဘာသာသူဌေး

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၅-ရက်။ ကမာရွတ်ကျားကျောင်းမှပင့်၍ ကိုကျောင်းဆရာတော်များနှင့်အတူ သံဃာ (၉)ပါး ရန်ကုန် ၂၁-လမ်းက တရုတ်တန်းသို့ မြင်းလှည်းနှင့် ဆွမ်းစားသွားကြရသည်၊ ကျားကျောင်းမှာ နိုင်ငံကျော်ကျားသူဌေးက ဆောက်လှူသော ကျောင်းဖြစ်၍ သူဌေးဆရာတော်များဟုခေါ်ထိုက်ရာ ထိုဆရာတော်များကိုမှီ၍ ရန်ကုန်မြို့ ဝဟိုချက်ချာရပ်ကွက်အတွင်းသို့ပိုက်၍ တရုတ်သူဌေး၏ ဆွမ်းကျွေးမျိုးကို ဤတစ်ကြိမ်တစ်ခါသာလျှင် စခွာဦးစားရဖူး၏၊ လမ်းလာကြစဉ် မြင်းလှည်းပေါ်၌ မိတ်ဆွေ ဦးဥာဏိန္ဒ က ရန်ကုန်မြို့ကြောင်းရာနှင့် လူမျိုးထုံးစံ ဝဟုသုတနည်းပါးသေးသော မိမိအား "တရုတ်များက သူတို့ကျွေးတာကို များများ

စားမှ ကြိုက်တယ်၊ ဟင်းကိုလည်း များများစားရမယ်"ဟု သတိပေးရှာ၏၊ အစားအသောက်အားလုံး တရုတ်ဟော်တယ်မှယူ၍ ကပ်လေသည်။

ဗုဒ္ဓဘာသာချင်းတူမျှသည့်ပြင် ရန်ကုန်သားတွေဖြစ်နေသောကြောင့် မြန်မာ့ထုံးစံအတိုင်းပင် ဆွမ်းကပ်ပြီး လက်ဖက်ရည်ကပ်၏၊ သီလပေး၊ ပရိတ်နာ၊ ရေစက်ချ၍ ဝတ္ထု ၃၀-ကျပ်စီ လှူလေသည်၊ ပြီးလျှင် သံဃာတော်များကို ရွှေတိဂုံဘုရားကြီးဖူးရန် မြင်းလှည်းနှင့် လိုက်ပို့ပေးကြသေး၏၊ ကျားကုမ္ပဏီတရုတ်သူဌေးသည် ရေးကုသိုလ်ကြောင့် တကယ်ပင် ဌေးသူဖြစ်ရာကုသိုလ်ကောင်းမှုလည်း ပြုတတ်ရှာပေသည်၊ ဘုန်းကြီးကျောင်း ဆောက်လှူခြင်း၊ ဆေးရုံ ဆောက်လှူ၊ ရေကန်တံတိုင်း, တန်ဆောင်း စသည်ဖြင့် အတော်များများတွေ့ရရာ ကုသိုလ်ဟောင်းကို ကုသိုလ်သစ်တိုးပွား၍ ဆက်တတ်သူပင်။

## တပည့်လိုချင်လျှင် တပည့်ပျော်အောင် မွေးပါတဲ့

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆုတ်(၁)ရက်။ ကမာရွတ် ဘူတာရုံအရှေ့ဘက် တရုတ် စွန်ထောင်ဇနီး မသန်းခင်တို့က သံဃာများစွာအိမ်ပင့်၍ ဆွမ်းကပ်ရာ လိုက်ရ၏၊ မိတ်ဆွေဟောင်းဘုန်းကြီးများလည်း တွေ့ဆုံခဲ့ရ၏၊ (၈)မိုင် မစိုးရိမ်ဆရာတော် ဦးသုစိဏ္ဏကမှ ယနေ့ ဆွမ်းစားသုံးဌာန လိုက်ခဲ့ရပြီး သုံးထပ်စားခဲ့ပြီး၍ မစားနိုင်တော့ဘူးဟု ပြောလေသည်။ 'တယ်ဘုန်းကြီးပေသည်' ဟု ချီးမွမ်းမိသေး၏၊ မိမိမှာ ယင်းသို့ ဘုန်းကြီးခြင်းမျိုးကို ချမ်းသာမှုဟု မထင်၍ မလိုချင်ပေ။

ဆွမ်းစားပြီး ပရိတ်ရွတ်ပြီး၍ ထပြန်ခဲ့ကြသောအခါ မိတ်ဆွေ ဦးသဏ္ဍိတ လိုက်ပါလာခဲ့ရာ လမ်းသွားရင်း သူကိုယ်တွေ့ကျောင်းထိုင်ဘုန်းကြီးအချို့၏အကြောင်းကို ပြောပြလေသည်၊ "တပည့်မွေးချင်ကြသည်၊ တပည့်ပျော်အောင် မမွေးတတ်ကြ၊ စာလည်း ချပို့မပေးချင်၊ တစ်ခြားသွားပြီး စာသင်ရန်လည်း ခွင့်မပြု၊ သူတို့ထံပါး၌ ခိုင်းစေဖို့လောက်သာ သဘောထားချင်ကြတယ်၊ ဥပမာ - စာပေသင်ကြားခြင်း လိုလားနေသော ကိုရင်များ၊ ဦးပဉ္စင်းငယ်များကို စာပေသင်ကြားမပေးဘဲ ဝေယျာဝစ္စတွေဆောင်၊ ဒ-သုကိစ္စတွေသာ နေပူမိုးရွာထဲ ညွှတ်၍ခိုင်းနေခြင်းဖြင့် ဘယ်တပည့်က တာရှည်ပျော်နေနိုင်ပါမလဲ"ဟု လျှောက်လေသည်၊ ထိုအခါ တောရွာဒကာကြီးတစ်ဦးက "သူတို့ရွာမှာ လူငယ်တွေ ရဟန်းသာမဏေအဖြစ်များလျက် တစ်ပါးမှ ဘုန်းကြီးလက်ထောက်သိက္ခာဝါကြီးရင့်သည်ထိ မတည်မြဲကြ၊ ကြောင်းရင်းမှာ ကျောင်းထိုင်ဆရာတော်က သာသနာ၌ တာရှည်ပျော်မွေ့နေအောင် ဓာတ်မသွင်းတတ်၊ စိတ်နူးညံ့လာအောင်- ဘုန်းကြီးသက်ရှည်အောင် မွေးမြူမထားတတ်မှုကြောင့်ဘဲ"ဟု လျှောက်ဖူးသည်ကို သတိရမိပေသည်၊ ပုံစကားမှန်၏၊ တပည့်ကို စရိုက်ကြည့်၍ ဆုံးမညွှန်ကြားကာ သိမ်းသွင်းတတ်ပါက ဓာတ်နီးသူတွေ့ရမည်၊ ဓာတ်မနီးသူကိုကား ဘယ်လိုသွင်း၍မျှ ရမည်မဟုတ်ပေ။

## ဘုန်းကြီးကျောင်းနှင့် မသာခုတင်

ညနေ (၄)နာရီအချိန် ရွာမရပ်ထဲမှ ရဟန်းလူထွက် ဆေးဆံရာကလေး ကိုတင်မောင်က ဘုန်းကြီးထံ ရောက်လာပြီး "အသုဘပြင်ရန် ခုတင်တစ်လုံးငှားပါ"ဟု လျှောက်ရာ ထူးဆန်းသကဲ့သို့ အံ့သြမိသေး၏။ ရန်ကုန်ထုံးစံမှာ လူသေလျှင် တတ်နိုင်သူတို့က အေးခုတင် သီးသန့်ဝယ်ယူ၍ အလောင်းပြင်ကြသည်၊ မဝယ်နိုင်သူတို့က ဘုန်းကြီးကျောင်း၌ ငှားလေ့ရှိကြောင်း သိရ၏၊ အချို့ဘုန်းကြီးကျောင်း၌ အသုဘခုတင်ငှားရန် တစ်လုံးနှစ်လုံး စသည်ထားတတ်ကြရာ အလိုရှိသူတို့က ငှားယူ၊ ထိုဘုန်းကြီးလည်း အသုဘပင့်လျှုပြီးလျှင် ခုတင် ပြန်ပို့၊ ကျိုးပဲ့လျှင် ပြုပြင်ပေးရသည်ဟု သိရ၏၊ ထိုခုတင်များမှာ တတ်နိုင်သူ အသုဘရှင်တို့က သင်္ဂြိုဟ်ပြီးလျှင် ဘုန်းကြီးကျောင်းသို့ ပို့ထားသော ခုတင်များဖြစ်ကြသည်၊ ခုတင်ကောင်းလျှင် ရေဆေး၊ နေလှမ်း၊ ဆေးသုတ်၍ ဘုန်းကြီးသုံး ခုတင်ဖြစ်သွားတော့သည်၊ မကောင်းလျှင် ငှားခုတင် ဖြစ်နေသည်။

မန္တလေးမြို့၌ ဤသို့သော ထုံးစံမကြားဖူး၍ ရန်ကုန်၏ ထုံးစံကား ရောထွေးယှက်တင်နိုင်လှချေတကားဟု သိရပေတော့သည်။

### စာကလေးတစ်ကောင်

ယနေ့ (၅)နာရီကျော်အချိန်တွင် တစ်မိုးလုံး မည်းမှောင်ပြီး လေပြင်းမိုးပြင်းကျလာစဉ် စာကလေးတစ်ကောင် ဘုန်းကြီးကျောင်းတွင်းသို့လာ၍ ကောင်းစွာကောက်ယူပြီး စားပွဲတစ်ခုပေါ်၌ တင်ထားလိုက်၏၊ ခဏကြာလျှင် 'ကျိ - ကျိ'ဟူ၍ မြည်ရှာသည်၊ သနား၍ ဖမ်းကိုင်ပြီး အစာကျွေးရာ ပထမသော် ကြောက်ရှာသည်၊ သူ့ကို မညှဉ်းဆဲမှန်းသိတော့ မကြောက်တော့ဘဲ ကျွေးသောအစာကို ကောင်းစွာစား၏၊ မိုးစဲတော့ ပျံထွက်သွားပြီးလျှင် နောင်လည်း ဘုန်းကြီးထံလာ၍ နေတတ်သည်။

သတ္တဝါတို့သဘောမှာ ကြောက်မက်ဖွယ် ဘေးဒုက္ခကြုံလာလျှင် ရန်ဘက်ချင်းပင် ရန်မမူကြချေ၊ တစ်ခါက ရခိုင်၌ လေမုန်တိုင်းကြီးကျ၍ ပင်လယ်ရေများ ဆူဝေတက်ပြီး ရေဘေးကြီးဆိုက်နေစဉ် ကျွန်းငယ် တစ်ခုပေါ်၌ မျောပါလာသော သစ်တုံးတစ်ခုကို လူတစ်ယောက်တွယ်ကပ်လိုက်ပါခဲ့ရာ ထိုသစ်တုံး၌ပင် မြွေတစ်ကောင်နှင့် ကြွက်တစ်ကောင်တို့လည်း တွယ်ကပ်၍ လိုက်ပါလာကြသည်၊ မည်သူက မည်သူ့ကိုမှ ရန်မမူကြချေ၊ ရေဘေးကြောင့် မိမိတို့ အသက်ချမ်းသာရာ ချမ်းသာကြောင်း ရှာကြရာတွင် သတ္တဝါချင်းချင်း ငဲ့ညှာပုံသဘောတရားကို နည်းယူဖွယ်ပင် ကောင်းပေသေး၏။

## မွေးကိုက်၍ ဖျားပွန်ရသော ဘုန်းကြီး

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆုတ်(၂)ရက်။ ညနေပိုင်းတွင် တပ်တွင်းကျောင်းဘုန်းကြီးဦးကောဝိဒ ကြွရောက်လာပြီး ဘုန်းကြီးပုံ ပင့်စာတစ်စောင် ပေးလေသည်၊ သမိုင်းကျောက်ဝိုင်း

ဘုရားအနီး ဒက္ခိဏာရုံကျောင်းဘုန်းကြီး ဦးဝါယမ ပျံလွန်သည့် ဈာပနကိစ္စ (၃)ရက်နေ့ သဂြိုဟ်မည့်အတွက်ဖြစ်၏၊ ဘုန်းကြီးပျံမှာ ဘုန်းကြီးချင်း ထောက်ပံ့သဂြိုဟ်ချီးမြှင့်ရိုးထုံးစံရှိ၍ ဦးကောဝိဒနှင့်တိုင်ပင်ပြီး ဝတ္ထု ၁၀-ကျပ်စီ ထောက်ပံ့လိုက်ကြသည်။

ထိုဘုန်းကြီးသည် ခွေးကိုက်၍ အနာဖြစ်ရာ ထိုဝေဒနာနှင့် ပျံလွန်ရသည်ဆို၏၊ များသောစစ်သည်အခြံအရံရှိသော သေမင်းနှင့် စစ်ထိုးခြင်းငှာ မတတ်နိုင်ကြောင်း ဘုရားဟောဒေသနာရှိရာ သေမင်း၏များသော စစ်သည်တို့တွင် ခွေးလည်း ပါဝင်ပေသည်၊ မန္တလေးမြို့ မစိုးရိမ်ကျောင်း ဒါယကာကြီးသည် သူမွေးထားသောခွေးကြီးနှင့်တိုက်မိ၍ လဲလေရာ ထိုဝေဒနာနှင့်ပင် ကွယ်လွန်သွားရာကြောင်း ကြားရဖူး၏၊ သေခြင်းတရားဟူသော ကြိုတင်မမြင်နိုင်ကြပေ၊ သတ္တဝါတစ်စုံတစ်ဦး၏ ညှဉ်းဆဲ၍သေရခြင်း၊ ရေနစ်သေရခြင်း စသည်တို့မှာ ရေးကအဆက်ပါခဲ့သောကြောင့် ဝဋ်မကင်းသူတို့သာ ဖြစ်တတ်ကြောင်း ကျမ်းဂန်မှီ၍ ပြောလေ့ရှိကြပြန်သဖြင့် လူတိုင်းကြောက်ရန်လည်းမဟုတ်ပေ၊ အချို့မှာ သေလောက်ရက်နှင့် သေကံမရောက် သက်မပျောက်ဟူသကဲ့သို့ မသေကြသူတို့လည်း များစွာပင် ရှိကြသည်။

တစ်ခါက ရွှေဘိုခရိုင်၊ ဒီပဲရင်းမြို့ထဲက ဘုန်းကြီးတစ်ပါးမှာ ကျောင်းအထက် ခုတင်ပေါ်ကျိန်းနေရာတွင် ညအခါ မြွေတစ်ကောင်က အိပ်ရာပေါ်သို့ကိုက်၍ ပျံလွန်တော်မူဖူးလေရာ ဘုန်းကြီးကား မတော်တဆမဟုတ်၊ တကယ်ပင် အဆက်ပါ၍ဟု ဆိုရန်ရှိ၏၊ ဘုရားရှင်လက်ထက်က တန်ခိုးကြီးသော ရဟန္တာအရှင် ဥပသေနမထေရ်ကြီးပင် မြွေထိပါး၍ ပရိနိဗ္ဗာန်စံလွန်တော်မူရှာလေသည်၊ ထို့ကြောင့် တရားနှင့်မှန်းဆကြည့်လျှင် နေရာတကာ ရန်သူတွေပတ်လည်ဝိုင်းနေကြပုံ၊ ထိတ်လန့်ဖွယ် - သံဝေဂရဖွယ်ချည်း ဖြစ်ပေသည်။

## သံဃာ့ရှေ့တွင် တင်ပျဉ်ခွေ

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆုတ် (၃)ရက်နေ့။ ည ၁၂-နာရီကျော်အချိန်တွင် ဆရာတော်ကြီးကျောင်းသို့ သံဃာတော်များ စုရုံးရောက်ကြ၏၊ ရွာမရပ်ထဲက အသုဘတစ်ခုအတွက် ပင့်ထား၍ဖြစ်သည်၊ အသုဘမချသေးမီ စကားပြောဆိုနေကြရာတွင် ဒါယကာအချို့က သံဃာတော်များရှေ့၌ တင်ပျဉ်ခွေထိုင်နေတတ်သော အလေ့မှာ မကောင်းကြောင်း၊ ဘေးလူတို့အမြင်လည်းမကောင်း၊ သံဃာဘက်ကကြည့်လည်း မလျော်၊ ထိုင်သူမှာလည်း အပြစ်ကြီးကြောင်း ပြောနေကြ၍ ရွာမဆရာတော်ဘုရားကြီးက ယင်းသို့ဖြစ်လျှင် ဘုန်းကြီးကျောင်းတို့၌ 'ဒီသံပေါက်ကို ရေးဆွဲထားကြပါ' ဟု သံပေါက် နှစ်ပုဒ်ကို ရွတ်ပြတော်မူလိုက်၏။

(၁) သံဃာ့ရှေ့တွင်၊ တင်ပလ္လင်(တင်ပျဉ်)၊ ခွေလျှင် ရေးကပေါက်။

(၂) ဗုဒ္ဓဘာသာ၊ မျိုးမြန်မာ၊ မြဲစွာ သတိဆောက်။

အကောင်းဆုံးမှာ တင်ပျဉ်ခွေထိုင်၍မှ နေနိုင်သူဖြစ်လျှင် သံဃာများရှေ့တည့်တည့်က နီးကပ်စွာ ထိုင်နေရန်မသင့်ပေ၊ အခြားတစ်နေရာရာ၌ သွားထိုင်နေလျှင် ဖြစ်သည်သာ၊ အပြစ်လည်းမကင်း၊ ထိုင်သူလည်းမကောင်း၊ မြင်သူလည်းမကောင်းချေ၊ မယဉ်ကျေးမှုကို သတိပြုသင့်ပေသည်။

## စိတ်ထားယဉ်ကျေးရမည်

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆုတ် (၃)ရက်။ လူ့လောကတွင် စိတ်ထား မယဉ်ကျေးသူသည် နီးကပ်စွာ ပေါင်းသင်းနေထိုင်ရန် မသင့်ဆုံးသောသူ ဖြစ်၏၊ တစ်ခါတစ်ရံ မလွဲမကင်းသာသဖြင့် တွေ့ဆုံရတတ်လေရာ တစ်ကြိမ် တွေ့ရပြီးလျှင် နောင် ထိုစိတ်မယဉ်ကျေးသူမျိုးကို ဘယ်အခါမှ မတွေ့လိုတော့ပေ။

ယနေ့နံနက်ပိုင်း ရှင်လိင်ပြန် မောင်အောင်စိန်ကို စာပြပေးပြီး၍ ကျောင်းပေါ်တက်လာစဉ် လူရွယ်တစ်ယောက် ဘုန်းကြီးထံရောက်လာ၏၊ ၎င်းသည် မိတ်ဆွေဘုန်းကြီးတစ်ပါးနှင့်ဆက်သွယ်၍ ဘုန်းကြီးကျောင်း၌ ရံခါနေ ရံခါတစ်ခြားသွားလျက် ဝင်ထွက်စားသောက်နေသူ နယ်မှလူတစ်ယောက်ဖြစ်၏၊ တစ်ခါက ဘုန်းကြီးအား ပစ္စည်းငယ်နှစ်ခု လှူထားဖူးရာ ထိုသူလှူထားသော ပစ္စည်းကို သူပြန်ရောင်းပါဟု လျှောက်လေသည်၊ ယင်းသို့လျှောက်ရန်မသင့်ကြောင်း ပြောပြီးလျှင် ၎င်းက လှူထားသောပစ္စည်းနှစ်ခုကို ပြန်လည်စွန့်လိုက်ပြီး စကားဆက်လက်မပြောလို၍ အေးဆေးစွာ ကျောင်းပေါ်မှ ဆင်းသွားကာ အခြားကျောင်းပေါ်တက်ဘုရားရှိခိုးနေလိုက်သည်၊ ထိုလူရွယ်သည် ဘုန်းကြီးက ပြန်စွန့်လိုက်သော ပစ္စည်းနှင့် သူထားသော ပစ္စည်းအားလုံးပါ ယူ၍သွားလေသည်။

ညဘုရားဝတ်တက်ပြီးလျှင် နေမြဲတိုင်း ကျောင်းပေါ်တက်၊ ညသန့်စင်ရန် နေလေ့ရှိသော အပြင်မှ ခုတင်ပေါ်၌တစ်ပါးတည်းထိုင်နေရာ အခါတိုင်းနေ့များကဲ့သို့ စိတ်မကြည်လင်ပေ၊ နံနက်ပိုင်းက လူရွယ်နှင့်ပြောဆိုရသောအကြောင်းကို အာရုံပြုမိ၍ စိတ်ထဲတွင် နောက်ကျုကျုနေရစ်ခြင်းဖြစ်၏၊ တယ်စိတ်ထားရိုင်းတဲ့ လူရွယ်ပဲ၊ တစ်သက်လုံး လူလုပ်ရဦးမှာ အများကြီး ရှိသေး၊ မကျေနပ်နိုင်သေးသလို မိမိစိတ်ထဲက ထပ်လောင်း အပြစ်တင်လိုက်မိသည်။

တစ်ဖန် မိမိကိုယ်ဘက်လှည့်၍ ဝေဖန်ကြည့်ပြန်သည်၊ "ငါပြောလိုက်တဲ့စကားထဲမှာ အမှားတွေ ပါလေသလား၊ ပါမယ်မထင်ပါဘူး၊ တရားသဖြင့် ဖြစ်စေရန် တရားကြောင်းစကားသာ ပြောလိုက်တာပဲ၊ သို့သော် စကားခွန်းတော့ နည်းနည်းများသွားတယ်၊ စကားခွန်းများခြင်းသည် မြင့်မြတ်သော အထက်တန်းစားပုဂ္ဂိုလ်တို့၏ထုံးတမ်း မဟုတ်ပေ၊ ညံ့သောသူတို့ ဓလေ့ပဲ"

ဤကိစ္စမျိုး၌ စိတ်တိုတတ်သော ဘုန်းကြီးတစ်ပါးသာဖြစ်ပါက "ရော့ - မင်းပစ္စည်းယူသွား၊ အခုဆင်း၊ နောက်နောင်ငါ့ကျောင်း မင်းဘယ်တော့မှ မလာခဲ့နဲ့" ဟူ၍ ဆိုကောင်းဆိုလိုက်ပေလိမ့်မည်၊ သို့မဟုတ် "မပေးနိုင်ဘူး၊ လှူထားပြီးပစ္စည်းပဲ၊ ဘာပြန်တောင်းရတာလဲ" ဟု တစ်ခွန်းတည်းနှင့် အပြတ်ပြောချင်လည်း ပြောလွှတ်ပေလိမ့်မည်၊ မိမိကား ဤသို့ မပြောရက်ပေ၊ "သူလှူပြီးပစ္စည်းကို လိုချင်၍ ပြန်တောင်းတာပဲ" ဟု အလွယ်ပင် ပြန်ပေးလိုက်၏၊ သို့သော် တရားပြစကားခွန်းနည်းနည်း များသွားသဖြင့် ငါနည်းနည်း မှားလေသလားဟု ဆင်ခြင်မိပြန်သည်။

အကြောင်းရင်းကိုရှာလျှင် သူ့ပစ္စည်းများ ကျောင်းပေါ်လာထားစဉ်က အလွယ်ထားခွင့်ပြုမိခြင်းနှင့် သူလှူသောပစ္စည်း လက်ခံယူမိခြင်းပင်ဖြစ်သည်၊ ထိုအကြောင်းနှစ်ရပ်သည် ဘုန်းကြီး၏

တန်ဖိုးနိမ့်ကျစေခြင်း တရားခံများပေ၊ "ဒီဘုန်းကြီးဟာ ဒီလိုပြောဆိုလျှောက်ထားပြီး ဒီလိုနည်း နည်းပါးပါးလှူလျှင် ဒီလိုပစ္စည်းထားခွင့်ရတယ်၊ စောင့်ရှောက်ဖို့ ဒရဝမ်ကိုစွပါ ပြီးသွားတာပဲ" ဟု ထိုသူ့စိတ်တွင် သဘောရောက်သွားသောကြောင့်ဖြစ်ရမည်၊ ယခုအချိန် သူ့ပစ္စည်းများ ရောင်း ချကုန်ပြီဖြစ်၍ ကျောင်း၌ ပစ္စည်းထားရန်မလို၊ ဘုန်းကြီးက ကြည့်ရှုပေးရန်လည်း မလိုသော ကြောင့် နောက်ဆုံး သူ့လက်ဆောင်အဖြစ် လှူထားသောပစ္စည်းကို ပြန်တောင်းခြင်းဖြစ်မည်၊ "ပထမ က မင်းလှူတာလည်း မလိုချင်ဘူး၊ မင်းပစ္စည်းလည်း ဘာမှ ငါ့ကျောင်းလာမထားနဲ့" ဟု ခပ်ရှင်း ရှင်းပြောနေခဲ့လျှင် ဘာမှဖြစ်စရာ မရှိ။

ယင်းသို့ဆိုပြန်လည်း သူ့စိတ်ဆိုးပေလိမ့်မည်၊ သို့သော် ထိုစဉ်က စိတ်ဆိုးခံရခြင်းက ကောင်းသေး၏၊ သဘောလွယ်ခြင်း၊ အားနာတတ်ခြင်းကား မကောင်းချေ၊ သူ့စိတ်ဆိုးသော်လည်း ဘစ်ခါသာခံရမည်၊ ငါ့ကို အောက်ချခံရဖွယ်မရှိ၊ "ဒီဘုန်းကြီးဟာ ရှင်းရှင်းကင်းကင်းနေတတ်သည်၊ စိတ်ထားလည်း ထက်မြက်သည်" ဟု အထင်ကြီးခြင်း၊ ကြောက်ရွံ့ခြင်းပင် ဖြစ်ဖွယ်ရှိသေးဟု ပြန်လှန် ဝေဖန်ကြည့်သော် ထိုလူရွယ် မယဉ်ကျေးမှုတွင် မိမိက မူလစိတ်ညှပ်ပေါ်လွင်နေ၏။

၎င်းသည် ဘုန်းကြီးအား လှူထားပြီးပစ္စည်းကို ပြန်တောင်းခြင်းကား စိတ်မဖြောင့်သောသူ၊ စရိုက် မယဉ်ကျေးသောသူဟု လွယ်ကူစွာ အပြစ်တင်လိုက်၏၊ စစ္စာဦး မိမိလက်ခံစဉ်ကပင် အလွယ်လက်ခံလိုက်ခြင်းသည် မမြင့်မြတ်သော စိတ်ခံပါသွားသည်ကိုကား အပြစ်မမြင်ပေ၊ တစ်ဖန် ပြန်တောင်းစဉ်ကလည်း ဘာမှမပြောဘဲ ကောက်ယူပြန်ပေးလိုက်လျှင် အပြီးသား၊ ယခုမူ ဤသို့ မဟုတ်၊ ရှေနေလိုစကားခွန်းတွေရှည်၊ တရားသံတွေပြနေလိုက်သေးသည်မှာ ငါ၏ မယဉ်ကျေးခြင်း ဘဲ၊ ဒုတိယဆင့် ငါ၏ အမှားကြီးပဲဟု အမြင်မှန်သို့ စိတ်ရောက်လာလေသည်၊ ထိုအခါ နောက် ကျနေသော စိတ်သည်ပြေ၍ ကြည်လင်သွား၏။

လွန်ပြီးကားရှိစေတော့၊ နောက်နောင်တွင် သူတစ်ပါးလှူထားသောပစ္စည်းကို ပြန်တောင်း လာသူတွေပါက ပစ္စည်းရှိနေသေးလျှင် ဘာစကားမှမပြောဘဲ အလွယ်ပြန်ပေးလိုက်မည်၊ မည်သူ၏ မည်သည့်ပစ္စည်းကိုမျှ မိမိထံလာထားခြင်းကို လက်ခံခွင့်ပြုတော့မည်မဟုတ်၊ ဖွတ်အတင်းထားခဲ့ သော် တာဝန်မယူ၊ သူ့တော်ကောင်းပီပီ နေတော့မည်ဟု အထက်ပါသင်ခန်းစာယူ၍ ဆုံးဖြတ် ထားလိုက်တော့သတည်း။

## ဘုရားသာသနာမှာနေလျှင်

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆုတ် (၄)ရက်။ ကမာရွတ် ရွာမရပ်ထဲ၌ သံဃာအများ နံနက် ဆွမ်းကပ်၍ ဆွမ်းစားပြီး လက်ဖက်ရည်သောက်နေကြစဉ် ယခုတလော အချို့သောဘုန်းကြီးများကို အစိုးရ ဖမ်းဆီးခြင်း၊ ထောင်ချခြင်း သတင်းများထွက်ပေါ်နေခြင်းနှင့်စပ်၍ စကားထူးအဖြစ် ပြော နေမိကြရာ ရွာမဆရာတော်ဘုရားကြီးက "သူ့ကျောင်းသွားနေလျှင် သူ့ဘုန်းကြီးနှင့်တည့်အောင် နေပါလေ" ဟု အခြားကျောင်းတိုက်သို့ စာသင်သွားကြသော တပည့်များကို ဆရာသမားတို့က

မှာကြားလွှတ်လိုက်ခြင်းဟာ နောက်ထပ် ဘာမှ ပြောမနေနိုင်တော့ဘူးလို့ အပြီးသတ် မှာကြား ဆုံးမလိုက်ခြင်းပဲ။

‘ဘုရားသာသနာတော်ဝင်၍ ရဟန်းပြုကြတဲ့ပုဂ္ဂိုလ်များလည်း သိမ်ဝင်စဉ်ကပင် ဘုရားရှင် သာသနာမှာနေလျှင် ဘုရားနှင့်တည့်အောင်နေပေါ့၊ ဘုရားစကားတော်နှင့်အညီ နေပေါ့လို့ ဆုံးမ ထားပြီးက အခြားသြဝါဒပေးဖွယ်မလိုကြောင်းကို အမိန့်ရှိလေသည်။ ထိုစကားမှန်ပေသည်၊ ရဟန်း ခံစဉ်က ကမ္မဝါပြီးဆုံးလျှင် ရဟန်းဖြစ်ပြီး၍ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးတည်း ဟူသော မှီနေရန် နိဿယကြီးလေးပါးကို ခွဲခြားရှင်းလင်း၍ ညွှန်ကြားပေးလိုက်ကြ၏၊ မပြုအပ် သော အကရဏီယ လေးပါးကိုလည်း ပြောကြားလွှတ်လိုက်ပြီး ဖြစ်သည်။

## ထိုက်တန်မတရား

အချို့ဘုန်းကြီးတို့ မတရားထောင်ကျကြရသည်၊ များစွာကြားရကြောင်း တစ်ခါက မြို့တစ် မြို့တွင် ကျောင်းထိုင်ဆရာတော်ကြီးတစ်ပါးကို ကုလားသူဌေးတစ်ဦးက ကျောင်းဝင်းဝတ္တကံမြေထဲ စက်ရုံတည်ရန် မြေတောင်းရာမရသဖြင့် ရှေ့နေတစ်ဦးနှင့် ပေါင်းပြီး အမှုဆင်၊ ထောင်ချဖူးကြောင်း၊ ချင်းတောင်မှာ သာသနာရေးအရာရှိဆိုသူ ဘုန်းကြီးလူထွက်လူရှုပ်ကြီးတစ်ဦးက ဦးသဥ္ဇင်းဟူအပေါ နည်းအမျိုးမျိုးနှင့် မိုက်ကြေးခွဲနေရာ အရည်အချင်းရှိသော ထေရ်ဝါကြီးရဟန်းတစ်ပါးကို အခြား ကိုယ်တော်များကဲ့သို့ မိုက်ကြေးခွဲမရကောင်းလားဟု မတရား အမှုဆင်၊ ချင်းအရာရှိနှစ်ဦးနှင့် ကပ်ပြီး ထောင်ချခဲ့ဖူးကြောင်း၊ ထို့ပြင် ကြိုးကြာငှက်မျိုးသော ပတ္တမြားရွဲကို ဆွမ်းခံသော ရဟန္တာ အား ခိုးယူသည်ဟုအထင်လွဲကာ နှိပ်စက်ဖူးသော ရှေးက ရွှေပန်းထိမ်သည်ကဲ့သို့ လုံးဝ အမှား အယွင်းများလည်း ရှိတတ်သေးကြောင်း များကို တစ်ပါးတစ်မျိုးစီ အမိန့်ရှိကြ၏။

## ဘုန်းကြီးဂလု - ပျူဂဘီလူး

ထိုအခါ ဆရာမွေးဆိုသူ ဒကာကြီးက မကြာသေးမီရက်အတွင်းက ရေကြောင်းခရီးသွားခဲ့ ရာ မြစ်ရိုးတစ်ခု၏ ဘေးဘီတစ်လျှောက်၌နေကြသော ဘုန်းကြီးအချို့မှာ ရေမျောလာသော သစ် ဖောင်တွေကို ကျောင်းပြင်ရန်၊ တံတားဆောက်ရန် စသည်ဖြင့် ပိုင်ရှင်မပေးဘဲ ဆယ်ယူကြကြောင်း ကြားရ၍ ‘သိက္ခာမှ ရှိကြသေးရဲ့လား’ဟု ကြားဖြတ်လျှောက်၏၊ ‘ဒီကိစ္စကတော့ အမှန်မှာ သမာဓိ ရှိသော ကျောင်းထိုင်ဘုန်းကြီးတွေက ဟုတ်မည်မထင်၊ ခေတ်ပျက်ထဲမှ ရဟန်းဖြစ်ကြသည့် ဦးသဥ္ဇင်း ကြီးယော်များနှင့် တောထွက်တွေသာဖြစ်မည်၊ လူနှင့်ပေါင်းစပ်လွှဲခဲ့ကြပုံကြားရသည်မှာ ခန်းနေ တပည့်ဆိုသူတွေက ဆရာသမားမသိဘဲ လုပ်ချင်ရာလုပ်တတ်ကြတဲ့ ခေတ်ပဲ’ဟု ဆရာတော်ကြီး က အမိန့်ရှိလေသည်။

ဒါယကာကြီး ဦးချစ်တီးက ဆက်လက်၍ ‘ခုတလော လူတွေကလည်းဘုရား၊ မတရား လောဘကြီးလိုက်ကြတာမှ ဆွေမှန်းမျိုးမှန်းပင်မသိ၊ လူစိတ်ပင်ပျောက်နေကြသလိုပဲ၊ ပုလိပ်တွေက လည်း ဆိုးပါ့ဘုရား၊ ရုံးက တရားသူကြီးလုပ်နေကြသူတို့ကလည်း တရားမှန်ရယ်လို့ကို မကြားရ

တော့ဘူး"ဟု စိတ်ပျက်စွာနှင့် မျက်မြင်နားကြားသတင်းတွေပြ၍ လျှောက်လေရာ ဆရာတော်ကြီးက "ဘုန်းကြီးကလူ လူကဘီလူးဆိုတာ ဒီခေတ်ပဲဒကာကြီးရဲ့၊ ရှေးအခါက သပိတ်တစ်လုံးနှင့်သာ နေလေ့ရှိကြသော ဘုန်းကြီးကျောင်းတို့မှာ ယခုခေတ်တွင် ထမင်းအိုးဟင်းအိုးအစုံ၊ ဆန် ဆီဆား ငရုတ်ကြက်သွန် စသော ရိက္ခာတွေနှင့် လူ့အိမ်လို နေကြပြီ၊ အဲဒါ ဘုန်းကြီးက လူဆိုတာပဲ"ဟု အမိန့်ရှိ၏။ အခြားတစ်ပါးက "အချို့ကျောင်းမှာ ဓာတ်စက်၊ ရေဒီယို၊ မှန်တင်ခုံတွေနှင့်ဖြစ်ကုန်ပြီ၊ လူတွေလည်း ကျောင်းပေါ်ရောက်ပြီ၊ သူတို့ပိုင်အိုးအိမ်လိုပဲ နေကုန်ကြပြီ" စသည်ဖြင့် တစ်သီတစ်တန်းကြီး ပြောပြလေရာ ဤခေတ်တွင် မလျော်တာတွေ ပြောလို့ကုန်မည်မဟုတ်ဟု စကားလက်စ ဖြတ်လိုက်ရသည်။

## ငါးဖမ်းသောခွေး

ယနေ့ပင် နေ့လယ်ပိုင်းမှာ ခွေးမတစ်ကောင်သည် ကျောင်းအနီးရေအိုင်တွင်ဆင်း၍ လက်နှင့်မွှေကာ ရေပေါ်တက်လာသော ငါးများကို ပါးစပ်ဖြင့် ဖမ်း၍စားနေပုံ မြင်ရ၏၊ ထူးဆန်းလှသည်၊ တောခွေးများသာ ဤသို့ ဖမ်းတတ်ကြသည်၊ တစ်ခါက ကချင်းတောင်တန်း ဟူးကောင်းတောင်ကြားနယ်တွင် ရောက်နေစဉ် တနိုင်းခမြစ်ထဲ၌ ခရီးသွားခိုက် ခွေးနှစ်ကောင် မြစ်ကမ်းပါးမျှောင်၍ နေ့ခင်း ငါးရှာဖမ်းစားနေကြပုံကို မြင်ခဲ့ဖူး၏၊ အိမ်ခွေးငါးဖမ်းသည်ကိုကား ယခုတစ်ခါသာ မြင်ဖူးသည်။

## ကုလား ဆာမိ

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆုတ်(၉)ရက်။ ညနေပိုင်း ဆာမိဆိုသူကုလားနှင့် သူ့အဖော်တစ်ဦးတို့ ဘုန်းကြီးကျောင်းဝင်းထဲ မြက်ရိတ်ရန် လာရောက်လျှောက်ထားကြ၏၊ ကျောင်းဝင်းထဲမှ ရှုပ်နေသောမြက်တွေ ရှင်းဖော်ရ၍ ကျေးဇူးတင်ရသည်၊ သို့သော် သာသနာပြုလေဦးမှဟု ချင်း၊ ကချင်၊ နာဂတို့ကို သာသနာပြုနေကျ ဘုန်းကြီးပီပီ အလှူခံပေးသေးဘဲ မြက်ရိတ်ချင်လျှင် ထိုင်ရှိခိုးစေ၏၊ "ရော့ - ငါ့ခြေထောက် အေးနေပြီ၊ နည်းနည်းညောင်းလို့ နှိပ်ပေးခဲ့စမ်း၊ မင်းတို့ ကုလားတွေဟာ ကောင်းကောင်းနှိပ်တတ်ကြတယ်" ဟု ခိုင်းရာ ခြေတစ်ဖက်စီကိုင်၍ နှိပ်ပေးသွားကြသည်၊ "နောင် ဘယ်သောအခါမဆို ဘုန်းကြီးတွေ့လျှင် ရှိခိုးရတယ်"ဟု မှာလိုက်သေး၏၊ မိမိမှာ ကုလားများနှင့် ရေစက်နီးလေရာ ရောက်ရာအရပ်တွေ့ရသော ကုလားတိုင်းကလိုလိုပင် ခင်မင်လေးစားလေ့ရှိကြသည်မှာ ပါရမီတစ်မျိုးပဲဟု ထင်ရသည်။

## ရောင့်ရဲလွယ်သောဇလေ့

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁၂-ရက်။ လောကဓံတရားဆိုသည် တွေကြုံရမြဲဓမ္မတာဖြစ်၏၊ လာ-ဘ,အ-လာဘော ဟူသကဲ့သို့ ရံခါ ပေါများသလောက် ယနေ့နံနက်တွင် ဘာမှ

မစားရချေ၊ ဆွမ်းစားပင့်သူလည်း မရှိ၊ ရပ်ရွာဒကာ၊ ဒကာမတို့ကလည်း ဆွမ်းပို့မလာကြ၊ ကျောင်း၌ ဦးသဥ္စင်းကြီးနှင့် ဘုန်းကြီးနှစ်ပါးသာရှိရာ ရေနွေးတည်ပေးသူမရှိ၍ လက်ဖက်ရည်အဖန်တစ်ခွက်မှ မသောက်ရဘဲ ရေအေးတစ်ခွက်စီသောက်ပြီး သဘောတူနေလိုက်ကြ၏၊ ဘုန်းကြီးက ခွင့်ပြုပါမူ ဦးသဥ္စင်းကြီးသည် ရေနွေးတည်ပေးပေလိမ့်မည်၊ မအပ်သောနည်းကို မလိုလား၍ တပည့်များကို ခွင့်မပြုခဲ့၊ ပြုလုပ်နေသည်ကိုတွေ့မြင်ရလျှင်လည်း စားသောက်လိမ့်မည်မဟုတ်ပေ၊ ထို့ကြောင့် အလိုက်သိစွာ နေရှာပေသည်။

ကျောင်းအနီးရပ်ကွက်ထဲ၌ တောင်းကောင်းသော ဆွေမျိုးဒါယကာများစွာရှိ၏၊ ဝမ်းရေးအတွက် တောင်းရမ်းတတ်သောအလေ့မျိုးကို မနှစ်သက်ပေ၊ ဒကာဒကာမတို့လည်း ဘုန်းကြီးမှာ နေ့စဉ် ဆွမ်းစားလိုက်နေရလေ့ရှိသောကြောင့်ဂရုမစိုက်ဘဲ နေကြဟန်တူ၏၊ ဒီနေ့ ဘယ်မှမသွားရဟု အသိပေးထားလျှင်လည်း ဆွမ်းသော်လည်းကောင်း၊ လက်ဖက်ရည်ပွဲသော်လည်းကောင်း လာပို့လှူကြမည်ကိုသိ၏၊ ရောင့်ရဲလွယ်စွာ မနေတတ်သော ဝါသနာအကျင့်မပါစေလို၍ ဆိတ်ဆိတ်နေကြ၏။ သို့တည်းမဟုတ် အစ်ကိုကြီး ဦးလွန်းရဲ့အိမ်ဖြစ်စေ ထသွားလိုက်လျှင်လည်း စားသောက်ဖွယ်ကပ်ကြမည်၊ သူတို့အိမ်လည်း အနီးသာဖြစ်၏၊ ယင်းသို့ စားရေးအတွက် တစ်အိမ်ဝင်တစ်အိမ်ထွက်နှင့် အရက်မရှိ မျှော်တတ်သော ကုလ္လပက – ရဟန်းညံ့လို ရပ်ထဲရွာထဲအကြောင်းမဲ့ သက်နီးတဝါဝါ နှင့် သွားလာရခြင်းကိုကား မနှစ်သက်ရှံသာမက ရက်လှသည်၊ တပည့်များကိုလည်း မသွားစေရ၊ လူအိမ် မကြာခဏ အလည်သွား၊ သူတို့ ကပ်လှူရာ စား၍ စကားပေါဖွင်တွေ အလဟဿပြောနေခြင်းထက် ကျောင်းတွင် ရေသောက်၊ စာကြည့်နေရခြင်းက တန်ဖိုးရှိသည်။

'အိပ်ရာထလျှင် လက်ဖက်ရည်ဆိုင် မသွားရဘဲ မနေနိုင်ဘူး' ဟု ဦးသဥ္စင်းငယ် တစ်ပါးက ပြောဖူးရာ ပိုက်ဆံခါးကြားညှပ်၍ ဆိုင်သွားတတ်သောအလေ့သည် ကြမ်းပိုးစိတ်ဟု ပြောလေ့ရှိကြသည် မဟုတ်လော၊ ယနေ့အဖို့ လက်ဖက်ရည်ဆိုင်မှာလျှင်လည်း ကျောင်းအရောက် စားသောက်ဖွယ် အစုံပို့ပေးမည်ဖြစ်၏။ ယင်းသည့်အကျင့်မျိုးလည်း မလိုလားသဖြင့် နံနက်စာကို ဘာမှမစားဘဲနေကြပြီး နေ့ကျမှ ဆွမ်းခံ၍ ရသမျှစားကြစို့ဟု ဦးသဥ္စင်းကြီးအား ပြောကာ အေးချမ်းငြိမ်သက်စွာပင် နေလိုက်ကြသည်။

ကြောင်ကလေးများကမူ ဘုန်းကြီးကဲ့သို့ မရောင့်ရဲနိုင်ရှာကြ၊ နသောတိရစ္ဆာန်ကလေးများဖြစ်ကြ၍ သဲသေးသဲကြောင်နှင့် တောင်းနေကြရာ သနားမိသည်၊ နေ့ကျမှ စားကြပေတော့ကွယ်၊ နံနက်ဆွမ်းငါတို့လည်း ဘာမှမစားရဘူးဟူ၍ ပြောလိုက်ရသည်၊ နားလည်ကြမည်တော့ မဟုတ်ပေ၊ စားနေကျအချိန်တွင် သူတို့လည်း ဆာရှာကြပေမည်၊ ဘုန်းကြီးကျောင်းနေရသောကြောင် ဖြစ်၍ ညစာလည်း မစားရ၊ ဝိကာလဘောဇနနှင့်နေကြရှာရာ ဒါဘယ်မှာလျှင် နံနက်ပိုင်း မဆာဘဲနေကြလိမ့်မည်နည်း။

မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် အခါတစ်ပါးက ကောသလတိုင်း၊ တောရွာဇနပုဒ်သို့ ဆွမ်းခံဝင်ကြွသွားရာ မာရ်နတ်လှည့်ပတ်ထား၍ တစ်စုံတစ်ယောက်ကမျှ ဆွမ်းလောင်းလှူရှုမှန်း

မသိလိုက်ကြသောကြောင့် ဆေးမြဲတိုင်းသော သပိတ်ဖြင့်သာ ပြန်ကြွလာခဲ့ရဖူးလေသည်၊ နောက်တစ်ကြိမ်လည်း ရပ်တစ်ပါးသို့ ဆွမ်းမခံတော့ဘဲ အထက်ဘုံပြဟ္မာတို့သည် ဈာန်တည်းဟူသော အာဟာရနှင့်နေကြသကဲ့သို့ မြတ်စွာဘုရားသည်လည်း ဈာန်ဝင်စား၍နေတော်မူလိုက်၏။

ယနေ့ မိမိတို့မှာ တစ်နေကုန်လည်း မဟုတ်၊ နံနက်မျှသာဖြစ်၍ နေ့ဆွမ်းစားကြရမည်ဟူသော ပဉ္စာဇာတပစ္စည်းတယ်ကာ နေလိုက်ကြသည်၊ လှူဒကာများကိုလည်း အပြစ်မတင်၊ ဘာပေးပါ, လှူပါဟူ၍လည်း အပူမကပ်၊ ကိုယ့်ဘာသာလည်း ကြောင့်ကြမစိုက်၊ မြတ်သောနလုံးသွင်းနှင့် ရောင့်ရဲလွယ်တတ်သူသည် လောကဓံကို မြတ်သောနေနည်းဖြင့် ကျင့်သားရရန် အရေးကြီးပေသည်။

နေ့ ၁၂-နာရီကျော်အချိန်တွင် မိုးမရွာဘဲ လေပြင်းတိုက်လေရာ မိမိနေသောကျောင်းမှာ အမိုးအချို့ လံကျသွားကြ၏၊ အခြားကျောင်းများလည်း လံကျသည်၊ ကြည့်မနေနိုင်ရှာသော ဦးပဉ္ဇင်းကြီးသည် အရပ်ထဲသွား လူခေါ်ရာ ရတ်တရက် ထွက်မလာကြ၍ မိုးရွာလျှင် ခက်တော့မည်ဟု သူကိုယ်တိုင်တက်၍ ပြင်ဆင်မိုးလေသည်၊ နောက်မှ မောင်အောင်စိန်ပါ တက်မိုးကြ၍ ကောင်းသွား၏၊ စားသောက်ရေးအတွက် မအပ်သောနည်းဖြင့် တောင်းရမ်းခြင်း၊ ဝယ်ခြမ်းခြင်း၊ ချက်ပြုတ်ခြင်းကို ခွင့်မပြုသော်လည်း မိမိတို့နေသောကျောင်းကို ပြုလုပ်ပေးသူမရှိ၍ ရဟန်း, သာမဏေတို့ကိုယ်တိုင် ပြုပြင်ကောင်းသဖြင့် ခွင့်ပြု၏၊ ဘုရားရှင်လက်ထက်တော်ကပင် ရဟန်းများ အပ်သောနည်းဖြင့် ကျောင်းသခ်မ်း - ကုဋိများ ဆောက်လုပ်နေထိုင်ခဲ့ကြလေသည်၊ ကဿပဘုရားရှင်လက်ထက်တော်က ဃဋိကာရ အိုးထိန်းသည်၏ အိမ်ကို မြက်များ ဖျက်ယူခဲ့ကြသည်လည်း ရဟန်း, သာမဏေတို့ပင် ဖြစ်သည်။

## ကျောက်ဝိုင်းနှင့် မင်းဝမှု

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁၃-ရက်။ နံနက်စောစော ဦးပဉ္ဇင်းကြီးနှင့် နှစ်ပါး သမိုင်းမြို့မကျောင်းသို့ မုန့်ဟင်းခါးဆွမ်းစားပင့်၍ မိုးတဖွဲဖွဲနှင့်ပင် သွားကြရသည်၊ ကောင်းမွန်ဖွယ်ရာ အစားမျိုးစုံနေအောင် စားရ၏၊ ကျောင်း၌ စားပြီးလျှင် ရွာတဲ ဝိုလ်လသာကမှူကြီး၏ သမီးအိမ်သို့ ခေါ်ဆွဲစားသွားကြရပြန်သည်၊ လောကဓံ၏ လာဘော၊ အ-လာဘောပင်၊ မနေ့က နံနက်စာမစားရလေသမျှ ဒီနေ့ကျမှ စု၍ ပေါပါပေ၏။

ကျောက်ဝိုင်း၊ ရွှေလက်ကောက်ကျောင်းဆရာတော် ဦးဝိမလကြီးက သူ့ကျောင်းအလည် ကြွရန်ပင့်၍ ဦးမေဃိယနှင့် အတူလိုက်သွားကြပြီး ရေချိုး - စကားမျိုးစုံပြောပြီးမှ ပြန်ခဲ့ကြသည်၊ ထိုဆရာတော်ကျောင်းသည် ကျောက်ဝိုင်းဘုရား အရှေ့ဘက်ဝင်းခြံသီးခြားနှင့် နေချင့်ဖွယ်ရာ တိုက်ကျောင်း ဖြစ်၏၊ ကျောင်းအမက သူ၏ ရွှေလက်ကောက်ကြီးကို ရောင်း၍ ဆောက်သော ကျောင်းဖြစ်သောကြောင့် ရွှေလက်ကောက်ကျောင်းဟု တွင်နေသည်၊ ထိုကျောင်းထိုင်ဘုန်းကြီးကိုလည်း ရွှေလက်ကောက်ဆရာတော်ဟု ခေါ်ကြတော့သည်။

## ကျိုက်ဝိုင်းနှင့် ကျောက်ဝိုင်း

"ဒီဘုရားဟာ ကျိုက်ဝိုင်းလား၊ ကျောက်ဝိုင်းလား"ဟု ထိုဆရာတော်ကို လျှောက်ကြည့်ရာ နှစ်မျိုးခေါ်ကြပုံ အမိန့်ရှိ၏၊ ကျိုက်ဝိုင်းဆိုတာ ကျိုက် - က ဘုရား၊ ဝိုင်း - က တုပုန်းတမ်းကစားခြင်းကို မွန်စကားနှင့် အဓိပ္ပာယ်ရကြောင်း၊ မြတ်စွာဘုရားရှင်နှင့် အသူရိန် နတ်မင်းကြီးတို့ တူပုန်းတမ်းလုပ်ရာဌာနၵ တည်သောဘုရားဖြစ်၍ ကျိုက်ဝိုင်းဘုရားဟုတွင်ကြောင်း မီးရထားဝန် ဦးဘစိန်က ရေးသားထားသည်၊ ယခုကာလတိုင်ပင် ကလေးများ တူပုန်းတမ်းကစားလေ့ ရှိကြောင်း၊ စေတီရံကလေးတွေ များစွာရှိနေ၍ ကစားစရာလည်း ကောင်းသောကြောင့်ဖြစ်ရာ ယုတ္တိရှိသကဲ့သို့ နေသည်။

သို့သော် အမှန်မှာ ကျိုက်ဝိုင်းမဟုတ်၊ ကျောက်ဝိုင်းသာ ဖြစ်သည်၊ ကျောက်များကို ဝိုင်း၍ တည်ထားသောဘုရားဖြစ်သည်မှာ ယခုတိုင် သပိတ်မှောက်အထိ ကျောက်များကို တွေ့နိုင်သည်၊ အခြားအမည်မှာ ကြံဆပြောကြခြင်းသာဖြစ်မည်ဟု ယူဆကြောင်း အမိန့်ရှိသည်။

ငမိုးရိပ်ရာဇဝင်မှာလည်း ငင်းဇနီး မဋ္ဌေပွင့်နှင့် ယောက္ခမတို့က ငမိုးရိပ်ကို မြှုပ်နှံရာ သချိုင်းပေါ်၌ ကျောက်များဝိုင်း၍ တည်ထားသောကြောင့် ယခုတိုင် ကျောက်ဝိုင်းတွင်နေသည်ဟု ဆိုထား၏၊ အခြားနေရာ ရှိ - မရှိတော့ မသိပေ။

## မင်းဓမ္မကုန်းရွာ

မင်းနှစ်မကုန်း ခေါ်ကြတဲ့နေရာကတော့ အမည်မှန် မင်းဓမ္မကုန်း ဖြစ်ရမည်၊ မင်းဓမ္မပင်တွေ ပေါများသော ကုန်းဟု ရှေးက ခေါ် ကြဟန်တူသည်၊ ယခုတိုင် မင်းဓမ္မပင်တွေ ပေါက်လျက်ရှိသည်၊ အချို့က မဓမပင်ဟူ၍လည်း ခေါ်ကြသည်၊ ယုတ္တိကိုရှာလျှင် အနီးမှာရှိကြသော မအူကုန်း၊ ညောင်ကုန်း၊ ကြို့ကုန်းတို့ကို ထောက်၍ သိသာနိုင်ကြောင်း အမိန့်ရှိ၏။

## ကမင်လုပ်သော တိတ်နိမိတ်

ရန်ကုန်မြို့၌ ဂျပန်ပြေးခါနီး နှစ်က 'တစ်ဝါတွင်းပြဇာတ်'ခေတ်စားခဲ့ပြီး ဒီနှစ်မှာ 'ဝိဇယပြဇာတ်' ခေတ်စားနေကြောင်း စကားစပ်မိကြရာ ဝိဇယမှာ ဘီလူးမကို မိဖုရားမြှောက်ပြီး ဘီလူးများအတွင်းရေးကို သိအောင်လုပ်၊ ဘီလူးတွေကို နှိမ်နင်း သတ်ဖြတ်နိုင်ကြောင်း ပြတာပဲ၊ လူသားက ဘီလူးကိုနိုင်သောဇာတ် တိတ်နိမိတ်ကောင်းပေါ့။

'တစ်ဝါတွင်း' ဆိုတာ မျက်စိကို တစ်ဝါတွင်း ပိတ်ထားရန် အာမခံနှင့် ကုသပေးမည် အကြောင်း ဇာတ်ဖြစ်၍ လူအများကို ဇာတ်ကွက်ဖြင့်ထင်ရှားအောင် ပြောပြနေခြင်းပဲ၊ ထူးထွေကြံဆနေစရာ မရှိကြောင်း ဆရာတော် ဦးဝိမလက အမိန့်ရှိ၏၊ ပြောပြသမျှအားလုံးကို ကျေနပ်စွာပင် မှတ်သားရပေသည်။

ထိုဆရာတော်ကို တစ်ခါက သမိုင်းကုန်းရွာကျောင်းအလှူပွဲတစ်ခု၌ ဆုံ၍ စကားပြောကြစဉ် လွန်ခဲ့သော အင်္ဂလိပ်ခေတ်က 'ကင်ပလင်း - ဝံ့မင်းနှင့် ရေချာ'ဟူသော စာချိုးကလေးကို ကောလိပ်ကျောင်းသားတစ်ဦးက 'ကင်ငါးကြင်း - ဝံ့မင်းနှင့် ရေချာ'ဟုသာ ဖြစ်သင့်ကြောင်း၊ ကင်ပလင်းမှာ အချဉ်၊ ဝံ့မင်းမှာ အချိုဖြစ်၍ ရေချာနှောသင့်မည်မဟုတ်ကြောင်းပြ၍ စာပြင်ပုံကို ဉာဏ်မမီကြောင်း ပြရာသာရောက်ကြောင်း၊ ကင်ပလင်း နှစ်မျိုးရှိရာ ပင်ခြောက်, ပင်နွယ်ကင်ပလင်းချိုမျိုး အညာဒေသ၌ ရှိသောကြောင့် ထိုစာစပ်သူသည် မည်သည့်အရပ်ဒေသကဖြစ်သည်ကို စူးစမ်းဆက်စပ်ကြည့်ရန် လိုကြောင်း 'ကင်ငါးကြင်း' ဟူ၍ စာစပ်လိမ့်မည် မဟုတ်ကြောင်း ဝေဖန်အမိန့်ရှိခဲ့ဖူး၏၊ ထိုစဉ်ကပင် အမြော်မြင် အယူအဆ ဗဟုသုတများသော ပုဂ္ဂိုလ်တစ်ပါးဖြစ်ကြောင်း အကဲခတ်မိပေသည်။

## ကရင် ကိုရင်ကလေးများ

ဘုန်းကြီးကျောင်းတွင် ကရင်ကိုရင်ကျောင်းသားကလေးများ ရှိကြရာ ဝင်ချည်ထွက်ချည်၊ ခဏကြာ ကျောင်းရောက်လာကြ၊ တော်တော်ကြာ အိမ်ပြန်သွားကြနှင့် ချင်းတောင်က ချင်းကလေးများနှင့် တူသလိုရှိ၏၊ ညနေ ကိုရင်ကလေး မောင်မြငြိမ်းမှာ သူ့အမေက ဖျား၊ သူ့အဖေကလည်း နေထိုင်မကောင်း၊ ဘစ်ကိုက အလုပ်ဝင်သွား၊ သားကြီးသမီးကြီးတွေကလည်း အိမ်ထောင်ခွဲသွားကြသောကြောင့် ကလေးငယ်တွေ ဘုရားရှိခိုးနှင့် မနိုင်သောကြောင့် အိမ်ကအလုပ်ကူညီရန်ဟု ရှင်လိင်ပြန်သွားတော့သည်။

## စကားအရသာနှင့် အစားမျိုးစုံ

၁၃၀၇-ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁၄-ရက်။ နံနက် (၉)နာရီအချိန် ကမာရွတ် ကွက်သစ် ရပ် (၆)လမ်း၊ ကိုသိမ်းမောင်အိမ်၌ ဆွမ်းစားကြရာ ဆရာဒကာ စကားပြောကြရာ နှစ်သက်ဖွယ်ရှိပေသည်၊ စကားပြောရသည်မှာ 'သူတော်ချင်းချင်း - သတင်းလွှေလွှေ - ပေါင်းဖက်မွှေ'ဟူသကဲ့သို့ သဘောတူချင်း ကောင်းကျိုးချမ်းသာစကားမျိုးကို အလျဉ်းသင့်သလို ပြောနေရခြင်းလည်း ဈာန်ရပုဂ္ဂိုလ် ဈာန်ဝင်စားနေရသကဲ့သို့ပင် တစ်မျိုးပျော်မွေ့သည်၊ ကျွေးမွေးဆက်ကပ်သည်ကလည်း အမျိုးပေါင်းများလှရာ စားကောင်းတိုင်း မျိုးစုံပင် စားခဲ့ပေသည်။

## အစားစုံနှင့် ဝမ်းဗိုက်

'ဘုန်းကြီးခြင်းသည် ချမ်းသာခြင်းမဟုတ်' ဟူသော ဆောင်ပုဒ်ကဲ့သို့ ယနေ့ အစာမျိုးစုံစားခဲ့ရာ အစာချေမသင့်၍လော၊ ဝမ်းဗိုက်နာနေတော့ရာ စာရေးနေကျပင် မရေးနိုင်တော့၍ အကျိုးမဲ့ဖြစ်သွားရသည်၊ ရန်ကုန်မြို့၌ ဘုန်းကြီးသောဆရာတော်ကြီးတွေ ဒကာ, ဒကာမတို့က ကျွေးမွေးချင်ကြ၍ သူတို့အလိုက် လိုက်လျောပြီး တစ်အိမ်ပြီးတစ်အိမ် တစ်ထပ်ပြီးတစ်ထပ် အကြိမ်ကြိမ် ကပ်ကြသဖြင့် အကြိမ်ကြိမ်စား, အမျိုးမျိုး ဘုဉ်းပေးရလေရာ စားပြီးလျှင် အစာချေ မသင်သော

ကြောင့် ဝမ်းဗိုက်၌ ရောဂါဖြစ်၍ ပျံလွန်ကြဖူးကြောင်း ကြားရ၏၊ မိမိမှာ ထိုသို့ ဘုန်းကြီးသူ မဟုတ်ပါဘဲလျက် ရှံခါမှ စည်တော်ကြီးယွန်းထဲရောနေ့ကြ့ရသည်ကိုပင် ယခုလို ဝမ်းနာရသေးသဖြင့် ဘုန်းကြီးရခြင်း၏ အန္တရာယ်ကိုပင် ကြောက်မိပေသည်။

ညအခါ ဆေးစားပြုပြင်၍ အိပ်ရာဝင်ခဲ့ရာ ဝမ်း, လေ ဓာတ် ဖောက်ပြားခြင်းကြောင့် ကယောင်ချောက်ချား အိပ်မက်တွေသာ မြင်မက်နေတော့သည်၊ များစွာစားခြင်း အမျိုးစုံစားခြင်းသည် ကောင်းကျိုးမရှိ၊ ဆိုးကျိုးသာ ဖြစ်ရသဖြင့် နောင် သတိပြုရပေမည်။

ချင်းတောင် ဟိုင်းမွာရွာ၌ နေစဉ်ကလည်း ပြောင်းဖူးတွေစားပြီး အစာမကြေနိုင်၍ ဝမ်းနာလှရာ နေ့ညပတ်လုံး ဒုက္ခရောက်ရဖူး၏၊ သင်ခန်းစာတစ်ရပ် မှတ်ခဲ့သည်၊ တစ်ကြိမ်ကလည်း ဖျားလို့ချည်း နေသဖြင့် ရှောက်သီးနှင့် ငရုတ်သီးကို ဓာတ်စာအဖြစ် စားလိုက်ရာ ဝမ်းပူလှသော ဝေဒနာကြမ်းကြီးကို တစ်နေ့တစ်ည ခံလိုက်ရ၏။ ဤသည်လည်း သင်ခန်းစာတစ်ရပ်၊ ဖလမ်းမြို့က ဒရဝမ် ချင်းတစ်ဦးမှာ ရန်ကုန်က ဝန်ကြီးတစ်ဦးလာ၍ ပွဲလုပ်စဉ် အရက်တွေပေါပေါနှင့် လွန်မင်းစွာသောက်လေရာ အရက်လွန်ပြီး သေသွားဖူးလေသည်၊ အစားအသောက်ကို မလွန်အပ်ကြောင်း မှတ်ရန် ဖြစ်၏။

## အစားပွဲနှင့် စကားပွဲ

၁၃၀၇ - ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁၅-ရက်။ နံနက်စောစော မောင်အောင်စိန် ရောက်လာပြီး ယာဂုကျိုပေး၍ ဦးသဋ္ဌင်းကြီးနှင့်နှစ်ပါး သောက်ကြမည် ပြုစဉ် ဒကာ ကိုချိုက ကော်ဖီနှင့် ကောက်ညှင်းထုပ် ပို့လှူလာ၏၊ အစားနှင့်အသောက် အဆက်အစပ်မပြေသော်လည်း ရှိသမျှပို့လှူရှာခြင်းပေဟု နှလုံးသွင်း၍ စားသောက်ရင်း ရှမ်းဘုန်းကြီးတစ်ပါးအကြောင်း သတိရ၍ ပြုံးမိသေး၏။

တစ်ခါက ရန်ကုန်၌နေသော ဟုမ္မလင်းနယ်က ရှမ်းဘုန်းကြီးတစ်ပါး၊ ကုလားလက်ဖက်ရည်ဆိုင်ဝင် လက်ဖက်ရည်သောက်စဉ် ဇရာကြော် မြင်၍ "ယူခဲ့စမ်း" ဟုပြောရာ ကုလားက "ဟင် - ဘုန်းကြီး၊ ဒါနဲ့အဲဒါနဲ့ စားတာမဟုတ်ဘူး၊ အချိုမုန့်စားပါလား" ဟု ပြောသဖြင့် "ဟေ့ - ကုလား၊ မင်း ဘာစကားများနေတာလဲ၊ ရောင်းရပြီးရောမဟုတ်လား၊ ငါစားချင်စားမှာပေါ့၊ ယူသာယူခဲ့ပါ" ဟု နိုင်းပြီး အချိုရည်နှင့် ဇရာကြော် ဖက်စပ်စားကြောင်း သူကိုယ်တိုင် ပြောပြ၍ ရယ်ရပေသည်၊ ယခုလည်း ထိုနည်းလိုလိုပင်နေတော့သည်။

နောက်ထပ် ဒေါ်သိန်းရင်က ပေါင်မုန့်လှူလာပြန်၏၊ ထို့နောက် ဒေါ်သဲပွင့်က ဥပုသ်စောင့်ရင်း စားစရာများ လှူပြန်ရာ အစားပွဲတွေစုံ၍သွား၏၊ ထိုအခိုက် ကမ်းနားမှ ဦးစိန်ညွန့် ရောက်လာပြီး ရွှံ့သား အောင်စိန်နှင့် သားအဖချင်း စကားပြောနေကြပုံမှာ စကားရည်လုပွဲလို နေ၏၊ သိမ်မွေ့သောစကားများ မဟုတ်၍ ကြားလို့တော့ မကောင်းလှပေ။

နေ့ဆွမ်းတွက် (၉)နာရီခွဲအချိန် ဇေယျဝတီကျောင်းသို့သွားရာ ဆွမ်းမကပ်မီ ပါဠိဆရာ ဆရာလင်းကြီးနှင့် ဘုန်းကြီးများ ရှေးဟောင်းနှောင်းဖြစ်ပါဝင်သော စကားမျိုးစုံ ပြောကြရာ တယ်အရသာရှိပေသည်၊ သရက်ချိုပင်မှသာ သရက်ချိုသီးကို စားရသကဲ့သို့ ပညာရှိသူမှသာ ပညာရှိစကားကို ပြောတတ်ပေသည်။

ဆရာကြီး ဆရာလင်းမှာ ၁၂၃၇-ခုနှစ်၊ ဝါဆိုလဖွားဖြစ်ရာ ယခု အသက် ၇၀-ပြည့်နေလေပြီ ဆရာမှိုင်းကြီးလည်း ခုတူ၊ ၁၂၃၇-နှစ်၊ တပေါင်းလဖွားဖြစ်ရာ အသက် ၇၀-ပြည့်ချည်းပင် ဖြစ်သည်၊ ဆရာလင်းထက် (၈)လသာငယ်ကြောင်း သိရ၏၊ အထူးသဖြင့် ပါဠိပထမပြန်စာမေးပွဲ၏ စာစစ်ဆရာ လုပ်ခဲ့ကြရာတွင် ဖြစ်ပျက်ခဲ့ရသော အတွင်းရေးအကြောင်းတို့ကို သိရရာ မှတ်စရာ ဖြစ်ပေ၏။

## စာချဘုန်းကြီး လုပ်မည် - နိုင်ငံရေးတရား မဟောလို

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၃)ရက်။ တစ်လကုန်၍ တစ်လဆန်း ခဲပြန်ပြီ၊ လဆန်း (၁)ရက်နေ့ညနေ (၅)နာရီအချိန်တွင် တရုတ်က ရေးသော မြန်မာရာဇဝင်ကို ကြည့်နေစဉ် ကိုဘိုးဟန် ဆိုသူရောက်လာပြီး ရှိခိုးထိုင်နေ၏၊ အတန်ကြာနေပြီးမှ တစ်စုံတစ်ရာလျှောက်ခြင်း မရှိဘဲ "ဘာမှ ကိစ္စမရှိပါဘူး" ဟု ရှိခိုးပြီး ပြန်သွား၏၊ ဘုန်းကြီးထံ တစ်စုံတစ်ခု လျှောက်လို၍လာရာ မလျှောက်ဝံ့၍ ပြန်သွားသည်ထင်၏၊ တစ်ခါကလည်း အရေးပိုင်ကြီးတစ်ဦး ဘုန်းကြီးထံ လာပြီး မလျှောက်ဝံ့၍ ပြန်သွားကြောင်း ဖလမ်းနေစဉ်က သိရဖူး၏၊ ရှမ်းဦးသခွင်း တစ်ပါးနှင့် မြန်မာဦးသခွင်းတစ်ပါးတို့လည်း လျှောက်ရန်အကြိမ်ကြိမ်ကြိုးစားရာ မလျှောက်ဝံ့ဘဲ ရှိခဲ့ပုံ နောင်မှ သိရရာ မိမိမှာ လူကြောက်စေသည့်အရှိန်တစ်ခု ရှိလေရော့လားဟု တွေးမိသည်။

လဆန်း (၃)ရက်နေ့ ညနေပိုင်း (၂)နာရီတွင် ရွာသစ်ကျောင်း ဦးမေဃိယ စာအုပ်ပို့ရင်း ရောက်လာပြီး စာလာတက်ပါရစေ၊ စာတစ်ဝါချပေးပါဟု လျှောက်သဖြင့် ဝမ်းမြောက်စွာနှင့်ပင် စာကြီးစာငယ် တက်လိုရာကို ချပေးမည်ဟု ကတိပြုလိုက်၏၊ သူတို့ကျောင်း၌လည်း ဒကာများက စာချဘုန်းကြီးတစ်ပါး ပင့်ထားရန်လိုလား၍ ကြံစည်နေကြကြောင်း လျှောက်သွား၏။

## နိုင်ငံရေးတရား မဟောလိုပါ

ဦးမေဃိယ ပြန်ကြွသွား၍ စာတစ်ခုရေးရန် စကာစ ရှိသေး၊ မိတ်ဆွေဘုန်းကြီးတစ်ပါးရောက်လာပြန်၏၊ ၎င်းက ပြောသည်မှာ အင်းစိန်အရေးပိုင်က သူ့ကို ကားလွှတ်ပင့်ခေါ်၍ တွေ့ဆုံစကား ပြောခဲ့ရကြောင်း၊ တိုက်ကြီးနှင့် ဥက္ကံနယ်တို့၌ ငြိမ်းချမ်းရေးတရား ဟောပေးရန် လျှောက်ထားကြောင်း၊ အရှင်ဘုရားကို အားကိုးကြောင်း အစချီကာ မိမိအား ငြိမ်းချမ်းရေး တရားဟော ဘုန်းကြီးလုပ်ရန် လာဆွယ်တိုက်တွန်းနေ၏၊ အကြောင်းအမျိုးမျိုးပြကာ အတော်ချတ်လွဲ ငြင်းလွှတ် လိုက်ရသည်၊ ခွဲကြီးစွာနှင့် ပေနေ၏၊ တော်တော်နှင့်မပြန်၊ ထပ်ပြန်တလဲလဲ ဆွယ်နေတော့သည်၊

သို့သော် နောက်ဆုံးတွင် လက်လျှော့ကာ ညနေ (၆)နာရီခန့်ကျမှ ပြန်သွားတော့သည်၊ ၎င်း၏ ထင်ချက်နှင့်ဘုန်းကြီး၏ စိတ်ထားကို ယနေ့မှ ကောင်းစွာ သိသွားပုံရသည်။

ဖိုမိတ်ဆွေဘုန်းကြီးသည် ပြန်သွားရင်း ဤသို့ တွေးတောဝေဖန်မိပေလိမ့်မည်၊ "ဦးဥတ္တမ သာရကြီးဟာ ပြုံးကြည်သော မျက်နှာနှင့်သာ အမြဲတွေ့ရ၍ အတော်သဘောလွယ်ပုံရသည်" ဟု အကဲခတ်မိရာ "ယခုမှ မလွယ်ကြောင်း သိရတယ်၊ သူ့မှာ တိုလို ကျောင်းကောင်းကြီး - အုတ် တိုက်ကြီးတွေနဲ့ နေရတာလည်း မဟုတ်၊ ဓနိမိုး ယာယီကျောင်းကလေးတွေနှင့် နေတာဖြစ်လို့ တို့ကပြောလျှင် ငြင်းပယ်မည်မဟုတ် ထင်ခဲ့ရာ ငါ၏အထင် မှားလေပြီ၊ ဒါ့ဒကာတွေ ကြည့်ပြန် လည်း မင်းစိုးရာဇာ, သူဌေးသူကြွယ်တွေက ကိုးကွယ်တာ မဟုတ်၊ ဓနိမိုး, သက်ကယ်မိုး, တဲ အိမ်ပွဲရုံများနှင့် တောင်ယာခြံသမားများ၊ ကိုယ့်လက်ရုံးဖြင့် အသက်မွေးသော ဆင်းရဲသား အများတို့က ကိုးကွယ်ခံရသူသာဖြစ်လို့ အရေး ပိုင်ကဟု ပြောလျှင် ငြင်းဝံ့မည်မထင်၊ အလွယ် လိုက်ပါစရာရှိသည်ဟု နှလုံးပိုက်ခဲ့ရာ ယခု တွေ့တွေ့ဆိုင်ဆိုင် ပြောကြည့်ကာမှ အထင်နှင့် အမြင် မိုးနဲ့မြေလောက် ဝေးကွာနေကြောင်း သိရပေသည်" ဟု ဝမ်းနည်းစွာ ပြန်သွားရင်း သုံး သပ် ဆင်ခြင်မိပေလိမ့်မည်။

အကယ်၍ ဤအတိုင်းသာ မိမိကို အကဲခတ်ခဲ့လျှင် များစွာ မှားပေလိမ့်မည်၊ သဘော ကောင်းခြင်း၊ ကြည်သောမျက်နှာတားရှိခြင်းကြောင့် ဘာမဆို နိုင်းရာလုပ်လိမ့်မည်လော၊ ၎င်းပြင် ပုဂ္ဂိုလ်၏ တန်ဖိုးကို ယာယီအဆောက်အအုံနှင့် အကဲဖြတ်၍မရပေ၊ ခြင်္သေ့မှန်လျှင် ရွှေဂူ၌ နေ သည်ဖြစ်စေ၊ သစ်ပင်အောက်၌ နေသည်ဖြစ်စေ၊ တောင်ပူစာ၌နေသည်ဖြစ်စေ ခြင်္သေ့သာဖြစ်၏၊ ဘုရားဟော နိပါတ်တော်အလို ပြောရလျှင် ရွှေဂူ၌ အောင်းနေသော်လည်း မြေခွေးသည် ဘယ် ခါမှ ခြင်္သေ့ ဖြစ်မသွားပေ၊ သာမန်ခဏသာ ထင်ချင်ထင်ရမည်ဖြစ်သော်လည်း အရည်အချင်းကို ပြလိုက်သောအခါ ရွှေဂူမှ ထွက်လာသော မြေခွေးကို ခြုံမှထွက်၍ ဟောက်သော ကေသရာဇာက လွှမ်းမိုးသွားမည်သာ ဖြစ်၏။

တစ်ဖန် ကိုးကွယ်သော ဒါယကာတို့၏ မင်းစိုးရာဇာမဟုတ်ခြင်း၊ သူဌေးတွေ မဟုတ်ခြင်း ကြောင့် မင်းစိုးရာဇာဟုဆိုလျှင် ကြောက်ရွံ့၍ ငြင်းမည်မဟုတ်ဟု တွေးဆပါက မတရားလွန်းရာ ကျပေမည်၊ မင်းစိုးရာဇာနှင့် ဘုန်းကြီး ဘာဆိုင်သနည်း၊ ရသေ့ရဟန်းတို့သည် မင်းစိုးရာဇာတို့၏ လက်အောက်ခံ မဟုတ်ပေ၊ သို့မဟုတ် မင်းစိုးရာဇာတို့နှင့် ဆရာဒကာအဖြစ် အကျွမ်းဝင်လိုခြင်း ဆက်စပ်လိုခြင်းကြောင့် အရေးတယူနိုင်းစေဖော် ရသည်ကိုပင် ကျေးဇူးတင်စွာ မျက်နှာလို မျက် နာရ လက်ခံဆောင်ရွက်ပေးလိုသူသည် ဤအရှင်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး မဟုတ်တန်ရာဟူ၍သာ ဆိုရန်ရှိသည်။

စာချဘုန်းကြီးလုပ်ပါဟူ၍ တိုက်တွန်းလျှင် လက်ခံရန် လွယ်ကူသော်လည်း နိုင်ငံရေးတရား ဟောပါဟု ပြောလာခြင်းကိုကား လက်မခံနိုင်ရုံသာမက ပြောသူကိုပင် များစွာစိတ်ဆိုးချင်သည်၊ သို့သော် 'သူတော်ကောင်းတို့အမျက် အပြင်သို့မထွက်' ဟူသကဲ့သို့ သင့်သောအကြောင်းသာခဏ

ပြုရှုသာ ငြင်းလိုက်ပါ၏၊ စိတ်ဆိုးကြောင်းကို မပေါ်လွင်စေခဲ့၊ မြတ်သောတရားနှင့် နေလို၍ သူတော် ကောင်းအမည်ခံ ဘုရားသားတော်ရဟန်းဖြစ်ပါလျက် မင်းမှုထမ်းတို့၏ ခိုင်းစေရာနာခံ၍ မင်းကျွန် လုပ်ရမည်ကိုကား ရက်နိုးလှသည်၊ ပရိယတ္တိသာသနာအားပေးဖို့ မိတ်ဆွေ ဘုန်းကြီးများ ထံ ကတိရှိပြီး၍ စာချဘုန်းကြီးလုပ်ရန်သာ အောက်ပြည်အောက်ရွာ ဆင်းလာခဲ့သည်၊ မင်းကျွန် နိုးကျွန်လုပ်ရန် ဆင်းလာခဲ့သည်လည်း မဟုတ်ပေ။

ထိုမိတ်ဆွေ၏စကားတွင် အင်းစိန်အရေးပိုင်က ကားနှင့်လာပင့်ခေါ်ယူတွေ့ဆုံလျှောက်ထား သည်ဟု ဆိုရာ အရေးပိုင်က ကားနှင့်ပင့်သည်ဟု ဝဏ်ယူပြောခြင်းပေလောမသိ၊ မိမိအမြင်ဖြင့် ဘုန်းကြီးတစ်ပါးကို သူခိုင်းစေချင်၍ ကူလီခေါ်သလို ကားလွှတ်တင်ယူခေါ်ခြင်းသာဟု မြင်၏၊ လာပြောသော မိတ်ဆွေဘုန်းကြီးသည် အရေးပိုင်ထံဝန်ခံပြီး သူချည်းမစွမ်းနိုင်သဖြင့် မိမိကိုဘန်း ပြအားကိုးကာ အရေးပိုင်ခိုင်းရာ လုပ်ပေးလိုဟန်တူ၏၊ နိုင်ငံကျော် တောင်တန်းသာသနာပြုဆရာ တော်၊ စာရေးဆရာ၊ စာချဘုန်းကြီး စသည်ဖြင့် မြှောက်လုံးပင့်လုံးကလေးတွေပြကာ ၎င်းက ရှေ့ ထွက်သော်လည်းကောင်း လုပ်၍ မိမိက ခေါင်းဆောင်တာဝန်ခံ အနေနှင့် ဟောကောင်းဟောရ ပေလိမ့်မည်၊ သို့မဟုတ် မိမိက ရှေ့ထွက်ညှော်ခံပိုင်းကနေ၍ အာဝဇ္ဇန်းကောင်းကောင်း အလွမ်း အဆွေးတွေညှပ်ကာ ပရိသတ်ထိန်းအောင် ပြောဟောရပြီး နောက်ဆုံးမှ ၎င်းက နိဂုံးချုပ်အနေဖြင့် အရေးပိုင်မင်းမြတ် ညွှန်ကြားလိုက်သောအမိန့်အော်ဒါအတိုင်း လိုရင်းကလေးတွေကိုသာ ပြော ဟောသိမ်းသွင်းခြင်း လုပ်ကောင်းလုပ်ပေမည်၊ စိတ်ဖြင့် တွေးဆမိတိုင်း ရက်၍မဆုံးပေ။

ဘုန်းကြီးရဟန်းများကို ကူလီလိုသဘောထားကာ ခိုင်းစေတတ်သော အရေးပိုင်ကလည်း ဒုံ့တော်မယဉ်ကျေးသည်သာမက မိုက်လုံးကြီးလှရာ ကျပေသည်၊ ဗုဒ္ဓဘာသာဟုတ်ချင်မှဟုတ်ပေ မည်၊ ဂျပန်တက်စနစ်က စစ်ရိက္ခာထောက်ကမ္ဘာဖီဟာတာ ဆိုသော ဂျပန်ကြီးက ဗုဒ္ဓဘာသာ ရဟန်းသံဃာများကို သူတို့ဂျပန်စစ်ဗိုလ်စစ်သားတို့က ဆလံပေးလျှင် ပြန်၍ဆလံပေးရန် တိုက် တွန်းသည်ထက်ပင် ဆိုးနေသလိုရှိ၏၊ မိတ်ဆွေဘုန်းကြီးသည် နောက်ထပ် မိမိထံမလာတော့ချေ၊ ၎င်းတစ်ပါးတည်းပင် အရေးပိုင်ခိုင်းစေသမျှ လုပ်နေသလားမပြောတတ်ပေ။

အရေးပိုင်က လက်မှတ်ထုတ်ပေးမည်၊ ခရီးစရိတ်ရမည်၊ လိုရာသွားရန် ကားတစ်စီးပေးမည်၊ ပုလိပ်အစောင့်ပေးမည်· ဆိုသော အဆွယ်စကားကလေးများလည်း ပါသေးရာ မိမိကဲ့သို့သော ပုဂ္ဂိုလ်ထံ လာပြောခံရသည်ပင် ဝမ်းနည်းလှသည်၊ အကြောင်းမှာ ဤစကားကလေးများသည် မရ ဖူးသော စည်းစိမ်ဂုဏ်သိန် အရသာတွေဟု ထင်မှတ်ပြီး ဝမ်းသာအားရရှိရှာလိမ့်မည်ဟု အောက်ချ အထင်သေးခံရသောကြောင့် ဖြစ်၏။

ထိုအရေးပိုင်က ပေးမည်ဆိုသည့် ခရီးစရိတ်နှင့် မော်တော်ကားတို့သည် သေမင်းပြည်သွား ကြဟု ကူးတို့ခဖြစ်ချင်ဖြစ်နေပေမည်၊ မသေ၍ ရှင်ခဲ့သော်လည်း ခဲပေါက်ခံရခြင်း၊ ဆဲဆိုခံရခြင်း စသည် မတွေးဝံ့ဖွယ်တို့နှင့်စာလျှင် ဘုန်းကြီးများကို ပေးသည့်ကျွန်ခမှာ အဆမတန် နည်းလွန်း ပေသေး၏၊ အကြောင်းမှာ မသကာတရားတစ်ပွဲဟောလျှင် ငွေ ၅၀၀-ကျပ်, ၁၀၀၀-ကျပ် စသည်

ပေးမည်ဆိုပါက ဘာပဲဖြစ်ဖြစ်ဟူသော ပုဂ္ဂိုလ်မျိုး တစ်ဦးစနှစ်ဦးစ ရချင်ရပေမည်၊ မိမိကဲ့သို့သော ပုဂ္ဂိုလ်မျိုးကား ရှေ့တိုက်ကြီးပါချိ၍ အပ်စေကာမူ ရဟန်းအဖြစ်နှင့် မင်းကျွန်၏ လက်အောက်မှ ကျွန်တစ်ဆင့်ခံလိမ့်မည် မဟုတ်ပေ။

ရိုးသားစွာ ဆရာဒကာအဖြစ် ကိုးကွယ်လျှင် မေတ္တာတရားဖြင့် နှစ်သိမ့်တတ်မည် ဖြစ်သော်လည်း ရာဇာအနေနှင့် ကူလီလိုခေါ်၍ ကျွန်နိုင်းနိုင်းခြင်းမျိုးကိုမူ မြင့်မြတ်သောကျင့်ဝတ်နှင့်နေသော ရဟန်းသံဃာတော်တိုင်း စက်ဆုပ်ရွံရှာကြမည်သာ ဖြစ်၏၊ သို့ရာတွင် အရေးပိုင်ဆိုသော်လည်း သားစာမယားစာ ပရိယေသနအတွက် ကူလီလုပ်နေရသော မင်းကျွန် အလတ်စားမျှသာ ဖြစ်ပေရာ ၎င်းမှာလည်း ၎င်းအထက်ရှိ ကျွန်ကြီးကျွန်ငယ်တွေက အမိန့်ပေး၍ မြတ်သော ရဟန်းသံဃာတော်ပဲဟူ၍ သတိမမူနိုင်ရှာဘဲ လျှောက်ထားနိုင်းစေရခြင်းဖြစ်ကောင်း ဖြစ်ပေမည်ဟု ဆင်ခြင်မိသောအခါ မင်းမှုထမ်း အရာရှိ အရာခံ ဟူသည် လှည်းတပ်ထားသော နွားဟဲ့သို့ တံပျာနှင့် တို့တိုင်း ရုန်းနေရသည့် နွားပမာ မခြားရှာပေတကား ဟု ထောက်ထားစာနာကာ သူတို့၏ဘဝကို သနားမိပြန်ပေသည်။

## လွတ်လပ်ချမ်းမြေ့သောဘဝ

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၅)ရက်။ နံနက် ဆွမ်း ဘာမှမစားကြဘဲ ရေသောက်ပြီး အေးဆေးစွာ နေလိုက်၏၊ ဦးပဥ္စင်းကြီးနှင့် ကျောင်းသား မောင်ဝင်းတို့ (၇)နာရီခွဲတွင် သပိတ်သွတ်တစ်ခုသို့ သွားရာ ပြန်ရောက်ကြလျှင် ရင်ပူပူရှိသည်နှင့် စားမည် အပြုတွင် ဆွမ်းတွေက မည်းတဲတဲ တွေ့ရသည်၊ တပည့်ဦးပဥ္စင်းကြီးက "ဆရာတော်အတွက် ဆွမ်းတွေက မကောင်းပါဘူး ဘုရား၊ အရပ်ထဲ ဆွမ်း သွားခံပါဦးမယ်၊ အပြန်မှ ဘုဉ်းပေးပါ"ဟု လျှောက်ဆိုပြီး ဆွမ်းခံထွက်သွား၍ မစားဘဲ စောင့်နေလိုက်၏၊ ကြောင်ကလေးများသည် ဆာရှာကြ၍ အားနည်းသံကလေးများနှင့် ဝိုင်းအုံတောင်းနေကြရာ မိမိမှာလည်း ဝမ်းဟာဟာနှင့် နေရသောကြောင့် ကိုယ်ချင်းစာ သနားမိသည်။

ဦးပဥ္စင်းကြီးသည် မိမိအား ဆွမ်းဆာနေပြီဟု ငဲ့ညှာသောကြောင့် ခပ်မြန်မြန်ပင် ပြန်လာရှာ၏၊ ရသမျှနှင့် ဆရာတပည့်နှစ်ပါး ထိုင်စားကြသည်၊ ရဟန်းဘဝ၏ ချမ်းသာမှုကား ဤသို့ပင် မဟုတ်ပါလောဟု ယမန်နေ့က ငြိမ်းချမ်းရေးတရားဟောပေးရန် တိုက်တွန်းလာသည်ကို ပြန်လည်သတိရလိုက်သေး၏၊ အကယ်၍ အရေးပိုင်မင်း၏ ကြိုးတပ်ရာခံ၍ နိုင်ငံရေးတရားဟောဘုန်းကြီး လုပ်ခဲ့သော် ရွာတကာလှည့်လည် မသဒ္ဓါရေစာပို့လှူကြသော ဆွမ်းကိုစား၊ ပုလိပ်သား (၃-၄) ယောက်ခြံရံ၊ စစ်ယားဟောင်းအစုပ်ကြီးစီး၍ တစ်ရွာမှတစ်ရွာကူး၊ နား မထောင်ချင်မှန်းသိလျက်နှင့် တရားဟောနေရခြင်းထက် ဤသို့ လွတ်လပ်စွာနေရခြင်းက ချမ်းသာမှုအစစ် မဟုတ်ပါလောဟု ဝမ်းမြောက်ရသေး၏။

မှန်ပေသည်၊ ရောက်ရာအရပ် ဘုန်းကြီးကျောင်းတွေ တက်ရောက်တည်းခို၊ ကျောင်းထိုင် ဘုန်းကြီး များသည် ရဟန်းချင်းမို့ ညှော်ခံကြမည်ဖြစ်သော်လည်း နိုင်ငံရေးတရားဟောဘုန်းကြီး

တွေ၊ အစိုးရကြေးစားဘုန်းကြီးတွေဟု သူတို့ချင်း တိုးတိုးစကားပြောကြပေမည်၊ လူဒကာတို့က လည်း အစိုးရဘုန်းကြီးတွေ၊ အင်္ဂလိပ်အလိုတော်ရိကိုယ်တော်တွေဟု ကဲ့ရဲ့စကားပြောကြမည်မှာ ကျိန်းသေ၏၊ သီလ, သမာဓိ, အကျင့်အာစာရနှင့် သီတင်းသုံးနေတော်မူကြသော သိက္ခာဝါတော် ကြီး သီလ, သမာဓိပညာရှင်ဆရာတော်ကြီးတွေကမူ လွတ်လပ်သော တရားရှင် ရဟန်းဖြစ်ပါ လျက်နှင့် ဘယ့်နယ်ကြောင့် မင်းစိုးရာဇာတို့က နဖားကြိုးတပ်နိုင်းရာခဲ့၍ တစ်ပါးကျွန်လုပ်နေကြ ပါလိမ့်မလဲဟူ၍ တစ်စုံတစ်ရာ ဖွင့်ဟမပြောဘဲ စိတ်ထဲမှ နှလုံးသွင်းကာ သနားတော်မူရှာကြ ပေလိမ့်မည်၊ ကရုဏာဒေါသော မျက်နှာဖြင့်လည်း ရဟန်းချင်းချင်း စောင်းကာငဲ့ကာ ကြည့်ရှုကြ သည်ကို ကြေးစားဓမ္မကထိကဘဝနှင့် ခံရပေလိမ့်မည်၊ ယခုမူ ယင်းသို့သော ဘေးအန္တရာယ်မှ ကင်းလွတ်၍ အဟောသုခံ ဩော် - ချမ်းသာစွတကားဟု စိတ်ထဲမှ ကျူးရင့်ရပေယေး၏။

## နေအိမ်ဖွဲ့နှင့် ဆင်ဖြူတော်

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၈)ရက်။ ကမာရွတ် လှည်းတန်း ဆွေမျိုးဒါယကာကြီး ဦးငွေအိမ် ဆွမ်းစားပရိတ်ရွတ်ပင့်ရာမှ စားသောက်ဖွယ်မျိုးစုံပါသော ကန်တော့ပွဲ ရခဲ့၍ မိမိမစား သုံးတော့ဘဲ အထူးအဆန်းရခိုက်အခါဟု ညနေ (၃)နာရီခန့်တွင် ဦးသဥ္စင်းကြီးနှင့် ဦးညို၊ မောင်ဝင်း တို့ပါ ခေါ်၍ ရွာမဆရာတော်ကြီးအား သွားရောက်ကန်တော့ကြသည်၊ ဝါဦးကာလ ကြိုတင် သည့်အနေဖြင့် ငှက်ပျောသီး၊ အုန်းသီး၊ ယိုဘူး၊ အသားဘူး၊ လက်ဖက်ခြောက်၊ မရမ်းသီးဆား ပြုတ်၊ ဖယောင်းတိုင် စသည်ဖြင့် စုံလက်ဖွယ်ရာလှသည်။

ကန်တော့ပြီး၍ စကားစပ်မိရာ ပြောကြရာတွင် ဆရာတော်ကြီးက ယနေ့ (၈)ရက်နေ့ ၁၂- နာရီအချိန် နေအိမ်ဖွဲ့ကြောင်း၊ အတွင်းက အနက်ကြီးခံ၍ ဘေးမှအနီ, အစိမ်းရောင်တို့ဝိုင်းသည်၊ အင်္ဂါနေ့၏အလိုမှာ မီးကိန်းရှိသည်၊ တစ်မျိုးက အလောင်းအလျာရောက်လာမည်ဟု အဟောရှိ ကြောင်း မိန့်လေသည်၊ နောက်စကားတစ်ရပ်မှာ သီတင်းကျွတ်လျှင် စနေဂြိုဟ် - ကြာသပတေး အိမ်မှ ဆင်းသွားမည်ဟု မိန့်လေရာ ထိုဆရာတော်ကြီးမှာ ပိဋကတ်စာပေသော တတ်ကျွမ်းသည် မဟုတ်၊ လောကုတ်, လောကီ ဝေဒင်ကျမ်းတို့ပါ တတ်ကြောင်း သိရပေသည်။

ထိုအခိုက်တွင် မိမိနံနက်စောစောက မြင်မက်သော အိပ်မက်ထူးတစ်ခုကို သတိရ၍ လျှောက်သင့်မသင့် စဉ်းစားပြီးလျှင် လျှောက်ခြင်းဖြင့် အပြစ်မရှိတန်ရာဟု လျှောက်လိုက်သည်၊ အိပ်မက်မှာ မိမိ၏ ဇာတိရပ်ရွာ ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီးကို လုပ်ကျွေးပြုစုရာမှ တော တောင်ကမ်းပါးသို့ တစ်ပါးတည်း ခရီးသွား၍ အပြန် ကျောင်းခန်းတွင်းရောက်လျှင် အမောပြေ ဆင်ဖြူတော်ကြီးတွေကို ကြွေခွက်တစ်ခုတွင်ထည့်ကာ သကြားရည်နှင့်ဖျော်၍ ကြွေဇွန်းနှင့်ခေါက် သောက်ရပုံဖြစ်၏၊ ဆင်ဖြူတော်ကြီးတွေသည် ပျော်နေသော ငှက်ပျောသီးကဲ့သို့ မိမိဇွန်းနှင့် ခေါက်လျှင် လွယ်စွာကျေမွသွားကြပုံ၊ ကောင်းစွာသောက်၍ အရသာရှိပုံအကြောင်း ဖြစ်၏။

ဆရာတော်ကြီးက "အရှင်ဘုရားအိပ်မက်က ထူးလှသည်၊ အင်္ဂါနေ့ဖြစ်၍ မိဘရှိသေးလျှင်

မိဘတို့အတွက် ကောင်းကျိုးဖြစ်ထွန်းလိမ့်မည်" ဟု အမိန့်ရှိလိုက်၏၊ ဆင်မြူတော်တွေ သကြားနှင့် ဖျော်သောက်ရသည်ဟု အိမ်မက်နှယ် ထူးပင်ထူးပါပေသည်။

## အိမ်ရှာမတွေ့သော ဆွမ်းစား

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၉)ရက်။ ယနေ့နံနက် မရမ်းတစ်ပင်ရပ်၊ ဒေါ်မေ့ာ်လုံး အိမ်သို့ သံဃာ ၁၅-ပါး ဆွမ်းစားပင့်ထားရာတွင် ကျားကျောင်းမှလည်း ပါဝင်ရာ ထိုကျောင်းမှ ဦးသောဘိတကြီးနှင့်တကွသော ကိုယ်တော်များမှာ အဆိုပါရပ်ကွက်သို့ကြွ၍ ဆွမ်းစားအိမ် တလည်လည်နှင့် ရှာကြသော်လည်း ဆွမ်းကပ်သောအိမ် ရှာမတွေ့၊ ညွှန်ကြားသူလည်း မရှိ၊ မေးလည်း မရသောကြောင့် ပြန်ကြွသွားကြရကြောင်း သိရ၏၊ ရန်ကုန်မြို့၌ ဘုန်းကြီးများ ဤသို့ပင် မကြာခဏ ဖြစ်တတ်ကြလေသည်၊ စင်စစ်မှာ ဆွမ်းစားပင့် လက်ခံစဉ်က အိမ်နံပါတ်၊ ရပ်ကွက်ကြောင်းရာ သေချာစွာ မေးမထားသောကြောင့် ဖြစ်ရသည်။

နေ့ (၂)နာရီအချိန် ပဋ္ဌာနသပြေတောရဆရာတော်ကြီးအား ဦးသင့်ကြီးနှင့် မောင်အောင်စိန်၊ မောင်ဝင်းတို့ကို ခေါ်၍ ယိုဘူး စသည်ဖြင့် ကန်တော့ပွဲအစုံထည့်ကာ သွားရောက်ကန်တော့လိုက်ရာ ကျေနပ်နှစ်သိမ့်လှသည်။

## မအပ်သော အသားဟင်း

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀-ရက် သမိုင်း မြို့မကျောင်းသို့ နံနက် (၅)နာရီအချိန် သွားရောက်ကြပြီး ကျောင်းမှတစ်ဆင့် အရပ်ထဲ ကျောင်းဆရာအိမ်သို့ သံဃာတော်များ ကြွကြရသည်၊ အုန်းဆွမ်းနှင့် ကောင်းမွန်ဖွယ်ရာသော အစားမျိုးစုံ ဆက်ကပ်လေသည်၊ ဆွမ်းစားပြီးလျှင် သီလပေးသောဘုန်းကြီးက ရှည်လျားသောဆုပေးကြီးနှင့် ဆုတောင်းကြီးများကို ရွတ်ဆိုလေရာ ကြားနေကျ မဟုတ်၍ ကစ်မျိုးဖြစ်နေ၏၊ ရေစက်ချသောအခါ၌လည်း အဘိုးအိုကြီးကဲ့သို့ တုန်ရီသောအသံနှင့် ဆိုပြန်ရာ သံဃာများနှင့် လူပရိသတ်ကိုပဲ ကြောက်ရော့လားဟု ဆင်ရပြန်သည်၊ ပရိတ်ရွတ်ပြီးလျှင် ကျောက်ဝိုင်း ဦးဣန္ဒက က ပရိတ်မွန်းရွတ်ဆိုလေရာ ဓမ္မကထိက ဖြစ်၍ နားထောင်ကောင်းလှသည်။

မိတ်ဆွေ ဦးစန္ဒိမာက တားလွန်းလှ၍ နေ့ဆွမ်းကိုလည်း ထိုကျောင်း၌ပင် စားရန် ဆိုင်းနေရ၏၊ မိမိနှင့်စကားပြောနေရသည်ကို နှစ်သက်ကြဟန်တူသည်၊ နေ့ဆွမ်းစားကြရာတွင် စားပွဲပေါ်က ဟင်းလျာတစ်ခွက်ကိုညွှန်း၍ ဦးသင့်ငယ်တစ်ပါးက ဦးကောသလ္လကို ပြောလေသည်၊ အခြားတစ်ပါးက "မြင်းသားဟာ ဒုလာပါဒရက်ရောဂါ ရှိသူအတွက် ကောင်းသတဲ့" ဟုဆိုလိုက်၏။

"ဘုန်းကြီးများဟာ ဒုလာပါဒရက် ထူကြတာပဲ၊ ဒါပေမယ့် ဘုရားဝိနည်းတော်လာအသားကြီး ၁၀-ပါးတွင် ပါနေတော့ မစားအပ်ဘူးပေါ့" ဟု မိမိက ပြောလိုက်ရာ ထိုဟင်းကို တစ်ပါးမှ မစားကြချေ၊ ဦးသင့်သည် မအပ်သောဟင်းဖြစ်၍ သတိပေးခြင်း ဖြစ်ကောင်းဖြစ်ပေမည်။

အခါတစ်ပါးက ရခိုင်မှ လာရောက် စာသင်နေကြသော ဦးပဥ္စင်းများ ရန်ကုန်ရောက်လျှင် ရာသီဥတု ကွာခြားမှုကြောင့် ထုံနာရောဂါဖြစ်ကြရာ အချို့မှာ ပုံလဲနေရှာကြသည်၊ ထိုအခါ သနားတတ်သော ဒကာမကြီးတစ်ဦးက မြင်းသားဟင်းနှင့် ဆွမ်းပို့၍စားစေရာ မကြာမီ ရောဂါပျောက်ကင်းပြီး သွားကြလေသည်၊ ရောဂါရှင်းပြီးကာမှ မြင်းသားဟင်းနှင့် ကုသရကြောင်း ဒကာမကြီးကလျှောက်မှ သိကြရသောဟူ၏၊ တပည့်လိမ္မာ ဆရာအာပတ်လွတ်မျိုးနှင့် တူနေတော့သည်၊ ဘုရားရှင်လက်ထက်တော်ကလည်း ရဟန်း တစ်ပါး၏ လေနာ, ရင်နာ တို့ကို အသားဟင်းရည်ဘုဥ်းပေးရန် ဆေးဆရာကညွှန်း၍အပ်သောအိမ်သို့ သွားရောက်အလှူခံရာ ဥပုသ်နေ့ဖြစ်၍ ဘာသားမှ ဝယ်မရသောကြောင့် ကြည်ညိုလှသော ဒကာက သူ၏ ပေါင်သားကိုလှီး၍ ဟင်းချက်လှူဖူးလေသည်၊ ရဟန်းတော်များ လုံးဝမသိသောကြောင့် အာပတ်မသင့်ပေ။

## စာအုပ်ငှား ဦးဉာဏိန္ဒ

ညနေ မိုးချုပ်တွင် ကျိုက္ကလား ဦးဉာဏိန္ဒစာအုပ်ပို့ရင်း ရောက်လာ၏၊ သူ၏အရပ်က လာပင့်၍ (၁၂)ရက်နေ့ ပြန်ဖြစ်တော့မည်၊ ကျွန်းပင်ကျောင်း၊ ဘုရားငါးဆူတိုက်၊ ပြည်ခရိုင်ဟူ၍ လိပ်စာပေးထားခဲ့၏၊ မကြာခဏ စာအုပ်ငှားလေ့ရှိသော မိတ်ဆွေတစ်ပါး လျော့သွားပြန်တော့မည်။

## အကောင်းပြောစရာ မရှိ

၁၃၀၇ - ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁-ရက်။ လှိုင်မြစ်လမ်းတောင်ဘက် နိဗ္ဗာန်ရပ် နန်းချိန်ဆိုသူအိမ် သေလွန်ပြီး အဘိုးကြီးတစ်ဦး၏ ရက်လည်ဆွမ်းကို နံနက်ပိုင်း ရွာမဆရာတော်ကြီးနှင့်တကွ သံဃာတော် (၆)ပါး ကြွရောက်စားကြရာ ဂေါ်ဝိုင်း၊ ဖဲဝိုင်းတို့သည် ရဟန်းသံဃာများကြွလာသော်လည်း တုတ်တုတ်မျှ မလှုပ်ကြချေ၊ တချောက်ချောက်နှင့် ရိုက်နေကြ၏၊ ကျွင်ငယ်ရေစော်ကလည်း နံလှရာ ဆရာတော်ကြီး အားနာမိသည်။

ဖဲဝိုင်းသည် သံဃာများ ဆွမ်းစားပြီးလည်း မထကြ၊ လက်ဖက်ရည်သောက်ပြီးလည်း မထကြချေ၊ ရပ်ရွာလူကြီးလုပ်နေသူတို့ပင် ပါဝင်ရိုက်နေကြသည်ကိုကြည့်၍ ရွာမဆရာတော်ကြီးက ယခင်အင်္ဂလိပ်လက်ထက်က လာဘ်ပေးလာဘ်ယူတွေပေါများနေ၍ အစိုးရအဖွဲ့ကြီးကို တိုင်းပြည်လူထုက မကြည်ညိုကြတော့ဘဲ ကဲရဲပြစ်တင်ဖတ်ကြီးဖြစ်နေသောကြောင့် ဆာဂျေအေမောင်ကြီးခေါင်းဆောင်သော စုံစမ်းရေးကော်မတီတစ်ခုဖွဲ့၍ မြို့တကာလှည့်လည်စုံစမ်းစေရာ ဓနုဖြူမြို့သို့ရောက်သောအခါ ရေဝန်းကျောင်းဆရာတော်ကြီးထံ ဝင်ရောက် ကန်တော့ကြလေသည်။ ဆရာတော်ကြီးက "ဘယ့်နယ်လဲ" ဟူ၍ မေးတော်မူရာ ဆာဂျေအေမောင်ကြီးက "အရာရှိအရာခံလုပ်နေကြတဲ့ လူကြီးတွေအကြောင်းကိုပြောရလျှင်တော့ အကောင်းပြောစရာမရှိပါဘူးဘုရား" ဟူ၍ လျှောက်သွားသတဲ့၊ "ဦးဥတ္တမသာရ - တိတ်တိတ်သာနေ၊ သူတို့လည်း ရပ်ရွာလူကြီးတွေပဲ၊ ပရိတ်ရွတ်ပြီး ပြန်ကြစို့" ဟု အမိန့်ရှိလေသည်။ သံဃာတော်များ ပြန်ကြွခဲ့ကြသော်လည်း ဖဲဝိုင်းကား မော်၍မျှ မကြည့်လိုက်ကြချေ။

## ရိုးသားသော စေတနာ အကျိုးကင်း၏

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂-ရက်။ ကမာရွတ် ရွာမတောင်ပိုင်း (၁)လမ်းမှ အိမ်တစ်အိမ်သို့ သံဃာတော်များ နံနက် မုန့်ဟင်းခါးဆွမ်းစားကြရာတွင် ရွာမဆရာတော်ကြီးက မိမိကိုကြည့်၍ "ဦးဥတ္တမသာရ စဉ်းစားစမ်းပါ။ မမှန်သောငွေကို မမှန်ဘူးဟု ပြောပြ၍ သိလျက်နှင့် ပေးပါ။ ကိစ္စမရှိပါဟု ကျေနပ်၍ ယူမည်ဆိုပါတော့၊ အဲဒါ အပြစ်ရှိမလား" ဟုမေးရာ တစ်ခဏချင်း ပြန်ဖြေလျှောက်လိုက်၏။

"ဥပမာ - ဂျပန်ငွေစက္ကူဆိုပါတော့ဘုရား။ တစ်ဦးနှင့်တစ်ဦး ကျေနပ်၍ ယူကြလျှင် ဘာမှ အပြစ် မရှိနိုင်ပါ။ တစ်နည်းလည်း ဝတ္ထုပစ္စည်းတစ်ခုကို မမှန်သောအရာဟု မသိသောရဟန်းက သူတစ်ပါးကို ပေးရာမှာ ထိုသူက သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ကျေနပ်၍ယူလျှင် ပေးသော ရဟန်းအပြစ်မရှိနိုင်ရာပါ။ ဥဒါဟရဏ်ကတော့ - ဘုရားရှင်လက်ထက်တော်က တတိယသိက္ခာပုဒ်လာ ဝိနီတဝတ္ထု၌ ဆွမ်းဝေဖန်ကပြုသော ရဟန်းမှာ အနာပတ္တိကဲ့သို့ ဖြစ်ရပါမည်" ဟု လျှောက်ရာ ကျားကျောင်း ဦးသောဘိတကြီးကလည်း "ရဟန်း၏ စေတနာသာဖြစ်၍ အာပတ် မသင့်ကြောင်း" ထောက်ခံလျှောက်သေး၏၊ ဆရာတော်ကြီးက ဘာမှ ပြန်အမိန့်မရှိပေ၊ သဘော ကျရဲ့ဟူသော အကြည့်မျိုးနှင့်သာ ကြည့်နေလေသည်။

ဆွမ်းဝေဖန်ကပြုသော ရဟန်းသည် ဆွမ်းထဲ၌ အဆိပ်ပါကြောင်း မသိ၍ ဝေဖန်မိရာ ခံယူသော ရဟန်းတို့ကလည်း မသိရှိပင် ဘုဉ်းပေးကြသဖြင့် ပျံလွန်တော်မူရှာကြ၏၊ သို့သော် ဆွမ်းဝေဖန်သော ရဟန်းမှာ သေစေလိုသော စေတနာလုံးဝမရှိ၊ သေစေတတ်သော အရာဝတ္ထုပါမှန်း မသိ၍သာ ဝေဖန်ခြင်းဖြစ်သောကြောင့် အာပတ်မသင့်၊ သံသရာပြစ်လည်း မရှိပေ။

## တောဘုန်းကြီး၏ ဒုက္ခ

၁၃၀၇-ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း ၁၃-ရက်။ ရွာမ ကျောင်းအမကြီး ဒေါ်ငြိမ်းငယ်အိမ် သံဃာတော်များ ဆွမ်းကပ်ရာတွင် ယိုမျိုးစုံ - စားသောက်ဖွယ်မျိုးစုံ ကပ်လေသည်၊ တောနယ်မှ အာဂန္တုဘုန်းကြီး (၂)ပါး ပါခဲ့ရာ ဥက္ကံနယ် တောရွာမှ တစ်ပါး၊ လှည်းကူးနယ်ကတစ်ပါးဟု သိရ၏၊ "တောနယ်မှာ ဒီလိုအစားမျိုးတွေ မစားရဘူး" ဟု အမိန့်ရှိရှာ၏၊ ဝါတော် ၃၀-ရှိ ဥက္ကံနယ်မှဘုန်းကြီးသည် သူ၏ကျောင်းသို့ ညအခါ ဂျပန်များက မကြာခဏ လာရောက်နှိုး၊ အိုးခွက် တောင်း၊ ရေနွေးကျိုသောက်လေ့ရှိကြသောကြောင့် ကြာတော့မနေဝံ့၍ "ရွာထဲဆင်းနေရာ လူ မသမာတို့က သပိတ်ခြေမှမကျန် ပစ္စည်းအားလုံး ခိုးယူသွားကြ၍ သင်္ကန်းပင် လဲလှယ်စရာမရှိသောကြောင့် အစုတ်အပြတ်တွေဝတ်နေရကြောင်း" အမိန့်ရှိ၍ သိရ၏၊ တောဘုန်းကြီးတို့၏ ဒုက္ခကို တွေးတောသနားမိသည်။

## တိုက်ဖွင့် သင်္ဂြိုဟ်ပွဲကဲ့

ယခုလဆန်း ၁၀-ရက်နေ့က ကြည့်မြင်ဆိုင် စလေင်းတိုက်ဆရာတော် ပျံလွန်ရာ ယနေ့ ကြာကလပ်တင်ပွဲဟု သိရ၏၊ ထိုတိုက်မှာ ဆရာတော်ကြီးတွေ ဆက်ခါ ပျံလွန်နေခဲ့ရာ (၁)ပါး ရှိလေပြီ အချိန်လည်း မကြာလှချေ၊ အချို့က ကျောင်းတိုက်ထဲဟွင် မီးရှို့သင်္ဂြိုဟ်သောကြောင့် ဟု ဆိုနေကြ၏။

## အရိုးနှင့် အမဲသား လဲမှားမိ၍

နေ့ (၁)နာရီအချိန် ကြံတောသုသာန်သို့ ဒကာမကြီး ဒေါ်နင်း[illegible]၏ သမီးကြီး မမယ်ကင် အသုဘ (၅)ရက်ထား၍ သင်္ဂြိုဟ်ရာသို့ သွားရ၏၊ သေပုံမှာ မိန်းမယောက်ျား၏ အရိုးနှင့် အမဲသား လဲယူစားမိရာကစ၍ ရောဂါဖြစ်ကာ နောက်ဆုံး သေခါနီး[illegible] '[illegible]ကို ပြန်တောင်ပေးလိုက် ချင်ရဲ့' ဟူ၍ တတွတ်တွတ် မြည်တမ်းရင်း သေသွားရာသည်ချိ၏။

ဒေါ်နင်းရွှက်သည် ဆင်းရဲသော မုဆိုးမကြီးဖြစ်ရာ သံဃာ(၅)ပါးနှင့် တတ်အားသမျှ သင်္ဂြိုဟ်ရသည်၊ စုန်းပြူစား၍ သေရသည်ထင်သောကြောင့် မီးသင်္ဂြိုဟ်ချင်ရာသည်၊ မီးရှို့ခ ငွေ ၄၀-တောင်းသောကြောင့် မတတ်နိုင်၍ (၆)ကျပ်နှင့် မြေမြှုပ်သင်္ဂြိုဟ်လိုက်ရသည့်ကို စိတ်မကျေနပ် ရှာပေ၊ မီးရှို့လျှင် အကယ်၍ ဝမ်းတွင်း၌ အပင်းထည့်ထားပါက ထိုအပင်းမှာ မီးမလောင်ဘဲနေ သည်၊ ထိုစုန်းလည်း နောက်နောင် အပင်းထည့်ရန် မစွမ်းနိုင်တော့ဟု ဆို၏။

## ကြည်ညိုမြဲသော ဒါယကာ

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄-ရက်။ နံနက် ဆွမ်းကျောင်း၌ပင် ကျောင်းသား ကလေးများ စိမ်ကပ်၍ စားကြရာ စည်သွတ်ဘူးများဖွင့်၍ ကြက်သွန်နှင့် ချဉ်ရှာလကာရည်ဟူ၍ ဖျော်ပေးကြ၏၊ "ကြက်သွန်က စိမ်လှချည့်လား" ဟု သေချာစွာကြည့်ကာ ဗီရိုအောက်ဆင့်၌ ထားသော မှင်စိမ်းပုလင်းနှင့် မှားဖျော်ထားကြောင်း သိရ၏၊ ဘုန်းကြီးများမှာ ကျောင်းသား ကလေးတို့နှင့် ဤသို့ပင် မှားမှားယွင်းယွင်း ဖြေ့တတ်ကြရသည်၊ ကရင်ကျောင်းသားကလေး မောင်သန်းနှင့် ကျင်ပိုတို့ကလည်း ကောက်ညှင်းပေါင်းလာလှူကြရာ နေရပ်ဝေးသော်လည်း ဆရာ သမားကို မမေ့ရှာကြပေ။

နေ့ပိုင်း စာရေးနေစဉ် ကြည့်မြင်တိုင် ဥယျာဉ်လမ်း ဦးဘပွား၏ မနဖြူပွဲရုံ၌နေသော ဒါ ယကာကြီး ဦးကံ လွှတ်လိုက်၍ဟု မောင်လှမောင်ဆိုသူ ဖယောင်းနှင့် ဝါဆိုဖယောင်းတိုင် လှူလာ၏၊ ဦးကံသည် ဦးဘပွားနှင့် ညီအစ်ကိုဖြစ်ကြောင်း ရန်ကုန် ဗိုလ်တထောင်၌ သူပိုင်တိုက်တစ်လုံးရှိ ကြောင်း၊ ယခု လမ်းမတော်၌ ဆိုင်ဖွင့်မည်ဟု သိရ၏၊ ဆရာတော်ကို သတိရပါကြောင်း စသည့်

မှာစကားများ လျှောက်သွားသည်၊ စာတစ်စောင် ပြန်ရေးပေးလိုက်၏၊ ဒါယကာ, ဒါယိကာမထံ လိုက်လံမိတ်ဆက်တတ်သော ဝါသနာမရှိ၍ သူတို့ထံသို့ မရောက်ပေ၊ မိမိ၏ ဘဝတာကိုကြည့်လျှင် ဒကာကြည့်ညိုလေ့ရှိ၏၊ တစ်ခါကြည့်ညိုမိလျှင် စွဲ၍ နေတတ်ကြသည်။

## ဝါဝင်နေ့ဆိုတော့

၁၃၀၇-ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်နေ့၊ ဝါဝင် ဥပုသ်နေ့မှာ ကျောင်းထိုင်ဘုန်းကြီးများ အလုပ် များတတ်ကြသည်၊ အလုပ်ဆိုသော်လည်း စားရေး၊ သောက်ရေး၊ အလှူအတန်းလိုက်ရသော ကိစ္စသာ ဖြစ်၏၊ နံနက်ဈေးစော လှိုင်မြစ်လမ်း ကိုဘအေး - မလှကြည်တို့အိမ် သံဃာ (၅) ပါး ဆွမ်းစားသွားရ၏၊ ဟင်းမျိုးစုံ ကောင်းမွန်ဖွယ်ရာစွာ ကပ်၍ ဝတ္ထု (၅)ကျပ်စီ လှူလိုက်သည်၊ ထိုဆွမ်းစားပရိတ်ရွတ်၌ပင် ဒကာကြီး ဦးထွန်း စသည်တို့အား ဥပုသ်သီလ ပေးခဲ့ရသေးသည်။

ကျောင်းပြန်ရောက်လျှင် ကိုးကွင်းကျောင်း ရဟန်းခံကိစ္စသို့ ဆက်သွားရ၏၊ အချိန်နည်းနည်းနောက်ကျနေ၍ ခြေလှမ်းအသွက်နိုင်ဆုံး လှမ်းကာသွားရသည်၊ ဟိုရောက်သောအခါ သံဃာတော်များ သိမ်ဝင်၍ ရဟန်းလောင်းဆုံးမပြီးနေ၏၊ သို့သော် ကံဆောင်ကမ္မဝါမတ်မိ၍ တော်သေး၏၊ ဆရာတော်ကြီးများက မိမိအား ရဟန်းခံရက်ချုပ်ရေးနည်းတာဝန်ပေး၍ ရေးရ၏ လူ၏ရက်ချုပ်ကဲ့သို့ ရဟန်းဘဝရောက်သောအချိန်ကို ဖဝါး၊ နာရီ၊ ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါဆရာ၊ သိမ်ကမ္မဝါ အကြိမ်၊ သံဃာအရေအတွက် စသည် စုံအောင် ရေးထားရ၏။

ရဟန်းလောင်းမှာ ဦးအုန်းခိုင်ဆိုသူ ဒုလ္လဘဖြစ်ရာ၌အဓမ်း ဦးဖေ - မေခင်ရီတို့က ရဟန်းဒါယကာ ဖြစ်၏၊ သိမ်မှထွက်၍ ကျောင်းပေါ်၌ လက်ဖက်ရည်ကပ်နေစဉ် "ခေတ်ပျက်ကြီးထဲမှာ ရဟန်းဒါယကာခံထိုက်၍ ခံရတာ" ဟု ရင်းနီးမှုးသူဖြစ်၍ ကိုဖေကို တရားဟောခဲ့သေး၏၊ ရဟန်းသစ် ဦးပဋ္ဌင်းကြီးကိုလည်း "ရဟန်းတော့ ဖြစ်ပြီ၊ လူကြားထဲ ဆေးလိပ် လက်ကြားညှပ်ပြီး လမ်းမလျှောက်ရဘူး၊ အဲဒါ ပထမသင်ခန်းစာပဲ" ဟု ပြောခဲ့ရသေးသည်။

တစ်ဖန် ကိုယ့်ကျောင်းသို့ သီလပေးမိရန် ဒုန်းစိုင်းသကဲ့သို့ အမြန် ပြန်ခဲ့ရ၏၊ ဥပုသ်သည် ပရိသတ်ကြီးများမှာ များပြားလှရာ ဝါးဖြင့်ပြီးသော ဥပုသ်ဇရပ်သည် တချွတ်ချွတ်မြည်နေ၏၊ သို့သော် မကျိုးပေ၊ ဥပုသ်သီလပေးရာ၌ ပါဏာတိပါတ စသော သိက္ခာပုဒ်များကို လိုရင်းဖြစ်၍ အနက်နှင့်တကွ ချပေးလိုက်သည်၊ "ဒါမှ လူတိုင်းနားလည်မယ်" ဟု ဒကာကြီးတို့က သဘောကျကြသည်၊ တရားဟောရာတွင် ရံခါပြင်းခံ့လေ့ရှိကြသော ဥစ္စာသဃန မဟာသဃန သိက္ခာပုဒ်အကြောင်းကို ရဟန်းဝိနည်း. သိက္ခာပုဒ်သဘောကိုပါ ပါဠိတော် - အဋ္ဌကထာတို့လာတိုင်း ရှင်းလင်းပြောပြလိုက်ရာ အထူး နားထောင်နေကြပုံ မြင်ရ၏။

ဘုန်းကြီးရှေ့ စားပွဲကြီး. ငယ်ပေါ်၌ လှူရန်ချပုံထားကြသော မုန့်ပဲသွားရေစာ၊ ဖယောင်းတိုင်၊ ဆပ်ပြာ၊ မီးခြစ်၊ ငှက်ပျောသီး၊ နာနတ်သီး၊ မုန့်မျိုးစုံနှင့် ယိုဘူး စသည်များစွာ စုံနေ၏၊ ဆွမ်းပွဲလည်း ပေါများလိုက်သည့် ဆွမ်းဟင်းတွေ၊ စုံလိုက်သည့် အစားတွေ မကုန်နိုင်မခန်းနိုင်ပင်။

လက်ဖက်ရည်သောက်နေစဉ် အတုလကျောင်းမှ ဦးသုမန ရောက်လာပြီး သူ့မှာ ယနေ့ သင်္ကန်း လေးစုံနှင့် ငွေ ၅၀-ကျပ်ရကြောင်း ပြောလှာ၏၊ "သူ့ဆရာမိ၍ ရခဲ့ဟန်တူသည်၊ ရန်ကုန်မြို့၌ ဘုန်းကြီးသော ဆရာတော်များမှာ ဝါဆိုသင်္ကန်းတွေ များစွာ ရကြဟန်တူသည်၊ နှစ်စဉ် ရထားသော သင်္ကန်းတွေ ဝတ်လို့ကုန်ကြသေးရဲ့လား၊ တပည့်တွေပဲ စွန့်ကြလေလား မသိ၊ ဦးသုမန တို့ကောင် (၄)စုံ ရသေးလျှင်"ဟု တွေးကြည့်မိသည်။

နေ့ပိုင်း မိုးရွာကြီးထဲ သုသာန်သို့ အသုဘတစ်ခု သွားလိုက်ရသေး၏၊ အပြန်ပရိတ်ရွတ်တစ်ခု သွားရန် ကျန်သေးသည်၊ "ဟင် ... ကျောင်းထိုင်ဘုန်းကြီးဘဝ ဖတ်ဖတ်မောအောင် တစ်နေကုန် ပြေးလွှား နေရသည်၊ အညာမှ မိတ်ဆွေဘုန်းကြီးတို့က ရန်ကုန်မှာ တစ်နေကုန် ဘာလုပ်နေသလဲ" ဟု မေးကြဖူးရာ "စားပြီးအိပ်၊ အိပ်ပြီး စားနေလေသလား"ဟု ဆိုဟန်ရှိကြသည်၊ "ကြည့်ပါတော့ - မိတ်ဆွေကြီးတို့"ဟူ၍သာ ဖြေလိုက်ချင်သည်၊ ဘယ်မှာလျှင် အိပ်နေချိန် ရှိမည်နည်း။

## ဝါကပ်သောနေ့မှာလည်း

လပြည့်ကျော် တစ်ရက် ဝါကပ်သောနေ့၌လည်း ဆွမ်းစားပင့်ဖိတ်ကြားကိစ္စတွေနှင့် အလှူ အတန်းတွေ လိုက်ရ၊ ကျောင်း၌လည်း လှူကြတန်းကြ ဝင်ကြထွက်ကြ၊ ညနေပိုင်း ဝါဆိုပန်းကပ် ကြ ဖယောင်းတိုင်လှူကြနှင့် ဝင်ထွက်မစဲ တသဲသဲပေ၊ ဤဝါတွင်း ဦးသဋ္ဌင်းကြီးနှင့် ဆရာတပည့် နှစ်ပါးသာ ဝါကပ်ကြရသည်။

## ကုလား - မဟာဒုက်ဆွမ်းစား

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၂ရက်။ နံနက် (၅) နာရီခွဲအချိန် ကျားကျောင်းမှ ပင့်သော ဆွမ်းစားတစ်ခုသို့ လိုက်ရ၏၊ ကမာရွတ်ဈေး၏ နောက်ဖေးသို့ ကြိုကြိုကြားကြားမှ ဖြတ် သန်း၍ ကြွဖန်သွားကြရသည်၊ ရောက်သွားသောအခါ အလွန်ကျဉ်းမြောင်းလှသော အိမ်ကလေး တွင် သံဃာ၁၀-ပါး ကျပ်တည်းစွာ ထိုင်ကြရသည်၊ ဆွမ်းကျွေးသူသည် အတော်ဆင်းရဲချုချာလှ သော ဗုဒ္ဓဘာသာ ကုလားတစ်ဦး ဖြစ်၏၊ ခေါင်းပေါ်မော်ကြည့်မိရာ သူတို့အိပ်သော အိပ်ရာကို လိပ်၍ တင်ထားသည်မြင်ရ၍ စိတ်မသန့်ကြပေ။

ချက်ထားသောဆွမ်းမှာ ကော်သားကျအောင် ပျော့နေ၍ သံဃာများက တိုးတိုးညည်းညူ ကြ၏၊ ဦးဉာဏိန္ဒနှင့် ဦးသုနန္ဒတို့ မစားကြပေ၊ ဟင်းကလည်း စုံလှသည်၊ ရွာမဆရာတော်ပင့်မရ၍ မိမိကိုအစားထိုးပင့်ကြောင်း သိရရာ ကုလားနှင့် ရေစက်နီးတတ်သော ဘုန်းကြီးမို့ သူများမစား သော်လည်း မိုတ်မှို့ခဲ့ရသည်၊ မြန်မြန်စား၊ ပရိတ်ရွတ်၊ ရေစက်ချပြီး ပြန်ကြမည်ဟု ပြောကြ၏။

သို့သော် ဗုဒ္ဓဘာသာဆင်းရဲသား ကုလားမဟာဒုက်ကလေးကို ကရုဏာစေတနာ ကြီးမား တော်မူကြသော ဤအရှင်တို့တစ်စုသည် မမျှော်လင့်ဘဲ မိုးပြင်းရွာချသောကြောင့် မိုးယိုလျက်

နှင့် ကျဉ်းမြောင်းသော အိမ်ခန်းကလေးတွင် ညည်းညူရင်း ထိုင်နေကြရပြန်တော့သည်၊ မိုးတိတ်မှ ထွက်ခဲ့ကြရ၏၊ ဆွမ်းဒကာကုလားဖြင့် ကုသိုလ်ရကောင်းရပေမည်၊ ဆွမ်းကောင်း, ဟင်းကောင်းကို သန့်ပြန့်စွာ စားနေကျ၊ ရန်ကုန်ဘုန်းကြီးတို့ကား စိတ်ကြီးဝင်နေကြ၍ ဘုရားရှင်ကဲ့သို့ ကရုဏာ စိတ္တုပ္ပာဒ် မမွေးတတ်ကြသေးသောကြောင့် ဤဆွမ်းကျွေးမှုကိုဖြင့် ဝေရမဏီ ချင်စိတ်သာ ရှိကြ လေသည်။

## ကျူးဝဲမောင်းသံ

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၃)ရက်။ ယနေ့ ဝါဆိုပြီးခဲ့၍ ဝါတွင်းရောက်နေရာ စာသင်ကြားသပတေး, စာရေးသောကြာ, ဆိုသည့်အတိုင်း နံနက် (၈)နာရီအချိန် ဦးပဍ္ဍင်းကြီးကို ရဟန်းဝတ်နှင့်မျှော်သရွေ့ နေဦးမည်ဆိုလျှင် ဝိနည်းသင်ပါဟု တိုက်တွန်းပြီး ပါတိမောက်ချပေး လိုက်၏၊ ကြီးမှ ရဟန်းပြုသူဖြစ်၍ ပါဠိဒ္ဒ အနက်ဆိုရန် ခက်မည် - ကြောက်မည့်ဟု ငဲ့ညှာကာ အဓိပ္ပာယ်သိ လွယ်စေ၍ စိတ်လည်းဝင်စားရန် နောင်အခါ ... ကြည့်နည်းလည်းရစေရန် ဟု ဝိနည်းငယ်(၄)စောင် နိသ ... ကိုင်စေပြီး ချပေးရသည်၊ မိမိအတွက်ကား သမ္မောဟဝိနောဒနီ အဋ္ဌကထာကို ပြန်လှန်ကြည့်ရှု သုံးသပ်နေ၏။

နေ့ပိုင်း ပေလမ်းပေါ်မှ မောင်းခပ်သံကြား၍ "ဘာလဲ"ဟုမေးကြည့်ရာ "တစ်အိမ်လျှင် ငရုတ်သီး တစ်ပိဿာ၊ ဆားတစ်ပိဿာ ထားရမည်၊ ပိုလျှင် သူကြီးအိမ်တိုင်ကြားရမည်၊ နောက် နောင် အပိုအလျှံတွေ့လျှင် ဖမ်းဆီးအရေးယူခံရမည်၊ အင်းစိန်အရေးပိုင်အမိန့်"ဟူ၍ သိရ၏၊ "ဪ - ထုးလိုက်တဲ့အမိန့်၊ မိမိထံတရားဟောရန် လာဆွယ်သော မိတ်ဆွေဘုန်းကြီးကို ငြိမ်း ချမ်းရေးတရားဟောခိုင်းတာလည်း ဒီအရေးပိုင်ပဲ၊ နာမည်ဘယ်လိုခေါ်၍ မျက်နှာနှင့်လူပုံပန်းက ဘယ်လိုနေပါလိမ့်"ကြည့်ချင်စိတ်ပင် ပေါ်နေ၏၊ "ဒီမျက်နှာနှင့် ဒီပုံပန်းမျိုးဟာ ရဟန်းသံဃာကို ပင် ကူလီကိုသဘောထားပြီး ခိုင်းချင်ရာခိုင်းတတ်တဲ့လူစားပဲ"ဟု နောင်ခါ မှတ်သားထားရန် ဖြစ်၏။

# ဝိသာခါ ဒေါ်စိန်

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၄)ရက် နံနက် (၅)နာရီအချိန် ရွာမရပ် ဒေါ်စိန်အိမ်သို့ သံဃာအများ ကြွဆံကြီးသွားစားရ၏။ ထိုဒကာမကြီးသည် မြဲသော စေတနာရှိ၍ ပကာသနမလို ရိုးသားဖြူဖြောင့်သော စိတ်ထားရှိ၏။ ရဟန်းသံဃာကို အထူး မြတ်နိုးစွာ လုပ်ကျွေးတတ်၏။ သူတို့အဘိုးကြီး၊ အမယ်ကြီးနှင့် သားသမီးအားလုံး၏ ...မွေးနေ့ဘိုင်း သံဃာများအိမ်ပင့်၍ ဆွမ်းကပ်လေ့ရှိ၏။ ဘုန်းကြီးများက ထိုဒကာမကြီးကို

ဝိသာခါဒေါ်စိန်ဟု ခေါ်ကြ၏။ စေတနာကောင်းရှိသာမက ခင်ပွန်းဝန်ထောက်ကြီး ဦးလတ်မှာ ပေါ်တူဂီလူမျိုး ခရစ်ယာန်ကြီးကို မြတ်သောဗုဒ္ဓဘာသာစစ်စစ်ကြီး ဖြစ်အောင် သွင်း၍ စိတ်နူးညံ့လာအောင် ပြုပြင်ယူထားပုံကြောင့် ဝိသာခါဒါယိကာမကြီးနှင့် တကယ်ပင်တူနေပေသည်။

# တိတ်နှင့်တဘောင်

နေ့ဆွမ်း လှိုင်မြစ်လမ်း၊ ပခန်းသားကြီး ဦးလုံထော်အိမ်၌ ရွှာမဆရာတော်ကြီးပါ သံဃာတော် (၅)ပါး ဆွမ်းစားကြရာ ဆရာတော်ကြီးနှင့် ဆရာကြီးဦးကြင်တို့ ပြောကြသော စကားထဲတွင် -

"မြင်ကွန်းထခါနီးတုန်းက ကလေးများဟာ ဂွမ်းကလေးတွေလိုမ့်၍ ကစားကြသတဲ့၊ မင်းတုန်းနန်းတက်ခါနီးမှာ ကလေးများဟာ တုံးကလေးတွေခေါက်ပြီး ကစားကြသတဲ့"ဟု ဆရာတော်ကြီးကမိန့်ရာ ဦးကြင်က -

ယခုကလေးတွေဟာ မျောက်ပန်းလှန်ကြတယ်၊ စွန်လွှတ်ကစားကြတယ်၊ လူကြီး လူလတ်တွေက ဘဲဥဖောက်ကြတယ်၊ ဘာနိမိတ်လဲဆိုတာ စောင့်ကြည့်ရဦးမှာပဲ"ဟု ပြန်လျှောက်လေသည်။

# လူကြီးတွေနှင့် လူလတ်တွေ

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၅)ရက်။ နံနက်ပိုင်း စာကြည့်နေစဉ် ဒကာ ကိုဘဇရောက်လာပြီး -

"ကမာရွတ်မှာ ဈေးနှုန်းကန့်သတ်ရေးလူကြီးလုပ်နေသူတို့က ခေါ်၍သွားရကြောင်း၊ ခုခေတ်လူငယ်တွေက ခင်ဗျားတို့လူကြီးတွေလုပ်သမျှ မှားမှားမှန်မှန် ငုံ့ခံနေကြမှာမဟုတ်၊ ဘာကော်မတီပဲဖြစ်ဖြစ် ရှေးကလိုလုပ်ချင်တိုင်း လုပ်၍ရမယ်မထင်ကြနဲ့၊ လူကြီးလုပ်နေ သူတို့က လူငယ်တွေ လူလတ်တွေကို သတိထားဖို့လိုတယ်ဆိုတာ နားလည်သင့်ကြောင်း ပြောခဲ့ရတယ်"ဟု လျှောက်သွား၏။

ယင်းသို့ဖြင့် ဆီ၊ ဆား၊ ငရုတ်တစ်ပိဿာ ပြဿနာမှာ အခြေမသေးဘဲ တော်တော် အရေးကြီးလာဟန်တူကြောင်း အကဲခတ်ရပေတော့သည်။

## တောရွာပျက်နှင့် ရှေးပုံပြင်

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၆)ရက်။ နံနက်ပိုင်း စာချအပြီးတွင် ဒကာကြီး ဦးလုံထော် ရောက်လာဝတ်ချပြီး စကားထူးတစ်ခုလျှောက်၏။ ပဲခူးနယ် တောရွာမှမိတ်ဆွေ တစ်ဦး လှည်းနှင့်နွားတပ်ပြီး စားအိုးစားခွက်အကုန်တင်၊ သားမယားတွေပါခေါ်၍ မောင်းလာခဲ့ရာ သူတို့အိမ်အနီးရောက်နေကြောင်း၊ သူတို့နယ်မှာ ဂျပန်တပ်ကြွင်းတွေနှင့် တိုက်လိုက်ကြတာ နေ့ရောညရော အမြောက်ကြီးတွေနဲ့ပစ်ကြ၊ သေနတ်သံ၊ သံချပ်ကား၊ လေယာဉ်ပျံတွေကလည်း ဆူညံလို့ ရွာနေလူတွေဖြင့် လေမွှေ့ခံရတဲ့ ဖက်ရွက်ခြောက်လို ဟိုလွင့်သည်လွင့် ဖြစ်ကုန်ကြကြောင်း၊ မနေဝံ့၍ ထွက်ပြေးခဲ့ရကြောင်း၊ စားပြတွေကလည်း ရသမျှ တိုက်ကြသည်မှာ ငရုတ်သီး၊ ကြက်သွန်ကစ မချန်သိမ်းယူနေကြကြောင်း၊ ခေတ်ကြီး ကတော့ ကြောက်ခမန်းလိလိပဲ"ဟု ပြောကြောင်း လျှောက်သွား၏။

ယခင်နေ့ဆီက ကြားနေရသော အမြောက်သံ၊ ဗုံးသံတွေကို သတိရပေသေးသည်။ နောက်ထပ် ကျောင်းရေတွင်း ရေချိုးရန်လာသော ဘောလယ်ကျွန်းဘက်မှဒကာဆိုသူ ဘုန်းကြီးထံ လာရှိခိုးရင်းလျှောက်ပြန်သည်၊ သူတို့ရွာပျက်၍ ထွက်ပြေးခဲ့ရသည်ဆို၏။ သူတို့ရွာအလျင်ပျက်ကြသောရွာတွေ အတော်များကြောင်း၊ နောက်ပျက်လုဆဲဆဲဖြစ်နေ ကြသော ရွာတွေလည်း အများရှိကြောင်း၊ တောရွာများမှာ ဝိလုပ္ပဘေးကြီး ဆိုက်ရောက် နေရာ အားကိုးစရာမရှိ၊ ထောက်ရာတည်ရာမရ၊ သေကျေကြပုံ၊ ကစင့်ကလျားထွက်ပြေး ရပုံအကြောင်းကို တစ်စဉ်တစ်တန်းကြီး လျှောက်နေ၏။ ကြားနေရသူပင် ကြေကွဲ၍ စိတ်မအီမသာကြီး ဖြစ်နေမိသည်။ ဒကာကြီး ဦးလုံထော်လည်း ထပ်ရောက်လာပြန်၍ ထိုအကြောင်းနှင့်စပ်ပြီး ရှေးကပုံတစ်ခုကို လျှောက်သွားသေး၏။

## လောဘကြီးလွန်းတော့ တက်တက်ပြောင်

ရှေးသရောအခါ မင်းတစ်ပါးလက်ထက်တွင် တစ်ယောက်နှင့်တစ်ဦး အနိုင် အထက် တိုက်ခိုက်သော ဘေးကြီးဆိုက်ရောက်ခဲ့ကြောင်း၊ မိုးကလည်းခေါင်၊ လူတွေ ကလည်း လောဘကြီးသောကြောင့် လူအချင်းချင်း လုယက်သတ်ဖြတ်နေကြသည်မှာ ဆွမ်းလောင်းသူပင် ပြတ်ကင်းနေကြသည်။

ထိုအခါ ရွာတစ်ရွာ၌ ရတနာသုံးပါးကို အမြဲဆည်းကပ်လေ့ရှိသော အမြော်အမြင်ကြီးသည့် သူတော်ကောင်းအဘိုးကြီး တစ်ဦးရှိရာ အမတ်ကြီးကို ဤသို့ပြောဆို၏။ "ယခုအခါ သူများတုနေလို့ မဖြစ်တော့ဘူး၊ ကာလကြီးလည်း မသာယာတော့ဘူး၊ ဆင်းရဲလေလေ သံဝေဂရဆိုတာလို မသေမီစားရသမျှနှင့် တို့ကျောင်းကဘုန်းကြီးကို ဆွမ်းဝတ်ပြုနေကြစို့ရဲ့၊ ဒီကုသိုလ်ပဲ အမြတ်ထားပြီး ရိက္ခာယူစရာရှိတော့တယ်၊ တိုင်းပြည်ကြီးက ဘာဖြစ်မယ်ဆိုတာ မသိနိုင်ဘူး၊ နေ့သေရမယ်၊ ညသေရမယ်မသိဖြစ်နေခိုက်မှာ ဒီကုသိုလ်အားပြုပြီး ဘဝကူးကြစို့ရဲ့"ဟု ပြောကာ နေ့စဉ်အမြဲ ဆွမ်းဝတ်ပြုနေကြလေသည်။

အခြားရပ်ရွာတို့၌ အချင်းချင်း လုယက်တိုက်ခိုက် သတ်ဖြတ်နေကြသည်ကို နေ့ရက်ရှိသမျှ ကြားနေရတော့သည်။ အဘိုးကြီးက "ရှင်မရေ-သတင်းတွေကဖြင့် တစ်နေ့တစ်ခြား နီးလာပြီတဲ့၊ တစ်နေ့နေ့ တို့ရွာတို့အိမ်လည်း လွတ်မယ်မထင်ဘူး၊ ဒီလိုလုပ်ကြစို့ရဲ့"ဟု အမယ်ကြီးနှင့် တိုးတိုးတိုင်ပင်ပြီး ၎င်းတို့၏ရှိသမျှအဖိုးတန် ရွှေငွေရတနာစကလေးများကို ဘုန်းကြီးမသိအောင် ကျောင်းအောက်သို့သွားရောက် သိုဝှက်ထားလိုက်ကြသည်။

တစ်နေ့သ၌ လုယက်တိုက်ခိုက်ဘေးကြီးသည် ထိုရွာထိုအဘိုးကြီးအိမ်သို့ ဆိုက်ရောက်လာလေတော့သည်။ "ဒီလိုအခါကြီးမှာ ကိုယ့်ဝမ်းကလွဲလို့ ဘယ်သူမှမလှူနိုင်ကြဘူး၊ ခင်ဗျားတို့တစ်ဦးသာ ဆွမ်းပို့နိုင်ကြတယ်၊ ပစ္စည်းရှိလို့ဖြစ်ရမယ်-ပေး"ဟု တောင်းဆိုကြရာ "ပစ္စည်းရှိလို့မဟုတ်ပါဘူး၊ ကိုယ်စားရသမျှ လှူတတ်သောဝါသနာကြောင့်ဖြစ်ပါသည်"ဟု အဘိုးကြီးပြန်ပြောရှာ၏။ ဆွဲ ရိုက် တောင်း - တစ်အိမ်လုံးရှာကြသည်။ ဘာမှမရသောအခါ ထွက်သွားကြသည်။

လူမိုက်တစ်စု အိမ်မှထွက်သွားကြသောအခါ တစ်ယောက်သောသူက ဘုန်းကြီးငါးပါးအသက်ရှင်ပါစေလို့ ဆွမ်းပို့နေရပါတယ်ဆိုတာမှန်မယ်၊ ဒါပေမယ့် လုံးဝမရှိတော့မဟုတ်ဘူး၊ သူတို့ပစ္စည်းတွေ သူတို့ဆွမ်းပို့သော ဘုန်းကြီးကျောင်းသွားထားချင်ထားမှာ"ဟု အကြံပေးရာ အခြားလူမိုက်ဖော်တို့ကလည်း "ကိုင်း-ဒါဖြင့်ဘုန်းကြီးကျောင်း ဆက်သွားကြမယ်"ဟု သဘောတူသွားကြလေသည်။

ကျောင်းထိုင်ဘုန်းကြီးသည် လူမိုက်များ တက်လာသည်ကိုသိလျက် တံခါးဖွင့်ပေးပြီးလျှင် မကြောက်မရွံ့ ကျောက်တိုင်ကဲ့သို့ ထိုင်နေတော်မူ၏။ လူမိုက်တို့သည် ကြမ်းကြုတ်သောစကားဖြင့် တောင်းဆိုကြ၏။ မရလျှင် ကံကြီးထိုက်သည်မှုမကြောက်တော့ဘဲ ရိုက်နှက်ကြလေရာ ဘုန်းကြီးခေါင်းမှ သွေးများဖြာ၍ထွက်ကျရှာလေသည်။ ထူးဆန်းပုံကား ထိုယိုစီးထွက်ကျလာသော သွေးတို့သည် လူမိုက်များကြည့်နေစဉ် ခဏချင်း

သူတို့လိုချင်သော ရွှေတုံးရွှေခဲများဖြစ်သွားကြ၏။ လူမိုက်တစ်စုသည် ဝမ်းသာအားရ ကောက်ယူပြန်သွားကြလေသည်။

"ဘယ်ရွာက ကျောင်းဘုန်းကြီး၏ ခေါင်းကိုရိုက်လျှင် ထွက်ကျသောသွေးများက ရွှေတုံးရွှေခဲတွေဖြစ်သတဲ့"ဟူသော သတင်းထူးကို လူမိုက်တစ်စုမှတစ်ဆင့် ရပ်ကွက်အနှံ့သို့ ခဏချင်းပြန့်သွားလေတော့သည်။ ငရဲကိုမကြောက်၊ မိုက်ဇောသန်နေကြသော လူဟူသမျှတို့သည် အဆိုပါဘုန်းကြီးခေါင်းကိုချည်း လာ၍ရိုက်ကြသောဟူ၏။

ထိုသတင်းကို ဆွမ်းဝတ်ပြုနေသော အဘိုးကြီးကြားသိရသောအခါ အလွန်စိတ်မကောင်းဖြစ်ရှာ၏၊ သို့သော် အမယ်ကြီးမှာ "ရွှေတောင်ကြီးပေါက်နေသတဲ့"ဟူသော သတင်းကိုကြားရသကဲ့သို့ စိတ်ရွှင်ဝမ်းမြောက်လျက် အလွန်ကြီးလေးလှသော မကောင်းမှုကြီးက နောင်ဘဝဆက်တိုင်း ခံရမည့်ကြောက်မက်ဖွယ်ကိုပင် မမြင်နိုင်ဘဲ ယခုလောလောဆယ် ရွှေလိုချင်သောမိန်းမလောဘဖြင့် အဘိုးကြီးအား ဘုန်းကြီးခေါင်းရိုက်၍ ရွှေယူရန်ပူဆာလေသည်။ "ကိုယ်တည်သောဘုရား ကိုယ့်ဘာသာဖြိုဖျက်၍ ဌာပနာဖောက်ယူလို့ မသင့်တော်ပါဘူးကွယ်"ဟု ပြောဆိုငြင်းပယ်ရှာ၏၊ ထပ်ပြန်တလဲလဲသာ နိုင်းနေသဖြင့် နားပူလှသောကြောင့် ကျောင်းသို့ထွက်လာခဲ့ရာ ကျောင်းပေါ်ရောက်၍ ကိုးကွယ်နေကျဘုန်းကြီး မျက်နှာတော်မြင်ရလျှင် "အမယ်ကြီးခိုင်းသလို မပြုရက်နိုင်ပေ၊ ဒကာကြီးလား"ဟု ဆရာတော်ကမေးလျှင် "မှန်ပါဘုရား" ဟူ၍သာ လျှောက်ဆိုရှိခိုးဝပ်ချပြီး ပြန်သွားလေသည်။

အိမ်ပြန်ရောက်၍ "ဘယ်မလဲရွှေ"ဟု အမယ်ကြီးကမေးလျှင် "ကြီးလေးလှသောအကုသိုလ်ကို မပြုဝံ့ကြောင်း" ပြောပြသော်လည်း ပါရမီနုံ့လွန်းသော မိန်းမစိတ်ကားမကျေနပ်ချေ။ ထပ်ပြန်တလဲလဲသာ ပူဆာနေသောကြောင့် အဘိုးကြီးလည်း ကျောင်းသို့သွား၊ ဘုန်းကြီးရှေ့ရောက်လျှင် ရှိခိုး၍ပြန်ဖို့ချည်းဖြစ်လာခဲ့သည်မှာ (၆)ကြိမ်တိုင်ခဲ့လေပြီဖြစ်၏။ သူတော်ကောင်းစိတ်ရှိသော အဘိုးကြီးက သံသရာဘေးကြောက်သလောက် ဝါဒမတူသော အမယ်ကြီးက စိတ်ယုတ်မာရှိလေရာ "ဒီနေ့တော့ ရွှေမပါလျှင် အိမ်မပြန်ခဲ့နဲ့"ဟူ၍ နောက်ဆုံးအမိန့်ထုတ်လိုက်လေသည်။ အဘိုးကြီးသည် "ဒီလောက်ပူဆာလှသော အမယ်ကြီး၊ ဒီနေ့တော့ဘာဖြစ်ဖြစ် မတတ်သာတော့ဘူး"ဟု ထွက်ခဲ့ပြန်ရာ စိတ်ကိုတင်းအံကိုကြိတ် လက်သီးကိုဆုပ်၍ ကျောင်းပေါ်တက်သွားလေလျှင် အဘိုးကြီး၏စိတ်အကြံကို သိနှင့်လေပြီးသော ဆရာဘုန်းကြီးသည် ငြိမ်းချမ်းကြည်လင်သော မျက်နှာနှင့်ပုတီးစိပ်ရင်း စကြိုကြွလျက်တွေ့ရ၏။

“ဒကာကြီး အကြံကိုသိပါတယ်၊ လက်သီးကိုဖြေလိုက်ပါ၊ ဒကာကြီးက စိတ်ကောင်းရှိပါတယ်၊ ဒကာမကြီးကြောင့် ဒီလိုဖြစ်မှားမိတာကို ဘုန်းကြီးကခွင့်လွှတ်ပါတယ်၊ ရွှေလိုချင်ရင် ဒကာကြီးနှင့် စိတ်သဘောတူသော လူများကိုရှာခေါ်ယူလာခဲ့၊ ထမင်း (၇)ရက်စာလည်းယူခဲ့ကြ၊ ရွှေသာမက ပစ္စည်းမျိုးစုံရစေမည်”ဟု အမိန့်ရှိလိုက်၏။

အပြစ်ကင်းသောပစ္စည်းကိုသာ တရားသဖြင့် ရလိုသောအဘိုးကြီးသည် အိမ်ပြန်သွားပြီးလျှင် သူတော်ကောင်းစိတ်ရှိသောသူနှင့် သဘောတူသူကိုလိုက်လံရှာဖွေရာ စုစုပေါင်း ၁၀-ယောက်ခန့်သာရ၏၊ ထိုလူ ၁၀-ယောက်စုရုံးပြီး (၇)ရက်စာကောက်ညှင်းထုပ်စီစဉ်ယူဆောင်လျက် တိတ်တဆိတ်ကျောင်းသို့သွားကြ၏၊ ဆရာတော်က “ဒကာကြီးတို့ ပစ္စည်းဥစ္စာတွေ သုံးမကုန်အောင်လိုချင်ကြလျှင် ဒီကျောင်းအောက်မှာတွင်းကြီးတစ်ခု တူး၊ ဒီနေ့ကစပြီး ဒီတွင်းထဲမှာ (၇)ရက်တိုင်နေရမယ်၊ ဘာကိစ္စနှင့်မှ အပြင်သို့နေ့အခါ မထွက်ရ၊ မကြည့်ရ ညအခါသာ အလေးအပေါ့ကိစ္စအတွက် ခဏထွက်ရမည်”ဟု အမိန့်ရှိလေသည်။

ထိုဒကာတို့သည် ဆရာတော့်အမိန့်အတိုင်း တွင်း၌ဆင်း၍ ရတနာသုံးပါးဂုဏ်ကို အာရုံပြုကာနေကြ၏၊ ထိုညမှစ၍ ရပ်ရွာအနှံ့ လူအချင်းချင်းလုယက်သတ်ဖြတ်သောဘေးကြီး ပြင်းစွာဆိုက်လေတော့သည်။ အချို့သောလူမိုက်လူဆိုးတို့သည် ဘုန်းကြီးခေါင်းကို ရိုက်၍ ရွှေယူရန်လာကြလေရာ ကျောင်းအောက်မှနေကြည့်လျှင် ကျောင်းပေါ်၌ ဘုန်းကြီးသည် တင်ပျဉ်ခွေ၍ကျောက်ဆင်းတုကဲ့သို့ မလှုပ်မရှားထိုင်နေပုံကို မြင်ကြရ၏။ ကျောင်းပေါ်သို့ တက်ရောက်သွားလျှင် ဘုန်းကြီးမမြင်ရတော့ချေ၊ တစ်ဖန်ကျောင်းအောက်ဆင်းကြည့်ပြန်လျှင် ယခင်နည်းအတိုင်းမြင်ရ၏၊ မကျေနပ်၍တက်ရှာလျှင် မတွေ့ကြပေ၊ ဘုန်းကြီးကား သမာဓိရှင်တည်း၊ လောကကြီးတစ်ခုလုံး ပျက်စီးနေပြီကိုသိ၍ အဓိဋ္ဌာန်နှင့် ကမ္မဋ္ဌာန်းထိုင်နေခြင်းဖြစ်သည်။ တစ်နည်းလည်း ဈာန်ဝင်စားနေခြင်းဖြစ်သည်။ ဤသို့ အကြိမ်ကြိမ် တက်ဆင်းလုပ်ကြပြီးလျှင် နောက်ဆုံးဘုန်းကြီးကိုမမြင်နိုင်၍ ပြန်သွားကြရလေသည်။

လူအချင်းချင်း ရွာအချင်းချင်း လုယက်တိုက်ခိုက်သတ်ဖြတ်ကြသည်မှာ နေ့စဉ်ညဆက်ဖြစ်၍ သေကျေကုန်ကြသောကြောင့် (၇)ရက်မြောက်သောအခါ ရပ်ရွာအားလုံး လူသံသူသံမကြားရတော့ဘဲ တိတ်ဆိတ်နေတော့သည်။ ထိုအခါ ဆရာတော်သည် ဝိလုပ္ပဘေးကြီး မီးငြိမ်းပြီဟုသိ၍ ဒကာတို့ကိုထွက်ခဲ့ကြတော့ဟု ခေါ်ယူလိုက်၏၊ တွင်းထဲမှ ထွက်လာသောအခါ ဒကာအချို့က “ဘယ်မှာလဲရွှေ ပေးပါဘုရား”ဟု အိမ်ပြန်၍ သားမယားကို ရွှေပြမျက်နှာလုပ်ရန် လောဘဇောနှင့်တောင်းကြရာ “ကောင်းပြီ၊ အိမ်ပြန်ရချိုးကြချေဦး၊ သုံးစွဲမကုန်နိုင်အောင် ပစ္စည်းတွေရစေမယ်”ဟု အမိန့်ရှိလိုက်လေသည်။

အသီးသီးပြန်သွားကြရာ ရွာတွင်းသို့အဝင်တွင် "ကိုယ့်လူတို့-ဘယ့်နှယ်လဲဟေ့၊ လူသံတိတ်ဆိတ်လှချည်လား၊ ဘယ်သွားကုန်ကြပါလိမ့်"ဟု အချင်းချင်း အံ့ဩစွာ မေးမြန်းလျက် စူးစမ်းကြည့်ရှုရင်း သွားကြလေရာ ရွာထဲရောက်သောအခါ လူတစ်ယောက်မျှ မတွေ့ရတော့ချေ၊ သူတို့အိုးအိမ်ပစ္စည်းများနှင့် လူသေတွေသာ တွေ့ကြရသဖြင့် များစွာ ထိတ်လန့်နေကြ၏၊ ဘယ်ရွာမှာမှ လူရှင်မရှိ၊ ပစ္စည်းဥစ္စာတွေထားပစ်ခဲ့ပြီး အချင်းချင်း သတ်ဖြတ်သေကုန်ကြလေပြီ၊ ထိုအခါ "ဆရာဘုန်းကြီး အမိန့်ရှိတာမှန်ပေတယ်၊ အိမ်တကာ ရွာတကာမှ ကျန်နေရစ်သောပစ္စည်းတွေ ဘယ်သူဘယ်လိုသုံး၍ ကုန်နိုင်မည်နည်း။ ငါတို့အသက်လည်း ဘုန်းကြီးကယ်ပေလို့သာ အသက်နဲ့မြဲရတာပဲ"ဟု နောင်တတရားရကာ ဆရာတော်ကိုသာ ကျေးဇူးတင်ကြတော့သတဲ့"ဟူ၍ဖြစ်၏။

"ယခုလည်း အတိုက်အခိုက်တွေ များနေကြပြီ၊ ဒီထက်များလာလျှင် ဒီပုံလိုပဲ ပစ္စည်းတွေသာ ကျန်ရစ်လိမ့်မယ်၊ မတိုက်ဘဲရှောင်နေသူများက သုံးစွဲကြရမြဲပဲ"ဟု ဒကာကြီး ဦးလုံထော်က လျှောက်သွား၏။

## မလိမ္မာသူကို ဆုံးမသတဲ့

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၇)ရက်။ မကြာခဏ ဘုန်းကြီးကျောင်း လာနေကျ ဒကာကြီး ဦးဘိုးတုတ်ရောက်လာ၍ တောသတင်းထူးများ လျှောက်ရာတွင် အုတ်ဖိုရွာမှ အသက် ၁၉-နှစ်ရှိ လူပုပုဗိုလ်အောင်မြတ်ဆိုသူ ကရင်လူငယ်တစ်ဦးရောက် လာပြီး ရဟန်းရှင်လူမည်သူ့ကိုမဆို မလိမ္မာသူဟူသမျှ အားလုံးကိုဆုံးမရန် လာကြောင်း ပြောသည်ဆို၏။ ပြောတိုင်း တကယ်ပင်ရိုက်တန်ရိုက်၍ ဆုံးမပြနေသောကြောင့် သူ့နာမည် ကြားရုံနှင့် ကြောက်နေကြရကြောင်း၊ ယခုဗုသန္တီရွာရောက်ကာ တစ်နေကုန်လိုက်လံရှာပြီး သူအလိုရှိသူတွေ့သောအခါ သတ်သွားကြောင်း၊ စိတ်တိုတတ်သည်ဟု နာမည်ကျော်သော ကြို့ကုန်းဘုန်းကြီးကို ဆုံးမရန်ကျောင်းပေါ်တက်ရှာရာ ထွက်ပြေး၍မတွေ့ရကြောင်း၊ သို့သော် နောက်တစ်နေ့၌ တစ်ခြားကျောင်းဘုန်းကြီးတို့နှင့် ဆွမ်းဆိုင်စားနေရာက ဗိုလ်အောင်မြတ်လာသည်ဆို၍ ပြန်လှည့်ကြည့်စဉ် ရှင်ဥပဂုတ်လို ငဲ့ကြည့်ရမည်လားဟု ဆိုကာ ဓားနှင့်ခုတ်သွားကြောင်း၊ အုတ်ဖိုဘုန်းကြီးကိုတော့ နေရာတကာ ဝင်ရှုပ်ခြင်း၊ အစိုးရနှင့် ပေါင်းခြင်းကြောင့် ဆုံးမရမည်ဟုဆိုကာ တုတ်နှင့်ရိုက်ဆုံးမထားခဲ့၍ ယခုရန်ကုန် ဆေးရုံကြီး ရောက်နေရှာကြောင်း၊ ကံကောင်းမှ အသက်ရှင်တော့မည်ဟု လျှောက်သွား လေသည်။

ဩော် - လောကကြီးမှာ ထူးပါဘိ။ ဘယ်သူအမှား ဘယ်သူအမှန်ဟူ၍ပင် မဆိုသာ၊ မဆုံးဖြတ်တတ်အောင် ဖြစ်နေလေပြီ၊ ဘယ်ကြို့ကုန်း၊ ဘယ်ဘုတ်ဖိုရွာတို့လည်း ဟူ၍ကား မမေးလိုက်မိပေ။

# ညောင်ပင်နှင့် ဧည့်သည်

နေ့ပိုင်း ရွာမဆရာတော်ကြီးထံသို့ ရောက်သွားပြီး သမ္မောအဋ္ဌကထာနှင့် တွဲဖက်ကြည့်ရှုရန် ဋီကာနှင့်ယောဇနာရှိလျှင် ငှားပါရန်လျှောက်ရာ ဆရာတော်ကြီးနှင့်တွေ့လျှင် စကားကောင်းနေကြမြဲအတိုင်း ယနေ့လည်းသတင်းစာများ အရေးအသားနှင့်စပ်၍ ပုံတစ်ခု အမိန့်ရှိလိုက်၏။

"လွန်ခဲ့သော အင်္ဂလိပ်ဝင်စ မန္တလေးအနောက်ပြင် ခံပင်ကန် (ခင်မကန်)တိုက် ဆရာတော်ထံ ကျောင်းသားများအတွက် ဂဏန်းသချာပြပေးရန် ကပ္ပိယအနေနှင့် ကျောင်းဆရာတစ်ယောက် ထားလိုကြောင်း ဒကာအချို့ကလျှောက်ရာ ထန်းပင်, ညောင်ပင်လိုနေလိမ့်မည်ဟု ဆရာတော်ကြီးက အမိန့်ရှိသည်။ ရှေးအခါက ညဥ့်ခရီး သွားသော ညောင်စေ့က မိုးချုပ်နေ၍ ကိုထန်းပင်ရယ်၊ ခင်ဗျားထံတစ်ညလောက် တည်းခို ပါရစေလို့ တောင်းပန်သတဲ့၊ ထန်းပင်က မဖြစ်နိုင်ဘူး၊ လက်မခံနိုင်ဘူး၊ မင်းတို့ညောင်ပင် မျိုးဟာ ရောက်ရာပေါက်တတ်ပြီး ပေါက်ရာသစ်ပင်ကို မျိုသွားတတ်တဲ့အမျိုးဖြစ်တယ်၊ လက်မခံနိုင်ဘူးဟု ငြင်းဆိုသော်လည်း တစ်ညတည်းပါ၊ နံနက်စောစောထသွားပါမယ်ဟု အကြိမ်ကြိမ် တောင်းပန်လွန်းလှသောကြောင့် မယုံကြည်ဘဲနှင့် တစ်ညလက်ခံလိုက်သတဲ့။

"နံနက် အရုဏ်တက်လာတော့ ထန်းပင်က မိုးလင်းတော့မယ်၊ ထသွားတော့လို့ ညောင်စေ့ကိုနှိုးရာ ကောင်းပါပြီ၊ ထပါမယ် - သွားပါမယ်နှင့် ပြောရင်း မိုးလင်းသွားသတဲ့၊ မိုးလင်းပြီးနောက် နေထွက်လာအောင် မထသေး၍ ဘယ့်နှယ်လဲ - ခုထက်ထိ မင်းမသွား သေးဘူးလားဟူ၍ ပြောသောအခါ အမြစ်တွယ်နေလို့ ခွာမရတော့ဘူးတဲ့၊ အဲဒါလို ဘုန်းကြီး တို့ထဲမှာ လူစာသင်ကျောင်းတော့ လက်မခံနိုင်ဘူး၊ တော်တော်ကြာ အမြစ်တွယ်နေမှာပဲ"ဟု အမိန့်ရှိဖူးကြောင်း။

ဆက်လက်၍ အမိန့်ရှိပြန်သည်မှာ "တစ်ခါက ဒါ်ံတစ်အိမ်သို့ ဧည့်သည်တစ်ဦး လာရောက်တည်းခိုသတဲ့၊ အိမ်ရှင်မိဘတို့ အမှတ်မထားနေစဉ် ဧည့်သည်က အိမ်ရှင် ကလေးကို ယုယကျွေးမွေးပိုက်ဆံပေး၍ ခင်မင်လာအောင် ချော့မြူဖြားယောင်းရာ ကြာတော့ ကလေးဟာမိခင်ရင်းပင် မခင်တော့ဘဲ ဧည့်သည်ကိုသာအထင်ကြီးပြီး ခင်သွား သတဲ့၊ ယခုမြန်မာပြည်မှာလည်း ဧည့်သည်ကိုအဖေရင်းမှတ်နေကြတဲ့ သားတော်တွေ

ဘယ်လောက်ရှိနေမှန်း မသိဘူး၊ ဒါကြောင့်စိတ်မချရတဲ့လူတွေ - အဖေမှားနေသူတွေကို သတင်းစားများက မကြာခဏရေးသားသတိပေးရှာကြတယ်"ဟူ၍ အမိန့်ရှိတော်မူလိုက်၏။

## ရှာဝင် တောင့်ကန်နိမိတ်

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၉)ရက်။ တပ်တွင်းကျောင်း ဦးသုနန္ဒက သူတို့ကျောင်းထဲက ပိန္နဲပင်ကို တောစာကလေးများလာ၍ အသိုက်လုပ်ကြ၍ ထူးသောကြောင့် ဂရုစိုက်ကြည့်တတ်သော ဒကာတစ်ဦးကလျှောက်သဖြင့် ဘုန်းကြီးများလည်း ကြည့်မိကြကြောင်း၊ နိမိတ်တစ်ခုပဲ ယူဆနေကြကြောင်းပြောသွား၏၊ မကြာမီက တောမှလူတို့သည် တောကျေးလက်၌မနေနိုင်၍ အစုလိုက်အပြုံလိုက်ပင် နီးရာမြို့ကြီးများသို့ ရွှေပြောင်းကာ ဖြစ်သလို တဲအုံတွေထိုး၍ နေရှာကြသည်ကို တွေ့မြင်ရတော့သည်၊ လက်တွေ့နိမိတ်ဖြစ်၏။

## မှတ်ကရောဟဲ

၁၃၀၇-ခုနှစ် ဒုတိယဝါဆိုလဆုတ် ၁၀-ရက်။ ယနေ့ညက ကမာရွတ်ကမ်းနား၌ ပုလိပ်နှင့်ဓားပြတို့ဆုံမိ၍ အပြန်အလှန် ပစ်ခတ်ကြကြောင်း၊ မရမ်းတစ်ပင် ဦးသန်းဖေ အိမ်နှင့် ကွမ်းခြံရပ်မှာလည်း ဓားပြတိုက်သွားကြောင်းနှင့်တကွ ယခုတစ်လောမှာ လူဆိုးသူဆိုးတွေ သောင်းကျန်းထကြွလွန်းပြီး အခိုးအတိုက်တွေပေါများလှ၍ ပုလိပ်သားများမှာ ညအခါ မအိပ်ရကြောင်း ညည်းညူနေကြသည်ဆို၏။

## စိန်၊ ရွှေနှင့် ငါးပိ၊ ငါးခြောက်

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၁-ရက်။ လူတို့သဘောသည် မကောင်းဘူးဆိုမှပေးချင်၊ မစားဘူးဆိုမှ ကျွေးချင်သည့်အလေ့သည် ဘယ်လောက်ကြာသောကာလမှ စတင်လာခဲ့ကြသည်မသိ၊ ဘုန်းကြီးများမှာ သူတစ်ပါးကို အပူမကပ်ပါဘူး၊ ရှိသမျှနှင့် စား၍ အေးချမ်းစွာနေတတ်ကြောင်း ပြောလိုက်ခါမှ နံနက်အရက်ဆွမ်းတွက်ဟူ၍ လာရောက်ပို့လှူနေကြသည်မှာ နေ့စဉ်ပြတ်သည်မရှိပေ။ ငါးခြောက်၊ ပုစွန်ခြောက်၊ ငရုတ်၊ ကြက်သွန်ကစ၍ စည်သွတ်ဘူးမျိုးစုံတို့သည် ပုံ၍နေခမန်းရှိ၏။ အမှန်မှာ ယခုအချိန်သည် စားသောက်ကုန် ရှားပါးခိုက်ဖြစ်၏။

သတင်းစာများတွင် ရန်ကုန်ဈေးကရာပွဲရုံများသို့ အောက်ကုန်ဖြစ်သော ငါးပိ၊ ငါးခြောက် စသည်တို့ကို စိန်ရွှေစသောအဖိုးတန်ရတနာတို့နှင့်လည်းကောင်း၊ ဆီများနှင့်

လည်းကောင်း မန္တလေးကုန်သည်တို့က လာရောက်ဝယ်ယူလဲလှယ်နေကြကြောင်း တွေ့ရရာ သူ့ခေတ်အလိုက် ထူးသောရာဇဝင်တစ်ရပ်ဖြစ်ပေသည်။ ဂျပန်စက္ကူ အလကားဖြစ်သွားတော့ တရားဝင်ငွေစက္ကူကလည်း လက်ဝယ်မရှိကြသေးခင် စားသုံးနေကျအစာမျိုးမစားဘဲ မနေနိုင်ကြသောကြောင့် ရှိသမျှဥစ္စာစုနှင့် ထုခွဲလဲလှယ်ရာကြခြင်းဖြစ်ပေမည်။ ဟိုတစ်လောဆီက အဝတ်ပြတ်လပ်နေသော ရန်ကုန်နှင့်အောက်ပြည်တစ်လွှားတွင် အညာငါးစပ်စောင်ကြီးတွေ ဖြတ်ဝတ်လိုဝတ်ကြ၊ ပိုးဖဲထည်ကို နေ့စဉ်ဝတ်ကြရသူ၊ ဇာတ်ဝတ်လုံချည်ကိုပါ ထုတ်ဝတ်နေသူ စသည်မျိုးစုံမြင်လိုက်ရ၏။ ထို့ထက်ဆိုးသည်ကား ရဟန်းသံဃာတို့သာ ဝတ်ထိုက်သော အရဟတ္တဓဇ သင်္ကန်းတွေကိုပင် လုံချည်၊ အင်္ကျီချုပ်၍ သစ်ခေါက်ဆိုးဝတ်နေရဲသူများပင် တွေ့မြင်ရရာ ကြက်သီးထဖွယ်ဖြစ်၏၊ မစားမဝတ်ရမနေနိုင်သော လူသားတို့မှာ နန်းစဉ်လက်ဝတ်ရတနာကြီးကို ထင်းခွေသမား၏ ထမင်းထုပ်နှင့် လဲစားရသော ရှင်ဘုရင်နှင့်စာလျှင် စိန်ရွှေနှင့်ငါးပိ ငါးခြောက်သည် တော်ပေသေး၏။

## နတ်ကတော်ဆွမ်း

၁၃၀၇-ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၅-ရက်။ ယနေ့လကွယ်နေ့ ဥပုသ်နေ့ဖြစ်ရာ ဥပုသ်သည်များကို မဟာသယန-မြတ်သောနေရာဟူသည်အကြောင်းနှင့် အိပ်မက်အကြောင်းကို ပါဠိတော်အဋ္ဌကထာတို့၌ ဟောကြားပုံမှတ်သားဖွယ်များ တရားဟောလိုက်သည်။

ဥပုသ်နေ့တွင် စားသောက်ဖွယ်စုံသော မိမိကျောင်း၌သာ ဆွမ်းစားလိုလျက် နတ်ကကော်တစ်ဦးအိမ်က ဆွမ်းစားပင့်၍မသွားချင်ဘဲလျက် သည်းခံသွားလိုက်ရသေး၏၊ နတ်ကတော်ဆိုသူမှာ အဖေ-ယောသား၊ အမေ-မုံရွာနယ်သူတို့မှ မွေးဖွားပြီး အောက်ပြည်၌ကြီးခဲ့သည့်ဆို၏၊ သူ့ဆွမ်းကို လိုက်မစားလျှင် ဘုန်းကြီးက ဆွမ်းစားပင့်၍မှ မရဘူးဟုဆိုစရာဖြစ်မည်ကြောင့် မတော်၍သာလိုက်စားရသည်။ စားမကောင်းပေ၊ ခပ်မြန်မြန်ပြန်ခဲ့ပြီး ကျောင်းကျမှ တစ်ထပ်စားလိုက်၏။

လူမျိုးပေါင်းစုံနေ၍ ခေတ်ဆန်လှသည်ဟုဆိုကြသော ရန်ကုန်မြို့ကြီး၌ နေရာအနှံ့နတ်ကတော်တွေ အတော်များများရှိကြောင်းသိရရာ ခေတ်ဆန်လွန်းအားကြီးသောကြောင့်နတ်ပြည်ဝင်ကုန်ကြလေရောလားဟု ဆိုရန်ရှိ၏၊ ဟိုတစ်လောကဆီကလည်း ကမာရွတ်သူကြီးတစ်ဦးအိမ်တွင် ဆိုင်းတခြိမ့်ခြိမ့်နှင့် နတ်ကနေကြသည်မှာ ရက်ပေါင်းမည်မျှကြာသည်ပင်မသိပေ။ မန်လည်ဆရာတော်, ဘုန်းကြီးပျံပွဲရက်လောက်နီးနီး ကြာလေမည်။

သူကြီးကတော်ကပင် နတ်ကတော်ဖြစ်နေသည်ဟုဆိုရာ ကတော် (၂)ခုလုပ်နေပုံတူသည်။ ဤသို့သော နတ်ကတော်-နတ်ဝင်မတွေဟာ ရှေးဘုရားတို့လက်ထက်ကပင် ရှိနေကြရာ ဘယ်သောအခါမှ ပျောက်ကွယ်သွားမည့်လက္ခဏာမရှိချေ။ ဝိနည်းကျမ်းပြိတ္တာပေါင်းများစွာတို့တွင် အရှင်လက္ခဏနှင့် အရှင်မဟာမောဂ္ဂလာန်မထေရ်ကြီးတို့ တွေ့မြင်ခဲ့ရသည့်အထဲ နတ်ဝင်သည် ပြိတ္တာလည်းပါဝင်ကြောင်း ဟောတော်မူခဲ့ကြ၏။ ၎င်းကို ဒုဂ္ဂန္ဓပြိတ္တာ ဟူ၍ လာ၏။

ဒုဂ္ဂန္ဓပြိတ္တာသည် မကောင်းသောအနံ့ရှိသော ပြိတ္တာမ, ဖြစ်သည်။ ထိုမိန်းမသည် နတ်ဝင်မဖြစ်၍ နတ်၏ကျွန်အမှုကိုပြုလျက် ဤဝတ္ထုဖြင့် ဤသို့ပူဇော်သည်ရှိသော် သင်တို့အား ဤမည်သော ပွားစီးခြင်းသည်ဖြစ်သည်ဟု လူအပေါင်းအား မကောင်းသော မိစ္ဆာအယူကိုယူစေ၏၊ ထို့ကြောင့်ကံနှင့်တူသောအားဖြင့် နံ့သာပန်းအစရှိသည်တို့ကိုခိုး၍ မကောင်းသောယူခြင်းကို ယူစေအပ်သည်အဖြစ်ကြောင့် မကောင်းသောအနံ့၊ မကောင်းသော အဆင်းရှိသော ပြိတ္တာမ, ဖြစ်ရသည်ဆို၏၊ ဤကား ဝိနည်းဒေသနာတော်လာသည့်အတိုင်းပေ။

# လူထွက်လေ့ရှိသော ဘုန်းကြီးကျောင်း

၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆန်း (၁)ရက်။ နေ့ဆွမ်းစားပြီးချိန် ဓမ္မပဒအဋ္ဌကထာငှားချင်၍ အာဂန္တု (၂)ပါးရောက်လာကြ၏၊ ၎င်းတို့သည် ဘားကန်ကျောင်းမှ (၄)ဝါရဦးပညာစာရနှင့် (၂)ဝါရ ဦးကေသရတို့ဖြစ်သည်။ ထိုကျောင်း၌ ကျောင်းထိုင်ဘုန်းကြီးဖြစ်သော ဦးတိလောကသည် ကြည့်မြင်တိုင် မိတ်ဆွေတစ်ဦးထံခေတ္တသွားဦးမည်ဆိုပြီး သွားရာ ပြန်မလာတော့ကြောင်း၊ သူ့မိဘများလည်း ဘယ်လိုက်ရှာရမည်မသိ၊ အရပ်သို့ပဲ ပြန်သွားလေသလားဟု တွေးတောပူပန်နေကြစဉ် ဒကာကြီးတစ်ဦးက လူထွက်နေကြောင်း လျှောက်၍ သိကြရသည်ဆို၏၊ ကမာရွတ်တွင် ထိုကျောင်းသည် ကျောင်းထိုင်ဘုန်းကြီးမှန်သမျှအားလုံးလိုလိုပင် လူထွက်သွားလေ့ရှိကြ၏၊ ခန်းနေကိုယ်တော်များလည်း ထွက်ကြသည်ပင်၊ ကျောင်းကလည်း ထူးရော့လားဟု တွေးဆစရာဖြစ်နေ၏။

မြန်မာပြည်တွင် အချို့သောဘုန်းကြီးကျောင်းများ၌ ထူးသကဲ့သို့ရှိတတ်ရာ တောင်ငူရေတာရှည်နယ်၌ ကျောင်းတစ်ကျောင်းမှာ လူထွက်သောဘုန်းကြီးပေါင်း ၂၀-ကျော်ပြီဟု မိတ်ဆွေဘုန်းကြီးတစ်ပါးက ပြောဖူး၏။ ရွှေဘိုနယ်၌ ကျောင်းတစ်ကျောင်းကမူ တစ်ပါးတင်လျှင် လူထွက်၊ နောက်ထပ်တစ်ပါးတင်လျှင် လူထွက်၊ နောက်ထပ်တစ်ပါး

တင်လှျှင် ပဲ့လွန်၊ ဤသို့ချည်းတစ်လှည့်စီဖြစ်နေကြောင်း ကြားရဖူး၏။ ချင်းတွင်းနယ်တွင် တောထွက်သွားသော ဆရာတော်ကြီးတစ်ပါး၏ကျောင်းကား ဆက်လက်၍နေရန် ဘယ်ဘုန်းကြီးမှ မပျော်ဟုဆိုရာ တစ်မျိုးစီထူးခြားကြပုံ[illegible]ရဖူး၏။ ယခုကမာရွတ် ဘားကန်ကျောင်း၌ နည်းနည်းကြာအောင်နေသော ဘုန်းကြီးဟူသမျှ လူထွက်သွားသည် ချည်းပင်ဖြစ်၏။ ထိုကျောင်းကိုးကွယ်သော ဒကာတို့က ကျောင်းထဲ၌ဝင်နေထိုင်ကြသော လူအားလုံးကိုနှင်၍ ရှင်းသွားပြီး သံဃာ (၆)ပါးဝါဆိုကြရာ ဆွမ်းခံကြပါ၊ ရပ်ရွာက ပြည့်စုံအောင် လောင်းလှူကြမည်ဟု စီစဉ်လျှောက်ထားကြောင်းကိုလည်း သိရ၍ ဒကာများကို ချီးမွမ်းရပေသည်။

# မသိသောဧည့်သည်

ညနေ (၃)နာရီခန့်တွင် အမည်မသိ လူပိန်ပိန်တစ်ယောက် ဘုန်းကြီးကျောင်းဝင်းတွင်းမှ ဥပုသ်ဇရပ်ပေါ် လာရောက်အိပ်နေ၏၊ "ဘယ်ကလဲ"ဟုမေးရာ "ဥက္ကံနယ် ငမြုလေးကွင်းမှ လှေနှင့်ကြံရောင်းလာစဉ် လမ်းတွင်ဓားပြတိုက်ခံရ၍ ရန်ကုန်ဆေးရုံကြီး၌ တက်နေခဲ့ရကြောင်း၊ ဆေးရုံမှဒီနေ့ဆင်းလာခဲ့ရာ ဘာမှစားစရာမရှိ၍ မိန်းမကြီးနှစ်ဦးက သနားပြီး မုန့်(၂)ခုပေး၍စားရပါသည်"ဟုပြောကာ အိပ်မြဲအိပ်နေ၏၊ ဘုန်းကြီးကလည်း ငှက်ပျောသီး စွန့်လိုက်၏၊ "တစ်ခြားသွားပါ၊ သို့မဟုတ် ထုံးစံအတိုင်း သူကြီးထံသွား၊ မှန်ရာပြောတိုင်ကြား လက်မှတ်ထိုး၍နေပါ"ဟုပြောရ၏၊ ညနေတွင် အရပ်လူကြီး ဦးကံထွန်းလာ၍ ခေါ်ယူသွားလေသည်။ လူမျိုးစုံပွမ်းနေသော ရန်ကုန်မြို့ကြီးမှာ သနားမိသော်လည်း ယုံရခက် မယုံရခက်ဖြစ်၏၊ မသိဖူးသောဧည့်သည်ကို လက်ခံမထားရန် ဆိုင်ရာမှလျှောက်ထားချက် ရှိနေ၍ သွားစေရတော့၏။

# ဂျပန်လက်နက်ချ၍ စစ်ကြီးပြီးပြီ

၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆန်း (၂)ရက်။ ယနေ့တစ်နေ့လုံး နေမပွင့်ချေ၊ ညနေပိုင်းတွင် ဒီရေတက်ချိန် မိုးရွာသောကြောင့် ရေတက်မိုးဟု အောက်ပြည်၌ပြောလေ့ရှိကြသည်။ ည ၁၀-နာရီကျော်အချိန်တွင် ဂျပန်လက်နက်ချပြီဟူသော အထိမ်းအမှတ်ဖြင့် သင်္ဘောကြီးတို့မှ ကျယ်လောင်စွာ တွန်ကာတွန်ကာ ဥသြဆွဲနေကြသည်။ မော်တော်ကားဟွန်းသံများ အမြောက်သံများလည်း ဆူညံနေ၏၊ လိပ်ကန်စစ်သားမျိုးစုံတို့သည် ရန်ကုန်၏ လမ်းကြီးလမ်းကျယ်တို့၌ လှည့်လည်၍ကြွေးကြော်အော်ဟစ် နေကြသံတို့လည်း ဆူညံနေကြသည်။ စစ်မတိုက်ရတော့ဘူးဟူ၍ ပျော်ကြဟန်တူသည်။

ဝေးလံသော ရပ်မြေမှထွက်ပေါ်လာခဲ့ကြသော စစ်သားတို့သည် သူတို့ဇာတိရပ်မြေ ပြန်ခွင့်ရကြတော့မည်ကို ဝမ်းမသာဘဲနေကြမည်လော၊ သို့သော် မြန်မာပြည်တွင် ဂျပန်တို့နှင့် လက်မှတ်မထိုးကြရသေး၍ မပြီးတတ်သေးပေ။ ၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆုတ် (၅)ရက်နေ့မှ အာရှအရှေ့တောင်ပိုင်း ဂျပန်စစ်တပ်များ လက်နက်ချရေးနှင့်ပတ်သက်၍ ရန်ကုန်မြို့အစိုးရအိမ်တော်တွင် ဩဂုတ်လ (၂၇)ရက်နေ့ ညသန်းခေါင်ကျော်အချိန်တွင် ဂျပန်ကိုယ်စားလှယ်လက်ဖတင်နင် ဂျင်နရယ်နူမာမိုတိုနှင့် ဗြိတိသျှကိုယ်စားလှယ် လက်ဖတင်နင်ဂျင်နရယ် ဘရောင်းနင်းတို့ (၂)ဦးသဘောတူစာချုပ်လက်မှတ်ရေးထိုးကြပြီ ဟူသောသတင်းကို နောက် (၁၈)ရက်ကြာမှ ထွက်ပေါ်လာသည်။ ထိုအခါမှမြန်မာပြည်တွင် ဂျပန်နှင့်တိုက်ခိုက်ခြင်းကို လုံးဝရပ်စဲ၍ ဒုတိယကမ္ဘာစစ်ကြီး ငြိမ်းအေးသွားလေပြီဟု မှတ်ယူရတော့သည်။

# မြို့လုံးပတ်လည်

၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆန်း (၄)ရက်။ ယနေ့အတုလကျောင်း ဦးသုမနနှင့် တိုင်ပင်ပြီး နေ့ဆွမ်းပြီးလျှင် (၂)ပါးသဘောတူ ခြေကျင်လျှောက်၍ ရန်ကုန်မြို့ကိုလှည့်လည် ကြည့်ကြသည်၊ နေမပူမိုးအုံ့၍ ဖွဲဖွဲသာကျသဖြင့် ခရီးသွားကောင်း၏၊ ဂျပန်စစ်ပြီးကြပြီဖြစ်၍ စစ်ဘက်မှဘယ်မှမသွားရ၊ မဝင်ရဟူသော ချုပ်ချယ်ခြင်းမရှိတော့၊ အားလုံးရှင်း၍နေ၏၊ ရှေးဦးစွာ ကြည့်မြင်တိုင်ဘက် ထွက်ခဲ့ကြသည်။

ကမ်းနားဈေးတွင် မိတ်ဆွေ ကိုအေးမောင်ရှိ၍ ခေတ္တဝင်ကြ၏၊ အဝတ်အထည်နှင့် စားကုန်သောက်ကုန်များ၊ ဘယဆေးများစသည့် ကုန်အတော်စုံနေကြောင်း မြင်ခဲ့ရ၏၊ တစ်ဖန်ဆက်၍ ကုလားဈေးကြီးသို့ ဝင်သွားကြရာ ရောင်းသူကျဲကျဲသာရှိရာတွင် ဝယ်သူ မရှိ၍ ဈေးရောင်းသူအချို့ အိပ်နေကြ၏။

ရန်ကုန်မြို့တွင် မကျွမ်းကျင်သောမိမိကို ဦးသုမနကရှေ့ဆောင်လမ်းပြ၍ ခေါ်သွား၏၊ သူ့နောက်မှလိုက်ရသည်။ ကြည့်မြင်တိုင်မှ အလုံကူးကြ၏၊ ကြည့်မြင်တိုင် အဆုံးတွင် လမ်းဘေး၌ မြစ်ဘက်ကချိန်းကြိုးဖြုတ်ထားသော သံချပ်ကား ၂၉-စင်းစီ၍ ရပ်ထားကြသည်။ အလုံ၌ အင်္ဂလိပ်ပြေးစက မီးလောင်ထား၍ ပြောင်နေ၏၊ မဲရိုင်းပင်တွေ ပေါက်နေကြသည်။ အိမ်နည်းနည်းသာကျန်ရစ်သည်။ အလုံဈေးနှင့် ဇေတနာရာမ ကျောင်းတိုက်မှာ မီးလောင်ထားရာ ဘာမှမရှိပေ၊ ကျောင်းဝင်းလည်းမကျယ်ပေ။

ရန်ကုန်ဘက်တွင် (၃)လမ်းကစ၍ ဗုံးကြီးတွေများစွာကျထားရာ နေရာပေါင်းများစွာ၌ ဖျက်ဖြိုရှင်းလင်းထားပြီးဖြစ်နေကြသည်။ နေရာတကာ ကပ္ပလီနှင့်လိပ်ကန်စစ်သားမျိုးစုံမြင်ရ၏၊ ညောင်ပင်ကလေးဆိပ်၌ တပည့်တစ်ဦးဆိုင်ရောင်းနေ၍ ခေတ္တဝင်ကြည့်ခဲ့သည်။ ကုန်တွေပေါနေ၏၊ တစ်နေရာဗိုလ်တဲပေါ်၌ ခေတ္တနားရင်းထိုင်၍ ဆိပ်ကမ်းမှ သင်္ဘောမျိုးစုံ၊ သမ္ဗန်မျိုးစုံကြည့်၍အားရလျှင် သိမ်ကြီးဈေးဘက်လှည့်၊ ပြိုပျက်နေသော သိမ်ကြီးဈေးကြီး၏ ဘေးပတ်လည်မှ တော်သလိုဆိုင်ခင်းရောင်းနေကြသည်မှာ ရှုပ်ရှုပ်ထွေးထွေးနိုင်လှသည်။

ရန်ကုန်မြို့ကို လှည့်ပတ်ကြည့်သောအခါ လူပပြေပြစ်စွာ ကြည့်ဖွယ်မရှိလေးပေ၊ လူတွေများနေကြပြီ၊ စစ်သားရောင်စုံ ပြိုးပြွမ်းနေသည်။ စာရေးဆရာတစ်ဦးရေးသော ဗိုလ်တထောင်ရပ်ကွက်၌ ကုလားတွေသာတွေ့ခဲ့ရသည်။ သမ္မာဒိဋ္ဌိလမ်း၌ ဆိတ်သတ်ကုလားများနေကြ၍ မဂ္ဂင်လမ်းတွင် ငါးစိမ်းသည်မတွေ ရန်ဖြစ်နေကြသည်ဟူသကဲ့သို့ မခြားနားလှပေ၊ တစ်နေကုန်လှည့်၍ ညောင်းညာလျှင် ရွှေတိဂုံဘုရားကြီးတက်ဖူးကြပြီး စာအုပ်ဆိုင်ဝင်ကာ ညနေ (၆)နာရီကျောင်းအရောက်ပြန်ခဲ့ကြသည်။ စစ်ကြီးအပြီးတွင် ပထမဆုံးရန်ကုန်မြို့ကြီးကို လှည့်လည်လိုက်ခြင်းဖြစ်သည်။

# ပါဠိနှင့်ပင့်စာ

၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆန်း (၅)ရက်။ နေ့ပိုင်းချောင်းဝကျောင်းမှ လာပင့်သော အသုဘသို့လိုက်သွားရာ ဗေဒါတို့အငြိမ့်ကနေကြသည်။ လွတ်လပ်ရေး အောင်သန်းတင်နှင့် ဗေဒါဇနီးအောက်ချင်းမ- မခင်ကြွေတို့ဟုသိရ၏။ မန္တလေးမြို့၌ အသုဘများမှာ ဆိုင်းပင်မငှားသော စည်းကမ်းရှိကြသော်လည်း ရန်ကုန်၌ အသုဘတွင်အငြိမ့်ပွဲ ကနေကြသည်မှာ ကိုယ်ကြိုက်ရာ ကိုယ်လုပ်နိုင်သည်၊ မလုပ်ကောင်းထုံးစံမရှိဟူသော အဓိပ္ပာယ်မျိုးရောက်နေပေတော့သည်။

ညနေပိုင်းတွင် ကျိုက္ကလားပါဠိဆရာတော်ကြီး ၆၆-နှစ်မြောက် မွေးနေ့အထိမ်းအမှတ် တော်သလင်းလဆန်း (၅)ရက်နေ့ ဆွမ်းစားပင့်စာကို တပ်တွင်းကျောင်း ဦးကောဝိဒနှင့် ဦးကေသရတို့ ကြွရောက်ပေးလာကြသည်။ ပင့်စာမှာ ပါဠိလိုဖြစ်၏၊ မြန်မာစာမပါချေ၊ ထို့ကြောင့် ပါဠိဆရာတော်ဟု တွင်ခြင်းဖြစ်ပေမည်။

ထိုပင့်စာနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲကလေးများ ကြားရသည်ကား ပါဠိကို လုံးဝဉသုံအနက်မထင်ကြသော ဘုန်းကြီးများအကြောင်းဖြစ်လေသည်။ ဇတုလ

ဦးသုမနလည်း ညနေရောက်လာပြီးလျှင် ၎င်းမှာလည်းပင့်စာရထားရာ အနက်ထင်ဟန် မတူပေ၊ "ဘဒ္ဒမဒပဥ္စမိယံ အဂ်ဝါရေ"ဟူသောပုဒ်ကို သဘောမကျဘဲ၊ နားမလည် ဟူ၍ဂါညး မပြောလိုသဖြင့် ခပ်ဝါးဝါးနှင့်နက်ဖြန် (၅)ရက်နေ့ဟု ထင်ဟန်ရှိ၏၊ ဘုန်းကြီး လုပ်ပြီးလျှင် စာဂရုတစိုက်ကြည့်ဖြစ်ပါစေတော့ဟု ရှင်းလင်းမပြောလိုက်ပေ၊ နက်ဖြန် မဟုတ်ကြောင်းသာပြောလိုက်၏၊ နောက်နေ့တွင် ဦးကုသလနှင့် ဦးသုမနပါ (၃)ပါးဆုံကြ ရာတွင် "ဘယ့်နှယ်လဲ- ပင့်စာအဓိပ္ပာယ်သိပြီလား"ဟု မေးရာ "အင်္ဂါနေ့ဆိုတော့ လဆုတ် (၅)ရက်နေ့ဖြစ်မည်"ဟု ဦးသုမနကပြောပြန်၏၊ သုက္ခပက္ခေဟူသောပုဒ်သည် လဆုတ် မဟုတ် လဆန်းသာဖြစ်ကြောင်းနှင့် ထိုပင့်စာပါအားလုံး၏ အဓိပ္ပာယ်ကိုရှင်းပြပြောလိုက် ကာမှ "တပည့်တော်ဟာ အစကအဘိဓာန်နိုင်သည်ထင်ခဲ့ရာ ဒီစာကျမှ အဘိဓာန် မနိုင်ကြောင်း သိရှိသည်"ဟု ရယ်လျက် လျှောက်လေတော့သည်။ ထိုနည်း၎င်းပင် ဘုန်းကြီးပေါင်းများစွာ ဝါးနေကြပုံကိုလည်း သိရပေရာ ရာဇဝင်ထူးကလေးတစ်ရပ် ဖြစ်သွား၏။

# မယားသုံးယောက်၏ လင်အသုဘ

၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆန်း (၆)ရက်။ ကျောင်းအနီးမှ ဒကာကြီးဦးမြသင်း ပင့်လာ၍ ဦးပဥ္စင်းနှင့် (၂)ပါး ကမာရွတ်အနောက်ဖျား ကုလားတို့နှင့်ရောနှောနေသော အိမ်သို့ လိုက်သွားရ၏၊ ချက်ပြုတ်စီမံသူမှာ ဦးမြသင်း၏ဇနီး ကရင်မဖြစ်ရာ များများကြီး ကျွေးမွေးတတ်၍ ဘုန်းကြီး (၂)ပါးတည်းဖြစ်လျက် စားပွဲပေါ် ၌ကြက်သား၊ ငါးသေတ္တာမှစ၍ အားလုံး (၂)ခွက်စီ တည်ထားလေသည်။ ဟင်းများမှာ အသီးအရွက်လုံးဝမပါ၊ မြေပေါက် လွှတ် ဟင်းချည်းဖြစ်နေ၏။

သေသူယောက်ျားမှာ မယား (၃)ယောက်ရှိလေရာ ကျန်ရစ်သော မယား (၃)ယောက်နှင့် ကလေးများက ငိုနေကြ၏၊ သေပုံမှာ ရောဂါထူးထွေမဖြစ်ဘဲ လျှာခေါက်ပြီး ရုတ်တရက်တက်၍ သေသွားသည်ဆို၏။ သေရပုံအကြောင်း ဆင်ခြင်တွေးမိစဉ် ဟင်းတွေ ကလည်း မြေပေါက်လွှတ်အသားဟင်းတွေချည်း တောကျကျချက်ထားပြန်၍ ဆွမ်းစား မရတော့ပေ။ လက်ဖက်ရည်ကပ်ပြန်လည်း ရေကမကျက်၊ အရည်မည်းမည်းကြီးလည်း မြင်ရ၏၊ တစ်ဖက်ခန်းမှာ ကြက်ကုလားတို့နေကြသောကြောင့် ကြက်သံတွေဆူညံနေသည်။ ခပ်မြန်မြန် သီလပေး ရေစက်ချ ပြန်ခဲ့ကြရသည်။

နေ့ (၂)နာရီအချိန် ထိုအသုဘသုသာန်ထုတ်လာသောအခါ ဆိုင်းတွေဝိုင်းတွေ တီး၍လာကြသည်။ သံဃာ (၇)ပါး၊ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်အစုံပါသော ကန်တော့

ပွဲစေ့နှင့် ဝတ္ထု ၁၀-ကျပ်စီလှူ၏၊ သက်န်းလည်းပါသေးသည်၊ ရှေးထုံးစံလက်ခံရှိသော အရပ်သားများဖြစ်ပေမည်။ မငေးထိန်ကုန်း ဘုန်းကြီးများလည်းပါ၍ သေသူမှာ ထိုရွာသား ဖြစ်ဟန်ရှိသည်။

သာမန်လူတစ်ဦးက မယား (၃)ယောက်ရှိသည်ကိုမူ ခုမှသိရ၏၊ ချင်း၊ ကချင် တို့သာ (၂)ယောက် (၃)ယောက်ကစ၍ တစ်ကိုပ်ကျော်အထိ ရှိတတ်ကြသည်။ သေပုံ ကလည်း ဆန်းပေသည်။ ဆုပ်ကပ်၏ အသေလွယ်ပုံပင်။

# မလိုအပ်သော အငိုပြိုင်ပွဲ

၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆန်း (၇)ရက်။ ယနေ့နံနက် အိပ်ရာမှထလျှင် ထူးဆန်းစွာ မြင်ရပုံက ဆောင်းရာသီမဟုတ်၊ တောကြီးတောင်ကြီးလည်း မဟုတ်ဘဲလျက် နှင်းတွေကျ နေသည်မှာ ရန်ကုန်မြို့တစ်လျှောက်မှောင်နေ၏၊ (၇)နာရီခွဲအထိ ထူထဲစွာကျနေသည်။ မိုးလည်းမရွာချေ။ ကျိုးအုပ်ကြီးတွေလည်း ဆူညံစွာစုရုံးစုရုံးနှင့်နေကြရာ ဘာသဘောလဲ တွေးဆရန် ဖြစ်နေသည်။

နေ့ ၁၂-နာရီအချိန် ပတ္တာသပြေတောရ၌နေသော ဦးဘဒ္ဒိယရောက်လာပြီးလျှင် စကားဆန်းပြောပြန်သည်။ "ဒီဝါကျွတ်လျှင် အောင်မြေနင်းတော့မည်၊ ယခုနေရာ၌ ၁၄-နှစ်တိုင်နေခဲ့ပြီ၊ ဆရာတော်ကို မငဲ့နိုင်တော့ဘူး"ဟု ပြော၏၊ ဗဟန်းကြေးသွန်းဘုရားကြီး အနီး မေမြို့ကျောင်းဟူ၍ သီးခြားကျောင်းဆောက်နေကြောင်း နောင်အခါသိရ၏၊ ဤခေတ်ကား ဆရာ့ထံပါးမှိုခိုနေကြသူတို့ သီးခြားနေလေ့ရှိကြသောခေတ်ပေ၊ လူစိတ်, ရဟန်းစိတ်တွေ ဘယ်လိုဖြစ်နေကြသည်မသိ။

အဆိုပါ ဦးဘဒ္ဒိယနှင့်အတူ နေ့ (၁)နာရီမထိုးမီ ကြံတောသုသာန်သို့ သွားကြ၏၊ သုသာန်ဇရပ်ကြီး၌ အသုဘ (၄)ဦးဆုံရောက်နေကြသည်။ အချို့အသုဘပို့သူတို့သည် ထီးမဆောင်းနိုင်ရှာကြဘဲ မိုးရွှဲရွှဲစိုနေကြသည်။ ကလေးအသုဘတစ်ခုလည်းပါ၏၊ အသုဘ (၂)ခုမှာ ရန်ကုန်ထုံးစံအတိုင်း အိမ်မှသရဏဂုံတင်ခဲ့ပြီးဖြစ်၍ သုသာန်သို့ဘုန်းကြီးများ မပါချေ။

ဘုန်းကြီးလိုက်သော အသုဘမှာ ကမာရွတ်လှည်းတန်းမှ လဆန်း (၃)ရက်နေ့က ကွယ်လွန်၍ (၅)ရက်ထားချသော ဦးငွေ၏ဈာပနကိစ္စဖြစ်၏၊ ထိုအသုဘအလောင်းကို များစွာသော မိန်းမတို့သည် ကျိုးအာသကဲ့သို့ အလွန်ဆူညံနေအောင်ငိုကြ၏၊ သရဏဂုံ တင်ရန်ပင် ရပ်မပေးကြ၊ စောင့်နေသော်လည်း မရပ်မနားငိုကြသည်ပင်၊ ပြောလည်းမရ၊

အချိန်ကြာလွန်းနေသဖြင့် ငိုကြွေးလျက်ရှိစဉ် သီလပေးရေစက်ချလိုက်ရသည်။ သီလပေး ပြီးလျှင် ထိုမိန်းမတစ်ဦး လွန်လွန်းစွာပိုကဲ၍ငိုကြွေးပြန်၏၊ ထူးခြားလှ၍ သံဃာတော်များပင် ဘာသဘောလဲဟု တွေးတောကာအချင်းချင်း တီးတိုးမေးမြန်းကြသည်။

(၅)ရက်ထားအသုဘဖြစ်၍ အလောင်းမှာ နံနေဟန်ရှိ၏၊ သို့သော်နားပိတ်၍ အလောင်းကို တစ်ဖက်စီရံလျက် မိန်းမကြီးနှယ်ငယ် (၂)သင်းတို့ အရှုံးမခံအနိုင်မပေး ငိုကြွေးအော်ကြဟစ်ကြ တမ်းတခေါ်နေကြ၏။ "ဦးလေးရဲ့. . . ဦးကြီးရဲ့" ဟူသော ခေါ်သံ တို့ကြောင့် သေသူ၏သမီးများမဟုတ်ကြောင်း ထင်ရှား၏၊ သုဘရာဇာတို့က မြေမြှုပ်ရန် အလောင်းယူလာကြသော်လည်း အလောင်းကိုမယူရဘူး, မပေးဘူးဟူသည့်အသွင်၊ "နင်တို့ကိုတော့ တို့ညီအစ်မတစ်စုက အရှုံးမခံဘူး"ဟူသောသဏ္ဌာန် မပြောသော်လည်း ပြောသကဲ့သို့ ထချည်ထိုင်ချည်နှင့် အော်ဟစ်မြည်တမ်းနေကြ၏၊ ခြောက်ကပ်ကပ်နေသော အသံနှင့် အမူအရာတို့က တကယ်စိတ်ရောကိုယ်ပါ ဝမ်းနည်းပူဆွေး၍ ငိုကြသည်မဟုတ် ကြောင်းလည်း ထင်ရှား၏။

ဦးဌေးသည် ဘုန်းကြီးနှင့်ဆွေမျိုးမကင်းသော အညာသားကြီးတစ်ဦးဖြစ်၏၊ သားသမီးတစ်ယောက်မျှ မရှိချေ၊ ဇနီးအဒေါ်ကြီးမှာလည်း မီးယပ်ထုံနာဖြစ်နေရှာရာ ကြာခဲ့ပြီ။ စကားမပြောနိုင်၍ အဘိုးကြီးအလောင်းကိုကြည့်၍အသံမထွက်ဘဲ မျက်ရည်သာ သုတ်နေရှာ၏၊ ၎င်းကိုပင် မြင်သူတို့ကသနားကြသည်။ အငိုပြိုင်သူမိန်းမ (၂)သင်းကိုဖြင့် မသနားသည့်ပြင် ကြားပြင်းတောင်ကပ်ကြသေး၏၊ နောင်ခါ အဆိုပါအငိုပြိုင်ပွဲအကြောင်း မှန်ကို သိရတော့၏၊ သေသူဦးဌေး၏ ညီအစ်ကိုမောင်နှမရင်းဖြစ်သော ဦးကြွယ်၏သမီး တစ်စုနှင့် ဒေါ်ရွှေသော့၏သားသမီးတစ်စုတို့မှာ သူကသာချစ်သည်၊ တို့ကသာချစ်သည် ဟူ၍ ငိုပြကြခြင်းဖြစ်သည်ဆို၏။

သို့သော် ဦးဌေးမှာ သွက်ချာပါဒရောဂါဖြစ်၍ မသွားလာနိုင်၊ အမယ်ကြီးက ထုံနာဖြစ်၍ စကားမပြောနိုင်၊ အလုပ်မလုပ်နိုင်ကြဘဲ ဒုက္ခိတဖြစ်နေကြစဉ်က ထိုအငိုသည် တူမပေါင်းများစွာတို့ သိလျက်မြင်လျက်နှင့် ဘယ်သူမှအရေးမစိုက်ကြ၊ ရေတစ်အိုးခပ်ပေးသူ မရှိ၊ မသန်မစွမ်းဖြစ်နေကြသည်ကိုပင် အဖက်မတန် လူရာမသွင်းသကဲ့သို့ထားကြ၏။ ဦးကြွယ်၏သမီးကြီး မုဆိုးမဖြစ်နေသူ မသိန်းမေတစ်ယောက်သာလျှင် စိတ်ကောင်း စေတနာရှိ၍ မိဘရင်းနှင့်မခြား ကောင်းစွာကူညီစောင့်ရှောက်ပေးနေခဲ့သည်။

စင်စစ်မှာ ဦးဌေးသည် အိုခါမှဒုက္ခိတဖြစ်နေရသော်လည်း လူညံ့ကားမဟုတ်ပေ၊ ခြေမဲ့လက်မဲ့လည်းမဟုတ်၊ မြော်မြင်ဉာဏ်လည်း မခေချေ၊ ထို့ကြောင့် ထိုသည့်လျှို့ဝှက်

ထားသောအခြင်းအရာကို သေပြီးခါမှ ဘေးလူတို့သိကြရသည်။ သေခါးနီးတွင် အစ်ကိုကြီး အစ်မကြီးနှင့် လူကြီးများကိုခေါ်ယူ၍ ဤသို့ပြောကြားမှာထားခဲ့လေသည်။ "ကျွန်ုပ်တို့ လင်မယား မမာမကျန်းဖြစ်နေသည်မှာ ၁၃-နှစ်ကျော်ခဲ့ပြီ ဒီကာလအတွင်း ကျွန်ုပ်တို့ အဘိုးကြီးအမယ်ကြီး ဒုက္ခိတတို့ကို တူမကြီးမသိန်းမေက ကောင်းစွာပြုစုစောင့်ရှောက် ရှာပေလို့ ကျေးဇူးအထူးတင်ရပါသည်၊ ကျွန်ုပ်သေသွားခဲ့လျှင် ကျွန်ုပ်၌ရှိသော ငွေ ၃၀၀၀ ကျပ်ကျော်သော ရွှေငွေနှင့်ပစ္စည်းအားလုံးကို တူမမသိန်းမေခံစားရစ်ပါစေ၊ ကျွန်ုပ်၏ဇနီး ကိုလည်း မသေခင်ကျွေးမွေးပြုစုရစ်ပါ၊ သေသောအခါ၌လည်း ကောင်းစွာသင်္ဂြိုဟ်ရစ်ပါ"ဟု စနစ်တကျမှာကြားထားခဲ့ပြီးမှ သေသွားရှာသူဖြစ်သည်။

ယင်းအမွေခံကိစ္စကြားရခါမှ အငိုပြိုင်ပွဲပေါ်လာဟန်ရှိ၏၊ သို့သော်သေပြီးခါမှ ငိုကြသည့် ငိုအင်းသည်တို့သည် အမွေခံထိုက်သူများမဟုတ်ပေ၊ မသိန်းမေကား ရိုးသား တည်ကြည်၏၊ စိတ်ရင်းစေတနာကောင်းရှိ၏၊ ထိုအမွေကိုရစေတော့ဟု ပြုစုသည်မဟုတ် မှန်းပင် သိရှာသည်မဟုတ်ခဲ့၊ သားမဲ့သမီးမဲ့ဖြစ်ရှာသည်ဟု သနားကြင်နာတတ်၍သာ ပြုစု ပေးခြင်းဖြစ်သည်။ သံယာ ၁၀-ပါးပင့်၊ ၁၀-ကျပ်စီလှူ၍ ကောင်းစွာပင်သင်္ဂြိုဟ်ရှာသည်။ အမွေဟူသည် ခံစားထိုက်မှ ခံစားရမြဲဖြစ်သည်။

## ရုက္ခစိုးနှင့် လူပါးလူနပ်

အခါတစ်ပါးက အညာတောရွာတစ်ရွာအနီး၌ ရုက္ခစိုးကြီးနေသော အထိကရ သစ်ပင်ကြီးတစ်ပင်ရှိ၏၊ ထိုနတ်သစ်ပင်ကြီး၏ ပတ်ဝန်းကျင်၌ နှစ်သက်ဖွယ်သော တောအုပ်ငယ်တစ်ခုရှိရာ ထိုတောရှိတစ်စုံတစ်ခုသောသစ်ပင်မှ လူတို့မခုတ်ဝံ့ကြချေ။ အရှင်ကြီးက ခွင့်မပေးသောကြောင့်ဖြစ်၏၊ သို့ရာတွင် ထိုတောဘေးရှိ ယာခင်း၌နေသော လူရိုးကြီးဦးဘိုးညိုသည် နေ့စဉ်သန့်ပြန့်သော စားဦးစားဖျားများကို တင်မြှောက်ပသကာ အရိုအသေပြုလေ့ရှိသောကြောင့် လိုရာသစ်ကိုလည်းကောင်း၊ ထင်းကိုလည်းကောင်း ခုတ်ခွင့်ရလေသည်။ တစ်နေ့သ၌ လူပါးလူနပ်တစ်ယောက်သည် ကန်တော့ပွဲဖြင့် အရှင်ကြီးကိုပူဇော်၍ ထိုတောအုပ်မှကောင်းနိုးရာရာသစ်များကို ရွေးယူခုတ်လေသည်။ ခုတ်ပြီး၍ လှည်းပေါ်တင် နွားတပ်မောင်းသောအခါ နွားများကမရုန်းကြတော့ပေ။ မည်သို့ ကြိုးစား၍မှမရ၊ နောက်ဆုံးတွင် သစ်သားအားလုံးချထားခဲ့ပြီး လှည်းချည်းတပ်မောင်းကာမှ နွားများသည် ကျော့ကျော့ပါအောင် ရုန်းသွား၍လေသည်။

ညအခါ ရွာမှလူတစ်ယောက်ကိုပူး၍ ရုက္ခစိုးကပြောသည်မှာ "လူနပ်လုပ်ပြီး ထင်းခုတ်ချင်မှ ငါ့ကိုကန်တော့ပွဲကလေးနှင့် လာညာလို့ဘာရမလဲသာဝရယ်၊ သင့်နွားတွေ

မရုန်းအောင် ငါလုပ်ထားတာဟဲ့၊ မောင်ညိုကြီးကနေ့စဉ် ငါ့ကိုချစ်မြတ်နိုးလို့ ပ, သနေရှာတာ၊ တကယ်အနိုးခံကြီး၊ သင်းလိုလူညာမဟုတ်ဘူး၊ ဒါကြောင့် ခုတ်ပြီးသစ်အားလုံး ညိုကြီး တိုက်ယူလှည့်၊ ငါပေးတယ်"ဟူ၍ ပြောသောဟူ၏။

# စေတီထိုက်သောပုဂ္ဂိုလ်

၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆန်း (၈)ရက်။ ယနေ့ဥပုသ်မှာ ရပ်ဝေးကဥပုသ်သည် များစွာလာကြသည်။ ဆွေမျိုးများလည်းပါ၏၊ မသိဖူးသေးသော သူစိမ်းများလည်း ပါကြသည်။ တရားဟောရာတွင် ယခုတလော ကောလာဟလသတင်းတို့ကြောင့် လူများ စိတ်ချောက်ချားခြင်း မရှိကြရန် "မြန်မာ့အခြေ"ဟူသောစကားကို အနည်းငယ်ပြောပြ ရသည်။ ကမာရွတ်အနောက်ပိုင်းသူကြီးဟောင်း ကိုတင်မောင်၏ဖခင် ဦးကြူးက "သေလွန်ပြီး သားသမီးတို့အရိုးကို မိဘကဂူတည်ကောင်းသလား"ဟု သိလိုကြောင်း ချောင်းဝကျောင်း ဦးပဉ္စင်းအား လျှောက်ထားပေးပါရန် တစ်ဆင့်တိုက်တွန်း၍ ဘုန်းကြီးထံ လျှောက်ဖူးသောအကြောင်းနှင့်စပ်လျဉ်း၍ ဒကာတို့အားသိထားရန်လိုမည်ဟု ရှေးအခါ ဖခင်၏အရိုးကို အိမ်ခြံအတွင်း၌ စေတီ၌ထား၍ နေ့တိုင်းပူဆွေးငိုကြွေးနေဖူးသော သုဇာတ သူကြွယ်ဇာတ်တော်ကို တရားဟောလိုက်သည်။

စေတီတည်ထိုက်သော ပုဂ္ဂိုလ်မှာ မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့၏ ဓာတ်တော်များနှင့် စကြာမင်း၏အရိုးတို့ဖြစ်သည်။ ဤတွင်စကြာမင်းကို သားမယားနှင့် နေသော လူသားဖြစ်လျက် စေတီထိုက်ခြင်းမှာ လေးကျွန်းလုံးကို စကြာရတနာဖြင့် လှည့်လည်သွားနိုင်သော စကြဝဠာတစ်ခုလုံးမှာ တစ်ဦးတည်းသာဖြစ်ပေါ်လာသော ဘုန်းကံရှင်ပုဂ္ဂိုလ်ထူးဖြစ်ခြင်း၊ ဒုစရိုက်ကင်းစင်လျက် သီလ၌တည်နေ၍ ကောင်းမှုတရား ကိုသာ ပွားများအားထုတ်နေသူဖြစ်ခြင်း၊ လူအများကိုလည်း ငါးပါးသီလဖြင့် ဟောကြား ဆုံးမ၍ သီလ၌သာ တည်စေခြင်းကြောင့်ဖြစ်၏၊ သီလဝန္တပုထုဇဉ်ရဟန်းများကို စေတီပြု ကိုးကွယ်ကြပါလျှင် ဇမ္ဗူဒိပ်ကျွန်းကိုမဆိုထားဘိ၊ ဤသီဟိုဠ်ကျွန်း၌ပင် လူတို့နေရန်ရှိတော့ မည် မဟုတ်ဟု ဖွင့်ဆိုထား၏၊ မတည်ကောင်းဟူ၍ကားမဆို၊ မြန်မာပြည်တွင် ဆရာသမား ဂုဏ်ကို ရည်မှန်း၍ပူဇော်ရန် စေတီတည်ထားသည်များစွာ ရှိကြ၏၊ သို့ရာတွင် ကျောင်းကန် အတွင်း၌တည်ထားခြင်းကို စာပေကျမ်းဂန်တတ်ရှေးဆရာတော်ကြီးတို့က မလိုလားကြချေ။

ဂူဟူသည်ခြင်းမှာ သုသာန်၌ခိုင်မာအောင်ပြုသော သင်္ချိုင်းတစ်မျိုးသာဖြစ်၍ မအပ်ဟု မဆိုသာပေ၊ သို့သော် ကြီးသူအတွက် ငယ်သူတို့ကသာ ပြုလုပ်ကောင်း၏၊ ငယ်သူကို

ကြီးသူကပြုလုပ်ရှိ ရွှေအစဉ်အလာမရှိပေ၊ ထူးခြားသောပုဂ္ဂိုလ်ဖြစ်မှုကား ဗားရာဏသီမြို့ ရွှေသမိုင်းတွင် ထူးသောဘုရားလောင်းမျောက်မင်းကြီး၏ ဦးခေါင်းကို အလေးဂရုပြုခဲ့ ဖူးကြောင်း ဝါနရိန္ဒဇာတ်တော်ကိုထောက်လျှင် မည်သူကမဆို ပြုထိုက်မည်သာဖြစ်၏၊ ထို့အကြောင်းကို ဥပုသ်သည်တို့အား ရှင်းလင်းအောင်ဟောပြရာ အတော်သဘော ကျကြကြောင်း သိရသည်။

# ဉာဉ်ဩသံများ

၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆန်း (၉)ရက်။ ယနေ့နံနက်ပိုင်း စာချပြီးလျှင် စေတီပျက် ရုပ်ပွားတော်ပျက် ယိုယွင်းနေကြသည်ကို ပြုပြင်ရန်ဆောင်းပါးတစ်ခုရေးလိုက်၏။

ယခင် (၇)ရက်နေ့ (၇)နာရီအချိန်တွင် ရန်ကုန်ဆိပ်ကမ်းသင်္ဘောကြီးတို့မှစ၍ ဆူညံအောင်ဆွဲသော ဥဩသံများနှင့် မီးကျည်မီးပန်းတို့ လွှတ်ကြသဖြင့် ဂျပန်တို့လက်နက် ချခြင်း သေချာ၍ဖြစ်မည်ဟု ထင်ကြေးပေးကြရာ၊ ယနေ့ထုတ်သတင်းစာများအရ မဟုတ် သေးပေ၊ ဝန်ခံကတိပေးရုံမျှသာ၊ လက်မှတ်မထိုးသေးဆို၏၊ သို့သော် ဂျပန်ဘုရင်က မဟာမိတ်တို့၏စကားကို လက်ခံသည်၊ မဟာမိတ်တို့ဘက်မှ စစ်တိုက်ခြင်းရပ်စဲရန် အမိန့်ရဖို့ ဖြစ်ကြောင်းဟူ၍ တွေ့ရလေသည်။ လူအများ၏ဆန္ဒကား စစ်ကြီးပြီးစေချင်လှပြီ ဖြစ်သောကြောင့် လိုရာဆွဲ၍ ထင်ကြေးပေးလွယ်ကြဟန်တူသည်။

# နေသူရိန် ပြည်သူ့အစည်းအဝေးပွဲသို့

၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆန်း ၁၁-ရက်၊ နံနက်ဆွမ်းမစားမီ ရွာမဆရာတော်ကြီး ထံမှ စားတော်ပဲပြုတ်တွေ ဆီစိမ်၍ အတော်များများ ပို့လာရှာသည်။ ဤသို့ပင်ကျောင်းသား လှစိုးနှင့်တင်မောင်တို့ မကြာခဏစားသောက်ဖွယ်များကိုလွှတ်၍ ပို့စေလေ့ရှိရာ ဆရာတော် ကြီးသည် သားသမီးတို့အပေါ် မိဘကချွေသကဲ့သို့ သဘောထားကာ ကရုဏာမေတ္တာ ကြီးစွာနှင့် မျှဝေလေ့ရှိရှာပေသည်။ ယခုဤစာရေးနေစဉ်ပင် သတိရလွမ်းဆွတ်မိပေသေး၏၊ မိမိကမူ သက်တော်, ဝါတော်ကြီး ကျေးဇူးရှင်ဆရာတော်ဟူ၍ မှီခိုအားထားကာသိလ်ပွားရာ အဖြစ်နှင့် ထူးထွေသောလှူတန်းဖွယ် ရသမျှပို့လှူကန်တော့ခွင့်ရခြင်းဖြစ်၏။

နေ့ဆွမ်းပြီး ၁၁-နာရီကျော်တွင် ယခင်နေ့ကမိတ်ဆွေ ဦးဉာဏိန္ဒစီစဉ်ချက်အတိုင်း ကျားကျောင်းသို့သွားကြ၏၊ ယနေ့ မိုးအဆက်မပြတ်ဘဲ အတော်ထန်ထန်ရွာနေ၏၊

အဆင်သင့်စောင့်နေနှင့်ကြသော မိတ်ဆွေကိုယ်တော်များနှင့် မိုးရေထဲပင် ကားတစ်စင်းတွင် စုပေါင်းစီးကြသည်။ သံဃာ ၁၆-ပါးတိတိဖြစ်၏၊ ဦးဉာဏိန္ဒကား တာဝန်ခံ၍ပို့ပေးရှာသည်။ အပြန်တော့ ကိုယ့်ဆန္ဒအတိုင်းပြန်ကြရန် သဘောတူကြသည်။ မိမိလိုက်ပါသည်ကို ဦးဉာဏိန္ဒနှင့်တကွ မိတ်ဆွေများက အထူးဝမ်းမြောက်အားရနေကြသည်။

နေသူရိန်ရုံကြီးရောက်သွားသောအခါ မိုးရွာလျက်ပင်ရှိ၏၊ လူပရိသတ်မှာ ရှုပ်ယှက်ခပ်နေကြ၏၊ ဗိုလ်ချုပ်အောင်ဆန်း တရားဟောနေပြီဖြစ်ရာ ထက်ဝက်ခန့်သာမိတော့သည်။ ဗိုလ်ချုပ်ကိုကြည့်လိုသော သူငါစသည့် လူရှင်ရဟန်းပရိသတ်တို့မှာ ရောပြွမ်းလျက်တိုးဝင်နေကြရသည်။ မိမိမှာ စာသင်သားဘဝတွင် မန္တလေး၌ ဘုံလောင်းတိုးနေကျဖြစ်သောကြောင့် သူများအရင်ရှေ့ကရောက်အောင် တိုးဝင်သွားတတ်၏၊ လူတွေအဆမတန်လွန်းအားကြီး၍ စင်နောက်ပိုင်းက ကျိုးကျသွားလေသည်။ လူ (၃)ယောက်ပိမိရာ တစ်ယောက်အတော်နာသည်ဆို၏၊ တရားနာပရိသတ်သည် အဆမတန်များလွန်းမက များလှသောကြောင့် ကန်တော်မိတ်ရုံပါ အသံချဲ့စက်တပ်ဆင်ပေးပြီး လူခွဲ၍နားထောင်နိုင်ရန် စီစဉ်ပေးကြ၏။ သို့စဉ်လျက် နှစ်ရုံလုံးပင်မဆန့်၍ လမ်းများပေါ်၌ အန်ထွက်ပြည့်လျှံနေကြသော လူထုကြီးလည်း တိုးမပေါက်မြင်မဆုံးပေ။

ဗိုလ်ချုပ်ဟောပြီးလျှင် ဒီးဒုတ်ဦးဘချို၊ ဦးဘဘေတို့ဆက်လက်ဟောကြ၏၊ (၃)နာရီခန့်တွင် ဦးဘဘေကြီးဟော၍မပြီးခင် ရပ်နေရသည်မှာညောင်းလှသဖြင့် ရုံအပြင်ဘက်ထွက်ခဲ့ရာ ရွာမဦးကုသလကြီးနှင့် အဆင်သင့်တွေ့၍ သဘောတူတိုင်ပင်ကာ ဘုရားကြီးဆီသို့ ထွက်ခဲ့ကြသည်။ လမ်းခုလတ်ရောက်လျှင် ဗဟန်းဦးမှင်ကျောင်းဝင်းထဲသို့ ဝင်သွားကြ၏၊ ထိုနေရာသို့တစ်ခါမှ မရောက်ဖူးကြပေ၊ ရန်ကုန်ကျောင်း၊ မန္တလေးကျောင်းဟူ၍စာဆွဲထားသော ကျောင်းများလည်းတွေ့ရ၏၊ မလွယ်နိုင်သော အန္တရာယ်အခင်းကလေးသွားချင်၍ ကျင်ငယ်အိမ်မေးရသည်။ ထိုကျောင်းတို့တွင် များစွာသော လူအိမ်ထောင်စုတွေနေရာအနံ့တွေ့ရ၏၊ ရဟန်းသာမဏေက အနည်းငယ်သာရှိကြသည်။ အထူးညစ်ပတ်ပေရေနေသော ရပ်ကွက်ဖြစ်နေ၏၊ ကျင်ငယ်အိမ်ရှာမတွေ့နိုင်၍ မေးလိုက်ရသည်လည်း အမောပင်၊ တွေ့ပြန်တော့လည်း ဘုန်းကြီးနှင့်လူ ရောယှက်သုံးနေကြသော ကုမ္ပဏီလီမိတက် ကုဋိများဖြစ်နေကြ၏၊ သူတို့မို့ နေတတ်ကြပေသည်ဟု ထိုကျောင်းပုဂ္ဂိုလ်တို့အား ချီးမွမ်းလိုက်မိသေး၏။

ဘုရားကြီးကုန်းတော်ပေါ် ဘုရားတက်ဖူးပြီး တောင်ဘက်စောင်းတန်းဆင်းခဲ့ကြရ၏၊ ဈေးဆိုင်များပိတ်ထားကြသည်။ လိပ်ကန်စစ်သားများသာ ဘုရားကြီးပေါ်တက်ကြ

ဆင်းကြသည်ကို များစွာတွေ့ရသည်။ ဦးဝိစာရလမ်းမှ မြေနီကုန်းသို့လာခဲ့ကြရာ ကုလားတွေများစွာနေသော ရပ်ကွက်ဖြစ်သည်။ မြေနီကုန်းထဲ၌ နတ်ကနားပွဲတွေ ဆိုင်းက တခြိမ့်ခြိမ့်နှင့်ကနေကြ၏၊ ဈေးဆိုင်တွေပိတ်လျက် စိန်ဘင့်ဆင့်ကျောင်း၌ ကျောင်းသူ ကပြားမတွေ ကနေကြ၏၊ ဘရင်ဂျီမယ်သူတော်လည်း များစွာမြင်ခဲ့ရ၏။

တစ်နေရာ၌ ကုလားဒိုဘီအိမ်ရှေ့တွင် အဝတ်တွေစီတန်းလှမ်းထားသည်ကို တွေ့မြင်၍ ဦးကုသလက "စူလယာတစ်သက် ဖျင်တဘက်တဲ့" ဟူ၍ပြော၏၊ "ဘာအဓိပ္ပာယ်လဲ"ဟု မေးရာ "ဒီကုလားမျိုးတစ်သက်မှာ ဖျက်လက်တစ်ဖက်ရှိသည်၊ ၎င်းကုန်လျှင် သေတော့သည်"ဟုပြော၏၊ ကောင်းစွာနားမရှင်းပေ။

ပြည်လမ်းအတိုင်း ခြေကျင်လျှောက်၍ ပြန်ခဲ့ကြရာ ကျောင်းသို့ (၅)နာရီမှ ရောက်သည်။ နေသူရိန်သတင်းကြားလိုသဖြင့် ဦးညို၊ ဦးလုံးထော်၊ ကိုဘအေး၊ မောင်ချစ်ထွန်း၊ မောင်ပြုံးချို၊ မောင်မြဒင် စသည်တို့ကျောင်းကစောင့်နေနှင့်ကြ၍ တစ်ဆင့် ပြောရပြန်သည်။ ကြားရသူတိုင်း အားရနေကြ၏။ ထိုညက ညောင်းညောင်းနှင့်အိပ်ပျော် လှသည်။ သို့သော် ညောင်းချိချိနှင့် ကိုယ်ပူပြီး နည်းနည်းဖျားလေရာ နောက်ရက်မိုးထိန်ထိန် လင်းမှ အိပ်ရာကထ၍ရသည်။ ထပြီးလျှင်လည်း နေထိုင်မကောင်း၊ ညကစကားပြောရ များသောကြောင့် လေပွပြီး ဆွမ်းစား၍လည်းမရပေ။

## ဘုရားဖူးသွားကြရန်

၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆန်း(၁၄)ရက်။ နံနက် (၉)နာရီခွဲအချိန် တပ်တိုင်း ကျောင်းသို့ ထောပတ်ဆွမ်းစားပင့်၍သွားရ၏၊ ရွာမဆရာတော်ကြီးက ဝါကျွတ်လျှင် ဘုရားတန်ခိုးကြီးတွေ လှည့်ဖူးကြရအောင် ခရီးစရိတ်အတွက် ပျော့သံ၊ စည်သံမှုရသမျှ ကလေးများ စုထားရမည်ဟု အမိန့်ရှိလိုက်၏၊ ရှေးအခါ သီဟိုဠ်ကျွန်းမှ မထေရ်ကြီးငယ် တို့သည် ဝါပကာလတွင် ဘုရားဖူးလှည့်လည်ကြပုံကို သတိရအားကျကာဝမ်းမြောက် နေတော့သည်။

သက်တော်ထင်ရှား ဘုရားမရှိသည့်နောက် ဘုရားရှင်၏ဓာတ်တော်မွေတော် ကိန်းဝပ်ရာစေတီတော်၊ ပုထိုးတော်တို့သည် ယခုအခါ ကိုယ်စားတော်များဖြစ်ကြ၏၊ ဘုရားရှင်လက်ထက်တော်က ကေုဒါနိယမထေရ်၏ ရှေးအတိတ်ဝတ္ထုမှာ အတ္ထဒဿီဘုရား ရှင်၏ သာသနာတွင်းဝယ် ဘီလူးစစ်သူကြီးဖြစ်လေရာ ဘုရားပရိနိဗ္ဗာန်စံယူပြီးမှဖြစ်ရ၍

"ငါ၏ဘဝကား အရအတော်လေစွ၊ ဘုရားရှင်တား လျှါဒါန်းပူဇော်ဖူးမြော်ခွင့်မရနိုင်တော့ပါတကား"ဟု ဝမ်းနည်းစွာ ငိုကြွေးလျက်နေသည်ကို အရှင်သာဂရမထေရ်မြတ်မြင်၍ "မငိုလင့်. . . ဘုရားရှင်၏ ဓာတ်တော်မွေတော် စေတီတော်ကို ရှိခိုးပူဇော်လျှါဒါန်းလော့၊ စေတီတော်ကို ရိုသေမြတ်နိုး ရှိခိုးပူဇော်ဖူးမြော်ခြင်းသည် စေတနာတူမျှသည်ရှိသော် သက်တော်ထင်ရှား ဘုရားရှင်ကို ပူဇော်ရခြင်းနှင့်တူမျှသောအကျိုးရနိုင်သည်"ဟု ပြောလေသည်။ ဘိလူးစစ်သူကြီးသည် ထိုမထေရ်ညွှန်ပြတိုင်း (၅)နှစ်တိုင်တိုင် ဆီမီး၊ တံခွန်၊ ပန်းမန်တို့ဖြင့် နေ့စဉ်ပူဇော်၍ ရှိခိုးဖူးမြော်လေသည်။ ထိုကောင်းမှုကြောင့် လူ့နတ်စည်းစိမ်ကောင်းရာဘဝတို့၌သာ လှည့်လှည်၍ ကြိမ်ဖန်များစွာခံစားပြီးလျှင် ကဿပဘုရားရှင်လက်ထက်၌ ရဟန်းဖြစ်လာ၏၊ ထိုထိုဘဝမှ နတ်ပြည်သွား၍ လူ့ဘုံ၊ နတ်ဘုံလှည့်လည်ပြီးလျှင် ငါတို့ဘုရားလက်ထက်တွင် ဇေဂုဒါနိယမထေရ်ဖြစ်လာလေသည်။ ထို့ကြောင့် စေတီပုထိုးအမျိုးမျိုးတွေ လှည့်လည်ဖူးမြော်ရခြင်းသည် မြတ်သောအကျိုးရကြောင်းမဟုတ်လော။

# အလိုသို့မလိုက်သော ခန္ဓာကိုယ်

၁၃၀၇-ခုနှစ်၊ ဝါခေါင်လပြည့်နေ့။ ယနေ့ ဥပုသ်သည်များကို ထုံးစံအတိုင်း (၉)နာရီအချိန် သီလပေးပြီးလျှင် အနတ္တလက္ခဏတရားဟောလိုက်သည်။ မိမိနေထိုင်မကောင်းခြင်းနှင့် စပ်လျဉ်း၍ ခန္ဓာကိုယ်ကြီးသည် မမြဲပုံ၊ အလိုသို့မလိုက်ပုံ၊ မခိုင်ခံ့ပုံ အနိစ္စခဲကြီးသာဖြစ်ကြောင်း၊ စင်စစ်အနတ္တတရားသာ လွှမ်းမိုးအုပ်ချုပ်နေကြောင်း၊ လူ၏ခန္ဓာကိုယ်သာမဟုတ်၊ မြင်မြင်သမျှ သင်္ခါရတရားတို့သည် ဘယ်ဟာမှအမြဲမရှိ၊ ဤအရိပ်အာဝါသအဆောက်အအုံသည်လည်းကောင်း၊ သစ်ပင်၊ တောတောင်၊ ရေမြေတို့သည်လည်းကောင်း ဘာမှမတည်တံ့၊ မခိုင်မြဲကြောင်း၊ နောက်ဆုံးကမ္ဘာကြီးပင် အန္တရကပ်ပေါင်း ၆၄-ကပ်စေ့သောအခါ မီးလောင်၍ပျက်စီး ပျောက်ကွယ်သွားရပေဦးမည်၊ မဟာပထဝီမြေကြီးပါ ပျောက်၍ သင်္ခါရမကြွင်း ဟင်းလင်းအပြင်သာ တည်ရသောအဖြစ်မျိုးရောက်ရဦးမည်စသော သင်္ခါရသဘောကိုဟောရာ တရားနာသူတို့ အထူးစိတ်ဝင်စားကြ၏။

ဆက်လက်၍ အာသယာနုသယဉာဏ်တော်ဆိုတာ ပညာဇေတဒဂ်ရသော အရှင်သာရိပုတ္တရာပင်မရ၊ ဘုရားရှင်မှသာရ၍ ပုဂ္ဂိုလ်၏စရိုက်ကိုသိစွာ တရားဟောပြရခြင်း၊ ကမ္မဋ္ဌာန်းပေးနိုင်ခြင်းများကို သာဓကပုံများပြ၍ ဟောရ၏၊ ယခုကာလ ကလေးမိဘတို့သည် ထိုဉာဏ်ကိုမရကြ၍ ကလေးများ၏စရိုက်အလိုကို မသိဘဲ ရိုက်နှက်ဆုံးမကြပုံကို ပြောဟောရာ သဘောကျကြလေသည်။ ယနေ့လည်း ယခင်နတ်ကတော်အိမ်က

နေ့ဆွမ်းစား တစ်ပါးတည်းပင့်၍ သွားရပြန်သည်။ "ကျောင်း၌ဆွမ်းတွေ့ ဟင်းတွေပေါသော ဥပုသ်နေ့မှ ဆွမ်းစားပင့်ချင်လိုက်ရပုံက အတော်အချိုးမကျတဲ့ နတ်ကတော်၊ ဒါကြောင့် အဟိုကြီးဖြစ်နေတာပဲ၊ သူ့ဟင်းတွေကလည်း ဖွယ်ဖွယ်ရာရာလည်းမဟုတ်ဘဲနဲ့"ဟု ဆိုလိုက်ချင်၏။

ထိုည ရေဒီယိုတွင် မောင့်ဘက်တန်က ဩဂုတ်လ ၂၃-ရက်၊ ကြာသပတေးနေ့တွင် မြန်မာပြည်စစ်မြေပြင်အတွက် စစ်ပြေငြိမ်းရေးလက်မှတ်ရေးထိုးရန် ဂျပန်ကိုယ်စားလှယ်များ ရန်ကုန်မြို့သို့ ရောက်လာကြမည်ဟု ပြောသံကြားရ၏၊ သတင်းစာများတွင်လည်း ထိုသတင်းအပြည့်အစုံပါလာကြလေသည်။

## ကုလားမယား ရက်မထားရ

ညနေ (၅)နာရီအချိန် ကမာရွတ် ၁၀-လမ်းမှ အသုဘတစ်ခုလာပင့်၍ သုသာန် လိုက်သွားရာ အသုဘပို့သူတို့သည် မြန်မာထက် ကုလားတွေကများ၏၊ ရေတပ်စစ်သား ကုလားများပင်ပါကြသည်။ ထိုကုလားတို့သည် ရိုသေစွာထိုင်၍ ရဟန်းသံဃာတို့ကို ရှိခိုးကြပုံတွေ့ရသဖြင့် တစ်ခါကတွေ့ဖူးသော နိုင်ငံခြားသား ၄၀-ကျော်သော ရပ်တော်မူ တွေထက် ဘာသာရေးယဉ်ကျေးမှုရှိသည်ကို ချီးမွမ်းလိုက်မိသည်။

## ဘုရားဟောယဉ်ကျေးမှု စာအုပ်ရေးရန်

၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆုတ် (၁)ရက်။ ညနေပိုင်း တပ်တွင်းကျောင်း၌ ဝါကပ် နေသော မိတ်ဆွေ ဦးကေသရ အလည်ကြွရောက်လာ၍ စကားပြောကြရသည်။ ၎င်းသည် အင်္ဂလိပ်စာကောင်းစွာတတ်၏၊ အင်္ဂလိပ်စာ ကုလားစာတို့မှ ဘာသာပြန်ထားသော ၎င်းရေးသားစာအုပ်များ အကြောင်းကိုလည်း ပြောပြ၏၊ စစ်မဖြစ်ခင်ကထုတ်သော ရွှေမေတ္တာမဂ္ဂဇင်းတွင် "ယောဂဝါသေဋ္ဌ"ဟူသော ကလောင်နာမည်နှင့် ဆောင်းပါးအများ ရေးခဲ့သူဖြစ်၏၊ သူ၏စာများကို သဘောကျသော မတ္တရာဘုန်းကြီးတစ်ပါးက သူ့ထံကြွ လာရန်၊ နေလိုကလည်း အချိန်မရွေးလာနေရန် ပင့်ဖူးကြောင်းသိရ၏။

"အရှင်ဘုရားမှာ လောကုတ္တရာစာပေ ဘုရားဟောပါဠိကျမ်းဂန်နိုင်သူဖြစ်၍ လိုရာထုတ်နုတ်ပြီး ဘုရားဟောယဉ်ကျေးမှုအမည်နှင့် စာအုပ်တစ်အုပ်ရေးသားရန်" မိမိအား တိုက်တွန်းလေသည်။ ရေးမည်ဟု ဝန်ခံလိုက်၏၊ သို့သော်မရေးဖြစ်သေးပေ၊

ကိုယ်ကျင့်တရားနှင့် ယဉ်ကျေးမှုဟူသော စာအုပ်ကိုတော့ စတင်ရေးထားသည်။ မပြီးသေးချေ၊ ဦးကေသရက နိုင်ငံခြားစာပေအကြောင်းနှင့် ကိုယ်ကျင့်တရား၏ တန်ခိုးကြီးကြောင်းကို ပြောပြသွားရာ များစွာကျေးဇူးတင်မိသည်။

နောက်တစ်နေ့တွင် ကိုယ်တိုင်လက်တွေ့လုပ်နေရပုံကို ရိုးရိုးကလေးဖော်ပြ၍ ကျောင်းထိုင်ဘုန်းကြီးအလုပ်သည် ဘယ်လိုအရသာခေါ်မည်နည်းဟူသော ဆောင်းပါးကို ရေးသားလိုက်သည်။ ဖတ်လိုကြသော မိတ်ဆွေဘုန်းကြီးတို့က ငှားဖတ်ကြသည်၊ မည်သည့်စာစောင်မှ မထည့်ဖြစ်ပေ။

# နာယကလေးပါးရှိသောကျောင်း

၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆုတ် (၃)ရက်။ မိတ်ဆွေ ဦးဓမ္မာလင်္ကာရ နံနက် (၈)နာရီခန့် ရောက်လာ၏၊ သူ၏ဇာတိသရက်မြို့သွားရာ အတော်ကြာနေခဲ့ပြီးမှ ရန်ကုန်ပြန်လာခဲ့သည်။ လှေနှင့်လိုက်ခဲ့ရာ ညောင်တုန်းကျမှ မော်တော်ရ၍ (၆)ရက်ကြာမှ ရောက်သည်ဆို၏၊ ကြည့်မြင်တိုင်၌နေလေရာ သူနေသောကျောင်း၌ အောင်လံက (၂)ပါး၊ သံတွဲကတစ်ပါး၊ သရက်နယ်ကတစ်ပါး ပေါင်း နာယက (၄)ပါးရှိရာတွင် သရက်နယ်က ဘုန်းကြီးကို နာယကအဖြစ်မှထုတ်၍ သံတွဲဘုန်းကြီးကနုတ်ထွက်သွားခြင်းကစပြီး ၄-ကွဲ ကွဲကွာနေကြသည်ကို စိတ်ပျက်သောကြောင့် ထိုကျောင်း၌ ဝါမဆိုဟုပြော၏၊ နာယကကျောင်းသည် နိုင်ငံရေးပါတီတွေနှင့် တူသလိုလိုရှိနေသည်။

# စာသင်တိုက်က ပဲဟင်းကျဲ

ဝါခေါင်လဆုတ် (၄)ရက်။ နံနက်ဆွမ်း ငံပြာရည်ဖျော်၊ ကန်စွန်းရွက်ပြုတ်နှင့် စားကြရ၍ ဦးဓမ္မာလင်္ကာရကို "အားနာစရာ"ဟုပြောရာ "ညောင်တုန်းတိုက်သစ်နှင့်စာလျှင်တော်ပါသေးတယ်"ဟု ပြန်ပြော၏၊ သူ့အရပ်မှပြန်လာစဉ် ညောင်တုန်းမြို့ဆရာတော် ဦးနန္ဒဝံသ သီတင်းသုံးသည့် သံဃာ ၈၀-ခန့်ရှိသော တိုက်သစ်၌ တည်းခိုခဲ့ကြောင်း၊ ဆွမ်းစားရာတွင် ပဲဟင်းကျဲကြီးနှင့်သာ စားကြရရာ ဟင်းမှာကျဲလှရာ ရေတစ်ခြားပဲဆံ့တစ်ခြားမြှုပ်နေ၍ ဟင်းနှင့်ပင် မတူကြောင်း၊ ဆရာတော်နှင့်စာချဘုန်းကြီးများလည်း သီးခြားဆွမ်းအုပ်မရှိ၍ ထိုပဲဟင်းရေလုံပြုတ်ပင်လယ်ဝေနှင့်ပင် နေကြရရာကြောင်းပြောပြ၏။

ကျောင်းကြီးမှာ တစ်ဆောင်တည်းဖြစ်သော်လည်း (၃)ထပ်ဆောက်ထား၍ ကျယ်ပါပေ၏၊ စာသင်သားတို့မှာ နေ့စဉ်စားသောက်ရေး ညှဲဖျင်းလှလျှင် မပျော်နိုင်ကြဟု ဆို၏၊ ဤတွင် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ခြားနားခြင်းရှိပေသည်။ အညာဒေသတွင် မန္တလေး၊ စစ်ကိုင်း၊ ပခုက္ကူ၊ မြင်းခြံ၊ မုံရွာ၊ ရွှေဘိုစသောမြို့တို့မှာ စာသင်သားတို့သည် သပိတ်တစ်လုံးပါလျှင် ပြီးတော့သည်။ နံနက်စောစောကိုယ့်သပိတ်နှင့်ကိုယ် ဆွမ်းခံထွက်၍ စားသုံးနေကြကြောင်း လွယ်ကူပေ့ါပါးကြသည်။ အောက်အရပ်ဒေသမှာ ယင်းသို့မဖြစ်၍ စာသင်တိုက်တည်ထောင်သူက သို့မဟုတ် ဆရာတော်က တာဝန်ယူကြရသည်။ နှစ်ထပ်လုံးမဟုတ်စေကာမူ နံနက်ဆွမ်းသော်လည်း အားထုတ်ကြရသည်။ တာရှည်လျှင် ကြီးလေးသော ဝန်ဖြစ်လာကြသည်။

# ပြင်ရှာပါ၏ မမှန်တတ်

"ရောက်တဲ့အခါ ဦးဓမ္မလင်္ကာရ နာရီပြင်တတ်လျှင် ပြင်ခဲ့စမ်းပါ၊ ကျောင်းတိုင်ကပ်နာရီကြီး အသွားမမှန်"ဟုပြောရာ ပြင်ပေးခဲ့ရာ၏၊ သို့သော် အသွားကားမှန်၏၊ နာရီမတီးဘဲ ဖြစ်နေသည်။ တစ်ခါတစ်ရံထိုးပြန်ပါသော်လည်း ၂၉-ချက်သော်လည်းကောင်း၊ အချက်ပေါင်း ၂၂၀-တိတိသော်လည်းကောင်း ထိုးနေလေရာ ရယ်စရာဖြစ်နေ၏၊ ထိုည ခြင်ထောင်ဖြုတ်ပြီး အလျှော်ခိုင်းထား၍ ခြင်ထောင်မရှိဘဲအိပ်ရာ ခြင်ကိုက်၍အိပ်မရပေ၊ သက်နှံးခြုံ၍ အိပ်ပြန်တော့လည်း အိုက်လှသည်။ ရန်ကုန်ဥတုက တစ်မျိုးပေ၊ မိုးတွင်းကာလ မိုးရွာလျက်လည်း အိုက်လေ့ရှိ၏။

# ပရိသတ်နည်းသော်လည်း

ဝါခေါင်လဆုတ် (၈)ရက်။ ယနေ့ဥပုသ်ဇရပ်၌ ဥပုသ်သည်မများလှ၊ လူကြီးထဲမှ ဦးလုံးထော်၊ ဦးဘိုးဆန်း၊ ဦးထွန်းလှတို့ပါကြ၏၊ "ပရိသတ်နည်းစေကာမူ မြတ်စွာဘုရားရှင်သည် ကျွတ်ထိုက်သောသတ္တဝါဖြစ်လျှင် တစ်ဦးသောနတ်, တစ်ဦးသောလူကိုပင် ဂရုတစိုက် တရားဟောတော်မူလေ့ရှိသည်။ ကေသရာဇာခြင်္သေ့မင်းတို့မည်သည် သေးငယ်သော ယုန်ကလေးဖြစ်စေ အင်အားလျှော့၍မဖမ်း၊ ပကတိအစွမ်းဖြင့်သာ ဖမ်းလေ့ရှိသည်။ ထို့အတူ ဘုန်းကြီးလည်း ပရိသက်နည်းစေကာမူ ဟောနေကျအတိုင်း တရားဟောမှာပဲ"ဟု ကြွက်သေတစ်ခုအကြောင်းပြု၍ ကံ, ဉာဏ်, ဝီရိယစွမ်းဖြင့် သူဌေးဖြစ်သွားသော စူဠသူဌေးဇာတ်ကို ဟောလိုက်၏၊ သဘောကျကြ၍ ဝတ္ထုပင်ထလှူကြသည်။

ကုက္ကိုင်းလမ်းကွေ့ အင်းလျားကန်စောင်း သူ့ဆွေမျိုးများထံသို့ ကြွသွားသော ဦးပဥ္စင်းကြီးလည်း ဥပုသ်စောင့်သူတစ်ယောက်မှမရှိကြောင်း၊ ပြန်လာသောအခါ ပြောလေသည်။ ဤနေ့ ဘာ့ကြောင့် ဥပုသ်စောင့်ချင်စိတ် မရှိကြပါလိမ့်။

## ဗိုလ်ချုပ်တရားပွဲ

၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆုတ် (၉)ရက်။ အင်းစိန်မြို့နယ် ပြည်သူ့လွတ်လပ်ရေးအဖွဲ့မှ ကျောက်ဝိုင်းစေတီမြေ၌ တရားပွဲကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်း လာရောက်တရားဟော၏၊ မြန်မာ၊ ထိုင်း၊ ရုရှား၊ အမေရိကန် (၄)ဦး စုစည်းပြီဖြစ်ကြောင်း၊ မြန်မာပြည်၌ တိုင်းရင်းသားဖြစ်ကြသော မွန်၊ မြန်မာ၊ ရခိုင်၊ ထားဝယ်၊ ရှမ်း၊ ကရင်၊ ကချင်၊ ချင်းတို့ တစ်သွေးတစ်သားတည်းရှိဖို့လိုကြောင်း၊ ဇာတ်ပွဲများမှ တိုင်းရင်းသားအချင်းချင်း သွေးကွဲစေမည့် ရှမ်းဓားပြတို့၊နန်းကျင်ဇာတ်၊ ချင်းဖဝေးဇာတ် မကပြသင့်ကြောင်း၊ ယခုကစ ရှောင်ရမည်။ ထိုင်းသီချင်းကို ဆိုသဖြင့်နှစ်ပြည်မှာ တစ်ပြည်တည်းလို ရာဇဝင်စ၍ဖြစ်နေ၍ ကျေးဇူးရှိကြောင်း စသည်ဟောပြောသွား၏။ လူပရိသတ်များလှသည်။ ရဟန်း, သံဃာတွေလည်း များ၏။

## လာဘ်ပေးမြှောက် ဒဏ်ပေး၍ခြောက်

ဝါခေါင်လဆုတ် ၁၀-ရက်။ တပ်တွင်းကျောင်း ဦးကောဝိဒကပင့်၍ ကမာရွတ်ဆပ်သွားကုန်းရပ် ဒေါ်နှင်းဆီအိမ် မုန့်ဟင်းခါးဆွမ်းစားကြရသည်။ သံဃာလည်းများ၏ အကျွေးအမွေးလည်း သန့်ရှင်းဖွယ်ရာ မျိုးစုံလှပေသည်။ လက်ဖက်ရည်သောက်ကြစဉ် ရွာမဆရာတော်ကြီးက ကျောင်းသားများကို စနစ်တကျဆိုဆုံးမရေးနှင့်စပ်၍ အမိန့်ရှိရာ တပ်တွင်းကျောင်း ဦးကေသရကလည်း လူစာသင်ကျောင်းမှာဖြစ်စေ၊ ဘုန်းကြီးကျောင်းမှာဖြစ်စေ ကျောင်းသားများကို လာဘ်ပေး၍မြှောက်, ဒဏ်ပေး၍ခြောက်နည်းမသုံးဘဲ မိမိ၏ပကတိသန့်ရှင်းသောစိတ်နှင့်သာ လိမ္မာရေးခြားရှိလာအောင် ပြုပြင်ပေးရန် သင့်ကြောင်း၊ အားတိုက်အင်တိုက်သင်ကြားမှုကိုလည်း မပြုသင့်၊ သူတို့၏ဉာဏ်, ဝီရိယကိုကြည့်၍ ဖြည်းညင်းစွာ သင်ပေးမှသာ ပညာတည်မြဲကြောင်း လျှောက်လေသည်။

ထိုအကြောင်းနှင့်စပ်၍ ရွာမဆရာတော်ကြီးက ကျောင်းထိုင်ဘုန်းကြီးများနှင့် ခန်းနေတပည့်ရဟန်းတို့အကြောင်းကိုလည်း အမှတ်မထား မရှိသင့်ကြောင်း၊ ရှေးက မန္တလေးဆရာတော်ကဲ့သို့ မဖြစ်ရန်ဟူ၍ စာချိုးတစ်ပုဒ်ကိုလည်း ရွတ်ပြတော်မူသေး၏။

"မာတလဲ၊ မခါသံ၊ သူပြုသည့်၊ သာဓမ္မဘုန်း၊ ဒသောငယ်ထန်၊ လဘောပေါ်လျှံလို့၊ နာပေါက်ရဲလှူတော်တွက်ကို၊ ဖုန်းဝှက်လို့သုံး"ဟူ၍ဖြစ်၏။

မန္တလေးဘုရင့်ခေတ် သုဓမ္မာဝင်ဖြစ်သော မန္တလာဆရာတော်သည် ဘုန်းကြီးကံကြီးဖြစ်၍ လူဒကာတို့က နောက်ပါသံဃာများနှင့်တကွ မကြာခဏပင့်ဖိတ်ဆွမ်းကပ်လှူဒါန်းလေ့ရှိကြရာ ကျောင်းရောက်လျှင် နောက်ပါတပည့်တို့အတွက် အလှူဝတ္ထုများကို ခွဲဝေမပေးဘဲ ရောသိမ်းထားပြီး သုံးစွဲနေတတ်ကြောင်း၊ မခံနိုင်သော တပည့်စာတတ်တစ်ပါးက အထက်ပါစာချိုးကို ဆရာတော်၏ကျောင်းတံခါး၌ ရေးထားသောဟူ၏၊ ထိုစာမြင်သောအခါမှ "အင်း . . မှန်ပေရဲ့"ဟု သတိရကာ ဆရာတော်သည် နောက်ပါတပည့်များကို ခေါ်ယူစုဝေးစေပြီး ရှိသမျှ ပစ္စည်းအားလုံးထုတ်ဝေပေးလိုက်သတဲ့၊ ဒေါသထန်သော ဓလေ့၊ ဝေါက်ငန်းခြင်းလည်း ဆင်ခြင်သွားတော့သည်ဆို၏။

# ကျောင်းနေရာနှင့် ပျော်ပိုက်ရာ

ထိုအိမ်မှထပြန်ခဲ့ကြလျှင် ဆရာတော်ကြီးနှင့်အတူလာခဲ့ကြရာ သစ်ပင်များအုပ်ဆိုင်းနေသော ကုလားတိုက်အိမ်ခြံတစ်ခုကို ညွှန်းပြ၍ "ဒီနေရာ ဦးဥတ္တမကျောင်းနေရာ မြေရလျှင် ကောင်းတယ်"ဟု အမိန့်ရှိ၏၊ သစ်ပင်အရိပ်အာဝါသနှင့် သန့်ပြန့်၍ နေဖွယ်ကောင်းသော နေရာဖြစ်သည်။ ဆရာတော်ကြီးစေတနာမှာ ကမာရွတ်တွင်သူနှင့်နီးနီး "တိုးတိုးဖော်"ဟူသကဲ့သို့ အမြဲနေစေချင်ရှာ၍ဖြစ်မည်။ ယခုကျောင်းတည်ထားသော နေရာမှာ ဒီရေတက်သောလယ်ပြင်ဖြစ်၍ နေရာမကောင်းပေ၊ မပျော်ပိုက်လျှင် အခြားဝေးလံရာသို့ ရောက်သွားလေမည်လားဟု စိုးရိမ်ပုံလည်းရသည်။

သို့သော် မိမိကား ရန်ကုန်ကိုပင်မပျော်ချေ။ ဒကာကြီးဦးဘိုးလူက မရမ်းတစ်ပင်မှ နေရာတစ်ခုကိုလည်း ညွှန်ကြားလျှောက်ထားဖူး၏၊ တရုတ်လူချမ်းသာတစ်ဦးကလည်း မိမိအတွက် ကျောင်းကောင်းတစ်ဆောင်ဆောက်လုပ်လှူလိုကြောင်းလျှောက်ဖူး၏၊ တူတပည့် တစ်ဦးကလည်း "ဆရာတော်အလိုရှိသောနေရာ၌ တစ်သောင်းကုန် ကျောင်းတစ်ဆောင် ဆောက်လုပ်လှူပါရစေ"ဟု လျှောက်ဖူး၏၊ မည်သို့ပင် အကြံပေးညွှန်ကြားလျှောက်ကြစေကာမူ အဖြစ်အပျက်မြန်လှသောခေတ်ကာလကြီးကို မျက်မြင်သံဝေဂရနေပြီဖြစ်သော မိမိအဖို့မှာ နေရာကိုလည်းကောင်း၊ ကျောင်းကန်ကိုလည်းကောင်း၊ ရင်းနှီးသော သံယောဇဉ်ကိုလည်းကောင်း ဘာမှမလိုချင်တော့ပေ၊ သံယောဇဉ်ဝေးရာ၌သာ တစ်ပါးတည်း တိတ်ဆိတ်စွာနေရန် အကြံရှိနေသည်ကို မသိကြပေ။

# တစ်ပါးသူအပူ ဘုန်းကြီးလာမကပ်စေလို

၁၉၀၇-ခုနှစ် ဩဂုတ်လဆုတ် ၁၁-ရက်။ နံနက်ပိုင်း စာဝါချပြီးစ ကိုဘအေး စကားပြောနေ၍ ခေတ္တထိုင်နေစဉ် ကျောင်းသားကလေးတစ်ယောက်လာ၍ စာတစ်စောင် ပေးလာ၏၊ စာမှာမိန်းမလက်ရေးနှင့် တောင်ဘက်နိဗ္ဗာန်ရပ်၌နေသော ကိုထွန်းတင်အဖမ်း ခံရကြောင်း သူ့ဇနီး မသန်းရီဆိုသူက ပေးသောစာဖြစ်၏၊ ၎င်း၏အစ်မဆိုသူလည်း မကြာမီ ဆပ်လိုက်လာပြီး အကြောင်းစုံလျှောက်လေသည်။

ကမာရွတ် သုသာန်အနီး၌နေသော ဘချစ်ဆိုသူက အထုပ်တစ်ခုလာပို့ပြီး ပုလိပ်နှင့် ထပ်ကြပ်လိုက်လာကာ ပစ္စည်းအားလုံးသိမ်းယူ လူပါဖမ်းသွားကြောင်း၊ ကိုထွန်းတင်ပါ ခိုးသူအဖြစ်အမှုဆင်ထားပုံမှာ အရပ်မြင့်မြင့်နှင့် ထိုသူသည် လက်ကိုင်ပုဝါကို ရေဆွတ်၍ပွတ်လျှင် အသံမကြားရဘဲ မှန်ကိုခွဲယူစွမ်းနိုင်သူဖြစ်ကြောင်းစွဲ၍ (၁) တရားခံ ဖြစ်နေကြောင်းသိရ၏၊ ကမာရွတ်တောင်းကော်မတီရုံး၌ စစ်ဆေးမည်ဆိုပြီး မစစ်ဆေးဘဲ အင်းစိန်၌ ရွှေ့ယူကြောင်း၊ ကြည့်မြင်တိုင်ကရှေ့နေတစ်ဦးငှားရာ ၇၀၀-ကျပ်တောင်းပုံ၊ ဈေးဆစ်၍ ၃၅၀-ကျပ်နှင့်ရခဲ့ပုံလည်း လျှောက်၏၊ ညနေတွင် တစ်ခါ မသန်းရီနှင့် ညီအစ်မ နှစ်ယောက်လာပြန်၏၊ ထို့နောက်ရက်တို့တွင်လည်း ရောက်လာနေကြတော့သည်။

အမှန်မှာ ၎င်းတို့နှင့်ဘုန်းကြီးသည် ဆွေမျိုးမတော်၊ အထူးရင်းနှီးသော ဆရာဒကာလည်း မဟုတ်ကြပေ၊ ဆွမ်းပင့်ကပ်ဖူးခြင်းနှင့် ရံခါစကားပြောဆိုနေကြဖူးရုံမျှသာ ဖြစ်၏၊ မိမိမှာဆွေမျိုးကလွဲလျှင် ရင်းနှီးစွာခင်မင်သောဒကာဟူ၍ မရှိဖူးချေ။ သို့စဉ်လျက် ၎င်းတို့မှာလည်း မတွေ့ဖူးသော ဒုက္ခကြီးကြုံနေရ၍ ဘာမှကြံရာမရသောကြောင့် သူ့ယောကျ်ားနှင့် ခင်မင်ဖူး-သိကျွမ်းဖူးသော ဘုန်းကြီးဟာ ထက်မြက်ပုံရသည်၊ ကျော်ကြားသော ဘုန်းကြီးတစ်ပါးလည်းဖြစ်သည်၊ ကူညီနိုင်စာနိုင်ကောင်းရဲ့ဟု လွတ်အောင် ဆောင်ရွက်ပေးစေလိုသောကြောင့် ချဉ်းကပ်ကြဟန်ရှိသည်။ သို့ရာတွင် သူတို့အထင်နှင့် ပွဲလှ၏ ဘုန်းကြီးကား ရုံး ဂါတ်နား သိဖူးသူမဟုတ်၊ သံရန်လည်းဝါသနာမပါ၊ မင်းကျွမ်းဝင်လိုသူမဟုတ်၊ မည်သူ့အတွက်မှ ယင်းသို့သောကိစ္စမျိုးကို ဆောင်ရွက်ပေးဖူးခြင်း မရှိပေ။ ယခုသူတို့လာလျှောက်၍ မလွှဲသာသဖြင့် နားထောင်လိုက်ရသည်ပင် စိတ် မကောင်းချေ။

ရန်ကုန်၌ ငါမပျော်ခြင်းသည် ယင်းသို့သော မဆိုင်ရာလာမှောင့်တတ်ကြသူ တို့ကြောင့်၊ သူတစ်ပါးအပူ ဘုန်းကြီးထံလာကပ်သည်ကို မကြိုက်သောကြောင့်လည်း

ဖြစ်သည်။ စိတ်မချမ်းမြေ့ဖွယ်ကို ထပ်ခါမကြားချင်၊ ဘုန်းကြီးထံ ထပ်ခါလာနေသည်ကိုလည်းမလိုလား၍ နောက်ဆုံးဖြစ်စေဟု တစ်နေ့သ၌ လာကြရာတွင် တစ်ခါကရိုးမတောင်ပေါ်မှ ကောက်ယူလာခဲ့သော မြိုင်စိန်ခေါ်သည့်ကျောက်ဖြူခဲကလေးတွေထုတ်ထားလျက် ရှိသည်ကို သတိရ၍ မိမိလည်းဘာမှသုံးသည်မဟုတ်သောကြောင့် "ရော့-အဲ ၂ယူသွား၊ ဖြစ်သလိုသုံးလေ၊ ဘုန်းကြီးဘာမှမတတ်နိုင်ဘူး"ဟု ဝတ္ထု ၁၀-ကျပ်ပါ စွန့်လိုက်၏။ လွတ်ကရောကျွတ်ကရောဟု သဘောထားလိုက်သည်။ ထိုသည်နောက် မလာကြတော့ချေ၊ ရှေ့နေငှားသော်လည်း ထောင်ကျသွားသည်ဟု သိရ၏။

နောက်နောင်တွင် ဆွမ်းစားပင့်၍ မလိုက်ဝံ့လောက်အောင် ယင်းသို့အပူကပ်ခြင်းမျိုးကား ကြောက်လှသည်။ ထိုည သံဝေဂရလှသဖြင့် ဂုဏ်တော်ကိုအထူးတလည် ပုတီးစိပ်နေလိုက်၏။

## ငွေချေးသော ဒကာ

၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆုတ် ၁၂-ရက်။ နံနက်စောစော ဒကာတစ်ဦးက မုန့်ဆီကြော်နှင့် ပဲခြမ်းကြော်တွေလာလှူ၏၊ စာချနေခိုက် ဦးကံထွန်းက မုန့်ဟင်းခါးတွေလာလှူပြန်ရာ တစ်ကျောင်းလုံး ဝစွာစားကြရ၏၊ ဗောဓိကုန်းမှ ကိုအောင်စိန်၏သားကျောင်းသားဟောင်း မောင်ဗိုလ်က ဗလာစာအုပ်ထု (၂)အုပ် လာလှူခြင်း၊ ထို့နောက်ရွာမဆရာတော်ကြီးထံမှ ကျောင်းသားလှစိုးလွှတ်၍ သဘော်သီးမှည့်ကြီးနှင့် ငှက်ပျောသီးများ ပို့လာပြန်ရာ ဒီနေ့တယ်အလှူလာပါလား၊ မနေ့ညက ဂုဏ်တော်ပုတီးစိပ်မိသည့် အကျိုးအာနိသင် ပင်လော ထင်ရမလို။

နေ့ဆွမ်းစားခါနီး ဒကာတစ်ဦးက "ငွေ ၂၅-ကျပ်လောက်ချေးပါ၊ စက်ဘီးရောင်းသူလာနေ၍ပါ"ဟု လျှောက်လာ၏၊ ဘုန်းကြီးရန်ကုန်ရောက်ပြီးမှ အထူးဆန်းဆုံးတွေ့ရသော ကိစ္စပေ၊ ငွေမများသော်လည်း အစရှိကအနောင်နောင် တစ်ယောက်ကစတစ်ရာ နည်းလမ်းထုံးတမ်းဖြစ်တတ်၍ မချေးလိုပေ၊ "နည်းနည်းတော့ရှိတယ်၊ ဒါပေမယ့်သူများချေးငှားဖို့မဟုတ်၊ ရှေ့လဆန်းခရီးသွားဖို့ ထားတာဖြစ်တယ်"ဟု ပြောလိုက်၏၊ "ညနေလာပေးပါမယ်"ဟူ၍ ဇွတ်အတင်းလျှောက်သောကြောင့် ၂၀-ကျပ်ပေးလိုက်ရ၏၊ ဒကာ၏စကား မမှန်၊ ညနေလည်းမလာ၊ နောက်နေ့လည်းမပေး၊ ထို့နောက်နေ့လည်းမပေးချေ။ ရက်ကြာသောအခါ အသုံးလိုသောကြောင့် ကျောင်းသားတစ်ယောက်ကို စာရေးလွှတ်တောင်းခိုင်းမှ ရခဲ့သည်။ ယင်းသို့ ပြန်တောင်းရပါမည်လားဟု ဘုန်းကြီးကို စိတ်ဆိုးကြောင်းကြားရ၏။

အခါတစ်ပါးက ကျိုက်လတ်မြို့၌ သီတင်းသုံးနေသော နာမည်ကျော် ဆရာတော်ကြီးက စစ်ကိုင်းနယ်မှ ရောက်လာသော ဦးပဥ္စင်းတစ်ပါးကို "ဦးပဥ္စင်းအဆင်ပြေနေမည်ဆိုလျှင် အောက်ဒကာတို့သဘောကို နားလည်ပြီလား"ဟု မေးပြီး မလည်သေးကြောင်း ပြေကြားလျှင် "လာခဲ့"ဟု ကျောင်းအနီးရှိချောင်းသို့ ခေါ်ယူကာ ဒီရေတက်၍ ပြည့်လျှံနေသည်ကိုပြ၏၊ အတန်ကြာလျှင် တစ်ဖန်ခေါ်၍ ထိုချောင်းကိုပြပြန်ရာ ရေများကျသွား၍ နုန်းသာကျန်ရစ်သည်ကိုကြည့်စေ၏၊ "အခုတွင်ရေပြည့်လျှံနေတယ်၊ အခုရေတစ်စက်မှ မရှိတော့ဘူး၊ အဲဒါသာကြည့်တော့၊ ကောင်းချင်ခဏ၊ မကောင်းချင်ခဏ၊ ရေမတည်သော အရပ်သားတို့ဟာ စိတ်လည်းမတည်ဘူး၊ သည်းခံနိုင်ပါမှ အောက်ပြည်နေလေ"ဟု မိန့်သောဟူ၏။

ထိုဒကာသည် တစ်ခါက မိမိစာသင်သားဘဝက ရေးမှတ်ထားသော အတော်ထူထဲသည့် လက်ရေးနှင့်စာအုပ်ကြီးများကို အထူးအံ့သြကာ ရပ်ရွာထဲသို့လှည့်၍ပြသချီးကျူးဖူး၏၊ တကယ်စာသင်၍ တကယ်ကြိုးစားအားထုတ်ထားကြောင်းကိုလည်း ချီးမွမ်းဆုံးသူဖြစ်သည်။ ပုထုဇဉ်စိတ်ဟူသည် လျင်မြန်သောပြောင်းလဲခြင်းရှိ၏။ လိုဘနှင့်ကိုက်ညီလျှင် ကောင်း၍ လိုဘနှင့်မကိုက်ညီသောအခါ မကောင်းတော့ပေ၊ ဘုရားဟောနိပါတ်တော်တွင် မျောက်များက သူတို့၏အမြင်နှင့် လူများအပြုအမူကို ကြောက်ရွံ့ကြသကဲ့သို့ မိမိပင်လျှင်လူတွေကို ကြောက်ရွံ့လာတော့သည်။ ဤသည်လည်း ရန်ကုန်၌ မပျော်ခြင်းတစ်ရပ်ပေ။

# ကမာရွတ်ဗျူပွတ်

ဝါခေါင်လဆုတ် ၁၃-ရက်။ နံနက်ပိုင်းတွင် လက်ရေးကော်ပီစာမူတစ်ခုကို ပြင်ဆင်လုံးပန်းနေသောကြောင့် တပ်တွင်းကျောင်းမှ ပင့်ထားသော ဆွမ်းစားကိုသွားရန် အချိန်နောက်ကျသွား၏၊ သို့သော် ဆွမ်းစားချိန်မီပါသေး၏၊ ထိုဆွမ်းစား၌ ရွာမဆရာတော်ကြီးက ပါဠိဆရာတော်ကို "နောင်ပင့်စာရေးလျှင် ပါဠိလိုချည်းမရေးဘဲ နိဿယသို့မဟုတ် မြန်မာစကားပြေပါထည့်၍ ရေးစေလိုပါသည်။ အချို့ပုဂ္ဂိုလ်များမှာ ပါဠိလိုကျွမ်းကျင်စွာမတတ်ကြပါ၊ သူတစ်ပါးကိုလည်း မမေးလိုကြပါ၊ သို့ဖြင့် အမှန်ကိုမသိဘဲ မှား၍လာနေကြမည်ကြောင့် ဖြစ်ပါသည်"ဟု လျှောက်၏၊ "ကောင်းပါပြီ"ဟု လက်ခံရှာ၏။

ထိုပင့်စာကို တစ်နေ့ဆီက ဆုံကြရာတွင် အနက်ပေးကြည့်ကြရာ အချို့ပုဒ်များစကားပြေအောင် မရပေ၊ ဂါထာဖြစ်၍ ပါဌသေသလိုခြင်းလည်း ဖြစ်နိုင်ပေမည်၊ ယနေ့

ကျိုက္ကလေး သိုက်ကလား၊ တိုက်ကလားဟူသော ပြဿနာပြောကြရာမှ "ကမာရွတ်ဆိုတာဟာ ဘာခေါ်သလဲ"ဟု မိမိကလျှောက်၏၊ ရှာမဆရာတော်ကြီးက ကမာကဥျုန်ဘန်ကို အကြောင်းပြု၍ဖြစ်ကြောင်း၊ ကမာ-ရေကန်၊ ကဥျုန် - ရတနာ (၇)ပါး၊ ရတနာ (၇)ပါးရှိသော ရေကန်ဟု အဓိပ္ပာယ်ရကြောင်း ကြားဖူးသည်ဟု မိန့်၏။ ဦးဉက္ကဋ္ဌက ကမာက-ကန် ကရွတ်က-အပျက်၊ ရေကန်ပျက်တွေများသော နေရာဟု မွန်ဘာသာနှင့် ဆိုသတဲ့ဟု ကြားဖူးကြောင်းပြော၏။ ရှာမဆရာတော်က ကမာရွတ်ဆိုတာ လိုရင်းမှာ အိုးသည်ရွာဟု ကြားဖူးကြောင်း၊ အိုးလုပ်အသက်မွေးသူ ဦးကမာနှင့် ဒေါ်ရွတ်တို့နေရာ၌ တည်၍ ကမာရွတ်တွင်ပုံကိုလည်း အမိန့်ရှိလေသည်။

# စားသောက်ရာ၌ ယဉ်ကျေးမှု

၁၃၀၇-ခုနှစ်၊ ဝါခေါင်လဆုတ် ၁၄ ရက်၊ ယဉ်ကျေးမှုအလေ့အထသည် လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ကြီးသော, ငယ်သောမဟုတ် လေ့လာဆင်ခြင်မှုဖြစ်မည်။ နံနက်စောစော ရှာမဦးဘတုတ်အိမ်၌ သံဃာအများဆွမ်းစားရာတွင် ကိုယ်တော်ကြီးတစ်ပါးကနှပ်ယို ကျသည်ကို စားပွဲခင်းနှင့်တစ်ခါ၊ လက်သုတ်ပဝါနှင့်တစ်ကြိမ်ဆွဲယူသုတ်လိုက်၏၊ ရှာမဆရာတော်က "ယင်းသို့မပြုရန်၊ ကိုယ့်လက်ကိုင်ပုဝါနှင့်သုတ်ပါ"ဟုပြော၏၊ ကြက်သားဟင်း စားရာ၌လည်း အရိုးကိုပါးစပ်နှင့်ကိုက်စား၍ "ဒီလိုမကိုက်ပါနဲ့"ဟု ပြောရပြန်၏၊ "ဦးဥတ္တမ သာရ ရေးသော ဂျာနယ်ကျော်ထဲက ဆောင်းပါးတစ်ခုမှာ ကြက်ရိုးကိုက်စား၍ အံ့ဩရပုံ အကြောင်း မတွေ့ဘူးလားဟူ၍"ရယ်စရာလိုလို ဆုံးမသွန်သင်ခါမှ ဆင်ခြင်သွားလေသည်။ ထိုကိုယ်တော်ကြီးသည် အရွယ်ငယ်လှသည်မဟုတ်ပေ၊ အသက် ၅၀-ခန့် ရှိပြီဖြစ်၏။

ပခုက္ကူမဟာဝိသုတာရာမတိုက် ဆရာတော်ကြီး ဆုံးမဖူးသည်မှာ "ပါးစပ်ဖြင့် ကိုက်ဆွဲစားသည်ကို မဆိုထားဘိ၊ အရိုးဆယ်ယူ၍ ပန်းကန်ပြား၌ထည့်ခြင်း၊ စားပွဲပေါ်၌ ပုံခြင်း ဆို့မဟုတ် ပန်းကန်ပြားငယ်တစ်ခု၌ စုထည့်ထားခြင်းကိုပင် မပြုသင့်ကြောင်း၊ စားလိုရာ စားဖြစ်ရာသာ ရွေးယူစားရမည်"ဟု အမိန့်ရှိလေသည်။ အခြားဆရာတော်ကြီး တစ်ပါးကမူ အရိုးကို ပါးစပ်နှင့်ကိုက်ခြင်းသည် မယဉ်ကျေးရုံသာမက လူ၏သဘောကိုပင် လွန်သွားသည်ဟု မိန့်ဖူးရာ တွေးကြည့်ဖို့သင့်၏၊ သူတော်ကောင်းရဟန်း, သာမဏေ တို့သည် လူတို့၏ကြည်ညိုခြင်းကိုခံယူ၍ တင့်တယ်ဖွယ်ရာနေသင့်သည် မဟုတ်ပါလော၊ လူတို့ရှေ့တွင် ဣန္ဒြေရရထက်ဝယ်ဖွဲ့ခွေ သိပ်မွေ့စွာထိုင်၍ ယဉ်ကျေးစွာစားသောက်ပြုရန် လိုပေသည်။

## ရဟန်းကြီးနှစ်ပါး

ကျောင်းပြန်ရောက်လျှင် ယနေ့ဥပုသ်မှာ များပြားလှသော ဥပုသ်သည်များကို ချမ်းအေးခြင်းအကြောင်းနှင့်စပ်၍ သတ္တဝါတို့သည် သံသရာကျင်လည်ကြရာတွင် အမှတ်သညာတမလေ့သည် စွဲထုံ၍ အဆက်ပါလာတတ်ပုံ၊ ဘုရားရှင်လက်ထက်က အရှင်ဇမ္ဗုနှင့် အရှင်ကာလမထေရ်ကြီးတို့ (၂)ပါးပြောကြသော ရာသီဥတုအကြောင်းကို ရှေးဦးစွာဟောပြီး ဘုရားအလောင်းတော်တို့မှာ မအိုမိကာလ၊ မနာမိကာလ၊ မသေမိကာလ ကြိုတင်၍ သားမယား ဥစ္စာတွေကိုစွန့်၊ သံယောဇဉ်နှောင်ကြိုးတွေဖြတ်ခါ တောကြီးတောင်ကြီးသို့ ထွက်မြတ်သောတရားနှင့်ပျော်ရင်း ဘဝကိုအဆုံးသတ်သွားကြပုံကို ဝတ္ထုကြောင်းပြကာ သံဝေဂရဖွယ် ဟောလိုက်သည်။

## အလက်ာစာဝါစ

ကမာရွတ်ရွာသစ်ကျောင်းမှ ဦးမေဃိယလာ၍ ယခင်လျှောက်ထားဖူးသော အလင်္ကာစာဝါကို ယနေ့စတင်ပို့ချလိုက်၏၊ ဘယ်ဆီကသတင်းဆောင်၍ ကြားကြသည် မသိ၊ ဘုန်းကြီးမှာ အလင်္ကာစာဝါအချအပို့ကောင်းကြောင်း၊၊ဆန်းကျမ်းနိုင်ကြောင်း၊ သဒ္ဒါနိုင်ကြောင်း၊ ပါဠိတော်ကိုအလွယ်ချပို့တတ်ကြောင်း စသည်ပြောပြလျက် စာဝါလာရောက်တောင်းခံကြသည်လည်း ပြတ်သည်မရှိပေ၊ သို့သော် ဤအရပ်ဒေသက ဦးပဉ္စင်းများမှာ စိတ်မမြဲ ဝီရိယမမြဲ၊ ဇွဲမသန်ကြပေ၊ အညာနယ်ဦးပဉ္စင်း, ကိုရင်များကဲ့သို့ ကျမ်းပေါက်အောင် သင်ယူသူရှားပေသည်။ စားပွဲအလှူတွေကလည်း ဖျက်ဆီးရာ ရောက်နေ၏။

## ဘုန်းကြီး (၃)ပါးနှင့် ရွာ(၃)ရွာခြားပုံ

စာဝါချပြီး စကား နေကြစဉ် ဟပ်တွင်းကျောင်း ဦးကေသရရောက်လာ၏၊ ကလေးသူငယ်များကို ဆုံးမရေးနှင့်စပ်၍ ဦးကေသရက ရိုက်နှက်ခြင်းမပြုရန်, စိတ်ဓာတ်ကို ကြည့်၍ပြင်ပေးရန်လိုကြောင်း၊ သူ ပုသိမ်နယ်မှာနေစဉ်က ဤသို့ပင်ပြုပြင်ပေးခဲ့ကြောင်း၊ ရွာ (၃)ရွာ၌ ဒါယကာတို့ (၃)စားဖြစ်နေသည်အထိ ခြားနားနေကြပုံကို တွေ့ဖူးရာ ကျောင်းထိုင်ဘုန်းကြီးတို့က မူလပြုပြင်ပေးကြရာတွင် အခြေခံ၍ စတင်ခြားနားခဲ့ကြပုံ လက်တွေ့အကြောင်းကို ပြောပြ၏။ ကမ္ဘာ့ပညာရေးပိုင်းသားတို့၏ ယဉ်ကျေးမှုနှင့်စာလျှင် မြန်မာရဟန်းတို့မှာ စာပေတတ်ကြသော်လည်း အချို့ပုဂ္ဂိုလ်တို့သည် ဆွမ်းပင်ကြည်ညိုဖွယ် မစားတတ်ကြပုံကိုလည်း ပြောလေသည်။

# စိတ်ပြုပြင်လျှင် ဘာမဆိုဖြစ်၏

အထူးသဖြင့် စိတ်ပြုပြင်ရန်လိုသည်။ စိတ်ကြမ်းခြင်း၊ စိတ်ညစ်ညမ်းခြင်းသည် ရဟန်းတို့နှင့် လုံးဝမလျော်ပေ၊ တစ်နည်းလည်း သူတစ်ပါး၏အကြောင့်ကြခံယူနေရလျှင် စိတ်ငယ်၍ ညှဲဖျင်းသွားတတ်သည်။ လခစားအရာရှိ အရာခံတို့မှာ ဤနည်းပင်စိတ်နူးညံ့ကြပုံကို ပီမိုးနင်းကရေးခဲ့ဖူး၏။ စိတ်ပြုပြင်လျှင် ယဉ်ကျေးမှုအလွယ်ဖြစ်နိုင်သည်။ မဟာမေဒင်ဘာသာ ဗလီဆရာကြီးတို့နှင့် ဗရင်ဂျီဘာသာဆရာကြီးတို့၏ စရိုက်အလေ့များကိုလည်း ဦးကေသရက ဆက်လက်ပြောပြသွားလေ၏။ ပေဒင်ဆရာနှင့် နက္ခတ်ဆရာတို့က လူကိုပြုပြင်မခံဘဲ လူကသာရင်းတို့ကို ပြုပြင်နိုင်ရမည်ဟူ၍ ပြောဆိုရာ ဝီရိယဓာတ်ခံရှိသော ပုဂ္ဂိုလ်မှာ စိတ်အားထက်၍ နေရစ်၏။

မှန်ပေသည်၊ ဗုဒ္ဓဘာသာကျမ်းဂန်များတွင် ယဉ်ကျေးမှုတရားများပြည့်စုံစွာရှိနေ၏၊ လိုလေသေးမရှိပေ၊ စိတ်ကိုပြုပြင်လိုက်လျှင် အလွယ်နှင့် ယဉ်ကျေးမှုပြီးမြောက်ပေမည်။ သေခိယကျင့်ပတ်တစ်ခောင်နှင့်ပင် ယဉ်ကျေးမှုအရပ်ရပ် လုံလောက်နေပေတော့သည်။

# ဦးရိုးတော် ဦးရေဝတ

၁၃၀၇-ခုနှစ်၊ တော်သလင်းလဆန်း (၁)ရက်။ အညာဒေသသည် မိမိ၏ရွာအနီး ဂွံသားမွေးရွာသားများ ရောက်လာ၍ အညာသတင်းများကြားရ၏၊ သူတို့ရွာတွေမှ ရွှေဘိုလမ်းကလာခဲ့ရာ မန္တလေးအရောက် (၆)ကျပ်သာကုန်၍ မန္တလေးမှရန်ကုန်သို့ ခရီးစရိတ် ၁၅၀-ကျပ် ကုန်ခဲ့ကြောင်းပြောပြရာ လမ်းခရီးတွေ ဖြစ်ချင်တိုင်းဖြစ်နေကြပုံကို အံ့သြလောက်ပေသည်။

ပြေပြစ်သောသတင်းစကားတို့တွင် ဂွံသားမွေးရွာမှ သက်တော် ၉၀-ကျော်ရှိ ဆရာတော်ကြီး ဦးရေဝတသည် လွန်ခဲ့သောနှစ် တပို့တွဲလအတွင်းက ပျံလွန်တော်မူပြီးကြောင်း သိရရာ သတင်းထူးဖြစ်၏၊ ထိုဆရာတော်ကြီးသည် မယ်တော်ကြီး၏မောင်ဖြစ်ရာ မိမိ၏ဦးရိုးတော်ဖြစ်၏၊ ဘုန်းကြီး၏ မျိုးရိုးရှေးအစဉ်အဆက်ကြည့်လျှင် မယ်တော်ဘက်မှ သားယောကျ်ားမှန်သမျှ ရဟန်းချည်းဖြစ်ကြ၍ သက်တော်ဝါတော်ကြီးရင့်ပြီး အရွယ်အိုမင်းသည့်တိုင်အောင် အသက်ရှည်လေ့ရှိကြ၏၊ ခမည်းတော်ဒကာကြီးဘက်မှ ရှေးအဆက်ကိုကြည့်လျှင် ဘုရားဒကာ, ကျောင်းဒကာဖြစ်ကြ၏၊ ရဟန်းဖြစ်သူရှား၏၊ ဘုန်းကြီးတစ်ပါးတည်းသာ ဖြစ်ဖူးလေသည်။

တွေးမျှော်၍ကြည့်မိသော် ခေတ်ပျက်ကြီးတွင် ဆရာတော်ကြီးတွေ ပျံလွန်သွားကြပြီကို နှမြောဝမ်းနည်းပြီး ကြေကွဲလွမ်းဆွတ်သလို ဖြစ်နေမိသည်။ သို့သော် ဘုရားသော်မှ ပရိနိဗ္ဗာန်စံယူတော်မူရသေး၏၊ သေခြင်းတရားကား တားဆီးရသည်မဟုတ်တကား။

ညအခါ ထိုထိုပျံလွန်သွားကြလေပြီးသော ဦးရိုးတော်, ဘိုးတော်တို့ကို သတိရရင်း တစ်ညကုန်၍ မိုးလင်းခဲ့ရသည်။ နောက်နေ့သည် လဆန်း(၂)ရက်ဖြစ်ရာ ဒီရေများစွာတက်လာ၏၊ သို့သော် လဆုတ်ရေလောက်မကြီးပေ၊ ရခိုင်စကားနှင့် ဒီရေတက်သည်ကို "ဖျားတက်သည်"ဟုခေါ်ကြ၏၊ ဒီရေသဘောမှာ (၁)ရက် (၂)ရက် (၃)ရက်များစွာတက်၏၊ (၃)ရက် အခေါင် (၄)ရက်ရေစားမိဟူ၍ပြောကြ၏။ လဆန်း (၈)ရက်၊ လဆုတ် (၈)ရက်မှာ ရေသေရက်ဖြစ်၍ ရေမတက်ပေ၊ ဤသည်လည်း ဆန်းကြယ်သောကပ္ပသဘာဝပင်။

## ပါဠိဆရာတော်၏ ၆၆-နှစ်မြောက်

၁၃၀၇-ခုနှစ်၊ တော်သလင်းလဆန်း (၅)ရက်။ ယနေ့နံနက် (၈)နာရီအချိန် ယခင်က ပါဠိစာနှင့်ပင့်ထားသော သမိုင်းကျိက္ကလားကျောင်း ပါဠိဆရာတော် ဦးဝိသုဒ္ဓ၏ ၆၆-နှစ်မြောက် မွေးနေ့ဆွမ်းစားသို့သွားကြ၏၊ ပရိသတ်လည်း များစွာတွေ့ရ၏၊ ရဟန်းသံဃာတော်လည်း အတော်များလေရာ ရန်ကုန်ထဲကသံဃာများပင်တွေ့ရ၏၊ ရန်ကုန်ဆရာတော်များသည် ဘယ်တုန်းကသိနေကြသည်မသိ၊ မိမိကိုဘွဲ့ခေါ်၍ အထူးတလည်နှုတ်ဆက်ကြသဖြင့် အံ့ဩမိပေသည်။ အသက် ၆၆-နှစ်သည် လူပြောများသော သက်တမ်းကာလဖြစ်ရာ ပါဠိဆရာတော်သည် ထိုကာလကိုလွန်ရန် ကုသိုလ်ဆက်ခြင်းဖြစ်မည်၊ အကယ်၍ အသက်ကံ (၂)ပါးကုန်၍ ဘဝဆုံးရလျှင်လည်း ကုသိုလ်ရိက္ခာပါသွားရန် ပြုလုပ်ခြင်းဖြစ်ပေမည်။

## မိဘမဲ့ကလေးများအတွက်

၁၃၀၇-ခုနှစ်၊ တော်သလင်းလဆန်း (၆)ရက်။ ကျားကျောင်း ဦးဉာဏိန္ဒ လမ်းလျှောက်ရင်း အလည်လာခဲ့သည်ဆိုကာ ရောက်လာ၏၊ သူ့မှာ မိဘမဲ့ကလေးများနှင့် စစ်ဘေးဒုက္ခသည်တို့၏ ကလေးများကို ကျွေးမွေးစောင့်ရှောက်၍ ပညာသင်ကြားပေးရန် စိစဉ်နေကြောင်း၊ ထိုကလေးများတွင် သာသနာနှင့်အဆက်နီး၍ ပါရမီဓာတ်ခံပါသူများ

တွေ့ရလျှင်လည်း ရဟန်းဖြစ်အောင် ကြိုးစားသွားမည်ဟု သူ၏လုပ်ငန်းရည်ရွယ်ချက်ကို ပြောပြသွား၏၊ မှန်မြတ်သောရည်ရွယ်ချက်၊ သူတစ်ပါးတို့မဆောင်ရွက်နိုင်သော အလုပ်မျိုးဖြစ်၍ ကောင်းကြောင်း ကြိုးစားရန်တိုက်တွန်းလိုက်၏၊ ပါရမီဟူသည် အလိုအလျောက်ပြည့်လာသည်မဟုတ်၍ ထိုကလေးများကို ပါရမီအဆက်ပါသွားရန် ရက်ပိုင်းလပိုင်းနှင့်ဖြစ်စေ၊ သင်္ကန်းဝတ်ပေးလျှင် ကောင်းကြောင်း၊ မြန်မာပြည်၌ စိန်မေရီ စိန်ပေါလ်တို့ဆိုသော ကျောင်းတွေက ဂါဝန်ဝတ်စေခြင်းဓလေ့သွင်းယူပုံကိုထောက်လျှင် ဗုဒ္ဓဘာသာ၏ မြတ်သော အလေ့အကျင့်ကိုလည်း ယှဉ်ပေးစေလိုကြောင်း ဖြည့်စွက်တိုက်တွန်းလိုက်ရ၏။

# ဂျပန်စက္ကူတွေပိုက် စိတ်ပျက်ကြပုံ

နေ့ပိုင်း သင်ဖြူးသည် ကိုအောင်ညွန့်၊ မတင်မြတို့ ဘုန်းကြီးထံဝင်လာကြ၏၊ ၎င်းတို့သည် လွန်ခဲ့သော (၃)နှစ်ကျော်ကာလကပင် ဘုန်းကြီးထံ ဝင်ထွက်သင်ဖြူးလည်း လှူနေကျဖြစ်၍ ဆရာဒကာလို ရင်းနှီးနေ့ရှာကြသည်။ ပန်းတနော်တစ်ဖက်ရွာသစ်ကလေးမှ တောရွာ၌မနေဝံ့ကြ၍ ရန်ကုန်သို့ရွှေ့ပြောင်းကာ သင်ဖြူးလှည့်လည်ရောင်းနေကြသူတို့ဖြစ်၏၊ သူတို့မှာ ဂျပန်ငွေစုထားရာ ၄၀၀၀၀-ကျပ် ကျော်ခန့်ရှိ၍ ပျော်နေခဲ့ရသလောက် ယခုအလကားဖြစ်ကုန်၍ စိတ်ညစ်ရကြောင်းညည်းညူလျှောက်သွားကြ၏၊ အညဒေသတို့၌ ဂျပန်စက္ကူတွေ စဥ့်အိုးနှင့်လှောင်၍လည်းကောင်း၊ ခေါင်းအုံးချုပ်၍လည်းကောင်း ရှိကြရာတွင် မပစ်ရက်၍ သိမ်းဆည်းထားကြသည်ဆို၏၊ မည်မျှရှိလေသည်ပင် မပြောတတ်ပေ။ ထိုအထဲ မျှော်သံ၊ စည်သံမှ ရထားကြသော ဘုန်းကြီးတွေလည်း ထိုနည်း၎င်းပင် အမှိုက်ဖြစ်သွားကြရတော့သည်။

# ကြည်ညိုသော ဆရာတော်ထံပေးစာ

၁၃၀၇-ခုနှစ်၊ တော်သလင်းလဆန်း (၇)ရက်။ နံနက်ပိုင်း ရွာမဆရာတော်ထံမှ ကျောင်းသား (၂)ယောက် ဦးပဲ့ထမ်း၍ အုန်းသီးခိုင်ကြီးပို့လှူလာကြသည်။ ထိုဆရာတော်နှင့် ရှေးဘဝအဆက်ဆက်က အတော်ရေစက်နီးခဲ့ကြဟန်တူပါသည်။ ယခုဤစာမှုကို အာသံနယ်ခြား ယောင်သဲဗိုလ်တဲပေါ်၌ ရေးသားသောကာလတွင် ထိုဆရာတော်ကြီး အတော် မကျန်းမမာဖြစ်နေကြောင်း ကမာရွတ် မယ်စီကုန်းလမ်း ဒကာကြီးဦးဘမောင်ထံမှ စာရလေသည်။ အကယ်၍ ၎င်းပျံလွန်သွားခဲ့လျှင် ရက်မထားဘဲ သူ၏အလောင်းကို

နေ့ချင်းမိုးရှိ ရစ်ကြပါဟူ၍လည်း မှာထားကြောင်း သိရရာ စိတ်ထဲတွင် အတော်ကြေကွဲ၍ လွမ်းဆွတ်ဝမ်းနည်းဖြစ်သွား၏။

စာကိုသေချာစွာကြည့်သောအခါ ဒါယကာကြီးပေးသောနေ့စွဲနှင့် ဘုန်းကြီးထံ ရောက်လာ၍ ဖတ်ရသောနေ့မှာ (၃)လကျော်ပင်ကြာနေလေပြီ၊ အကယ်၍ မဆိုမယ့်စကား ပျံလွန်သွားခဲ့သော် ယခုစာဖတ်ရသောအချိန်မှာ ရှိတော့မည်မဟုတ်ပေ၊ ဩော် လောကဘဝတာဆိုသည်ကား ဤပင်ခြား၍ ကွဲကွာသွားကြရတော့သည်တကား။

ထိုဆရာတော်ကြီးသည် စာပေပရိယတ်သာ စိတ်ခွဲသန်သန် ကြိုးစားလေ့လာလေ့ ရှိ၍ ကြည်ညိုလှသောကြောင့် တစ်ခါက ထေရုပ္ပတ္တိတောင်းယူထားဖူး၏၊ ခုခေတ်လို မဟာ့စရိယတွေ၊ ဘာဏကတွေ မပေါ်ခင်ကပင် ဝိနည်းပါဠိတော် (၅)ကျမ်းလုံးအာဂုံ ဆောင်၍ ပြန်ခဲ့ဖူးခြင်း၊ ပါဠိတော်အဋ္ဌကထာတွဲဖက်လျက် ရေးဖြေစာမေးပွဲများ ဖြေဆို အောင်မြင်ခြင်းတို့ကြောင့် ထိုဆရာတော်၏ ထေရုပ္ပတ္တိကိုအောက်တွင် ဖော်ပြလိုက်ပါသည်။

အဆိုပါဆရာတော်သည် အင်းစိန်ခရိုင် ဥက္ကံမြို့သစ်ခေါင်းကြီးရွာတွင် ဦးရွှေလုပ်၊ ဒေါ်သွယ်တို့မှ ၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄-ရက်၊ ညဥ့် (၂)ချက်တီးကျော် ၁၅-ရက်၊ တနင်္ဂနွေနေ့သို့အဝင် စက် ၁နာရီ ၅၃ မိနစ် ၂၂စက္ကန့်အချိန်၌ ဖွားမြင်ခဲ့သည်။ မန္တလေးသီပေါဘုရင် နန်းကျရှာသောနှစ်ဖြစ်၏။

(၇)နှစ်သားအရွယ်တွင် သစ်ခေါင်းကြီးရွာဆရာတော် ဦးအဂ္ဂဝံသ၊ လက်ထောက် ဆရာတော် ဦးဝိမလတို့ထံ၌အပ်နှံ၍ စာရေးတတ်ဖတ်တတ်မှ သဒ္ဒါသင်္ဂြိုဟ်အထိ သင်ယူလေသည်။ အသက် ၁၆-နှစ်အရွယ် သာမဏေဖြစ်ပြီးသောအခါ အစ်ကိုဘုန်းကြီး ဦးခေမိန္ဒကိုအမှီပြု၍ ရန်ကုန်ပုဇွန်တောင် နော်မံကျောင်းကြီးဆရာတော်ထံသို့ သွားရောက် ပညာသင်ယူကြသည်။ အသက် ၁၉-နှစ်အရွယ်တွင် ပထမငယ်တန်းဝင်ရန် စာပေ အရပ်ရပ်နှင့် ဝိနည်းပါဠိတော် (၃)ကျမ်းကိုအာဂုံဆောင်ကျက်မှတ်ရထားပြီးဖြစ်လေသည်။ ၁၂၆၆-ခုနှစ်၊ တပို့တွဲလဆန်း ၁၁-ရက် အင်္ဂါနေ့တွင် ဥက္ကံမြို့ သစ်ခေါင်းကြီးရွာ ကျောင်းတိုက်အတွင်း ဥဒကုက္ခေပသိမ်၌ ငမြူကလေးဆရာတော်ကြီး ဦးဝိစိတ္တကိုဥပဇ္ဈာယ် ပြု၍ လက်ပံတန်းမြို့ ရှမ်းကွင်းကျောင်းဂိုဏ်းထောက် ဆရာတော်ဦးနန္ဒိယ၊ သစ်ခေါင်းကြီး ကျောင်းဆရာတော် ဦးအဂ္ဂဝံသ၊ စိုင်ခေါင်းကျောင်းဆရာတော် ဦးသုစာရီတို့က ကမ္မဝါစာ ဆရာအဖြစ် ဆောင်ရွက်လျက် သံဃာတော်တစ်ကျိပ်ကျော်တို့၏ မျက်မှောက်၌ နံနက် (၄)ဖဝါး တစ်ဖိလာအချိန်တွင် မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်လေသည်။

# ဝိနည်းငါးကျမ်း အာဂုံပြန်၍

ရဟန်းဖြစ်ပြီးနောက် ၁၂၆၇-ခုနှစ် နတ်တော်လဆုတ် (၅)ရက်နေ့တွင် ရန်ကုန်မြို့ ပုဇွန်တောင် နော်မံကျောင်းတိုက်ကြီးအတွင်း သူဌေးဦးဖိုးသာ-ဒေါ်ပုတို့ ကျင်းပပြုလုပ်သော ဝိနည်းစာမေးပွဲကြီးတွင် ဥဘတောဝိဘင်းနှင့် ပရိဝါဝိနည်းပါဠိတော် (၃)ကျမ်းကို အာဂုံ ပြန်ဆိုအောင်မြင်လေသည်။ ၁၂၆၈-ခုနှစ် ပြာသိုလဆန်း (၇)ရက်နေ့တွင် ကျင်းပသော စာပြန်ပွဲ၌ ဝိနည်းပါဠိတော် (၅)ကျမ်းလုံးကို အာဂုံပြန်ဆိုအောင်မြင်သည်။ ၁၂၈၁-ခုနှစ်တွင် အင်းစိန်မြို့ ဆာဖိုးသာကျောင်းတိုက်အတွင်း၌ ဆာဖိုးသာကပင် ကျင်းပပြုလုပ်သော စာပြန်ပွဲတွင် ဆက်လက်ပြန်ဆိုရာ ဝိနည်းပါဠိတော် (၅)ကျမ်းကို ထပ်မံအောင်မြင်ပြန်၏၊ ၁၂၈၂-ခုနှစ်၊ နတ်တော်လတွင် ရန်ကုန်ရွှေတိဂုံဘုရား ကုန်း ေစတိယင်္ဂဏအသင်းက ကျင်းပသော ဝိနည်းအာဂုံပြန်ပွဲသို့ ဝိနည်းငါးကျမ်းပါဠိတော်ကို ထပ်မံပြန်ဆိုရာ အောင်မြင် ပြန်လေသည်။ ဤသို့လျှင် (၃)ကြိမ်တိုင်အာဂုံပြန်ဆိုရာ အောင်မြင်သည်ချည်း ဖြစ်သောကြောင့် ငါးကျမ်းဆရာတော်ဟူ၍ အမည်တွင်သွားလေသည်။ ထိုအချိန်မှာ ရဟန်း (၆)ဝါမျှ ရှိပေသေး၏။

# စာနှင့်သာ ပါရမီထုံ၍

အာဂုံပြန်ရေးဖြေစာမေးပွဲများလည်း ဖြေဆိုလေရာ ၁၂၇၈-ခုနှစ်တွင် သထုံမြို့ ရန်အောင်ကျောင်းတိုက်အတွင်း၌ ကျင်းပသော ရေးဖြေစာမေးပွဲကြီးတွင် ဝိနည်းငါးကျမ်း ပါဠိတော်နှင့် ၎င်းအဋ္ဌကထာများကို ပါဠိအနက်အဓိပ္ပာယ် ရေးသားဖြေဆိုအောင်မြင် လေသည်။ အစိုးရပထမပြန်ပွဲတို့တွင်လည်း ၁၉၀၆-ခုနှစ်၊ အသက် ၂၀-နှစ်တွင် ပထမငယ်တန်းအောင်၍ ၁၉၀၈-ခုနှစ်၊ အသက် ၂၂-နှစ်တွင် ပထမလတ်တန်းအောင်ပြီး ၁၉၁၀-ခု၊ အသက် ၂၄-နှစ်တွင် ပထမကြီးတန်းအောင်လေသည်။ ၁၉၁၁-ခုနှစ်၊ အသက် ၂၅-နှစ်တွင် ပထမကျော် ဝင်ရောက်ဖြေဆိုရာ ပထမကြီးပင်အောင်ပြန်၏။ ဤသို့စာနှင့်သာ ပါရမီထုံ၍လာခဲ့ပေသည်။

ထို့နောက် ၁၂၇၉-ခုနှစ်တွင် အင်းစိန်မြို့သို့ ရန်ကုန်ပုဇွန်တောင် နော်မံကျောင်းကြီး ဆရာတော် ပြောင်းရွှေ့နေထိုင်ရာတွင် ဆရာတော်ကြီး၏အမိန့်အရ တိုက်အုပ်ဆရာတော် အဖြစ် (၆)နှစ်တိုင် ဆောင်ရွက်သီတင်းသုံးခဲ့ပြီးလျှင် ၁၂၈၄-ခုနှစ်၊ နတ်တော်လဆန်း (၈)ရက် တနင်္ဂနွေနေ့တွင် ကမာရွတ် ရွာမကျောင်းသို့ပြောင်းရွှေ့သီတင်းသုံးတော်မူရာ

ယခုတိုင်ဖြစ်၏၊ သက်တော်မှာ ၇၄-နှစ်ကျော်ရှိရာလေပြီ၊ အလွန်သန်မာသော ဝိရိယသမား ဆရာတော်ကြီး ဖြစ်ပေသည်။

## နိဗ္ဗာန်ဆော်၏ ကြည်နူးဖွယ်အသံ

၁၃၀၇-ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက်။ ဝါတွင်းကာလတွင် ဥပုသ်နေ့တိုင်း နံနက်စောစော အရုဏ်တက်စချိန်၌ နိဗ္ဗာန်ဆော်တို့၏ နှိုးဆော်သံကလေးများကြားရသည်မှာ ကျက်သရေရှိလှဘိသည်။ လှိုင်မြစ်လမ်းကြီးပေါ်သို့ လျှောက်၍ "ဘာဝန္တော - အိုသပ္ပုရိသအပေါင်း သူတော်ကောင်းတို့၊ (တင်ဟင်ဟင်ဟင်) မောယကာလ အချည်းနှီးသောကာလကို န ခေပယျ-မကုန်စေရာ" စသည်ရွတ်ဆိုပြီးလျှင် အဆုံးချ၍ အားလုံးသံပြိုင် ဘာဝန္တော - အို သပ္ပုရိသအပေါင်း သူတော်ကောင်းတို့ "ဟင်-ဟင်-ဟင်-ဟင်"ဟူ၍ ပန်ကြားရလေ့ရှိရာ ယနေ့နံနက်စောစောမှာ မိုးလေကင်းစင်သောကြောင့် ခါတိုင်းနေ့ထက် ကြည်နူးဖွယ်ရာအသံသာလှပေသည်။

၎င်းတို့သည် ကမာရွတ်ရွာမရပ်ကွက်ထဲမှ လူငယ်ဥပါသကာတစ်စုတို့ဖြစ်ရာ မိုးရွာလေတိုက် ဘယ်ခါမှဝတ်မပျက်ကြပေ၊ သူတို့၏စေတနာနှင့် ဆရာကောင်းတပည့်ပီသကြပုံ ချီးမွမ်းရပေသည်။ ရပ်ကွက်ထဲမှ သဒ္ဓါကြည်ညိုသူတို့က ဆွမ်းဆန်သည် ထည့်ကြလျှင် လင်ပန်းကလေးနှင့် ခံယူစုထားကြပြီး ဝါကျွတ်သောအခါ သံဃာတော်များကို ဆွမ်းကပ်လေ့ရှိကြသည်။

## ဆံဖြူတစ်ပင်မြင်၍ တောထွက်ပုံ

ယနေ့ ဥပုသ်သည်ကိုသည် ကွက်သစ် (၈)လမ်း လှည်းတန်းမရမ်းတစ်ပင် စသည်တို့မှ လာကြရာများပြားလှ၏၊ လူဝတ်ကြောင်တို့သည် ဥပုသ်နေ့၌သာ ကျောင်းကန် ချဉ်းကပ်၍ သူတော်ကောင်းတရားကြားနာ ပါရမီဖြည့်နိုင်ကြသောကြောင့် သက်ပိုင်းသံဝေဂနှင့်ယှဉ်သော ရှေးသူတော်ကောင်းတို့ထုံးကို ဟောပြလိုက်၏၊ "မဃဒေဝမင်းကြီးသည် ဆံဖြူတစ်ပင်မြင်ရုံနှင့် သေခြင်းအနီးသို့ရောက်ခဲ့လေပြီ သေမင်းတမန် ငါ့ထံရောက်လာလေပြီ"ဟု ခွေးစီးများကျခါ ထိတ်လန့်ပြီး မင်းစည်းစိမ်စွန့်၍ ရသေ့ရဟန်းပြုသွားခဲ့ကြောင်း ထိုအကြောင်းကို စာနာကြည့်လျှင် ယခုခေတ်ကဲ့သို့ သက်တမ်းတိုကာလမှာ ပို၍သံဝေဂရဖွယ် ကောင်းကြောင်းကို သံဝေတင်၍ဟောပြ၏။

ထိုနေ့ ဥပုသ်သည်တို့ပြောကြသောစကားတွင် ပတ္တာအင်းလျှားလမ်းနေ အသက် ၇၅-နှစ်ရှိ အစိုးရရှေ့နေ ပင်စင်စားကြီး ဦးဘကို လွန်ခဲ့သော လဆန်း (၅)ရက်နေ့ညနေ (၄)နာရီအချိန်ခန့်တွင် လူ (၂)ယောက်ကားနှင့်လာ၍ သတ်သွားကြောင်းကြားရာ စုတ်သပ်နားထောင်ရင်း သံဝေဂရလှသည်။ လောကမှာလူမုန်းစေတတ်သောအလုပ်နှင့် အသက်မွေးရခြင်းသည် ငြိုးငွေ့ဖွယ်ထက် ကြောက်ဖွယ်ကောင်းလှသည်။ တစ်ခါက တူ မောင်သာဦးတို့အိမ်၌ခရီးကြုံ၍ ခေတ္တထိုင်နေစဉ် တွေ့ဖူး၏၊ ဘုန်းကြီးကို မျက်နှာမြင်ရုံနှင့် အင်္ဂလိပ်စာတတ်ကြောင်း သူသိပါသည်ဟု ထင်ကြေးပေးဖူးသူဖြစ်၏၊ သို့သော် သူ့ထင်ကြေးမမှန်ချေ။ ထိုစဉ်က မိမိမှာအင်္ဂလိပ်စာတတ်သော်လည်း သတင်းစာကြည့်နိုင်လောက်အောင် မတတ်သေးပေ၊ ဩော် . . . ယခုအသက်အရွယ်ကြီးခါမှ ပရူပက္ကမနှင့် သေရှာလေပြီ။

## ဥပေက္ခာပါရမီရှင်

၁၃၀၇-ခုနှစ်၊ တော်သလင်းလဆန်း ၁၀-ရက်။ ယခုလို ခေတ်ပျက်ကြီးထဲတွင် မည်သူ တရားပျက်ပျက် ကိုယ်မပျက်စေနဲ့ဟူသော ဆောင်ပုဒ်အတိုင်း ပတ်ဝန်းကျင်ဖြစ်ပျက်မှုတွေကို ဂရုမပြုဘဲ မိမိ၏ရည်ရွယ်ချက်အောင်မြင်ရန် ဆုတောင်းခြင်းနှင့်တကွ ပါရမီပြည့်ရေးကိုသာ ရှေးရှုနေလေ့ရှိသော ပုဂ္ဂိုလ်မြတ်များလည်း ဤခေတ်တွင် ရှိကြပေသေး၏။ ထိုပုဂ္ဂိုလ်၏အကြောင်းကို မိတ်ဆွေဦးပညာနှင့် ဒကာကြီးများလျှောက်၍ သိရရာ အထူးအားကျချီးမွမ်းရပေသည်။

အဆိုပါပုဂ္ဂိုလ်သည် နဲသမိန်ရွာ၌ ကျောင်းထိုင်ဘုန်းကြီး ဦးကေသရဆိုသူဖြစ်ရာ အသက် ၄၀-ကျော်နေသော်လည်း ၂၀ရွယ်ဟုခန့်မှန်းရအောင် နုပျိုလေသည်။ ကြည်လင်သော မျက်နှာရှိ၏၊ ပြုံးခြင်း၊ ရယ်ခြင်းနည်းသလောက် စိတ်ဆိုးသောအမူအရာကို တစ်ခါမှ မတွေ့မြင်ကြရဘူးချေ၊ သားငါးကိုမစား၊ အစဉ်သဖြင့် အသားလွတ်ဟင်းသာ စားလေ့ရှိ၏၊ မည်သည့်အရာကို စားချင်သည်ဟူ၍မပြော၊ ရှိသမျှနှင့် စားလေရာ ဆားငန်သည်, ပေါ့သည်ဟူ၍ မပြောပေ။

ဒကာ, ဒကာမတို့ကိုလည်း ဆိုးသည်, ကောင်းသည်ဘာမျှမပြော၊ ဆွေမျိုးရင်းဖြစ်စေ သူ့ရှေ့၌ မြင်ရ, ကြားရသမျှ ဘာကိုမှဝင်စွက်မပြော၊ နဲသမိန်ရွာ၌လည်း ယခုမယ်တော်ကြီးရှိနေသေး၍သာ နေသည်ဆို၏၊ မယ်တော်ကြီးမှာ သီလရှင်အဝတ်နှင့် ကျောင်းဇရပ်၌ နေလျက်ရှိ၏၊ သို့ရာတွင် အထူးတလည် ပေးကမ်းသည်မရှိပေမယ့် မယ်တော်ကြီးက နေထိုင်မကောင်းလျှင် မကောင်းကြောင်း လျှောက်မှသာ ဟောသည်မှာ ဘာဆေးရှိသည်ဟုပြောလေ့ရှိ၏၊ ထို့ပြင် အထူးအထွေ ဘာမှမပြောတော့ပေ။

သီတင်းသုံးဖော်ထဲမှ ရင်းနှီးသော မိတ်ဆွေဘုန်းကြီးအချို့ ပစ္စည်းစုကြွသည် ကြားရလျှင် မကောင်းကြောင်း ပြောတတ်၏၊ သို့သော် တစ်ခါသာလျှင်ပြော၍ နောက်ထပ်မပြောတော့ပေ၊ နေ့ဖြစ်စေ၊ ညဖြစ်စေ ဘုရားရှိခိုးလျက် သိမ်မွေ့စွာထိုင်၍ (၂)နာရီခန့်ကြာအောင် ရှိခိုးလေ့ရှိ၏၊ နံနက်ပိုင်း (၄)နာရီအချိန်မှထ ဘုရားဝတ်တက်ခြင်း၊ နေ့အခါစာကြည့်ခြင်း၊ ပုတီးစိပ်ခြင်းဖြင့်သာလျှင် အမြဲနေတတ်သည်။ ကျောင်းသားများကိုလည်း မပြောဆို၊ ကိုရင်ကလေးက ပြောဆိုဆုံးမရသည်။ ကိုရင်ကျောင်းသားတို့အား ဘယ်သူမှ ပြောဆိုပေးသူမရှိသောအခါ "စာအံကြ၊ စာရလျှင် လာတက်လှည့်ကြ"ဟူ၍သာ ပြောတတ်၏၊ တစ်ခါတစ်ရံ ကျောင်းသားတွေက ဆော့လွန်း၍ "ကလေးတွေကို ပြောပါဦး ဘုရား"ဟု မယ်တော်ကြီးကလျှောက်လျှင် "အင်း"ဟုပြောပြီး ဆိတ်ဆိတ်နေတတ်သည်။ တစ်ခါတစ်ရံရင်းနှီးသော ဘုန်းကြီးများနှင့် ဒကာကြီးများကို တစ်နေ့နေ့တော့ တောကြီး တောင်ကြီး ခိုမှီးပြီး သစ်သီးကြီးငယ်စားနေချင်တယ်ဟု သူ၏စိတ်ရင်းအကြံကိုထုတ်ဖော် ပြောဖူးကြောင်းသိရ၏၊ "ကြားရသည်မှာ တကယ့်ပါရမီရှင်တစ်ပါးပေတည်း"ဟု ချီးကျူး ဝမ်းမြောက်မဆုံး ရှိပေသည်။

# အင်းစိန်လော်ကယ်နှင့် အလှူခံဘုန်းကြီး

၁၃၀၇-ခုနှစ်၊ တော်သလင်းလဆန်း ၁၀-ရက်။ အင်းစိန်သွားနေကျ လော်ကယ် ရထားကို လဆန်း ၉-ရက် (စက်တင်ဘာ ၁၅-ရက်)နေ့ကစ၍ ထွက်လေရာ အချိန်မှာ အချိုးကျဖြစ်သောကြောင့် ခရီးသည်တို့အတွက် လွယ်ကူစွာ သွားလာနိုင်ကြပေပြီ။

# အလှူခံသောဘုန်းကြီး

နေ့လယ်ပိုင်း သရက်တောတိုက်က ကိုယ်တော်တစ်ပါး ရောက်လာ၏၊ ဧကသီ ကပ္ပိရန် ငွေအလှူခံလာသည်ဟုပြော၏၊ လွန်ခဲ့သော ၁၃၀၅-ခုနှစ်၊ တပေါင်းလဆန်း (၇) ရက်နေ့က မိမိ (၆)မိုင်ခြံအတွင်း၌နေစဉ် တစ်ခါအလှူခံလာ၍ ရပ်ရွာထဲကပါ ကောက်ခံ စုပေါင်းလှူလိုက်ရဖူး၏၊ ထိုစဉ်က သူ့ဘွဲ့ဦးဝါယမဟုပြောသွားရာ ယခု ဦးဝိမလဟု ဖြစ်လာခဲ့၏၊ နောက်တစ်ခါလာလျှင် ဦးဝေပုလ္လသော်လည်းကောင်း၊ ဘာသော် လည်းကောင်း ဖြစ်လာလိမ့်မည်။ မိမိက မှတ်မိကြောင်း သူသိဟန်မတူ၊ စိတ်၌ထူးသည်ဟု ထင်ရလျှင် လူပုံပန်းကို သေချာစွာအကဲခတ်၊ ကြောင်းရာကိုလည်း ဒိုင်ယာရီ၌ ရေးမှတ်

ထားမြဲဖြစ်၏၊ "ယခင်တစ်ခေါက် အရှင်ဘုရားလာသောအကြောင်း ဒီမှာကြည့်ပါ"ဟု နေ့စဉ်မှတ်တမ်းစာအုပ်ငယ်ကို လှန်ပြလိုက်သည်။ "သက်န်းဟောင်းကလေးများရှိလျှင်"ဟု စကားစလာရာ ရန်ကုန်၌ယင်းသို့ ခေါင်းတုံးပေါ် ထိပ်ကွက်တတ်သော ဘိုသီဘတ်သီတို့ ဝါသနာကိုငြီးငွေ့လှသောကြောင့် တပည့်ရဟန်းသာမဏေတို့နှင့် ဝေမျှဝတ်နေရသည်ဟု ပြောလိုက်၏၊ အလှူခံရဲ၍ အရှက်နည်းသောဉာဉ်ကြောင့် နေ့ (၂)နာရီမှ (၃)နာရီကျော်ထိ ဇွတ်ပေထိုင်နေလေသည်။

မြတ်သောသာသနာ၌နေလျက် ရှက်ဖွယ်စိတ်ညှဉ့်မျိုးထားသူတို့ ဝင်ရောက်နေကြသည်မှာ ဝမ်းနည်းလှသည်။ ဘုရားရှင်လက်ထက်ကပင် ဆဗ္ဗဂ္ဂီရဟန်းတွေ ရှိခဲ့ဖူးသောကြောင့် ယခုလိုခေတ်မှာ ပြောဖွယ်မရှိပေ၊ သို့သော် ရပ်ထဲရွာထဲလှည့် တစ်အိမ်ဝင်တစ်အိမ်တက်နှင့် အလှူခံခြင်းကိုမပြုရန် ပစ္စည်းလေးပါးလှူ၍ ပြည့်စုံစွာထောက်ပံ့ပြီးကိုးကွယ်လိုသော ဒကာ, ဒကာမများနှင့် ကျောင်းကန်တွေပေါကြောင်း တစ်နေရာ၌သွားရောက်ကျောင်းထိုင်နေပါ၊ သင်္ကန်း၊ ဆွမ်း၊ ကျောင်းကန်အတွက်မပူရပါဘူး၊ ဒီခေတ်မှာကျောင်းပေါပြီး ဘုန်းကြီးရှားသောခေတ်ဖြစ်ကြောင်း၊ အနေအထိုင်ကောင်းလျှင် လူကြည်ညိုမှာပဲ၊ လူကြည်ညိုလျှင် သင်္ကန်း၊ ဆွမ်း၊ ကျောင်းအလွယ်ပြည့်စုံမှာပဲဟု တရားဟောလိုက်ရသေး၏။

တစ်ခါက ဥပုသ်နေ့တွင် ရွှေတိဂုံဘုရားကြီးသွားဖူးကြသော တပည့်ကိုရင်ကလေးများက ဘုရားစောင်းတန်းခြေရင်း၌ သင်္ကန်းစုတ်ဗလချာဝတ်၍ ဆင်းရဲကြောင်း ပြောကာအလှူခံနေသော ကိုယ်တော်ကြီးတွေမြင်ခဲ့ရာ သနားစရာလည်းကောင်းရဲ့၊ သောက်မြင်ကပ်စရာလည်းကောင်းရဲ့ဟု ပြန်လာသောအခါ ကိုရင်ကလေးများအမြင်နှင့် စင်းစင်းကြီးလျှောက်ဖူးလေသည်။ ယင်းသို့သော တောင်းခံခြင်း မကြည်ညိုဖွယ်သောအသွင်သည်ကိုရင်ကလေး၏ စင်းသောအမြင်မှာ သနားခြင်းထက် အမြင်ကပ်ခြင်းက အလေးသာနေပေသည်။

ဘုန်းကြီး၏အမြင်မှာ သံသရာကျင်လည်ကြသော သတ္တဝါတို့တွင် ကံတရားမပြုပြင်တတ်၍ လူဖြစ်ကျိုးမနပ်ရှာကြသောကြောင့် သနားထိုက်သူများဖြစ်သော်လည်းချင်းတောင်လိုက်နေ၍ ထိုသူတို့၏ ပေးသမျှယူမည်၊ ကျွေးသမျှစားမည်၊ ရသမျှတောင်းမည်ဟူသော ချင်းအချို့တို့၏ဝါဒကို နေ့စဉ်တွေ့ကြုံလာခဲ့ရသော မြန်မာကိုရင်ကလေးအမြင်မှာ သနားထိုက်သူတွေမဟုတ်၊ အမြင်ကပ်စရာလူတွေသာ ဖြစ်နေကြသည်။ ဘုန်းကြီးဖြစ်လျက် တောင်းခံနေလျှင် ကိုရင်ကလေးအမြင်ချင်းနှင့်တူနေပေမည်၊ ထိုအလှူခံ

ကိုယ်တော်ပြန်သွားလျှင် ယခင်က ဘုန်းကြီးထံစားသောက်နေပြီး လိမ်ညာသွားဖူးသော ပန်းဆွဲဦးမြို့ ရောက်လာပြန်သည်။ ဥာ ဉ်မကောင်းသူကို မဆက်ဆံလို၍ စကားလက်ခံ မပြောဘဲ ရှောင်နေလိုက်၏။

## နိစ္စဝတ်ဆွမ်းဝတ်

တော်သလင်းလဆုတ် ၁၂-ရက်။ နံနက်စောစော မောင်ချစ်ထွန်းလာ၍ ဆွမ်းအုပ်ပို့လာ၏၊ ဒကာကြီး ဦးလွန်းရှံအိမ်က ခိုင်း၍ပို့ရကြောင်း ယနေ့မှစ၍ နံနက်တိုင်း သူတို့အိမ်က အမြဲဆွမ်းအုပ်ချက်ပို့မည့်အကြောင်းကိုလည်း လျှောက်သွား၏၊ သို့နှင့် တစ်ဦးတည်း ဆွမ်းဝတ်အမြဲဖြစ်လာပြန်သည်၊ ဘုန်းကြီးဘဝကား ဤသို့ပင် မဟုတ်ပါလော၊ နေ့စဉ်နံနက်တိုင်း ဆွမ်းတောင်းကြီးနှင့် ဟင်း ၃/၄မျိုးပါအမြဲလာပို့လေသည်။

## ဩဘာစာနှင့် ရတုပိုဒ်စုံ

တော်သလင်းလဆန်း ၁၄-ရက်။ နံနက် ၁၀-နာရီအချိန် စာရေးနေခိုက် အာဂန္တုတစ်ပါးကြွလာ၏၊ သန်လျင်မြို့ ရွှေဘိုစုသောက်တော်ကွင်းတိုက်မှ မုံရွာအလုံမြို့သား ၁၂-ဒါရ ဦးမဲ့ဆိုသူဖြစ်၏၊ သီတင်းကျွတ်လပြည့်ကျော် (၈)ရက်နေ့တွင် ၎င်းတို့ကျောင်း ကထိန်ပွဲအတွက် ပင့်စာပို့ရင်း ကထိန်တရား ရစနာဂါထာပါင်္ဂအနက်တစ်ပုဒ်၊ ကထိန်ဩဘာစာနှင့် ရတုပိုဒ်စုံကို ရေးပေးပါရန်လျှောက်လာခြင်းဖြစ်၏၊ ရေးစေလိုသော အကြောင်းရာ မှတ်ထားလိုက်ပြီး ရေးပေးရန်လက်ခံလိုက်၏၊ ဘုန်းကြီးစာရေးတတ်ကြောင်း ဘယ်ဆီက သကြားလေသနည်း၊ ဝေးလံသောအရပ်မှပင်တကူးတက လာရောက်တောင်းပန်ကြသည်ကို အံ့ဩမိသေး၏။

## ဘုန်းကြီးများလာသော ခေတ်တွင်

၁၃၀၇-ခုနှစ် တော်သလင်းလပြည့်နေ့။ နံနက်ပိုင်း ဥပုသ်ပြု၍ သိမ်မှထွက်ခဲ့ပြီး စာကြည့်နေစဉ် ဘုန်းကြီးနှင့် စကားပြောနေရခြင်းသည် မြတ်သောအရသာရှိပါသည်ဟု ဒါယကာကြီး ဦးဘိုးရှင်၊ ဦးလုံးထော်၊ ဦးဘိုးဆန်းတို့ မုန့်လှူရင်း လာရောက်စကားပြောနေကြ၏၊ ဘုန်းကြီးမှာ ဧည့်ခံစကားပြောရဖန်များ၍ တစ်ပါးတည်း ဆိတ်ဆိတ်သာနေချင်သော်လည်း မလွှဲသာတော့ပေ။

ယနေ့ ဥပုသ်သည်များကို တရားဟောရာတွင် ကျောင်းထိုင်ဘုန်းကြီးများမှာ ကျောင်းသားကိုရင်များ မရှိလျှင်လည်း ဝေယျာဝစ္စခိုင်းစေဖို့လိုပြန်သည်။ ရှိပြန်တော့လည်း

စာသင်ပေးရုံနှင့်မပြီး၊ ပြောဆိုဆုံးမရသော တာဝန်က ငြီးငွေ့စရာကြီးပဲ၊ ရှောင်လွှဲမရသော တာဝန်တစ်မျိုးပေ၊ ယခုတစ်လောစာအုပ်ထူးတစ်အုပ် ထွက်ပေါ်လာ၍ ရဟန်းသံဃာလောကမှာ စိတ်ဝင်စားစွာ ပြောဆိုဝေဖန်နေကြရသည်။ ဒကာ, ဒကာမများသိချင်မှ သိကြပေမည်၊ မေမြို့မောင်ရေးသော "ကျွန်ုပ်သာ အာဏာရှင်ဖြစ်ခဲ့လျှင်"ဟူသော စာအုပ်ဖြစ်သည်။

အဓိပ္ပာယ်က မြန်မာပြည်တွင် လူဦးရေအလွန်နည်းပါးနေရာ ရဟန်းသံဃာတွေကများလွန်းနေ၍ မပျော်သောပုဂ္ဂိုလ်များ လူထွက်ကြစေလိုခြင်းပဲ၊ ကိုယ်တော်တွေကို ပထမငွေနှင့်ဖြားယောင်း၍ အဆင့်ဆင့်တိုးမြှင့်ပေးပြီး ဆွယ်ရမည်၊ ထိုအခါ ငွေမက်သောအစုက လူထွက်ကြမည်၊ ငွေဖြားယောင်းခန်းပြီးလျှင် ကျန်ရဟန်းများကို မာတုဂါမနှင့် ဖြားယောင်းယူရမည်၊ ဤအခါ စိတ်မနိုင်သူအစု လူထွက်သွားကြမည်၊ ယင်း (၂)နည်းဖြင့် အာဏာကုန်ဖြားယောင်း၊ အလုပ်လစာ စသည်နည်းမျိုးစုံနှင့်မှမရဘဲ ကျန်သောရဟန်းတို့မှာသာ တကယ်သာသနာကြည်ညိုသော ပုဂ္ဂိုလ်ကောင်းတွေဟုယူဆကာ ချန်ထားမည်ဟု အကျယ်ရေးသားထားလေသည်။

စင်စစ်မှာ ယခုအချိန်သည် ရဟန်းသံဃာများတော့သည်မဟုတ်ပေ၊ တောရွာအချို့မှာ ဘုန်းကြီးပြတ်နေကြ၏၊ ရှေးက (၃)ကျောင်းရှိသောရွာမှာ (၂)ကျောင်းတစ်ကျောင်းသာ ကျန်တော့သည်။ တစ်ရွာတစ်ကျောင်းမှုပင် ဘုန်းကြီးစေ့မရှိ၍ တဖြည်းဖြည်းယွင်းယိုပျက်စီးပြီး ပျက်စီးဆဲကျောင်းတွေလည်း များစွာ၏၊ တစ်ရွာတစ်ကျောင်း ဘုန်းကြီးရှိနေသော်လည်း ဦးပဉ္စင်းငယ်တွေ တောထွက်ဒုလ္လဘကြီးတွေတက်ထိုင်နေကြသည်ကများ၏၊ ...ကာတို့မှာ ပုဂ္ဂိုလ် အားမရကြသော်လည်း ဘုန်းကြီးလုံးဝမရှိခြင်းထက် တော်သေး၏ဟု သဘောထား ကိုးကွယ်နေကြရတော့သည်။

မြို့ပေါ်၌နေကြည့်လျှင် ရဟန်းသံဃာတွေ များစွာမြင်နေရ၍ တကယ်အမှန်ကို သိနိုင်ကြသည်မဟုတ်ပေ၊ "မီးကြီးငြမ်းခို"ဟူသကဲ့သို့ တောရွာတွေပျက်၊ လူတွေကစင့်ကလျားဖြစ်တော့ တောဘုန်းကြီးတို့သည် ဘေးကင်းရာမြို့ကြီးများသို့ လာရောက်ကပ်ခိုနေကြရခြင်းဖြစ်၏၊ စစ်မဖြစ်မီလွန်ခဲ့သော နှစ်အတော်ကြာကပင် မန္တလေး၊ ပခုက္ကူဆရာတော်ကြီးတို့က သာသနာတော်လည်း ဝမ်းရောင်နေပြီ၊ မကြာမီဝမ်းလျှောလိမ့်မည်ဟု အမိန့်ရှိခဲ့ကြဖူး၏၊ ပညာရှိအတွေး ပြေးကြည့်သလိုဟူသကဲ့သို့ ထိုစကားမှန်လှပေရာ ခေတ်ပျက်ခါနီးအချိန်မှစ၍ ယခုတိုင်တဖြုတ်ဖြုတ်နှင့် လူထွက်လိုက်ကြသည်မှာ အတောမသတ်ဖြစ်နေ၏၊ သက်တော်ဝါတော်ကြီး ဆရာတော်တွေကလည်း တဖြုတ်ဖြုတ်နှင့် ပျံလွန်

နေကြရာ နှစ်စဉ်လစဉ်လိုကြားနေရ၏၊ ကိုယ်တော်လတ်များနှင့် ဦးပဉ္ဇင်းငယ်တွေက လူထွက်ပွဲကြီးတမျှ ဖြစ်နေသောခေတ်ပေ၊ ဤသည်လျှင် သာသနာကြီး ဝမ်းလျှောနေခြင်း ဖြစ်ပေ၏၊ ဘယ်အချိန်ကာလမှာ အတောသတ်၍ရပ်မည်ဟု အဆုံးအစမရှိပေ။

ဤစာရေးသူအရှင်သည် မြန်မာပြည်ကြီးကို အနားရေးမှုပတ်၍ အကြိမ်များစွာ ခရီးထွက်နေရသူဖြစ်၍ အသိရဆုံးဖြစ်ရာ အချို့သောတောနယ်တို့မှာ ကျောင်းတွေသာ ကျန်ရစ်၏၊ ဘုန်းကြီးမရှိပေ၊ သာသနာကွယ်လောက်ခမန်းရှိနေ၏၊ ပုထုဇဉ်တို့မည်သည် မီးဝေးချိတ်ပမာဟူသကဲ့သို့ ရဟန်းသံဃာနှင့် မနီးစပ်ရလျှင် တဖြည်းဖြည်း စိတ်ဓာတ်ရိုင်း သွားဝတ်ကြသည်။ ရိုင်းမှန်းမသိ ရိုင်းပျသွားနေကြပုံလည်း တွေ့မြင်ရ၏၊ ထိုရွာတို့မှ နောက်သားနောင်လာ ကလေးသူငယ်တို့သည် ဘာသာတရားပင်ကွယ်၍ တောင်ပေါ်သား တို့လို ဖြစ်သွားဖို့အချိန်မှာ မဝေးကွာတော့သလို ဖြစ်ချေပြီ။

ဆက်လက်၍ ဇကေနိပါတ် အပဏ္ဏကဇာတ်ဝတ္ထုလာ ဘုရားရှင်၏ ကြည်ညိုဖွယ် အသရေတော်၊ တိတ္ထိတို့၏ အမူအကျင့်သီလများအကြောင်းနှင့် ပုထုဇဉ်လူသားတို့၏ နီးရာမြင်ရာ အာရုံပြုတတ်ကြပုံကို ဟောပြလိုက်သည်။ များစွာသဘောကျကြောင်း ဒကာတို့က လျှောက်လာကြ၏။

နေ့ပိုင်း သမိုင်းကုန်းရွာကျောင်းသို့ နှစ်စဉ် ဆီဆွမ်းလှူပွဲဖြစ်၍သွားရာ သံဃာအများ ဆုံကြစဉ် ထိုအာဏာရှင်စာအုပ်၏ ဘုန်းကြီးလူထွက်ပွဲစီမံကိန်းအကြောင်း ကိုပင် ဝမ်းနည်းသံနှင့် ပြောဆိုကြလေသည်။

# အမှိုးစုဆောင်းပါး

တော်သလင်းလဆုတ် (၁)ရက်။ ကမာရွတ်ချောင်းဝကျောင်းသို့ သွားရသော အခါတိုင်း နွားသတ်ရုံတစ်ခု၏ဘေးမှကပ်၍ သွားရသောကြောင့် အလွန်ဆိုးဝါးသော အပုပ်နံ့ကြီးနှင့် ညှီဟောက်သောအနံ့ကြီးများကို မချိမဆံ့ခံယူ၍ သွားကြရ၏၊ မိမိမှာ ဤဒုက္ခကြီးကို ငရဲကျရသလောက်နီးနီး ကြောက်လှသည်။ ပုံချထားသော နွားရိုးတို့ကလည်း မြင်မကောင်းရှိလေရာ လူ၏ခံတွင်းသုသာန်သို့ မည်မျှမြုပ်နှံပြီးခဲ့သည်ကို ကြက်သီးထခမန်း ရှိ၏၊ စားရက်ကြပေသည်ဟု ထိုအကြောင်းကို "ဂိဖ္တကုဋ်တောင်လော၊ အရိုးစုပြိတ္တာဘုံလော" ဟူသော ခေါင်းစဉ်နှင့် ယနေ့ဆောင်းပါးတစ်စောင် ရေးလိုက်၏၊ ထိုဆောင်းပါးလက်ခံ မကျန်ရစ်ပေ၊ ဘုရားရှင်လက်ထက်တော်က အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်လက္ခဏတို့

ဂိမ္ဘကုဋ္ဌတောင်မှ ဆင်းလာစဉ် မြင်ခဲ့ရသော အရိုးစုပြိတ္တာကြီးများအကြောင်းကို ဆက်စပ် မိလျှင် ကြက်သီးထဖွယ် ကြောက်လောက်ပေ၏။

# ရွှေတိဂုံ ဆီမီးထောင်ပြည့် ပူဇော်ပွဲ

တော်သလင်းလဆုတ် (၂)ရက်။ နံနက် (၉)နာရီအချိန်တွင် ဦးဝိစာရအထိမ်း အမှတ် ဆွမ်းကျွေးပွဲ တပ်တွင်းကျောင်းသို့သွားရ၏၊ အုန်းဆွမ်းနှင့်စားရကောင်းလှသည်။ ရွှာမဆရာတော်ကြီးနှင့် ဦးဥက္ကဋ္ဌ၊ ဦးဇနက၊ ပန်းဆွဲဦးဝိလာသတို့က မိမိရေးသောမှတ်တမ်း ဆောင်းပါးအချို့ကို ဖတ်ဖူးရာ ကောင်းကြောင်း (၄)ပါးလုံးကပင် ချီးမွမ်းစကား အမိန့် ရှိလိုက်ကြ၏။

ဦးဝိစာရ ပျံလွန်သည့်အကြောင်း လူတကာတို့က ဟောပြောပွဲလုပ်နေကြစဉ် ရွှာမဆရာတော်ကြီးက မိမိနှင့်ချောင်းဝဦးပညာဇောတကို ရွှေတိဂုံဘုရားကြီး ဆီမီး ထောင်ပြည့်ပူဇော်ရန် လိုက်ခဲ့ပါခေါ်၍ လိုက်သွားကြ၏၊ ကား (၄)စီးနှင့် လူဒကာ, ဒကာမ ပေါင်း တစ်ရာကျော်ခန့်တို့လည်းပါကြ၏၊ တစ်စီး ၃၀-ကျစီနှင့် လိုက်ပါသမျှအားလုံးကို ဆရာတော်ကြီးက သွားပြန်တာဝန်ခံပို့လေသည်။

ဘုရားကြီး ခြေတော်ရင်းပတ်လည်ဝိုင်း၍ ဆီမီးနှင့်ဖယောင်းတိုင်တို့ဖြင့် ပူဇော် ကြရာ ကြည်နူးစရာကြီးပေ၊ ဆရာတော်ကြီးအမိန့်ဖြင့် အရှေ့ဘက်အာရုံခံတန်ဆောင်း အတွင်း၌ ဒကာ, ဒကာမများကို မိမိကသီလပေးရေစက်ချရသည်။ ထိုအခိုက် အင်္ဂလိပ် စစ်သားများက ဓာတ်ပုံရိုက်သွားကြလေ၏၊ ဦးပညာဇောတနှင့် မိမိတို့ (၂)ပါးကို လိုရာသုံးပါဟု ဆရာတော်ကြီးက ဝတ္ထု ၁၀-ကျပ်စီလှူ၍ ဘုရားစောင်းတန်းမှ စာအုပ် ကပ္ပိခဲ့ကြသည်။ ကျောင်းသားများကိုလည်း ၈-စီစွန့်သေး၏၊ ထိုဆရာတော်ကြီးသည် မမြဲသော သင်္ခါရလောကကို တရားနှင့်အမြဲမြင်နေသောကြောင့် ရှေးသီဟိုဠ်ခေတ်က မထေရ်ကြီးတို့ကဲ့သို့ ရသမျှဓာတ်တော်၊ မွေတော်၊ စေတီတော်ကိုသာ ပူဇော်ပြီး ပါရမီ ဆည်းပူးနေတော်မူခြင်း ဖြစ်ပေမည်။

# ဆွမ်းတရားနှင့် ဦးသညာ

တော်သလင်းလဆုတ် (၃)ရက်။ လှိုင်မြစ်လမ်း နိဗ္ဗာန်ရပ် ကိုအောင်ဖြိုးအိမ် ဆွမ်းစားရာတွင် တရားဟောရ၏၊ ဆွမ်းအကျိုးတရားကားဟောရန် ဝတ္ထုပေါင်းများစွာရှိ၍

ဟောမကုန်နိုင်ပေ၊ ရှေးအခါ ဘုရားရှင်တို့မျက်မှောက်ကာလကအလှူမျိုး ဘုရားနှင့်တကွ သံဃာတော်များ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များခေတ်တွင် လူမျိုးတို့၏ အကျိုးပေးကြီးမြတ်ပုံတွေ များစွာရှိ၏၊ ယခုခေတ်ကား သမုတိသံဃာတော်များခေတ်ပေ၊ သူ့ခေတ်နှင့်သူ့အခါ လှူရမြဲမှာ စေတနာထားတတ်ရန်သာလို၏။

ဆွမ်းအကျိုး ငါးပါး ဆုမတောင်းဘဲရနိုင်ကြောင်း ဗုဒ္ဓဘာသာမှန်သမျှ ကြားဖူးကြ၏၊ စင်စစ်မှာ လူ့ဘဝရောက်လာလျှင် အာယု-အသက်ရှည်မယ်၊ သုခ-ချမ်းသာလည်း ချမ်းသာ၊ ဝဏ္ဏ-ရုပ်ရည်အဆင်းလည်း လှပမယ်၊ ဗလ-ခွန်အားနှင့်ပြည့်စုံ၍ သန်မာထွားကြိုင်းမယ်၊ ပဋိဘာဏ-လျင်မြန်ထက်မြက်သော ဉာဏ်ပညာလည်းရှိမယ်ဆိုလျှင် ဘာမှလိုလေသေးမရှိတော့ဘူး၊ အလွန်ပျော်မွေ့ဖွယ်ကောင်းသော လူ့ဘဝကိုရခြင်းပဲ၊ ဒါကြောင့် ဒါနပြုသောအခါ ဤကုသိုလ်ပြုလျှင် ဤအကျိုးရကြောင်း နားလည်ထားရန်လိုပေမည်၊ ထိုထက်လွန်မြတ်သော နိဗ္ဗာန်ချမ်းသာကို လက်မလွှတ်တမ်း ဆုတောင်း၍ပြုကြရမယ်ဟူ၍ ဟောခဲ့၏။

၁၀-နာရီခန့်အချိန်တွင် မိတ်ဆွေကြီး ဦးပညာရောက်လာပြီး ယခင်ငှားသွားသော ဇင်းမယ်ပဏ္ဏာသအဋ္ဌကထာပြန်ပို့ရင်း သူ၏အကြောင်းတစ်ခုကို မျက်ရည်ကျလျက် လျှောက်လေသည်။ ဖြစ်ပုံမှာ ၎င်းတို့ကျောင်းဝင်း၈ရပ်၌ လူအိမ်ထောင်သည်ပေါင်းများစွာလာရောက်နေကြ၏၊ ထိုကျောင်းဘုန်းကြီး၏ အမိန့်အရ ဦးပညာကစာသင်ပေးရ၏၊ တစ်နေ့သ၌ စာဂရုမစိုက်၍ ပြောဆိုခက်သော ကျောင်းသားတစ်ယောက်ကိုစာသင်ရင်း ရိုက်ဆုံးမမိရာ ကလေးကငိုပြီး သူ့အဖေထံသွား၊ သူ့အဖေက ဘုန်းကြီးလျှောက်၊ ဘုန်းကြီးရောထိုအဖေပါ ဦးပညာကိုဝိုင်းဝန်းကြိမ်းမောင်းပြောဆိုကြသဖြင့် ဝမ်းနည်းကြောင်းဟူ၍ဖြစ်၏၊ ရွာမဆရာတော်ကြီးထံလျှောက်ရာ ဝါကျွတ်အောင်နေဦး၊ မနေနိုင်လျှင်နဝံမိမှပြောင်းဟု နှစ်ဖက်အခြေမပျက်စေရန် တရားဟောလိုက်ကြောင်းနှင့် ထိုကျောင်း၌မနေလိုတော့ပါ၊ ဒကာတွေသြဇာလွှမ်းမိုးနေသော အရိပ်အောက်၌ နေရန်မသင့်၍ တခြားပြောင်းတော့မည်ဟု မိမိကိုလည်း အသိပေးတိုင်ကြားသည့်သဘော လျှောက်ထားသွားလေသည်။ ဖြစ်ပြီးသမျှကို တရားပြု၍ နှစ်သိမ့်စေကာ နောင်သတိထားရှောင်ကြဉ်ရန် သင်ခန်းစာယူပါဟု တရားချလွှတ်လိုက်၏။

## အရေးကြီးသော အာစိဏ္ဏကံနှင့် အာသန္နကံ

၁၃၀၇-ခုနှစ်၊ တော်သလင်းလဆုတ် (၄)ရက်။ နံနက်ပိုင်း ဦးပဥ္စင်းကြီးကို စာချပေးပြီးလျှင် တပည့်မောင်ဝင်းနှင့် သမိုင်းသို့သွားကြ၏၊ သံလမ်းမှခြေကျင်လျှောက်၍သွားကြရာ

ဒုတ်ကျင်းအရောက်တွင် ရွာမဆရာတော်ကြီးနှင့်တွေ့၍ အတူတကွသွားကြ၏၊ ကမာရွတ်က ဒီ (၂)ပါးတည်းသီးခြားပင့်ခြင်းဟာ အထူးစကားပြောလို၍ ဖြစ်မည်ထင်တယ်ဟု ဆရာတော်ကြီးက ထင်ကြေးပေးရာ မြို့မကျောင်းရောက်ကြသောအခါ မဟုတ်ပေ၊ သားသမီးမရှိသော အဘိုးကြီး၊ အမယ်ကြီးတို့ (၂)ဦးတည်းသာနေကြရာ အသက် ၇၅-နှစ်ရှိ အမယ်ကြီးကွယ်လွန်၍ ပင့်သောသံဃာ ၁၀-ပါးတွင် မိမိတို့နှစ်ပါးသီးသန့်အထူး ပင့်ကြောင်း သိရလေသည်။

တိုက်ကြီး အထက်ထပ်ပေါ်တွင် ဧည့်ခံရာ ရွာမဆရာတော်၊ ပါဠိဆရာတော်၊ ကျောင်းတိုင်ဘုန်းကြီး ဦးစန္ဒိမာနှင့် (၄)ပါးစပ်မိရာ စကားပြောကြရာ အထူးဗဟုသုတရှိပေသည်။ ရွာမဆရာတော်က "ခုကာလ ရဟန်းငယ်များဟာ လက်လှုပ်ခြင်း၊ ခြေလှုပ်ခြင်းမှစ၍ ဆွမ်းစားရာ၌ အရိုးကိုက်စုပ်ကြသည်အထိ မြင်နေရ၍ သေခိယကျင့်ဝတ်ကိုလေးစားသူနည်းပါးကြပြီး သမာဓိလည်း မထားကြတော့ဘူး"ဟု အမိန့်ရှိရာ ပါဠိဆရာတော်က "ဒီခေတ်လူငယ်တွေက စိတ်ကိုထိန်းသော ခေတ်မဟုတ်ဘူး၊ ဘေးပန်းအမြင်အာရုံပြု အတုယူလိုက် နေကြတဲ့ခေတ်၊ ပြောဆိုလို့လည်းမရဘူး"ဟု ပြန်၍အမိန့်ရှိ၏၊ ဦးစန္ဒိမာက ကျောင်းတွေမှာသင်သော ကိုယ်ခန္ဓာအစိတ်အပိုင်းပညာရပ်တွေမှာဆရာဝန်လက်တွေ့သဘောတရားဆိုပြီး လူရောရှင်ရော သင်နေကြပြီး၊ မမြင်အပ်သောအရာ၊ မကြားအပ်သောအကြောင်း မရှိတော့ကြောင်းနှင့် လက်ရှိအခြေအနေ ဖြစ်နေကြပုံကို ဆက်၍လျှောက်ထားလေသည်။

နေ့ (၂)နာရီကျော်အချိန် ကျိုက္ကလားသုသာန်သို့သွားကြရ၏၊ သံဃာများကိုမြင်းလှည်း (၂)စီးနှင့်ပင့်လေသည်။ လမ်းတွင်မျာပြားလှသော မော်တော်ကားကြီးငယ်တို့ တသီတတန်းကြီး အဆက်မပြတ်မောင်းနေကြသည်မှာ ရှောင်၍မပြီးနိုင်ချေ၊ သုသာန်မှာ အတော်ဝေး၏၊ အသုဘကိုဘီးတပ်သော ထမ်းဘောင်ရထားနှင့် ပိတ်နက်များဆင်၍ လူများက ဆွဲလာကြသည်။

## အာသန္နကံနှင့် အာစိဏ္ဏကံ

တိုက်ပေါ်ကပြောလက်စစကားကို မြင်းလှည်းစီးရင်း ဆက်ကြပြန်၏၊ သေခါနီးမှာ အာသန္နကံကောင်းရန်လိုကြောင်း၊ အာသန္နကံကလည်း အာစိဏ္ဏကံအခြေခံရှိမှ ဖြစ်နိုင်ကြောင်း ရွာမဆရာတော်ကပြောရာ ပါဠိဆရာတော်က "ပရိတ်ကြီးဟာ အာသန္နကံ

ပြုရာတွင် မာရ်နတ်ကသူ၏ဝဿဝတီမာရ်မင်း ပြည်ကြီးအတွင်းက လွတ်ႇသွားစေဘဲ သူ၏ လက်အောက်ခံဖြစ်၍ နေရန်လိုလား၍၊ စေလွှတ်ထားသော အသင်းအပင်းတို့က အာရုံ (၆)ပါးဖြင့် ဖြားယောင်းတတ်ကြတယ်၊ ဘုရားရှင်၏ အာဏာစက်ပရိတ်ကြီးဟာ ထိုမကောင်းသော အဖျက်အာရုံတွေကို တားနိုင်ရန် ဟောထားရကြောင်း၊ ပရိတ်တော် မပွစက်မှသာ တားနိုင်ကြောင်း ရှေးဆရာတော်ကြီးများက ပြောခဲ့ဖူးသည်"ဟု အမိန့်ရှိ၏။

# ကျောက်ကဲ့မှ ကျိုက္ကလား

သံဃာတော်များ သုသာန်ထိုင်နေကြစဉ် ဒကာကြီးတစ်ဦးက ဒီကျိုက္ကလားဆိုတာ အစကကျောက်ကုံးမြေဖြစ်ကြောင်း၊ ဘီလူး (၃)မျိုးတွင် မြေဘီလူးခေါ်သော မြေကျတ်များ နေရာ ကျတ်တွင်းတွေ အများရှိနေကြောင်း၊ ကျော်ပြီးလျှင် တစ်နေရာကိုညွှန်ပြ၍ ထိုတောင်ကုန်းကလေးနေရာမှာ သိုက် (၂)ခါတူးဖူးသည်ကိုစွဲ၍ သမိုင်းပထမ သူကြီး ဦးဘိုးဆိတ်က သိုက်ကလားဟုနာမည်ပေးရာမှ ကျောက်ကုံးအမည်ပျောက်ပြီး သိုက္ကလား တွင်လာကြောင်း၊ နောက်မှ ကာလရွေ့လျော၍ ကျိုက္ကလားဖြစ်လာကြောင်း လျှောက်ရာ ယုတ္တိရှိပေသည်။

# သဲသရာခရီး ရိက္ခာထုပ်

သုသာန်မှ ပြန်လာကြစဉ် ရွာမဆရာတော်က ညစဉ်သေကြည့်စမ်းတယ်၊ သံယောဇဉ်တွေကိုလည်း ဖြတ်ကြည့်စမ်းတယ်ဟု အမိန့်ရှိစဉ် "အဲဒါ အာသန္နကံအတွက် ပရိစယပဲဘုရား"ဟု မိမိကကြားဖြတ်လျှောက်လိုက်၏။

ဆရာတော်ကြီးက ဆက်လက်၍ "ဒီလိုသေကြည့်တော့ ကိုယ့်နောက်ပါမယ့် အထုပ်က ငယ်နေတယ်၊ တကယ်ခရီးသွားတော့မယ်ဆိုတော့ ခရီးစရိတ်မပါတော့ဘူး၊ အိမ်မှာထားခဲ့ရသည်က များနေတယ်"ဟု အမိန့်ရှိရာ "ဒါကြောင့် ဦးစန္ဒိမာမှာ နေ့စဉ် ထုပ်ပိုးနေတာပဲ"ဟု ပါဋိဆရာတော်က ရယ်စရာကဲ့သို့ ချီးမွမ်းစကား အမိန့်ရှိလိုက်၏။

သတ္တဝါတစ်ဦး သေတော့မည်ဆိုလျှင် သေခါနီးဆဲဆဲမှာ ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဟူ၍ နိမိတ် (၃)မျိုး ရှေ့နောက်ဆက်ခါ ထင်ရမြဲဖြစ်၏၊ အချို့မှာ (၃)ပါးစုံမထင်ဘဲ တစ်မျိုးသော်လည်းကောင်း၊ နှစ်မျိုးသော်လည်းကောင်း ထင်သည်လည်းရှိ၏၊ သေခါနီးကာလ၌ပြုသော အာသန္နကံသည် ထိုနိမိတ်အာရုံကို ကျေးလှူပြု၏၊ ထို့ကြောင့်

လူ့နာသေမည်ဟုထင်ရလျှင် ရဟန်းသံဃာပင့်၍ သင်္ကန်းကပ်ခြင်း၊ ပရိတ်နာခြင်း စသည် ပြုလုပ်လေ့ရှိကြသည်။ မိမိစိတ်အလိုအလျောက် ထင်လာစေရန် အာသန္နကံမှာ မပြတ်လေ့ကျက်အပ်သော အာစိဏ္ဏကံက ကျေးဇူးပြုလေရာ ပွားများအပ်သော ဘာဝနာရှင်နှင့် ရှေးသူတော်စင်တို့၏ မြဲသောကောင်းမှုပြုခြင်းမျိုးကဲ့သို့ ကောင်းမြတ်ရာဘဝရောက်နိုင်ကြောင်း၊ ဒါနသီလဘာဝနာတရားကို မပြတ်လေ့ကျက်ပေးရန် လိုပေသည်။

ဈာန်ရပုဂ္ဂိုလ်တို့သည် ဈာန်ကိုလေ့ကျက်ရင်း ဘဝကူးသဖြင့် ဗြဟ္မာပြည်သို့ လားရသကဲ့သို့ ဓမ္မိကဉပါသကာ စသည်တို့သည် မြဲသောကုသိုလ်ကံကိုမှီ၍ သေခါနီးတွင် သုတ္တန်တရားနာရင်း အာသန္နကံပြု၍ နတ်ဘုံသွားရသကဲ့သို့လည်းကောင်း မြင့်ရာဘဝရောက်ရန် လိုပေသည်။ သေခါနီးအာသန္နကံအတွက် စိတ်မဖြောင့်မှုတွေကြောင့် အကုသိုလ် အာသန္နကံဖြစ်၍ မကောင်းရာဘဝရောက်သွားကြသူတို့လည်း များစွာရှိကြပေမည်။ ထို့ကြောင့် မည်သူမဆို ငါသေခါနီးလျှင်, သေတော့မည်ဟု ထင်ရလျှင် မည်သည့်ဒါန၊ သီလ၊ ဘာဝနာတရားကို နှလုံးသွင်း၍ကောင်းသောအာရုံကိုယူခါ စိတ်ကြည်လင်စေပြီးမှ ဘဝကူးသွားရမည်ဟူသော ရည်မှန်းချက်တစ်ခုခုကို ကြိုတင်လေ့လာထားပြီးရှိရန် လိုလေသည်။

အကြောင်းမှာ သေရမည်ကား မုချဖြစ်သည်မဟုတ်လော၊ "နတ်ဖြန်ထွက်မည့် ရထားနှင့် ငါလိုက်ရမည်၊ မလိုက်၍မဖြစ်ဘူး"ဟူသော မုချသွားရမည့်ခရီးမှာ ဘာယူသွားမည်၊ ရထားထွက်ခါနီး ငါဘာလုပ်စရာရှိသည်ကို ကြိုတင်ပြင်ဆင် စိတ်မှန်းထားရသော ခရီးသွားနှင့်တူသောကြောင့်ဖြစ်၏။

၁၃၀၇-ခုနှစ်၊ တော်သလင်းလဆုတ် (၅)ရက်။ ယနေ့ပေါက်ပန်းဖြူပွင့်သုပ်နှင့် ဆွမ်းစားရာ အထူးကောင်းလှသည်။ နေ့ပိုင်း အလင်္ကာစာဝါချအပြီး ဦးကေသရရောက်လာ၍ စကားဝိုင်းပြောကြရာ ကျောင်းသားကိုစာသင်ပေးရသော ဦးပဥ္စင်းက မကျိုးနွံ၍ ရိုက်ဆုံးမသည်ကို ကျောင်းသားမိဘနှင့် ဘုန်းကြီးကပါ ထိုဦးပဥ္စင်းကို မနေနိုင်လောက်သည်အထိ ဆူပူကြိမ်းမောင်းခံရသော ဦးပညာအကြောင်းကို ဦးကေသရက သူ့အမြင်နှင့် ဦးပဥ္စင်းကို အပြစ်မဆိုဘဲပြောလေသည်။

ယခင်ကမူ ဦးကေသရသည် ကျောင်းသားရိုက်ဆုံးမခြင်းမပြုသင့်ကြောင်း ပြောနေကျဖြစ်သော်လည်း ဦးပညာကိစ္စမှာ စကားသံပြောင်းလာ၏၊ ကျောင်းထိုင်ဘုန်းကြီးအချို့သည် ဣဿရမာန်ထားမှုကြောင့် ဦးပဥ္စင်းကလေးတွေ မပျော်ဖြစ်ကြရသည်။ ဦးပဥ္စင်းကလေးတွေ ကျောင်းထိုင်လွယ်ခြင်းမှာလည်း အချို့သောကျောင်းထိုင်ဘုန်းကြီးတို့၏

မျက်နှာ မသာမယာမှုကြောင့် ဖြစ်သည်။ ၎င်းပြင် ယခုခေတ်အချို့ကျောင်းတို့မှာ ကျောင်းထိုင်ဆရာတော်အပေါ် လူဒကာတွေက ဩဇာလွှမ်းမိုးနေပြီး ထိုဘုန်းကြီးကလည်း ကုလမစ္ဆရိယ၊ လာဘမစ္ဆရိယထားတတ်ကြသဖြင့် တပည့်ရဟန်း၏ မျက်နှာကိုမငဲ့၊ ဆွေမျိုး၊ ဆွမ်းဒကာတို့၏ မျက်နှာသာထောက်ထားနေခြင်းကြောင့် ဤသို့ဖြစ်ရသည်။ တပည့်ရဟန်း တစ်ပါး စိတ်ဆင်းရဲပြီး သာသနာမှ ပျောက်ကွယ်သွားမည်ကို မစိုးရိမ်နိုင်၊ ဒကာတစ်ဦး မျက်နှာ မသာမည်၊ ဆွမ်းတစ်ဝတ်လျော့သွားမည်ကိုသာ စိုးရိမ်ဟန်ရှိသည်။

အမှန်မှာ ကျောင်းထိုင်လျှင် ဘုန်းကြီးအိမ်ထောင်ကျခြင်းဖြစ်၍ ပိုမိုစိတ်ထားကြီးရင့် လာရမည့်အစား မကြီးဘဲငယ်သွားတတ်ကြကြောင်း၊ သူကိုယ်တိုင် ဤနည်းမျိုးတွေမြင်ရ၊ ကြားရဖူးကြောင်းနှင့် ပဲခူး ဦးသီလာစာရကဲ့သို့ ကျင့်ထိုက်ကြောင်းပြောပြ၏၊ လူကြည်ညို ခံလိုလျှင် အကျင့်ကောင်းရမည်၊ ဗုဒ္ဓဘာသာမြန်မာကို မဆိုထားဘိ၊ ပသီကုလား တစ်ယောက်ကပင် ထိုဆရာတော်၏ ကြည်ညိုဖွယ်ကိုမြင်ရ၍ "ဒီဘုန်းကြီးဟာ တကယ် လူတော်လူကောင်းအစစ်ကြီးပဲ"ဟု စွဲလမ်းကြည်ညိုနေပြီး ဘာမဆို ထက်သန်သော စေတနာနှင့် လှူလေ့ရှိကြောင်း ပြောလေသည်။ ဆရာတော် ဦးသီလာစာရကလည်း တရုတ်ကုလားများကို တရားဟောချတ်ရသည်မှာ မြန်မာထက်လွယ်ကြောင်းမိန့်ဖူးသည် ဆို၏၊ ပါရမီအကျိုးပေး ခြားဟန်ရှိသည်။

# ဘုန်းကြီး (၃)ပါးနှင့် ရွာ (၃)ရွာ

ဘုရားဟောနိပါတ်တော်မှာ ရသေ့တို့ကျောင်းသခ်မ်းရောက်သွားသောကျေး၊ ခိုးသားတို့ တဲစခန်းသို့ရောက်သွားသောကျေးသားတို့ ခြားနားကြသကဲ့သို့ ဘုန်းကြီး (၃)ပါး မှီ၍ ရွာ (၃)ရွာ စရိုက်ခြားနားပုံကိုလည်း ဦးကေသရ၏ ကိုယ်တွေ့အဖြစ် ပြောပြသွား၏၊ အခါတစ်ပါးက တောရွာတစ်ရွာ၌ ကျောင်းထိုင်ဘုန်းကြီးတစ်ပါးရှိ၏၊ ၎င်းပုဂ္ဂိုလ်မှာ စာပေ သင်ကြားချိန်နည်း၍ အသင့်အတင့်သာတတ်၏၊ သို့သော် ယဉ်ကျေးသိမ်မွေ့သော နေထိုင်မှုနှင့် ကိုယ်ကျင့်တရားကောင်းလှသည်။ တပည့်ဒကာများအား ဆုံးမပုံလည်း သိမ်မွေ့နူးညံ့လှ၏၊ ထို့ကြောင့်သူ၏တပည့်လက်သားနှင့် ရပ်ရွာဒကာတို့မှာ အထူးယဉ်ကျေး သိမ်မွေ့၍ ချေ ခံ၍ တာဝန်ကျေပြုစုတတ်ကြပုံ မြင်ခဲ့ရသည်။

ထိုရွာအနီး အခြားတစ်ရွာ၌ ကျောင်းထိုင်ဘုန်းကြီးတစ်ပါးကမူ စာပေအရာ၌ အထူးတော်၏၊ သင်ယူဖူးသော ကျမ်းဂန်လည်းစုံ၏၊ သို့သော် နေထိုင်ပုံကိုယ်ကျင့်တရားနှင့်

တပည့်ဒကာတို့အား ဆုံးမသင်ပြညွှန်ကြားပေးရာမှာ ကောင်းလှသည်လည်းမဟုတ်၊ ညံ့ဖျင်းလှသည်လည်း မဆိုသာ၊ သင့်ရုံမျှသာရှိ၏၊ ထို့ကြောင့် ထိုဘုန်းကြီး ရွာမှတပည့်တပန်းဒကာတို့လည်း စိတ်ထားမကြမ်းလွန်း၊ မနုလွန်းရှိပြီး နေရာဌာနတိုင်းတွင် သင့်ရုံသာရှိကြသည်။

အခြားနောက်တစ်ရွာ၌ ကျောင်းထိုင်ဘုန်းကြီးကား စာပေလည်းမတတ်၊ စိတ်နေစိတ်ထားလည်းကြမ်း၊ စကားလည်း ကြမ်း၊ အပြောကြမ်း၊ အနေကြမ်းပင်ဖြစ်၍ တပည့်ဒါယကာတို့အား ဆုံးမရာ၌လည်း ကြမ်းတမ်းစွာပင် ပြောဆိုလေ့ရှိ၍ သူ၏တပည့်ဒကာတို့သည် စိတ်ကြမ်းလူကြမ်းကြီးတွေဖြစ်နေကြသည်။ ငယ်စဉ်ကစ၍ စိတ်ကိုယဉ်ကျေးအောင်ထားနည်း သိမ်မွေ့နူးညံ့စေသော အမူအကျင့်စရိုက်မျိုးကို နည်းမခံဘဲ ကြမ်းသောစရိုက်တို့သာ ပုံသွင်းပေးလိုက်သကဲ့သို့ ရှိသောကြောင့် ပင်ကိုကပင် ကြမ်းချင်နေသောခေတ်လူတို့မှာ အလွယ်နှင့် စိတ်ကြမ်းလူကြမ်းတွေ ဖြစ်သွားကြလေတော့သည်ဟုဆို၏။

သတ္တဝါတို့၏ စိတ်စရိုက်သည် ကြမ်းစရှိလျှင် အကျင့်ပါသွားတတ်လေရာ တစ်ဘဝလုံးသာမက သံသရာတစ်လျှောက်လုံးပင် စရိုက်ကြမ်းကြီးနှင့် ကျင်လည်နေရတတ်၏၊ ကောက်ကျစ်တတ်ခြင်း၊ အရွဲ့တိုက်တတ်ခြင်းလည်း ထို့အတူပင်အကျင့်အထုံပါတတ်၏၊ အင်္ဂုလိမာလမထေရ်အလောင်းသည် သူ၏ရှေးဘဝများကိုကြည့်လျှင် နူးညံ့သည်ဟုမရှိလှ၊ လူကြမ်း မင်းကြမ်းဖြစ်ရသည်။ ခိုးသားဖြစ်ရ၊ ဘီလူးဖြစ်ရနှင့် ပြီးခဲ့သည့်အဆုံး၌ပင် လူသတ်သော ခိုးသားလူကြမ်းကြီးဖြစ်လိုက်ရသေး၏၊ ထို့ကြောင့် မကောင်းသောစရိုက်ကြမ်းခြင်း၊ ဒေါသကြီးခြင်း၊ မာနထန်ခြင်း၊ စကားငြင်းသန်ခြင်း၊ သူတစ်ပါးအပေါ်နိုင်ထက်စီးနင်းပြုမူခြင်း အလေ့မျိုးကို အနည်းငယ်မျှ အလေ့မပါစေရန် သတိပြုရပေမည်။

# တန်ဖိုးရှိသော လူ့ဘဝ

တော်သလင်းလဆုတ် (၆)ရက်။ လူ၏ဘဝသည် အလွန်ရခဲကြုံကြိုက်ခဲကြောင်း ဘုရားရှင်က ဗုဒ္ဓဘာသာတရားငါးပါးတွင် ဟောကြားတော်မူခဲ့၏၊ တိရစ္ဆာန်ဘဝမျိုးရောက်သွားမိလျှင် သမုဒ္ဒရာတွင်းက လိပ်ကန်းနှင့် ထမ်းပိုးပေါက်ဥပမာကဲ့သို့ လူ့ဘဝပြန်ရောက်ရန် ခဲယဉ်းလှသည်။ အဟိတ်ဘဝမျိုး၌သာ တစ်ဘဝပြီးတစ်ဘဝသို့ အလွယ်ကူးပြောင်းခါဖြစ်လွယ်နေတတ်ကြောင်း ဘုရားဒေသနာတော်ကိုသိရလျှင် ကြောက်ဖွယ်ကောင်းလှ၏။

သို့ရာတွင် လူ့ဘဝရောက်လာရလျက် တန်ဖိုးမရှိဘဲ ဆုံးသွားရသူတို့ကလည်း ရှိကြလေရာ ယနေ့ညနေ (၅)နာရီအချိန် မောင်ကျော်ရှိန်လာပင့်၍ သုသာန်လိုက် သရဏဂုံ

တင်ပေးရသော အသုဘတစ်ခုကို တွေ့မြင်ရပေ၏၊ ၎င်းသည်ကမာ့ရွတ်ကွက်သစ် (၈)လမ်းကိုသာဒင်ဆိုသူအိမ်၌ အရက်တုံးလူပေလူတေကြီး တစ်ဦးဖြစ်သည်။ ဧည့်သည်လုပ်ရင်းသေသောအသုဘဖြစ်၏၊ ကာလီမူတူးဆိုသော ကုလားကလေးများက ဖျာကလေးတစ်ချပ်ယူ၊ ဘုန်းကြီးနောက်မှ လိုက်လာခင်းပေး၍ထိုင်နေစဉ် ကုလား (၃)ယောက်နှင့်မြန်မာအရက်သမားတစ်ယောက် လူ(၄)ယောက် ဝါးလုံးဟောင်းကို ထမ်းစရာလုပ်၍လူသေကို ဖျာဟောင်းတစ်ချပ်နှင့်လိပ်ပြီး ထမ်းလာကြ၏၊ သူသေ၏ခေါင်းမှ ပွယောင်းနေသော ဆံပင်များနှင့် ကြမ်းတမ်းသောခြေထောက်ပေါ်ထွက်နေရာ ကြည့်ရသည်မှာပင်ကြောက်စရာဖြစ်၏၊ သေသူကို နှမြောဝမ်းနည်းသံနှင့် ငိုသူမပါ။

မောင်သာဒင်နှင့် အခြားလူနှစ်ယောက် မိန်းမတစ်ဦးပါ (၄)ယောက် သီလခံကြရာ ဩကာသဆိုသံမှ ပီသအောင် မကြားရ၊ ဘုန်းကြီးတစ်ပါးသာပင့်ရာ ရခိုင်ငှက်ပျောသီးနှံဖီးနှင့် ကန်တော့ပွဲပါရုံ လုပ်လာကြ၏၊ ကိစ္စပြီး၍ ပြန်ထွက်လာစဉ် တိုင်ငှက်ပျောသီးပင်အရက်သမား ကိုငွေလှိုင်ဆိုသူက ဆီးတောင်း၍စွန့်ထားခဲ့ရ၏၊ သနားစရာလူတွေပါတကား၊ ထိုညတွင် ယိုတန်ဖိုးမဲ့ လူ့ဘဝဆုံးရပုံကို တွေးတောနေမိသည်။ သေသူသည်သောက်စားမူးယစ်ပြီး သူတစ်ပါးအိမ်ဧည့်သည်အဖြစ် သေရသည်ထက် သူ၏လူ့ဘဝရကျိုးမနပ်ပုံကို နှမြောဝမ်းနည်းမိပေသည်။

# အကုသိုလ်တစ်ချက်နှင့် ဘဝငါးရာ

၁၃၀၇-ခုနှစ်၊ ကော်သလင်းလဆုတ် (၈)ရက်။ နံနက်ပိုင်း စာကြည့်နေစဉ် ချောင်းဝကျောင်းသားကလေးလာ၍ စာတစ်စောင်ပို့လာ၏၊ စာမှာ သုဇနကာရီကျောင်းဟူ၍မဟုတ်ဘဲ နယ်ခြားသာသနာပြုဆရာတော်ဟူ၍ လိပ်တပ်ပါလာရာ အကြောင်းမသိသူဝဲ့မှာ ဘယ်ပုဂ္ဂိုလ်ထံပို့ရမည်ပင် သိမည်မဟုတ်ပေ၊ ရွာမဆရာတော်ကြီးထံ ရောက်သွားသောကြောင့်သာ မိမိထံရောက်လာရပေသည်။ မီးရထားရုံး ဦးသိမ်းမောင်အိမ်မှ ဆွမ်းစားပင့်စာဖြစ်၏ မိမိကိုယ်တိုင်တစ်ကြိမ်တစ်ခါမျှ ထုတ်ဖော်မပြောဘူးသေးဟု ထင်မိလျက်နယ်ခြားသာသနာပြုဟူ၍ သိနေကြသူများလည်း ရှိနေသည်ကို အံ့ဩမိပါသည်။

ထိုနေ့ဥပုသ်သည်များကို ကျောင်းဝင်းတွင်းရှိ ကန်စွန်းရွက်ခင်းမှ ပေါ်များလှသောကန်စွန်းရွက်တို့ကို ကပ္ပိစေပြီး ကန်စွန်းရွက်သုပ်ဖြင့် လက်ဖက်ရည်တိုက်လိုက်သည်။ ရှေးအခါက သေသူဆွေမျိုးတို့ကို ရည်မှတ်၍ များစွာသော ဆိတ်၊ ဝက်၊ ကြက် စသည်တို့ကိုသတ်ကာ မတကဘတ်ပြုကြသည့်အကြောင်း၊ ပုဏ္ဏားဆရာကြီးတစ်ဦးသည် ထိုနည်းတူ

ဆိတ်တစ်ကောင်သတ်၍ မတကဘတ်ပြုမိရာ ဘဝငါးရာတိုင်တိုင် ဆိတ်ဖြစ်၍ လည်ပင်းဖြတ် အသတ်ခံရသောအကြောင်း၊ အဆုံးစွန်သောဘဝငါးရာအစေ့တွင် ထိုဆိတ်က လူစကားဖြင့် ဒိသာပါမောက္ခဆရာကြီးကိုတစ်ဖန် ပြောခဲ့သဖြင့် သိရပြီးလျှင် လူကမသတ်သော်လည်း ကျောက်ဖျာမိုးကြိုးကျ၍ ကျောက်လွှာဖတ်စဥ်ကာ ဆိတ်လည်ပင်း ပြတ်သွားပြီး သေရရှာကြောင်း ဥပုသ်သည်များကို တရားဟောလိုက်၏။

# ဗုဒ္ဓဘာသာကို ခေတ်နှင့်လိုက်အောင် ပြုပြင်သင့်သလော

ညနေပိုင်း သတင်းစာကြည့်ရန်ဟု ဦးကေသရကြွလာ၏၊ သတင်းစာကြည့်ပြီးလျှင် ဦးကေသရက ဘယ်အရာမျိုးမဆို သဘာဝကိုစဥ်းစားဖို့နှင့် အကြောင်းရင်းကို စိစစ်တတ်ရန် လိုကြောင်း၊ ပတ်ဝန်းကျင်က ပြုပြင်ပြောင်းလဲလာလျှင် အခြေအနေအရလိုက်၍ ပြုပြင် သွားရမည်ဖြစ်ရာ တပည့်တော်တို့ သာသနာရေး၊ စာပေသင်ကြားရေးတို့မှာလည်း ခေတ်မီအောင် ပြုပြင်ပေးသင့်ကြောင်း ပြောလေသည်။

ထိုစကားတွင် ခေတ်မီအောင်ဆိုရာမှာ လိုရာဆွဲတိုင်းပါသည်။ အဓိပ္ပာယ်ကျယ် ပြောလှသောကြောင့် ဤသို့ပြန်ပြောမေးလိုက်၏။

"အရှင်ဘုရားပြောတဲ့ ပတ်ဝန်းကျင် ပြောင်းလဲမှုအခြေအနေအရ ဗုဒ္ဓသာသနာ တော်ကို ခေတ်မီအောင် ပြုပြင်လျှင် ကုလားများလို စုပေါင်းစရိတ်ဖြင့် ဆွမ်းချက်စားကြလျှင် ဘုရားရှင်အလိုတော်ကျ ရဟန်းတို့၏ ဆွမ်းခံခြင်းဓလေ့ ကွယ်သွားရတော့မည်။ ခေတ်မီခြင်းသည် ဆုတ်ကပ်ခေတ်သဘောကိုမူ မလွန်ဆန်နိုင်၍ လိုက်လျောရမည်ဆိုတာ ဝန်ခံပါသည်။ သို့သော် အရာခပ်သိမ်းပြုလို့တော့ ဖြစ်မည်မထင်ပါ။

"အရှင်ဘုရားပြောသလိုပင် ဗုဒ္ဓဘာသာကို ခေတ်မီအောင်ပြုပြင်သင့်ပြီဟု စာအုပ် တွေပင်ရေးထုတ်နေကြကြောင်းလည်း ကြားရပါသည်။ ပညာရေးဝန်ကြီးဟောင်း ဦးဘရင် ရေး သာသနာစီမံကိန်းစာအုပ်မှာလည်း ကျောင်းကန်ဘုရား ဝတ္တကံမြေတွင်ဖိနစ်စီးဖို့ ရေးထားပြီး မေမြို့မောင်ဆိုသူကလည်း ရဟန်းတွေလူထွက်ရေးစီမံကိန်းရေးထားပြီး မြင့်ဆွေဆိုသူရေးစာအုပ်မှာလည်း ရဟန်းတိုင်းအတန်းအောင်ရမည်ဟု ဇယားချပြကာ ခေတ်မီစာသင်နည်း စီမံကိန်းထွက်ပေါ်ထားပြီ၊ အမည်မဖော်လိုသူဆိုသော ရန်ကုန်ဗဟန်း ထဲက ရဟန်းအဖွဲ့၏အကျိုးဆောင်လုပ်နေသူတစ်ပါးကလည်း အနာဂတ်သာသနာစီမံကိန်း ဆိုပြီး ရဟန်းသံဃာတွေအားလုံး အစိုးရလက်အောက်ခံ လစာယူမင်းမှုထမ်း မင်းကျွန်စိုး

ကျွန်တွေဖြစ်အောင် လုပ်ဆောင်နည်းညွှန်ကြားချက်စာအုပ်ကို ရေးထုတ်ထားလေပြီ၊ ထိုစာအုပ်တွေအရ အချို့ရဟန်းတို့ပင် ကယောင်ချောက်ချားဖြစ်နေကြကြောင်း ကြားနေရပြီ ညွှန်းချက်တွေစုံနေပြီ၊ လိုရင်းမှာ ပြုနည်းမဟုတ် ဖျက်နည်းတွေသာဖြစ်နေသည်။

လက်တွေ့ ခေတ်မီပြုပြင်ရေးသမားတို့ကလည်း ပြုပြင်နေကြပါပြီ၊ "အခုကြည့်ပါ၊ ရှေးကလိုပါဠိတော်ကြီးတွေ သင်ရိုးကိုပယ်ကြပြီး စာမေးပွဲအောင်မြင်ခြင်းသာ ဒီဂရီအဆင့် အတန်းမိသည်ဟု စာမသင်ကြတော့ဘဲ ဖြတ်လမ်းနည်း၊ ခက်ဆစ်မှတ်စုလောက်သာ လေ့လာပြီး စာမေးပွဲဖြေနေကြသည်မှာ အစိုးရပထမပြန် ပထမငယ်၊ ပထမလတ်၊ ပထမ ကြီးတွေ အောင်နေကြပြီတဲ့၊ ဓမ္မာစရိယတွေအထိပဲဟု ကြားရတယ်၊ အတွင်းရေးသိသော မိတ်ဆွေ အစိုးရလခဆန်ထောက်ရ တစ်ပါးကပြော၍ နောင်မှသိရသည်မှာ စာချတန်းသာ အောင်ကြတယ်၊ ပါဠိတွေမသင်ဘူး၊ မတက်ကြဖူး၍ စာလည်းမတတ်ကြ၊ အနက်လည်း မထင်ကြဘူးဟု ပြော၏၊ ဒီတော့ ပါဠိတော်သာသနာကွယ်သွားတာပဲ၊ သို့သော် ယခုလက်ရှိ ထေရ်ဝါကြီး ဆရာတော်ကြီးတွေနှင့် သင်ရိုးမှုမှန်သင်ယူထားကြသော ပုဂ္ဂိုလ်တွေရှိနေဆဲ မှာတော့ မထောင်းတာလှဘူး၊ ဤပုဂ္ဂိုလ်တွေ သက်တမ်းလွန်တော်မူပြီးနောက် ဖြတ်လမ်း လိုက်သူတို့က သာသနာဦးစီးဖြစ်လာကြမည့် နောင်ရဟန်းတို့ကာလသမယမှာ ခေတ်မီသော သာသနာတော်ကြီး မုချမြင်ရမှာပဲ၊ ရှောင်လွှဲရမှာမဟုတ်ပါဘူး"လို့ ဆရာတော် ကြီးတွေက စိုးရိမ်သံနှင့် မိန့်တော်မူနေကြကြောင်း ပြောလိုက်၏၊ ဦးကေသရသည် နူးညံ့သော မိတ်ဆွေတစ်ပါးဖြစ်၍ ပြန်လှန်မငြင်းပေ၊ အခြားဘာသာတို့၏ အတွင်းရေး သဘောကိုလည်း ၎င်းသိရသမျှ ပြောပြသွားရှာ၏။

## ရှေ့နေက ကြံချရသော ဆရာတော်

၁၃၀၇-ခုနှစ်၊ တော်သလင်းလဆုတ် (၉)ရက်။ ရွာမဆရာတော်ကြီးနှင့် သံဃာ (၆)ပါး ကမာရွတ်ဘူတာရုံအနီး မီးရထားဦးသိမ်းမောင်-မမလေးတို့အိမ်၌ ပလာတာမုန့်ဆွမ်း စားကြရသည်။ မုန့်စားပြီး လက်ဖက်ရည်သောက်ရင်း ဦးသိမ်းမောင်၊ သား မောင်တင်ဦး တို့နှင့် သံဃာတော်များ ဆွမ်းကပ်ပုံကြောင်းရာနှင့်စပ်၍ သီဟိုဠ် (သီရိလင်္ကာ)၊ အိန္ဒိယ သာသနာရေးတို့ကို ရှေးဘုရားရှင်လက်ထက်တော်ကာလနှင့် ရဟန္တာတို့ခေတ်ကြောင်းရာ တို့ကိုဆက်၍ စိတ်ဝင်စားကြည်နူးဖွယ်ရာ ပြောနေကြ၏၊ တောင်တန်းနယ်ခြားသာသနာ ပြုရေးအကြောင်း ပြောကြရာတွင် ရွာမဆရာတော်ကြီးက မိမိအားချီးပ၍ ပြောရှာ၏၊ ဦးသိမ်းမောင်နှင့် မောင်တင်ဦးတို့သည် ထိုအချိန်ကစ၍ မိမိနှင့်ရင်းနှီးသော ဆရာဒကာ ဖြစ်လာကြရာ နောင်နှစ်များတွင် မိမိ၏သာသနာပြုရေးကိုလည်း အထူးတလည်အားပေး

ကူညီကြရှာ၏။ ရှေးဘဝတို့က ရေစက်ဟောင်းဓာတ်ခံကြီးခဲ့ကြဟန်လည်း တူပါသည်။ စွဲ၍ခင်မင်နေကြတော့သည်။ မန္တလေးတွင် သာသနာ့အကျိုးဆောင် ဆိုင်းတန်းမောင်ကိုကြီး၊ ရန်ကုန်ကမာရွတ် ဆရာဝန်ကိုတင်ဦး ဤ(၂)ယောက်ကား မိမိ၏ပါရမီဖြည့်ဘက်များ ဖြစ်ကြ၏။

# ဆရာတော်နှင့် ရှေ့နေတစ်ဦး

ရွာမကျောင်းအနီး ဦးဘတုတ်အိမ်က ဆွမ်းစားပင့်၍ သံဃာများဆွမ်းပြင်နေခိုက် အပြင်ဧည့်ခန်း၌ ခေတ္တထိုင်နေကြစဉ် ဦးသင်းမောင်ဆိုသူ ဒကာတစ်ဦးက သံဃာတော်များနှင့် ကုလားထိုင်တွင် ယှဉ်ထိုင်လျက် မယဉ်ကျေးမှုအကြောင်းကို လျှောက်လေရာ ရွာမဆရာတော်ကြီးက အင်းစိန်နေစဉ်က ပုံတစ်ခုကိုအမိန့်ရှိလေသည်။

အင်းစိန်ဆရာတော်ကြီးကျောင်း၌ တိုက်အုပ်အဖြစ်နေရစဉ် အမိန့်တော်ရ ရှေ့နေတစ်ဦးက ဆွမ်းစားပင့်၍သွားကြရာ (၆)နာရီပင့်ပြီး (၆)နာရီခွဲအောင် ထိုင်စောင့်နေကြသော်လည်း မကျွေးမမွေးပေ၊ သို့နှင့်အချိန်ကြာနေပြီဟုပြောရာ ဈေးကုန်းကျောင်းမကြွလာသေး၍ မကပ်သေးကြောင်းလျှောက်သဖြင့် သူ၏ပင့်စာကိုထုတ်ပြပြီး "(၆)နာရီသာပင့်သည်၊ ဈေးကုန်းလာမှ ကျွေးမည်လို့စာမပါဘူး၊ မကပ်လျှင် သွားကြမည်၊ ဆွမ်းခံသွားရန်၊ စာချရန်ကိစ္စတွေရှိသေးသည်။ ရှေ့နေလုပ်ပြီးအချိန်ကို အလွဲသုံးစားလုပ်ရသလား"ဟု ပြောမှ "ဒါဖြင့် ကျွေးပါမည်ဘုရား"ဟုလျှောက်ကာ ကပ်လိုက်သည်ဟု အမိန့်ရှိ၏။

အနီး၌ထိုင်နေကြသော သံဃာများက ရှေ့နေကပင်သြချရသောဆရာတော်ဟု ပြုံးကြလေသည်။ ဤနေရာ၌ သံဃာများပြုံးခြင်းသည် အဓိပ္ပာယ် (၂)မျိုးပါ၏၊ ဆွမ်းကျွေးသောရှေ့နေကိုလည်းကောင်း၊ ယခုမျက်မှောက်သံဃာများနှင့် ကုလားထိုင်ယှဉ်ထိုင်ရင်း ယဉ်ကျေးမှုစကားပြောသူကိုလည်းကောင်း ဆုံးမရာရောက်နေပြီဖြစ်၏။

ကျောင်းပြန်ရောက်လျှင် အင်္ဂုတ္တိုရ်ဝိသာခုပေါ်သထသုတ်နှင့် ရွာမဆရာတော်ကြီးက စတုကပ္ပကျမ်းပါသော အဋ္ဌသာခစသော ဗေဒင်ညွှန့်ပေါင်းစာအုပ်ပါ (၃)အုပ်ပေးလိုက်၍ ကြည့်နေ၏၊ အထုံမပါသောကြောင့် ဗေဒင်ကျမ်းများကိုကြည့်၍ စိတ်မဝင်စားချေ၊ ထိုည ဘုရားဝတ်တက်အပြီး ဦးမွှာလက်ာရနှင့် ဦးပဥ္စင်းကြီးတို့ ဝိဇ္ဇာအကြောင်းပြောကြရာ အသက် ၃၀၀-ကျော်ရှိသည်ဆိုသော အဘိုးကြီးအကြောင်းတွင် ဦးမွှာလက်ာရက မဟုတ်နိုင်ကြောင်းပြောရာ ဦးပဥ္စင်းကြီးက စိတ်ဆိုးထသွား၍ မိမိကကြားဝင်အသရေဆယ်လိုက်

ရသည်။ ညဉ့်အနေကဇာတိသုတ်ရွတ်၍ စတုကပ္ပကျမ်းကြည့်ပြီးမှ အိပ်ရာဝင်လိုက်၏။

## ဘုန်းကြီး မပင့်တတ်သူ

၁၃၀၇-ခုနှစ် တော်သလင်းလဆုတ် ၁၂-ရက်။ မနေ့က ဝတ်သုတ်ရုံနောက်ဖေး ရွှံ့ရေထဲလိုက်သွားရသော သပိတ်သွတ်က ဘုန်းကြီးမပင့်တတ်ကြ၍ ဦးရုံးဆိုသူအဘိုးကြီးကို သွတ်ရကြောင်းလျှောက်ရာ ဒီနေ့လည်း ဘုန်းကြီးမပင့်တတ်သူလာပြန်သေး၏။ (၈)လမ်းကိုသာဒင်အိမ်၌ ဧည့်သည်လူပေလူတေကြီး အရက်မူးသေသူအတွက် မောင်ဇော်ရှိန်က ရက်လည်ဆွမ်းသွတ်ပင့်လာရာ "ဘုန်းကြီးပင့်မဟုတ်ဘဲ သတင်းပေးသလိုဖြစ်နေ၍ မင်းဘာပင့်မှာဖြင့်လည်း ဒီလိုဆိုပင့်ပါ"ဟု သင်ပေးရသေး၏။

ရဟန်းသံဃာတော်များစွာရှိသော မြန်မာပြည်တွင် ခက်ခဲလှသည်မဟုတ်သော်လည်း ဘုန်းကြီးမပင့်တတ်သူတွေ များစွာရှိပေသည်။ တစ်ခါက တောရွာတစ်ရွာတွင် ကလေးအသုဘအတွက် လူတစ်ယောက်ကို ဘုန်းကြီးပင့်ခိုင်းကြသည်။ ထိုသူပြန်ရောက်ပြီးနောက် ဘုန်းကြီးမကြွလာနိုင်၍ ကလေးအသုဘသုသာန်သို့ ထုတ်ယူတွင်းဟူးရင်းစောင့်ကြသည်။ ဘုန်းကြီးကား မကြွလာ၊ တွင်းတူးပြီး၍ ကြာသော်လည်း မကြွလာ၍ နောက်တစ်ယောက်ထပ်လွှတ်ထားခါမှ "ငါ့ဆီဖြင့် ပင့်သူမလာပါဘူး ဖိုးကာကြီးကဖြင့် ခါဥသမီးလေးတော့သေပြီ၊ ရွာလယ်လမ်းမကြီးက မကြွချင်ရင်ရွာတောင်က ညောင်ပင်ကြီးသို့သာ ကြွခဲ့ပါဟုပြောသွားရဲ့"ဟူ၍ ဘုန်းကြီးကအမိန့်ရှိသောဟူ၏၊ တောရွာမဆိုထားဘိ၊ ရန်ကုန်မြို့ကြီး၌ပင်လျှင် ဘုန်းကြီးမပင့်တတ်သူတွေ၊ ပင့်စာမရေးတတ်သူတွေ များစွာရှိ၏၊ အတွင်းဝန်များရုံးကြီးထဲမှ ထွက်လာသော ဘုန်းကြီးထံလျှောက်စာတွေက ပင့်စာ၊ လျှောက်စာမဟုတ်ဘဲ အကြောင်းကြားစာ၊ အမိန့်ပေးစာမျိုးတွေဖြစ်နေပုံကို တွေ့ရဖူးပေါင်းများလှလေပြီ။

## သုံးခွ ဦးကလျာဏ

နေ့ပိုင်း သန်လျင်မှ သုံးခွသား (၈)ဝါရ ဦးကလျာဏရောက်လာ၏၊ သောက်တော်တွင်းတိုက် ကထိန်ဩဘာစာယူရန်နှင့် ထပ်ပင့်ရန်လာခြင်းဖြစ်၏၊ သူတို့သံလျင်ဘက်၌ ပုလိပ်တွေဆိုးဝါးသောင်းကျန်းနေကြပုံကို သတင်းထူးအဖြစ် လျှောက်သွား၏၊ အညာ မုံရွာ၊ ရွှေဘိုတို့၌လည်း ပုလိပ်တွေမကောင်းကြောင်းကြားရ၏၊ ဘယ်ဆီကပုလိပ်မှ ကောင်း

သည်ဟု မကြားရတော့ပေ၊ ထို့ပြင်ဆက်၍ ခုတလော ရန်ကုန်၌သကြား ပိတ်လိုက်သဖြင့် လက်ဖက်ရည်ဆိုင်တွေ ခက်နေစဉ် အမေရိကန်စစ်သားတွေက သကြားတွေခိုးယူပြီး လက်ဖက်ရည်ဆိုင်တွေလာသွင်းကြသည်။ အင်္ဂလိပ်ကဖမ်းလျှင် သင်္ဘောကြီးပေါ် တက်နေမည်ဟုပြောသတဲ့၊ ၎င်းပြင်အသားဘူးတွေ မြန်မာမိတ်ဆွေများဆီ ယူလာ၍ မြန်မာအမျိုးသမီးတို့ လက်စွမ်းဖြင့် ကောင်းမွန်စွာပြင်ဆင်ချက်ပြီး ထမင်းကျွေးရာ စားသောက်ပြီး အလွန်ချီးမွမ်းကြကြောင်း၊ သူတို့မြန်မာပြည်စစ်ထွက်ရမည်ဟု သင်္ဘောဆင်းခဲ့စဉ်က မြန်မာလူမျိုးဟာမယဉ်ကျေးသေးဘူး၊ လူရိုင်းတွေဖြစ်ကြောင်း၊ ချင်း၊ နာဂတို့ လံကွတ်တီနှင့် ခါးစည်းဝတ်နေကြသော ရုပ်ပုံများကိုသာ အင်္ဂလိပ်တို့က ဝေငဝါဒဖြန့်လိုက်ကြောင်း၊ အခုတွေ့ရတော့ သူတို့ပြောသလိုမဟုတ်ကြောင်း ပြောပြကြသတဲ့ဟူ၍လည်း လျှောက်သွားသေး၏။

ညနေပိုင်း ပါတီမောက်စာဝါအပြီး အလင်္ကာစာဝါဆက်ချ၊ ထို့နောက် စာရေးနေစဉ် စကားပြောချင်သူတွေ ကဲကဲလာကြ၏၊ စာရေးရန်ကလည်း အလုပ်ပူနေ၏။

# ကမ္ဘာဦးက ယောကျာ်း မိန်းမ

၁၃၀၇-ခုနှစ်၊ တော်သလင်းလဆုတ် ၁၃-ရက်။ စတုကပ္ပဝိနိစ္ဆယကျမ်းကို တွင်တွင်ဖတ်လိုက်၏၊ မုံရွာခရိုင် ဘုတလင်မြို့အပိုင် စီပါရွာသာသနာ့ဇောတိကာရုံ ရွှေဘုံသာကျောင်းတိုက် အရှင်လက္ခဏာဘိဓဇရေး၍ ဆားတုံးမြို့စံကျောင်းဆရာတော်ဘုရားကြီး သုတ်သင်ပြီး ၁၂၈၅-ခုနှစ်၊ ရန်ကုန်မင်္ဂလာတိုင်း ပုံနှိပ်တိုက်ကရိုက်သော စာအုပ်ဖြစ်၏၊ ဒါယကာ ဦးပေါ်ငြိမ်းကတောင်းပန်၍ ရေးသားကြောင်းပါ၏၊ ထိုကျမ်းတွင် အောက်ပါအတိုင်း မှတ်သားရသည်။

ကမ္ဘာဦးကလူတို့တွင် ယောကျာ်းနှင့်မိန်းမ မည်သူကစစွာဖြစ်ပေါ်လာသလဲဟူသောပြဿနာမှာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပရိဝါအဋ္ဌကထာ၊ တေရသကဏ္ဍဋီကာ၊ ဝိမတိဝိနောဒနီဋီကာတို့ကား ယောကျာ်းတို့က မိန်းမတို့အလျင်ဖြစ်ကြောင်း ပြဆိုကြ၏၊ မဟာဟံသဇာတ် ပါဠိတော်, အဋ္ဌကထာတို့၌ကား မိန်းမတို့က ယောကျာ်းတို့အလျင်ဖြစ်သည်ဆို၏၊ အချို့ကမ္ဘာတို့၌ ယောကျာ်းကအလျင်ဖြစ်၍ အချို့ကမ္ဘာတို့၌ မိန်းမကအလျင်ဖြစ်မည်ဟုယူလျှင် ကျမ်းဂန်ချင်းမဆန့်ကျင်ပေ၊ သဘာဝအားဖြင့်လည်း ယောကျာ်းချည်းလည်းမဖြစ်၊ မိန်းမချည်းလည်းမဖြစ်နိုင်ကြပေ၊ မရှေးမနှောင်းသာ ဖြစ်ကြပေမည်ဟု ဆုံးဖြတ်ထားရာ မှတ်ဖွယ်ကောင်းပေသည်။

# ဈေးလူကြီး ဦးကြာဖြူ

နွံ့ရေထဲ သပိတ်သွတ်သွားခဲ့ရသော အသုဘအတွက်ပင့်ရန် အဘိုးကြီး ဦးကြာဖြူ လာ၏၊ ၎င်းသည် ထနီးရွာသား သားသမီး (၇)ယောက်ရှိ အသက် - ၆၅နှစ်၊ ဇနီးက ၆၄-နှစ်ရှိပြီး ယခုသမီးကြီးနှင့် သားမက်တို့ထံ ချမ်းသာစွာနေကြောင်း လျှောက်သွား၏၊ ရှေးလူကြီးတို့နှင့် စကားပြောရသည်မှာ စိတ်ဝင်စားပေသည်။ ကမာရွတ် ထန်းတပင် ကျောင်းမှ ပဝါရဏာဆွမ်းစားပင့်လာရာ နှစ်စဉ်ပင့်နေကျ သမိုင်းကုန်းရွာထက် ဦးအောင် စောစောပင့်ထားကြဟန်တူသည်။ တစ်နေကုန်စာကြည့်၊ ညဘုရားဝတ်တက်၊ ပရိတ်ရွတ်၊ အိုနာသေရေး ဆင်ခြင်၊ လောကကြီးအကြောင်း ငြိုငွေ့စိတ်ဝင်တိုင်း ပုတီးစိပ်ရင်း တစ်နေကုန်သွား၏။

# အသုဘနှင့် မွေထိုး

၁၃၀၇-ခုနှစ် တော်သလင်းလဆုတ် ၁၄ ရက်။ နံနက်စောစောထ ဘုရားရှိခိုးပြီး စတုကပ္ပကျမ်းကြည့်ရင်း မိုးလင်းသွား၏၊ (၉)နာရီအချိန် ရေချိုးနေခိုက် အာဂန္တု (၂)ပါး ရောက်လာကြသည်။ တစ်ပါးမှာ ပခုက္ကူမဟာဝိသုတာရာမတိုက်နေစဉ် ပါဠိစကားပြော ပွဲတွင် တွေ့ဆုံနေကျမိတ်ဆွေ ၁၆-ဝါရ ဦးသူရိယဖြစ်ရာ အင်းစိန်ဆာဖိုးသာကျောင်း၌ စာချဘုန်းကြီးဖြစ်နေသည်ဆို၏၊ နောက်တစ်ပါးမှာ ဝက်သတ်ရုံအနီး၌ ကွယ်လွန်သူ အဒေါ်ကြီး၏ မြေးတူ ၁၆-ဝါရ ဦးတိလောကဆိုသူဖြစ်ရာ ၎င်းအသုဘကိစ္စအတွက် ကြွလာ ကြကြောင်း သိရ၏၊ မိမိကျောင်းပေါ်တက်၍ ပါဠိစကားပြောအသင်းဓာတ်ပုံများကို ကြည့်နေကြလေသည်။

# ၁၂-တောင်မဟုတ် (၂)တောင်ထွာ

နေ့ဆွမ်း ရွာမဆရာတော်ကြီးကျောင်းက ပင့်ထား၍သွားရ၏၊ မြှုမင်းလွင်ဟူသော ရှေးစကားအကြောင်း ဆရာတော်ကြီးနှင့်စပ်မိ၍ ပြောဆိုကြပြီး ရဟန်းခံရာတွင် "အမှုမှိ ဩကာသေ"ဟူသောပုဒ်ကို ပါဠိတော်နှင့် လယ်တီဆရာတော်၏ ဥပသမ္ပဒအဆုံးအဖြတ် တွဲပြ၍ ကြည့်ခဲ့ရ၏။ ပခုက္ကူအနက်မှာ "သံယာတို့ဘောင် (၂)တောင့်ထွာ ဟတ္ထပါသ် လွတ်လောက်ရာ ထိုအရပ်၌၊ တိဋ္ဌတိ-ရပ်၍နေရစ်ဦးလော"ဟူ၍ရှိကြောင်း၊ အချို့စာများမှ

"သံဃာတို့ဘောင် ၁၂-တောင်မှတ် ပြင်ပရပ်၌ "ဟူ၍ ရှိကြ၏၊ သို့ရာတွင် နောက်ဆုံး အများသဘောတူမှာ ပခုက္ကူဆုံးဖြတ်ချက်သာ ကျမ်းဂန်နှင့်ညီသည်ဟု (၂)တောင့်ထွာ ဟတ္ထပါသ်ကို သုံးကြလေသည်။

# မကြွားသင့်သော ရွှေထီး

ဦးတိလောက၏ကြီးတော် အသုဘအတွက် ရွာမဆရာတော်ကြီးထံ ရွှေထီး လာငှား၍ ဆရာတော်ကြီးက အမိန့်ရှိသည်မှာ "ရွှေထီးဆိုတာ မိုးထိုက်သူမှမိုးရသည်၊ မမိုးထိုက်သူကို အလကားဂုဏ်မလုပ်ချင်ကြနဲ့၊ သေသူကားကိစ္စမရှိ၊ ကျန်ရစ်သူတွေ ထိခိုက်တတ်တယ်၊ သေသူအမယ်ကြီးသည် ရဟန်းအမရှင်အမလည်းမဟုတ်၊ မယ်တော် ရင်းလည်းမဟုတ်၊ ကြီးတော်မျှသာဖြစ်သည်။ ကိုယ်သားမှ ရှင်ပြုဖူးသူလည်းမဟုတ်ကြောင်း" ပြောပြပြီး မငှားလိုက်ဟုအမိန့်ရှိ၏။

ထိုအမယ်ကြီးမှာ ရှေးကံမသန့်ရှင်း၍ မျက်စိဒုက္ခိတဖြစ်သည့်ပြင် သူလာနေလျှင် ရောက်ရာအိမ်ရှင်မှာ ပစ္စည်းဆုတ်ယုတ်ပင်ပန်းဆင်းရဲ သွားတတ်သောကြောင့် ဆွေမျိုး များက လက်မခံလိုကြ၊ အဝေးကသာ ထောက်ပံ့ကြသည်ဟုသိရ၏၊ နေ့ (၁)နာရီအချိန် ထိုအသုဘချလာကြ၏၊ သံဃာ (၄)ပါးအား ကျပ်တန်ကလေးများကို စာရေးစက္ကူဖြင့် လှပစွာလုပ်ထားသော ပဒေသာပင်လေးတို့နှင့် ၁၀-ကျပ်စီလှူကြ၏၊ မီးသဂြိုဟ်ကြသည်။ ထိုနေ့ မိုးသာအုံ့၍မရွာပေ။

# အသုဘနှင့် ရွှေထီးမလေ့

မြန်မာပြည်တွင် သေပြီးသောအပုပ်ကောင် အသုဘကြီးဖြစ်ခါမှ ရွှေထီးမိုး၍ အခြောက်ကြွားလေ့ရှိသောထုံးစံမှာ အထက်ပိုင်းထက် အောက်ပိုင်းကသာသည်ထင်၏၊ ရန်ကုန်မြို့ကား အကြွားဆိုလျှင်နံပါတ်ကုန် နောက်ထပ်လှည့်ရန် ဝက်အူမရှိသည်အထိ ကြွားလေ့ရှိသော ရပ်ကွက်ကြီးဖြစ်ရာ မန္တလေးမြို့တွင် လူအသုဘရွှေထီးမိုးခြင်းကို မမြင်ဘူး သလောက် ရှိသော်လည်း ရန်ကုန်တွင်များစွာတွေ့ရ၏၊ ရွှေထီးမိုးရန် အကြောင်းအမျိုးမျိုး ရှာ၍မိုးကြ၏၊ ရဟန်းတို့၏ မယ်တော်၊ ခမည်းတော်မဟုတ်သော်လည်း ရှင်အမ၊ ရှင်ဒကာ ဟူ၍လည်းကောင်း၊ ဘုရားဒကာ၊ ကျောင်းဒကာ၊ ဘုရားအမ၊ ကျောင်းအမဟူ၍

လည်းကောင်း၊ ဇရပ်အမဟုတ်၍လည်းကောင်း ပြောမဆုံးသော ဒကာ၊ ဒကာမတွေဖြစ်နေ၍ ရွှေထီးနှင့်ထိုက်သူချည်းပင် ဖြစ်နေကြသည်။

မှန်ပေသည်၊လက်မလောက်ဒက္ခိဏသာခါဘုရားရှင်၊ သိဝလိပုံကလေး ကိုးကွယ်ထားလျှင်လည်း ဘုရားဒကာ၊ ဒကာမဖြစ်၍ ပုတ်လောက်ခနိမိုးကျောင်းကလေးဆောက်လှူင်လည်း ကျောင်းဒကာဖြစ်နိုင်လေသည်။ ဘုရားမြေ၊ ကျောင်းမြေတွင်း၌ ၎င်းတို့လည်း အိမ်ခွန်လွတ်သွားနေရန် ဆောက်ထားသောဇရပ်တို့လည်း ပါဝင်လေရာ အဘယ်လျှင် ရွှေထီးမမိုးထိုက်သူ ကျန်တော့မည်နည်း။

စင်စစ်မှာ ရွှေထီးမိုးခြင်းဖြင့် သေသူနတ်ပြည်ရောက်သည်လည်းမဟုတ်၊ မသေမိပြုအပ်သော ကုသိုလ်ကံရှိမှသာ သုဂတိဘုံဘဝသို့ ရောက်နိုင်ကြောင်း သိထားပြီးသော ဗုဒ္ဓဘာသာတွေဖြစ်လျက် မလျော်ကန်ရာ၌ အားမကျသင့်ပေ၊ ရှေးအခါကမူ ရဟန်းသံဃာမှလွဲလျှင် သာသနာ့ဒါယကာမင်းများ၏ အလောင်းကိုပင် ရွှေထီးမသုံးဘဲ (တညင်း)အုပ်၍ ထားလေ့ရှိကြသည်။ ယခုခေတ်တွင် ရွှေထီးကလည်း ဘုန်းကြီးကျောင်းမှသော်လည်းကောင်း၊ သို့မဟုတ် လိုရာငှားသော ပရိက္ခရာဆိုင်မှလည်းကောင်း အလွယ်ငှားရနိုင်သော ခေတ်ဖြစ်၍ ကြွားလိုသူတိုင်း ကြွားခွင့်ပေးထားသကဲ့သို့ရှိ၏၊ ရဟန်းဒကာ ရှင်ဒကာဆိုသူတို့ကအစ ဘာဘာညာညာဆိုတာတွေလိုက်၍ မဆုံးအောင်ပင် ရန်ကုန်၌သုံးနေကြပုံကား နည်းနည်းတော့ လွန်လွန်းလေသလားဟု ပြောစရာဖြစ်နေ၏။

# နိုင်သူကို နိုင်သူပေါ်မြဲ

၁၃၀၇-ခုနှစ်၊ တော်သလင်းလဆုတ် ၁၅-ရက်။ ယနေ့လကွယ် ဥပုသ်နေ့မှာ ပုသ်သည်တွေများလှရာ လှူကြသော ဘိန်းမုန့်တွေများစွာရသောကြောင့် ထိုဥပုသ်သည်တို့ကို စွန့်ရာ (၂)ခါပင်ထပ်ကျွေးရ၏၊ သီလပေးပြီးလျှင် မဟာဝင်ကျမ်း၌လာသော မာရ်နတ်နှင့် အရှင်ဥပဂုတ္တ မထေရ်တို့အကြောင်းကို ဟောလိုက်သည်။

လောကမှာ လူနတ်ပြဟ္မာသတ္တဝါတို့တွင် သူတစ်ပါးကိုနိုင်ချင်တတ်သူဟာ မကြာမီ ထိုသူ့ကိုလည်း နိုင်သူပေါ်လာရမြဲဓမ္မတာဖြစ်ကြောင်း၊ နွား၏ခြေရာကို ရထားဘီးနင်းသကဲ့သို့ နောက်မှလိုက်နေသောကြောင့် ဘယ်သူမှ မတတ်နိုင်ဟူ၍မရှိ၊ ဘယ်သူကမှ ပြန်လည်ရန်မရှာဘဲ ရသေ့ရဟန်းတို့ကဲ့သို့ သည်းခံနေကြလျှင် ထိုနှောင့်ယှက်ညှဉ်းပမ်းတတ်သူကို ၎င်း၏အကုသိုလ်ကံကြောင့် တစ်စုံတစ်ခုသောဘေးဒဏ်ကျရောက်၍

ဒုက္ခကြီးစွာ သော်လည်းကောင်း ခံရမည်၊ အနာနှိပ်စက်၍ စိတ်ပင်ပန်းခြင်းသော်လည်း ကောင်း ခံရမည်၊ သေမင်းကသော်လည်းကောင်း နိုင်သွားရမည်ဖြစ်၏။

ရာဇဂြိုဟ်ပြည် ဘုရားကျောင်းဒါယကာ ဗိမ္ဗိသာရမင်းကြီးကိုသတ်သော အဇာတသတ်မင်းသားဟာ သူ့ခမည်းတော်က ပြန်လည်ရန်မမူဘဲ သည်းခံသွားလေတော့ သူ့သားကပြန်သတ်ခြင်းခံရသည်။ တစ်ဖန် အဇာတသတ်မင်းကိုသတ်သော ဥဒယဘဒ္ဒမင်းကိုလည်း သူ့သားတော် မုဏ္ဍမင်းကသတ်ပြန်၏၊ မုဏ္ဍမင်းကိုလည်း သူ့သားတော် အနုရုဒ္ဓါကသတ်ပြန်၏၊ ၎င်းကိုမူ ငါးဆက်တိုင်သတ်နေကြ၍ အဖသတ်မျိုးတွေ မင်းနှင့်မထိုက်ဘူးဟု တိုင်းပြည်က နှင်ထုတ်ခြင်းခံရ၍ ထွက်ပြေးသွားတော့သည်။

ဘုရားရှင်လက်ထက်က မာရ်နတ်ကြီးဟာ အလကားသက်သက် ဘုရားရှင်နှင့် ရဟန်းသံဃာတော်တွေကို အစဉ်မပြတ် လိုက်နှောင့်ယှက်နေတာပဲ၊ တရားအားထုတ်ရာ နေထိုင်ဃီတင်းသုံးရာ၊ ဆွမ်းခံရာ၊ တရားဟောရာ၊ အနာရောဂါနှိပ်စက်၍ ပရိနိဗ္ဗာန်စံယူခါနီးသော ပုဂ္ဂိုလ်များကိုမချန် နှောင့် ယှက်နေခဲ့တယ်၊ ဘုရားနှင့်ရဟန်းတော်များသည် နှောင့်ယှက်ခံရသည်ဖြစ်သော်လည်း သည်းခံ၍ နေတော်မူကြတယ်၊ သို့သော် နိုင်ချင်သူကို နိုင်သူ ပေါ်ရမြဲထုံးစံအတိုင်း ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အရှင်ဥပဂုတ္တ မထေရ်လက်ထက်မှာ ပရိတ်ချည်နှင့် ပစ်လိုက်ရာ ခွေးသေကောင်ပုပ်ကြီးဖြစ်ပြီး လည်ပင်းစွပ်နေ၍ ဖြုတ်မနိုင် ပြေးမလွယ် စကြဝဠာလောကဓာတ်အနှံ့ပြေးကာ ဖတ်ဖတ်မောအောင် ခံသွားရသည်။ ထိုသည့်နောက်တွင် နောင်တရသွားရှာထင်၏၊ ဘယ်မှအသံမကြား ရတော့ကြောင်းဟောရာ တရားနာတို့ အတော်ကျေနပ်သွားကြပုံရသည်။

ဘုန်းကြီးထလာခဲ့လျှင် ဥပုသ်သည်တို့သည် စိပ်ပုတီးကြီးတွေကိုင်၊ ဆေးလိပ်ကြီးတွေဖွာရင်း ယခုကမာရွတ်မှာ ပုလိပ်တွေဆိုးသွမ်းနေကြပုံ၊ ကုန်ဝေလက်မှတ်မတရားပုံ၊ လက်မှတ်ပေးသူတို့က ဆင်းရဲသူတို့ကို ချန်လှပ်ထားကြပုံ၊ လူကြီးလူနပ်တွေအကြောင်း ကစ၍ ရုံးကတရားသူကြီးလုပ်သူတွေအထိ တရားမမှန်ကြခြင်း၊ အာဃာ၊ လျှာနာ၊ ခွာနာ သုံးတဲ့လူတွေဟာ မကြာပါဘူး၊ ခွေးရူးကောင်းစားတစ်မွန်းတည့်ပါ စသည်ဖြင့် တတ်သမျှ မှတ်သမျှ အားရပါးရ ရွတ်ဖတ်နေရစ်ကြသောဟူ၏။

## တောရကျောင်းနှင့် မေတ္တာကမ္မဋ္ဌာန်း

ထိုညဘုရားဝတ်တက်ပြီးလျှင် ဦးဓမ္မာလင်္ကာရ၊ ဦးပဥ္စင်းကြီးတို့နှင့် တောရဆောက်တည်သော ပုဂ္ဂိုလ်များ၌ ကြုံရတတ်သော အနှောင့်အယှက်တို့မှာ ရှေးဦးစွာ မေတ္တာ၊

ကရုဏာ, ဗြဟ္မဝိဟာရမလေ့လာမိ၍ ဖြစ်တတ်သည်။ ကမ္မဋ္ဌာန်းကျောင်းကိုလည်း ကျမ်းဂန်နှင့်အညီ လျော်ကပ်သောဒေသ၌သာ ဆောက်သင့်ပုံပြောကြ၏။

ယခုကာလမှာ လူဒကာတို့က နည်းနည်းထူးသည်ထင်လျှင် တစ်ပြုံကြီးလိုက်တတ်သောကြောင့် မူလရည်ရွယ်ချက်ကောင်းကို နောက်လိုက်တို့ဖြင့် တိတ်ဆိတ်စွာ ဧကစာကျင့်လိုသော ဘုန်းကြီးများ၏ တောရကျောင်းမှာ လူတသောသောနေသော သိုက်မြုံကြီးတွေ ဖြစ်သွားတတ်ကြသည်။ ထို့ကြောင့် တကယ်သံယောဇဉ်ကင်းကင်းနှင့် ဆိတ်ဆိတ်တရားကျင့်လိုလျှင် မည်သူ့ကိုမှမငဲ့သင့်၊ စားသောက်နေထိုင်ရေးကိုလည်း မကြောင့်ကြဘဲ ဘဝပါရမီကိုသာ ရှေးရှုပြီး လွတ်လွတ်ဝေးဝေး ရှောင်မှသာ ကောင်းတော့မည်ဟု မိမိယူဆကြောင်း ပြောကြားလိုက်၏။

( စတုတ္ထပိုင်းပြီး၏။ )



ပဥ္စမပိုင်း

# သမဂ္ဂ ဖာသုဝိဟာရဖြင့် နေကြရန်

၁၃၀၈-ခုနှစ်သည် တန်ခူးလပြည့် အင်္ဂါနေ့ကစ၍ နှစ်ဆန်းဖြစ်ခဲ့ရာ နှစ်ဟောင်းကုန်၍ နှစ်သစ်ပြောင်းခဲ့ရပြန်ပြီ။ လူတို့အသက်သည် သက္ကရာဇ်ရေတွက်၍ ကြီးလာခဲ့ကြရာ တစ်နှစ်ပိုကာ အိုခဲ့ကြပြန်ပြီ၊ သစ်ပင်များလည်း ရွက်ဟောင်းတွေခွာ၍ ရွက်သစ်လောင်းကြပြန်လေပြီ၊ ဤနှစ်သည် ကောင်းသောမင်္ဂလာဖြစ်ပါစေဟု ဆုတောင်းမိ၏။

အကြောင်းမှာ လွန်ခဲ့သောနှစ်တို့တွင် ကြုံခဲ့ရသော ဖြစ်ပျက်မှုလောကဓံတို့ကို ငြီးငွေ့လှပြီဖြစ်၍ လောကသားလူအများတို့အား အေးချမ်းသာယာစွာ နေစေလိုသောကြောင့်ဖြစ်၏၊ ယခုနှစ် ဘုန်းကြီးမှတ်တမ်းသည် တွေ့ကြုံရသမျှတို့တွင် ရေးသင့်ရာကို ရေးမည်ဖြစ်၏၊ မိမိ၏ နေ့စဉ်လုပ်ငန်းများကို ယခင်နှစ်မှတ်တမ်းတွင် ရေးခဲ့၍ သိသာလုံလောက်ပြီးဖြစ်၏။

## သာမဂ္ဂ ဖာသုဝိဟာရ ဖြစ်ရန်

နှစ်ဦးတွင် ထူးခြားချက်တစ်ရပ်မှာ ကမာရွတ် သံဃာတော်များ၏ သမဂ္ဂ ဖာသုဝိဟာရဖြင့် နေကြရန် အကြံဖြစ်ပေါ်စေသည့် ကိစ္စကြုံရခြင်းဖြစ်၏၊ တန်ခူးလဆုတ် (၁)ရက်နေ့နေ့လယ် (၁)နာရီအချိန်တွင် ကမာရွတ်မယ်ဆီကုန်း ဦးချိုလမ်းမှ ဆရာ

ကျော်ဇံနှင့် ဆပ်သွားကုန်းနေ ဦးထူးလေးတို့နှစ်ယောက် ဘုန်းကြီးထံရောက်လာကြ၏၊ "အရှင်ဘုရားကျောင်း၌ သံဃာဘယ်နှစ်ပါးရှိပါသလဲဘုရား၊ အရှင်ဘုရားနှင့် မဆိုင်ပါ၊ တမင်စေတနာနှင့် ဒါယကာဦးတောက အလှူခိုင်း၍ ကျောင်းတိုင်းစေ့တစ်ပါးလျှင် သကြား ၅၀-သားနှင့် နို့ဆီတစ်ဘူးကျစီ လှူပါကြောင်း"ဟူ၍ လျှောက်ကြလေသည်။

ထိုစကားသည် ထူးသကဲ့သို့ရှိ၏၊ အကြောင်းမှာထိုအချိန်တွင် ရာရှင်ဝေငရေး ဆိုင်ရာ တာဝန်ခံတို့က ဘုန်းကြီးကျောင်းတိုင်းလှည့်၍ စာရင်းယူ ပစ္စည်းရောင်းချ နေကြသည့်ကိစ္စအတွက်နှင့်စပ်၍ မကျေနပ်ချက်များ ပေါ်ပေါက်နေကြောင်း သတင်းကြီး နေသောကြောင့် ဖြစ်လေသည်။

အဆိုပါ ဒကာကြီးနှစ်ဦးက ကမာရွတ်နယ်အတွင်းရှိ သံဃာတော်များအား ဘယ်အခါမဆို ကူညီရန် အရေးတစ်စုံတစ်ရာရှိပါက မြို့မကာကွယ်ရေးအဖွဲ့ခေါ် ကမာရွတ် စေတနာ့ဝန်ထမ်းအသင်းက တရားသဖြင့်ကျအောင် ကူညီဆောင်ရွက်ပေးရန် အသင့် ရှိပါကြောင်း ဥက္ကဋ္ဌဦးဘိုးရိန်၊ အသင်းတည်ရာဌာန ရန်ကုန်အင်းစိန်လမ်း သူကြီးဦးစော အိမ်တစ်ဖက်ခန်း၌ ဖြစ်ကြောင်းကိုလည်း လျှောက်ထားသွားကြ၏။

# သံဃာတော်များ ဆုံးဖြတ်ချက်

ရာရှင်သက်န်းကိစ္စနှင့် စပ်လျဉ်း၍ ကမာရွတ်မြို့နယ်ရှိ သံဃာတော်များက အစိုးရ၏ ပစ္စည်းဝေငရေးဌာနမှ ထုတ်ဝေရောင်းချသော သင်္ကန်းလျာပိတ်စများကို (သမဏဟ သုဝိဟာရ)မဖြစ်သောကြောင့် အောက်ပါအကြောင်းနှစ်ချက်ဖြင့် စည်းဝေး ဆုံးဖြတ်ထားကြလေသည်။

(၁) သံဃာတော်များတို့ထံ ထပ်ပြန်တလဲလဲ မရှင်းနိုင်သည့် လျှောက်ထား လာသောကြောင့် လည်းကောင်း၊

(၂) ထိုသင်္ကန်းလျာ ရာရှင်ပိတ်နှင့်စပ်လျဉ်း၍ နောင်ပြောဆိုဖွယ်ရာ အကြောင်းများစွာကို မြင်ကြရသောကြောင့် လည်းကောင်း၊

အဆိုပါအကြောင်းများကို မကြားလို မတွေ့လိုကြသဖြင့် ကိုယ်စိတ်ချမ်းသာရန် မိမိတို့ထိုက်သည့်အားလျော်စွာသာလျှင် နေထိုင်သွားကြမည်၊ ဒါယကာတို့အား ဒုက္ခပေးရာ ရောက်မည်ဖြစ်သော ဤရာရှင်သင်္ကန်းကို ယခုကြုံတွေ့နေရသည့် အတိုင်းဆိုက အလှူမခံ

ကြရန် ရွာမ, ကိုးတွင်း, မဲဇလီ, တပ်တွင်း, ဇေယျဝတီ, သုဇနကာရီ, အတုလ, ချောင်းဝ ဆရာတော်တို့သည် သဘောတူဆုံးဖြတ်၍ လက်မှတ်ရေးထိုးထားကြပြီး ဖြစ်လေသည်။

## သက်ဆိုင်သော ဒါယကာ

တစ်နေ့၌ ကျောင်းအပြင် သံခုတင်ပေါ်ထိုင်၍ အညာဘုန်းကြီးပျံမှတ်တမ်းများကို ပြန်လည်ကြည့်ရှုရေးကူးရင်း သံဝေဂမြင်နေလျက်ရှိစဉ် ထိုရာရှင်သက်န်းကိစ္စနှင့် ပတ်သက်သော ဒကာကြီးသည် လူရွယ်တစ်ဦးနှင့် ဘုန်းကြီးထံရောက်လာကြသည်။ အတော်တုန်ယင်လှုပ်ရှားစွာဖြင့် သံဃာများစည်းဝေးကြသော အကြောင်းကိုမေးလျှောက်၍၊ ဘုန်းကြီးက အေးဆေးစွာပင် သိသမျှပြောပြလိုက်၏၊ တစ်နာရီခန့်ကြာအောင် စကားပြောနေသည်။ အရှင်ဘုရား ဗုဒ္ဓဂါယာမှာ နေဖူးသလားဟုလည်း လျှောက်သွားရာ ဗုဒ္ဓဂါယာပြန် ဟူသောသတင်းစကား ကြားဖူးဟန်ရှိသည်။

## မင်းရဲရန္တမိတ်ဘုရင် ဆန်ရောင်းခိုင်းသကဲ့သို့

အဆိုပါဒကာက သံဃာတော်အချို့ထံ သွားရောက်လျှောက်ထားခြင်းကြောင့် နောက်တစ်ကြိမ် တန်ခူးလဆုတ် (၂)ရက်နေ့ညနေတွင် ရွာမဆရာတော်ကြီးကျောင်းသို့ သံဃာတော်များကြွရောက်၍ မျက်နှာစုံညီစည်းဝေးကြပြန်၏၊ ရွာမဆရာတော်ကြီးကို သဘာပတိ၊ ဤစာရေးသူအရှင်နှင့် ဦးသုမနကို အကျိုးဆောင်အဖြစ် ဦးဥက္ကဋ္ဌက အဆို တင်ရာ လက်ခံဆောင်ရွက်သွားရ၏၊

သဘာပတိ ဆရာတော်က မိန့်ခွန်းမြွက်ကြားရာတွင် ပြည်ပိုင်အစိုးရမင်းတို့သည် အဝတ်စားရှားပါးနေသော ယခုလိုအခါမျိုးတွင် ရဟန်းသာမဏေသီလရှင်တို့အား အဖိုးစားနားမယူဘဲ ကုသိုလ်ဖြစ်လှူဒါန်းထောက်ပံ့သင့်ပါလျက် ကဝိလက္ခဏာဒီပနီကျမ်း၌ ပြဆိုသော (ရာဇဝင်တော် ဇကူနဝိသတိတွဲလာ) မင်းရဲရန္တမိတ်လက်ထက်က ကြေး တစ်ပိဿာလျှင် ဆန် (၃)ပြည်သာရ၍ အစာရှားပါးသည့်အခါတွင် အခွင့်ကောင်းယူခါ ရွှေနန်းအနောက် ဝင်းတော်အတွင်း၌ ကိုယ်လုပ်တော်တို့ကို ဆန်ရောင်းခိုင်းစေတော်မူ၍ ဆန်ရောင်းကြသကဲ့သို့ ယခုလည်း ရာရှင်ခေါ်လက်မှတ်နှင့် အဖိုးကြေးငွေယူ၍ ရဟန်း သာမဏေ သီလရှင်တို့အား အဝတ်အ ားရောင်းချနေခြင်းကို အလှူမခံသင့်ကြောင်းဖြင့် အမိန့်ရှိလေသည်။

ကိုးတွင်းကျောင်းဆရာတော်ကြီး ဦးကုသလကလည်း ပြည်ပိုင်အစိုးရမင်းတို့က အဖိုးကြေးငွေမယူဘဲ ကုသိုလ်ဖြစ် ထောက်ပံ့လှူသော ပစ္စည်းမှတစ်ပါး တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ (ရာရှင်)ခေါ် လက်မှတ်နှင့် ရောင်းသောပစ္စည်းမှန်သမျှ သံဃာတော်များက လက်မခံကြရန် တိုက်တွန်းအမိန့်ရှိလေသည်။ ထိုအမိန့်ရှိသော တိုက်တွန်းချက်ကို တပ်တွင်းကျောင်းဆရာတော်က ထောက်ခံသဖြင့် အားလုံးသဘောတူပင် ဆုံးဖြတ်လိုက်ကြ၏။

# ထုံးတစ်ခု မဖြစ်စေလို

ဤကိစ္စသည် ချောင်းဝဘုန်းကြီးသို့ ရာရှင်ရောင်းချမည့် ဒကာ၏ပေးစာက မြစ်ဖျားခံဖြစ်ပေါ်လာရာ နောက်ဆုံးတွင် သံဃာတော်များစုံညီ ဆွေးနွေးကြသောအခါ အကြောင်းမျိုးစုံ ပြောပြထောက်ဆ၍ အထက်ပါအတိုင်း လုံးဝမယူကြရန် ဒုတိယအကြိမ် စည်းဝေးပွဲ၌ ဆုံးဖြတ်လိုက်ကြသည်။ ပရိက္ခရာဆိုင်မှ သူ့ဒကာနှင့်ဝယ်ယူလှူဒါန်းခြင်းသည် လျော်ကန်သော်လည်း ရာရှင်ဟူ၍ ဘုန်းကြီးများကအသီးသီး သက်နှ်းဝယ်ယူဝတ်ကြရလျှင် နောင်ခါထုံးတစ်ခု ဖြစ်သွားပေတော့မည်။

ရဟန်းတို့မည်သည် အပြစ်ငြိမ်းသော ပစ္စည်းလေးပါးကိုသာ မှီဝဲနေရမည်မဟုတ် ပါလော၊ အင်္ဂုတ္တိုရ်လာ သမဏသုခငါးပါးနှင့်လည်းကောင်း၊ အဋ္ဌသာလိနီသုမေဓာ ကဏ္ဍလာ သမဏသုခ (၈)ပါးနှင့်လည်းကောင်း ဆန့်ကျင်နေသောကြောင့် အဆိုပါ ဆုံးဖြတ်ချက်သည် ရှေ့နောက်မျှော်ကြည့်လျှင် အထူးလျော်ကန်ပေသည်။ ထို့ကြောင့် အခြားမြို့တို့မှ သံဃာတော်များလည်း ဤကမာရွတ်သံဃာတို့နည်းတူပင် ရာရှင်သက်နှ်း မယူကြကြောင်း စည်းဝေးဆုံးဖြတ်သည့် သတင်းကို သတင်းစာ၌ဆက်ခါတွေ့ရ၏။

# ကျောင်းထိုင်ဘုန်းကြီးသင်တန်း

၁၃၀၈-ခုနှစ်၊ တန်ခူးလဆုတ် (၇)ရက်။ အလုပ်တာဝန်တစ်ခု ဆောင်ရမည်ဖြစ်လျှင် ကြိုတင် လေ့လာထားရမြဲဖြစ်၏၊ ကျောင်းဆရာလုပ်မည့်သူသည် ကျောင်းဆရာသင်တန်း ယူ၍ စာမေးပွဲအောင်မြင်မှ ခန့်ထားရသည်။ ထို့အတူ ဝန်ထောက်သင်တန်း၊ ရှေ့နေ သင်တန်း၊ ပုလိပ်သင်တန်းစသည်ဖြင့် များစွာရှိကြ၏၊ သို့သော် သာသနာထမ်း ရဟန်းတော် များတွင် ဘုန်းကြီးဖြစ်၍ ကျောင်းထိုင်နေကြရသော်လည်း ကျောင်းထိုင်ဘုန်းကြီးသင်ကန်း

ကျောင်းဟူ၍ ဘယ်မြို့ဘယ်ဌာနမှ ဖွင့်လှစ်သင်ကြားပေးခြင်း မရှိကြချေ၊ သင်တန်းမတက်ရဘဲနှင့်ပင် ကျောင်းထိုင်နေကြရ၍ ချို့ယွင်းချက်များစွာ ရှိခဲ့ကြဖူး၏။

သို့သော် စိတ်စေတနာနှင့် အေးချမ်းသောတရားရှင် သူတော်, သူမြတ်လုပ်ငန်းဖြစ်သောကြောင့် မိမိတို့ဆိုင်ရာဆရာတော်များ၏ ဆုံးမညွှန်ကြားပေးလိုက်ခြင်းကို ရိုသေကျိုးနွံနာခံသွားလျှင် တစ်သက်တာလုံး ကျောင်းထိုင်ဘုန်းကြီးဘဝ၌ နေထိုင်နိုင်သောသင်တန်းပင်ဖြစ်လေသည်။ ထို့ကြောင့် အညာသို့ကျောင်းထိုင်သွားရမည့် ဦးသောဘိတကို ယင်းနည်းဖြင့်ပင် ဆုံးမသွန်သင်ညွှန်ကြား၍ လက်တွေ့မှာ ကျောင်းထိုင်ရင်းသာ လေ့လာယူရန် မှာကြားလိုက်သည်။ အထူးသဖြင့် သီလပေးရေစက်ချ တရားဟော ကလေးစာပြဆိုဆုံးမနည်း ရဟန်းသံဃာကိစ္စ ကံကြီးကံငယ်ဆောင်တတ်လျှင် ကျောင်းထိုင်ရန် သင်တန်းလုံလောက်ပြီဟုဆိုရန် ရှိပေသည်။

# သွားဦးဟဲ့ အညာတစ်ခေါက်

ယနေ့စီစဉ်ပြီးအတိုင်း ဦးသောဘိတကို အညာကျောင်းထိုင်ပို့ရန် ၁၀-နာရီကျော်အချိန် ကွမ်းခြံဘူတာကြီးသို့ ထွက်ခဲ့ကြ၏၊ ကျောင်းဝိုင်းဒကာကြီး ဦးဘိုးချိပ်လည်း ပါခဲ့သည်။ ရထားဘူတာ၌ လူကျပ်သော်လည်း ဘုန်းကြီးနှစ်ပါးနှင့် ဒကာတစ်ဦးသာဖြစ်၍ မခက်ခဲပေ၊ ရထားတွဲပေါ်မှ ရဟန်းခရီးသည်ချင်းကူညီရှာကြ၍ လူစီတွဲ၌ စီးခွင့်ရကြ၏၊ ရထားသည် ရန်ကုန်မှ ၁၂-နာရီထွက်၊ ပျော်ဘွယ်၌မိုးလင်း၍ နောက်ရက် ၁၂-နာရီကျော်အချိန် မန္တလေးသို့ရောက်ကြ၏၊ ဦးသောဘိတနှင့် ဒကာကြီးကို မြင်းလှည်းနှင့်လှည့်လည်၍ မန္တလေးတန်ခိုးကြီးဘုရားများ ဖူးစေပြီးလျှင် နေ့ (၂)နာရီအချိန်ထွက်သောကားနှင့် စစ်ကိုင်းသို့ လိုက်ခဲ့ကြသည်။

# တစ္ဆေဘဝမှ အင်းဝ ကိုလှိုင်

ဧရာဝတီမြစ်ကို ဖြတ်ကူးရာတွင် တစ်ကြိမ်လျှင်မော်တော်ကား (၃)စင်းကျစီတင်၍ စစ်ဘက်မှ မော်တော်ဘုတ်ဖြင့်ပို့ပေးလေရာ ဘုန်းကြီးများစီးသောကား အလှည့်မကျမီ ခေတ္တစောင့်နေကြစဉ် လမ်းမြောက်ဘက်ထမင်းဆိုင်၌ လူတစ်ယောက် နတ်ဝင်ပူးနေသံကြားရ၏၊ ၎င်းနတ်ပူးသူကပြောပြသည်မှာ "ကျုပ်ဟာ အင်းဝကမောင်လှိုင်ဖြစ်ပါသည်။

လှေငယ်တစ်စင်းနှင့် တံငါလုပ်နေစဉ် မိန်းမကလင်ငယ်နေပြီး ကျုပ်ကိုတစ်စုံတစ်ဦးက မြစ်ထဲတွန်းချ၍ သေရပါပြီ၊ အခုဆီးပင်မှာနေပါသည်။ မိဘများကိုပြောပေးကြပါခင်ဗျား" ဟူ၍ သနားစဖွယ်ပြောပြီး ထွက်သွားလေသည်။ အနီးအနားရှိ လူများသည်စုတ်သပ်လျက် သနားနေကြသည်။ တကယ်ပင် မှန်သည်ဆို၏၊ အိမ်ပြန်မလာ၍ လိုက်ရှာကြသောအခါ လှေနှင့်ခေါင်းအုံးသာတွေ့ခဲ့ကြသည်။ ယခုမှအမှန်သိ၍ သပိတ်သွတ်ကြရပေတော့မည်ဟု ပြောနေကြ၏။

စစ်ကိုင်းရောက်လျှင် ခေတ္တရပ်ခဲတတ်ဆီထည့်ပြီး ကားဆက်ထွက်လေရာ ရွှေဘိုသို့ ည ၁၁-နာရီရောက်ကြ၏။ ရုပ်ရှင်ပွဲအပြီးနှင့်ကြုံ၍ လမ်းပေါ်၌လူများစွာ တွေ့ရသည်။ ထိုည အချိန်မရှိတော့၍ ကားပေါ်၌ပင်ဖြစ်သလို အိပ်လိုက်ကြသည်။

# ရွှေဘို၌ တစ်နေ့ခရီးစဉ်

၁၃၀၈-ခုနှစ်၊ တန်ခူးလဆုတ် (၉)ရက်။ နံနက်လင်းလျှင် ရေတကောင်းတွင် မျက်နှာသစ်၍ ဦးသောဘိနှင့် ဒကာကြီးကိုထားခဲ့ပြီး လှည်းကြုံရှာရန် ထွက်လာခဲ့၏။ ကိုယ့်ရွာမှဖြစ်စေ၊ အနီးနားတစ်ရွာရွာမှဖြစ်စေ ကြုံရာလှည်းနှင့် လိုက်နိုင်သောကြောင့် လှည်းဝိုင်းမြင်သမျှ ဝင်မေး၏၊ တစ်နေရာ၌ တောင်ကုန်းနှင့်ဂွဲသာမွေးရွာ လှည်းများစွာ တွေ့ရ၏၊ အဆင်သင့်ပင် တူကလေးများဖြစ်သည့် မောင်ချစ်စရာ၊ မောင်အောင်သိန်း တို့ကိုတွေ့၍ တစ်ပါတည်းခေါ်ယူခဲ့ပြီး ပစ္စည်းများသယ်ယူစေကာ သူတို့လှည်းပေါ်တင် ထားလိုက်ကြသည်။

# အာဂန္တုကဘတ်ထားသော ထမင်းဆိုင်

အထက်မြန်မာပြည် မြို့များတွင် ရဟန်းသံဃာပေါ်များ၍ ခရီးသွားရဟန်းလည်း ထူပြောလျက် ရွှေဘိုမြို့တွင်ချီးမွမ်းစရာ တွေ့ရသည်မှာ ဘုရားရှင်လက်ထက်တော်ကနှင့် မခြား (အာဂန္တုကဘတ်) ထားသော ထမင်းဆိုင်ဖြစ်၏၊ ဈေးအတွင်းအရှေ့ဆုံးဆိုင်သို့ ဦးသောဘိတနှင့် ဆွမ်းဝင်စားကြရာ ဘုန်းကြီးနှစ်ပါးအတွက် ပိုက်ဆံမယူချေ၊ ဒကာကြီး ဦးဘိုးချိပ်အတွက်သာ ယူလိုက်၏၊ ဤသို့သောထမင်းဆိုင်လည်း မြန်မာပြည်၌ရှိနေကြောင်း ယခုမှသိရပေသည်။

လှည်းကြုံများသည် ထန်းလျက်ရောင်းလာကြရာ ပွဲစားထံ၌ ရောင်းပြီးကြသော်လည်း ထန်းလျက်မချရသေးသဖြင့် ယနေ့တစ်ရက်ဆိုင်းရမည်လျှောက်၍ အဆင်သင့်ပင် ရွှေဘိုမြို့ပေါ်ရှိ ရှေးစာဆိုသမိုင်းဝင် နာမည်ကျော်ဘုရားများကို နှံ့စပ်အောင် လှည့်လည်ဖူးခွင့်ရကြသည်။

# ကျောင်းတိုက်များ

ရှေးဦးစွာ ရွှေဂူကြီးဘုရားသို့ သွားရောက်ဖူးကြရာ အနီးရှိရွှေဂူကျောင်းတိုက်သို့ ဝင်၍ ဆရာတော် ဦးပဏ္ဍဝထံဗဟုသုတလျှောက်ကြ၏၊ ဆရာတော် အမိန့်ရှိသည်မှာ ရွှေဘိုမြို့တွင် ယခင်က ကျောင်းတိုက်ပေါင်း ၄၅-တိုက်ရှိခဲ့ရာ ယခုစစ်ပြီး၌ ၃၀-ကျော်သာ ကျန်တော့သည်။ စာသင်တိုက် ၁၀-တိုက်ရှိသည်။ ယခင်က ဝါဆိုသံဃာ ၄၀၀-ကျော်ရှိသည်။ ယခုအချိန်မှာ ၁၀၀-သာ ရှိမည်ဟုမိန့်လိုက်၏။

# ဘုရားပုထိုးများ

ထို့နောက် ချမ်းသာကြီးဘုရားဖူး၍ ချမ်းသာကြီးကျောင်းတိုက်သို့လည်း ဝင်ခဲ့ကြ၏၊ ထို့နောက် ရွှေခြင်္သေ့ဘုရား၊ ရွှေလင်းပင်စေတီ၊ ရွှေချက်သိုစေတီ၊ ရွှေသိမ်တော်စေတီကြီးသို့ ဖူးကြရ၏၊ ထိုဘုရားအတွင်း ပုတီးစိပ်နေကြသော ဒကာများကို ဘုရားနာမည်တွေမေးရာမှ စကားလက်ဆုံကျသွားကြ၍ မဇ္ဈိမဒေသ ဗုဒ္ဓဂါယာအကြောင်းစသည်ဖြင့် စိတ်ဝင်စားဖွယ်တို့ကို အတော်စုံလင်အောင် ပြောနေမိသည်။ ရွှေစေတီကြီးဆိုသည် မြို့ထောင့်စေတီကိုခေါ်သည်။ ဇမ္ဗူဆီမီးဘုရား သီးခြားရှိကြောင်း ပြောပြလိုက်ကြသည်။

# အလောင်းမင်းတရားကြီးဂူ

ထို့နောက် အလောင်းမင်းတရားကြီး ဂူပြာသာဒ်သို့ရောက်၍ အတွင်းဝင်ကြည့်ကြ၏၊ ရုပ်ပုံကားများမှာ ကြည်နူးဖွယ်ရာရှိပေသည်။ ကျောက်စာရေးထိုးထားသည်မှာ အောက်ပါအတိုင်းဖြစ်၏။

(မြန်မာပြည်အလုံးကို သိမ်းရုံးအုပ်ချုပ်တော်မူသည့် ကုန်းဘောင်မင်းဆက်

အပေါင်းတို့တွင် လက်မွန်မဆွ ထားနန်းပန္နက်စိုက်ထူ စိုးစံတော်မူသည့် အလောင်းမင်းတရားကြီးသည် ယိုးဒယားပြည် (ထိုင်း)သို့ ချီတက်တော်မူရာ သက္ကရာဇ် ၁၁၂၂-ခု၊ သက်တော် ၄၆-နှစ်၊ နန်းစံနှစ် (၈)နှစ်မြောက်တွင် နတ်ရွာစံတော်မူရာ ရတနာသိယ်ပြည်မှ ရွှေဘိုသို့ အလောင်းတော်ကိုတင်ဆောင်သဂြိုဟ်တော် မူရာ သင်္ချိုင်းဘောင်ကို မှတ်သားထားသည့်နေရာဖြစ်သည်။

ထိုဂူအနီး၌ ရွှေဘိုအာဇာနည်ကျောက်တိုင် စိုက်ထူလျက်ရှိ၏၊ စာမူမှာ-

(မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် ကျဆုံးသွားကြသော ရဲဘော်ရဲမေများအတွက် အာဇာနည်ကျောက်တိုင်၊ ၁၃၀၇-ခု တပေါင်းလဆုတ် ၁၁-ရက်နေ့) ဟူ၍ တွေ့ရ၏။

ထိုည တောင်သူပိုင်းရပ် တောင်ကုန်းရွာမှ မဘာနီဆိုသူအိမ်မှပင့်၍ အိပ်ကြရသည်။ အိမ်ကကျဉ်းသည့်အထဲ ညမိုးရွာရာ မိုးမလုံ၍ ထထိုင်နေကြရသည်။

# လှည်းကြုံနှင့် မြေနီကုန်းသို့

တန်ခူးလဆုတ် ၁၀-ရက်နေ့တွင် ပစ္စည်းများလှည်းပေါ်တင်၍ ဘုန်းကြီးများက ခြေကျင်လျှောက်ကာ နံနက် (၅)နာရီအချိန်တွင် ရွှေဘိုမြို့မှထွက်ခဲ့ကြသည်။ ဆိတ်ခွန်ရွာရောက်လျှင် လက်ဖက်ရည်ဆိုင်ဝင် ခေတ္တအမောဖြေရင်း လက်ဖက်ရည်မှာသောက်ရာ ဘုန်းကြီးအတွက် ပိုက်ဆံမယူ၊ ဈေးစဖွင့်ကတည်းကပင် မယူကြောင်း ဆိုင်ရှင်ကလျှောက်၏၊ တယ်တော်တဲ့တို့အညာရွာ ရွှေဘိုသားတွေပါလားဟု ချီးမွမ်းဂုဏ်ယူမိသေးတော့သည်။

# စိုပြည်သည့် မူးကမ်းရွာ

ခရီးဆက်ထွက်၍ မူးသစ်ရွာရောက်သောအခါ ဘုန်းကြီးဦးသာဂရထံ ခေတ္တဝင်နှုတ်ဆက်ရာ နေ့ဆွမ်းစားပြီးမှ သွားခွင့်ပြုကြသည်။ တယ်ကျွေးချင်မွေးချင်ကြတဲ့ မိတ်ဆွေဘုန်းကြီးတွေပဲဟု ချီးမွမ်းရပြန်၏၊ ထိုကျောင်း၌ ဦးဘိုးဆယ်၊ ဦးချစ်ပုံတို့ကို တွေ့ကြရာ စကားပြော၍ပင် မဝနိုင်ကြချေ၊ "တယ်စကားပြောချင်တဲ့ ဒကာတွေပဲ"ဟု ချီးမွမ်းရပြန်၏၊ "အရှင်ဘုရား တစ်ခေါက်ပြန်လာခဲ့ဦးမည် ပြောသွားရာ တကယ်ပဲပြန်လာခဲ့သကိုး"ဟု ဦးဘိုးဆယ်ကလျှောက်၍ "ဘုန်းကြီးစကား ဧကစုစ်မဟုတ်ပါလော"ဟု ပြောခဲ့၏။

နေ့ (၂)နာရီအချိန် ထွက်လာကြစဉ် လမ်း၌မိုးမိ၍ မူးကမ်းကြီးရွာ ရွှေသိမ်တော်ကျောင်း ဝင်ခိုကြရ၏၊ ကျောင်းကန်ကြီးများ အလွန်ကောင်းလှသည်။ ဓာတ်မီးကြီးများနှင့်

အင်ဂျင်မီးပွင့်များလည်း သွယ်တန်းလျက်မြင်ရ၏၊ ရွှေချထားသော သိမ်ကြီးကိုစွဲ၍ တွင်သော ကျောင်းဖြစ်သည်။ ထိုရပ်ရွာတို့သည် စိုပြည်သောမြေရေကြောင့် အစားအသောက် ပေါ၏၊ အလှူအတန်းများ၏၊ ကျောင်းကန်ကောင်း၏၊ လူချမ်းသာလည်း ပေါများပေရာ ရှေးကုသိုလ်ကံ ထူးကြပေသည်။

## သူတစ်ပါး၏ ဝမ်းမြောက်ရကျိုး

လမ်းတစ်လျှောက်၌လည်း ထန်းလျက်ရောင်းထွက်လာကြသည့် လှည်းတွေများစွာတွေ့ရ၏၊ ထန်းတစ်ပင်ရောက်လျှင် တူမောင်ချစ်ဖေက လှည်းနှင့်လိုက်ပို့ရှာ၍ မြေနီကုန်းရွာသို့ ည (၈)နာရီအချိန် ချောမောစွာရောက်ကြ၏၊ ဘုန်းကြီးရောက်လာသည် ဆိုလျှင် ဒကာ, ဒကာမတို့သည် အုံးအုံးကြွက်ကြွက် ညံထွက်လာလိုက်ကြသည်မှာ ကျောင်းနှင့်အပြည့် ဝမ်းမြောက်မဆုံး အားရမဆုံးဖြစ်ရှာကြသည်။ လူ့ဘဝတွင် ဤသို့ သူတစ်ပါး၏ဝမ်းမြောက်မှုကို ဆောင်ရွက်ရခြင်းသည် နှစ်သိမ့်ဖွယ်ရာအကောင်းဆုံးသော အကျိုးထူးတရားမဟုတ်ပါလော။

## ကြီးတော်ကြီး ဒေါ်ဖေယျ

ဘုန်းကြီးရောက်သောနေ့မှာ မြေနီကုန်းရွာ၌နေသော ဦးသူရိယမယ်တော်ကြီး ဒေါ်ဖေယျ၏ရက်လည်ဆွမ်းသွတ်ပြီးသောနေ့ဖြစ်ကြောင်း သတင်းထူးတစ်ရပ်ကဲ့သို့ ကြားသိရ၏၊ အဆိုပါအဖွားကြီး ဒေါ်ဖေယျသည် မိမိမယ်တော်ကြီး၏ အစ်မအရင်းဖြစ်၍ ကြီးတော်ဟု ခေါ်နေကျဖြစ်၏၊ အသက် ၉၀-ကျော် ၁၀၀-နီးပါးတိုင်အောင် အသက်ရှည်ခဲ့ရာ မကျန်းမာသည်ဟူ၍ မရှိသလောက်ပင်၊ စားကောင်း, အိပ်ကောင်း ကျန်းမာဝဖြိုးလျက် ချမ်းသာစွာစားပြီးလျှင် နေ့ထက်ဝက်ခန့် အနည်းငယ်နေထိုင်မကောင်းဖြစ်ခါ ကွယ်လွန်သွားသောဟူ၏၊ သူ့သားဘုန်းကြီး ဦးသူရိယသည် ကွယ်လွန်ပြီးခါမှ ဈာပနအကျယ် မချဲ့လိုသောဝါဒဖြင့် (၉)ရက်ထား၍ လဆုတ် (၈)ရက်နေ့က သင်္ဂြိုဟ်လိုက်လေသည်။

လူတို့၏ ကံတရားသည် ရှေ့ပြုဖူးသောကံနှင့် ၎င်းတို့၏စိတ်စေတနာအတိုင်း ဖန်ကြလေရာ သေခါနီးတွင် မရဏာသန္တိက ရောဂါကြီးစွာ ခံကြရသူတို့များစွာရှိ၏၊ အချို့သော ရဟန်းပုဂ္ဂိုလ်ကြီးများပင်လျှင် ကံကြွင်းဝဋ်မကောင်းရှာကြသောကြောင့် ဝေဒနာ

ခံစားပြီးမှ ဘဝကူးပြောင်းကြရရှာလေသည်။ ယခုကြားသိရသော ကြီးတော်ကြီးဒေါ်ဇယျမှာမူ ရှေးကလည်းဖြူစင်၊ ဝဋ်ကြွင်းလည်းမရှိသောကြောင့် ဒုက္ခဝေဒနာမရှိ ထမင်းဝစွာစားပြီးမှ အေးဆေးစွာ ကွယ်လွန်သွားရှာပုံကို ကြားရသူတိုင်းအံ့သြနေကြရ၏၊ အားကျစရာပင် ကောင်းပေသေးတော့သည်။

## လယ်ပုတ်တော မယ်တော်ကြီး

၁၃၀၈-ခုနှစ်၊ တန်ခူးလဆုတ် ၁၁-ရက်။ သူတစ်ပါးမယ်တော်ကြီး ကွယ်လွန်သွားပြီးကြောင်း သိရလျှင် မိမိမယ်တော်ကြီးကို ပို၍သတိရစေ၏၊ ထို့ကြောင့် ယနေ့နံနက်ဆွမ်းစားပြီးလျှင် ရွာမှ (၆)မိုင်ခန့်ဝေးသော လယ်ပုတ်တောမယ်တော်ကြီးထံသို့သွား၍ မြို့မှ ဆောင်လာခဲ့သော စားသောက်ဖွယ် အထူးအဆန်းများကို ကျွေးမွေးလိုက်သည်။

မယ်တော်ကြီးသည် လူပြွန်းသောရွာတွင် နေရခြင်းထက် လူရှင်း၍လေကောင်းလေသန့်ရသော တောၙနေရခြင်းကို အထူးနှစ်သက်လေသည်။ တောင်ယာခင်းအတွင်း၌ ဆောက်လုပ်ထားသောတဲ၌ အမြဲပျော်မွေ့စွာ နေလေသည်။ မယ်တော်ကြီး၏မျိုးရိုးသည် အသက်ရှည်ကြ ကျန်းမာကြ၏။ သေခါနီးလျှင် ရောဂါဝေဒနာ ကြာရှည်ခံစားရတာမရှိဘဲ အမှည့်ကြွေ ကြွေသကဲ့သို့ အနည်းငယ်နေထိုင်မကောင်းရုံနှင့် ကွယ်လွန်သွားလေ့ရှိကြ၏၊ ထို့ကြောင့် ငါ့မယ်တော်ကြီး ကျန်းမာပါသေးသည်၊ သေရန် ဝေးသေးသည်ဟု နှလုံးသွင်း၍ မပြစ်ပေ။

## မိဘကျေးဇူး မသေမီက ဆပ်ရ၏

သေပြီးမှ အလွမ်းသယ်ခြင်းထက် မသေခင်ကပြုစုခြင်းသည်မြတ်၏၊ မစားနိုင်ခါမှ ကျွေးမွေးခြင်းထက် စားနိုင်စဉ်က ပေးကျွေးပြုစုခြင်းသာလျှင် အကျိုးများသော ကျေးဇူးဆပ်ခြင်းဖြစ်၏၊ ထို့ကြောင့် ရောက်လာခိုက် မိဘကျေးဇူးကိုတတ်အားသမျှ ဆပ်ခြင်းအနေဖြင့် ဘုန်းကြီးကိုယ်တိုင် မယ်တော်ကြီးနေရာ သွားရောက်ကျွေးမွေးခြင်းပြုလိုက်သည်။ သားသမီးတို့အပေါ်၌ မိဘကျေးဇူးမည်မျှ ကြီးမားသည်ကို ပြောပြမကုန်နိုင်သောကြောင့် မြင်းမိုရ်တောင်ကြီးမကကြီးကြောင်း ဘုရားရှင်က ဟောတော်မူခဲ့၏၊ ပြန်၍စဉ်းစားကြည့်လျှင် မိမိတို့ငယ်စဉ်က ဒေသအလျောက် ဆင်းရဲမျိုးစုံခံစား၍ လုပ်ကိုင်စောင့်ရှောက်

ကျွေးမွေးခဲ့ပုံကို ကျေးဇူးတင်မဆုံးနိုင်ပေ၊ ထို့ကြောင့် သိတတ်သောဘာဝ တတ်နိုင်သော အချိန်တွင်ပြန်၍ ကျေးဇူးဆပ်ရပေသည်။

# မြစ်ရာဘဝမှာ ရဟန္တာတို့လိုပင်

ပညာရှိသူတော်ကောင်း မှန်သမျှ မိဘကိုပြန်လည်လုပ်ကျွေး၍ ကျေးဇူးဆပ်ကြမြဲ ဖြစ်၏၊ ဘုရားအလောင်းတော်ကြီးတို့ကိုကြည့်လျှင် လူ့ဘဝသာမက ဆင်ဖြစ်သောဘဝ၊ လင်းတဖြစ်သောဘဝ၊ ကျေးသားဖြစ်သောဘဝ စသည်တို့၌ပင် မိအိုဖအိုတို့ကို လုပ်ကျွေး မွေးမြူခဲ့ကြပေသည်။ ရဟန္တာပုဂ္ဂိုလ်တို့ပင် မိဘကျေးဇူးဆပ်ကြသည်မှာ များစွာအားကျဖွယ် ဖြစ်၏၊ အရှင်သာရိပုတ္တရာမထေရ်ကြီးသည် မိစ္ဆာအယူစွဲနေသော မယ်တော်ကြီးကို နောက်ဆုံး ကျေးဇူးဆပ်သည့်အနေဖြင့် မယ်တော်တိုက်ခန်းကြွရောက် ပရိနိဗ္ဗာန်စံယူလျက် မှားသော ဒိဋ္ဌိအယူကိုချွတ်ခဲ့ကာ ဘဝလွတ်မြောက်ရာလမ်းကြောင်း တရားကောင်း၌ တည်ထားခဲ့သည်မှာ အမြတ်ဆုံးသော မိခင်ကျေးဇူးဆပ်ခြင်းဖြစ်သည်။

မြတ်စွာဘုရားသခင်သည်လည်း (၇)ဝါမြောက် ရောက်သောကာလ တာဝတိံသာ နတ်ပြည်၌ ဝါကပ်၍ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကိုအကြောင်းပြု၍ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားကို နတ်အများအား ဟောကြားတော်မူခြင်းသည် မိခင်ကျေးဇူးဆပ်ခြင်းဖြစ်ပေသည်။ မိဘတို့မည်သည် သားသမီးတို့အပေါ်၌ အလွန်မေတ္တာ ဓာတ်ကြီးကြလေရာ သိတတ်သော သားသမီးများက ပြန်လည်ကျွေးမွေးပြုစုခြင်းခံယူရလျှင် စိတ်ဝမ်းကြည်နူး၍ နှစ်သိမ့်မဆုံးရှိတတ်ကြလေသည်။

# ဇယားချထားပြီးအလုပ်

၁၃၀၈-ခုနှစ်၊ ကဆုန်လဆန်း(၁)ရက်၊ ရပ်ရွာရောက်ပြီးလျှင် ဘုန်းကြီးအလုပ်မှာ ဇယားချထားပြီးဖြစ်၍ ရက်ကြာဆိုင်းမည်မဟုတ်ပေ၊ ယခင်တစ်ခေါက် ဘုန်းကြီးပျံအတွက် လာစဉ်က ဈာပနပြီးလျှင် တစ်လဆိုင်းမည်ဟု ဆိုခဲ့တိုင်း တစ်လပင်ဆိုင်းနေခဲ့သည်။ ယခုတစ်ကြိမ်မှာ (၅)ရက်သာဆိုင်းပြီး ခရီးပြန်ထွက်ရန်ဖြစ်၏။ ထို့ကြောင့် ယနေ့လုပ်ငန်း ဆောင်ရွက်ရန်ကိစ္စအားလုံး အပြီးဖြစ်စေရသည်။

## ယာယီဆိုတာ နှီးပင်နှင့်ချည်သလို

အခိကမှာ ဦးသောဘိတကို ကျောင်းချထား၊ ရပ်ရွာဒကာများနှင့် တရားဟောပြ သွန်ကြား၍ နယ်သိတင်းသုံးဖော် ရဟန်းဖက်နှင့် ဆရာတော်ကြီးများထံ လျှောက်ထား မိတ်ဆက်ပေးပြီးလျှင် လုပ်ငန်းတစ်ရပ်ပြီး၏။ ကျောင်းကြီးဆောက်လုပ်ရေးမှာလည်း လက်သမားဆရာတို့နှင့် ရွာခေါင်းဆောင်တာဝန်ခံလူကြီးများ ဘုန်းကြီးရှေ့တွင် ပြီးပြတ်အောင် စကားပြောဆို သေချာပြီးဖြစ်ရပေမည်၊ ထိုကိစ္စအတွက် ယနေ့တစ်အိမ် တင်ယောက်ခေါ် လက်သမားခေါင်းဆောင်နှင့် နှစ်ဦးသဘောတူ ဆွေးနွေးပြောဆို ကြသည်။ သူ့ခေတ်သူ့အခါ ထုံးစံအတိုင်း စကားဖြင့်မပြီး စာချုပ်စေလို၍ ချုပ်ပေးခဲ့ရ၏။ ဘုန်းကြီးဆန္ဒမှာ ရုံးသံ၊ ဂါတ်သံ၊ ရှေ့နေသံပါသော စာချုပ်ဟူသည့်စကားကို နားမကြား လိုပေ၊ သို့သော် ကတိပျက်ကွက်လွယ်သော ဤသည့်ဆုတ်ကပ် သက်တမ်းတိုခေတ်တွင် ယာယီမဏ္ဍာပ်ကို နှီးပင်နှင့်ချည်သကဲ့သို့ ခေတ်ကြိုက်တဲ့နည်းဖြင့် စာချုပ်ရေးစေ၍ နှစ်ဦး သဘောတူ လက်မှတ်ရေးထိုးကြရသည်။

နောက်တစ်ခါ ကျေးဇူးတင်စရာမှာ ဘုန်းကြီး၏စကားကို လေးစားစွာနားထောင် ကြပေသော ထိုရွာဒကာတို့နှင့် လက်သမားတို့သည် နယုန်လဆန်း ၁၅-ရက်နေ့အပြီး ဖြစ်စေရမည်ဟု ပြောခဲ့သည့်အတိုင်း ပြီးစီးအောင်ဆောက်လုပ်ခြင်း၊ ငွေချေခြင်းပြီးကြောင်း ကြားသိရသည်၊ ဝမ်းမြောက်ရပေသေး၏။

## ဒေါက်တဲ့လူးလာ အညာရန်ကုန်

၁၃၃၈-ခုနှစ် ကဆုန်လဆန်း (၂)ရက်၊ ယနေ့ (၅)ရက်ဆိုင်းပြီး၍ ရန်ကုန်သို့ ပြန်ရပေဦးမည် ငါဖြင့်အညာနှင့် ရန်ကုန်ကူးနေသည်နှင့် အချိန်ကုန်ရတော့သည်ဟု တွေးမိသေး၏၊ နံနက်စောစောအိပ်ရာမှထ ဘုရားပုထိုးရှိခိုး၏၊ ပြီးလျှင် ကျောင်းဝင်းအတွင်း တံမြက်လှည်း၏ ထို့နောက် သိမ်ဆောက်ထားကြပုံနေရာကျ၊ မကျ သွားကြည့်၏၊ ရှေးသိမ်ဟောင်းနေရာ ကျောင်းနှင့်မိုင်ဝက်ခန့်ဝေးသည်။ သိမ်မှအပြန် ဆရာတော်ကြီး ဈာပနသင်္ဂြိုဟ်ထားရာ သွားကြည့်၊ အရိုးကြွင်းကလေးများကောက်စေ၊ စုဆောင်းရသမျှ ပြာပုံပေါ်၌တင်၊ ထပ်မံမီးရှို့ပြာချခဲ့သည်။

## သွားခါနီး မင်္ဂလာစာ

ခရီးသွားခါနီး ဒကာ၊ ဒကာမတို့ လာရောက်လျှုဒါန်းကြ၊ နှုတ်ဆက်ကြသည်ကို သည်းခံပြီး မောင်ချစ်ပိုင် + မအေးဆွေတို့ မင်္ဂလာဆောင်ဦးကန့်တော့လာကြ၍ ပေးခဲ

ဆုပေး၊ ဆရာတော် ဦးတိလောကကြွလာ၍ ဧည့်ခံပြုစုရင်း ရန်ကုန်ခရီးထွက်ရန် စီစဉ်ပြင်ဆင်ရသည်။ ငယ်စဉ်က စားနေကျဖြစ်၍ ဘုန်းကြီးကြိုက်တတ်သည်ဟု အစ်ကိုအစ်မတို့ ပို့လှူလာကြသော ဆီနိုင်နိုင်နှင့် ဆူးပုပ်ဟင်း၊ ပုန်းရည်ကြီး၊ ပြည်ပန်းညို့ စသည်ရောရာဟင်းရွက်စုံဟင်းကို ဝစွာစား၍ ကြည်လင်ချိုမြိန်လှသော ထန်းရေချိုကိုဝစွာသောက်လိုက်၏။

နေ့ (၃)နာရီအချိန်တွင် ဦးသောဘိတကို ကျောင်းထိုင်ရန် နေရာတကျမှာကြားချထားခဲ့၍ စုရုံးနေကြသော ဆွေမျိုးဒကာ လူစုကြီးကိုကန်တော့ခံခွဲခဲ့ပြီး မောင်ကောင်းထွေးပို့သောလှည်းကိုစီးကာ ခရီးထွက်ခဲ့ပြန်ရာ နောက်ပြန်ကြည့်လျှင် ကျန်နေရစ်ကြသော တောသူတောသား ဒါယကာများကို လွမ်းစရာကြီးကဲ့သို့ မြင်ရ၏။

ယခုတစ်ကြိမ်မှာ ရွှေဘိုလမ်းမသွားတော့ဘဲ အနောက်လမ်း၌ ကားတွေပေါကြောင်းသတင်းကြား၍ မုံရွာဘုတလင်လမ်းသို့ ထွက်ခဲ့ကြ၏၊ လမ်းတွင် မယ်တော်ကြီးနေသောတဲ၌ ခေတ္တဝင်နှုတ်ဆက်၍ ခရီးဆက်ခဲ့ကြရာ ထိုည မြို့သစ်ချောင်းဆရာတော်ကြီးဦးကေတုကျောင်း၌ တည်းခိုကြသည်။ ခရီးပန်းသော်လည်း ပဲခူးသမိုင်းအဖတ်ခိုင်း၍ ဖတ်ပြရသေး၏။

# ရန်ကုန်နှင့် မြေနီကုန်းရွာ ရေအိုးနှင့်ရေမှုတ်လို

(၃)ရက်နေ့တွင် ဘုတလင်မှ မန္တလေးအရောက် လူတစ်ယောက် ၁၄-ကျပ်၊ ဘုန်းကြီး ၁၃-ကျပ်နှုန်းဖြင့် (သောင်းကျော်)မည်သောကားကို စီးခဲ့ကြသည်။ ရန်ကုန်သံလျှင် ရေမော်တော်ကဲ့သို့ ဘုန်းကြီးအခမဲ့မဟုတ်စေကာမူ လျှော့နှုန်းကလေးထားရှာကြသော ကားသမားများကိုလည်း ချီးမွမ်းရပေသည်။ ယခုအကြိမ်လည်း မြေနီကုန်းရွာမှ ရန်ကုန်သို့ ဘုန်းကြီးနှင့်အတူ လိုက်ခဲ့ကြသူတွေများစွာပါ၏၊ သို့သော် ခရီးသွားဖော်အနေနှင့်သာ လိုက်ခဲ့ကြရာ ဘုန်းကြီးတာဝန်မရှိပေ၊ ရန်ကုန်နှင့် မြေနီကုန်းရွာ ရေအိုးနှင့်ရေမှုတ်ကဲ့သို့ မပြတ်ဆက်ဆံနေကြသူများဖြစ်၍ ခရီးသွားနားလည်ကြသည်။

မုံရွာမြို့ ဈေးသစ်အနီး၌ ခေတ္တကားရပ်စဉ် သာမဏေဘဝက စာသင်ခဲ့ဖူးသော ရွှေသိမ်တော်ကျောင်းတိုက်ကြီးကို ကျေးဇူးတင်သံယောဇဉ်စိတ်ဖြင့် လှမ်းမျှော်ကြည့်မိ၏၊ စစ်အတွင်းက မီးလောင်ပျက်စီးထားလေရာ အုတ်တိုက်ကြီးတွေပါမကျန်တော့ချေ၊ ယာယီ ဝါးကျောင်းတစ်ခုသာ ဝမ်းနည်းစွာမြင်ရ၏၊ အနီးအနားမှ ကျောင်းတိုက်များလည်း ထိုနည်းဇင်းပင် သင်္ချိုင်းရမကြွင်း ဟင်းလင်းပြင်ဖြစ်နေကြရှာ၏၊ စစ်ဆိုသည်ကား ကောင်းကျိုးမရှိပေ။

ကားဆက်ထွက်ရာ ထိုနေ့မန္တလေးမရောက်တော့ပေ၊ နတ်မှုးတဲတားပျက်နေ၍ ကားများကို ကူးတို့လှေနှင့်ပို့ပေးရာ စစ်ကားကြီးများကို ဦးစားပေးပို့နေရသည်။ ကြာသော ကြောင့် ကောင်းမှုတော်အလွန် မန်ကျည်းစဉ်ရွာအဝင်ကပင် မှောင်နေ၍စစ်ကိုင်း၌ ညအိပ် ကြရသည်။ နောက်ရက်နံနက်စောစောဆက်ထွက်၍ မန္တလေးရောက်လျှင် နောက်ပါဒကာ များကို မန္တလေး၌ဘုရားဖူးပို့ပြီးလျှင် ဘူတာကြီးသွားကြပြီး ရထားပေါ်တက်နေလိုက် ကြသည်။ ရထားခ ၁၁/-၇ ကျစ်ပေးရ၏၊ နေရာလည်းကောင်းစွာ ရကြသည်။ တစ်ညအိပ် ပြီးလျှင် ကဆုန်လဆန်း (၅)ရက်၊ (၆)နာရီအချိန် ရန်ကုန်သို့ချောမောစွာရောက်ကြ၏၊ လမ်းတွင် ဘာအနှောင့်အယှက်မှ မရှိပေ။

# ခေတ်ကုန်နေသောကျောင်းမှု

၁၃၀၈-ခုနှစ်၊ ကဆုန်လဆန်း (၆)ရက်။ ရန်ကုန်ရောက်ပြီးလျှင် အညာမှ ပါလာသော စားသောက်ဖွယ်ရာများကို သွားရောက်ကန်တော့ရင်း ရွာမဆရာတော်ကြီးထံ ညနေရောက်သွားရာ ဘင်းစိန်က ကျောင်းမှုတစ်ခုအကြောင်းကို ကြား၏၊ ဖြစ်ပုံမှာ ဗဟန်း ဇေတဝန်ဆရာတော် ဦးဂန္ဓ၏ကျောင်းမြေကို ရခိုင်ဘုန်းကြီးဦးကုမာရအား နှုတ်ကတိဖြင့် နေရန်အပ်နှံ၍ နောင်ပေးမည်ဟုပြောထားပြီးလျှင် ၁၃၀၇-ခုနှစ်က ထိုဆရာတော်ပျံလွန် သွားလေရာ ဦးကုမာရက ယခုကျောင်းဆောက်နေဆဲတွင် ငါးထပ်ကြီးပြာသာဒ်ကျောင်း ဆရာတော်၏ အမိန့်ဖြင့် ၎င်းတပည့်ဦးဩဘာသနှင့် တွဲဖက်ပါ (၂)ပါးတို့က နှင်ချကြသည် ဆို၏၊ ထိုကိစ္စအတွက်ပင့်၍ ယနေ့သွားခဲ့ရကြောင်း၊ နောက် ၁၀-ရက်နေ့တွင် တောင်းပေး မည်ဟု ကတိပြုပြန်ခဲ့ရကြောင်း အမိန့်ရှိလေသည်။

ကျောင်းကန်တွေပေါများ၍ ဘုန်းကြီးနည်းပါးနေသော ယခုလိုခေတ်ကြီးထဲတွင် ကျောင်းကန်ဝန်တိုရန် အနိုင်အထက်လုယက်နေရန် အခါမဟုတ်တော့ပေ၊ များစွာသော ကျေးလက်တို့၌ ဘုန်းကြီးမရှိတော့၍ ကျောင်းကြီးတွေမှာပိုးမျှင်တန်းမြက်သစ်ပင်ချုံနွယ်များ အုပ်နေကြလေပြီ၊ အချို့ကျောင်းတို့မှာလည်း ဆူးလုံးကြီးတွေပိတ်၍ ထားရသောအဖြစ်ပင် ရောက်နေကြ၏၊ အခြားမြို့ရွာတို့၌ သူတော်သူမြတ်တို့ ကျောင်းကန်ငြင်းခုံမှု မကြားရတော့ ပါပဲလျက် မြို့တော်ရန်ကုန်၌သာ ကြားနေရခြင်းမှာ ကဲ့ရဲ့စရာပင်ဖြစ်နေ၏။

# ရဟန်းတိုင်း နားလည်သင့်သော (၉)ခန်းကမ္မဝါ

၁၃၀၈-ခုနှစ်၊ ကဆုန်လဆန်း ၁၃-ရက်။ သိမ်မှထွက်၍ ရဟန်းဖြစ်ပြီးလျှင် ရဟန်းဘို့လုပ်ငန်းတွင် တာဝန်အရေးကြီးဆုံးဖြစ်သော (ဥတ်ကမ္မဝါ)ကို လေ့လာထား

သင့်၏၊ ခုခေတ်မှာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့ကို ဖတ်လွယ်နေကြသော်လည်း စာဘာမျှမများသော (၉)ခန်းကမ္မဝါကို လေ့လာရမှန်းပင် မသိသလိုနေကြသည်။

# ဒါယကာကြောင့် ကျေးဇူးဖြစ်သူ

နေ့ပိုင်း ကိစ္စတစ်ခုရှိ၍ ရွာမဆရာတော်ကြီးထံ ရောက်သွားရာ ပိဋကတ်သမိုင်း စာအုပ် ကြည့်ပြီးလျှင် "(၉)ခန်းကမ္မဝါတွင် (ထေရသမုတိ, နာမသမုတိ နိဿယမုတ္တ၊ နိဿယမုစ္စက)တို့ကို ဘာဆိုသလဲ"ဟူ၍မေးလိုက်၏၊ လက်ပံတန်းမှ ဦးပဥ္စင်းတစ်ပါးကို ဒကာတစ်ဦးက (၉)ခန်းကမ္မဝါလှူရာ ဒီကမ္မဝါထဲပါသော အခန်းတိုင်း၏အဓိပ္ပာယ် အတိုကောက်ကို ရေးပေးပါရန် ထိုဒါယကာက တောင်းပန်သောကြောင့် ထိုဦးပဥ္စင်းသည် ဆရာတော်ကြီးထံလာရောက် နည်းခံသင်ကြားလေ့လာနေကြောင်း အမိန့်ရှိ၍ သိရခြင်း ဖြစ်၏၊ ထိုဦးဥ္စင်းသည် ထိုဒါယကာ၏လျှောက်ထားချက်ကြောင့် လေ့လာဖြစ်ရာ ဒါယကာ ကိုပင် ကျေးဇူးတင်ထိုက်ပေသည်။

စစ်ဖြစ်ခါနီးအချိန်မှစ၍ ခေတ်နောက်ပိုင်း ရဟန်းဖြစ်သူတို့သည် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးတို့ထံ၌လည်း ရိုသေကျိုးနွံချဉ်းကပ်လေ့လာသင်ကြားခြင်း ရှားပါးလေရာ အချို့မှာသိမ်ကထွက်လျှင် ဆရာမှန်းမသိ၊ သွားချင်ရာသွား, နေချင်ရာနေ၍ စိတ်လွတ် စပယ် ဖြစ်နေကြပုံကိုလည်း မြင်တွေ့ကြရပေပြီ၊ ကောင်းသည်ကား ရဟန်းတို့အတွက် အရေးအကြီးဆုံးဖြစ်၍ မသိလျှင်မဖြစ်, မတတ်လျှင် မဖြစ်သော ကမ္မဝါလောက်ကိုမူ တစ်လုံးတစ်ပါဒမကျန် လေ့လာတတ်ကျွမ်းပြီး ရှိထားရန်ကြိုးစားသင့်ပေသည်။ စင်စစ်မှာ ခက်ခဲသည်မဟုတ်၊ မလေ့မလာနေ၍ မတတ်ကြခြင်းဖြစ်သည်။

# ဘုရားပွဲဆိုတာ ပျောက်လောက်ခမန်း

ကဆုန်လဆန်း ၁၄-ရက်။ သမိုင်းမြို့မကျောင်း ဆုတောင်းပြည့်ဘုရားပွဲပင့်၍ ဤနေ့ဆွမ်းမီသွားရာ ဘုရားပွဲနှင့်မတူ ဒါဘာပွဲဖြစ်နေသည်ကို တွေ့ရ၏၊ ၁၂-ရက်နေ့ကစ၍ ကစားဝိုင်းအမျိုးမျိုး၊ အငြိမ့်ပွဲ, ဇာတ်ပွဲတို့ဖြင့် အစုံကပြနေကြသည်ဆို၏၊ ယနေ့ပင် ကုလား နပမ်းပွဲ၊ ခုနစ်ထွေအကပြိုင်ပွဲ စသည်ဖြင့်စုံပါပေ၏၊ အစိုးရသဘောလိုက်လျော၍ ဘုရားပွဲ သဘောပျောက်နေကြောင်း ဆိုင်ရာဘုန်းကြီးများက အမိန့်ရှိရှာကြ၏။

# အကပြိုင်ပွဲခေတ် ရောက်ပြီ

ဤခေတ်သည် အပြောခေတ်, အဆိုခေတ်မဟုတ်တော့၊ အကခေတ်ရောက်ပြီဟု ဆိုရန် တိတ်နိမိတ်ပင်လောမသိ၊ ယနေ့သံဃာတော်များ နေရာရှေ့တွင် ခုနစ်ထွေအက

ပြိုင်ပွဲကျင်းပ၍ မြင်ခဲ့ရ၏၊ မည်သူမဆို ဝင်ကနိုင်သည်။ ဆိုင်းကတီးရာကို မမှားအောင် (၇)မျိုးကပြတတ်လျှင် ပထမရမည်၊ မျက်နှာထားနှင့် ဟန်အမူအရာကိုလည်းကြည့်၍ အမှတ်ပေးမည်ဟု လူကြီး (၃)ဦးကကြည့်ရှုအမှတ်ပေး အကဲဖြတ်ကြသည်။ ရဲဘော်တစ်ဦး ဝင်ကရာ ပထမရသွားလေသည်။

# မဟုတ်ဘဲနှင့် လုပ်ရသေး

လပြည့်နေ့၌လည်း ကမာရွတ်တံတားဖြူ ဦးကွန်းဇော်အိမ်အနီးရှိ (ကျိုက်ဒေးခလုပ် ဘုရားပွဲ)ကို လိုက်ကြရပြန်ရာ မလကာခြံ ဦးကံထွန်းကကြီးမှူး၍ ရပ်ရွာစုပေါင်းကုသိုလ် ဆွမ်းကြောင့် ဆွမ်းတော့စားကြရပါ၏၊ ဆွမ်းဆန်စိမ်းပင့်ပြီးလျှင် ဘာမှဟုတ်တိပတ်တိ လောင်းလှူသူမရှိ ပိုက်ဆံ ၄-ပဲနှင့် မီးခြစ် (၂)လုံးသာ ထင်ရှားတွေ့ရသည်။ အငြိမ့်စင်တော့ မြင်ခဲ့၏၊ ခုတစ်လော ဘာသဘောလုပ်နေကြသည်ကိုမသိ၊ မဟုတ်တူတူမလုပ်ဘဲနေလျှင် ကောင်းသေးသည်။ ကလေးကစားသလို လုပ်နေကြသည်ဟု သံဃာတော်များက ပြောဆို ပြန်ခဲ့ကြလေသည်။

# လူရောင်းစားခံရတယ်ဆိုတာ

၁၃၀၈-ခုနှစ်၊ ကဆုန်လဆုတ် (၁)ရက်။ ရန်ကုန်မြို့သည် လူလူချင်းရောင်းစား တတ်သည်ဟူ၍ ငယ်စဉ်ကကြားဖူး၏၊ ရောင်းချပုံနည်းများကိုလည်း အချို့အဝက် ကြားခဲ့ဖူး သဖြင့် အံ့ဩခဲ့ရပေသည်။ ယခုလည်း ကြားရပြန်သည်မှာ ကြည့်မြင်တိုင်စလင်းတိုက် ရန်ပုံငွေဆိုပြီး ပွဲလုပ်ရန်ဒကာအချို့က လျှောက်သည်ကို ဆရာတော်ကလက်မခံ၊ ငြင်းပယ်ကြောင်းသတင်းကို ယနေ့ရွာမရပ် ပုတီးဂိုဏ်း ဦးမောင်အိမ်၌ သံဃာတော်များ ဆွမ်းစားဆုံကြရာတွင် ကြားရ၏၊ စလင်းဆရာတော်က "လူရောင်းစားမခံဘူး၊ ပါးပေသား" ဟူ၍လည်း ချီးမွမ်းကြ၏။

# ကျိုက်ထီးရိုးသွားလျှင် ရောင်းစားခံခဲ့ရပြီ

ထိုအကြောင်းနှင့် စပ်လျဉ်း၍ ရွာမဆရာတော်ကြီးက အမိန့်ရှိသည်မှာ ကျိုက်ထီးရိုး ဘုရားပွဲတော်အတွင်း ဘုရားဖူးသွားကြလျှင် ရန်ကုန်ကွင်းခြံဘူတာကြီးထဲ ထိုင်နေရုံနှင့် ရောင်းစားခြင်းခံရတော့သည်။ ရှေ့ကြိုသမားတွေက မီးခြစ်ဆေးလိပ်၊ ကွမ်းယာလက်ဆောင် ပေးပြီးလျှင် ဘုရားရောက်တော့ ဘယ်တဲမဏ္ဍပ်ကို တည်းခိုကြပါဟုမှာလိုက်၏၊ ပြီးလျှင် လူပေါင်းမည်မျှ ပို့လွှတ်လိုက်ကြောင်း သူတို့အချင်းချင်းစာကမ်း၍တစ်မျိုး၊ လူကိုယ်စားလှယ်

ထည့်၍တစ်ဖုံ၊ စာရင်းတင်ရောင်းချလိုက်ပြီးဖြစ်နေသည်။ အညာကန္တာတွေ ရောင်းချရန် အောက်ပြည်သို့ မီးရထားတွဲနှင့် တင်ပို့လိုက်သကဲ့သို့ ဖြစ်သွားလေသည်တဲ့။

# မျက်မှောက်ခေတ် ရောင်းချပုံတစ်မျိုး

ထိုနည်းရင်းပင် ယခုမျက်မှောက် ပြည်ထောင်စုခေတ်၌လည်း မကြာခဏ ရဟန်းသံဃာတော်များကို ရောင်းစားခံရတတ်ပေရာ မကြာမီနှစ်အတွင်းဆီက ရန်ကုန်မြို့၌ ရောင်းချခံလိုက်ကြရပုံကို မန္တလေးမြို့မှ မိတ်ဆွေဆရာတော်တစ်ပါး၏ ကိုယ်တွေ့အကြောင်းတစ်ခုပြောပြ၍ ကြားသိရပေ၏။

ရန်ကုန်မြို့ ခေတ္တရောက်စဉ် ကျောင်းတိုက်တစ်တိုက်၌ တည်းခိုနေခိုက် နံနက်စောစော မုန့်ဟင်းခါးဘုဉ်းပေးကြွပါ၊ သံဃာကုန်ဟူ၍ ကားကြီးကားငယ်တွေနှင့် ပင့်လာသောကြောင့် အာဂန္တုဘုန်းကြီးများပါ လိုက်ပါသွားကြရသည်။ အမည်မသိ ဟော်တယ်တစ်ခုသို့ ရောက်သွားလျှင် ဟိုမှသည်မှပင့်ယူလာခဲ့သော သံဃာတော်တွေ ခန်းမကြီးတစ်ခုအပြည့်တွေ့ရသည်။ မုန့်ဟင်းခါးကပ်၍ စားတုန်းစားဆဲ, အချို့လည်း မစားကြရသေး၊ ထိုင်ခါရှိသေး၊ ခေါင်းရင်းပိုင်းမှလူတစ်စုက မမျှော်လင့်သောအကြောင်းအရာစကားတွေကို သံကြီးသံကျယ် အာဘောင်သံပြင်းပြင်းနှင့် ပြောဆိုကြလေတော့သည်။

ထိုအခါကျမှ "ရော. . ဘယ့်နှယ်ဟာပါလိမ့်ဟရို့"ဟု မုန့်ဟင်းခါးပန်းကန်တွေကိုင်လျက် ငေးမောအံ့ဩမိကြ၏၊ စားရအခက် မစားရအခက်နှင့် အချို့လည်းစိတ်ပျက်ကြသည်။ "ရောက်မှတော့စားကြတာပေါ့လေ"ဟု ပုဂ္ဂိုလ်အချို့ကပြော၍စားကြ၏၊ သူတို့လိုရာပြောဆိုပြီးကြလျှင် "ကိုင်း. . ပြီးပါပြီဘုရား၊ ကားပေါ်ကြွကြပါ"ဟု ပင့်လျှောက်၍ "ကျောင်းမြန်မြန်ရောက်တာပဲအေးပါတယ်"ဟု သဘောထားပြီး ကားပေါ်သို့ကက်လိုက်ကြ၏၊ သံဃာတော်တွေ ကားပေါ်ရောက်လျှင် အလံနီတွေထူ၍ လမ်းတကာလှည့်ပတ်မောင်းပြီး မမျှော်လင့်သောစကားတွေကို ကြွေးကြော်အော်ဟစ်ကြလေတော့သည်။ ထိုအခါကျမှ လက်စသတ်တော့ တို့ပြပြီးကန့်ကွက်ပွဲလုပ်ကြတာကိုးဟု တောမှကြွလာသည့် အာဂန္တုကိုယ်တော်ကြီးများက ရိပ်မိကြသောဟူ၏။

နေအတန်မြင့်၍ သူတို့လိုရာလမ်းပေါင်းများစွာနှံ့ပြီးမှ သံဃာတော်တွေကျောင်းအသီးသီးပြန်ပို့ကြလေရာ ဆွမ်းခံနေကျကိုယ်တော်များလည်း ဆွမ်းခံချိန်မရ၍ ညည်းညူကြ၊ အာဂန္တုဘုန်းကြီးလည်း ဘုမသိဘမသိ လိုက်သွားမိရာ မုန့်ဟင်းခါးတစ်ပန်းကန်နှင့် ရောင်းစားခံရလေခြင်းဟု စိတ်ဆိုးကြလေတော့သည်။ သို့ရာတွင် စိတ်ဆိုး၍မရပေ၊

နောက်နေ့ထုတ် သတင်းစာများတွင် သံဃာတော်များမည်၍မည်မျှတို့က ဘာအကြောင်း မကျေနပ်၍ ကန့်ကွက်တော်မူကြကြောင်းဟူသော စာလုံးကြီးတွေနှင့် သတင်းစာတွင် အကျယ်ပေါ်ထွက်လာလေတော့သည်။

## နောင်ကိုလည်း သတိထားကြမှ

ထိုအကြောင်းကို မန္တလေးဆရာတော်တစ်ပါးက သူ့ကိုယ်တွေ့အဖြစ်ပြောပြ၍ မိတ်ဆွေများ, တပည့်များကို ရန်ကုန်သွားလျှင် ဆွမ်းစား၊ မုန့်ဟင်းခါးစားဆိုတာတွေ့ ပင့်ရာ သတိထားလိုက်ကြရန် စပ်မိတိုင်း ပြောပြမှာကြားနေရှာပေသည်။ နောင်မေတ်အခါ တွင်လည်း အလားတူအစားလွဲကဲ့သို့ ရောင်းစားနည်းကလေးတွေ မည်မျှပေါ်လာဦးမည် မသိလေရာ ရဟန်းသံဃာများ သတိထားရန် အမှန်လိုကောင်းလိုပေဦးမည်ပင်။

## သင့်ကို ပယောဂ မကပ်စေနဲ့

၁၃၀၈-ခုနှစ်၊ ကဆုန်လဆုတ် (၃)ရက်။ ပယောဂဟူသည် ပကတိသော သဘာဝကို ဖောက်ပြန်စေသည့် ပူးတွဲယှဉ်အပ်သော အမှောင့်တစ်မျိုးပင်ဖြစ်ရာ ပုထုဇဉ်ကို မဆိုထားဘိ၊ အနာဂါမ်ရဟန္တာတို့ပင် ရံခါအကပ်ခံရတတ်၏။

ယနေ့လွန်ခဲ့သော (၂)ရက်က ပင့်ထားသော ကျောင်းဝိုင်းအရှေ့ကျောင်း ငြင်းခုံမှု ဝိဝါဒကိစ္စကို စစ်ဆေးမေးမြန်းဆုံးဖြတ်ပေးရန်၊ သို့မဟုတ် ဆုံးမပေးရန် ရွာမဆရာတော် ကြီးနှင့် တပ်တွင်းကျောင်း ဦးကောဝိဒပါ (၃)ပါးသွားကြရ၏၊ မိမိမှာ အင်းစိန်ကမာရွတ် သမိုင်းတို့တွင် သံဃဝိနည်းဓိုရ် ဌာနဒ္ဓတရားသူကြီး တစ်ပါးအဖြစ် ပါဝင်နေ၍ ဤကိစ္စ မျိုးမှာ လိုက်ပါနေရ၏။

## ကပ်နေသော ပယောဂကို

ဖြစ်ပုံမှာ အဆိုပါကျောင်းကိုထိုင်သော ဆရာတော် ပျံလွန်သွားပြီးနောက် သမိုင်းကုန်း ရွာကျောင်းမှ ဦးအရိယဝံသနှင့် မအူပင်နယ် ဖေယ်ရိုးရွာသားဇာတိ (၇)ဝါရ ဦးသောဘိတတို့ ဒွိသန္တကသဘောမျိုး သွားနေကြရာတွင် အချိန်အတန်ကြာပြီးခါမှ ဗဟန်း၌ နေသော ဦးသီလာစာရ ဆိုသူနှင့်တွဲ၍ ဦးသောဘိတက ပျံလွန်သောဆရာတော်သည်

ရင်းကို ပုဂ္ဂလိကပိုင် ပေးခဲ့ကြောင်း၊ စာတစ်ခုပြု၍ တိုင်တန်းလျှောက်ထားခြင်းဖြစ်၏၊ မိမိတို့ ကမာရွတ်ဆရာတော် (၃)ပါးကိုလည်း ဦးသောဘိတကပင့်သည်။ အင်းစိန်မြို့မှ ဆရာတော်များကို တစ်ပါးမှမပင့်ချေ။

ဦးသောဘိတသည် ပျံလွန်သော ဘုန်းကြီး၏တူတပည့်ဟုသိရ၏၊ သို့သော် ငယ်ရွယ်သေး၍ သီတင်းသုံးဖော် သမဂ္ဂဖြစ်သော သမိုင်းကုန်းရွာကျောင်းဆရာတော် ဦးကလျာဏကို သန္တကအဖြစ်လွှဲခဲ့ရာ ဦးအရိယဝံသကို ဦးကလျာဏက ကိုယ်စားနေစေခြင်းဖြစ်၏၊ ဦးအရိယက ဦးသောဘိတပြသောစာမှာ မယုံကြည်နိုင်ကြောင်း၊ မူလကရှိသည်လည်း မပြောဖူး၊ ပုဂ္ဂလိကပေးခဲ့ကြောင်းလည်းမဆို၊ ယခုဗဟန်းကပြန်လာမှ ဖြစ်ပေါ်လာသော စာဖြစ်သည်။ စကားလည်း တစ်မျိုးဆိုလာပါသည်ဟုချေပ၏၊ ဗဟန်းဦးသီလစာရ ဝင်လာခါမှ ထူးထွေရှုပ်ပွေလာရပါသည်။ ထိုစာမှာ အမှန်ပျံလွန်သောဘုန်းကြီး၏ ရေးပေးခဲ့သော စာမဖြစ်နိုင်၊ သူတို့လုပ်ကြံရေးထားသည့် စာသာဖြစ်ပါမည်ဟု ယုံကြည်ကြောင်း လျှောက်၏။

သို့နှင့် မူလဆရာတော်၏ လက်ရေးနှင့် စာမူတစ်စုံတစ်ရာရှိလျှင် မည်သည့် စာအုပ် စာတမ်းမဆို ကြည့်လိုကြောင်း ထုတ်ပြရန် တောင်းကြရာ ဦးသောဘိတနှင့်အပေါင်းပါ ဗဟန်းကိုယ်တော်က ရှိသည်ဟုသာပြော၏၊ သူတို့နှစ်ပါး တစ်ခန်းဝင်တစ်ခန်းထွက်နှင့် လှုပ်လှုပ်ရှားရှား စာမူရှာကြသလိုလို လုပ်ကြပြီး စာမူတစ်စုံတစ်ရာ မပြချေ၊ ဝိနည်းဓိုရ်ဖြစ်ကြသော မိမိတို့မှာ အခြင်းအရာမြင်ရုံနှင့် မှုမမှန်ကြောင်း နားလည်ကြ၏။

# နားမထောင်က ပြောရန်မလို

သို့ရာတွင် မမှန်ဟုတိုက်ရိုက်ဖွင့်မပြော၊ ပညာရှိသူတော်ကောင်းတို့ထုံးဖြင့် ယဉ်ကျေးစွာ အေးချမ်းပြေလည်စေခြင်းသာ လိုလားသောကြောင့် ရွာမဆရာတော် ဘုရားကြီးက တရားဟောသည်။ ယခု ဒွိသန္တက နေကြသော ဦးအရိယနှင့် ဦးသောဘိတတို့ နှစ်ပါးမှာ ၁၀-ဝါ မရကြသေး၍ ကျောင်းထိုင်ရန်မသင့်သေးဘူး၊ ကျောင်းကိုအားလုံးစွန့်ပြီး သံဃိကလှူထားကြပါ၊ ဒါယကာများကိုပဲဖြစ်စေ စွန့်ပါ၊ သူတို့ကြိုက်ရာ ဘုန်းကြီးပင့်တင်ကြပါ၊ သို့မဟုတ် စာချပုဂ္ဂိုလ်တစ်ပါးပါးကို ပင့်တင်ထားပါ၊ ဘယ်သူ့စကားမှားသည် မှန်သည်ဟု မဆုံးဖြတ်လို၍ ကြားဖြတ်ကောင်းသော နည်းလမ်းကောင်းကို တိုက်တွန်းအမိန့်ရှိလေသည်။ ထိုစကားကို ဦးအရိယက "ကောင်းပါပြီ" ဟု သဘောတူစွာနာခံ၏။ ဦးသောဘိတနှင့် ဗဟန်းအာဂန္တုတို့က သဘောမတူကြချေ။

သို့နှင့် နားမထောင်နိုင်က ပြောနေ၍မဖြစ်ဟု ညနေ (၄)နာရီအချိန်တွင် ထပြန်ခဲ့ကြ၏။ ကားနှင့်ကျောင်းအရောက် လိုက်ပို့ပေးကြသည်။

## နောင်တော့တော်ပါသေးၾ

ထို့နောက် နယုန်လဆန်း ၁၁-ရက်နေ့တွင် ညနေပိုင်းစာဝါချနေစဉ် သမိုင်းကုန်းရွာကျောင်းမှ ကိုရင်တစ်ပါးနှင့် ဒဂုန်ဦးစန္ဒိမာရောက်လာပြီး သတင်းကောင်းတစ်ခု လျှောက်လေသည်။ ယခင် အရှင်ဘုရားတို့တရားဟောပြဆုံးမကြသော ပျောင်းဝိုင်း အရှေ့ကျောင်းဝိဝါဒကိစ္စကို ရွာမဆရာတော်ကြီးနှင့် အရှင်ဘုရားတို့အမိန့်အတိုင်း နာခံပါမည်ဟု နှစ်ပါးသဘောတူလက်မှတ်ရေးထိုးပြီးကျောင်းကြီးကို နှစ်ပါးစလုံးကပင် စွန့်လွှတ်လိုက်ကြကြောင်း ကြားရပေတော့သည်။

အမှန်မှာ ယခုခေတ် ဦးပဥ္စင်းများသည် ကျောင်းမွေခံလိုကြသည်မဟုတ်ပေ။ ရှေးအခါက ဆရာသမား ပျံလွန်ပြီးလျှင် ကျောင်းမွေစကားများတတ်သော်လည်း ယခုခေတ်မှာ ဈာပနကိစ္စပြီးလျှင် တပည့်များရှောင်ထွက်ပပျောက်ကုန်ကြ၍ ကျောင်းမွေခံထိုက်သူပင် ရှာ၍မရဖြစ်နေကြသောခေတ်ပေ၊ စင်စစ်မှာ ဦးသောဘိတကို ဗဟန်းကဝင်၍ ပယောဂကပ်ခြင်းသာ ဖြစ်၏။ ထိုပယောဂသည် ကျောင်းမရှိ၍ သူတစ်ပါးကျောင်း အချောင်ရလို၍သော်လည်းကောင်း၊ တစ်စုံတစ်ရာမျှော်လင့်ချက် ရှိ၍ သော်လည်းကောင်း ကပ်ခြင်းဖြစ်မည်။ ကပ်ကြည့်သောအခါ သာဘ်သပ္ပကာပေါ်များသည့် နေရာလည်းမဟုတ်၊ လူနေနည်း၍ ဘုန်းကြီးများ ကျောင်းတွေထပ်နေသောဒေသဖြစ်ရာ သပိတ်တစ်လုံးနှင့် ဆွမ်းခံနိုင်မှ စားရသည်။ ဆွမ်းကော်င်းဟင်းကောင်းလည်းမရ၊ အလှူအကာန်းရှိပြန်လည်း နီးရာစပ်ရာသာပါ၍ မသိသူကျွန်ရစ်တတ်လေရာ ဟန်ပုံမမြင်သောကြောင့် ပယောဂလည်း ခွာသွားဟန်ရှိသည်။ ပယောဂခွာလျှင် လူနာမှာ မူလပကတိ စိတ်ရောက်၍ စကားပြောလာသည်မဟုတ်လော၊ ထို့ကြောင့် သင့်ကိုဖြင့် ဘယ်အခါမှ အမှောင့်ပယောဂ မကပ်စေနှင့်ဟု သတိပြုရန် လို၏။

## စခွန့် စထွင်ဘူ

ကဆုန်လဆုတ် (၆)ရက် ယနေ့ထုတ်သတင်းစာများတွင် ကဆုန်လပြည့်နေ့မှစ၍ နှစ်ရက်တိုင်တိုင် လူထုစည်းဝေးပွဲကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက အင်္ဂလိပ်ဘာသာနှင့်

လက်နှိပ်စက်ရိုက်စာမျက်နှာ ၄၀-ကျော်ရှိ ကြေညာချက်တစ်ရပ်ကိုထုတ်လိုက်ကြောင်း တွေ့ရ၏။

မြန်မာဆိုင်းများတွင် အသုံးပြုနေသော စခွန့်ကို စတွင်သူမှာ ဆင်ခိုးမလေးခေါ် မင်းသမီး၏သားကြီး လူ့ရှင်တော်လည်းလုပ်၊ ဆိုင်းဆရာလည်းဖြစ်သူက စထွင်ခဲ့သည်။ ယခုအခါ ဆိုင်းတိုင်းတွင် အသုံးပြုနေရ၍ ကျေးဇူးများပေသည်။ ထို၏ ရှေးကာလကမူ စခွန့်မပါပေ။ ပတ်မကြီးနှင့် ပတ်ဝိုင်းတို့သာရှိကြဟန်တူသည်။ ၎င်း၏မိခင်သည် သဘင်၌ရာဇဝင်ထူးသူဖြစ်၏။

တောင်တွင်းကြီးမြို့ လယ်တော်အုပ်ကတော် သက်ထားနှင့်ညာဖွား သားနှစ်ယောက် တို့၏မိခင် ၁၂၁၄-ခုဖွား တောင်တွင်းကြီးဇာတိ ရှေးကမန္တလေးမြို့ မင်းနှစ်ဆက်တိုင် အသုံးတော်ခံရသည့် နန်းတွင်းဇာတ်မင်းသမီးကြီးဖြစ်သည်။ ၁၉၃၀-ခု ဖေဖော်ဝါရီလမှာ ၎င်းအသက် ၇၇-နှစ်ခန့်ရှိရာ ထိုနှစ်မိုးတွင်း မင်းလှမြို့၌ အနိစ္စရောက်ရှာ၏၊ ၎င်း၏နာမည်မှာ (ရင်းတော်မလေး)ဖြစ်သည်။ ဆရာမွန်းကြီးဦးသာဇန် စသည်တို့နှင့် မန္တလေးမြို့ တက်ရောက်ကပြလျက် နန်းတွင်း၌အသုံးတော်ခံကြရာတွင် ရန်အောင်မင်းသားက ကောက်တော်မူ၍ မူလရှိနေပြီးလင်ကြီးကို ပြန်၍ကွာရှင်းရန် တောင်တွင်းကြီးသို့ ပြန်အလာ 'မင်းသားက ဆင်နှင့်လွှတ်ပြီးအခေါ်ခိုင်း၍ ဆင်နှင့်ခိုးသည်ဟုပြောစမှတ်ပြုရာက (ဆင်ခိုးမလေး)ဟု တွင်သွားသော မင်းသမီးကြီးဖြစ်လေသည်။

## ဆရာတော်ကြီး နှစ်ကျိပ်တစ်ပါးကျော်

၁၃၀၈-ခုနှစ် ကဆုန်လကွယ် (၁၅)ရက်နေ့။ ယနေ့ သာသနာရေးလောကတွင် ရာဇဝင်တွင်ရစ်စေမည့်အကြောင်းတစ်ရပ်သတင်းစာတို့၌ တွေ့ရ၏။ စစ်ကြီးပြီးခါစအချိန် ထွက်ပြေးအစိုးရဟူ၍လည်းကောင်း၊ ပြန်တော်မူအစိုးရဟူ၍လည်းကောင်း ထိုအချိန်က ခေါ်ဆိုနေကြသော ယာယီစစ်အုပ်ချုပ်ရေးအတောအတွင်း မြန်မာ့တွဲဖက်လူကြီးအချို့ကို ဘယ်ပုဂ္ဂိုလ်ကိုဘာပေး၍ ခိုင်းစေသည်ဆိုသလိုလို ကောလဟလသတင်းမျိုးစုံထွက်နေသော မြန်မာပြည်အရပ်ရပ်မှ နာမည်ကျော်ဆရာတော်ကြီးများကို ရန်ကုန်သို့ပင့်၍ ရွှေဂုံတိုင်ဘုရားကြီးကျောင်းတိုက်၌ ယနေ့ပူဇော်ကန်တော့ပွဲပြုလုပ်ကြမည့်အကြောင်းဖြစ်၏။ မည်သို့ပင်ဖြစ်စေ ခေတ်ပျက်ကြီးအတွင်း ကြုံကြိုက်သည့်အခါ အဆိုပါဆရာတော်ကြီးများကို သွားရောက်ဖူးမြော်ကန်တော့၍ ကုသိုလ်ယူမည်ဟူသော နှလုံးသွင်းဖြင့်

တပည့်ရဟန်းများကိုစာချ၍ နေ့ဆွမ်းစားပြီးလျှင် သွားလိုက်သည်။ အဆင်သင့်ပင် ကန်တော့ကြမည့်ဆဲဆဲ ကြုံကြိုက်၍ ရောနှောရှိခိုးကန်တော့ခွင့်ရလိုက်လေသည်။

ကုလားဆိုင်အသီးသီးတွင် ဆရာတော်ကြီး ၂၁-ပါးတိတိ ထိုင်နေတော်မူကြသည်။ ပခုက္ကူအရှေ့တိုက်ဆရာတော်ကြီး ဦးဇဝနက ဆုပေး၍ သာသနာစဉ်ဆက် ကြောင်းရာအနည်းငယ်ကို သဘာပတိမိန့်ခွန်းမြွက်ကြားလေသည်။ လူပရိသတ် မများ လှပေ။ ယနေ့ ကန်တော့ပွဲမျှသာဖြစ်သည်။ နယုန်လဆန်း (၁) ရက်မှ (၃)ရက်နေ့တိုင် သာသနာရေးတွင် အရေးကြီးသော အတွင်းရေးများကို စည်းဝေးဆွေးနွေးကြမည်ဟု သိရ၏။ ပန်းဆွဲဦးဒီလာသနှင့် လက်ပံတန်းသဒ္ဓမ္မောဒယဆရာတော် ဦးဝိသုဒ္ဓာစာရတို့က စည်းဝေးပွဲအကျိုးဆောင်ဆရာတော်များအဖြစ် ဆောင်ရွက်ကြကြောင်းသိရ၏။ ထို့ကြောင့် ဆရာတော်ကြီးနှစ်ကျိပ်တစ်ပါးတွင် အရန်သံဃာများပါ၍ ကျော်နေပေသည်၊ (၂) နာရီခွဲတွင် ပြန်ခဲ့ကြ၏။

## ရောင်းစားခံရပုံ သိကြပြီဆိုခြင်း

နောက်ရက်တွင် ဆရာတော် ဦးဝိသုဒ္ဓါစာရတည်းခိုရာ ဘားကရာတိုက် ဦးကေတုမာလာကျောင်းသို့ သွားရောက်တွေ့ဆုံရာ (၃)ရက်စည်းဝေးပွဲကြီး၏ စိတ်ပျက် ဖွယ်ရာ အကြောင်းမျိုးစုံကို ကြားရပေတော့သည်။ စင်စစ်မှာ တကယ့်သာသနာရေး အားပေးလို၍မဟုတ်၊ အခြားအကြောင်းလိုချင်၍ဖြစ်ရာ အညာခံရပုံကို သိတော်မူကြ သောကြောင့် စိတ်ပျက်၍ အချို့ဆရာတော်များ ရှောင်ထွက်သွားကြသည်။ စည်းဝေးပွဲ လာမတက်ကြ၊ တာဝန်ခံတို့က ဂျစ်တစ်စင်းနှင့်လိုက်လံရှာပင့်ကြသော်လည်း မရဟု ကြားရ၏၊ ဖြစ်ရပ်ကား ရန်ကုန်အရောက်သာ တာဝန်ခံပင့်ကြသည်။ ကောင်းစွာ‌ဧည့်ခံသူ မရှိ ဂရုတစိုက် ပြန်ပို့သူမရှိ သောင်ပြင်လွှတ်ခံရသည့် ဘုရားလူကြီးကဲ့သို့ ဖြစ်ကြရကြောင်း ထိုဆရာတော်ကြီးတို့၏ တပည့်တပန်းတို့က မကျေနပ်ကြကြောင်းလည်း သိရ၏။

## မင်းနန်ချုတ်ခန်းကို နိုင်ငံရေးမရိုးယာယ်

ထိုဆရာတော်ကြီးများထံသို့ ဗိုလ်ချုပ်အောင်ဆန်းလည်း သွားရောက်ဖူးမြော်၏။ မြတ်စွာဘုရားရှင်က ညီတော်မင်းနန်ချုတ်ခန်းမှာ ပထမမျှောက်မပြ၍ နောက်တော့ နတ်သမီးကိုပြကာ လိုချင်လျှင် ဒီမန္တန်ကိုရွတ်ဟု ကမ္မဋ္ဌာန်းကိုစီးဖြန်းစေသကဲ့သို့ နိုင်ငံရေး

ပရိယာယ်မှာလည်း လွန်စွာများပြားသော မာယာရှိကြောင်း၊ ဆရာတော်ကြီးများအား ရောင်းစားတော့ မခံကြပါနိုင့်ဟူသကဲ့သို့ တိုက်ရိုက်လျှောက်သည့်ပမာ လျှောက်သွားလေရာ မှတ်ရစ်စရာကြီး ဖြစ်နေ၏။

## ကန်တော့ပွဲ၏ နောက်ဆက်တွဲ

ထိုစည်းဝေးပွဲကန်တော့ပွဲ၏ နောက်ဆက်တွဲများမှာ သတင်းစာတွင် ဟိုလူက လျှောက်ချက်၊ သည်လူက လျှောက်ချက်ဟူ၍ လျှောက်ချင်သူတို့က ဝင်လျှောက်နေကြရာ ရယ်စရာကြီးဖြစ်နေ၏၊ ဆာပေါ်ထွန်းနှင့် ဂျူနိဦးစောတို့လျှောက်ချက်မှာ သာသနာပိုင် ခန့်ပေးမည်ဟူ၍ပင်ပါလေရာ ဘာသဘောနှင့် ဘာတွေထင်ရာလျှောက်နေကြလေသနည်း ဟူ၍ သံဃာတော်ချင်းချင်း ဝေဖန်ပြောဆိုကြပြီးလျှင် ယုံကြည်စရာ လုံးဝကင်းသွားကြ လေသည်။ စင်စစ်မှာ သာသနာပိုင်ခတ်မရှိတော့ကြောင်း နားလည်ကြသောကြောင့်ဖြစ်၏၊ ဧကရာဇ်ဘုရင်များခေတ်တွင် သာသနာပိုင်ထား၍ ရသော်လည်း ယခုလိုခေတ်မှာ သာသနာပိုင်လည်းမရ, ဘာပိုင်မှရနိုင်သောခေတ်မဟုတ်ပေ၊ လဆန်း (၈)ရက်နေ့တွင် ဆရာတော်ဦးဝိသုဒ္ဓာဘာထံ တစ်ဖန်ရောက်သွားသောအချိန် ထိုထက်အတွင်းရေးကျသော စိတ်ပျက်ဖွယ်ရာတို့ပင် ကြားခဲ့ရ၍ ကျိုက်ထီးရိုးဘုရားဖူးသွားဂုဏ်း ရောင်းစားခံရသည်ထက် ဆိုးနေပုံကို သိရပေတော့၏။

## အဋ္ဌာရသဂိုဏ်း

၁၃၀၈-ခုနှစ်၊ နယုန်လဆန်း (၁)ရက်။ ဂိုဏ်းဟူသောစကားသည် ဂဏအပေါင်း အသင်းဟူသော ပါဠိမှလာလေရာ ဘုရား, တရားကြည်ညိုကိုးကွယ်ရာ၌ပင် ရန်ကုန်၌ ဘာဂိုဏ်း, ညာဂိုဏ်း စသည်အမျိုးမျိုးထွင်နေကြလေသည်။ နဝင်းဂိုဏ်း၊ အောင်တော်မူ ဂိုဏ်း၊ ပုတီးဂိုဏ်း စသည်ကြားဖူး၏၊ ယနေ့ ကမာရွှတ်လှည်းတန်း၌ ဘုရားဝတ်ကျောင်း ဆောက်၍ ဘုရားများထားကာ ကိုးကွယ်နေကြသော ဂိုဏ်းတစ်ခုအကြောင်း ကြားရသဖြင့် မေးကြည့်ရာ အဋ္ဌာရသဂိုဏ်းဟု သိရ၏၊ မျက်လှည့် ဆရာကြီးက စိတ်ကူးယဉ်လွန်းရာမှ မှော်အတတ်ကိုဖြစ်စေပြီး ဝိဇ္ဇာ မ, တော့မလိုလို ထင်နေကြသော ဂိုဏ်းဟုလည်းပြောသံ ကြားရ၏။

## လုပ်ငန်းပြန်ကောက်ကြစို့

နယုန်လဆန်း (၂)ရက်နေ့ထုတ် ဂျာနယ်ကျော်တွင် မိမိရေးသော ပရိယတ္တိ ရွှေစည်ကြီး တီးခတ်ကြမှတော်မည်ဟူသော ဆောင်းပါးကို လုပ်ငန်းပြန်ကောက်ကြစို့

ဟူသော ခေါင်းစဉ်နှင့်ပါလာလေရာ စာပေ, ပရိယတ်၌လေးစားကြသော ရဟန်းသံဃာတော်အချို့က စာရေးသူကိုပင် တွေ့လိုမြင်လိုကြ၍ မေးမြန်းကြကြောင်းသိရရာ အတော်ဂရုစိုက်ကြ ကျေးဇူးတင်ကြဟန်တူ၏၊ တစ်နေ့သော ဆွမ်းကျွေးပွဲတွင် ထိုဆောင်းပါးကို မူပြု၍ ရဟန်းငယ်များမှာ မိမိတို့၏အဓိကဖြစ်သော လောကုတ္တရာစာပေကျမ်းဂန်များကို မသင်ယူကြဘဲ အင်္ဂလိပ်စာသာ သင်နေကြသဖြင့် ဆုံးမစကားမိန့်သံကြားခဲ့ရပေသေး၏၊ ထိုဆောင်းပါးမှ တစ်စိတ်တစ်ပိုင်းမှာ အောက်ပါအတိုင်းဖြစ်၏။

ဗုဒ္ဓသာသနာထွန်းကားသော မြန်မာနိုင်ငံတော်ကြီးသည် ၁၃၀၃-ခုနှစ်၊ နတ်တော်၊ ပြာသိုလဆန်းကစ၍ စစ်မြေပြင်ကြီးအတိ ဖြစ်လာသောကြောင့် ရဟန်းရှင်လူအားလုံး တောင်ပြေးမြောက်ပြေးနှင့် ကမောက်ကမဖြစ်နေခဲ့ကြရသည်မှာ (၄)နှစ်ကျော် (၅)နှစ်ကျော်တွင်းသို့ ဝင်ခဲ့လေပြီ။

## ထိုစဉ်အခါက ကြားနေကျအသံတွေ

• ယမိုက်ကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဋ္ဌာန်းကျမ်းကိုဟောတော်မူ၏၊ ထိုပဋ္ဌာန်းကျမ်း၌ တုံသော်လည်းစသော ပဋ္ဌာန်းညဝါဆိုရိုးကိုလည်းကောင်း။

ဟေတုပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် သုံးပါးအပြားရှိကုန်၏စသော ပဋ္ဌာန်း(၃)ချက်စုကျမ်း ဟောရိုးကိုလည်းကောင်း။

ဟေတုပစ္စယောတိ ဟေတုဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဥ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော စသော ပစ္စယနိဒ္ဒေသပါဠိတော် ကျက်သံကိုလည်းကောင်း။

ဟေတုပစ္စယော-အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ (တစ်နည်း) ဟေတုပစ္စယော-ပဉ္စောင်ပင်၏ ရေသောက်မြစ်အစရှိသည်တို့သည် ထိုသစ်ပင်အား စည်ပင်ပြန့်ပွားခြင်းငှာ အမြစ်၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားလည်းကောင်း စသော ၂၄-ပစ္စည်း နိဿယရွတ်ဖတ်သံကိုလည်းကောင်း၊ ပဋ္ဌာန်းကျမ်းတော်ကြီးကို အစဉ်တစိုက်ပို့ချလျက် ပဋ္ဌာန်းသာသနာ ပြန့်ပွားရာ အမရပူရမြို့ ပဋ္ဌာန်းတက္ကသိုလ်ကျောင်းတိုက်ကြီးများဆီမှ ပဋ္ဌာန်းကျမ်း ရွတ်ဖတ်သရဇ္ဈာယ်သံများကို ကြားခဲ့ရပေ၏။

## မန္တလေး၌ နည်းမျိုးစုံ

အရှင်အနုရုဒ္ဓါဆရာသည် သမ္မာသမ္ဗုဒ္ဓ အတုလ်-ဟူသောပုဒ်တို့ဖြင့် မြတ်စွာဘုရားကို ရှိခိုးသောကြောင့် ဗုဒ္ဓပဏာမ မာမကအဖြစ်ကို သိရပေပြီ၊ တရားသံဃာတို့ကို

ရှိမခိုးတော့ပြီလောဟု မေးဖွယ်ရှိ၍ သသဒ္ဒမ္မဂဏ္ဍ တွင်မံ အဘိဓါန်ဒိယ ဟူသောပုဒ်ကို မိန့်စသောသဂြိုဟ်ကျမ်း၏ အထွက်အတက်နှင့် အဓိပ္ပာယ်ပြောဟောပို့ချသံကိုလည်းကောင်း။

"စာဆိုတာ မလွယ်ဘူး အရှင်ဘုရားတို့၊ ဤပါရာဇိကဏ်အဋ္ဌကထာမှာ တဟိရနိဒါန်းထက် အဗ္ဘန္တရနိဒါန်းကသာပြီးခက်တယ်၊ ကြပ်ကြပ်ကြိုးစားကြဲစည်ကြ၊ ကျမ်းဆရာ၏အာဘော်လည်း မိကြပေစေ" အစအစချီသော အဋ္ဌကထာစာချဆရာတော်ကြီးများ၏ စကားပျိုးသံများကိုလည်းကောင်း။

"စာတတ်ဖို့ဟာ ဘာအရေးကြီးဆုံးလည်းဆိုလျှင် အရှင်ဘုရားတို့၊ သဒ္ဒါဘုရားနော်၊ နေရာတကာ သဒ္ဒါလိုတယ်၊ ပိဋကတ်သုံးပုံ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ ဂဏ္ဌိကျမ်းတို့ကို ကြည့်တတ်ဖို့ အနက်ထင်၍ သဘောမိဖို့ဟာ သဒ္ဒါတတ်မှဖြစ်တယ်၊ သဒ္ဒါမတတ်လျှင် ဘယ်ကျမ်းသင်သင် ဆားမပါသောဟင်းကဲ့သို့ ပေါ့ပျက်ပျက်နှင့် ပြီးရတာပဲ၊ ဘယ်မှာမှ မိမိရရမရှိဘူး၊ ဒါကြောင့် အရှင်ဘုရားတို့ စာတတ်လိုကြလျှင် ယခုပို့ချလတ္တံ့ဖြစ်သော သဒ္ဒါကျမ်းကိုသာ ပုဒ်အာထိအောင် ကြိုးစားသင်ကြပါ" စသည်ဖြင့် စာသင်သားတို့စိတ်ကို ထက်သန်ရှင်လန်းအားတက်စေလျက် တိုက်တွန်းလေ့ရှိတော်မူကြသည်။ သဒ္ဒါကျမ်း ချပို့သော စာချဆရာတော်များ၏ မိန့်မြွက်သံကိုလည်းကောင်း။

"နိဗ္ဗာန်ဆိုတာ ဘယ်မှာနေသလဲ" ဟုမေးလျှင် "အရှင်ဘုရားတို့၊ ဘယ့်နှယ့်ဖြေကြမလဲ" စသည်ဖြင့် ပြဿနာထုတ်၍ ဖြေကြားပြသလေ့ရှိကြသော ဋီကာကျော်၊ မဏိသာရ မဉ္ဇူသာကျမ်းတို့ကို ချပို့တော်မူကြသော ဆရာတော်ကြီးတို့၏ မိန့်ဆိုသံကိုလည်းကောင်း။

(တဏှာသုံးတန်၊ အရင်းခံ၊ အဏာသံနှင့်မြောက်၊ တဏှာအစစ်၊ တရားရှစ်၊ ဖြစ်၏ထိုမှာရောက်တဲ့) ကဲ. . . အရှင်ဘုရားတို့ မြောက်ကြစမ်း - စသည်ဖြင့်မေး၍ ခွဲခြားပြသလေ့ရှိသော သဂြိုဟ်ထနောင်းနိုင်နည်းကို နေ့ဝါချပို့ပေးကြသော ဆရာတော်တို့၏ သရုပ်ခွဲပြသံကိုလည်းကောင်း။

အရူပဘုံ၌ဖြစ်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် ထိုဘုံ၌သောတာပတ္တိမဂ်ကို မရလတ္တံ့တဲ့၊ သောတာပတ္တိဖိုလ်ကိုရပြီး ပုဂ္ဂိုလ်တို့မှာ အထက်မဂ်အထက်ဖိုလ်ကို ရနိုင်ပါလျက်နှင့် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်မှာ သောတာပတ္တိမဂ်ကို မရနိုင်ဘူး၊ ဘာကြောင့်မရသလဲမေးလျှင် အရှင်ဘုရားတို့ ဆိုရိုးမှာတိုက်ရိုက်မပါဘူး၊ အဲဒါအကြောင်းရှာရမယ်စသည်ဖြင့် ခဲရာခဲဆစ် အဓိပ္ပာယ်များကို နှိုက်နှိုက်ချွတ်ချွတ် ပြောဆိုချပို့လေ့ရှိကြသော ယမိုက်ညဝါ စာချဆရာတော်များ၏ မိန့်မြွက်သံကိုလည်းကောင်း။

ယင်းသို့ စသည်များဖြင့် အဓိပ္ပာယ်တွ သဒ္ဒါနည်းကျယ်ကျယ်၊ သမ္ဗန်ခြောက်သွယ်တို့နှင့်တကွ ချပို့သင်ကြားပေးတော်မူလေ့ရှိကြသော သာသနာ့တက္ကသိုလ်၊ ပညာတက္ကသိုလ်တို့၏ တည်ရာမိုရာ မန္တလေးရွှေမြို့တော်ကြီးဆီမှ မြည်ဟည်းထွက်ပေါ်နေကျဂန္ထဝါစက ဓမ္မစည်သံကြီးများကိုလည်း ကြားနေကျဖြစ်၏။

# သဒ္ဒါဆိုက ဒိုးလိုမြွေသည့် လယ်တီတိုက်

ပုရိသော၊ ပုရိသာ၊ ဘောပုရိသ၊ ဘောပုရိသာ၊ ဘဝန္တော ပုရိသာဇာစရှိသော အထက်အညာ မုံရွာမြို့တစ်ဝိုက် လယ်တီတိုက်ကြီးတို့ဆီမှ သဒ္ဒါဆိုက အရေကျူးသောက်နိုင်လောက်သည့် နည်းလမ်းတို့ဖြင့် အဆန်းတကြယ်လွယ်လွယ်နှင့် ရှင်းရှင်း ဘွင်းဘွင်းကြီး သင်အံချပို့ ရွတ်ဆိုလေ့ရှိကြသော လယ်တီနည်းခေါ် ရူပသိဒ္ဓိကျမ်းချစို့သံ၊ ပဒမာလာဂိုဏ်းပြေးသံများကိုလည်း ကြားခဲ့ရပေ၏။

# ဘုန်းကြီးတက္ကသိုလ် ပခုက္ကူဆီမှလည်း

အာဝုသောအာနန္ဒ၊ ငါ့ရှင် အနန္ဒာ။ ဣဒံ သုတ္တံ၊ ဤဗြဟ္မဇာလသုတ်တော်ကို အစချီသော သုတ္တန် ပိဋကတ်ပါဠိတော် ချပို့သင်အံရွတ်ဆိုသံကိုလည်းကောင်း။ အလတ္ထခေါ် အာနန္ဒ (လ) ပဗ္ဗဇ္ဇံ အလတ္ထံ ဥပသမ္ပဒန္တိဟူသည်ကား-ပဗ္ဗဇ္ဇိတွာ၊ ရဟန်းပြုပြီး၍။ ကိံ၊ အဘယ်အမှုကို။ အာကာသိပြု လေသနည်း အစချီသော သုတ္တန်အဋ္ဌကထာသံ၊ တတ္ထ တသ္မိံ ဝစနေ၊ ထိုစကား၌ရပ်၌။ အနုတ္တာနပဒတ္ထော၊ မပေါ်လွင် မထင်ရှားသော ပုဒ်တို့၏ အနက်ကို။ ဇဝံ ဣမိနာ ဝုစ္စမာန နယေန၊ ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏ - အစချီသော ဋီကာသံများကိုလည်းကောင်း။

တေန ခေါ၊ ပနသမယေန၊ ထိုအခါ၌။ ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည် အစချီသော ဝိနည်းပါဠိတော်သံ၊ ဘိက္ခဝေ၊ ရဟန်းတို့။ သုခဿ၊ ချမ်းသာခြင်း၏။ အာဟာရာ၊ အကြောင်းဖြစ်ကုန်သော။ သောဝဂ္ဂိကာ၊ ကောင်းသောအဖို့ရှိကုန်သော။ သုခဝိပါကာ၊ ကောင်းသောအကျိုးရှိကုန်သော။ သဂ္ဂသံဝတ္တနိကာ၊ နတ်ပြည်သို့လားတတ်ကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေပုညာဘိသန္ဒာ၊ ဤကုသိုလ်အပေါင်း ကောင်းမှုအစုတို့သည်လည်း။ ဣဋ္ဌာယ၊ ပြည့်စုံခြင်းငှာ။ ကန္တာယ၊ နှစ်လိုခြင်းငှာ အစရှိသော အဘိဓမ္မာ ပါဠိတော်သံများကိုလည်းကောင်း။

ဤသို့ နိကာယ်ငါးရပ် ပိဋကတ်စာပေသံတို့ဖြင့် တစ်ရံမစဲ တော်လဲပဲ့တင်ခြိမ့်ခြိမ့်သွင်သို့ စာသင်, စာချ, စာပြ, စာဆို ထိုထိုသော ရဟန်းအပေါင်း ရာထောင်သောင်းတို့၏ စာဝါမှီခိုရာ ဘုန်းကြီးတက္ကသိုလ်အစစ် ဖြစ်ကြီးဖြစ်ကြပေသော ပခုက္ကူစာသင်တိုက်ကြီးများဆီမှ ပေါ်ထွက်နေကြသော မြတ်ဓမ္မ ကွန်သံတို့ကိုလည်း ကြားခဲ့ရပေပြီ၊ ယခုအခါ ထိုထိုအသံတို့ကို မကြားရကြာလေပြီ၊ လေးနှစ် ရာသီသို့ ရောက်ခဲ့လေပြီ။ နှောင်းဖြစ်ဟောင်းများကို ဟွေးမိတိုင်းလွမ်းစရာဖြစ်၏။ လွမ်းစရာမှ ဝမ်းနည်းစရာကြီးကဲ့သို့ပင် ဖြစ်နေရတော့သည်။ သို့သော် လွန်ပြီးအချိန်ကို ပြန်ယူ၍မရ၊ လွမ်း၍ဝမ်းနည်းနေခြင်းဖြင့် အကျိုးမရှိ၊ ယနေ့ကစ၍ ရှေးလုပ်ငန်းများကို ပြန်လည်ကောက်ကြစို့။ ကျန်သောကျောင်းကန်၌နေ၊ ရှိရာစား ဖြစ်သမျှနှင့် သည်းခံခါ မြတ်သောပရိယတ္တိလုပ်ငန်းကြီးကို ရှေးနည်းအတိုင်း ဆက်လက်ကြိုးစားသွားကြစို့ စသည်ဖြင့် တိုက်တွန်းရေးသားလိုက်သော ဆောင်းပါးဖြစ်၏၊ ရဟန်းသံဃာတော်များက နှစ်သက်ကြလေသည်။

# သံဝေဂထဲမှ သံဝေဂ

၁၃၀၈-ခုနှစ်၊ နယုန်လဆုတ် (၉)ရက်။ အစိုးမရသော ခန္ဓာကိုယ်ဟူသော တရားစကားကို ကြိုးရင့်လာမှပို၍ နားလည်တတ်ကြ၏၊ ယနေ့နံနက်စောစောကပင် ဖျားလေရာ မျက်နှာသစ်ပြီးလျှင် အိပ်ရာပြန်ဝင်နေရ၏၊ ဆွမ်းစားကျောင်းဆင်း၍ ဆွမ်းစားမလာသောကြောင့် ဦးပဉ္စင်းများ ဆွမ်းလာပို့ကြ ပြုစုကြရှာသည်။ ဦးပဉ္စင်းကြီးက အထူးပြုစုရှာ၏၊ ယခုနှစ်မှာ သံဝေဂမြင်၍ စိတ်ပြောင်းထားပြီးဖြစ်နေရာတွင် ဤသို့ဖျားနာ၍ ဗျာဓိဒုက္ခဖောက်ပြန်လာသောအခါ သေခြင်းတရားကို အထူးဆင်ခြင်အောက်မေ့ နေတော့သည်။ လူဒကာများလည်း ဝဉ္စ်သူမျှ မလာစေလိုပေ။

# ကိုထွန်းစိန် ကျင့်စက်ဒဏ်

ယင်းသို့ သံဝေဂဝင်၍ အိပ်ရာ၌ဖျားနေစဉ် ၁၂-ရက်နေ့ ညနေ (၄)နာရီအချိန်က ဦးဘိုးရှင်၏ သားမက် ကိုထွန်းစိန် ကွယ်လွန်ကြောင်းကြားရ၏၊ ရောဂါမှာ စစ်ကြီးအချိန်က ဂျပန်တို့ ကျင့်စက်နှင့်အတို့ခံထားရသော ဘယ်ဘက်လက်ထိပ်မှစ၍ ဒဏ်ပြန်ပေါ်လာသောကြောင့် တစ်ကိုယ်လုံး ကျင်ဓာတ်လိုက်ခါ သေလွန်ရသည်ဆို၏၊ သတ္တဝါတို့ကံ သေရန်အကြောင်းဖန်လာတတ်သော ခုခေတ်ဆန်းပြားပုံကို ဆင်ခြင်မိကာ အထူးသံဝေယူမိပြန်ပေ၏။

## ခန္ဓာဟောင်းစွန့်၍ သွားကြသူတွေ

ဝါဆိုလဆန်း (၂)ရက်နေ့တိုင် ရောက်သောအခါ အတော်အသင့် နေထိုင်ကောင်းလာ၍ မလွဲသာသော အသုဘတစ်ခုသို့ လိုက်သွားရာ သုသာန်၌အသုဘတွေ များစွာတွေ့ရ၏၊ ထိုအသုဘများစွာတို့တွင် ၄၉-ရက် အဓိဋ္ဌာန်ယူ၍ သက်သတ်လွတ်စားနေသော ဂိလာနကိုယ်တော်ကြီးတစ်ပါးမှာ (၂)ရက်အလိုတွင် ပျံလွန်တော်မူသွား၍ သင်္ဂြိုဟ်နေသည်လည်းပါဝင်လေရာ သံဝေဂယူတတ်လျှင် သံဝေဂယူ၍ မဆုံးနိုင်စရာဖြစ်နေ၏၊ ရန်ကုန်ဂျင်မခါနာဆေးရုံကြီး၌ နေ့စဉ်ဖွားမြင်၍ လူ့ဘဝသို့ ဝင်ရောက်ကြသူတို့ မည်မျှရှိမည်မသိရသော်လည်း ကြံတောသုသာန်ကြီးသို့ နေ့စဉ်ပို့လာကြသော အသုဘတို့ကား တစ်ခါတစ်ရံ ထပ်လွှန်းများစွာထပ်နေသည်ကို တွေ့နိုင်၏၊ မတည်မြဲသောဘဝတွေ ယာယီသာလာနေကြသောကြောင့် မတည်မြဲသောခန္ဓာဟောင်းကိုစွန့်ခွာ ခန္ဓာသစ်ဘဝသစ်သို့ကူးပြောင်းနေကြသည်မှာ အစီအစဉ်မပြတ် ရပ်တန့်သည် မရှိကြပေတကား။

## အာဂန္တုလုပ်ရင်း ပျံလွန်သူ ဦးအာစရ

တပ်တွင်းကျောင်းသို့ အာဂန္တုအဖြစ် လာရောက်တည်းခိုနေသော ဒလပိုင် ထော်အောက်ရွာမှ ဘုန်းကြီး ဦးအာစရကြီးသည် ခေတ္တအာဂန္တုအဖြစ်နေစဉ် (၅)ရက်တက်ဖျားကျဖျားဖြစ်ပြီး ဝါဆိုလဆန်း (၄)ရက်နေ့ နံနက်စောစောက ပျံလွန်သွားကြောင်း ကြားစာရ၍ သိရပြန်၏၊ သေခြင်းတရားဟူသည် ခရီးသွားရင်း အာဂန္တုလုပ်ရင်းဟူ၍လည်း ဆိုင်းနေလို့မရပေ၊ သူ့အလှည့်သာမြင်ကြရ၏၊ ကိုယ့်အလှည့်ကား မည်သို့ဖန်မည်ကို သတိမြဲမြဲထားနေရန်သာ လိုပေသည်။

## စာချတန်းဖြေ မိတ်ဆွေများ

၁၃၀၈-ခုနှစ်၊ ဝါဆိုလဆန်း ၁၂-ရက်။ ရဟန်းသာမဏေတို့အတွက် စာမေးပွဲများသည် ပြောင်းလွဲ၍ တိုးချဲ့လာကြရာ စာချတန်းဟူ၍ ထွက်လာကြပြန်သည်။ မိမိတို့ စာသင်သား ခေတ်တုန်းက ပထမငယ်၊ ပထမလတ်၊ ပထမကြီးဟူ၍သာ (၃)ဆင့်ထားကြ၏၊ ပထမကြီးထဲက တစ်နှစ်တစ်ပါးကျ ပထမကျော်ဟူ၍သာ ပေးလေ့ရှိသည်။

နောင်ခေတ်တွင် ဆရာတော်တန်းဟူ၍ပင် တိုးချဲ့ကြလေဦးမည်လော မသိဟု ထင်စရာရှိ၏။

ယနေ့ ရေနံချောင်းမှ ဦးပညာနှင့် ရွှေတောင်ကျောင်း ဦးဓမ္မပါလ၊ ဦးပဏ္ဍိတတို့ပါ (၄)ပါးကြွရောက်လာကြ၏၊ မန္တလေးမှ စာချတန်းဖြေဆိုပြီး တမင်လာလည်ကြသည်ဆို၏၊ ဆွမ်းစသည် ကောင်းစွာပြုစုညှော်ခံလိုက်၏၊ အနောက်ပြင် ခင်မကန်တိုက်၌ ကျင်းပသည့် ယခုနှစ် စာချတန်းလက်မှတ်ထိုးသူ ၂၄၂-ပါးရှိ၍ ဖြေဆိုသူ ၁၅၃-ရှိကြောင်း၊ ပဏ္ဏာသမေးပုံ စည်းကမ်းမကျ၊ သရုပ်ကောက်ခိုင်း၍ စကားများကြကြောင်း၊ သံယုတ်မေးခွန်း ထုတ်ဆင်ပုံ အကောင်းဆုံးဖြစ်ကြောင်း ပြောသွားကြ၏၊ စာပေဝါသနာပါကြ၊ ကြိုးစားကြသည်ကို ချီးမွမ်းစရာပင်၊ နောင်သောအခါ ဦးဓမ္မပါလနှင့် ဦးပဏ္ဍိတတို့နှစ်ပါး သာသနာပြုတွင် ပါဝင်ကြရှာသေး၏။

## သံဝေဂကြောင့် အထူးဆုတောင်း

ဝါဆိုလပြည့်နေ့၊ ညနေ ဥပုသ်စောင့်သူများလှရာ ကုလားများပင် ပါဝင်ကြသည်။ ဒကာမကြီးတစ်ဦးက ဥပုသ်သည်များကို စွန်ပလွန်ယိုအဝကျွေးသည်မြင်၍ ဝမ်းမြောက်မိသည်။ နေ့ဆွမ်းပြီးလျှင် ကျောင်းသား မောင်သန်းအောင်နှင့် ရွှေတိဂုံဘုရားကြီးသွား၍ အရှေ့မုခ်အာရုံခံတွင်းမှ အားရစွာဖူးခဲ့ရာ (၂)နာရီခန့်ကြာမည်ထင်၏၊ တပည့် ဦးပဍ္ဍင်းကြီး တစ်ပါးကြောင့် စိတ်မကြည်သကဲ့သို့ရှိ၍ အထူးသံဝေဂမြင်ကာ ဖယောင်းတိုင်မီးပူဇော်လျက် သံဝေရရနှင့် ပရိတ်ရွတ်ဆုတောင်းနေမိသည်မှာ ကြာသွားသောအချိန်ကိုပင် မည်မျှမသိ၊ သူတစ်ပါးထွန်းညှိပူဇော်ထားကြရာမှ မီးမစွဲဘဲရှိသော ဖယောင်းတိုင်များကိုလည်း ဆရာတပည့်စိတ်ရှည်စွာနှင့် ကောက်ယူထွန်းညှိပူဇော်ခဲ့ကြသည်။ သူတစ်ပါး မလုပ်နိုင်ရာကို မိမိဆောင်ရွက်က လွယ်ကူစွာ အောင်မြင်ပါစေ၊ စိတ်သဘောမတူသူတို့နှင့် မည်သည့်အခါမှ အတူမနေရစေသားဟူ၍လည်း ဆုတောင်းခဲ့၏၊ ချမ်းသာမှုအစစ်သည် စိတ်ကြည်လင်ခြင်းဖြစ်၏။

## အရှင် ဥပါလိကဲ့သို့ နေကြရန်

ဝါဆိုလဆုတ် (၁)ရက်နေ့၌ ဝါဆိုကြရာ အညာမှဦးအာစိဏ္ဏ၊ ဦးနာရဒတို့ပါ ရဟန်း (၄)ပါးနှင့် သာမဏေ (၂)ပါးဖြစ်၏၊ ညအခါ ဝါဆိုပြီးလျှင် ဝိနည်းမဟာဝါ ကော

သမ္မာကျွန်ကြွလာသော အရှေ့ဝါးတော၌ ဝါဆိုတော်မူကြသည့် အရှင်ဥပါလိ၊ အရှင်နန္ဒိယ၊ ရှင်ကိမိလ မထေရ် (၃)ပါးတို့ကဲသို့ စိတ်တူကိုယ်မျှ ချမ်းမြေ့စွာ သီတင်းသုံးကြပုံကို ပြောပြပြီး ချမ်းသာစွာနေနိုင်ကြရန် ဆုံးမစကားညွှန်ကြားရသည်။ ထိုဝါတွင်းမှာ အထူးပင် ချမ်းသာခြင်း ရှိပေသည်။ နောက်နေ့များတွင် ရွာမဆရာတော်ကြီးသို့ ကိုရင် ဦးပဉ္စင်းများနှင့် သွားရောက်ကန်တော့လိုက်ကြသည်။ စိတ်ချမ်းသာရေးကိုသာ ရှေးရှု နေသွားရန် နှလုံးသွင်းထား၏။

# စာဝါများနှင့် ဝါတွင်းအလုပ်

လဆုတ် (၅)ရက်နေ့သည် ကြာသပတေးနေ့ဖြစ်၍ ဝါတွင်းလုပ်ငန်းဖြစ်သော စာဝါအားလုံး စတင်ချပို့ပေးရာ သဒ္ဒါ၊ ဝိနည်း၊ အဘိဓမ္မာနှင့် ကိုရင်စာဝါများအပြင် အလင်္ကာစာဝါနှင့် စာစီစာကုံး ရေးစပ်နည်းပါသင်ပေးရ၏၊ အခြားကျောင်းမှ ဦးပဉ္စင်းများလည်း လာရောက် စာဝါလိုက်ကြသည်။

# သံဃာ့လွှတ်တော်

၁၃၀၈-ခုနှစ်၊ ဝါဆိုလဆုတ် (၈)ရက်။ ယနေ့ကောင်းစွာ နေထိုင်မကောင်းရာ လူများနှင့် စကားပြောရမည်ကိုကြောက်၍ အခန်းတွင်း ကုလားထိုင်၌ ဝင်ထိုင်နေလိုက်၏၊ သို့သော် ဥပုသ်သီလပေး၍ ထုံးစံအတိုင်း တရားနည်းနည်းဟောပေးရသေး၏၊ သတ္တဝါတို့၏ သေခြင်းတရားသည် နီးစွာသောအကြောင်းရှိသည်။ သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ကြောင့် သေကြသည်။ သေတယ်ဆိုတာ (ထွက်သက်, ဝင်သက်, ဝိညာဉ် သတိ, ဥသ္မာတေဇော ခေါ်သော ကိုယ်ငွေ့) ဤသုံးမျိုးကင်းပြတ်လျှင် သတ္တဝါသေတော့သည်။ (၃)မျိုးတွင် တစ်မျိုးမျိုးကျန်နေသေးက မသေသေးဟုဆိုရမည်စသော သေခြင်းလက္ခဏာခြင်းရာနှင့် မေတ္တာအကျိုး ၁၁-မျိုးကို ဆက်လက်ပြောဟောခဲ့သည်။

နေ့ပိုင်း ရွှေတိဂုံဘုရားကြီး သွားဖူးကြရာတွင် ရာဟုထောင့်တန်ဆောင်းကြီး၌ သရက်တောတိုက် မြို့မိဆရာတော်က သဘာပတိအဖြစ် ဆောင်ရွက်၍ သံဃာတော်များစွာ စည်းဝေးနေကြစဉ်တွေ့ရ၏၊ လက်ရှိအစိုးရ၏ သံဃာ့လွှတ်တော်ခေါ်ရေး၊ ရဟန်းသံဃာများက မဲဆန္ဒပေးရေးမပေးရေးမှာ စင်စစ်ရဟန်းသံဃာများ၏ အလုပ်မဟုတ်၊ လူ့အလုပ်သာဖြစ်သည်။ ရဟန်းတို့အလုပ်မှာ ဂန္ထဓုရဝိပဿနာဓုရ (၂)ပါးသာဖြစ်သည်။

ထို့ကြောင့် သံဃာတော်များနှင့်မဆိုင်၍ ဘာမှမစဉ်းစားကြကြောင်း အများသဘောဘူ ဆုံးဖြတ်၍ မစဉ်းစားကြကြောင်း ကြေညာလိုက်ကြတော့သည်။

## တရားနှင့်သာ ဘဝကူးပါစေ

ဝါဆိုလဆုတ် (၉)ရက်နေ့မှာ မနေ့ညက အိပ်ရာမှထချောင်းဆိုးရာ လည်မျို၌ ပိတ်ပြီး အသက်ရှူ၍မရတော့ဘဲ ပျားရည်သည်းသောသူကဲ့သို့ သေဖို့ရာ နည်းနည်း ကလေးသာလိုတော့သည်။ စိတ်က သတိကောင်း၏၊ ကိုယ်က ထနိုင်ထိုင်နိုင်၏၊ ထွက်သက်, ဝင်သက် ပြတ်နေသောကြောင့် ပင်ပန်းကြီးစွာနှင့် ဘာလုပ်ရမည်မသိနိုင် လျက်ဆားမျို ချလိုက်မှ ကျသွား၍ သက်သာခွင့်ရ၏၊ ထို့ကြောင့် ယနေ့လူမမာကဲ့သို့ ရှိနေသည်။

အသက်ရှူ၍ရသောအခါ အထူးသတိသံဝေယူပြီး အိပ်ရာပေါ်ထိုင် ပုတီးစိပ်၍ ဆုတောင်းမိသည်။ "ငါသည် တရားနှလုံးသွင်းခွင့်မရလောက်အောင် ရုတ်တရက်ဖြင့် သေရခြင်းနှင့် ပင်ပန်းကြီးစွာ ခံစားရသောဝေဒနာဖြင့် မသေရပါစေနှင့်၊ နိဗ္ဗာန်ရသည့် ဘဝတိုင်ရော သတိမလစ်ဘဲ သက်သောင့်သက်သာဖြင့်သာ တရားနှလုံးသွင်းပြီးမှ ဘဝကူး ပါရစေ"ဟု ဆုတောင်းလိုက်၏။

## ဘုံဘဝနှင့် ဒုက္ခဝေဒနာ

သံသရာကျင်လည်ရာတွင် အနာဂါမ် ရဟန္တာတို့သာ သွားရောက်နိုင်သော သုဒ္ဓါ ဝါသ (၅)ဘုံတို့သို့ မရောက်ကြသော်လည်း မစံစားကြရဖူးသော ဒုက္ခဝေဒနာဟူ၍ကား ရှိမည်မထင်၊ မိမိမှာ ဤအဖြစ်မျိုးကို တစ်ခါမှမကြုံဖူးချေ၊ လွန်ခဲ့သော (၆)ရက် (၇)ရက် ခန့်မှစတင်ဖြစ်ခဲ့ရာ နေညမရွေးပေါ်ချင်သောအခါ တစ်နေ့တစ်ကြိမ်လောက် ဖြစ်ပေါ် လာတတ်၏၊ ချောင်းခြောက်ဆိုးနည်းလည်းမဟုတ်၊ ချောင်းတစ်ချက်ဆိုးလိုက်လျှင် လည်မျို၌ ပိတ်ဆို့လျက် အသက်ရှူမရတော့ပေ၊ ကြိုးစားရှူရှိုက်ကြည့်ရာ ချွေးများကျလာ၏၊ ရှူရှိုက်၍မရ၊ သတ္တဝါတို့အသက်သည် ထွက်သက်ဝင်သက်သာဖြစ်ကြောင်းကို ကောင်းစွာ ပိုင်ပိုင် သိရပေတော့သည်။ စင်စစ်မှာ ဒူလာပါဒရက် ခြေအေးရောဂါရှိနေရာတွင် ကျောင်းပတ်ဝန်းကျင်တို့၌ ရေတွေအမြဲစိမ့်နေသောကြောင့် အအေးပတ်ခြင်း၊ မိုးလေဥတု ဒဏ်ကြောင့် ကိုယ်အောက်ပိုင်းအေးပြီး အထက်ပိုင်းသလိပ်ဆန်များနေခြင်း ဖြစ်ဟန် တူသည်။

## ပေးရှာကြသည့် ဆေးနည်းတွေ

ယနေ့ ရွာမဆရာတော်ကြီးကျောင်းသို့ နေ့ဆွမ်းပင့်၍ သွားရာတွင် ချောင်းဆိုး ရောဂါပျောက်ကြောင်း ဆေးနည်းကောင်းများစွာကို မိတ်ဆွေများက ပြောပြလိုက်ကြ၏၊

ဦးကုသလက ကင်းမွန်းရွက် (၃)ခွက် တစ်ခွက်တင်ကျို၊ ထန်းလျက်ခတ်၍သောက်ပါတဲ့၊ ဦးသုမနက ချင်းကိုထုပြီး သိန္ဓောနှင့်တေစားပါတဲ့၊ ဘုန်းကြီးဦးကောဝိဒက ရှောက်သီးကို ထန်းလျက်နှင့်နယ်စား၊ အစာနှင့်ဝေးချိန် ညနေ ၃-နာရီခန့်စားပါ၊ သလိပ်ကျေ ရင်ချောင်မည်ဟု ပြော၏၊ ဆရာတော်ကြီးက နွယ်ချိုနှင့် သစ်ကျပိုးခေါက်ကို နည်းနည်းစီငုံပါ၊ သလိပ်ကျေသည်။ သူ့လပဲ ငုံနေကြောင်း အမိန့်ရှိလိုက်၏။ ထိုနည်းများတွင် ဦးကောဝိဒ၏နည်းကို စတင်စမ်းစားရာ ယနေ့ညကောင်းစွာ အိပ်ရပေသည်။

# အကယ်၍ သေရသော်

ဆေးစားနေလျက်ပင် ၁၀-ရက်နေ့ ည ၁၂-နာရီအချိန်တစ်ခါ၊ လင်းခါနီး (၅)နာရီခန့်တစ်ခါ ဆိုးရာ အသက်ပါ ပါလောက်နီးနီးဖြစ်၏၊ ဦးပဥ္စင်း, ကိုရင်များပင် လန့်ကြသည်။ ၁၁-ရက်နေ့မှာ တစ်နေကုန်နေမကောင်း၍ စကားပင်မပြောချင်၊ ဝတ်မပျက်စေလို၍ စာဝါများကိုတော့ ချမြချပေးလိုက်၏၊ ဆေးများကိုလည်း စားလျက်နေ၏ သို့ရာတွင် ယနေ့ညမှာ မိမိကိုယ်ကို သေရမည်၊ ရှင်ရမည်မသိနိုင်ဟု စိတ်မချရ၍ တံခါးမပိတ်ဘဲ စေ့ရုံသာစေ့ထားလိုက်သည်။ မတော်တဆ ကွယ်လွန်ခဲ့လျှင် တပည့်များကျောင်းတွင်းသို့ အလွယ်ဝင်နိုင်ရန်ဖြစ်သည်။

ယနေ့ညအတွက် အထူးစိတ်မချ၊ သေရမည့်အချိန်ကိုသာ စောင့်နေရသကဲ့သို့ ဘင်ရ၍ ခေမ္မစကြာကို ညင်သာစွာရွတ်လျက် ဂုဏ်တော်ပုတီးစိပ်ဆုတောင်းရင်း အမြဲသတိထားနေ၏၊ အကယ်၍ ယနေ့ညသေရလျှင် သေခါနီးတွင် နှစ်သက်ရာတရားတစ်ခုခု စွဲမြဲစွာယူပြီးမှ ဘဝကူးသွားနိုင်ရန်ကိုလည်း ကြိုတင်၍ သတိအာရုံမပြတ်စေဘဲ အာရုံယူထား၏၊ အာရုံ၌ သတိမလွတ်စေပြီးမှ အိပ်ရာဝင်လိုက်သည်။ မကောင်းကျိုးပေးမည့် နောင်တမလွန်သံသရာဟူ၍လည်း ဘာမျှမရှိ သံယောဇဉ်များကိုလည်း အားလုံးခွာထားပြီး ဖြစ်၏၊ သေမည်ဆိုက အားလုံးအဆင်သင့်ပြင်ဆင်ပြီးဖြစ်နေ၏၊ သို့ရာတွင် ၁၀-နာရီခန့် တစ်ခါသာဆိုး၏၊ လေမဆန်၍ သက်သာသည်။ ဦးအာစိဏ္ဏဖော်ပေးထားသော ဆေးကိုလည်း ဂရုပြုစား၏။

# ဆရာတော်ကြီးမေတ္တာ သေချိန်မရောက်သေး

ဝါခေါင်လဆန်း (၁)ရက်နေ့တွင် ရွာမတောင်ပိုင်းမှ ဆေးဆရာကိုထွန်းမောင်ဆိုသူ ရောက်လာ၏၊ ရောဂါခြင်းရာမေးမြန်းပြီး သူကိုယ်တိုင် ဖော်စပ်ချက်လုပ်သော ပရုပ်ဆီရည်

ပုလင်းနှင့် ဆေး (၃-၄)မျိုးလှူသွား၏၊ ဓာတ်ပြာလည်း လှူသွားသေးသည်။ ရွာမဆရာတော်ကြီးက လွှတ်လိုက်၍ လာပါကြောင်း လျှောက်သွားရာ ဆရာတော်ကြီး၏ အထူးမေတ္တာထား၍ ဂရုစိုက်ရာပုံကို အားရကျေးဇူးတင်လှသည်။ ထိုဆေးများမှီဝဲပြီး သက်သာလာသည်ဟု ထင်၏။

ထိုသည့်နောက်တွင် အချို့ရက်၌ ပျောက်ကင်း၍ အချို့ရက်၌ပေါ်လာသေး၏၊ ဝါခေါင်လပြည့်ကျော်သွားသောအခါ ဥတုရာသီပြောင်းသွားသောကြောင့်လည်းကောင်း၊ ဆေးမျိုးစုံမှီဝဲရသောကြောင့်လည်းကောင်းဖြစ်မည်၊ လုံးဝပျောက်သွားလေသည်။ ယနေ့ ဤစာရေးနေသောအချိန် (အာသံနယ်ခြား တောင်ကြီး၌နေစဉ် ၁၃၂၂၊ သီတင်းကျွတ်လ) တိုင် ထိုချောင်းဆိုးရောဂါမျိုး မခံစားရတော့ပေ၊ ငါသေချိန် မရောက်သေးဘူးဟူ၍ သိရပေသည်။ သို့ရာတွင် သေချင်လျှင်အလွယ်သာ၊ ဘယ်အခါမှ သေရမည့်အရေးကို မေ့မနေအပ်ဟူသကဲ့သို့ သတိပေးခြင်းပဲဟု ယူဆထားရပေသည်။

# ဘုန်းကြီးနှင့် မဲဆန္ဒ

၁၃၀၈-ခုနှစ်၊ ဝါဆိုလဆုတ် ၁၃-ရက်။ ထိုအချိန်ဆီက မြန်မာပြည်တွင် မကြုံဖူးသေးသော ဗုဒ္ဓဘာသာရဟန်းတော်များ မဲဆန္ဒပေးရေးကိစ္စကို အရေးတကြီး ပြောဆိုဝေဖန်နေကြသော အခါဖြစ်၏၊ မဲပေးခွင့်သည် မဲခံခွင့်နှင့် တစ်မျိုးတည်းဖြစ်၍ ဘုန်းကြီးအမတ်တွေ ထွက်ပေါ်လာတော့မည်ဟု အတည်ပေါက်တစ်မျိုး၊ ပျက်ရယ်တစ်ဖုံ စကားစုံပြောလျက်ရှိကြသည်။

ယနေ့ နေသာ၍ ကျန်းမာရေးလည်းကောင်းသောကြောင့် မိမိကျောင်းမှ သံဃာကုန် သမိုင်းမြို့မကျောင်းသို့ ဆွမ်းစားသွားကြ၏၊ လွန်ခဲ့သော (၄)နှစ်ကာလက ပျံလွန်တော်မူပြီးသော ဆရာတော်ဦးညေယျ၏ နှစ်ပတ်လည်ဆွမ်းကျွေးပွဲဖြစ်ရာ သံဃာတော်များစွာ ပင့်လေသည်။ သံဃာတော်များရှေ့တွင် ပန်းကန်စက်ဦးသော်က ရဟန်းတော်များက မဲဆန္ဒပေးရေးကိစ္စကို ဘယ်လိုသဘောထားပါသလဲဟု ရွာမဆရာတော်ကြီးနှင့် ပါဠိဆရာတော်ကြီးတို့ နှစ်ပါးကိုလျှောက်ရာ ရွာမဆရာတော်ကြီးက "ကားစီးကြရာမှာ နောက်ကတွဲလဲကိုင်လိုက်လျှင် စပယ်ယာနေရာဖြစ်၍ စပယ်ရာဆရာကျမှာပဲ၊ ရဟန်းဟာ ရဟန်းနေရာမနေဘဲ လူတွေတုပြီး လူတွေလုပ်ရာ လိုက်လုပ်နေလျှင် ရဟန်းမဟုတ်တော့ဘဲ ဖြစ်သွားကြမှာပဲ၊ အင်္ဂလိပ်ဟာ ပေါက်ဆိန်ပဲမဟုတ်လား၊ ပေါက်ဆိန်တို့မည်သည် ဘယ်အခါမှစေ့စပ်ရိုးမရှိဘူး၊ ခွဲဖို့သာတာဝန်ရှိတယ်"ဟု မိန့်လေရာ ဆရာတော်အမိန့်ရှိသမျှ အမှန်ချည်းပဲဟု ဦးသော်ကလျှောက်သွား၏။

# သမိုင်းဆိုတာ

ရာဇဝင်စကားစပ်၍ မိတ်ဆွေများနှင့် ပြောမိကြရာ သမိုင်းဆိုသည် ငမိုးရိပ်နှင့် မယ်ပွင့်တို့၏ ကျောက်စာတိုင်စိုက်ရာဖြစ်၍ သမိုင်းခေါ်ကြောင်း ဦးစန္ဒိမာကပြော၏၊ ဦးယောသိတကမူ (ဆားငန်)လို့ သမိုင်းခေါ်ကြောင်းပြောရာ ဆားငန်ရည်ရောက်ရာ ဌာနဟု ဆိုလိုလေသလား ထပ်မမေးခဲ့မိပေ။

# သေခါနီး အညာပြန်မည်ကြောသွားသူ

၁၃၀၈-ခုနှစ် ဝါခေါင်လဆန်း (၅)ရက်။ လူအချို့တို့သည် သေခါနီးအဲဆဲတွင် ရွေ့သွားရောက်ရမည့် ဘုံဘဝကို ပြောသွားနိုင်စွမ်းရှိကြသည်။ စင်စစ်မှာ သတိကောင်းခြင်းနှင့် သွားရမည့် ဂတိနိမိတ်ကို ကြိုတင်ထင်နေပြီးဖြစ်သောကြောင့် ပြောနိုင်သည်။ အချို့မှာ ယင်းသို့မဟုတ်ဘဲ စိတ်စွဲလမ်းမှုကြီးသောကြောင့်လည်း ပြောတတ်သူ ရှိပေသေး၏။

ကမာရွတ်ခြံထဲ၌နေ၍ လွန်ခဲ့သော (၅)ရက်ခန့်က ဘုန်းကြီး၏တူကလေး မောင်ချစ်ထွန်းကွယ်လွန်ခဲ့ရာ (၅)ရက်ထားပြီး ယနေ့သင်္ဂြိုဟ်လေရာ နေထိုင်မကောင်း၍ မလိုက်နိုင်ပေ၊ ၎င်းသည် အညာဂုံသားမွေးရွာမှ အောက်ပြည်လာရောက်အိမ်ထောင်ကျနေခဲ့ရာ နှစ်အတန်ကြာလေပြီး မကြာသေးမီကမှ ဖျားနာ၍ဆရာဝန်ဆိုသူတစ်ဦးခေါ်ဆေးထိုးကြရာ ဆေးထိုးပြီးလျှင် ချမ်းလှသည်ဟု တုန်တုန်ခိုက်ခိုက်ဖြစ်၍ တစ်နာရီခန့်အကြာတွင် အမောဆိုက်ပြီး ကွယ်လွန်သွားရှာလေသည်။ သေခါနီးဆဲဆဲတွင် ခေတ္တသတိရလာပြီး "ငါအညာပြန်တော့မယ်၊ ခွင့်ပြုပါကွယ်"ဟူ၍ သူ့ဇနီးကို ခွင့်တောင်းပြီးမှ ကွယ်လွန်သွားသည်ဆို၏။

မည်သည့်သတ္တဝါမဆို သေခါနီးဆဲဆဲတွင် ရှေ့လားရမည့် ဂတိနိမိတ်ရှေးရှုထင်လာစမြဲဖြစ်ရာ သူ့စိတ်အာရုံတွင် အညာပြန်ခရီးကို စွဲမှိုထင်နေဟန်ရှိသည်။ အောက်ပြည်လည်း ငြိုးငွေ့လှပြီဖြစ်၍ အညာသွားလိုစိတ်များနေလေရာ တစ်ခေါက်မှမပြန်ဖြစ်ရှာသော မိဘရပ်ထံသို့ ဘဝကူးခါမှ ပြန်သွားရသကဲ့သို့ရှိရှာသည်။ သွားရမည့်လမ်းကို ပြောသွားနိုင်ခြင်းသည် သတိကောင်းသူဖြစ်၍ ထူးသည်ဟုဆိုရပေမည်။

# ဝါတွင်းကာလ ခရီးသွားသောပုဂ္ဂိုလ်

ဝါခေါင်လဆန်း (၈)ရက်နေ့က အညာမုံရွာနယ်မှ ရန်ကုန်သို့ရောက်လာသော ကိုယ်တော်တစ်ပါးကိုတွေ့ရ၏၊ ငယ်ဖြူမဟုတ်၊ ကြီးမှရဟန်းပြုသူဖြစ်သည်။ နိုင်ငံရေးသမား

အချို့နှင့် တွေ့လိုကြောင်းကိုလည်း ပြောပြန်၏၊ အားနာရမည့်သူမဟုတ်၊ ပြောပိုင်ခွင့်လည်း ရှိသောကြောင့် ဝါတွင်းကာလကြီး ခရီးရှည်သွားခြင်းသည် အာပတ်သင့်ခြင်းထက် ဘုရားစကားနားမထောင်သူဟု လူရှင်ရဟန်းတို့ အထင်သေးမှုက ပိုဆိုးကြောင်း၊ ရဟန်း ဝတ်နှင့်နေလျှင် ရဟန်းဈေးမဖျက်သင့်ကြောင်း သတိပေးဆုံးမစကား ပြောလိုက်ရသေး သည်။

ဒေါက်တာဘမော် ဩဂုတ်လ (၅)ရက်နေ့က ဂျပန်မှရန်ကုန်သို့ ပြန်ရောက်လာရာ မင်္ဂလာဒုံလေဆိပ်တွင် လေယာဉ်မှဆင်းပြီးလျှင် ကောင်းကင်မော့ကြည့်၍ မြေကြီးကို နောက်ပြန် ဖနောင့်နှင့်ပေါက်ကြောင်း သတင်းစာ၌တွေ့ရ၏။

# ဆုတောင်းမမှားစေရ

၁၃၀၈-ခုနှစ်၊ ဝါခေါင်လပြည့်နေ့။ ဆုတောင်းဟူသောစကားကို ဘာသာအမျိုးမျိုး၌ ခေတ်စားလျက်ရှိရာ တောင်းသင့်သောဆုကိုသာ တောင်းရ၏၊ စနစ်ကျသော ဆုတောင်းခြင်းဖြစ်မှလည်းရ၏၊ တောင်းတိုင်းရသည် မဟုတ်ပေ၊ ယနေ့ဥပုသ်သည်များကို ဥပရိပဏ္ဏာသ၌လာသော ရသေ့ကြီးနှစ်ပါးထံ သူကြွယ်ကြီးနှစ်ဦးတို့ ဆုတောင်းတိုင်းရပုံကို ဟောလိုက်သည်။

ဘုရား, ပစ္စေက ဗုဒ္ဓါရဟန္တာတို့နှင့် ရသေ့ရဟန်းတို့ထံ လှူဒါန်းခြင်း၊ ရှိခိုးပူဇော် ခြင်းနှင့်တကွ ဆုတောင်းလျှင်ရ၏၊ ဒါန, သီလ, ဘာဝနာ တစ်ခုခုပြုလုပ်၍ ဆုတောင်းလျှင် ရသည်ချည်းပင်၊ သို့ရာတွင် နဂါးဂဠုန်စသော အဟိတ်တိရစ္ဆာန်ဘဝ စည်းစိမ်မျိုး၊ သံသရာ ဝဲ၌ ကြာရှည်လှည့်လည်နေတတ်သည့် အရာမျိုးကို ဆုတောင်းမမှားစေရ၊ ဘုရားပစ္စေက ဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက၊ ဤဆုကြီး (၅)မျိုးတွင်သာ ကြိုက်ရာဆု တစ်ခုခုကို မြဲမြံစွာဆုတောင်း၍ ပါရမီဖြည့်သင့်သည်။ စနစ်ကျသော ဆုတောင်းဆိုသည်မှာ သားသမီးတွေသတ်၍ နတ်ပြည်သွားမည်ကြံသော စန္ဒကုမာရ ဇာတ်တော်လာမင်းကြီးကဲ့သို့ နွားသတ်ပြီး နတ်ပြည်ရောက်ရန် ဆုတောင်းခြင်းမျိုးသည် စနစ်မကျ၍ ဘယ်အခါမှ ရလိမ့် မည်မဟုတ်၊ သံပရာပင်စိုက်ပြီး သရက်ချိုစားရန် လိုလား၍မရနိုင်သကဲ့သို့ဖြစ်၏။

# ကာလကတ္တားအဓိကရုဏ်း

ဝါခေါင်လဆုတ် -၁၁ရက်နေ့ထုတ် သတင်းစာများတွင် အိန္ဒိယပြည် ကာလကတ္တားမြို့၌ ဟိန္ဒူ-မူဆလင်နိုင်ငံရေးအကြောင်းပြုပြီး အဓိကရုဏ်းကြီးများ

ဖြစ်လေရာ တစ်မြို့လုံးချောက်ချားသွားကြောင်း၊ လူသေကောင်များနေရာအနှံ့ တွေ့ရကြောင်း၊ လူပေါင်း ၁၀၀၀၀-(တစ်သောင်း)ကျော်ဒဏ်ရာရ၍ ၁၅၀-ကျော် သေဆုံးကြောင်း တွေ့ရရာ လူလောကတွင် ရာဇဝင်ထူးတစ်ရပ်ပင်ဖြစ်၏၊ အဓိကရုဏ်း လေးမျိုးလုံး ဘာသာအဓိကရုဏ်းမှ မကောင်းချေ။

## အလိုက်အထိုက်မို့ ပြောခဲ့ရသည်

ဝါခေါင်လဆုတ် ၁၃-ရက်နေ့က ကမာရွတ်တပ်တွင်းကျောင်းသို့ ပျံလွန်တော်မူ ပြီးသော ဆရာတော်ကြီး ဦးကုသလ၏ (၆)နှစ်မြောက် နှစ်ပတ်လည်ဆွမ်းကျွေးပွဲတွင် ဦးကြဲတောက မိမိအား သာသနာရေးအသင်းအဖွဲ့တစ်ခု တည်ထောင်ရန် တိုက်တွန်း လေရာ စကားမဆန့်ကျင်စေလို၍ အလိုက်အထိုက်ပြောခဲ့ရ၏၊ စိတ်ထဲကမူ လိုလားချက် မရှိချေ အသင်းအဖွဲ့ဟူသည် အချင်းချင်းညီညွတ်မှ စိတ်ချမ်းသာ၍ ကျေးဇူးများမှ တန်ဖိုး ရှိလေသည်။

ယခုခေတ် ရန်ကုန်ကဲ့သို့ လူလည်ပေါသောရပ်ကွက်မျိုးတွင် အသင်းအဖွဲ့တစ်ခု နာမည်ထွက်လာလျှင် လူလည်လုပ်လိုသူတွေက ဝင်စွက်၍ဆားခတ်ကြ၊ ဩဇာပေးကြနှင့် သူတို့လိုရာဆွဲပုံ သွားတတ်ကြပုံများကို မကြခဏ ငြီးငွေ့ဖွယ်ရာကြားတတ်လေရာ စက်ဆုပ်မိသည်။ ယင်းသို့သော လူလည်တွေနှင့် မတွေ့ဆုံလို၊ လူတွင်ကျယ်လုပ်ချင် သူများ၏ ပြောဆိုပုံတွေ့ကိုလည်း မကြားချင်၊ ကိုယ်စွမ်းဆောင်ရာက ကိုယ်၏ဝီရိယအစွမ်း သတ္တိဖြင့်သာ ရှင်းရှင်းဆောင်ရွက်လို၏၊ တစ်ခါစိတ်ရှုပ်ရလျှင် ရှောင်ချင်စိတ်သာ ရှိတော့သည်။

## နှစ်သက်မိသော ဆွမ်းလှူပုံမျိုး

ဝါခေါင်လကွယ် ဥပုသ်နေ့က ဒါယကာကြီး ဦးဘိုးဆန်းသည် မိမိကျောင်းမှ သံဃာ (၅)ပါးကို သပိတ်ဆောင်ယူစေလျက် သူ့အိမ်ပင့်ပြီးလျှင် ဆွမ်းဟင်းအစုံထည့်လှူလိုက်၏၊ လိုရာကြွရောက်ဘုဉ်းပေးနိုင်သည်။ ထိုနည်းသည် မန္တလေးနည်းဖြစ်ရာ သံဃဖာသုဝိဟာရ ဖြစ်၍ နှစ်သက်လှသည်။ ဘုရားရှင်လက်ထက်တော်က နည်းလည်းဖြစ်သည်။ ရန်ကုန်မြို့ ထုံးစံမှာ အိမ်ပင့်ကပ်ကြသည်ကများ၏ မန္တလေးထုံးစံကသပိတ်၌ လောင်းလှူခြင်းကို အထူးလေးစားကြသည်။

# သာသနာပြုနည်း နားမလည်ကြ၍တဲ့

၁၃၀၈-ခုနှစ်၊ တော်သလင်းလဆန်း ၁၀-ရက်။ ယနေ့ထူးသော ငှင်စာတစ်စောင်ရ၏၊ ရွှေတိဂုံအလယ်ပစ္စယ် ဦးဘစိန်ဇရပ်၌ ဝါဆိုသောချပ်သင်းဦးကုဏ္ဍလ လာရောက်ပို့လာသော ရန်ကုန်မဟာသံဃာ့အဖွဲ့မှ ပန်းဆွဲဆရာတော် ဦးဝိလာသ၏ လက်ရေးနှင့်စာဖြစ်၏၊ စာတွင် "ချင်းတောင်စသော တောင်တန်းတို့၌ သာသနာပြုရန်အတွက် ဆွေးနွေးတိုင်ပင်လို၍ ကြွရောက်ချီးမြှင့်ပါ"ဟူ၍ဖြစ်ရာ "နေ့စဉ် ချပို့နေကျစာဝါများ အပျက်မခံနိုင်၍ သီတင်းနေ့မှ လာနိုင်မည်"ဟု မှာလိုက်၏။

အကြောင်းအရာကို ဦးကုဏ္ဍလက ပြောပြသည်မှာ လွန်ခဲ့သော နယုန်လဆန်းက ရွှေဂုံတိုင် ဘုရားကြီးတိုက်၌ ဆရာတော်ကြီး ၂၁-ပါး ပင့်ဖိတ်ကန်တော့ကြသည်ဆိုသော စည်းဝေးပွဲတွင် ပခုက္ကူမဟာဝိသုတာရာမတိုက် ဆရာတော်ကြီးဦးပညာက ချင်းတောင်တန်းတို့၌ သာသနာပြုရေးကို မမေ့သင့်ကြောင်း၊ ရန်ကုန်က ဦးတည်ကြိုးစားသင့်ကြောင်း အမိန့်ရှိသွားရာ ဆာဦးသွင်က စိတ်ဝင်စား၍ မဟာသံဃာ့အဖွဲ့တို့က "အရှင်ဘုရားတို့က သံဃာဘက်က ဆောင်ရွက်ကြပ၊ ပစ္စည်းလေးပါး ထောက်ပံ့ရေးကို တပည့်တော်များက တာဝန်ယူပါမည်"ဟု လျှောက်ထားကြောင်း၊ လုပ်ပါမည်ဟု လက်ခံလိုက်ကြသော်လည်း တောင်တန်းဆိုတာ ဘယ်ဆီမှန်းသိကြသူ အဖွဲ့ဝင်သံဃာထဲတွင် တစ်ပါးမှမရှိသောကြောင့် အခက်ကြုံနေကြ၏၊ သို့နှင့် ပေါ့ပျက်ပျက်နေခဲ့ကြရာက ချင်းတောင်တန်းမှ ဦးသောဘိတသည် ရန်ကုန်ရှင်အာဒိစ္စဝံသ ကျောင်းတိုက်သို့ရောက်လာပြီး တောင်တန်းနယ်သာသနာပြုရေး လုပ်ငန်းကြောင်းရာကို နှိုးဆော်ဟောပြော၍ သတင်းစာများက အကျယ်တဝင့်ဖော်ပြသည်ကို တွေ့ကြရသောကြောင့် ဦးသွင်ကလည်း ထပ်မံလျှောက်ပြန်သဖြင့် ထလုပ်ချင်စိတ် ဖြစ်လာကြသည်။

သို့ရာတွင် သာသနာဘယ်လိုပြုရမည်မသိ၊ ဘယ်တောင်ကိုဘယ်ဆီကသွား၍ ဘယ်သို့တက်ရမည်၊ ဘယ်သူတို့နှင့် ပေါင်းရမည်၊ ဘာကစရမည်မသိကြ၊ ကြက်ဥအစရှာမတွေ့သကဲ့သို့ ရှိနေကြသည်။ ကလေးများစာသင်ပေးရသည်ဟု ကြားဖူးသောကြောင့် ကျောက်တံ၊ ကျောက်သင်ပုန်း၊ သင်ပုန်းကြီး၊ စာအုပ်စသည်ကိုအလှူခံ၍ စုထားကြ၏၊ ဘာစလုပ်ရမည်မသိသောကြောင့် ယောင်ဝါးဝါးကြီး ဖြစ်နေကြသည်ကို မြင်ရသော ချပ်သင်း ဦးကုဏ္ဍလက "အရှင်ဘုရားတို့၊ ဒီလိုနှင့်မဖြစ်ဘူး၊ သာသနာပြုတယ်ဆိုတာ လွယ်ကူတဲ့ အလုပ်မဟုတ်ဘူး၊ တကယ်ကျွမ်းကျင်နားလည်သော သာသနာပြု ပုဂ္ဂိုလ်ဟောင်းကြီးတွေနှင့် တိုင်ပင်အကြံယူဖို့လိုတယ်၊ ပုသိမ် ဦးဝိမလသော် လည်းကောင်း၊ အရှင်

ဦးဥတ္တမသာရသော်လည်းကောင်း တစ်ပါးပါးကို အမှုအားကိုးရမှုဖြစ်မည်"ဟု အကြံပေးခါမှ "ဪ . . . ဟုတ်ပေတယ်"ဟု အားလုံးက ထောက်ခံကြသည်။ သို့သော် အဆိုပါ ပုဂ္ဂိုလ်နှစ်ပါးနှင့် သူတို့အဖွဲ့တွင် သိကျွမ်းရင်းနှီးသူမရှိ၊ ပုသိမ်ဦးဝိမလ ဘယ်ဆီဝါဆို၍ ဦးဥတ္တမသာရက ဘယ်အရပ်ရောက်နေကြောင်း မသိကြ၍ ခက်ရပြန်၏။

နောက်ဆုံးတွင် ပုသိမ်ဦးဝိမလကို ပုသိမ်သို့ စာပေးမေးမြန်း၍ ဦးဥတ္တမသာရ ရန်ကုန်ကမာရွတ်၌ ဝါဆိုနေကြောင်း ဦးကုဏ္ဍလက သတင်းရသဖြင့် သူရအောင်ပင့်ပေးမည်ဟု တာဝန်ခံပြီး ယခုလာခဲ့ရကြောင်း လျှောက်သွား၏၊ မိမိမှာ တောင်တန်းနယ်သာသနာပြုရမည်ဆိုလျှင် သူမတူအောင် အတိုင်းထက်အလွန် ဝမ်းမြောက်လေ့ရှိခဲ့သော်လည်း ယခုမဟာသံဃာ၏ ပင့်စာအရမှာ စိတ်မြူးဝမ်းနှီးခြင်း မရှိလှပေ၊ အကြောင်း ဘာကြောင့်လဲ မသိ၊

# ရုပ်သေးအိပ်မက် ဘာသဘောလဲ

တော်သလင်းလပြည့်နေ့ နံနက်လင်းအားကြီးအချိန်တွင် ထူးဆန်းသော အိပ်မက် တစ်ခုမြင်၏၊ ဗဟန်းမဟာသံဃာအဖွဲ့ တည်ရာသို့ ရောက်သောအခါ ဝေဠုဝန် ပန်းဆွဲ၊ ရတနာပုံ ဇာဂရစသော မဟာသံဃာ့အမှုဆောင်ပုဂ္ဂိုလ်တစ်စုတို့သည် ဆိုင်းသံတွေ ဆူညံလျက် အရုပ်ကလေးတွေ ကိုယ်စီဆွဲကိုင်ကာ ရုပ်သေးပြနေကြလေသည်။ မိမိလည်း အရုပ်တစ်ခု ဆွဲကိုင်ပြီး စီစဉ်ပေးရန် တိုက်တွန်းကြသဖြင့် အမှတ်မထားပင်တွေ့ရာ အရုပ်တစ်ခုကို ဆွဲကိုင်လိုက်မိသည်။ ထိုအခါ သူတို့အားလုံးသည် ရုပ်သေးစင်ပေါ် အရင်တွေကိုယ်စီဆွဲကိုင်ကာ အစုံထွက်နေပြီးကြပြီဖြစ်သည်။ နိုးလာသောအခါ ဘာသဘောလဲဟု အိပ်မက်ကိုဆင်ခြင်၏။

# သာသနာ ဘယ်လိုပြုရမလဲတဲ့

နေ့ ၁၂-နာရီကျော်အချိန်တွင် ယခင်နေ့က ဦးကုဏ္ဍလ၏ပင့်စာအရ ဗဟန်း တရုတ်ပိဋကတ်သို့ သွားလိုက်သည်။ မဟာသံဃာ့အဖွဲ့သည် အပေါ်ထပ်၌နေရာယူ၍ အောက်ထပ်၌ တရုတ်ဘုန်းကြီးများ ရှိကြသည်။ ပန်းဆွဲ ဦးဝိလာသနှင့် စတင်တွေ့ရ၏၊ ခေတ္တနေပြီးလျှင် ဗဟန်းဝေဠုဝန်သုံးထပ်ကျောင်း ဦးဝိမလ၊ အလယ်တောရ ဦးသူရိယကြီးနှင့် ရတနာပုံ ဦးဇာဂရတို့ရောက်လာကြ၍ စားပွဲဝိုင်း၌ထိုင်ကြပြီးလျှင် မိမိအား

"တောင်တန်းနယ်သာသနာပြုပုံပြနည်း ပြောပြပေးရန်၊ သူတို့သာသနာပြုလို၍ အရှင်ဘုရားကို အားကိုးအားထားပြုပါရစေ" စသည်ဖြင့် ပြောဆိုတောင်းပန်ကြသည်။ သိလိုရာမေးမြန်းကြ၏။

ရှေးအခါက မိမိဆောင်ရွက်ခဲ့ဖူးသမျှ အကြောင်းများကို ရှေးဦးစွာပြောပြ၍ မြန်မာပြည်ဘေးပတ်ဝန်းကျင်၌ တောင်တန်းကြီးတွေ တည်နေပုံ၊ တောင်ပေါ်သားတို့၏ သဘာဝနေထိုင်ပုံ၊ စိတ်စရိုက်၊ သွားလာရေး၊ နေထိုင်စားသောက်ရေးနှင့် သာသနာပြုလုပ်ငန်းစဉ်များကို ခွဲခြားရှင်းလင်းပြောပြရသည်။ အခြားဗဟုသုတများနှင့် ယခုအချိန်ထင်မြင်ခန့်မှန်းချက်ကို လိုအပ်သောသာသနာပြုရိက္ခာ မည်သို့မည်ပုံ စတင်ပြုစုသင့်ပုံအလုံးစုံကို အကြံပေးရာ အချို့ကိုရေးမှတ်ယူလိုက်ကြ၏။ မိမိပြောသမျှကို အံ့ဩကာဝမ်းမြောက်အားရ ရှိကြသည်။ ညွှန်ကြားချက်အားလုံးကိုလည်း သဘောတူလက်ခံကြ၏။ ထိုပုဂ္ဂိုလ်များတွင် ဆရာတော်ဦးဝိမလ၊ ဦးဝိလာသနှင့် ဦးသူရိယကြီးတို့သည် မိမိကိုသိကြ၏၊ မိတ်ဆွေများလည်းဖြစ်ကြ၍ ၎င်းတို့သုံးပါးကို အနည်းငယ်သံယောဇဉ်စိတ် ဝင်မိသည်။

နောက်ထပ် ချပ်သင်း ဦးကုဏ္ဍလနှင့် မြောက်ပိုင်း တောင်တန်းသားတစ်ဦးတို့လာရောက်တွေ့ဆုံကြ၍ နတ်မောက်နယ်နှင့် ဟူးကောင်းတောင်ကြားနယ် သာသနာပြုရေးကိစ္စကို ဆက်လက်ပြောဆိုကြ၏၊ မိမိတစ်ပါးတည်းကိုသာ ဆွေးနွေးတိုင်ပင်လိုကြ၍ အချိန်အတန်ကြာပင် လက်ခံပြောရသည်။

## ပေါ့ပျက်ပျက်နဲ့ တယ်မဟာန်လှပေ

ဦးသွင်၏ လျှောက်ချက်နှင့် သာသနာပြုပုဂ္ဂိုလ်များ ဖိတ်ခေါ်စာရေးပေးရန် သာသနာပြုပုံပြနည်း လိုရင်းအကြောင်းကလေးများကိုလည်း ရေးပေးရန် တောင်းပန်တိုက်တွန်းလိုက်ကြ၍ တာဝန်ယူခဲ့၏၊ အရှင်ဘုရားက ဥက္ကဋ္ဌအဖြစ် လက်ခံဆောင်ရွက်ရန်ကို လိုလားပါကြောင်း ပြောလိုက်ကြ၏၊ သူတို့ဆီမကြာခဏ ကြွလာစေလိုကြ၏၊ သို့သော် မသွားအား၍ တာဝန်မယူခဲ့၊ ရေးထားသော သာသနာပြုပုဂ္ဂိုလ် ဖိတ်ခေါ်စာကိုလာယူရန် မှာခဲ့သော်လည်း ရက်ကြာသည့်တိုင် လာမယူ၍ တစ်ခေါက်သွားပေး၏၊ သူတို့မဟာသံယာ့ အစည်းအဝေးပွဲသို့ အပတ်စဉ်တက်ရန် ဖိတ်ခြင်း၊ အဖွဲ့တွင်းဝင်စေခြင်းကိုမူလက်မခံခဲ့ပေ။

၎င်းတို့တောင်းပန်ချက်အရ သွားရောက်အကြံပေး၍ သာသနာပြုပုံပြနည်း ညွှန်ကြားချက်လိုရင်းများနှင့် သာသနာပြုဖိတ်ခေါ်စာပါ ရေးသားပို့ပေးပြီးသော်လည်း

စောင့်ကြည့်နေခဲ့ရာ တယ်မဟန်လှပေ၊ ပေါ့ပျက်ပျက်သာ မြင်နေရ၏၊ ဝါကျွတ်သွား၍ မထူးခြား၊ သီတင်းကျွတ်လကုန်၍လည်း မလှုပ်ကြ၊ တန်ဆောင်မုန်းလကုန်၍လည်း အေးစက်စက်ပင်နေကြ၏၊ ချင်းတောင်သာသနာပြုအဖွဲ့ဟူ၍ပင် မဖြစ်ပေါ်လာသေးပေ၊ သာသနာပြုပုဂ္ဂိုလ်လည်း ထင်သလောက် လက်မှတ်ထိုးသူမလာချေ။

မိမိမှာ စေတနာ, ဝီရိယသန်သူဖြစ်၍ စိတ်အားထက်မြက်နေသလောက် မဟာသံဃာ့တို့၏ စိတ်ပါအားကျ မရှိကြပုံမှာ ဆက်စပ်၍ပင် ဖြစ်ပုံမပေါ်၊ ဤပုံဤနည်းနှင့်ဖြင့် တယ်ဟန်ကျပုံမတူဟု ရပ်သေးအိပ်မက်ကိုပင် သတိရကာ အမိပွာယ်ပေါက်လာလေတော့သည်။

## ရာရှင်သက်န်းနှင့် ဝန်ကြီးများ

၁၃၀၈-ခုနှစ် တော်သလင်းလဆုတ် (၇)ရက်။ ယနေ့သတင်းစာများတွင် ထူးခြားချက်တစ်ရပ် တွေ့ရသည်မှာ ကမာရွတ် အင်းစိန်နယ်ရှိ သံဃာတော်များက အစိုးရ၏ ရာရှင်သက်န်းလျာကို (သမဏသုခ)မဖြစ်သောကြောင့် လက်မခံကြကြောင်း တွေ့ရ၏၊ ရဟန်းသံဃာလောကတွင် မြန်မာပြည်၌ ဗုဒ္ဓသာသနာတော် စတင်ရောက်ချိန်မှစ၍ မင်းအဆက်ဆက် ပြောင်းခဲ့သော်လည်း တစ်ကြိမ်တစ်ခါမျှ မကြုံရသေးသောသက်န်းကို မှတ်ပုံတင်လက်မှတ်နှင့် ဝယ်ဝတ်ရမည်ဟူသည့် ပြန်တော်မူအစိုးရစီမံကိန်းကို သံဃာတော်များ မကျေနပ်ကြသောကြောင့် အတော်ဂယက်ရိုက်၍ ပြင်းထန်စွာ ဝေဖန်ပြောဆိုနေကြလေသည်။ ဘယ်ဘုရားသာသနာလက်ထက်ကမှ မကြုံဖူးသော စီမံကိန်းကြီးတစ်ရပ်ဖြစ်ရာ၊ မဲဆန္ဒပေးရမည်၊ သက်န်းမှတ်ပုံတင်လက်မှတ်နှင့် ဝယ်ဝတ်ရမည်မှာ ထူးခြားလွန်းနေ၏။

ထိုနေ့ သတင်းစာတွင် လက်ရှိဝန်ကြီးများကိုလည်း ဘုရင်ခံက နုတ်ထွက်ခိုင်း၍ အားလုံးနုတ်ထွက်ကြရကြောင်းပါလာ၏၊ အနတ္တ - ကိုယ့်ကိုကိုယ် အစိုးမရရှာကြ၊ ဘုရင်ခံကသာ အစိုးရ၏၊ ၎င်းပြင် နယ်ဝေးခရီးသွား မော်တော်ကားတို့မှာလည်း လမ်းခရီး၌ ဓားပြများကို တွေ့မြင်လျှင် ဖ. ဆ. ပ. လ အလံတင်ပြလိုက်က မတိုက်ကြတော့ဘဲ ပြေးကြကြောင်း တွေ့ရရာ ထိုခေတ်ထိုအခါက ထိုအလံ၏တန်ဖိုးရှိပုံကို ဝမ်းမြောက်စရာ မှတ်တမ်းတစ်ရပ်ဖြစ်၏။

## ရေကြောင်း ရှုံ့ညွှံစိတ်မည်းနှင့် စိတ်ပြု

လဆုတ် (၈)ရက်နေ့တွင် ဥပုသ်သည်များအား (ဓလေနဘဝတိပဂ်)စသော ဒေသနာကိုမူတည်၍ ရေကြောင်းရှုံ့ညွှံဖြစ်ရသော်လည်း ထိုရှုံ့ညွှံကိုရေဖြင့်ဆေးကြောက

စင်ကြယ်သွားရသည်။ ထို့အတူပင် စိတ်ကြောင့်ဖြစ်သော အကုသိုလ်အညစ်အကြေးတို့ ဟူသမျှကို ဖြူစင်ကောင်းမြတ်သောစိတ်ဖြင့် ဆေးကြောလိုက်က စင်ကြယ်သွားတော့သည်။ ဘုရားရှင်လက်ထက်တော်က အင်္ဂုလိမာလမထေရ်၏ အလောင်းတော်လောက် အကုသိုလ်များပြားသည်ကိုပင် ထိုမကောင်းမှုဟူသမျှစွန့်၍ ဘုရားတရားတော်ကြောင့် စိတ်စင်ကြယ်စေပြီး အရဟတ္တဖိုလ်တည်သွားရဖူး၏၊ စိတ်ညစ်မှုသောကရောက်ရာတွင် ပဋာစာရီသူဌေးသမီးလောက်များသူ ရှိဦးမည်လော၊ သားသေ, လင်ဆုံး, မိဘသေ တိုက်ပြို, ဘာကိုမှ ဆောက်တည်မှီခိုစရာပင်မရှိပေ၊ သို့ရာတွင် ဘုရားရှင်တရားနာရလျှင် ထိုညစ်ညူးသော စိတ်ဟူသမျှကင်းစင်၍ ဖြူစင်သောစိတ်၌တည်ကာ ရဟန္တာပင်ဖြစ်သွားရသည်။ ထို့ကြောင့် မကောင်းစိတ်ကို ကောင်းစိတ်ဖြင့် ဆေးကြောစင်ကြယ်စေရမည်။

# လူတိုက်သောကားပေါ် ပရိတ်ရွတ်ရန်

ဘုရားရှင်၏ ဓမ္မစက်ပရိတ်တော်သည် မကောင်းမှုအန္တရာယ်ကို ကာကွယ်ပိတ်ဆို့နိုင်ကြောင်း ဗုဒ္ဓဘာသာလူမျိုးတိုင်း နားလည်ကြ၏၊ တော်သလင်းလဆုတ် ၁၀-ရက်တွင် ကမာရွတ်အနောက်ပိုင်း သူကြီးဟောင်း ကိုထွန်းတင်၏ဖခင် ဦးကြူက သံဃာများကိုပင့်၍ သူ့သား၏ကားပေါ်၌ ပရိတ်ရွတ်ရန်လျှောက်သည်။ ထိုကားသည် ရန်ကုန်နှင့် ကမာရွတ် ပြေးနေသော ခရီးသည်ပို့ဘတ်စ်ကားကြီး ဖြစ်လေရာ ဆင်ရေတွင်းအနီးလမ်းပေါ်၌ မတင်ကြည်ခေါ် ၁၂-နှစ်အရွယ် ကျောင်းသူမလေးတိုက်မိ၍ သေသွားသောကြောင့် သဂြိုဟ်စရိတ်ငွေ ၃၀၀-ကျပ်နှင့် ပြီးစီးခဲ့ရသည်။ စိတ်မကောင်းသောကြောင့် ထိုကားပေါ်၌ ပရိတ်ရွတ်စေလိုခြင်းဖြစ်၏၊ ပရိတ်ရွတ်ပြီးလျှင် လူ-စသည် တစ်စုံတစ်ရာတိုက်ခိုက်ခြင်း မရှိတော့ကြောင်း သိရ၍ ဝမ်းမြောက်ဖွယ်ရာဖြစ်၏။

# ချုံကြီးချုံကြားမှ ဗုဒ္ဓရုပ်ပွားစေတီတော်ဟောင်းများ

၁၃၀၈-ခုနှစ်၊ တော်သလင်းလဆုတ် ၁၅-ရက်။ စာဂါနုဿတိသဘောဖြင့် ရှေးကောင်းမှုရှင်တို့ကို နည်းယူအားကျမြဲဖြစ်ရာ ယနေ့ရွှေတိဂုံစေတီတော်ကြီးကို မီးထောင်ပြည့် သွားရောက်ပူဇော်လိုက်သဖြင့် ဝမ်းမြောက်ကြည်နူးလှသည်။ သံသရာ တစ်လျှောက်တွင် နတ်ပြည်၌ ကျင်လည်၍အဆုံးဘဝတွင် ဒိဗ္ဗစက္ခုအဘိညာဉ်အရာ၌ ဧတဒဂ်ရသော အရှင်အနုရုဒ္ဓါမထေရ်မြတ်၏ ရှေးပါရမီဖြည့်ရာတွင် ဤသို့ပင်ဆီမီး ပူဇော်လေ့များခဲ့သူဖြစ်၏။

မကြာမီက မိမိရေးထည့်လိုက်သော ချုံကြို့ချုံကြားမှ ဗုဒ္ဓရုပ်ပွားတော်စေတီတော် ဟောင်းများကို မည်သို့ပြုပြင်ထိုက်သနည်းဟူသော ခေါင်းစဉ်နှင့်ဆောင်းပါးသည် ဂျာနယ် ကျော်၌ ရုပ်ပုံများနှင့် သားနားစွာ ပါရှိလာလေရာ ဘာသာရေးကိုဂရုစိုက်လေ့ရှိကြသော ရဟန်းရှင်လူတိုင်းအတော် စိတ်ဝင်စားကြလေရာ မိမိထံသို့ပင် လာရောက်မေးမြန်းဆွေးနွေး ကြသူတို့ ပေါ်လာလေသည်။ စာမူမှာ အောက်ပါအတိုင်းဖြစ်၏။

# နေရာအရပ်ရပ်မှ ဗုဒ္ဓရုပ်ပွားတော်များ

ဤအရှင်သည် အမြန်ပြေးသွားလျက်ရှိသော ခေတ်ကိုအမှီလိုက်၍ ခေတ်ကြိုက် ဆောင်းပါးများ ရေးသားခြင်းထက် ခေတ်ပေါင်းမည်မျှပင် ပြောင်းသွားသော်လည်း ဘယ်အခါမှ မရိုးနိုင်သောစာမျိုးကိုသာ အစဉ်ရေးလိုသဖြင့် ယခုအကြိမ် ဤဆောင်းပါးကို ရေးလိုက်ပါသည်။

မြန်မာပြည်အရပ်ရပ်သို့ ဒေသန္တရဗဟုသုတအဖြစ် လှည့်လည်ကြည့်ရှုလိုက်လျှင် အထူးသဖြင့် မြန်မာတို့ခေတ်ကောင်းစားစဉ်က တည်ထားကိုးကွယ်ခဲ့ကြသော စေတီ၊ ပုထိုးဟောင်း ကျောင်းကန်ဟောင်းများ သိမ်၊ တန်ဆောင်းဟောင်းများနှင့် ဘုရားရုပ်တု တော်ဟောင်းများကို တွေ့ရှိရပေမည်။

မြန်မာပြည်တွင် စေတီအပေါဆုံးနေရာမှာ ပုဂံမြို့တစ်ဝိုက်တွင်ဖြစ်၍ ရခိုင် ပြည်နယ်တွင် မြောက်ဦးမြို့ခေါ်သော ကုလားတန်မြို့ဟောင်းနေရာ တစ်ဝိုက်တို့၌ဖြစ်၏၊ သို့ရာတွင် သတိမူကြည့်လျှင် အဆိုပါနှစ်နေရာတစ်ဝိုက်တို့လောက် နီးနီးရှိ၍ မြို့ဟောင်းနှင့် ပုဂံတို့၏ ညီတော်များဟုဆိုရလောက်သော အခြားနေရာများလည်းရှိကြသေးရာ ထိုနေရာ တို့မှာ အမရပူရမြို့ ပုခန်းကြီးမြို့၊ ပုလိပ်မြို့၊ ဟံသာဝတီခေါ် ပဲခူးမြို့ မင်းကွန်းတောင်တန်း၊ ဖိုဝင်းတောင်နှင့် စစ်ကိုင်းမြို့တစ်ဝိုက်တို့ဖြစ်၏၊ ထိုထက်အနည်းငယ်လျှော့ပေါ့သောဒေသ တို့ကား မြန်မာပြည်အနှံ့ပင် တောရပ်တောရွာမကျန် ရှေးကမြန်မာတို့ နေထိုင်ဖူးသော အရပ်ဒေသတိုင်း၌ ရှိကြ၏။

# ကိုးကွယ်သူကင်းမဲ့သော ရုပ်ပွားစေတီတော်များ

အဆိုပါ ရုပ်ပွားတော်များကို စိစစ်ကြည့်လျှင် အောက်ပါအတိုင်းတွေ့ရ၏၊ (၁) စေတီတော်၊ (၂) ရုပ်ပွားတော်ဟူ၍ နှစ်မျိုးရှိသည်တွင် စေတီတော်များသည်

(၁) မချို့ယွင်းသေးသော စေတီတော်၊ (၂) အနည်းငယ်ချို့ယွင်းနေသော စေတီတော်၊ (၃) ထက်ဝက်ချို့ယွင်းနေသော စေတီတော်၊ (၄) ပြိုပျက်၍ အုတ်ပုံကဲ့သို့ ဖြစ်နေသော စေတီတော်ဟူ၍ လေးမျိုးခွဲခြားတွေ့ရ၏၊ ဤဖော်ပြပါစေတီတော်တို့သည် ကိုးကွယ်သူ ကင်းမဲ့နေသော စေတီတော်များကိုသာ ဆိုလိုရင်းဖြစ်ရာ အချို့မှာလူနေ ရပ်ကွက် မြို့ရွာတွင်းနှင့် အနီးတစ်ဝိုက်၌ရှိ၍ အချို့မှာ မြို့ရွာနှင့်မနီး တောကြိုချိုကြား၌ တည်ရှိနေကြသည်။

# ဗုဒ္ဓကိုယ်စား ရုပ်တုတော်များ

ရုပ်ပွားတော်များသည် (၁) တစ်စုံတစ်ရာချို့ယွင်းခြင်း မရှိ၊ ပကတိကောင်း သေးသော ရုပ်တုတော်များ၊ (၂) ခြေလက်အင်္ဂါစသည်မပျက် အဆင်းအရောင်မျှသာ မှေးမှိန်နေသော ရုပ်တုတော်၊ (၃) ခြေလက်အင်္ဂါ စသည်အနည်းငယ် သို့မဟုတ် ထက်ဝက်ခန့် ပျက်နေသော်လည်း ပြန်လည်တပ်ဆင်လျှင် ဖြစ်နိုင်သော ရုပ်တုတော်၊ (၄) ပြင်ဆင်၍ ပြကတေ့ အချိုးအစားသို့ မရောက်နိုင်သော ရုပ်တုတော်ဟူ၍ လေးမျိုးခွဲခြား ရပေဦးမည်။

ထိုလေးမျိုးတွင်လည်း (၁) စေတီ၏ဂူလိုဏ်တွင်းရှိ ရုပ်တုတော်၊ (၂) စေတီတော်နှင့် မယှဉ် အလွတ်ကွင်းပြင်၌ တည်ရှိသော ရုပ်တုတော်ဟူ၍ တွေ့ရသေး၏။ စေတီတော် များနှင့် ကပ်ယှဉ်နေသော ရုပ်တုများမှာ ပင့်ယူခွဲထုတ်၍ ရနိုင်သော ရုပ်တုတော် (ကြေး-ကျောက်-သစ်သား၊ ဆင်းတုမံဘုရား) စသည်မျိုးနှင့် စေတီတော်မှ သီးခြားခွဲထုတ်၍မရ နိုင်သော (အုတ်၊ အင်္ဂတေ စသည်တို့ဖြင့် ရုပ်ပွားဖမ်းထားသော ပုံတော်မျိုး)ဟူ၍ နှစ်မျိုး တွေ့ရပြန်သည်။ တန်ဆောင်း၊ တံကဲ၊ ပလ္လင်တို့နှင့် ကပ်ယှဉ်ထားသော ရုပ်တုတော် များလည်း နည်းတူပင်ဖြစ်၏။ ကိုးကွယ်သူကင်းမဲ့သော ရုပ်တုတော်များသာ ရေးရင်းဖြစ်၍ ဆက်လက်တည်ထား ကိုးကွယ်လျက်ရှိသည်ကို နှလုံးမသွင်းအပ်ပေ။

# မရှိသေးသူကို အပြစ်ပေးနိုင်သလော

ကိုးကွယ်သူကင်းမဲ့၍ တောကြိုတောင်ကြား ချိုကြိုချိုကြား လမ်းကြိုလမ်းကြား ရပ်ရွာအိမ်ကြားတို့၌ မြောက်မြားစွာသော ရုပ်တုတော်စေတီတော်တို့ကို နေစဉ်နှင့်အမျှ

ဂရုစိုက်ကြည့်လျှင် တွေ့ရပေမည်။ ထိုရုပ်တုတော် စေတီတော်များကို မရိုသေသူတို့လည်း ရှိကြ၏၊ သို့ရာတွင် မရိုသေခြင်းသည် အကြောင်းအမျိုးမျိုးရှိသေး၏။

ဘာသာမတူ၍ မရိုသေခြင်း ဗုဒ္ဓဘာသာမဟုတ်သော ဘာသာဝါဒခြားများ၊ ဗုဒ္ဓဘာသာဖြစ်လျက် မလေးစား၍ မရိုသေခြင်း အဟောင်းအပျက်တို့သာ အပြစ်မရှိဟု ယူဆ၍ မရိုသေခြင်း၊ အမှုမဲ့အမှတ်မဲ့ဖြစ်၍ မရိုသေခြင်း ယာခင်းကြား အိမ်ကြားအတွင်း ဖြစ်၍ တစ်နေ့တစ်ရက်မှမဟုတ်ဘဲ ဘယ်ရိုသေနိုင်ပါမလဲဟူသော လူမိုက်ဆင်ခြေဖြင့် အသိဉာဏ်နည်းပါးသူတို့၏ မရိုသေခြင်း၊ ရိုသေလေးစားထိုက်သည်ဟူ၍ မသိတတ်သောကြောင့် မရိုသေခြင်းတို့ဖြစ်၏။

ဤသို့ အကြောင်းပေါင်းများစွာသော မရိုသေခြင်းတို့သည် အပြစ်ဖြစ်နိုင်သလောဟုမေးလျှင် ဖြစ်နိုင်သည်ဟု ဖြေရပေမည်။ သို့ရာတွင် အပြစ်ထိုက်အောင်ပြုမှုမှ အပြစ်သင့်၏၊ သာမန်မရိုသေရုံမျှနှင့် အပြစ်မထိုက်ပေ၊ ဥပမာ - လမ်းနံဘေး၌ရှိသော စေတီရုပ်ပွားတော်ကို ခရီးသွားရင်း မတတ်သာ၍ ရှိခိုးဝတ်ချမပြုဘဲ သွားမြဲလမ်းကိုသာ အစဉ်တစိုက်သွားသူသည် အပြစ်မထိုက်ပေ၊ ကုသိုလ်မရရုံသာရှိမည်၊ သို့ရာတွင် ဘုရားဥပစာတွင်းဖြစ်ခဲ့လျှင် ဖိနပ်စီးခြင်းစသော ဗုဒ္ဓအဂါရဝမျိုးကို သတိထားရှောင်ရမည်။

## အပြစ်ဖြစ်နိုင်သော အပြုအမူ

အပြစ်ဖြစ်နိုင်ပုံကား ရုပ်ပွားမှာ မျက်နှာတော်မြင်ရလျက် ဖိနပ်စီးခြင်း၊ စေတီရုပ်ပွား ဘုရားဥပစာတွင်း၌ ဖိနပ်စီးခြင်း၊ ဘုရားအုတ်ကျိုးအုတ်ပုံများပေါ်နင်းခြင်း၊ သွားလာနေခြင်း၊ လမ်းခင်းခြင်း တံတားပြု၍သွားလာခြင်း၊ ဘုရားဝတ္တကမြေတွင် တဲအိမ်ဆောက်၍ အိမ်ထောင်သားမွေးနေခြင်း၊ ဘုရားကြိုဘုရားကြားတို့၌ အညစ်အကြေးစွန့်ခြင်း၊ အဝတ်လှမ်းခြင်း အုတ်ပုံတောချုံအရပ်ကဲ့သို့ သဘောထား၍ မလျော်ကန်သောအမှုမျိုးကို ပြုမူသူမှန်သမျှ ဘယ်လူမျိုးဘယ်ဘာသာဝင်ဖြစ်စေ အပြစ်ထိုက်၏၊ မကောင်းကျိုး ခံရမည်ဖြစ်သည်။

## အပြစ်ခံရပုံနှစ်မျိုး

အပြစ်သင့်၍ မကောင်းကျိုးခံရပုံသည် အမျိုးမျိုးရှိ၏၊ ပစ္စုပ္ပန်ကျိုး ယခုဘဝတွင် ခံရခြင်းနှင့် တမလွန်ကျိုးနောက်ဘဝတို့၌ ခံရခြင်းဟု နှစ်မျိုးရှိရာ မျက်မှောက်လောကတွင်

ဘုရားကြိုဘုရားကြား၌ မရှိသေမလေးစား မထေ့မဲ့မြင်နေကြသူတို့မှာ ဆင်းရဲနွမ်းပါးခြင်း၊ နူနာစသောအနာကြီး အနာမျိုး စွဲကပ်ခံရခြင်း၊ မျက်စိကွယ်ခြင်း၊ မကွယ်သော်လည်း မျက်စိမသန်သူ၊ ခြေ, လက်မသန်သူများ ဖြစ်နေတတ်၏။

တမလွန်လောကကျိုးမှာ သေပြီးနောက် ငရဲကျတတ်ခြင်း၊ ပြိတ္တာဖြစ်ခြင်း၊ မကောင်းသော အဟိတ်တိရစ္ဆာန်ဘဝမျိုးရောက်၍ ဆင်းရဲကြီးစွာ ခံရတတ်၏၊ ယင်းသို့သော မရှိသေ မလေးစားမှုကြောင့်လည်းကောင်း ဝစီကံမှုကြောင့်လည်းကောင်း ပြိတ္တာဖြစ်နေကြသော ဝတ္ထုသက်သေများစွာ ရှိလေသည်။ ထို့ကြောင့် ဇမ္ဗူဒီပါမှာ နေရာရှားသည်မဟုတ်၊ အပြစ်လွတ်ရာ၌ ရှောင်ရှားနေသင့်ပေသည်။ မြန်မာပြည်တွင် ကျယ်ပြန့်သော မြေပြင်ကြီးရှိ၏။

## ရှိသေသူကို ကောင်းကျိုးပေးခြင်း

· အဆိုပါစေတီရုပ်ပွားတော်များကို လောက၌အတုမရှိသော မြတ်စွာဘုရားရှင်၏ ဓာတ်တော်, မွေတော် ကိန်းအောင်းရာများဖြစ်သည်။ နောင်လာနောက်သားတို့အတွက် ကိုယ်စား ပုံတော်များဖြစ်သည်။ ဂုဏ်တော်ပေါင်းကို အောက်မေ့၍ ရှိခိုးပူဇော်ပြုလျှင် ချမ်းသာသုံးပါးကို ရနိုင်သည်ဟူသော အသိဉာဏ်ဖြင့် ကိုးကွယ်သူမှာ ကောင်းကျိုးချမ်းသာ ပေးစွမ်းနိုင်လေသည်။

စေတီရင်ပြင် ဥပစာ၊ ရုပ်တုတော်ရင်ပြင် ဥပစာနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်တို့၌ မြက်သစ်ပင် ရှင်းလင်းသုတ်သင်ခြင်း၊ တံမြက်လှည်းခြင်း၊ သဲမြေခင်းခြင်းစသော စေတိယင်္ဂဏဝတ်ကို ပြုစုသောသူသည် မိမိစိတ်ကြည်လင်ခြင်း၊ သူတစ်ပါးစိတ်ကြည်လင်စေခြင်း၊ နတ်များနှစ်လိုခြင်း၊ လူကြည်ညိုခြင်း၊နောင်သောအခါ နတ်ပြည်ရောက်ရခြင်းဟူသော အကျိုးတရားငါးပါးကို ရနိုင်၏၊ တမလွန်ဘဝများစွာ၌လည်း ရုပ်ရေအဆင်းလှပခြင်း၊ စိတ်ကြည်လင်ချမ်းမြေ့ရခြင်း၊ အပါယ်ဆင်းရဲကင်းလွတ်ရာ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ဖြစ်ခြင်း စသောကောင်းကျိုးချမ်းသာများစွာ ရရှိခံစားရလေသည်။

## ဖုဿဒေဝမထေရ်ကြီး

စေတီရင်ပြင်၌ သန့်ရှင်းစေသောကြောင့် ကောင်းကျိုးရသော ဝတ္ထုသက်သေပေါင်းများစွာရှိ၏၊ ကုဋ္ဋအန္ဓအရပ်၌ သီတင်းသုံးလေ့ရှိသော ဖုဿဒေဝမထေရ်ကြီးသည် စေတီရင်ပြင်တော်ကို တံမြက်လှည်းပြီး သဲဖြူခင်းအပ်သော စေတီရင်ပြင်တော်ကိုကြည့်၍

ဘုရားရှင်အာရုံရှိသော ပီတိပါမောဇ္ဇကို ဖြစ်လေသည်။ ယင်းသို့ ဝတ်ပြု၍နေလေရာ တစ်နေ့သ၌ စေတီယင်္ဂဏဝတ်ပြုခြင်းကို အကြောင်းပြု၍ မာရ်နတ်နှင့်တွေ့ရပြီးလျှင် ခြားနားသော ဘုရားအာရုံရှိသော ပီတိပါမောဇ္ဇကိုဖြစ်စေ၍ ဆက်စပ်သော ဝိပဿနာ ဉာဏ်ဖြင့် အရဟတ္တဖိုလ်၌ တည်သွားလေသည်။ (ပရိဝါအဋ္ဌကထာ)။

## ရဟန်းနှင့်လူ အလှပြိုင်ပွဲ

ထိုမှတစ်ပါး အတိတ်ဘဝက စေတီရင်ပြင်၌ တံမြက်လှည်းခြင်း၊ အမှိုက်ကျုံးခြင်း ပြုခဲ့သော ကောင်းမှုကြောင့် ရုပ်ဆင်းအင်္ဂါကြည်ညိုဖွယ်ရာ လှပသောသီဟိုဠ်ကျွန်း အဘယ မထေရ်နှင့် အမတ်သားတို့ ဝတ္ထုကြောင်းမှာ လူလောကတွင် ထင်ရှားကျော်ကြား၍ အံ့သြဖွယ်ရာသော အလှပြိုင်ပွဲကြီးတစ်ခု ဖြစ်ကြလေသည်။ ထိုအလှပြိုင်ပွဲတွင် အဝတ် တန်ဆာ ပြင်ဆင်ဖွယ်ရာများသောလူက နိုင်မည်၊ ရဟန်းမှာ ပြင်ဆင်ဖွယ်မရှိ၍ရှုံးမည်ဟု ခန့်မှန်းကြသော်လည်း ယှဉ်ပြိုင်သောအခါ အဘယမထေရ်ကြီးက သာလွန်၍အနိုင်ရ သွားလေသည်။ အကြောင်းကံမှာ အမတ်သားသည် မထေရ်လှည်းထားသောအမှိုက် ကျုံးသူမျှသာ ဖြစ်သောကြောင့်တည်း။

## အရှင်ပဘာကရ မထေရ်ဝတ္ထု

ပဒုမုတ္တရ ဘုရားရှင်၏ စေတီဟောင်းကြီးကို ရှင်းလင်းသုတ်သင်ခဲ့ဖူးသော ပဘာကရမထေရ်၏ ရှေးကံကောင်းအကျိုးဆက်များကို အပဒါန်ပါဠိတော်ကြီး၌ ၂၁- ဂါထာဖြင့် သူကိုယ်တိုင်ပြန်ပြောင်း၍ ဟောကြားခဲ့သည်မှာ ကြည်နူးအားကျ၍ နည်းယူ မှတ်သားထိုက်လှပေသည်။

ထိုအချိန်က ပဒုမုတ္တရမြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူပြီးနောက် ဓာတ်တော်မွေတော် များကို စေတီတည်ထားကြသည်မှာ နှစ်ပေါင်းကြာညောင်းသောကြောင့် ဟောင်းနွမ်း ပြိုပျက်၍ တောချုံမြက်သစ်ပင်တို့ဖြင့် ဖုံးအုပ်နေပြီဖြစ်၏၊ ထိုအခါ ပဘာကရမထေရ်၏ အလောင်းသည် လူ့ဘဝရောက်လာလေရာ မိဘနှစ်ပါးသေဆုံးပြီးနောက် ဆင်းရဲစွာ လုပ်ကိုင်၍ အသက်မွေးရသူဖြစ်၏။ (သာသနာနောက်ပိုင်း ယခုခေတ်လို အခါမျိုး ဖြစ်သည်။)

## ဂံကောင်းချင်တော့

တစ်နေ့သ၌ တောသစ်သီး အရှာသွားရာတွင် ဆင်နေကျားအောင်း တောကြား ထဲ၌ စေတီတော်ပျက်ကြီးတစ်ဆူကို တွေ့ရလေရာ စေတနာထက်သန်လှစွာဖြင့်

ချုပ်ပိတ်ပေါင်းတို့ကိုခုတ်ထွင် မြက်သစ်ပင်များ ရှင်းလင်း၍ ကြေမွပြိုကွဲနေသော အုတ်အင်္ဂတေတို့ကို ပြုပြင်နိုင်သမျှပြုပြင်လေ၏၊ မိမိရှင်းလင်း၍ သာယာနေသော စေတီတော်ကြီးကို ဝမ်းမြောက်ကြည်နူးလျက် ရှိသေစွာရှိခိုးလေ၏၊ ပြီးမှ အိမ်သို့ပြန်လေသည်။

ဘုရားမှရွာသို့ သွားရာလမ်းကိုလည်း လူအများတို့ ဘုရားဖူးသွားနိုင်ကြစေရန် သစ်ပင်ချုံနွယ်မြက်မိုက်၊ ဆူးညှောင့်ဟူသမျှ မရှိရအောင် ရှင်းလင်း၍လာ၏၊ ထိုအခါမှ လူတို့သည် ဘုရားရှိမှန်းသိကြ၍ ဘုရားဖူးလာကြလေသည်။

ထိုဆင်းရဲသားသည် အသက်အတိုင်းနေ၍ စုတေသော် ဤကောင်းမှုကြောင့် အလွန်အဆင်းလှသော နတ်သားဖြစ်ရလေ၏၊ ထိုသည့်နောက်တွင်လည်း နတ်သိကြားမင်းကြီးအဖြစ် အကြိမ် (၃၀)တိုင်တိုင်၊ လေးကျွန်းလုံးပိုင်သော စကြဝတေးမင်းကြီးအဖြစ် (၂၈)ကြိမ်တိုင်တိုင်ဖြစ်၍ ပဒုမုတ္တရ ဘုရားရှင်ပွင့်ရာ ကမ္ဘာတစ်သိန်းမှသည် ဤဘဒ္ဒကမ္ဘာငါတို့ ဂေါတမဘုရားရှင်လက်ထက်တိုင်အောင် အပါယ်လေးပါးသို့ တစ်ကြိမ်တစ်ခါမျှ မလားရောက်ခဲ့ဖူးချေ။ ဖြစ်ရာဘဝတိုင်း ဆင်းရဲကင်း၍ ကြည်ညိုဖွယ်သော ရုပ်အဆင်းရှိ၏၊ နူနာ၊ ဝဲနာစသော အနာဆိုးမကပ်ရောက်၊ သူတစ်ပါး၌ကပ်နေသည်ကိုမျှ မမြင်ခဲ့ရဖူး၊ ထိုကုသိုလ်ဆက်အစွမ်းကြောင့် နောက်ဆုံးတွင် ငါတို့ဘုရားလက်ထက်တော်၌ ပဘင်္ကရအမည်တော်ရသော ရဟန္တာကြီး ဖြစ်သွားလေသည်။

ဤကား ဓာတ်မွေစေတီဟောင်းပျက်ကို ရှင်းလင်းသုတ်သင်ခြင်း၊ ပြုပြင်ခြင်း၊ ရိုသေမြတ်နိုး ရှိခိုးပူဇော်ခြင်းကြောင့် ခံစံရသော အကျိုးကောင်းမြတ်တို့ပေတည်း။ ထို့ကြောင့် ကံကောင်းတစ်ချက် လက်ကိုင်ပြုလိုက်လျှင် ထီပေါက်သူထက် ချမ်းသာပုံကို ရိုသေကိုးကွယ်သူအား ကောင်းကျိုးရကြောင်း သက်သေတည်း။

## ဤသို့ပြုလျှင် ကောင်းမည်လော

မကောင်းအစဉ် ပြင်လျှင်ခဏ ဟူသကဲ့သို့ တကယ်ပြုပြင်ကြမည်ဆိုလျှင် မခက်ပေ၊ ရုပ်ပွားဆင်းတုတော်များကို အလိုရှိရာသို့ ပင့်ဆောင်ကိုးကွယ်နိုင်ကြောင်း (အိမ်ငှားရန်ရှိသည်)ဟူသော ဆိုင်းဘုတ်ကဲ့သို့ ကြော်ငြာစာရေး၍ လိုရာ၌ကပ်ထားပေးလိုက်လျှင် ရှေးဦးစွာ မကျိုးမပဲ့ကောင်းသော ရုပ်ပွားတော်များကို ပင့်ဆောင်ကြပေလိမ့်မည်၊ ကျိုးပဲ့နေသော ရုပ်တုတော်များသာ ကျန်ရစ်လိမ့်မည်။

ဤသို့ဆိုလျှင် ဘုရားကိုးကွယ်သူတို့လည်း အလွယ်ပူဇော်ခွင့်ရကြ၍ မတော်မလျော် အကြိုအကြား၌ တုံးလုံးပက်လက်နေကြသည့် ရုပ်တုတော်များလည်း ရှင်းသွားမည်၊

မလွဲမကင်းသာ သွားလာနေထိုင် လုပ်ကိုင်ကြရသူတို့လည်း အဂါရဝအပြစ်မှ လွတ်ကင်းကြပေမည်။

ကျန် ကျိုးပဲ့ပျက်စီးနေသော ရုပ်တုတော်များကို စေတီကြီးတစ်ဆူဆူ တည်ရာတွင် စုပေါင်းဌာပနာ၍သော်လည်းကောင်း၊ ကြီးသော ဆင်းတုတော်ကြီးဖန်ဆင်း၍သော်လည်းကောင်း တည်ထားကိုးကွယ်လျှင် ကောင်းမည်ဖြစ်၏။

တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ရန် မလွယ်သောစေတီပျက်များကို ဖြစ်နိုင်သေးလျှင် ၎င်းနေရာအတိုင်းမူမပျက် ပြင်ဆင်တည်၍ ကျန်အချို့စေတီငယ်များကို တစ်ခုသောစေတီကြီးသို့ဖြစ်စေ၊ သင့်တော်ရာတစ်နေရာသို့ဖြစ်စေ စုပေါင်းဖြည့်စွက်တည်သင့်ပေသည်။

ယင်းသို့ ပြုသင့်သော စေတီပျက်များမှာ လက်ရှိနေရာနှင့် မသင့်လျော်တော့၍လည်းကောင်း နေရာအနှံ့အပြား တည်ထားမည့်အစား တစ်နေရာတည်း၌ ကြီးကြီးတစ်ဆူ စုပေါင်းတည်ထားကိုးကွယ်ခြင်းက ပို၍ကြည်ညိုဖွယ်ဖြစ်နိုင်၏၊ အာရုံခံတန်ဆောင်းစသည် ဆောက်လုပ်နိုင်ပေသေးသည်။

## ယင်းသို့ ပြုကောင်းမပြုကောင်း

သို့ရာတွင် ဤသို့ပြုလုပ်တည်ကောင်း မတည်ကောင်း စိစစ်ဖွယ်ရှိသေး၏၊ သက်တော်ထင်ရှား ဘုရားရှင်ကို ဒေါသစိတ်ဖြင့် ပြစ်မှားသော ဒေဝဒတ်မှာသာ အပြစ်ရှိ၍ ကောင်းစေလိုသော စေတနာဖြင့် ခြေတော်မှ သွေးပြည်ကို ဓားနှင့်ခွဲထုတ်ပေးရသော ဆရာဇီဝကသည် အပြစ်မရှိ ကုသိုလ်ပင်ရသေးကြောင်း ကျမ်းဂန်ပြဆိုချက်ရှိ၏။

စေတီ, ရုပ်တု, ဓာတ်တော်, ဗောဓိပင်များကို ဖျက်ဆီးသောသူတို့အား အပြစ်ကြီးကြောင်း သမ္မောအဋ္ဌကထာစျာနဝိဘင်းအဖွင့်နှင့် ဧကအင်္ဂုတ္တိုရ်အဋ္ဌကထာတို့၌ ထင်ရှားဖွင့်ဆိုထား၏၊ ဒေါသ, လောဘစိတ်နှင့် မဖျက်ဆီးကောင်းပေ။

## ရှေးဆရာတော်တို့၏ စံနမူနာ

ရှေးဆရာတော်ကြီးတို့ စံနမူနာကို မှတ်သားရဖူးသည်မှာ ၁၂၈၇-ခုနှစ်က ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အုတ်ရှစ်ကျေးရွာကျောင်း ဆရာတော်ကြီးသည် ရွာအနီး

တစ်ဝိုက်၌ ပြိုပျက်နေကြသော စေတီတော်များကို အုတ်မှုန့်မျှမကျန်အောင် ရွှေ့ပြောင်း၍ သင့်လျော်သောနေရာ၌ စုပေါင်းကာ စေတီကြီးတစ်ဆူ တည်ထားခဲ့သည်မှာ ယခုတိုင် ကြည်ညိုဖွယ်ရာ ဖူးတွေ့ရ၏၊ ချို့ယွင်းနေသော ရုပ်ပွားဟောင်းများကိုလည်း စေတီကြီး အတွင်း၌ ဌာပနာလိုက်၏။

ထို့ပြင် ကျမ်းဂန်တတ်အကျော် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဘုရားကြီး ဦးပညာသည်လည်း ၁၃၀၁-ခုနှစ်၊ ပြာသိုလဆန်း (၆)ရက်နေ့က အလယ် ကျောင်းကြီးရွှေ့ဆောက်ရန်အတွက် ပိဋကတ်တိုက်ဟောင်းကို ဖြိုလေရာ တိုက်ဦး၌ တစ်စပ်တည်းပြု၍ တည်ထားသော စေတီတော်တစ်ဆူကိုပါ ဖြိုရသောကြောင့် ထိုစေတီမှ ရသော ဓာတ်တော်များနှင့်တကွ ထိုစေတီအစား မှန်စီဘောင်ပေါ်သို့ ရွှေ့ယူတည်ပုံ မြင်ခဲ့ ရဖူး၏။ မရွှေ့ကောင်းလျှင် ရွှေ့စေလိမ့်မည်မဟုတ်ပေ။

ယင်းသာဓကကို ထောက်သဖြင့် ဖရိုဖရဲပြိုကျပျက်စီးနေသော စေတီတော်များ၊ တောကြိုချုံကြားတွင် တုံးလုံးပက်လက် မြင်မကောင်းဖြစ်နေသော ရုပ်ပွားတော်များကို ဖော်ပြပါအတိုင်း ပြုပြင်ကြလျှင် ကောင်းမည်လောဟု ယူဆမိပေသည်။ အမရပူရမြို့၌ နေစဉ် ရုပ်ပွားဟောင်း၊ စေတီဟောင်းပျက်များကို နေ့စဉ်တွေ့မြင်နေရသောကြောင့် ဤအကြံဖြစ်ပေါ်၍ ဤစာတမ်းကို ရေးခြင်းဖြစ်ပါသတည်း။ (၁၃၀၈-ခုနှစ်၊ နယုန်လဆုတ် ၁၀-ရက်)

## တောထွက်ရဟန်းကြီးတို့နှင့် နှောင်းခေတ်သာသနာ

၁၃၀၈-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၂)ရက်။ ကိုးတွင်းကျောင်းဆရာဟော်ကြီးကို ဝါကျွတ်ကာလ ထုံးစံအတိုင်း သွားရောက်ကန်တော့ရာတွင် ခေတ်ကာလအလျောက် တောထွက်ဦးပဉ္စင်းကြီးတွေကို ငယ်ဖြူရဟန်းများ ဆိုဆုံးမနည်းလည်းမဖြစ်၊ ရှေးခေတ် ဆရာတော်ကြီးများကဲ့သို့ ကျိုးနွံအောင်ပြောပြ ဆုံးမ၍လည်းရတော့သည် မဟုတ် သောကြောင့် တော်သလိုသာ ခွင့်ပြုထားရန် အမိန့်ရှိလိုက်၏၊ မိမိကိုယ်တွေ့ကြုံနေရပုံနှင့် အမှန်ကျနေသောကြောင့် သင့်လျော်သော မိန့်မှာချက်ပေဟု ယူဆရပေသည်။

မိတ်ဆွေဟောင်းကြီး စွတ်ကမဲ ဦးဝေပုလ္လသည် နတ်တော်လဆုတ် (၄)ရက်နေ့က မိမိနှင့် စကားပြောချင်၍ဟု တမင်အလည်ကြွရောက်လာ၏၊ ယခုကျားကူးကျောင်း၌ ရှေးလူဟောင်း စံပြအဖြစ် နေရကြောင်း၊ ညဝါကျမ်းတွေကို သင်ယူချင်သေးကြောင်း

ပြောသွားရာ၏၊ စကားစပ်မိသဖြင့် ယခုခေတ်တွင် ဒုလ္လဘရဟန်းကြီးတွေ ခေတ်စားပေါ်များလာရာ အချို့က ပျော်သမျှနေမည်ဟု သက်န်းနှင့် မြနေကြသော်လည်း ဆရာသမားတို့ကို ရိုသေကျိုးနွံဆည်းကပ်နည်းခံခြင်း မရှိ၊ သင့်ရာဒကာ၊ ဒကာမတွေနှင့် တော်သလို စားသောက်နေကြသည်ပင် တွေ့ရသောကြောင့် သာသနာမှာဒီတောထွက်တွေနှင့် စိတ်ပျက်ငြီးငွေ့ဖွယ်ရာ ကောင်းကြောင်း ပြောသွား၏။

## တောထွက်ကြီးနှစ်ပါး

ဘုန်းကြီး ဦးဝေပုလ္လပြောသွားသကဲ့သို့ နယ်တိုင်းပင် တောထွက်တွေကများ၍ လာလေရာ တောရွာတို့တွင် တောထွက်သာသနာခေတ် ဖြစ်နေလေတော့သည်။ ရွာတစ်ရွာ၌ တောထွက်ကြီးနှစ်ပါး တစ်ကျောင်းတည်း၌နေကြရာ ဗျစ်တောက်ဗျစ်တောက်နှင့် စကားလည်း အဆင်မပြေကြချေ။ တစ်ပါးကကျောင်းထိုင်၊ တစ်ပါးကပုဂ်ကပ်နေကြရာ ကျောင်းဝင်းတွင်း အမှိုက်မလှည်းချင်သည်ကစ၍ ကျောင်းထိုင်က ပုဂ်ကပ်ကိုစကား မပြောချေ။ ဤသို့လည်း တွေ့ရ၏။

နယ်တစ်နယ်၌မူ ဂိုဏ်းဆရာတော်လုပ်သူကလည်း တောထွက်၊ ကျောင်းအသီးသီး ချထား၍ ရွာအနှံ့ကျောင်းထိုင်နေကြသူတို့ကလည်း တောထွက်တွေဖြစ်နေလေရာ ထိုအထဲ ပဲသမားတောထွက်၊ အရက်သမားတောထွက်၊ ပုလိပ်တောထွက်၊ မယားပေါင်း သောင်းခြောက်ထောင်ရဖူးသော တောထွက်စသည်ဖြင့် စုံလှ၏၊ ၎င်းတို့ဆုံမိလျှင် နက်နဲသော တရားစာပေသံ မကြားရ၊ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် ကြရာ၍လော၊ သူတို့၏ ရှေ့ဘဝက ဖြစ်တော်ပေါင်းတို့ကိုသာ စားမြုံ့ပြန်ကာပြောဟောပြတတ်ကြလေရာ ငယ်ဖြူ ဘုန်းကြီးတစ်ပါးအနေနှင့် နားထောင်ရလျှင် ကြားမကောင်းသော ဗဟုသုတပေါင်းများ ရပေတော့သည်။ နှောင်းခေတ်သာသနာတွင် ဤသို့ပင်ပိုထက်ပို၍ သွားရတော့မည်လောဟု ထင်ရန်ရှိနေ၏။

## စက္ကူမြွေ တိုက်ရျက်ပွဲ

သီတင်းကျွတ်လဆန်း (၄)ရက်၊ စက်တင်ဘာလ ၂၃-ရက်နေ့။ နံနက် (၇)နာရီမှ ၁၂-နာရီအထိ ရန်ကုန်စာတိုက်မှ သပိတ်စုံလူမျိုးစုံ ခေါင်းဆောင်ကြီးများပါ ဗန္ဓုလပန်းခြံကြီးမှ ကန်တော်မင် ပန်းခြံအထိ လူပေါင်း (၃)သိန်းကျော် ကြီးကျယ်သော ကန့်ကွက်ပွဲကြီးကို ပြုလုပ်ကြကြောင်း သိရ၏။

ဗိုလ်ချုပ်အောင်ဆန်း အမှူးရှိသော ဝန်ကြီးသစ်များသည် သီတင်းကျွတ်လဆန်း (၃)ရက်နေ့က အလုပ်လက်ခံ၍ ကျမ်းကျိန်ဆိုပြီးကြသဖြင့် (၅)ရက်နေ့ ၁၁-နာရီအချိန် စတင်ရုံးထိုင်မည်ဖြစ်ကြောင်း သတင်းစာ၌တွေ့ရ၏။

# လယ်တီ ဦးနန္ဒ

သီတင်းကျွတ်လဆန်း ၁၄-ရက် နေ့ပိုင်း (၃)နာရီအချိန် မုံရွာလယ်တီတိုက်ကြီးမှ စာချဘုန်းကြီး ဦးနန္ဒ မိမိထံကြွရောက်လာပြီးလျှင် သံဝေဂနှင့်စပ်သော စကားချည်း (၂)နာရီကြာအောင် ပြောဆိုနေမိကြသည်။ ဦးနန္ဒသည် ငယ်စာသင်ဘက်မိတ်ဆွေဟောင်း မုံရွာ၌ သာမဏေဘဝက မိမိ၏ဆွမ်းခံအိမ် ဒေါ်ခက်ကြီး၏သားဖြစ်ရာ ယခု ၂၄-ဝါရှိလေပြီ၊ ရှေးက သေက္ခတောင် ဦးတိလောကနေထိုင်ခဲ့ဖူးသော ဇင်းကျိုက်တောင်သို့ သွားမည့်အကြောင်း နှုတ်ဆက်သွားရှာ၏။ သထုံနယ်မြေသို့ ကြွရောက်၍ သံယောဇဉ်ဖြတ်ကာ တရားအားထုတ်နေရင်း မကြာမီနှစ်အတွင်းမှာ ပျံလွန်သွားရှာကြောင်း ကြားရ၏၊ ထိုအခါ သြော် . . . မပျံလွန်မီ ငါ့ဆီတမင်ကြွရောက်နှုတ်ဆက်ရှာခြင်းပဲဟု သနားဝမ်းနည်းပြီး သံဝေဂရစရာ ဖြစ်နေရစ်ရသည်။

# တူကလေး သောင်းလှိုင်

သီတင်းကျွတ်လပြည့်နေ့သည် ဝါကျွတ်နေ့ဖြစ်၍ ဥပုသ်သည်များလှ၏၊ အကျွေးအမွေး ကုသိုလ်ပြုကြသည်လည်း မြင်ရ၏၊ ၁၂-လ, ၁၂-ရာသီပွဲနှင့် မြတ်စွာဘုရား တာဝတိံသာမှ ဆင်းကြွပုံအကြောင်း တရားဟောလိုက်၏။

နေ့ပိုင်း တူမောင်သောင်းလှိုင်ရောက်လာပြန်၍ သူ၏နေရပ်ကိုသိရပေ၏၊ စစ်သည်နံပါတ် ၈၈၇၆၀၊ သေနတ်နံပါတ် ၆၃၃-ဖိုးဘလဲတူးအေကုမ္ပဏီ သရက်ပင် မောင်နှမ စစ်တပ်၊ သန်လျင်ဗိုလ်နေဝင်း၏ တပ်ခွဲဟုပြောသွား၏၊ ဤတူကလေးသည် ငါတို့သားချင်းထဲက ထူးထူးခြားခြား စစ္စာဦးစစ်မှုထမ်းသူပေဟု မှတ်ရပေတော့သည်။

လဆုတ် (၁)ရက်နေ့တွင် သီတင်းဝါလကျွတ်ပြီဖြစ်၍ ထေရ်ကြီး, ဝါကြီးသက်ရွယ်ကြီးတို့ကို ပူဇော်ကန်တော့ကြမြဲအတိုင်း တပည့်ဦးပဥ္စင်းကိုရင်များနှင့် ရွာမဆရာတော်ကြီးမှစ၍ ကျားကျောင်း-တပ်တွင်း ဇေယျဝတီစသည်တို့ကို သွားရောက်ကန်တော့ကြ၏၊

ကန်တော့ပြီးလျှင် ဝမ်းမြောက်ကြည်နူးမိသည်။ ကုသိုလ်ဆက်သည် ပြန်၍လာလေရာ မိမိအားလည်း ဆွေမျိုးနှင့်တပည့်ဒကာပေါင်းများစွာတို့က လာရောက်ကန်တော့ကြသည်မှာ ဝင်ထွက်မစဲဖြစ်ကြ၏၊ စားသောက်ဖွယ်တို့လည်း မျိုးပေါင်းစုံနေတော့သည်။

# တောရပျော်ကျော့မည် ဘုန်းကြီး

၁၃၀၈-ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၂)ရက်။ သံဝေဂဓာတ်ခံပါခဲ့သူသည် အကြောင်းတစ်ခုခုပေါ်လာလျှင် သံဝေဂဘက်သို့ ညွတ်သွားတတ်မြဲဖြစ်၏၊ ယနေ့ စစ်ကိုင်းသို့ပြန်ကြွတော့မည်ဖြစ်သော ကျိုက်လတ်ဘုံဒလိပ်ရွာ၌ ၁၅-နှစ်တိုင် ကျောင်းထိုင်ခဲ့သော ဘုန်းကြီး ဦးဝိမလကြီးကို ဆွမ်းပင့်ကပ်လိုက်ရ၏၊ နှစ်သက်စွာ ဘုဉ်းပေးသည်ကို မြင်ရ၍ ဝမ်းမြောက်လှသည်။ ကျိုက်လတ်ရွှေကျောင်ဂိုဏ်းဝင်ဖြစ်ရာ နေထိုင်ပုံ သိမ်မွေ့နူးညံ့ပေသည်။

ထိုဆရာတော်သည် စစ်ကိုင်းခရိုင် မြင်းမူမြို့ပိုင်ပဲကူရွာဇာတိဖြစ်ရာ အသက် ၄၇-နှစ်၊ သိက္ခာ ၁၈-ဝါ ရှိလေပြီ၊ ဘုံဒလိပ်ရွာ၌ ကျောင်းအမကြီး မဆင့်၊ သမီးမပွင့်တို့က ကိုးကွယ်သော ဘုန်းကြီးဖြစ်ရာ ထိုကျောင်းအမသားအမိသည် အညာမြေနီကုန်းရွာ မိမိ၏ ဥပဇ္ဈာယ်ဆရာတော်ကြီး၏ နှမအရင်းဖြစ်၏၊ ယခုအချိန် ကရင်တို့ဘေးရန်ကြောင့် နေမဖြစ်၍ ထွက်ခွာလာခဲ့ခြင်းဖြစ်ရာ အောက်ပြည်ကို ငြီးငွေ့ဟန်တူ၏။

ယနေ့ ကမာရွတ်မှထွက်၍ နက်ဖြန်ရထားနှင့် ပြန်ကြွတော့မည်၊ အညာဌာနသို့ ပြန်ရောက်လျှင် ပဲကူရွာအနီး ကန်ဆွယ်ကျောင်းဘုန်းကြီး ဦးဇောတိကထံ ခေတ္တနေမည်၊ နောင်အခါ ထန်းရွက်မိုးတဲကျောင်းကလေးနှင့် တောရနေတော့မည်ဟု အတော်ငြီးငွေ့နေသော သံဝေဂဖြင့် အမိန့်ရှိသွားလေရာ ကြားရသူပင် ငြီးငွေ့ပြီး သံဝေဂရကျန်ရစ်ခဲ့ပေသည်။

# ဦးနာဂိန္ဒ

၁၃၀၈-ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၃)ရက်။ သီတင်းစာ၌ နာမည်ကျော်သော ဦးနာဂိန္ဒကို ယနေ့ကြည့်မြင်တိုင်လက်ခုတ်ကျောင်း ကထိန်ပွဲတွင်တွေ့ရ၍ ရင်းနှီးစွာစကားပြောခဲ့ရ၏၊ နာမည်ကျော်ကြားခြင်းသည် အမျိုးမျိုးရှိလေရာ မန်လည်ဆရာတော်၊ လယ်တီ

ဆရာတော်တို့သည် စာပေကျမ်းဂန်တတ်၍ ကျမ်းစာအုပ်များ ရေးသားပြုစုခြင်း၊ လူအများတို့အား နိဗ္ဗာန်ရောက်ကြောင်းတရား လည်း၍ဟောပြော ခြင်းကြောင့် ကျော်ကြား၏၊ ရခိုင် ဦးဥတ္တမကြီးသည် မြန်မာပြည်သူပြည်သားတို့အား နိုင်ငံရေးမျက်စိ ဖွင့်ပေးခဲ့သောကြောင့် ကျော်ကြား၏၊ ဦးဝိစာရသည် နိုင်ငံရေးနှင့်ထောင်ကျရာတွင် ထောင်တွင်း၌ သင်္ကန်းဝတ်ခွင့်၊ ဥပုသ်ပြုခွင့်တောင်းယူသော ရဟန်းကျင့်ဝတ်အတွက် တိုက်ဖျက်ရင်းထောင်တွင်း၌ ပျံလွန်သွားရသောကြောင့် ရာဇဝင်တစ်ရပ်အနေ ကျော်ကြားခဲ့ရသည်။

ဦးနာဂိန္ဒအား နိုင်ငံရေးအကြောင်းပြုပြီး အကြိမ်များစွာ ထောင်ကျခံရသောကြောင့် နာမည်ကျော်ရသော ဘုန်းကြီးတစ်ပါးဖြစ်၏၊ ဤစာရေးသူ ငယ်စဉ်ကလေးဘဝ စာမတတ်တတတ် ဖတ်နိုင်ကာစက (အမျိုးမျိုးချုပ်၍ နှောင်ပါတယ်-မိုးကုတ်ထောင်အကျဆိုးပုံက) စသော လေးချိုးတစ်ပုဒ်ဖတ်ရသည်ကစ၍ ဦးနာဂိန္ဒဟူသော ဘွဲ့ကိုကြားဖူးခဲ့ရာ ယခုမှ ကိုယ်တိုင်တွေ့ရပေ၏၊ ထိုစာပုဒ်တွင် အလွန်အေးချမ်းသော မိုးကုတ်ထောင်ကြီးတွင် ညအခါ အခင်းမရှိ၊ သမံတလင်းပြင်၌ အိပ်စေခြင်း စသည်အညှဉ်းခံရပုံကို ဖော်ပြရေးသားထားရာ သနားစရာကြေကွဲဖွယ်နှင့် မခံချင်စရာဖြစ်ပေသည်။

## ထောင်တွင်း၌ ၁၉-ဝါတိုင်တိုင်

သူ၏ဘဝတာဖြစ်စဉ်ကို သိရသည်မှာ ၁၂၅၂-ခုသားဖြစ်ရာ ယခု အသက် (၆၀) နီးပါးရှိလေပြီ၊ ကြို့ပင်ကောက်မြို့ ရှေ့နေဦးဘစိ၏နှမနှင့် အိမ်ထောင်ကျပြီး သားကလေး (၅)နှစ်ရွယ်ရှိမှ ရဟန်းပြုခဲ့သည်။ ယခု (၂၉)ဝါရှိခဲ့ရာတွင် (၁၉)ဝါမှာ ထောင်တွင်း၌နေခဲ့ရ၍ အပြင်၌ (၁၀)ဝါသာနေရသည်။ အပြင်နေရသည်ဆိုသော်လည်း အချို့ဝါတို့မှာ ဝါမကျွတ်ခင် အဖမ်းခံ, အချုပ်ခံရပြီး ထောင်ထဲပြန်ရောက်ရသည်လည်းရှိသေး၏၊ ဤဂျပန်ခေတ်မှာပင် ခင်မမ ကောင်းမှုကြောင့် အင်းစိန်ထောင်ထဲ ရောက်လိုက်ရသေး၏ဟု ပြောရှာသည်။ သူ၏အသားအသွေးမှာ ငှက်ဖျားငွေ့ကင်းဟန်မရှိ၊ ဝါတာတာနေ၏၊ ထောင်မျိုးစုံဒုက္ခမျိုးစုံ ခံရသောကြောင့် ငှက်ဖျားမိထားခြင်း ဖြစ်ပေမည်။

## ဝင့်ကြွားပင် ပါရော့လား

တရားသဘောနှင့်ဆိုရသော် ဦးနာဂိန္ဒ၏ ဘဝသည် ရဟန်းဖြစ်ပါလျက် ထောင်နှစ်ကများနေသောကြောင့် ရှေးဘဝတို့က သူတစ်ပါးကို တရားမဲ့ထောင်ချခြင်း၊

ငှက်စသော တိရစ္ဆာန်များကို ချပ်နှောင်ထားခြင်း ပြုခဲ့ဖူးသော ဝဋ်ကြွေးပင်ပါခဲ့ရောလားဟု တွေးဆရန်ရှိ၏၊ ဝဋ်ကြွေးမရှိသူများ တစ်ပါးသူတို့မည်သို့ပင် မကောင်းကြံစည်စေကာမူ မအောင်မြင်နိုင်ချေ၊ ပစ္စုပ္ပန်အကြောင်းဟုဆိုရန် ရှိသော်လည်း စင်စစ်မှာ အတိတ်ကံ ဝဋ်ကြွေးရှိသူမှသာ သူတစ်ပါး နှိပ်စက်တိုင်း အလွယ်ခံရတတ်သည်။

## ဘုရားပင် တားမရသော သာကီဝင်များ

ရှေးကသာဓကကိုကြည့်လျှင် သာကီဝင်မင်းမျိုးတွေကို သူတို့သွေးသားဆက် ဝိဋူဍဘက သတ်ရန်ကြံစည်ကြိုးစားသောအခါ ဘုရားရှင်ကိုယ်တော် တားမြစ်ကူညီ ပေးမတော်မူရှာ၏ သို့ရာတွင် (၃)ကြိမ်သာရ၍ (၄)ကြိမ်မြောက်တွင် သူတို့၏ ရှေးမကောင်းမှု - ငါးတွေကို ဆေးခပ်သတ်ခဲ့ဖူးသော ကံကအကျိုးပေးဖြစ်ပေါ် ကြုံနေ သောကြောင့် နတ်လူတို့၏ဆရာ ဘုရားပင် မတားမြစ်သာတော့ပေ၊ အကုသိုလ်ဟူသည် ကြောက်ဖွယ်ကောင်း၏၊ မမြင်နိုင်သော လက်ကဲ့သို့ အခွင့်ကောင်းကို အမြဲစောင့်လျက် ပါနေတော့သည်။ ထိုအချိန်တွင် ကျူပင်ခုတ် ကျူငုတ်မကျန် သာကီဝင်ဇာတ် တစ်ခါတည်း ပြတ်ရလေတော့သည်။

## ပြုသူအသစ် ဖြစ်သူအဟောင်း

သို့သော် ကံတရားမည်သည် ပြုသူကအသစ် ဖြစ်သူကအဟောင်းဟူသကဲ့သို့ သာကီဝင်တို့မှာ အကုသိုလ်ကံဟောင်းကြောင့် သေကျေကြရသော်လည်း မပြစ်မှား သင့်သော အမှုကြီးကို ပြစ်မှားသော ဝိဋူဍဘမှာ သူ၏ကောသလတိုင်းသို့ ပြန်မရောက် တော့ဘဲ လမ်းတွင်ရေဘေးကြီးသင့်ကာ သေရပြီး မိုက်မဲဘက်များစွာတို့နှင့်တကွ ငရဲသို့ ကျရောက်ခံကြရလေတော့သည်။ မကောင်းမှုကြံစည်ပြုလုပ်လျှင် ထိုသူအား တစ်နေ့နေ့တွင် မကောင်းကျိုး ပြန်လာမည်သာဖြစ်၏၊ ကောင်းကျိုးကို လိုလားသူသည် သူတစ်ပါး ကောင်းကျိုးကိုသာ ကြံစည်အားထုတ်ရမည်။

## ပုခန်းကြီးမြို့နှင့် ကျောင်းကြီးနှစ်ကျောင်း

၁၃၀၈-ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၈)ရက်။ မြန်မာပြည်၏ ရှေးရာဇဝင်ဟောင်း များတွင် ထူးခြားချက်ကြီးများ ရှိကြလေသည်။ ယနေ့သမိုင်းကုန်းရွာကျောင်း ဦးအရိယ

ဝံသက ပုခန်းကြီးမြို့ ကျောက်စာမူတစ်ခုပေးလာ၍ မ်မိပခုက္ကူနေစဉ်က မှတ်တမ်းတွင် ကူညီသော အထောက်အပံ့ရပြန်သည်။ ပုခန်းကြီးမြို့အကြောင်း ဒေသန္တရဝဟုသုတ ဆောင်းပါးရေးရန် ကြိုးစားရှာဖွေခဲ့ဖူး၏၊ ခေတ်ပုံများ ပျက်သွားခြင်း၊ မှတ်တမ်းစာတွေ ပျောက်နေခြင်းတို့ကြောင့် အကြောင်းမညီညွတ်ခဲ့ပေ။

ပုခန်းမှာ ပုခန်းကြီး - ပခန်းငယ်ဟူ၍ နှစ်ဌာနရှိရာ ပုခန်းကြီးသာ မြို့ဟောင်းဖြစ်၍ ပုခန်းငယ်မှာ ရွာမျှသာဖြစ်၏၊ ပုခန်းကြီးသည် တောင်ပူစာကုန်းမြင့်ပေါ်၌တည်၍ ပုခန်းငယ်သည် ချင်းတွင်းမြစ်ကမ်းအနီး လယ်ပြင်အနိမ့်ပိုင်း၌ရှိ၏၊ ကျောင်းကြီးများရှိနေသောကြောင့် နှစ်နေရာလုံးပင် ရာဇဝင်ကြွင်းများရှိကြသည်။

## မြို့ပုခန်းနှင့် ကျောင်းကြီးလေးတိုက်

ပုခန်းကြီးမြို့သည် (သုသုတန်း - ပုခန်းတည်) ဆိုသောကြောင့် ၆၆၇-ခုနှစ်တွင် တောင်သုံးလုံးကိုဖြို၍ တည်သောမြို့ထူးဖြစ်၏၊ မြို့ဘည်လျှင် မြို့နှင့်တစ်ပြိုင်နက် ကျောင်းကြီးလေးတိုက်ကိုလည်း တည်လေရာ အရှေ့ပြင် ပုပ္ဖာရုံတိုက်၊ တောင်ပြင်စမ္မာယ်ရုံတိုက်၊ အနောက်ပြင် ယောသိတာရုံတိုက်၊ မြောက်ပြင် ထူပါရုံတိုက်တို့ဖြစ်၏၊ အဆိုပါရုံလေးရုံကျောင်းတိုက်များတွင် အရှေ့ပြင်ပုပ္ဖာရုံတိုက်သာ မူလအမည်တွင်၍ ကျန်သုံးတိုက်မှာ အမည်ပြောင်းကာ တောင်ပြင်သံစည်တိုက်၊ အနောက်ပြင် ဘုမ္မိဇေယျာတိုက်၊ မြောက်ပြင် သီဟိုဠ်ရောက်တိုက်ဟူ၍ နာမည်တွင်သွားကြသည်။

## ကျော်ကြားသော ကျောင်းကြီးများ

ထိုအရပ်ဒေသသည် ကျောင်းကြီးကန်ကြီးတွေ ရာဇဝင်ထူးသောအရပ်ဟု ဆိုရပေမည်။ ယခုခေတ်တွင် ရေစကြိုမြို့သည် ကြီးမားခိုင်ခံ့ သော ကျောင်းကြီးရှိလေရာ ဘုရင်ခံအိမ်-သမ္မတအိမ်တို့သည် ရေစကြို ကျောင်းကြီးဘေးမှ မီးတင်းကုတ်လောက်ကုဋီလောက်သာ ရှိသည်ဟုပြောရိုးစကားပင် ဖြစ်နေလေသည်။

ရှေးခေတ်ကလည်း ပုခန်းကျောင်းကြီးတို့သည် ဘယ်မြို့ဘယ်အရပ် ဘယ်မင်းလက်ထက်ကမှ မရှိဖူးသော ရာဇဝင်ထူးကြီးပင်ဖြစ်သည်။ ပုခန်းကြီး၌ ကျော်ကြားချက်နှစ်ခုမှာ ကျောင်းကြီးနှင့် ဦးမင်းကျော်နတ်ကွန်းဖြစ်လေသည်။ ပုခန်းငယ်ကျောင်းကြီးကို

(စိန်စီကျောင်း)ဟု ဆိုသောကြောင့် တိုင်လုံးရေပေါင်း ၃၃၂-တိုင်ရှိသည်။ ကုန်ကျငွေ (ကွမ်းသီးတစ်လုံးဖိုး)ဆိုလေရာ ၂၆၇၄၅-ကျပ် ဖြစ်သည်။ ကျောင်းဒါယကာမှာ မင်းကြီးသက်တော်ရှည် ဦးရန်ဝေးက သက္ကရာဇ် ၂၂-ခုနှစ်တွင် တည်ဆောက်ခဲ့လေသည်။

ပုခန်းကြီးကျောင်းမှာ (ကျောက်မျက်ရွှဲ)ဆိုသောကြောင့် တိုင်လုံးပေါင်း ၂၅၄-လုံး ရှိသည်။ ကျောင်းဒါယကာမှာ ရွှေပြည်မှန်ကင်းဝန်ကြီး ဦးတုတ်ကသက္ကရာဇ် ၂၄-ခုနှစ်တွင် တည်ဆောက်ခဲ့လေသည်။ ပုခန်းငယ်ကျောင်းကြီးက ၂-နှစ်စော၍ ပုခန်းကြီးကျောင်းထက်လည်း ကြီးလေသည်။ ထိုကျောင်းကြီးတို့သည် နှစ်ပေါင်းကြာမြင့်လှပြီဖြစ်သော်လည်း ဤစာရေးသူ သွားကြည့်သော ၁၃၀၁-ခုနှစ်မှာ နှစ်ကျောင်းလုံးရှိကြသေး၏ သို့ရာတွင် ကျောင်းကြီးပေါ် ဘုန်းကြီးများ မနေကြတော့ဘဲ ကျောင်းကြီးဘေးရှိကျောင်းငယ်တို့၌ သီတင်းသုံးနေကြ၏၊ ကြီးမား၍ခိုင်ခဲ့သော ကျောက်တိုင်ကြီးများမှာ အံ့သြလောက်ပေသည်။ ရှေးအခါက မြန်မာပြည်တွင် ဇရာမကျွန်းပင်ကြီးတွေ ပေါက်ရောက်လျက်ရှိသော ကျွန်းတောကြီးတိုင်းပြည်ဖြစ်ကြောင်းကိုလည်း ခန့်မှန်းသိနိုင်ပေသည်။

## ဘုရားပေါင်းနှင့် ဘုရားမျှောင်

ပုခန်းကြီးမြို့ဟောင်း၌ စေတီဟောင်းကြီးငယ်တွေများလှ၍ ဆရာတော်တစ်ပါးကို လျှောက်ကြည့်ရာ (ဘုရားပေါင်းတစ်ထောင်၊ ဘုရားမျှောင် ကိုးရာ)ဟု အဆိုရှိကြောင်း၊ အချို့သာ ဘုရားစေတီစစ်ဖြစ်သည်။ အချို့က ဘုရားအနီး၌ မျှောင်နေကြသော အရိုးဂူတွေဖြစ်သည်။ ဘုန်းကြီးအရိုးဂူ၊ လူအရိုးဂူသာမက ဆင်လိမ္မာဂူ၊ မျောက်လိမ္မာဂူ၊ ကြက်တူရွေးဂူစသည်များစွာ ရောနေကြသည်။ ထိုဂူတွေကြောင့် မြို့ပျက်မြန်သည်ဟုလည်း ယူဆရန်ရှိသည်။ သက်တော်ထင်ရှား ဘုရားလက်ထက်တော်က ဒိဋ္ဌိတွေ ဘုရားလုပ်နေကြသကဲ့သို့ ပုခန်းကြီးမြို့၌လည်း ဂူတွေက ဘုရားမျှောင်ထင်ယောင်ထင်မှား ဖြစ်နေကြသောကြောင့် ပြောပြသူ မရှိလျှင် ဘယ်ဟာဘုရား, ဘယ်ဟာဂူဟူ၍ ခွဲခြားမသိနိုင်ကြောင်း အမိန့်ရှိလိုက်၏။

## ရွှေဥမင်နှင့် ဘိုးတော်ကြီး

ပုခန်းကြီးမြို့၌ ဝိနည်းပါဠိတော် နိဿယကျမ်းများကို ရေးသားပြုစုတော်မူခဲ့သော နာမည်ကျော် ရွှေဥမင်ဆရာတော်ကြီး၏ သီတင်းသုံးတော်မူရာဌာနရှိ၏၊ ယခုတိုင်

ကျောင်းတည်လျက် တပည့်စဉ်ဆက် အမြဲသီတင်းသုံးနေကြလေသည်။ ထို့ပြင် ဇာတ်၊ ဆိုင်း၊ သဘင်တို့က အထူးတလည် နတ်ယကန်ပွဲနှင့် ကန်တော့ပ, သကြရသော ဘိုးတော်ကြီး၏ နတ်ကွန်းတည်ရှိလျက် နှစ်စဉ်ပွဲကြီးကျင်းပရာ ဌာနဖြစ်သောကြောင့်လည်း ကျော်ကြားချက်တစ်ရပ်ဖြစ်နေသည်။ ဘိုးတော်ကြီးမှာ မိုးခေါင်ကျော်စွာဟူ၍လည်းကောင်း၊ ဦးမင်းကျော်ဟူ၍လည်းကောင်း နာမည်တွင်သော အသောက်ကျော် ပုဂံမင်းတစ်ပါးက ဖြစ်သော နတ်ပေတည်း။ (သောက်တော်ဘူးရယ်နဲ့ အိုမကွာ) စသော ပွဲဦးထွက် အပျိုတော် နတ်ရိုင်သံ သီချင်းတို့သည် ၎င်းအကြောင်း ဖွဲ့ဆိုချက်ဖြစ်သည်။

# ကျေးဇူးရှင် ပခုက္ကူဆရာတော်ကြီး

၁၃၀၈-ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၁၃)ရက်။ မြန်မာပြည်တွင် ဗုဒ္ဓတက္ကသိုလ် ဘုန်းကြီးတက္ကသိုလ်ဟူ၍ ခေါ်ထိုက်သော ပရိယတ္တိစာသင်တိုက်ကြီးပေါင်းများစွာ တည်ရှိကြလေရာ၊ ပခုက္ကူစာသင်တိုက်ကြီးများသည် ထူးခြားချက်ရှိ၍တစ်ဘာသာထွက်ပေါ်လာပေသည်။ မန္တလေးဆရာစဉ်ချရိုးတို့နှင့်မတူတတ်၊ ပိဋကတ်သုံးပုံနိကာယ်ငါးရပ်ကို လှည့်ပတ်၍ အမြန်ဆုံးပေါက်ရောက် တတ်မြောက်စေသောဝါဒလက်ကိုင်ဖြင့် စာသင်သားတိုင်း ပါဠိတော်သင်ကြားလေ့လာဖူးသူဖြစ်ရမည်ဟူသည့် စေတနာထားကြရင်းဖြစ်၏၊ ထိုကျောင်းတိုက် ဆရာတော်ကြီးအပေါ် များစွာသောပရိယတ္တိစာသင်သား ရဟန်းသာမဏေတို့သည် ကျေးဇူးတင်မဆုံး အနန္တကျေးဇူးရှင်များဖြစ်ကြပေသည်။

# ဆရာတော်၏ ထပ်မံမိန့်ခွန်း

ယနေ့ ဘုရားကြီးကျောင်းတိုက် ရောက်သွားရာ ဆရာတော် ဦးကောဏ္ဍညနှင့် ညောင်ဦးဆရာတော် ဦးနန္ဒဝံသပါတွေ့ရ၏၊ ဝမ်းမြောက်ရင်းနှီးစွာ စကားပြောကြပုံမှာ မိမိအားချစ်ခင်အားထားကြသည့်လက္ခဏာရှိ၏၊ ယခုခေတ်ကိုယ်တော်တွေက ဝီရိယလျော့ကုန်ကြပြီ၊ တောင်တန်းသာသနာပြု အလုပ်က ခက်ခဲသောအလုပ်ဖြစ်တယ်၊ သူတို့ဒေသ သွားရောက်ပြီး ဆင်းရဲပင်ပန်းခံ ဆောင်ရွက်နိုင်မှ အောင်မြင်မှာ၊ ရန်ကုန်ဘုန်းကြီးတွေက သာသနာပြုဆိုတဲ့စကားတွေသာ အလကားပါးစပ်က ပြောနေကြပေမယ့် သူတို့ကိုယ်တိုင် ဆင်းရဲခံချင်ကြတာမဟုတ်ဘူး၊ ဘာနားမလည်၊ ညာနားမလည် ဦးပဉ္စင်းကလေးတွေချည်း ဟိုတောင်လွှတ် သည်တောင်လွှတ်လုပ်နေရုံနှင့် သာသနာပြုခရီးရောက်မှာမဟုတ်၊ မလျော်ရာတွေပင် ကြားရနေဦးမည်ဟု ထပ်မံ၍အမိန့်ရှိလိုက်ကြသေး၏။

# ကျောင်းနိမိတ်နှင့် ပျံလွန်တော်မူခြင်း

ပခုက္ကူမဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီး ဦးပညာပျံလွန်တော်မူသောကြောင်းရာကို ဆက်လက်အမိန့်ရှိကြ၍ ကြားနာမှတ်သားရသည်။ ၁၃၀၈-ခုနှစ်၊ တော်သလင်းလဆန်း ၃-ရက်နေ့ကစတင် မကျန်းမာတော်မူရာက ဖျားလာပြီးလျှင် သက်သာလိုက် တိုးလာလိုက်နှင့် ဆေးကုသနေကြရင်း အူရောင်ရောဂါသို့ ကူးပြောင်းသွားသည်။ တော်သလင်းလဆုတ် ၃-ရက်၊ ကြာသပတေးနေ့တွင် ထူးခြားစွာလျှောင်ကြီးလှုပ်လေသည်။ အညာရပ်မြေတွင် မကြုံဘူးသောလျှောင်ကြီးဖြစ်လေရာ ဗန္ဓုလစစ်သူကြီး၏ ဇာတိရွာဖြစ်သောပရင်း၌ စေတီတော်လေးဆူပင် ပြိုကျသွားကြသည်။ ဆရာတော်ဦးပညာက ဒီလျှောင်ဟာ ငါသေဖို့တိတ်နိမိတ်ကြီးပြခြင်းဖြစ်တယ်၊ ဆေးမကုကြနှင့်တော့ဟု အမိန့်ရှိ၏၊ ထို့နောက် ၃-ရက်အကြာ တော်သလင်းလဆုတ် ၆-ရက်၊ တနင်္ဂနွေနေ့တွင် ခန္ဓာဟောင်းကိုစွန့်၍ တမလွန်ဘဝနတ်ထံသို့ ပြောင်းကြွပျံလွန်တော်မူသွားရှာလေသည်။

# နိကာယဆုံးဖြတ်ချက် ရက်ကြာမထားရ

ပျံလွန်ပြီးလျှင် ရပ်နီးရပ်ဝေးတို့မှ တပည့်ကြီးများ ကြွရောက်လာလိမ့်နိုးနှင့် ၃-ရက်ကြာအောင် စောင့်မျှော်ဆိုင်း၍ထားကြသည်။ ၃-ရက်ကြာလျှင် ရှိသမျှတပည့်စာချဆရာတော်ကြီးငယ်တို့ စုဝေး၍ ၁၃၀၂-ခုနှစ်၊ စာသင်တိုက်ပေါင်း (၈၀)ကျော်တို့၏ မဟာဝိသုတာရာမိက ဂဏာဝါစက နိကာယအဖွဲ့ကြီး၏ စည်းဝေးဆုံးဖြတ်ချက်အရ စီစဉ်လိုက်ကြသည်။ (ထိုဆုံးဖြတ်ချက်မှာ စာသင်တိုက် ဦးစီးဆရာတော်ကြီးများပျံလွန်လျှင် အများဆုံး ၁၅-ရက်သာထားရန်ဖြစ်၏၊) သို့သော် ခေတ်ကာလ၏ လမ်းပန်းသွားလာရေး မလွယ်ကူမှုကြောင့် ၅-ရက်ပိုထားရသဖြင့် ရက်ပေါင်း ၂၀-ဖြစ်သွား၏၊ သီတင်းကျွတ်လဆန်း ၁၃-ရက်နေ့ ၁၂-နာရီအချိန်တွင် ကောင်းမွန်ကြီးကျယ်ခမ်းနားစွာဖြင့် နောက်ဆုံး အဂ္ဂိဈာပနသင်္ဂြိုဟ်လိုက်ကြလေသည်။

# လှူဒါန်းကန်တော့ကြ များလှစွာ

ဆရာတော်ကြီး ဈာပနကိစ္စအတွက် ဘုန်းကြီးများ၏ ကူပံ့ခြင်းလက်မခံကြောင်း ကြော်ငြာထားသဖြင့် တပည့်ကြီးငယ် ကျောင်းထိုင်ဘုန်းကြီးပေါင်းများစွာတို့က လှူဒါန်းဖွယ်ဝတ္ထုအမျိုးမျိုးဖြင့် လာရောက်ကန်တော့သွားကြသည်။ လှူဒါယကာတို့က အထူးသဒ္ဓါကြည်ညိုစွာနှင့် လာရောက်လှူဒါန်းကြသည်မှာ မကြာမီရက်အတွင်း ငွေ ၃၀၀၀၀ိ/-

(သုံးသောင်းကျော်)ရလေသည်။ စျာပနကိစ္စတွင် ၂၅၀၀၀ိ/-ကျော်သာ ကုန်ကျ၍ ကျန်နေသေး၏။

# စတုဒိသာနှင့် ပွဲသဘင်များ

ဆရာတော် ပျံလွန်တော်မူပြီးလျှင် တစ်ဘဝတစ်ခါ နောက်ဆုံးပြုစုကန်တော့ လိုက်ခြင်းပဲဟု လူရှင်ရဟန်းများစွာသော ပရိသတ်တို့သည် ကျောင်းတိုက်ကြီးတွင် ထွက်ဝင်မစဲ စည်ကားလှသည်။ သီတင်းကျွတ်လဆန်း (၈)ရက်နေ့ညမှစ၍ ညစဉ် ၁၃-ရက်နေ့ညအထိ ညလုံးပေါက် ဇာတ်၊ ရုပ်သေး၊ အငြိမ့်၊ သဘင်မျိုးစုံပွဲများ ကျင်းပဧည့်ခံကြသည်။ အကျွေးအမွေးဘက်မှာလည်း ကောင်းမွန်သော ထမင်းဟင်းတို့ဖြင့် လာလေသမျှ ပရိသတ်အားလုံး စတုဒိသာရုံကြီးတွေထား၍ ကျွေးမွေးကြသည်။ ပွဲကြည့်လာသူပါမကျန် မစားရသူဟူ၍ မရှိစေရ၊ အဝကျွေးမွေးကြသည်။

# ရွှေခေါင်း ငွေခေါင်း ကနုတ္တဒန် ထီးဖြူတို့နှင့်

ဆရာတော်ကြီး၏ အလောင်းတော်ကို ထီးဖြူရုံဖွင့်၍ ရွှေသလွန်ပေါ်တွင် အလွန်လှပသော ရွှေသားခေါင်းနှစ်လုံးနှင့် ငွေသားပေါ် ရွှေခြူးပန်းရုပ်စုံကွပ်ထားသော ခေါင်းတစ်လုံးတို့ဖြင့် လှည့်လည်၍ ထားကြသည်။ကနုတ္တဒန်ထီးနှင့် ထီးဖြူတို့ဖြင့် ဆောင်းမိုးလျက် ကြည့်ရှုမငြီး ပြဒါန်ပန်းစုံ ဆင်ယင်ထားကြသည်မှာ မြင်ရသူတိုင်း ကြည်နူးဝမ်းနည်းဖွယ်ကြီးပင် ဖြစ်တော့သည်။

# ကြီးမားသောမေတ္တာကြောင့် မျက်ရည်မကျသူမရှိ

သင်္ဂြိုဟ်သောနေ့မှာ မိုးမရွာ၊ လေမတိုက်၊ နေလည်းမပူချေ၊ ကျောင်းတိုက်ကြီးမှ အလောင်းတော်ကို ခံတောသို့ ထုတ်ဆောင်သောအခါ ဆရာတော်ကြီးမှစ၍ ကိုရင်ကလေးများတိုင် အဘိုးကြီး, အမယ်ကြီးတွေမှစ၍ ကလေးငယ်များတိုင် လူရှင်ရဟန်းမျက်ရည်မကျသူမရှိ၊ ဖြေမဆည်နိုင်၊ ငိုမျက်ရည်နှင့် သံဝေတင်မရနိုင်အောင် ဖြစ်ကြရသည်။ နေ့ ၁၂-နာရီအချိန် ကျောင်းတိုက်ကြီးမှ သုသာန်သို့ ထုတ်ဆောင်သော အခမ်းအနားမှာ -

(၁) ရှေးဦးဆုံးမှ မင်္ဂလာစည်တော်ကြီး။ (၂) ဘုရားတင်ပြာသာဒ်နှင့် ဗုဒ္ဓရုပ်တုတော်။ (၃) နရီဆိုင်းအဖွဲ့မှ ရေကင်းသံနှင့် ကောင်းကင်ကြိုးများတီးလျက်။ (၄)

သံဃာတော်များ၊ ဆရာတော် ဦးနန္ဒဝံသနှင့် ဆရာတော် ဦးသုနန္ဒရတို့နှစ်ပါး ရှေ့ဆုံးမှကြွ၍ သံဃာတော်များ ထေရ်စဉ်ဝါလိုက် နှစ်တန်းစီတန်းကြွကြရာ ဖူးမြင်ရသူတိုင်း လွမ်းစရာကြီး ဖြစ်ကြသည်။ (၅) ထို့နောက်မှ တူရိယာအဖွဲ့မှ ကောင်းကင်ကြိုးတီးလျက်။ (၆) မင်းခမ်း မင်းနားအဖွဲ့။ (၇) ဆရာတော်ကြီး၏ အလောင်းတော်တင်ဆောင်လာသော ပြာသာဒ် ရထားကြီး။ (၈) ထို့နောက်မှ စိန်ဘညိုအဖွဲ့။ (၉) ကိုဘစောအဖွဲ့။ (၁၀) မောင်ဘစော၏ ခေတ်သစ်စိန်အဖွဲ့တို့က စီစဉ်ကာ လိုက်ပါကြသည်။

သုသာန်ရောက်၍ သရဏဂုံတင်ရာတွင် သံဃာတော် ၃၀၀-တို့အား ဝတ္ထု ၂၀-ကျပ်စီ၊ အထူးပင့်သော သံဃာတော် ၅၀-တို့အား ဆန်တစ်အိတ်စီပါ လှူကြ၏။

# များလှသော နံ့သာထင်းတိုဖြင့်

ခံတောသုသာန် ၅၀၀-ကျပ်တန် လောင်တိုက်ကြီးအောက်တွင် အလွန်ကြီးကျယ် မြင့်မားလှသော သနပ်ခါးနံ့သာ ထင်းပုံကြီးပေါ်တင်၍ အနန္တကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီး၏ ရုပ်အလောင်းတော်ကို အားရအောင်ဖူးမြော်ကြပြီးလျှင် မီးသင်္ဂြိုဟ်၍ နောက်ဆုံးကန်တော့လိုက်ကြသည်။ အရပ်ရပ်မှ သနားကိုင်းလှူဒါန်းကြသူတို့မှာ များပြား လှလေရာ ကားနှင့်တိုက်ယူရ၏၊ သင်္ဂြိုဟ်ရာတွင်သုံး၍ မကုန်နိုင်သောကြောင့် မူလဆရာတော်ကြီး ဥဂန္ဓ၏အရိုးအိုးစေတီဂူအနီး၌ သွားရောက်မီးပူဇော်ကြရသည်။ ဈာပနပွဲအပြီးမှာပင် အရပ်ရပ်လေးမျက်နှာတို့မှ ဘဖွဲ့ဖွဲ့ပို့လှူနေကြဆဲရှိသေး၏။

# အဂ္ဂမဟာပဏ္ဍိတ မလိုလားချေ

ဆရာတော်ကြီးသည် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယအဖွဲ့ကြီး၏ အကြီးအမှူး ဥက္ကဋ္ဌဖြစ်တော်မူ၏၊ ပထမ မဟာဝိသုတာရာမ နာယကဖြစ်တော်မူ၏၊ မြန်မာပြည်အရပ်ရပ်မှ ဂိုဏ်းဂဏမရွေးရဟန်း သာမဏေပေါင်းများစွာတို့၏ ကြည်ညို လေးစားအားထားရာ ဖြစ်တော်မူ၏၊ ဒါယကာ, ဒါယိကာမပေါင်းများစွာတို့က ကြည်ညို လေးစားကြ၏၊ ဆရာတော်ကြီးဦးပညာသည် မေတ္တာဖြင့် တပည့်လေးများတို့ကို အုပ်ချုပ်တော်မူ၍ ထက်မြက်သော ပညာစေတနာရှိတော်မူ၏၊ ထူးခြားချက်မှာ အဂ္ဂမဟာ ပဏ္ဍိတဘွဲ့ တံဆိပ်ပေးလှူခံရသည်ကို မလိုလားဆုံးဖြစ်သည်။ ဆရာတော်ကြီးကို အသိ မပေးဘဲ ရွှေဂူတိုက်ဦးပုကြီးက ဆရာတော်ကိုယ်စားပြုယူထားပြီးမှသိရ၍ သေးသိမ်သော ဂုဏ်ကို လက်ခံရပါမည်လောဟု ပြောဆိုကြိမ်းမောင်းကြောင်း ကြားရဖူး၏။

စင်စစ် ပင်ကိုအားဖြင့် သီလ, သမာဓိဂုဏ်, ပညာဂုဏ်, မေတ္တာ, စေတနာဂုဏ်နှင့် လက်ရှိဆောင်ရွက်နေသော ပရိယတ္တိလုပ်ငန်းကြီးတို့ကြောင့် မြောက်မြားစွာသော ဂုဏ်ပေါင်းအရှင် ဖြစ်နေပြီးရှိရာ အဂ္ဂမဟာပဏ္ဍိတ,က ပို၍ ဂုဏ်တက်လာသည် မဟုတ်ပေ၊ ဆရာမှိုင်းကြီးကို အလင်္ကာကျော်စွာ ဘွဲ့ပေးခဲ့ရသကဲ့သို့ ဂုဏ်နိမ့်သူအဆင့်အတန်းမတူသူတွေနှင့် တစ်တန်းတစ်စားတည်းထားရာ ကျသွားသေး၏၊ အဂ္ဂမဟာပဏ္ဍိတသည် လူအချို့ပင် ရနေကြသည်မဟုတ်ပါလော။

# ဇာတိနှင့် သက်တော်

ဆရာတော်ကြီးဇာတိမှာ မြင်းခြံခရိုင် ပုဂံနယ် တောင်ဆင်း ခွေပြုတ်ရွာမှ သူကြီးသားဖြစ်၏၊ ၁၂၄၀-ပြည့်ဖွားဖြစ်ရာ သက်တော် ၆၉၊ သိက္ခာတော် ၅၀-အရတွင် ပျံလွန်တော်မူရှာသည်။ ရဟန်းနှစ်ဝါကစပြီး မဟာဝိသုတာရာမ စာသင်တိုက်ကြီးကို ဦးစီးကာ သံဃာတော်များအား အုပ်ချုပ်တော်မူခဲ့ရလေသည်။

ဆရာတော်ကြီး၏ ထိုဝါတွင်းက ချုပ်ပို့လက်စစာဝါမှာ ပါရာဇိကဏ်ပါဠိတော် တစ်အင်္ဂါလောက်နှင့် အဋ္ဌသာလိနီအဋ္ဌကထာ ထက်ဝက်လောက်ကျန်ရစ်သည်။ ဒါယကာကိုရွှေဝင်းကလျှောက်၍ ရေးသားပြုစုခဲ့သော မင်္ဂလသုတ်ဋီကာနှင့် ဋီကာကျော် နိဿယကျမ်း သုံးကျမ်းတွဲစာရေးပြီး စာမူများ ကျန်ရစ်ကြောင်းသိရ၏။

# ပထမတာဝန်ခံ ဆရာတော် (၄)ပါး

ရှေးဆရာတော်ကြီးတို့အမြင်မှာ ကြိုတင်၍ စီစဉ်ထားခဲ့တတ်ကြ၏၊ မဟာဝိသုတာရာမတိုက်ကြီးကို ပခုက္ကူမြို့၌ စတင်တည်ထောင်တော်မူသော ရေစကြိုဆရာတော်ဘုရားကြီးက ရေစကြိုသို့ ပြန်ကြွတော်မူသည့်အခါတွင် ကျောင်းတိုက်ကြီးကို တည်မည်ဆိုလျှင် ဦးပဉ္စင်းများ တာဝန်ခံမှ လက်ခံမည်ဟု အမိန့်ရှိပြီး ပထမတာဝန်ခံလေးပါး ထားရှိလေသည်။

(၁) ဆရာတော် ဦးပညာ၊ (၂) ဆရာတော် ဦးနန္ဒိယ၊ (၃) ဆရာတော် ဦးအဂ္ဂ၊ (၄) ဆရာတော် ဦးနန္ဒဝံသတို့ လေးပါးကို တာဝန်ခံပေးခဲ့လေသည်။ ယခုအခါ ဆရာတော် ဦးပညာကို သူ့အမိန့်နာခံလျှင် ဉာဏ်ပူဇော်ခ ပိုးသင်္ကန်းတစ်စုံပေးမည်ဟုဆိုပြီး ခံယူပါမည် ဝန်ခံသောကြောင့် ပေးလေသည်။ ဆရာတော် ဦးနန္ဒဝံသကိုလည်း နှစ်ထပ်သင်္ကန်း

တစ်ထည် ချီးမြှင့်ခံရသည်။ ၎င်းဆရာတော်သည် နောက်မှရောက်သူဖြစ်၏၊ ဇာတိ မြင်းခြံခရိုင် သားရောက် ရှင်သာမွေးရွာသား၊ ၁၂၄၄-ခုဖွား ဖြစ်သည်။ ညောင်ဦးနှင့် ညောင်တုန်းတို့၌ သီတင်းသုံးဖူးသောကြောင့် ညောင်ဦးဆရာတော်, ညောင်တုန်းဆရာတော်ဟူ၍လည်း တွင်၏၊ နောင်အခါ ပခုက္ကူတိုက်ကြီး၌ပင် ၁၃၁၉-ခုနှစ်တွင် ပျံလွန်တော်မူရှာသည်။

ဆရာတော်ဦးနန္ဒိယသည် ရေစကြိုတစ်ဖက်ကမ်း မြင်းမူနယ် ရွှေတစ်ချောင်းရွာဇာတိဖြစ်၏၊ ဆရာတော်ဦးအဂ္ဂသည် မြင်းခြံခရိုင် အလုံနယ်သား ၁၂၄၀-ပြည့်ဖွားပင်ဖြစ်သည်။ နောင်အခါ မန္တလေးအနောက်ပြင် အဘယာရာမ ရွှေဂူတိုက်ဆရာတော်ဖြစ်သွား၏၊ ၁၃၀၆-ခုနှစ်တွင် ပျံလွန်တော်မူရှာသည်။

# လွမ်းစိတ်နှင့် သံဝေဂတင်စို့

ဩော် ... ရှေးဆရာတော် ကျေးဇူးရှင်ကြီးတို့အကြောင်းကို တွေးကြည့်လျှင် ဆွေးမပြေစရာကဲ့သို့ ကြည်ညိုဖွယ်ဂုဏ်သတင်းသာ ကွင်းရစ်တော့သည်။ အထက်ပါ အကြောင်းများကို မိန့်ကြားကြရှာပေသော ဦးနန္ဒဝံဆရာတော်နှင့် ဘုရားကြီးဆရာတော် ဦးကောဏ္ဍညတို့သည် ထိုစဉ်ဒိုင်ယာရီမှ ယခုဤမှတ်တမ်းကို အာသံနယ်ခြား တောင်ကြီးပေါ်၌ ပြုပြင်ရေးကူးနေသောအချိန်တွင် မရှိရှာကြတော့ပေ၊ ဘုရားကြီးဆရာတော်သည် ၁၃၁၉-ခုနှစ်ကပင် ပျံလွန်တော်မူလေပြီ၊ မမြဲသော ဘဝသခ်ီရလောကကြီးကိုကြည့်၍ တရားသံဝေဂနှင့်သာ ဖြေရပေတော့မည်။

ဤသို့သော အကြောင်းအရာမှ မှတ်တမ်းတင်၍ ရေးသားခြင်းဖြင့်ပင် ထိုထိုဆရာတော်ကြီးများကို ကျေးဇူးဆပ်ရပါတော့သည်။

# တစ်ဦးမပေါ် တစ်ဦးပေါ်၏

၁၃၀၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃-ရက်။ တန်ဆောင်မုန်းလသည် ရန်ကုန်မြို့၌ ကထိန်ခေတ်ကြီးဖြစ်လေရာ သူများကျောင်းတိုက်၌ ကထိန်ပွဲတွေကျင်းပနေကြသော်လည်း မိမိကျောင်းနှင့် ရွာမဆရာတော်ကြီးကျောင်းမှာ ကထိန်ဒါယကာမပေါ်ချေ။ ကံတူအကျိုးပေးဟု ဆိုစရာ ရယ်စရာပြောနေကြစဉ် ပေါ်မည့်ပေါ်တော့ မိမိကျောင်းမှာ နှစ်ဦးပြိုင်ပေါ်လာ၍ စပ်ပေးရသေး၏၊ နှစ်စဉ်ခင်းနေကျ လှိုင်မြစ်လမ်း

ဒါယကာများနှင့် ကြည့်မြင်တိုင် ရေတွင်းကုန်းရပ် စုံနံ့သာမြိုင် အထည်ပုံရိုက်ဆိုင် ကိုချစ်ထွန်းတို့က ဖြစ်ရာ ယနေ့သံဃာတော် ၅၀-ကျော်ပင့်၍ ၂၂၀၀-ကျပ်ကျော်တန် ကထိန်ပွဲကြီးခင်းကြလေသည်။

ဇာတ်ပွဲတွေပင်ပါသေးရာ ဖုံးကျော်ကျော်ဇာတ်အဖွဲ့ကြီးမှ ဇာတ်ပိုင်ရှင်မင်းသားကြီး ဦးဘဖုံး၊ ကျော်သန်းစိန်၊ ကျော်သိန်းစိန်၊ မင်းသားနှစ်လက်နှင့် ကူညီကြသော မင်းသားရွှေဒေါင်းဖို၊ မယ်ဒလင်အောင်စိန်တို့ပါ ကပြကြရာ လူကြိုက်များလှ၍ မိမိကထိန်မှာ နာမည်ကျော်သွားသေးသည်။ သို့ရာတွင် ထိုပွဲကို ဘုန်းကြီးမမြင်ရပေ၊ လွန်ခဲ့သော ၁၀-ရက်နေ့က ကထိန် (၉)ဦးဆုံပင့်ထား၍ လိုက်နေရခိုက် ဇာတ်စင်ဆောက်သောလူများက သူတို့အိမ်အနီး သွားဆောက်ထားကြသောကြောင့် ဆိုင်းသံသဲ့သဲ့ ကြားရ၏၊ တစ်နည်းလည်း အိပ်ရေးမပျက်၍ ကောင်းသည်ပင်။

## တူမယ့်တူတော့ ဒုလ္လဘတွေပါ

ရွာမဆရာတော်ကြီး ကျောင်း၌လည်း ဦးစစ်ဝေက ဒါယကာပေါ်၍ ၁၄-ရက်နေ့တွင် ကထိန်ခင်းလေသည်။ ကံတူအကျိုးပေးဆိုရလောက်အောင် တူမယ့်တူတော့ မိမိကျောင်းကထိန်ပွဲတွင် ဒုလ္လဘရဟန်းခံသူ တစ်ပါးပါသည်။ ရွာမဆရာတော်ကျောင်း ကထိန်ပွဲ၌လည်း ကံဇာတာညှဲသည်ဟုဆိုသူ ဒုလ္လဘရဟန်းနှစ်ပါး ပါဝင်ပြန်လေသည်။ ဤကထိန်ခေတ်မှာ ရိုးရိုးသားသားနေသော ဘုန်းကြီးမှန်သမျှ ကထိန်ကိုရှောင်၍ မလွတ်ပေ၊ တစ်ဦးမပေါ် တစ်ဦးပေါ်မည်သာတည်း။

## ပစ္စည်းစွန့်သော ဘုန်းကြီး

၁၃၀၈-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃-ရက်။ အနာဂတ်ကာလတွင် ဒါနယုဂခေတ်သို့ ပြန်ရောက်၍ ဘုန်းကြီးများပစ္စည်းတွေ စွန့်ကြလိမ့်မည်ဟု ပြောစဉ်ရှိရာ ယခုကပင် စတင်ကြပြီဟု ဆိုရန်ရှိ၏၊ ယနေ့ကမာရွတ်ရွာသစ်ကျောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ သွားရာ ထိုကျောင်းထိုင်ဘုန်းကြီး ဦးနန္ဒိယက ၎င်းအတွက် ကထိန်ခေတ်ကာလအတွင်း ရရှိထားသမျှပစ္စည်းအားလုံး ယနေ့ဘုရားပွဲပင့် သံဃာတို့အား မဲချလှူလေရာ ချီးမွမ်းစရာ ဝမ်းမြောက်စရာ သာဓုခေါ်ရပေမည်။

နောင်အခါ၌လည်း ရဟန်းတို့သည် ပစ္စည်းတွေ မခင်မင်ကြတော့ဘဲ ဤသို့ပင် စွန့်၍လှူဒါန်းကြတော့မည်ဟု ဆိုထားသော ကိန်းရှိလေသည်။ ယခုခေတ် အချို့ကျောင်း

တို့တွင် အသုံးအဆောင်ပစ္စည်းတွေ လိုသည်ထက် ပိုနေလေရာ ငြိးငွေ့ကြရသည်ဟုပင် ကြားရချေပြီ။

## ဘုန်းကြီးကြားနှင့် နှစ်ကျပ်တန်အလှူ

တန်ဆောင်မုန်းလဆုတ် ၁၃-ရက်။ ဘုန်းကြီးလောကတွင် တစ်ခါတစ်ရံ ရယ်ရာတွေ့ရတတ်ပေရာ ယနေ့ကမာရွတ်ရွာမ ဆရာတော်ကြီးကျောင်း၌ သားကြီးရှင်ဖြစ် လုပ်ရှာသော အလှူတစ်ခုရှိ၏ အလှူဒါယကာသည် ဆိပ်ကြီးအနွယ်ဖြစ်ဟန်တူသည်။ ဆိပ်ကြီးမှ ဘုန်းကြီးတစ်ပါးကိုလည်း ပင့်လေသည်။ ထိုဘုန်းကြီးသည် ရန်ကုန်အလှူ လိုက်ရန်ဟု အရောင်တဖိတ်ဖိတ်တောက်နေသော ပိုးသက်န်းတံဆိပ်အသစ်ကျပ်ချွတ်ကြီးကို ဝတ်ရုံလျက် ကမာရွတ်ကားဆိပ်မှ ရွာမကျောင်းအရောက်ပင် ခြေကျင်မလျှောက် မြင်းလှည်းငှားလာလေသည်။ ရန်ကုန်အလှူဆိုတာ လိုက်ခဲရဘိခြင်း အစားကောင်းတွေ ကျွေးမွေး၍ အလှူဝတ္ထုတွေလည်း နည်းလှမည်မဟုတ် ကြီးကျယ်ခမ်းနားသော အလှူ မဏ္ဍပ်ကြီးတွင် ငွေပဒေသာပင်တွေနှင့် ဖြစ်လိမ့်မည်၊ အထက်တန်းကျကျ သွားလေမှ တော်မည်ဟု စိတ်ကူးနှင့် ကြွခဲ့ဟန်တူ၏။

## ကြားလေသမျှ မှားလေစွ

သို့ရာတွင် ရောက်သောအခါ ဆန်းကြယ်စွာသော မဏ္ဍပ်ကြီးကိုလည်းမတွေ့ရ၊ ငွေပဒေသာပင်လည်းမမြင်၊ ကျောင်းကြီးအောက်ထပ်ခြောက်ကပ်ကပ်နှင့် ဗျောတီး နေသည်သာ မြင်ရ၏၊ လှူပရိသတ်ပင်မများချေ၊ အလှူရေစက်ချပြီး၍ အသီးသီးလှူလိုက် သည်ကား စာအိတ်ကလေးနှင့် ကျပ်တန်နှစ်ရွက်စီသာဖြစ်၏၊ "ထင်ကြေးနှယ် မကိုက်လိုက် လေဟရို့"ဟု စိတ်ထဲကညည်းတွားလေသလားမသိ၊ အရောင်တောက်လှသော ပိုးသက်န်း ကြီးနှင့် ခပ်မြန်မြန်ပင် ကြွသွားလေတော့သည်။

"ငါ ကြားလေသမျှ မှားလေခြင်း ရန်ကုန်အလှူလိုက်ရတာဟာဖြင့် ရှုံးလိုက်လေ၊ ငါ့ပိုးသက်န်းကြီး ကျေရုံနွမ်းရုံအဖတ်တင်ရဲ့၊ သူ့အလှူဝတ္ထုကဖြင့် မြင်းလှည်းခတောင် မကျေဘူး အလားကားပဲ"ဟု အပြန်တွင် စိတ်ထဲက မြည်တွန်သွားကောင်းသွားပေ လိမ့်မည်။ ကမာရွတ်ဘုန်းကြီးများကဖြင့် ထိုဆိပ်ကြီးဘုန်းကြီးကိုကြည့်၍ ပြုံးတော်မူကြ လေသည်။ ရသေ့ရဟန်းတို့မည်သည် ရိုးသားရမည်ဖြစ်လျက် ကြွားဝါမိပေသကိုး။

# ဆွမ်းဆံထောက် စေတနာသင်း

နေ့ဆွမ်းစားနေကြခိုက် လမ်းမကြီးပေါ်မှ ကြေးစည်သံတဝေဝေကြားရ၍ မျှော်ကြည့်မိစဉ် ကိုချစ်လှနှင့် ဒကာကြီးသုံးဦးတို့သည် ဆန်တောင်းတွေထမ်း၍ ဘုန်းကြီးထံ ရောက်လာကြသည်။ နောက်ထပ် ဦးလုံထော်၊ ဦးထွန်းအုံ၊ ဦးချစ်မှိန်၊ ဦးဘိုးဆန်း၊ ကိုဘအေး စသည်တို့ လိုက်ပါခဲ့ကြပြီး "အရှင်ဘုရားကျောင်းအတွက် ဆွမ်းဆန်စိမ်းလှူပါသည်ဘုရား၊ လစဉ် ဤသို့ပင် လှူသွားကြပါမည်၊ အသင်းလည်း တည်ထောင်ထားကြပြီ"ဟု လျှောက်မှ သိရပေ၏၊ စေတိယင်္ဂဏမအောင်ဘဲနှင့် လစဉ်ဆန်ထောက်သင်း ပေါ်နေလေတော့သည်။

# ထိုအရပ်နှင့် ထိုဂိုဏ်းတွေ

တန်ဆောင်မုန်းလဆုတ် ၁၅-ရက်။ ညနေ မိုးချုပ်တွင် သာယာကုန်းကျောင်း ဘုန်းကြီး ဦးဓမ္မိဿရကြွလာပြီး မိမိကျောင်း၌ ညတည်းခို၏၊ သူတို့နေသော အင်းစိန် တစ်ဖက်ကမ်းရှိ တောကျေးလက်ရွာတို့မှာ သံဃာဂိုဏ်းကွဲတွေ များလှသည်။ ခုခေတ် ဒကာ, ဒကာမတွေကလည်း, ဆွမ်းကလေးတစ်အုပ်လောက်ချက်နိုင် ကျောင်းကလေး ပုတ်လောက် ဆောက်နိုင်လျှင် ဘုန်းကြီးပင့်တင်, ကျောင်းခွဲကိုးကွယ်ချင်ကြတဲ့ စိတ်တွေ မွေးမြူနေကြတယ်၊ ကျောင်းထိုင်တောထွက်ကြီးတွေကလည်း ဘိုသီဘတ်သီနဲ့ အနှစ်မရှိ၊ ဒကာတွေကလည်း စကားများများ၊ သာသနာကြီးတော့ ကဘောက်ကချောကြီး ဖြစ်နေ ပါပြီဟု စိတ်ပျက်စွာနှင့် ညည်းညူ၍ပြောသွား၏၊ သူတော့ ဘယ်ဂိုဏ်းမှ မဝင်ဘဲ နေလိုက်တယ်ဟုလည်းပြော၏။

# သီဟိုဠ် (သီရိလင်္ကာ)သွား ခရီးစရိတ်

နတ်တော်လဆန်း ၁-ရက်။ တပ်တွင်းဒုလ္လဘရဟန်းခံနှင့် သမိုင်းကုန်း ခမည်းတော်ပြန် သွားရာမှ ပြန်အလာတွင် ချပ်သင်း ဦးကုဏ္ဍလနှင့် ဦးသီလာစာရတို့ ကျောင်းရောက်နေနှင့်ကြသည်ကို တွေ့ရ၏၊ ဦးသီလာစာရက ယခုနတ်တော်လဆုတ် ၃-ရက်နေ့၊ အင်္ဂါနေ့တွင် သီဟိုဠ် (သီရိလင်္ကာ)သွားမည်ဖြစ်၍ ခရီးစရိတ် ၃၀၀-ကျပ်လိုရာ ၂၈၀-ကျပ်သာရှိ၍ ၂၀-ကျပ်လိုကြောင်းလျှောက်သဖြင့် မိမိလည်း ခရီးသွားနေကျဖြစ်သော ကြောင့် ကိုယ်ချင်းစာမိသည်။ စေတနာလွယ်စွာပင် လှူလိုက်၏၊ ဝမ်းမြောက်၍ ပြန်သွား လေသည်။

## အမောလိုက်ရသော အသုဘ

နတ်တော်လဆန်း ၁-ရက်။ ယနေ့ ဦးဘိုးရှင်၏ သားထွေး ၁၂-နှစ်ရွယ် မောင်တင်ထွန်းအသုဘအတွက်ပင့်၍ ကြံတောသုသာန်သို့သွားရာ ကမ္ဗဋ္ဌာန်းဆရာ ဦးသင်ကြီးတို့လူစု အသုဘတစ်ခုချလာကြသည်။ ရထားမပါ, လက်တွန်းလှည်းလည်း မဟုတ်၊ ခေါင်းကို ကြိုးတပ်၍ လူနှစ်ယောက် ဦးပဲ့ထမ်းကာ မြုပ်မည့်တွင်းရှိရာသို့ အပြေး ထမ်းယူသွားကြသည်ကိုမြင်ရ၏၊ ဘုန်းကြီးလည်းမပါ, နောက်မှလိုက်ပို့ကြသူတို့သည် မမီ မကမ်းနှင့် အပြေးလိုက်လာကြသည်။ ဒကာမကြီးတစ်ဦးက "သူတို့ကမ္ဗဋ္ဌာန်းဆရာကြီးတွေမို့ ထင်ရာလုပ်ကြတာပဲ၊ အသုဘပို့လိုက်ရတာ သေလောက်နီးမောရဲ့၊ ဒါတောင်မမီလိုက်ဘူး" ဟု ဘုန်းကြီးရှေ့တွင် အပြစ်တင်သံကြားရ၏၊ သေသူမှာ ခြံထဲ၌ ပန်းစိုက်၍ အသက်မွေး နေရှာသော ကိုအေးမောင်ဆိုသူဖြစ်၍ ရိုးရိုးဖျားပြီး သေကြောင်းသိရ၏၊ နောက်မှလိုက်၍ ငိုသူပင် မလိုက်နိုင်၍ အဝေးကြီးမှ ကျန်ရစ်၏၊ မိလာသောအခါ မြုပ်နေကြပြီ၊ "သေပြီးမှ မထူးပါဘူး"ဟု ကမ္ဗဋ္ဌာန်းဆရာတို့ ယူဆကြဟန်တူ၏။

## ရှမ်းဆရာကြီး ဦးစောရွှေ

၁၃၀၈-ခုနှစ်၊ နတ်တော်လဆန်း ၁၄-ရက်။ ရှမ်းဆရာကြီး - ယောဆရာကြီးတို့ စွမ်းပုံတစ်ဆင့်စကား ကြားဖူးသော်လည်း နီးကပ်စွာမသိဖူးချေ၊ ယနေ့ ဆွမ်းစားနေကြခိုက် "ဦးပညာတွေ့ချင်၍"ဟုမေးပြီး ရှမ်းဆရာအဘိုးကြီးတစ်ဦး ရောက်လာ၏၊ ဘုန်းကြီးများ အနီး၌ထိုင်နေသော ဘုတလင်ကိုဘအေးနှင့် စကားပြောရင်း လေပေးဖြောင့်သွားကြသည်။ ရှမ်းဆရာကြီးသည် သိန္နီမြို့ဈေးတောင်ဘက်၌နေသော သိန္နီစော်ဘွားကြီး ကိုးကွယ်သည့် ဆရာကြီး ဆရာဖြူ၏သား အသက် ၆၂-နှစ်ရှိ ဆရာဦးစောရွှေဆိုသူဖြစ်ကြောင်းသိရ၏၊ ဓာတ်ပိန္နော, ပယောဂနှင့် အင်းအိုင်ဒေးမျိုးမျိုးတတ်သော ရှမ်းဆရာကြီးဟုပြောပြ၏။

## မြို့သုံးမြို့၏ ရေးသမိုင်း

၎င်းက "ခေတ္တတည်းခိုပါရစေ၊ ပြည်ဘက် ခရီးဆက်သွားပါမည်"ဟု တောင်းပန်၍ ခွင့်ပြုထားလိုက်သည်။ ရှမ်းဂဒူး-သိမ်းဖောတို့အကြောင်းကို အတော်ကျွမ်းကျင်စွာ ပြောပြ တတ်သည်။ မိမိမှာ သူ၏လောကီပညာမျိုးကို ဝါသနာမပါ၍ မေးမြန်းမကြည့်သော်လည်း ကချင်တောင်တန်းနယ် သာသနာပြုသွားစဉ် မကြာခဏရောက်လေ့ရှိသော မိုးကောင်း,

မိုးညှင်း, မိုးမိတ်တို့၏ အတိတ်ရာဇဝင်သမိုင်း (အိမ်ခြေတစ်သောင်း, ကျောင်းပေါင်းတစ်ထောင်)တို့အကြောင်းကို ခြေခြေမြစ်မြစ် ပြောပြဖော်ရသဖြင့် ကျေးဇူးရှိပေသည်။

သွားချည်ပြန်လှည့်ဖြင့် မိမိကျောင်း၌ သူ၏အမြဲတည်းခိုရာဌာနဖြစ်၍ နှစ်ကြာမြင့်စွာဆက်လက်နေသွားသည်။ မူလ အိမ်ထောင်ပျက်ပြီး နောက်အိမ်ထောင်တို့လည်း မမြဲသောကြောင့် နေမိနေရာ နေလေတော့ရာ နောင်မိမိတောင်တန်းတို့၌ သွားရောက်သာသနာပြုနေစဉ် မိမိကျောင်း၌ပင် ကွယ်လွန်၍ ရပ်ရွာကစုပေါင်းသင်္ဂြိုဟ်လိုက်ကြောင်းသိရ၏၊ ၎င်းထံ၌ အင်းတော်ကြီးမှ ရထားသည်ဆိုသော နဂါးပေါက်စ အသေခြောက်ကလေးများပါခဲ့၍ ကြည့်ရပေသည်။ ပယောဂဆရာဖြစ်ရာ ပယောဂနှင့်ကွယ်လွန်သည်ဟူ၍လည်း ပြောကြ၏။

# ဦးခေါင်းလှည့်ရာ ဘုရားအမည်ခြားပုံ

၁၃၀၈-ခုနှစ်၊ နတ်တော်လဆုတ် ၂-ရက်။ ရွှေသာလျောင်းဘုရား၊ ပေါင်းလောင်းရှင် ဘုရား စသည်ခေါ်နေကြသော်လည်း ဘာကြောင့် ဤသို့ခေါ်စမှတ်ပြုသည်ကို လူသိနည်း၏၊ စင်စစ်မှာ လျောင်းတော်မူရုပ်ပွားတော်များကို ဦးခေါင်းတော်လှည့်ရာဌာနစွဲ၍ အမည်ထူးခြားနေခြင်းမျှဖြစ်၏၊ တင်ပျဉ်ခွေထိုင်နှင့် ရပ်တော်မူဘုရားတို့အမည် မဟုတ်၊ စေတီတို့၏ အမည်လည်းမဟုတ်ပေ၊ ရှေးက သံပေါက်မှာ အောက်ပါအတိုင်းဖြစ်၏ -

(၁) အရှေ့ဦးခေါင်း၊ ရွှေသာလျောင်း၊ ပေါင်းလောင်းဒက္ခိဏာ။
(၂) အနောက်နေရဘန်၊ မြောက်နိဗ္ဗာန်၊ လေးတန်ခေါ်ဝေါဟာ။

# လျောင်းတော်မူ ဘုရားလေးမျိုး

အရှေ့ဘက်သို့ မျက်နှာလှည့်ထားလျှင် ရွှေသာလျောင်း၊ တောင်ဘက် ဦးခေါင်းလှည့်လျှင် ပေါင်းလောင်းရှင်၊ အနောက်ဘက်လှည့်လျှင် နေရဘန်ဘုရား၊ မြောက်ဘက်လှည့်လျှင် ပရိနိဗ္ဗာန်စံတော်မူပုံဘုရားဟူ၍ မှတ်ရမည်။ မြန်မာပြည်အရပ်ရပ်တွင် လျောင်းတော်မူပုံဟူ၍ တည်ထားကိုးကွယ်လေ့ရှိကြရာ အရပ်လေးမျက်နှာတွင် တစ်ဖက်ဖက်တော့ လှည့်ရမည်သာ၊ ထိုစာဆိုနှင့်နှိုင်းစာကြည့်က ဘုရားအမည်ပေါ်လာရမည်ဖြစ်၏၊ (ယနေ့သမိုင်းကုန်းရွာ ကျောင်းမီးတင်းကုတ် ရေစက်ချပွဲတွင် စကားစပ်မိ၍ ရွာမဆရာတော်ကြီးက ရွတ်ပြတော်မူသည်။)

## အဝကျွန်းသားနှင့်ဆန်းကျမ်းစာဝါ

နတ်တော်လဆုတ် ၁၁-ရက်။ "အရှင်ဘုရားဟာ ဆန်းကျမ်းကို တစ်ဖက်ကမ်းခပ်တတ်မြောက်ကြောင်းကြားရ၍ သနားသဖြင့် ၎င်းကိုဆန်းကျမ်းစာဝါ ချပို့ပေးပါဟု ဦးတေဇိန္ဒဆိုသူ ဦးပဉ္စင်းတစ်ပါးက လာရောက်လျှောက်ထား၏၊ ၎င်းသည် ကုက္ကိုင်းလမ်းဆုံကျောင်း၌နေသော ဘင်္ဂလားအဝကျွန်းသား ဇာတိဖြစ်သည်။ ယနေ့ကြာသပတေးနေ့ဖြစ်၍ ဋ္ဌကား နှင့်တွဲပြီး စတင်ပို့ချပေးလိုက်သည်။ စကားအနည်းငယ်ထစ်သော်လည်း အတော်ဉာဏ်ကောင်းသူပေ၊ ပခုက္ကူနေရန်ကိုလည်း ကူညီပေးလိုက်၏၊ ပထျာဖြန့်နည်းထက်ပို၍ အသုံးဝင်သော ဂါထာဖွဲ့နည်းကို လက်တွေ့သင်ကြားပေးလိုက်သည်။ တစ်လအတွင်း တစ်ကျမ်းလုံးပေါက်သွား၏ ဆန်းကျမ်း၊ အလင်္ကာကျမ်းအတတ်တို့ကား စာသင်ရာတွင် တစ်ဘာသာ ထူးခြားကြသည်။

## ဝမ်းမသူမောင်းကြောင့် တောင်တန်းသာသနာပြုအဖွဲ့ ပေါ်လာသည်

၁၃၀၈-ခုနှစ် ပြာသိုလဆန်း ၅-ရက်။ သတင်းစာတွင် တောင်ပိုင်း ချင်းခေါင်းဆောင်များ ရန်ကုန်ရောက်လာကြောင်း တွေ့ရ၍ ၎င်းတို့တည်းခိုရာ လောင်းဝစ္စလမ်း ပြည်သူ့ရဲဘော်ဌာနချုပ်သို့ သွားရောက်စုံစမ်းမေးမြန်းရာ ဝမ်းမသူဆရာမောင်း သခင်အောင်မင်းနှင့် ရှာသူကြီး လိန်းထန်းတို့သုံးဦးကို တွေ့ရ၏၊ ၎င်းတို့ကလည်း မိမိကို မြင်ရသောအခါ အထူးဝမ်းသာကြရှာသည်။ ရန်ကုန်တစ်မြို့လုံး သူတို့သိကျွမ်းဟောင်းမှာ မိမိတစ်ပါးသာဖြစ်၍ အားထားမှီခိုရာကဲ့သို့ ရှိပေသည်။ ရှေးအခါ ပခုက္ကူသို့သွားရောက်သာသနာပြုစဉ်က ရင်းနှီးကြပြီးသော ဆရာဒကာချင်းများပေ၊ နိုင်ငံရေးလုပ်သည်ဟူ၍ အင်္ဂလိပ်အစိုးရက ဖမ်းယူလာစဉ်ကလည်း သဘော်မှတက်၍ ပခုက္ကူတိုက်ကြီးအတွင်း မိမိထံ ဝင်ရောက်တွေ့ရသေး၏ ယခုတစ်ဖန် ပြန်လည်တွေ့ကြရပြန်သည်။

ထိုချင်းသုံးဦးနှင့် ဘုန်းကြီးရင်းနှီးစွာ စကားပြောနေကြသည်ကို သတင်းထောက်များနှင့် ရဲဘော်တို့က အံ့ဩစွာကြည့်နေကြသည်။

## ချင်းခေါင်းဆောင်များနှင့် သာသနာပြုမိတ်ဆက်ပွဲ

အခြေအနေအရ အကွက်လည်စွာ ဆောင်ရွက်တတ်သော သုံးထပ်ကျောင်း ဆရာတော် ဦးဝိမလ,က ပြာသိုလဆန်း ၆-ရက်နေ့တွင် အရေးပေါ်မိတ်ဆက်စည်းဝေးပွဲ ဖိတ်ခေါ်ပြီးလျှင် ဝမ်းမသူမောင်းတို့သုံးဦးနှင့် ဆာဦးသွင်၊ ဗြိတိသျှဘားမား ဦးညွန့်စသော

ဘုရားလူကြီး ဗုဒ္ဓဘာသာအဖွဲ့လူကြီးများကို တွေ့ဆုံစေ၍ မိတ်ဆက်ပွဲကျင်းပလေသည်။ အတော်အကွက်လည်သွားပေသည်။

အကြောင်းမှာ ပေါ့ပျက်ပျက်နှင့် ဘယ်သူမှ ဂရုတစိုက်မလုပ်ကြသော တောင်တန်းသာသနာပြုကိစ္စကို ယနေ့ချင်းခေါင်းဆောင်တို့နှင့် တွေ့ဆုံသောအခါမှ နိုးကြားလာကာ တစ်မျိုးတစ်မည် စိတ်တက်ကြွလာကြသောကြောင့်ဖြစ်၏။

# ယခုမှသိကြပုံပေါ်သော ဒကာများ

ထိုမိတ်ဆက်စည်းဝေးပွဲတွင် ဆရာတော် ဦးဝိမလက အကျိုးဆောင်အဖြစ်ဆောင်ရွက်သည်။ (ရတနာပုံဦးဇာဂရမရှိခိုက် ဖြစ်သည်။) စည်းဝေးပွဲတွင် ဤအရှင်နှင့် ဝမ်းမသူမောင်းတို့ကိုသာ စကားပြောစေလိုကြ၍ ရှေးကသာသနာပြုခဲ့ပုံအကြောင်းများနှင့် ချင်းတောင်စသော တောင်တန်းဒေသများအကြောင်းကို ပြောပြကြရာ အထူးစိတ်ဝင်စားစွာ နားထောင်နေကြသည်။ မိပိကို ပခုက္ကူဆရာတော်ဟု အချို့ကခေါ်ကြ၏၊ ထိုနေ့က ပြောစကားစုကို သံတော်ဆင့်သတင်းစာ၌ အကျယ်ပါသည်ကိုတွေ့ရ၏။

အထူးသဖြင့် ဆရာတော် ဦးဝိမလကျေးဇူးကြောင့် ဤသို့အကွက်လည်ခရီးရောက်ရခြင်းဖြစ်၏၊ မိတ်ဆက်ပွဲပြီးလျှင် ဝမ်းမသူမောင်းကို ဘုန်းကြီးကျောင်းခေါ်ယူခဲ့ပြီး တစ်ညအိပ်တည်းခိုစေ၍ ကောင်းစွာပြုစုစောင့်ခံလိုက်သည်။ ပြောချင်သောစကားများလည်း အားရအောင်ပြောကြ၏၊ နောက်ရက်မှ ချပ်သင်းဦးကုဏ္ဍလနှင့် ကြည့်မြင်တိုင်က လှည့်၍ ပြန်သွားလေသည်။

# သာမန်အဖွဲ့ ပေါ်လာပြီ

ပြာသိုလဆန်း ၁၀-ရက်နေ့တွင် ဒုတိယအကြိမ် ဆွေးနွေးပွဲကျင်းပကြပြန်ရာ ဗုဒ္ဓဘာသာအဖွဲ့ဝင်လူကြီးများကို အထူးဖိတ်ခေါ် ဆွေးနွေးကြသည်။ မိမိအကြောင်း ထိုဒကာတို့ ခုမှတွေ့ကြမြင်ကြရ၍ သိလာကြဟန်တူသည်။ စကားယပ်ပြောစေလိုကြ၍ ပြောရသေး၏၊ တောင်တန်းသာသနာပြုအဖွဲ့ကို သာမန်အားဖြင့် ယနေ့ဖွဲ့လိုက်ကြသည်။ ဝမ်းမသူမောင်းတို့လူစု (မိုးဒေဝါ)၊ ပြဇာတ်က ဖိတ်ခေါ်သွား၍ မတက်နိုင်တော့ချေ။

နောက်နေ့တွင် ဝမ်းမသူမောင်းတို့တက်နိုင်၍ ဆက်လက်စည်းဝေးကြရာ ပထမဆုံး ချင်းတောင်ကို စတင်သာသနာပြုရန် ဆုံးဖြတ်လိုက်ကြ၏၊ လိုအပ်သော အစီအစဉ်

ဟူသမျှကို မိမိအားညွှန်ကြားစေကြပြီး "အားလုံးတောင်ပေါ်သာသနာရောက်ရန်ကိစ္စမှာ အရှင်ဘုရားကို အားကိုးရမှာပဲ"ဟု လျှောက်လိုက်ကြသည်။

## ဗြိတိသျှဘားမား ဦးညွန့်၏ လှူယကူသောစေတနာ

ပြာသိုလဆန်း ၁၃-ရက်နေ့တွင် အထူးအစည်းအဝေးပွဲခေါ်၍ ဆောင်းရာသီမီ တောင်ပေါ်တက်ရောက်နိုင်ရေးအတွက် စိုင်းပြင်းကြရာ သာသနာပြုဒါယကာခံမည် ဆိုဖူးသော်လည်း တစ်ဦးကမှ ထွက်ပေါ်မလာချေ။ သို့နှင့်သာခုဦးဝိသုဒ္ဓကြီးက ပါးစပ်နှင့် ပြောနေကြ၍မဖြစ်ဘူး လိုတာကဝတ္ထု -ဝတ္ထုဟူ၍ စားပွဲလက်သီးနှင့်ထုပြီး ဒေါပါပါပြော ကာမှ ခေါင်းညိတ်ပြီးစဉ်းစားသကဲ့သို့ လုပ်နေကြသည်။ နောက်ငွေကောက်ခံရန် လူရော ရဟန်းပါ (၈)ဦးကော်မတီခန့်၍ ဟံသာဝတီ ဦးညွန့်ကဥက္ကဋ္ဌနှင့် ငွေထိန်းအဖြစ် ဆောင်ရွက်ရန် ခန့်ထားသံကြားရ၏ မိမိကိုလည်း ငွေအလှူခံတွင် ပါဝင်ရန်ပြောကြသေး၏၊ "ခေတာင်တန်းနယ်သာ သွားရဲသည် ငွေအလှူခံမလိုက်ဝံ့ကြောင်း" ပြောလိုက်၏။

ဝမ်းမသူမောင်းက လူနှစ်ယောက်အတွက် အပြန်ခရီးစရိတ်လိုနေကြောင်း တိုးတိုး ပြောလာ၍ ဘုန်းကြီးဦးဝိမလကို တစ်ဆင့်ပြောပြရာ "ဒါယကာကြီး ဦးညွန့်ကိုပြောကြည့် ပါဦးမည်"ဟု ခေတ္တနေစေပြီး သွားပြောလေသည်။ လှူယကူစွာပင် "ငွေ ၁၀၀-ကျပ်ပေးမည်" ဟု ကတိပြုလိုက်ပြီးလျှင် နောက်ရက်တွင် လာရောက်ပေးကြောင်း ဆရာမောင်းပြော၍ သိရ၏၊ ရှေးက ပဲရောက်ဦးဆန်နီသာ ရုတ်တရက် စေတနာလှူယကူတတ်ကြောင်း ကြားရဖူးရာ ဗြိတိသျှဘားမား ဦးညွန့်၏စေတနာလှူယကူစွာ ကူညီတတ်ပုံကို ယခုမှ ဘုန်းကြီးကိုယ်တွေ့ သိရပေသည်။

ချင်းဒကာတို့၏ ခက်ခဲမှုကို ကူညီနိုင်၍ ဘုန်းကြီးဦးဝိမလနှင့် ဒကာကြီးဦးညွန့် တို့အား ကျေးဇူးတင်လှသည်။ သူတစ်ပါး၏ ခက်ခဲမှုတွေ့ရက မိမိကူညီလျှင် လှူယကူစွာ ရပါစေဟု ရှေးကဆုတောင်းဖူးသည်ကိုပင် ပြည့်ပေသည်ဟု ဝမ်းမြောက်မိသေးသည်။

## ငရုတ်သီးထောင်းနှင့် အေးစွာနေသောဘုန်းကြီး

၁၃၀၈-ခုနှစ်၊ ပြာသိုလဆန်း ၁၅-ရက်။ ချိုးမွမ်းစရာ ကြုံဖန်၍ ချိုးမွမ်းခံရပုံမှာ ကိုးတွင်းကျောင်း နေ့ဆွမ်းစားသွားရာတွင် အင်းစိန်ဆရာတော်ကြီးကျောင်း ဦးပညိန္ဒနှင့် တွေ့၍ စကားထူးတစ်ခုပြောလေသည်။ ကားစီးလာရာတွင် ကားပေါ်၌ ဒကာမကြီး

တစ်ဦးက "သူတို့အနီးမှာ အညာသားဘုန်းတော်ကြီးတစ်ပါး ကိုးကွယ်ထားရာ အေးလိုက်တာ၊ ရေတ်သီးကလေး ထောင်းပေးထားရင်နေရော၊ ဘာစားချင်တယ်, ဘာမကောင်းဘူးဟုမပြောရှာဘူး"ဟူ၍ ပြောသံကြားလိုက်လို့ "ဘယ်ဘုန်းကြီးလဲ"ဟု မေးကြည့်လိုက်တော့ ဦးဥတ္တမသာရဖြစ်နေကြောင်း သိရတယ်ဟု ရယ်မောပြောလေသည်။ အခြားသံဃာတော်များကလည်း မိမိကိုကြည့်၍ ရယ်နေကြ၏၊ ချီးမွမ်းခံရပုံအထူးပေ။

မိမိမွေးနေ့ဖြစ်သောကြောင့် ဘုရားကို ပန်းရေချမ်း, ဆီမီးတို့ဖြင့် ပူဇော်၍ ဦးပဥ္စင်းကိုရင် ကျောင်းသားတို့အား မိမိရရှိထားသော ပစ္စည်းများကို ထိုက်သင့်သလိုခွဲဝေ၍ လှူဒါန်းစွန့်ကြဲလိုက်၏။

# မြိတ်ဦးပဏ္ဍိတ ကျောင်းတွေကများ

ပြာသိုလဆုတ် ၄-ရက်။ ရဟန်းတစ်ဝါရ မြိတ်မှဦးပဏ္ဍိတဆိုသော ဦးပဥ္စင်း ကမာရွတ်ကွက်သစ် (၃)လမ်းမှ ကိုကြီးလှိုင်ကပို့လာ၍ အာဂန္တုအဖြစ် တည်းခိုလာသည်။ ဘုတ်ပြင်းနှင့်နီးသောကြောင့် နယ်စပ်နယ်ဆုံး သာသနာကြောင်းရာတို့ပါ ပြောပြတတ်၏၊ မြိတ်ဟူသည် ဝိတိုရိယအငူ ထိုင်း-ရှမ်းပြည်နယ်စပ်၌ ကပ်နေသောဒေသဖြစ်၏၊ ရဟန်းသံဃာ ရှားပါး၍ ကျောင်းကန်တွေကပေါနေပြီး ရှိသံဃာတို့ကလည်း ဂိုဏ်းကွဲတွေများကြောင်းပြော၏၊ နောက်ထပ် ဦးဝေပုလ္လက ပြောပြသည်မှာ အချို့ရွာတို့က တစ်ဝါဆိုလျှင် ငွေ ၃၀၀-ကျပ်လှူဒါန်းမည်၊ တာဝန်ခံနှင့်ပင် ဘုန်းကြီးရှာပင့်နေကြကြောင်း သိရ၏၊ သနားစရာပင် ဖြစ်ပေသည်။

# စစ္စာဦး သာသနာပြုသင်တန်း

၁၃၀၈-ခုနှစ်၊ ပြာသိုလဆုတ် ၉-ရက်။ မြန်မာပြည်တွင် ဘယ်လက်ထက်ကာလကမှ မပေါ်ဖူးသေးသော တောင်တန်းသာသနာပြုသင်တန်းကို ယနေ့မိမိကပင် ရာဇဝင်စာတင်ရအောင် စတင်သင်ကြားပေးလိုက်၏၊ ဘုရားရှင်လက်ထက် အရှင်ပုဏ္ဏထေရ်ကို လယ်ကိုင်းကျောင်းတော်ရာနေရာဟောင်း၌ ဗုဒ္ဓသာသနာတော် စရောက်ချိန် သုဝဏ္ဏဘုမ္မိ၌ အရှင်သောဏထေရ်, ဥတ္တရမထေရ်မြတ်တို့ သာသနာတော်နှစ် ၁၁၆-နှစ်မြောက် အရှင်မဟာမေဟာဂ္ဂလိပုတ္တတိဿမထေရ်ကြီးက ကြီးမှူးလွှတ်သော (၉)တိုင်း (၉)ဌာန သာသနာပြုတာဝန်ခံအဖြစ် ရောက်လာသည်မှစ၍ တစ်ကြိမ်တစ်ခါမျှ မပေါ်ဖူး မသင်ကြားဖူးသေးသော တောင်တန်းသာသနာပြုသင်တန်းထူးဟူ၍ ဆိုထိုက်ပေမည်။

မဟာသံဃာ့အဖွဲ့ဝင် ပုဂ္ဂိုလ်အချို့တို့ကမူ "သင်တန်းပြပေးရန်မလို၊ ဦးဥတ္တမသာရ သာ နားလည်၍ အခြားသူတို့နားလည်သောလုပ်ငန်းလည်း မဟုတ်သောကြောင့် လမ်းခရီး သွားရင်းပင် ပြောဆိုသွားတော့ ဖြစ်ပါတယ်"ဟု အကြိမ်ကြိမ်ပြောကြသေး၏၊ လိုကြောင်း၊ ၁၀-ရက်ခန့်တော့ ပြသင့်သည်ဟု အတန်တန်ပြောပြရသေးသည်။ ရွှေတိဂုံစေတီတော်ကြီး ခြေရင်း ပုလိပ်ပိဋကတ်တိုက်အပေါ် ထပ်၌ နေရာပေး၍ ၁၀-ရက်တိုင်တိုင် သင်ပြပေး ရသည်။ သင်တန်းတက်သူမများပေ၊ စုစုပေါင်း ၁၀-ပါးပင် မှန်မှန်မရှိပါ၊ ပြာသိုလဆုတ် (၉)ရက်နေ့မှစ၍ တပို့တွဲလဆန်း (၃)ရက်နေ့ပြီးဆုံး၊ (၄)ရက်နေ့ စာမေးပွဲစစ်ဆေးသည်။

သင်တန်းမှာ တောင်တန်းဒေသ အခြေပြုဘာသာ၊ ဗုဒ္ဓဘာသာ၏ဆိုလိုရင်း တရား ဟောပြောနည်း ပေါင်းသင်းဆက်ဆံနေထိုင်နည်းနှင့် ဘာသာနှိုင်းယှဉ်ချက်ဟူ၍ လေးမျိုးထားပြီးလျှင် မိမိမှာကမာရွတ်ကလာရ၍ နေ့ပိုင်း၊ ညပိုင်းတာဝန်ယူသည်။ နံနက်ပိုင်း အခြားပုဂ္ဂိုလ်များပြလိုရာ ပြစေရန်ခွင့်ပြုထား၏၊ သို့ရာတွင် အားလုံးမိမိတာဝန် ဖြစ်၍ ကျောင်းအုပ် သင်တန်းပြ ကထိက ပုစ္ဆာထုတ် စာမေးပွဲစစ်၍ အောင်မှတ်ပေး၊ ကြေညာချက်အထိ ဆောင်ရွက်ရသည်။

စာမေးပွဲစစ်ဆေးရာတွင် အချို့ပုဂ္ဂိုလ်များက အတော်ညံ့ဖျင်းလှသည်။ ဗုဒ္ဓဘာသာ လိုရင်းဘာသာရပ်ကို အခြားဆရာတော်များကို ထုတ်စေရာ သာသနာပြုလုပ်ငန်းနှင့် လုံးဝမဆီဆိုင်သော မေးခွန်းကြီးတွေ ရေးပို့ကြ၍လျော့သလို ကိုယ့်ဘာသာပြင်ဆင်ကာ ထုတ်ဆင်ရ၏၊ မအောင်သော ပုဂ္ဂိုလ်များကိုလည်း အားလုံးအောင်စေ၊ ကြေညာလိုက်သော အကျိုးဆောင်၏ သဘောအတိုင်း အားလုံးအောင်မြင်ကြ၏၊ စာမေးပွဲစစ်ခြင်းမှာ လူကြား ကောင်းရုံမျှ ဖြစ်သွားသည်။

# မဟုတ်မမှန်သော လက်မှတ်

နောက်ရက်တွင် ရွှေတိဂုံရာဟုထောင့် တန်ဆောင်ကြီး၌ လက်မှတ်ဆက်ကပ်ပွဲ ဟူ၍ ကျင်းပရာ နေ့ (၁၁)နာရီကျော်မှ ညနေ (၅)နာရီထိ မဆီမဆိုင်လူတွေက ဟိုဟာ ဝင်ပြော၊ ဒီဟာဝင်ပြောနှင့် အချိန်တွေကြာချင်တိုင်းကြာနေကြ၏၊ မဟာသံဃာ့ အကျိုးဆောင်၏ သဘောထားစီမံပုံတွေကို တစ်စတစ်စ မြင်လာနေရာ အလုပ်လုပ်ရင်း စိတ်ပျက်လာ၏၊ သို့နှင့် ကြာရှည်လည်းမထိုင်နိုင်တော့သောကြောင့် တစ်နေရာရှောင်ထွက် နေလိုက်ရာ မာတ်ပုံရိုက်ချင်ကြသော သတင်းထောက်များ အမောလိုက်ရှာနေကြသည်ကို မြင်၍ ပြန်လည်အရိုက်ခံလိုက်သည်။

ပေးသောလက်မှတ်ကလည်း မဟုတ်မမှန်နိုင်လှလေရာ မိမိမှာအားလုံး၏ ဦးစီး ဦးဆောင်တာဝန်ခံ သင်တန်းပြဆရာတစ်ပါးဖြစ်ပါလျက်နှင့် ဦးပဥ္ဇင်းကလေးများနှင့် တစ်သားတည်း သာသနာပြုသင်တန်းတက်ရောက်သင်ကြားအောင်မြင်သလားဟူ၍ အမေးခံရလေသည်။ ဆရာမှိုင်းကြီးကို သီချင်းဆိုသော မိန်းမတွေနှင့်တစ်စားတည်း ထားသည်ဆိုသော အလင်္ကာကျော်စွာဘွဲ့ပေးခံရသည်ထက် ဆိုးသည်ထင်၏၊ သို့သော် ထိုလက်မှတ် ကို သူတို့ရှေ့တွင်တော့ ဆုတ်ပပစ်ပါ၊ လူကြီး၏စိတ်နှလုံးသွင်းဖြင့် ယင်းတို့၏ မချေမင် လုပ်တတ်ပုံကိုသာ မှတ်ထားလိုက်သည်။

# ရှောင်ရှားလိုကြပေပြီ

ထိုလက်မှတ်ဆက်ကပ်ပွဲတွင် အခြားသာသနာပြုပုဂ္ဂိုလ်များလည်း မကျေနပ် ကြကြောင်းသိရသည်မှာ နောက်တစ်နေ့တွင် စစ်ကိုင်းတောင်ရိုး ရွှေကျင်ဂိုဏ်းမှဓမ္မာစရိယ ဦးဇောတိပါလ ရှောင်ထွက်သွား၍ ရှာမရတော့ပေ၊ တစ်ဖန်ရေနံချောင်းမြို့ ရွှေတောင် ကျောင်းမှ ဦးဓမ္မပါလနှင့် ဦးပဏ္ဍိတတို့နှစ်ပါးကလည်း မကြိုက်တော့ကြောင်း၊ အဖွဲ့ကိုလည်း ယုံမှားရှိကြောင်း ရှောင်ကြတော့မည်ဟု မပြောလာကြပြန်၍ မိမိလည်း "ဒီအတိုင်းပါပဲ၊ ဒါပေမယ့် တောင်ပေါ်သာသနာရောက်စေချင်၍ ကြိုးစားနေခြင်းပါ၊ ကိုယ်ပြုတဲ့သာသနာ ကိုယ့်ပါရမီပါ၊ မိမိ၏စေတနာကိုတော့ ငဲ့ကြပါ"ဟု မနည်းတောင်းပန်ယူရ၏၊ ထိုပွဲ၏ သဘာပတိဖြစ်သော ညောင်တုန်းဆရာတော်ကြီး ဦးနန္ဒဝံသကလည်း ထိုနည်းဂုဏ်ပင် စိစဉ်ပုံနေရာမကျကြောင်း မနှစ်မြို့ပုံကို မိန့်ရှာသေး၍ ဩော်-ကိုယ်တစ်ပါးသာမဟုတ် ပေတကားဟု သိရ၏။

ထိုအချိန်တွင် သတင်းစာများကမူ သာသနာပြုအကြောင်းကို အထူးအသားပေး၍ ဆိုင်းဆော်ရေးသားနေကြ၏၊ တိုင်းပြည်လူထုကလည်း မျှော်မှန်းလျက် ဝမ်းသာ, ကြည်ညို ကြဆဲဖြစ်ရာ သာသနာပြု အာဇာနည်များ ထွက်ပေါ်လာစေရန် လိုလားတောင့်တနေကြ၏၊ သာသနာပြုလိုက်ကြမည့် ဦးပဥ္ဇင်းများကဖြင့် အကျိုးဆောင်နှင့်အဖွဲ့ကို မကြည်ညိုကြ တော့ပေ၊ မစရခင်က ပျက်ချင်နေကြပြီ၊ ဇာတ်ပွဲဦးမှ မကရသေးခင်က ဇာတ်ထောင်သူတို့ကို မကျေနပ်၍ သဘင်သည်တို့က ရှောင်ကွင်းကြသကဲ့သို့ ဖြစ်နေရာ အပြင်လူရှင်ရဟန်းတို့က သိကြမည်မဟုတ်ပေ။

သာသနာပြုအလုပ်ဆိုလျှင် စေတနာလျှမ်းပျှမ်းတောက်နေသော မိမိပင်လျှင် စိတ်ပျက်ပျက်နှင့် ပရိသတ်အားနာ၍ ထွက်ကရသော မင်းသားကဲ့သို့ ဟန်မပျက်အောင်သာ သည်းခံဆောင်ရွက်ခဲ့ရသည်။ ထက်သန်နေသော စေတနာမှာ ယာယီလျော့ကျသွား၏။

# ရှင်ဥပဂုတ္တ ပူဇော်ပွဲ

၁၃၀၈-ခုနှစ်၊ ပြာသိုလဆုတ် ၁၃-ရက်။ မြန်မာလူမျိုးတို့သည် ငှက်ပျောတုံးဖောင်ဖွဲ့၍ ရာဇမတ်ကာ စက္ကူကျောင်းကလေးနှင့် ရှင်ဥပဂုတ္တပူဇော်ပွဲဟု ရေပြင်မျှောလေ့ရှိကြရာ ဘယ်ဆီကစသည်မသိ အောက်ပြည်တစ်လွှားတွင် အတော်ဝါသနာထုံကြလေသည်။

ကမာရွတ်ကမ်းနားသို့ ဘယ်ဆီကမျှောလိုက်သည်မသိ၊ ဥပဂုတ်ဖောင်တစ်ခု လာကပ်၍ ကြည့်ကြရာ ရှင်ဆောင်သင်္ကန်း ပရိက္ခရာအစုံနှင့်တကွ "မိဘမဲ့ကလေးများကို ရှင်ပြုပေးကြပါ"ဟူသော အမှာစာကိုတွေ့ရ၍ စေတနာပေါက်သော ဒါယကာတစ်ဦးက ငွေ ၁၀၀-ကျပ်မတည်ကာ ရပ်ရွာကဝိုင်းဝန်းကြသောကြောင့် အတော်စည်ကားသော ရှင်ပြုပွဲတစ်ခု ယနေ့ပြုလုပ်ကြလေသည်။

# ဘုန်းကြီးသည် အရိပ်အကဲနားလည်ရမည့် ခေတ်ကာလ

သံဃာ ၁၀-ပါးပင့်ရာတွင် မိမိအား တရားဟောချသဖြင့် အရိပ်အကဲကြည့်၍ တရားဟောခဲ့သည်။ "ယခုကာလ ဘုန်းကြီးများ ခေတ်မီရမည်ဆိုတာ အရိပ်သုံးပါး နားလည်ဖို့ပဲ၊ ယနေ့အလုပ်က မိဘမဲ့ကလေးများ ရှင်ပြုပွဲဖြစ်တယ်၊ အိုးစည်ဗုံမောင်းနှင့် ရှင်လောင်းလှည့်လည်ပြီး သင်္ကန်းဝတ်၍ ရှင်လည်းပြုပြီးပြီ၊ သံဃာတော်များက သီလပေး၍ ပရိတ်ရွတ်လည်း ပြီးကြပြီ၊ နောက်ထပ်ဘာလိုသေးလဲ၊ ရှင်ဥပဂုတ်ဖောင် ဆက်လက်မျှောရန်နှင့် ဟိုနားက အငြိမ့်ထွက်မည်ဆဲဆဲက ရှိလေသေးတော့ ဒကာ၊ ဒကာမတွေစိတ်ထဲမှာ ဘုန်းကြီးတရားများ ရှည်နေမလားလို့ စိုးရိမ်ကြလိမ့်မည်၊ ဒီတော့ ဘုန်းကြီးကလည်း ခေတ်မီပါတယ်၊ ဟဲ-ဟဲ-ဟဲ-လှူပြီးကုသိုလ်ကို နိဗ္ဗာန်ဆုတောင်းပြီး "ကိုင်း . . . ရေစက်ချကြစို့၊ ဘာမှလဲ မစိုးရိမ်ရအောင်"ဟု ပြောကာ ရေစက်ချလိုက်ရာ လူရှင်ရဟန်းအားလုံး ပြုံးကြလေသည်။ ထိုအပြုံးသည် တကယ်ပဲ ခေတ်မီပါပေသည်ဟု ကျေးဇူးတင်သဘောကျသောကြောင့် ပြုံးကြခြင်း ဖြစ်ပေမည်။

# ဟမ္ဗလင်းဆရာတော် ဦးရာဇိန္ဒ

ထိုရှင်ပြုပွဲတွင် လှိုင်မြစ်လမ်း တစ်ဖက်ကမ်း ဒိုင်စုရွာ၌ အထက်ဟမ္ဗလင်းမှ ကြွရောက်လာပြီး ဝါကပ်နေသော ဆရာတော်ကြီးနှင့် နှုတ်ဆက်မိရာ ရင်းနှီးသွားကြလေသည်။ ရှေးဘဝအဆက်ဆက်က ရေစက်ဟောင်းပါခဲ့ကြဟန်တူသည်။ ထိုဆရာတော်

သည် မိမိကျောင်းသို့ပင်လိုက်လာပြီး ရင်းနှီးစွာစကားပြောဆိုနေကြရာ ဇီဝှာဝင်၍ အလွန်နှစ်သိမ့်မိကြသည်။ ဟုမ္မလင်းနယ် ကင်းတစ်ဆယ့်သုံးရွာမှန်ပင်ဂိုဏ်း ရေကျော်ရွာ၌ ကျောင်းထိုင်ဘုန်းကြီးတစ်ပါးဖြစ်ရာ သူ့နယ်၌ အတော်ဩဇာကြီးသော ဆရာတော်ကြီးဖြစ်၏၊ ယခုတစ်ဝါသာရန်ကုန်၌ ရောက်လာ ဝါကပ်သည်ဆို၏။

နောက်နေ့၌လည်း သူ၏နောက်ပါတပည့် လူပျိုရွယ် မောင်ထွန်းလူ၊ မောင်သန်းမောင်တို့နှင့် အတူကြွလာပြီး စကားပြောကြပြန်ရာ အချိန်ကုန်၍ပင် ရပ်နားကြရသည်။ စကားပြောမဝကြချေ ဘယ်ဆီဘယ်ဆီက စကားတွေ ထွက်လာကြသည်မသိ၊ ပြော၍မကုန်နိုင်ကြဖြစ်၏၊ ၎င်းတို့နယ်ပင့်လျှင် ကြွနိုင်ပါမည်ဟောဟုမေး၍ လာနိုင်မည်ထင်ကြောင်း လျှောက်လိုက်၏၊ နောင်သောအခါ ထိုထိုအညာနယ်များသို့ အကြိမ်ပေါင်းများစွာ ရောက်ရှိသာမက ထိုဆရာတော်နှင့်တွဲဖက်၍ နာဂတောင်ကြီးကို စတင်သာသနာပြုကြရပေသေး၏၊ နာဂတောင် သာသနာပြုအစဆုံးရာဇဝင်ဟု ဆိုရပေမည်။

# စွန့်စားသူတို့ကို ကြည်ညိုတတ်သော ဆရာတော်

၁၃၀၈-ခုနှစ်၊ တပို့တွဲလဆန်း ၃-ရက်။ မြန်မာပြည်တွင် များစွာသောဆရာတော်ကြီးတို့သည် ကိုယ်ချင်းစာကာ မွန်မြတ်သောတောင်တန်းသာသနာပြုရေးအလုပ်ကို တကယ် ဟုတ်ဟုတ်ဟပ်ဟပ် စွန့်စားဆောင်ရွက်နိုင်စွမ်းသော ပုဂ္ဂိုလ်မျိုးကို ကြည်ညိုလေးစားတတ်ကြသည်။ ယနေ့ဒကာကြီး ဦးဘိုးဆန်းအိမ် ဆွမ်းစားပင့်၍ သွားရာတွင် ရန်ကုန်သိမ်ဖြူဆရာတော်နှင့်တွေ့ရ၏၊ ရှေးကမသိဖူးကြပေ။

စကားစပ်မိရာ ပြောကြရာက မိမိအားကြည်ညိုပါသည်ဟု ကျောင်းအထိလိုက်လာစကားပြောနေလေသည်။ ထိုဆရာတော်က "အရှင်ဘုရားကဲ့သို့ တောကြီးတောင်ကြီးတွေသွား၍ စွန့်စားသော သာသနာပြုပုဂ္ဂိုလ်မျိုး တွေ့ရခဲဘိခြင်း၊ ကြည်ညိုလှသည်"ဟု ချီးမွမ်းကာ တစ်နေရာသို့ ခရီးသွားမည့်ဆဲဆဲ ကားခခရီးစရိတ်ကို လှူသွားလေသည်။ စွန့်စားသူကို ကြည်ညိုတတ် ချီးမွမ်းတတ်သော ဆရာတော်ကြီးတစ်ပါးပင်။

ဟုမ္မလင်းနယ် ဂုတော် ဦးရာဇိန္ဒကလည်း ထိုနည်းပင်၊ ချီးမွမ်းရှာ၏၊ တစ်ကြိမ်ကလည်း သင်္ဂါယနာ၊ ၊င်ဌာန၌ မော်လမြိုင်မှဆရာတော်ကြီးတစ်ပါး မိမိနေရာအခန်းကိုလိုက်လံရှာပြီးလျှင် တွေ့တွေ့ချင်း သူ့ပခုံးတင်နှစ်ထပ်သင်္ကန်းကြီးကို လှူသွား၏၊ "အရှင်ဘုရားလို ပုဂ္ဂိုလ်မျိုးကား မြန်မာပြည်မှာတစ်ပါးသာ ကြားရဖူးပါသည်၊ စောစောက

တွေ့ရမည်မှန်းသိလျှင် လှူဖွယ်များစွာယူခဲ့ပါမည်၊ ခုဘာမှမပါခဲ့၍ ဤနှစ်ထပ်သက်နံးကြီးကိုပဲ အလှူခံပါ"ဟု ပြော၍ လှူသွားဖူး၏၊ ထိုသက်နံးကိုမိမိကတစ်ဆင့် ဆရာတော်တစ်ပါးကို လှူလိုက်၏။

ဟင်္သာတမြစ်ကွေ့ဆရာတော်ကြီးကလည်းကောင်း၊ ပုသိမ်ဆရာတော်ကြီးတစ်ပါးကလည်းကောင်း၊ ရန်ကုန်အလယ်တောရဆရာတော်ကြီးကလည်းကောင်း ထိုနည်းပင် ချီးမွမ်း၍ သူတို့လက်၌ပါသော ပစ္စည်းများကိုချီးမြှင့်၍ များစွာချီးကျူးကြ၊ ကျေးဇူးတင်ဖူး၏၊ ရောက်ရာဒေသတိုင်း၌ပင် လာရောက်တွေ့ဆုံကြ၊ စကားပြောဆိုကြသော ဆရာတော်ကြီးတွေ များစွာတွေ့ခဲ့ရပေသည်။

## သဒ္ဓါကြည်ညို မြတ်နိုးစွာဖြင့်

ထိုည အလုပ်ဆောင်ရွက်ရာမှ ပြန်လာလျှင် ဟုမ္မလင်းဆရာတော်ကြီးသည် မိမိကျောင်းသို့ ညအိပ်ကြွလာ၍ ဝမ်းမြောက်လှသည်။ ညအချိန်စကားပြောရင်း ကြည်ညို၍ ထိုဆရာတော်၏ ထေရုပ္ပတ္တိကို ရေးယူထားလိုက်၏၊ "အရင်တုန်းက တောင်တန်းတွေ သာသနာပြုရေးကိစ္စကို သတိမပြုမိဘူး၊ ယခုအရှင်ဘုရားနှင့် တွေ့ရမှစိတ်တွေ သတိရ နိုးကြားလာခဲ့တယ်"ဟု မိန့်ရှာသေး၏။

ချစ်လျှင်အကျိုး၊ မြတ်နိုးတော့ သဒ္ဓါ၊ စေတနာရှိတော့ကြည်ဖြူ၊ ဟူသောစကားအတိုင်း တွေ့ကြုံကြိုက်ခိုက် မြတ်သောအလှူယူလို၍ မိမိဝတ်ရန် သီးခြားထားသော ကြည့်မြင်တိုင်သက်နံးကောင်းတစ်စုံ၊ အသွေးအရောင်ရင့်နေအောင် ပိန္နဲဖြင့်ကျစွာဆိုးထားသော နှစ်ထပ်သက်နံးကြီးနှင့် တိစိဝရိက်တစ်စုံ၊ ကြေးခါးပန်းသီးနှင့် ခါးပန်းကြိုး၊ သဲကြိုးအကောင်းစားဖိနပ်တစ်ရံ၊ ကွမ်းအစ်၊ အပ်ချည်လုံး၊ စာအုပ်စာတမ်းများနှင့် ခဲတံ၊ ဆပ်ပြာမျိုးစုံတို့ပါ ကန်တော့ပွဲပြင်၍ အထူးစေတနာထက်သန်စွာနှင့် လှူလိုက်၏၊ ထိုအလှူကို စိတ်စွဲ၍ ပီတိဖြစ်နေမိလေသည်။ ဦးပဥ္စင်းများကပါ ရှိသေစွာ ဆုတောင်း၍ ကန်တော့လိုက်ကြ၏။

ဆရာတော်ကြီးသည် ရန်ကုန်ရောက်မှ မရဖူးသောပစ္စည်း ဖြစ်ပါသည်ဟု အမိန့်ရှိရာ အထူးဝမ်းမြောက်နေရှာသည်။ ထိုည မိမိအိပ်နေကျကုတင်ကိုပြင်ဆင်၍ ကျိန်းစေရသဖြင့် ဂုသိုလ်တစ်မျိုးထူး၍ ဝမ်းမြောက်ပီတိဖြစ်ရပြန်သည်။ ရိုးသား၍ကြည်ညိုထိုက်သော ထေရ်ကြီးဝါကြီးဆရာတော်ကြီးများကို ပြုစုလုပ်ကျွေးရန်မှာ အထူးစေတနာသန်သော ဝါသနာကောင်း ပါခဲ့လေသည်။

# တောင်တန်းမင်းကြီး စတီဗင်ဆင်နှင့်တွေ့ခဲ့စဉ်က

၁၃၀၈-ခုနှစ်၊ တပို့တွဲလဆန်း ၆-ရက်။ မြန်မာပြည်တွင် တောင်တန်းအရပ်ရပ်သို့ သွားရောက်သာသနာပြုရန် ပိတ်ပင်တားဆီးမရှိဖို့ ဘုရ င်ခံထံလက်မှတ်တောင်းရာ လက်မှတ်ပေးဖို့မလို၊ ဘယ်နယ်မှ ယခုအချိန်တွင် မပိတ်ပင်တော့၍ လိုရာသို့ သွားနိုင်ကြောင်း အတွင်းဝန်ထံမှစာပြန်ပြီးလျှင် တောင်တန်းမင်းကြီး စတီဗင်ဆင်နှင့် တွေ့ရမည်ဟု နေ့ရက်နေရာအချိန် ကန့်သတ်၍ပေးလိုက်သဖြင့် ယနေ့သွားရောက် တွေ့ရမည်ဖြစ်၏။

နံနက် (၈)နာရီအချိန်ကပင် ဟုမ္မလင်းဆရာတော်ကြီးနှင့်အတူ ရန်ကုန်သို့ သွားကြ၏၊ ထိုဆရာတော်ကြီးကို မိမိပြောစကားကြားသိရန်အတွက် ၎င်းကလည်း လိုက်ချင်၍ အဖော်လည်းရ, အားကိုးလည်းဖြစ်စေဟု ပင့်လာခဲ့ခြင်းဖြစ်၏၊ ဆိုင်ရာမှ ခွင့်ပြုချက်ကားမရှိချေ၊ မိမိတစ်ပါးတည်းသာဖိတ်၍ ခေါ်ခြင်းဖြစ်သည်။ သို့သော် စကား တစ်လုံးမျှ ဝင်စွက်ပြောမည်မဟုတ်သောကြောင့် တားမြစ်ခြင်းမရှိကြပေ၊ လူဘက်က မြူနီစီပါယ်မင်းကြီး ဦးစိုးညွန့်နှင့် လွှတ်တော်ရှေ့နေကြီး ဦးတင်လှတို့နှစ်ဦးပါခဲ့ရန် ဖိတ်ကြား ထားကြောင်းသိရ၏။

ထို့ကြောင့် ရှေးဦးစွာ ဦးစိုးညွန့်ထံသွားရန်လို၍ သူ့ဌာနမသိသောကြောင့် ဆူးလေ ဘုရားအတွင်းရှိ ဒကာများကို တက်မေးရာ ဘဏ္ဍာတိုက်စာရေးကြီးက ရိုသေ, လေးစား စွာပင် လိုက်ပို့ပေးရှာ၏၊ တစ်ခါမှ မရောက်ဖူးသော မြူနီစီပါယ်ရုံးကြီးထဲဝင်၍ တက်သွား ကြရာ အလယ်ထပ်ဦးစိုးညွန့်ရုံးထိုင်သောအခန်း၌ ပို့ထားခဲ့သည်။ ဦးစိုးညွန့်မရောက်သေး၍ ခေတ္တစောင့်ရသည်။ (၉)နာရီခွဲမှ ရောက်လာပြီးလျှင် ရောက်ရောက်ချင်းမေးလေသည်။

"ဘာကိစ္စ ကြွလာတာလဲဘုရား"

"တောင်တန်းမင်းကြီးနဲ့ တွေ့ရမည်ဆိုလို့ လာခဲ့တာပဲ"

"ဪ . . . သာသနာပြုဆရာတော် ဦးဥတ္တမသာရဆိုတာ အရှင်ဘုရားလား"

"ဟုတ်ပါတယ်၊ ဒီဆရာတော်ကြီးတ ဟုမ္မလင်းနယ်ကဆရာတော်ပါ၊ ဘုန်းကြီးနဲ့ အတူလိုက်ခဲ့တာ ဖြစ်ပါတယ်"

"အရှင်ဘုရား၊ သူတို့မေးတာတွေ ဖြေနိုင်ပါ့မလား"

"ဘာတွေ မေးမှာလဲဗျ"

"ဒါတော့ အမှန်မသိနိုင်ဘူး တောင်တန်းနယ်ခြားအကြောင်းတွေနဲ့ အရှင်ဘုရား ရည်ရွယ်ချက်တွေ ဘာတွေဖြစ်ချင်ဖြစ်မှာပဲ"

"ကိစ္စမရှိဘူး အခြေအနေကြည့်ပြီး ကျုပ်ဖြေမယ်၊ ဒကာကြီးကသာ ဘုန်းကြီး စကားရိပ်လိုက်ပြီး ကူညီပြောပေးပါ၊ ကျုပ်လိုချင်တာက တောင်တန်း၌ တိုင်းရင်းသား ဗုဒ္ဓဘာသာပြုစုရမှာ ဟိုအရင်ခေတ်ကလို မနှောင့်ယှက်စေလိုခြင်းနဲ့ တောင်တန်းအားလုံး ပိတ်ပင်တားဆီးမရှိ သွားလာနိုင်ခွင့်ရဖို့ပြောမှာပဲ၊ တောင်တန်းမှာဖြစ်နေတာကို ရန်ကုန်က အမှန်သိကြတာမဟုတ်ဘူး ဟိုကျလက်တွေ့ဝေစ်မျိုးဖြစ်နေတတ်လို့ သူ့စကားအခြေအနေ ကြည့်ဖြေမယ်၊ ကျုပ်လိုချင်ရာလည်းပြောမယ်၊ အဲဒါသာ ဒကာကြီးများက လေစဉ်ကြည့်ပြီး ကူပြောပေးစေချင်တယ်"

"ဒါဖြင့် ကောင်းပါပြီဘုရား ကဲ - သွားကြစို့"

ဟုဆိုင်ရာကထကြသည်။ ဦးစိုးညွန့်သည် ဤမျှဖြင့်မိမိ၏ ပုဂ္ဂိုလ်ကဲကိုခတ်လိုက်ပြီး မြစ်ဟန်တူသည်။ ကြိုတင်တီးလုံးတိုက်လိုက်ရ၍ မိမိစိတ်လည်း ကျေနပ်သွား၏။

၎င်း၏ကားနှင့်ပင် ဦးတင်လှဝင်ခေါ်ပြီး အတွင်းဝန်များရုံးသို့သွား၍ တောင်ဘက် တန်း အောက်ထပ် အလယ်ဗဟိုတည့်တည့်အတွင်းဘက်၌ ထုတ်ထားသော အခန်းသို့ ဝင်ကြရသည်။ ထုံးစံအတိုင်း အပေါက်ဝအပြင်ဘက်မှရပ်၍ မင်းစေကိုစာရေးပေးလိုက်လျှင် မကြာမီ ဝင်ခွင့်ပြု၏ ဘုန်းကြီးတစ်ပါးပိုလာသည်ကို တယ်ကြိုက်ပုံမပေါ် မသိမသာစောင်း ကြည့်၏ သို့သော် ထိုင်ရန်နေရာတော့ ညွှန်ကြားပေးရှာသည်။ ဦးစိုးညွန့်က မိမိနှင့်မိတ်ဆက်ပေး၏၊ ဟုမှလင်းဆရာတော်ကြီးကို အဖော်ဟုပြောလိုက်ခြင်းဖြင့် မိတ်ဆက်ရန် မလိုတော့ပေ။

မြန်မာပြည်သို့ လာရောက်အမှုထမ်းကြသော အနောက်တိုင်းသား မျက်နှာဖြူ လူမျိုးများနှင့် မရင်းနှီးဖူးပေ၊ လခကြီးကြီးစားသူ အင်္ဂလိပ်လူမျိုးနှင့် ယခုအကြိမ်သာ သီးသန့်အနေနှင့် တွေ့ဆုံစကားပြောရခြင်းဖြစ်သည်။

ထိုင်ကြပြီးလျှင် ဘုန်းကြီးက ၎င်းကိုကြည့်၍ အကဲခတ်နေမိသကဲ့သို့ ၎င်းကလည်း အတော်ရှူးရှသော အင်္ဂလိပ်မျက်စိဖြင့် ဘုန်းကြီးအား တစ်ကိုယ်လုံးခြုံကြည့်ကာ ဘယ်လို ပုဂ္ဂိုလ်စားလဲဟူသည့်အနေနှင့် အကဲခတ်လေသည်။ "အင်္ဂလိပ်လို စကားပြောတတ် သလား"ဟု မေး၏။

မပြောတတ်ကြောင်းဖြေသဖြင့် ဦးစိုးညွန့်နှင့် ဦးတင်လှတို့က နှစ်ဦးစလုံးအတွက် စကားပြန်ပေးကြသည်။

"အရှင်ဘုရား-အခုဘယ်ကိုကြွရန် ရည်ရွယ်ထားပါသလဲ"

"ဘုန်းကြီးရည်ရွယ်ထားတဲ့ ခရီးစဉ်က ချင်းတောင်တန်းအားလုံးနှင့် မဏိပူရ နယ်ခြား တမူးနယ်၊ နာဂသျှကြတောင်တန်းကြီး၊ ၎င်းပြင် ဟူးကောင်းတောင်ကြားမှဖြတ်၍ ကချင်တောင်တန်းများ၊ ခန္တီးကြီးခေါ် ပူတောင်းနယ်, လဝနယ်နှင့် အလယ်ပိုင်းကဒူးနယ်, ရှမ်းပြည်နယ်တို့ကို သွားမယ်"

"ဒီတောင်တန်းတွေက သွားလာဖို့ အလွန်ခက်ခဲတာပဲ၊ စွတ်စိုထိုင်းမှိုင်းသော ဒေသဖြစ်လို့ အားလုံးငှက်ဖျားရှိတဲ့ အရပ်ချည်းပဲ၊ မိုးတွင်းလည်း ခရီးမသွားနိုင်ဘူး၊ မိုးဦး ကျလည်းစောတယ်အရှင်ဘုရား၊ မိုးမကျမီ ဒီရည်ရွယ်ထားတယ်ဆိုတဲ့ တောင်တန်းတွေကို ရောက်အောင်သွားနိုင်ပါ့မလား၊ ခြေကျင်မှလွဲလို့ ဘာမှမသွားနိုင်ဘူး"

"ဒါတော့ ကြိုးစားမှာပဲ၊ အားလုံးမဟုတ်သော်လည်း အချိန်မီရောက်နိုင်သမျှ သွားမည်ဖြစ်ပါတယ်"

"ပထမဆုံး ဘယ်တောင်ကို သွားမှာလဲ"

"တောင်ပိုင်း ချင်းတောင် ကန်ပက်လက်နယ်ကိုသွားမယ်"

"ဘာကြောင့် ဒီနယ်ကိုပထမဆုံး ရွေးရသလဲ၊ ကန်ပက်လက်နယ်ဟာ နိုင်ငံရေး ဆူနေတယ်ဆိုတာ မသိဘူးလား၊ အရှင်ဘုရားဟာ နိုင်ငံရေးသမားလား"ဟု အတော် သဘောမကျသောမျက်နှာနှင့် စကားခွန်းသုံးဆင့်ဆက်၍ မေးလေသည်။

"မဟုတ်ပါဘူး၊ ဘုန်းကြီး ဘယ်တုန်းကမှ နိုင်ငံရေးမလုပ်ဖူးပါ၊ ဝါသနာလည်းမရှိပါ၊ စင်ကြယ်မွန်မြတ်သော သာသနာပြုရေးအတွက် သက်သက်ဆောင်ရွက်ခြင်းဖြစ်တယ်၊ ဒီကန်ပက်လက်နယ်ကို ပထမဆုံးသွားရန် ရွေးခြင်းကတော့ ဘုန်းကြီးပခုက္ကူနေစဉ်က သာသနာပြုခဲ့သော လက်စရှိလို့ အလုပ်ဆက်လုပ်ရန် ရွေးချယ်ခြင်းပဲ၊ သူတို့ရဲ့နိုင်ငံရေး ဆူသည်မဆူသည်ကိုတော့ ဘုန်းကြီးနားမလည်ပါ"

"ဝမ်းမသူမောင်းဆိုသူကို သိသလား"

"သိပါတယ်"

"အရှင်ဘုရား၊ အဲဒီလူကိုမပေါင်းနဲ့၊ ဒီလူက အစိုးရကိုတော်လှန်ပုန်ကန်တဲ့လူ၊ လူထုကို ဆူပူအောင်ဆွပေးနေတဲ့ လူဆိုးတစ်ယောက်ဖြစ်တယ်၊ သူနဲ့ပေါင်းလျှင် အရှင်ဘုရားလည်း လူဆိုးဖြစ်သွားမှာပဲ"

"ဘုန်းကြီးနဲ့ သိတယ်ဆိုသော်လည်း ချင်းလူမျိုးထဲမှ မြန်မာစကားကို ကောင်းစွာပြောတတ်သော ဗုဒ္ဓဘာသာဆရာဒကာအဖြစ်နှင့်သာ သိခြင်း၊ ဆက်ဆံခြင်းဖြစ်တယ်၊ အစိုးရကိုပုန်ကန်သူ၊ လူထုကို ဆူပူစေသူ နိုင်ငံရေးသမားတစ်ဦးအနေဖြင့် သိသည် မဟုတ်ပါ၊ အတူတကွလည်း မနေဖူးပါ၊ သာသနာပြုခရီးထွက်ရာမှာ ဗုဒ္ဓဘာသာတစ်ဦးအနေနှင့် ကူညီစေခြင်းသာဖြစ်ပါတယ်"

"မြန်မာပြည် တောင်တန်းသားတွေဟာ အင်မတန် ရိုင်းစိုင်းနေကြတုန်းရှိသေးတယ်၊ အရှင်ဘုရားသွားလိုရာတွေကို အစိုးရက ပုလိပ်အစောင့်လည်း ထည့်မပေးနိုင်ဘူး၊ မိုက်မဲသောသူတို့က တစ်စုံတစ်ခုသောနည်းနှင့် အသက်ကို ရန်ရှာချင်ရှာမယ်၊ အရှင်ဘုရားဟာ အသက်ငယ်ငယ်ကလေးရှိသေးတယ်၊ အခုပြောခဲ့တဲ့ခရီးတွေက အလွန်ခက်ခဲကြမ်းတမ်းတယ်၊ အကယ်၍ အသက်ကိုရန်ရှာခဲ့သော် တာဝန်မယူနိုင်ဘူး"

ထိုစကားသည် မသွားစေလို၍ ခြောက်လှန့်ဟန့်တားခြင်းဖြစ်၏၊ တစ်နည်း အင်္ဂလိပ်အကောက်ဉာဏ်ဖြင့် တစ်ဖက်လှည့်စေခိုင်းထားရန် အကြံရှိသလားဟုလည်း တွေးဆနိုင်၏၊ သို့သော် မိမိကားကြောက်တတ်သူမဟုတ်ပေ၊ သူ့စကားဆုံးလျှင် ပြေလိုက်၏။

"မြန်မာပြည်တွင်းနေ တိုင်းရင်းတောင်တန်းသားများက ရန်ရှာခြင်း၊ မရှာခြင်းသည် ဘုန်းကြီး၏ ကုသိုလ်ကံအတိုင်းဖြစ်ပါစေ၊ ဆိုင်ရာအစိုးရကသာ မနှောင့်ယှက်ပါစေနဲ့၊ အခု ဘုန်းကြီးလိုချင်တာက ဘုန်းကြီးသွားရောက်မည့် ဒေသတိုင်းမှ တောင်တန်းအုပ်ချုပ်ရေးအစိုးရဆိုင်ရာတို့က မနှောင့်ယှက်စေရန်နှင့် လမ်းခရီးအားလုံး၌ အကြောင်းအားလျော်စွာ နေထိုင်တည်းခိုသွားရမည်ဖြစ်၍ အစိုးရအဆောက်အအုံ၌ဖြစ်စေ၊ ဗိုလ်တဲ၌ဖြစ်စေ အခမဲ့ တည်းခိုခွင့်ပြုရန်ကိုသာ လိုချင်တယ်၊ ပြီးတော့တိုင်းရင်းဗုဒ္ဓဘာသာတရားဟောပြောရာ၊ ခရီးသွားလာရာတို့၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းနှင့်ဖြစ်စေ မနှောင့်ယှက်စေလိုပါ"

ဤပြေကြားချက်ရလျှင် မိမိအား အထူးဂရုစိုက်၍ကြည့်၏၊ အာဂဘုန်းကြီးပဲဟု အထင်ရောက်သလားမသိ။

"ဘယ်သူကမှ မတားမြစ်ပါဘူး၊ သွားချင်ရာသွားနိုင်ပါတယ်၊ တရားလည်း ဟောနိုင်ပါတယ်၊ လက်မှတ်တော့မပေးနိုင်ဘူး၊ ဆိုင်ရာဌာနတွေကို ကြေးနန်းနှင့်အကြောင်းကြားပေးပါမယ်"

ဦးစိုးညွှန့်နှင့် ဦးတင်လှတို့ကလည်း "ဒီလိုဆိုလျှင် လုံလောက်နေပါတယ်၊ ဆိုင်ရာဌာနတွေကို အရှင်ဘုရားကြွလာမည်ဆိုတာ အရှင်ဘုရားရဲ့ဘွဲ့နှင့် ကြိုတင်အကြောင်းကြားထားမယ်ဆိုလျှင် ပြီးတာပဲ၊ လက်မှတ်မလိုပါဘူး"ဟူ၍ မိမိအားပြောနေကြ၏။

ကြိုတင်အကြောင်းကြားမယ်ဆိုသောစကားကို မကြိုက်ပေ၊ သူ၏အကြောင်းကြားချက်တွင် သတိထားကြပါဆိုခဲ့သော် အခိပ္ပာယ်ပြောင်းသွားမည်ဖြစ်၍ ပိုဆိုးဖွယ်ရာရှိနေသည်။ သို့နှင့် .......

"မဟုတ်ဘူးလိုတယ်၊ အကြောင်းကြားထားရုံနှင့် မလုံလောက်နိုင်ဘူး၊ ဒီမှာပြောတဲ့စကားက ကောင်းနေပေမယ့် ဟိုကျတော့တစ်မျိုးတစ်ဖုံ တွေ့နေရလျှင် မခက်ပေဘူးလား၊ ပြန်တိုင်ကြားနေဖို့ကလည်းမလွယ်ဘူး၊ လက်ဝါးလောက်ဖြစ်စေ၊ စာရွက်ကလေးကိုကိုင်ပြဖို့လိုတယ်လို့ ယူဆတယ်၊ ဒီတောင်တန်းနယ်ခြားတွေ အကြောင်းကတော့ ဘုန်းကြီးကိုယ်တွေ့ပဲ"

"ကန်ပက်လက်နယ်အနောက်ပိုင်း မတူပီနယ်ကိုကော သွားဦးမှာလား၊ ဒီနယ်တွေက သိပ်ရိုင်းတယ်"ဟု စတိဗင်ဆင်က မေးပြန်သည်။

"မှုချတော့ မပြောနိုင်ဘူး၊ ဟိုကျမှ အခြေအနေအရပဲ ခရီးစဉ်အလျဉ်းသင့်လျှင် ရောက်သွားမယ်လို့ ယူဆတယ်"

"အင်္ဂလိပ်လိုရေးတဲ့ မြေပုံကို ကြည့်တတ်သလား"

"ကြည့်တတ်ပါတယ်၊ ဘယ်ဟာ ကြည့်စေချင်သလဲ"

"ကိုင်း - လာ၊ မြေပုံကြည့်မယ်"ဟု ခေါ်သဖြင့် သူ့အခန်းတွင်းအရှေ့ဘက် နံရံ၌ကပ်ထားသော တောင်ပိုင်းချင်းတောင်မြေပုံကို ကြည့်ကြသည်။ ထိုအခါ အရိုင်းနယ်ခေါ်သော ဟားခါးတောင်ပိုင်း ကန်ပက်လက်အနောက်နယ်စပ်ရှိ တစ်နေရာကို ဘုန်းကြီးနှင့်စကား ငြင်းကြရသည်။ သူပြောပြသောစကားကို မဟုတ်ကြောင်း၊ ဒီနေရာမှာ မြေပုံလက်ထောက်၍ အင်္ဂလိပ်တို့ မြန်မာပြည်မှထွက်ခွာမသွားမီ (၆)နှစ်ခန့်မျှသာ အုပ်ချုပ်ခဲ့ကြောင်း၊ နည်းပရိယာယ်ဆင်၍ (၃)နှစ်တိုက်ယူသိမ်းသွင်းရကြောင်း စသောရာဇဝင်

ဖြစ်စဉ်ကို ပြောပြသောအခါ တောင်တန်းမင်းကြီး စတီဗင်ဆင်သည် ဒှာတော်စူးစိုက်သော မျက်လုံးဖြင့် လေးစားအံ့ဩသကဲ့သို့ ဘုန်းကြီးကိုကြည့်နေလေသည်။

ချင်းတောင်၌ စစ္စာဦး ဆီးယင်းတောင်တိုက်ကြရပုံ၊ ဟားခါးနယ်ထဲ၌ နှိမ်ရပုံ၊ ကန်ပက်လက်နယ် အုပ်ချုပ်မှုမကြခဏ အခက်ကြုံရပုံ၊ မဏိပူရနယ်စပ်ရှိ ထဒိုလူမျိုးနယ်ထပုံ စသည်ပြောပြ၍ "ဒီဘုန်းကြီးဟာ တောင်တန်းတွေအကြောင်းကို အတော်ခြေခြေမြစ်မြစ် နားလည်နေသောပုဂ္ဂိုလ်တစ်ပါးပဲ"ဟု အကဲဖြတ်လိုက်ဟန်တူ၏၊ ဆက်မငြင်းတော့ဘဲ ခေရာ၌ပြန်ထိုင်ကြသည်။ နောက် နာဂတောင်အကြောင်း၌လည်း အင်္ဂလိပ်တပ်တို့နှင့် တစ်နေရာစဟင်တိုက်ခဲ့ဖူးသော ရာဇဝင်တစ်ဆင့်ကြားနှင့် ခေါင်းဖြတ်လူမျိုးဟု စတင်သိကြပုံကြောင်းရာကို ပြောပြရာ စတီဗင်ဆင်သာမက ဦးစိုးညွန့်နှင့် ဦးတင်လှတို့ကပါ ဘုန်းကြီးကို အံ့ဩပုံနှင့်ကြည့်နေကြပြန်သည်။

လက်မှတ်ပေးရန်မလို၊ မပေးနိုင်ဟု ငြင်းမြငြင်းပြီးလျှင် စကားလက်စသတ်ရန် ဟန်ပြင်လေသည်။ သူ့အရိပ်အကဲကြည့်၍ ဘုန်းကြီးက -

"ဒီလိုလုပ်ပါ လက်မှတ်မပေးလိုလျှင် မိတ်ဆက်စာလေးတော့ ဖြစ်နိုင်တယ် မဟုတ်လား ဖြစ်နိုင်မယ်ဆိုလျှင် ချင်းတောင်မှောင်ပိုင်း၊ မြောက်ပိုင်းနှင့် နာဂတောင်အတွက် သုံးဦးထံသို့သာမန်မိတ်ဆက်စာသုံးစောင်ကိုတော့ ရေးပေးစေချင်တယ်"ဟု ပြောဖန်များ၍ ရေးပေးလိုက်၏၊ "ဒီစာမှရေးမပေးလျှင် ဒီဘုန်းကြီးကျေနပ်မည်မဟုတ်"ဟု ယူဆ၍ဖြစ်ပေမည်။ ၎င်းစာရေးနေခိုက် အခန်းပတ်ဝန်းကျင်ကို သတိပြုကြည့်လိုက်သော အခါမှ အတွင်းဘက်နံရံအားလုံး တောင်တန်းမြေပုံတွေအပြည့်ကပ်ထားသည်ကို မြင်မိပေသည်။

တစ်နာရီကျော် ဆွေးနွေးပြောဆိုပြီးကြလျှင် လူသုံးဦးထံသို့ တောင်တန်းဒေသအားလုံးသွားလာရာ၌ နှောင့်ယှက်ပိတ်ပင်ခြင်း မပြုရန်၊ ဗိုလ်တဲအားလုံး အခမဲ့တည်းခိုနိုင်ရန်ဟူသော မိတ်ဆက်စာကလေးကား အပြောကောင်းသောကြောင့် ရခဲ့ပေ၏၊ လက်မှတ်တော့ မဟုတ်ပေ။

"မင်းကြီးရဲ့ နာမည်ဘယ်လိုခေါ်ပါသလဲ"ဟု မေးရာ -

"ကျွန်ုပ်၏နာမည်ရင်းကတော့ မစ္စတာ စတီဗင်ဆင်လို့ခေါ်ပါတယ်၊ ဒါပေမယ့် မြန်မာတွေကကော့ တောင်တန်းနဲ့မြေပြန့် ခွေးခွဲသောမင်းကြီးလို့ခေါ်နေကြတယ်၊

ကျွန်ုပ်လည်းနေရတာ စိတ်မပျော်ပါဘူး၊ ဒီမြန်မာပြည်မှာလည်း ကြာကြာမနေတော့ပါဘူး၊ အင်္ဂလန်ပြန်ပါတော့မယ်"ဟူ၍ ညိုးငယ်စွာ မျက်လွှာချ၍ ဝမ်းနည်းသံတိမ်နှင့် ဖြေလိုက်ရှာ၏။

ထို့နောက် နှုတ်ဆက်ပြီး ထွက်လာခဲ့ကြ၏၊ လမ်းလာကြစဉ် ဟုမ္မလင်းဆရာတော်ကြီးက "အင်္ဂလိပ်လူမျိုးများဟာ သိပ်လှည့်ကဘ်တယ်၊ အရှင်ဘုရားက စိတ်ခတ်လည်းရှိရင့်ပြီး စကားပြောကလည်း ချက်ပိုင်လို့သာပြေလည်တာ၊ စကားပြောဝေ့လည်လည်နဲ့ သာမန်ပုဂ္ဂိုလ်မျိုးသာဖြစ်လျှင် တော်သလိုနဲ့လှည့်ပြီး ပြန်လွှတ်လိုက်မှာ သေချာတယ်"ဟု အမိန့်ရှိလေသည်။

သို့စဉ်လျက် လက်မှတ်မပေးလိုက်ပေ၊ သာမန်မိတ်ဆက်စာကလေးနှင့် ပြီးခဲ့ရသည်ပင်၊ သို့ရာတွင် ကျေနပ်ခဲ့ပါသည်။

## တောင်ပိုင်းချင်းတောင် ကန့်ပက်လက်သို့

၁၃၀၈-ခုနှစ်၊ တပို့တွဲလဆန်း ၇-ရက်။ တောင်ပိုင်းချင်းတောင်သို့ ယနေ့စစ္စာဦး သာသနာပြုခရီးထွက်ရမည်ဖြစ်ရာ ရန်ကုန်မှသွား၍ သာသနာပြုသည်ဟု ရာဇဝင်အစ မှတ်ရပေမည်။ ကမာရွတ်မှ ခရီးတစ်ဆင့်လာရသောကြောင့် အနည်းငယ်နောက်ကျ၏ ဒေါ်ရွှေသစ် ပိဋကတ်တိုက်ပေါ်လားမသိ၊ သံဃာတွေဆွမ်းစား၍ပြီးနေကြ၏၊ ဘယ်သူက ကျွေးသည်ပင်မသိ၊ သတင်းစာအချို့တွင် သာသနာပြုအာဇာနည်များ ဆွမ်းဘုဉ်းပေး နေပုံဟု ခတ်ပုံများနှင့် ဖော်ပြကြပေသေး၏၊ စင်စစ်သူတို့ထည့်သောပုံသည် ဗဟန်းထဲက မဟာသံဃာ့အဖွဲ့ဝင်တွေ ဝင်စားနေကြခြင်းသာဖြစ်သည်။ သာသနာပြုအာဇာနည်များ မဟုတ်ပေ။

## ဘူတာကြီးသို့ ကားတွေနဲ့

နံနက် (၇)နာရီအချိန်တွင် ဘူတာကြီးသို့ ကားပေါင်း ၁၀-စီးကျော်ခန့်နှင့် လိုက်ပို့ကြ၏၊ အတင်းအမှတ်တွေလည်းပါ၏၊ သိမ်ကြီးဈေးသို့ သွားလှည့်ပြလိုက်ကြသေး၏၊ လူလေးဘာလေးမြင်အောင် ဖြစ်ပေမည်။ ယင်းသည့် ပကာသန လေဝါကြွားပွေကိုမကြိုက်ပေ၊ သာသနာပြုရာတွင် ခရီးရောက်သောအရာမဟုတ်၊ သို့ရာတွင် ရှေ့ကမိုးညှင်းဆရာတော်ကြီးကို ကားအစီး ၃၀၀-ကျော်နှင့်ကြိုကြသည်ဟူသော သတင်းစာအရနှင့် စာလျှင်ဘာမှ မဟုတ်ပေ။

## သာသနာပြုကို မီးပုံးလွှတ်သလို

နောင်သောအခါ ထိုပကာသနတွေကို လက်တွေ့ဖြစ်နေကြရသော သာသနာပြု ဦးပဥ္စင်းများက သူတို့ကိုဘုရားပွဲ မီးပုံးပျံလွှတ်လိုက်ကြကြောင်း ပုံနှိုင်း၍ပြောကြလေသည်။ သီတင်းကျွတ်အခါ ဘုရားပွဲမီးထွန်းပွဲများတွင် မီးအိမ်ပျံလွှတ်ကြသောအခါ အိုးစည်ဗုံမောင်းတွေတီး၊ လက်ခုပ်လက်ဝါးတီးခတ်၊ အော်ဟစ်ဝိုင်းညာကြွေးကြော်၍ လွှတ်လိုက်ကြ၏၊ တက်သွားခဏမျှ မော်ကြည့်ပြီးနောက် သတိမပြုကြတော့ပေ၊ ဘယ်ဆီရောက်၍ ဘာဖြစ်လေသည်မသိ၊ မီးလောင်သလား, ကျလေသလား၊ ဘယ်သူမှ ဂရုမပြုကြတော့၊ ပြုရန်လည်းမလို၊ တက်စဉ်သာ လူမြင်ကောင်း၍ ပျော်ရန်အတွက်ဖြစ်ပေသည်။

ယခုလည်း ထိုနည်းရှင်းပင်၊ ဘုတာကြီးနှင့် သင်္ဘောဆိပ်အရောက်သာ အိုးစည်ဗုံမောင်းတီး၍ ဝိုင်းညာညက်လွှတ်လိုက်ကြသည်။ နောက်ဘာမှ မကြည့်တော့ဘူးဟု ပြောကြသည်။ ထိုစကားမှန်၏၊ ရထားပေါ်တင်, သင်္ဘောပေါ်တက်စေပြီးကြလျှင် "သွားရော့လဟယ်"ဟူသည့်သဘောအတိုင်း ထားပစ်ခဲ့ကြ၏၊ ဘယ်သူမှ ကြည့်ရှုသူမရှိ, ကိုယ့်အစွမ်းနှင့် ကိုယ်သာကြံဖန်ကြိုးစားသွားကြရသည်။ ဘယ်ဒေသမှ မရောက်ဖူးသေးသော ကိုယ်တော်ငယ်များမှာ ဘယ်ဆီသွားရမှန်းမသိ၊ ဘယ်တည်းခိုရမှန်းမသိ၊ ခရီးတစ်လျှောက် ခက်ခဲကြ၍ စိတ်ပျက်ကြပြီးလျှင် လမ်းထက်ဝက်ကနေ ပြန်သူတွေ ပြန်သွားကြကြောင်းကြားရ၏၊ အချို့မှာ ကြာလာတော့နားလည်မှုတွေ ရကြကုန်၍ "သင်းတို့က ရန်ကုန်မြို့ပေါ်တွင် ကားစီးပြီးဇိမ်နှင့်နေကြတယ်၊ တို့ကိုတော့ ညာညက်ပြီး ဟိုတောင်သွား၊ သည်တောင်သွားလို့ လက်ညှိုးထိုးလွှတ်လိုက်ကြတယ်၊ ဘာရမလဲ, နွားမှတ်လို့ဟူသည့် လူငယ်တို့၏ ခေတ်အမြင်နှင့် ရန်ကုန်ထဲ၌ပင်ပျောက်သွားကြကြောင်း သတင်းကြားရလေတော့သည်။

## ဘယ်အရပ်မှ မကြောက်ပါ

နောက်ပါသံဃာ (၄)ပါးနှင့် ရထားခရီးထွက်ခဲ့ကြပြီး ဤအရှင်မှာနှစ်ပေါင်း ကြာမြင့်စွာက သာသနာပြုလာခဲ့ခြင်း၊ ဒေသန္တရခရီးများစွာ သွားလာဖူးခြင်းကြောင့် မည်သည့်အရပ်ဒေသ၊ မည်သည့်လူမျိုးတို့ တောတောင်ဖြစ်စေ သွားလာရေး၊ တည်းခိုရေး၊ ပေါင်းသင်းဆက်ဆံရေး ဟူသမျှမကြောက်ပေ၊ သူတစ်ပါးတို့ စိတ်မျှမကူးဝံ့သော လေးကြား,

မြားကြား လူရိုင်းဒေသများသို့ပင် တစ်ပါးတည်းသပိတ်တစ်လုံးနှင့် တိုးဝင်သွားရောက် သာသနာပြုနေခဲ့သူဖြစ်၍ တစ်စုံတစ်ရာဝန်လေးခြင်းမရှိပေ။

ယခုအကြိမ်မှာ သာစည်မှလမ်းခွဲ၍ မြင်းခြံပခုက္ကူသို့သွားရ၏၊ ပခုက္ကူမှ ပေါက်မြို့ တစ်စခန်းချသည်။ မြို့သူကြီး ဦးမြတ်တင် (ပါလီမန်အမတ်)နှင့် ဆရာဟောင်း၊ ဒကာ ဟောင်းဖြစ်၍ ၎င်းမှအကူအညီယူ၍ ပုံတောင်ပုံညာတောတောင်တွေဖြတ်ပြီး ယောနယ် ကြီးသို့ ရောက်ကြသည်။ ယောနယ်တွင် မိမိအကြောင်းသိကြပြီးသော ရဟန်းသံဃာတော် များ၊ လူဒါယကာများ အကူအညီယူသင့်ရာယူ၍ နောက်ပါသံဃာများကို ချင်းတောင်ပေါ် ကိုယ်တိုင်တက်ရောက် သာသနာပြုရန်နေရာချထားစီစဉ်၊ ဆိုင်ရာအစိုးရနှင့် စကား ပြောဆိုပြီး ချထားခဲ့သည်။ တောင်ခြေရင်းယောနယ်တို့၌လည်း သုံးဌာနမှ ထောက်ပံ့ ကူညီရန် သာသနာပြုထောက်ပံ့ရေးအဖွဲ့များ ဖွဲ့ထားခဲ့၏၊ တစ်လအတွင်း အားလုံးစီစဉ် ဆောင်ရွက်ပြီး၍ တပေါင်းလဆန်း (၄)ရက်နေ့တွင် ရန်ကုန်အရောက်ပြန်ခဲ့သည်။ အကြောင်းကား "မြောက်ပိုင်းတောင်တန်းများသို့ ဆက်လက်ခရီးထွက်ရန် ကိစ္စကိုရန်ကုန်သို့ ပြန်ခဲ့ပါဦး"ဟု မှာကြားချက်ကြောင့်ဖြစ်၏။

# သံသရာကျင်လည်တတ်ရမည်

ရှေးဆရာတော်ကြီးတို့က ယောက်ျားမြတ်တို့မည်သည် သံသရာကျင်လည်တတ် ရမည်ဟု ဆုံးမတော်မူလေ့ရှိကြ၏၊ မြတ်စွာဘုရားရှင်၏ တရားဓမ္မက္ခန်စာပေကျမ်းဂန် များစွာကို လေ့လာသင်ကြားထားပြီးသော မိမိသည်လည်း သံသရာဘဝကို အတော်အတန် ကျင်လည်တတ်ပါသည်။ ထို့ကြောင့်တွေ့ကြုံရသော လူလောကခံကို စိတ်ပျက်ဖွယ်ဟူ၍ အချိန်ကြာစွာ ရေတွက်နေလေ့မရှိပေ၊ ဖြစ်နိုင်သောနည်းနှင့် ကျေးဇူးဖြစ်ထွန်းစေမည့် စိတ်ချမ်းသာမှုကိုသာ ရှေးရှုဆောင်ရွက်သွားမည်ဖြစ်၏။

# မူလရည်ရွယ်လျှောက်ချက်များ

ရည်ရွယ်ထားသည်က ရန်ကုန်ပြန်ရောက်ပြီးလျှင် (၇)ရက်သာဆိုင်း၍ ဥတုရာသီ မပူပြင်းမီ ရည်မှန်းထားပြီး တောင်တန်းများသို့ တစ်ဆက်တည်းတွင်တွင်သွားမည် အကြံယူ ထား၏၊ အဖွဲ့ကမူလလျှောက်ချက်မှာ "အရှင်ဘုရားက တာဝန်ခံခေါင်းဆောင်၍ သာသနာ ပြုပုံပြုနည်း လက်တွေ့သင်ကြားပေးပြီး ပထမဆုံးကန်ပက်လက် (၅)ပါးပို့ချထားပေးရန်၊

တစ်ဖန်ပြန်ခဲ့ပြီးလျှင် ဒုတိယမြောက်ပိုင်းချင်းတောင် (၅)ပါးပို့၍ တတိယကချင်းတောင် ပုဂ္ဂိုလ်ရသမျှ ပို့ချပေးရန်ဟူ၍ဖြစ်၏။ ထို့ကြောင့် ပို့ရမည့်ကိုယ်တော်များနှင့် သူတို့အတွက် ရိက္ခာကို အသင့်စီစဉ်ထားကြပါဟု မှာခဲ့ပြီး မိမိကျောင်းသို့သွား၍ ခေတ္တအပန်းဖြေနေ လိုက်သည်။

# ဟိုတုန်းကတစ်မျိုး အခုတော့တစ်မျိုး

သို့ရာတွင် မိမိကြံရွယ်ချက်နှင့် စီမံချက်အတိုင်းမဟုတ်တော့ဘဲ တစ်မျိုးဖြစ်သွား၏၊ တွေ့ရပုံက ရန်ကုန်ပြန်ရောက်၍ (၃)ရက်အကြာတွင် မိမိအားချီးကျူးပွဲဟူ၍ လူအနည်း ငယ်နှင့် တူရိယာအဖွဲ့တစ်ခုက တီးမှုတ်စေ၏၊ ဖျော်ရည်တစ်ခွက်ကပ်၏၊ သတင်းစာဆရာ များက လက်တွေ့ဆောင်ရွက်ခဲ့ရသော တောင်တန်းပြန်ကြောင်းရာ မိမိဟောပြောချက်ကို ရေးယူကြသည်။ (၇)ရက်နားပြီး ခရီးဆက်ထွက်ရေးကိုမူ ဆိုင်းထားကြသည်။ ရက်မကြာခင် အချိန်မီခရီးထွက်တော့မည်ပြောသော်လည်း "နေပါဦး၊ ဆိုင်းပါဦး"နှင့် တပေါင်းလတစ်လ ကုန်သွား၏၊ သာသနာပြုလိုမည့်ပုဂ္ဂိုလ်လည်း တစ်ပါးမှမရှိဟုဆို၏၊ သင်တန်းတက်၍ လက်မှတ်ပေးထားပြီး ကိုယ်တော်များလည်း အချို့ကပျောက်သွား၍ အချို့ကမသွားချင်ဟု ငြင်းကြသဖြင့် မရတော့ဟုဆို၏၊ မူလက ၎င်းတို့လျှောက်ထားချက်ကား ဖျက်လိုက်ရပြီ။

ယင်းသို့ဖြစ်လျှင် မိမိတစ်ပါးတည်း ကြိုတင်သွားရောက်၍ ဒေသဌာနကြည့်ရှု စီစဉ်ခဲ့ပြီး နောင်နှစ်မှဖြစ်စေ အခြားပုဂ္ဂိုလ်များပို့ရန်ပြောပြရာ သဘောတူကြ၏၊ တကယ် သွားတော့မည်လုပ်တော့ ဆိုင်းပါဦးနှင့် အချိန်ဆွဲခါ ဦးသွင်စသောလူကြီးများ မပါစေဘဲ လူအနည်းငယ် (၃-၄)ယောက်နှင့် စည်းဝေးပွဲသုံးခါလုပ်၏၊ နောက်ဆုံးတွင် "သွားရန်မလို၊ ဒီနှစ် သာသနာပြုလုပ်ငန်းရပ်လိုက်ပြီ၊ အရှင်ဘုရား တစ်ပါးတည်းလည်း ကြွရန်မလို"ဟူ၍ ဆုံးဖြတ်လိုက်ကြလေတော့သည်။

# လွှတ်ပြီတဲ့ လွှတ်ခဲ့လေပြီ

"ကိုင်း . . . ဒီလိုဆိုရင် မိမိသွားမည်"ဟု သတင်းစာ, ရေဒီယိုတို့မှ ကြေညာ ထားပြီး "ခရီးစဉ်ကိုတော့ မဖျက်နိုင်၊ ကိုယ့်အားကိုယ်ကိုး, ကိုယ့်ဘာသာသွားတော့မည်"ဟု ပြောသောအခါ "သွားလိုကသွား, မသွားလိုကနေ၊ အဖွဲ့ကတော့ ခရီးစရိတ် မပေးနိုင်၊ ဘာရိက္ခာမှ မထောက်နိုင်"ဟု အကျိုးဆောင်ချုပ်ဆိုသူက ပြောလိုက်၏၊ "ကောင်းပြီ . .

စောစောက ဒီလိုသိရလျှင် ဒီလောက်အချိန်တွေ မမျောစေရဘူး၊ အကြောင်းသိပါပြီ၊ သွားမည်၊ နောင်ဘာမှမပြောနဲ့"ဟုဆိုကာ ယင်းတို့အသင်းတိုက်မှ ဆင်းခဲ့၏၊ သို့သော် နောက်ထပ် ဦးသုဇာတဆိုသူတစ်ပါးကို ကချင်တောင်တန်းပို့ကြောင်း မိမိခရီး ထွက်ပြီးနောက် ကြားရသည်။

(ခရီးစရိတ်ဆိုသည်မှာ ဘယ်ငွေပေးရမည်ဟု ဘယ်တုန်းအခါကမှ မတောင်းဖူးချေ၊ ကန်ပက်လက်သွားပြန်စရိတ်ကို သူတို့သဘောအတိုင်း ၅၀-ကျပ်သာပေးကြ၏၊ မြောက်ပိုင်းတောင်ခရီးစရိတ်ကိုလည်း တောင်းပါဟု အကြိမ်ကြိမ်ပြောကြသည်။ ငွေလိုချင်၍ အယောင်ဆောင်သူလောဟု စမ်းကြဟန်တူသည်။ ပြောဖန်များ၍ ကန်ပက်လက် ၅၀-ကျပ်ပေးလျှင် ထိုထက်ဝေးလံလှသော ခရီးရှည်ခက်ခဲကြီးကို ကြည့်ပေးပါဟုပြောလိုက်သည်။ ဘယ်လောက်ဟုပြောမှ ပေးရလွယ်မည်ဟု ထပ်ပြောကြပြန်၍ ၃၀-ကျပ်ခန့် ထပ်တိုး၊ ကန်ပက်လက် ၅၀-ကျပ်တွင် ၃၀-ကျပ်တိုးဆိုလျှင် ၈၀-ကျပ်ခန့်ပြောခြင်းဖြစ်၏။ ဤမျှခက်ခဲရှည်လျားသော ခရီးကြီးကိုမည်သူသည် ငွေ ၈၀-ကျပ်နှင့်သွားရဲမည်နည်း၊ မိမိသဘောမှာ မတတ်သာသော ရထား, သင်္ဘောကူးတို့ခသာပေး၍ တတ်နိုင်လျှင် ခြေကျင်လျှောက်မည်၊ စားစရိတ် မထည့်ဟူသောဝါဒဖြစ်သည်။)

ဘုရားကြီးဆရာတော်အား တိုင်ပင်လျှောက်ထားစဉ်က "ပြတ်ပြတ်သားသား မှတ်ချက်ချလိုက်သော "ဒီလူတွေနှင့် သာသနာပြုလို့ မဖြစ်နိုင်ပါဘူး၊ မောင်ဥတ္တမသာရ၊ မင်းကြိုးစားလျှင်ဖြင့် တောင်ပေါ်သာသနာရောက်ကောင်းရောက်လိမ့်မည်"ဟူသည့် စကားကို ကြားယောင်၍ ထင်လာတော့သည်။ အဖွဲ့၏သဘော အကျိုးဆောင်ချုပ် လုပ်သူ၏ စိတ်နေညာ ဉ်တို့ကို လက်တွေ့သိရပေပြီ၊ သို့သော်မည်သူ့ကိုမှ အပြစ်မတင်၊ ရှေးက မိမိတစ်ပါးတည်း ဆောင်ရွက်နေကျအတိုင်း လွတ်လပ်စွာ ယခုဆောင်ရွက်ခွင့် ရပေပြီဟု နှလုံးပိုက်လိုက်၏။

# ကိုယ်စွမ်းသတ္တိ ပြရမည့်အခါ

သံသရာ ကျင်လည်နည်းဟူသည် ဘဝလမ်းတစ်လျှောက်ကို ဆိုလေရာ တွေ့ကြုံရသော အကြောင်းကို ဝမ်းနည်းစိတ်ပျက်မထားဘဲ မြတ်သောပါရမီသာ အရဖြည့်ရမည်ဟု အဓိပ္ပာယ်ရောက်၏၊ ထို့ကြောင့် ငါ၏ယခုဘဝ ရှေးကကငါကိုဖန်ခဲ့ပြီ၊ ယခုလည်း အစွမ်းသတ္တိကို ဟုတ်မှန်တိုင်းသိပြီးသော ယောကျ်ားမြတ်မဟုတ်ပါလော၊ နိဗ္ဗာန်မရသေး သမျှ ငါကိုယ်ငါက ငါပင်ဖန်၍ အစဉ်တစ်စိုက် ကျင်လည်သွားနေရဦးမည်ပင် ဖြစ်သည်။

လူ့ဘဝသည် လေဝ၌ ထွန်းညှိအပ်သော ဆီမီးတိုင်ကဲ့သို့ သေရမည့်ဘက်များ၏၊ မသေမီကာလ ကိုယ်ခန္ဓာအရင်းတည်၍ မြတ်သောပါရမီဖြည့်ရန် အချိန်မကုန်စေသင့်ပေ။

# စေတနာမှုမှန်ရမည့် အလုပ်

သာသနာပြုအလုပ်သည် ကလေးကစားသည်မဟုတ်၊ လူကြားကောင်းရုံလုပ်သည်လည်းမဟုတ်၊ မွန်မြတ်သော စေတနာအရင်းခံထား၍ ထက်မြက်စွာကြိုးစားရမည့် အလုပ်ဖြစ်၏၊ ရှေးက မြေလျှိုးမိုးပျံ စျာန်အဘိညာဉ်ရသော ဘုရား, ရဟန္တာပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်ကြီးတို့ ပြုသွားကြသော အလုပ်လမ်းစဉ်ကို မိမိတို့က ခြေကျင်လျှောက်ဘဝနှင့် လိုက်နေကြရခြင်းဖြစ်၏။

"နိုင်ငံခြားသားတို့သည် မြန်မာပြည်တောင်တန်းအရပ်ရပ်သို့ ရောက်နေကြပြီးလျှင် ခေတ်မမြင် ဒေသတွေကို သူတို့ဘာသာ သိမ်းသွင်းနေကြလေပြီ၊ ငါတို့မှာ ယခုမှအိပ်ရာမှ နိုး၍အလုပ်စကြမည် ကြံကာရှိသေး၏၊ နားမလည်သူ စိတ်စေတနာမှုမမှန်သူတို့ကို တုနေရမည့်ခါမဟုတ်ပေ။"

ဘုရားကြီးဆရာတော် ဦးကောဏ္ဍည အမိန့်ရှိထားပြီးဖြစ်၏၊ "သာသနာပြုမည့် ပုဂ္ဂိုလ်ကား ငါမဟုတ်လော၊ သူတို့တစ်စု၏ အဖွဲ့ဆိုသည်လည်း ယခုမှ ဦးသွင်စသော လူဒကာကြီးကလျှောက်၍ သာသနာပြုအဖွဲ့ အမည်ခံကြသည်။ စင်စစ်သူတို့၏ စေတနာ မဟုတ်၊ သူတို့အဖွဲ့ဝင်ပုဂ္ဂိုလ်များလည်း ဘယ်တောဘယ်တောင်မှ ခြေတစ်လှမ်းမချစဖူး၊ သာသနာပြုရေးအတွက်နှင့် ဆွမ်းတစ်နပ်အငတ်ခံကြမည်လည်း မဟုတ်ပေ၊ ရန်ကုန်မြို့ပေါ်တွင် နေမြဲတိုင်းကျောင်း၌နေ၊ ဆွမ်းကောင်းဟင်းကောင်းစား၍ မော်တော်ကား စီးကာသာ နေကြမည်။ တစ်ခါတစ်ရံ လေယာဉ်ပျံအလကားရလျှင်ဖြင့် ပျော်ပွဲစားခရီးထွက်သကဲ့သို့ ခေတ္တသွားရောက်၍ ကားလမ်းဆုံးလျှင် ပြန်ခဲ့ကြမည်သာဖြစ်၏၊ သူတို့လုပ်မည်ကား တို့အဖွဲ့က သာသနာပြုသည်ဟု နာမည်ယူခြင်းနှင့် ပစ္စည်းအလှူခံ, ငွေအလှူခံခြင်းသာ ဖြစ်သည်ကို နားလည်၏။"

"ငါသည် ယခုမှ အိပ်ရာနိုးသူမဟုတ်၊ ကြာမြင့်စွာသော နှစ်တို့ကပင် တောတောင်တွေလှည့်ပတ်၍ သာသနာပြုခဲ့ပြီ၊ ဘယ်အသင်းအဖွဲ့မှ မရှိခင်ကပင် ငါ၏ပကတိစေတနာနှင့် ဆောင်ရွက်နေခဲ့ပြီ မဟုတ်ပါလော၊ ဆွမ်းစားရသောအခါလည်းရှိ၏၊ မစားရသောအခါလည်းရှိ၏၊ အဖျားတက်နေလျှင် ရောက်ရာ၌အိပ်နေ၍ အဖျားကျသွားလျှင် ထ၍ခရီး

ဆက်သွားခဲ့သည်။ တောင်ပေါ်ရောက်အောင် သာသနာတင်မည့်သူကား ငါသာတည်း၊ သူတစ်ပါးက သွားဆိုမှသွား, ထိုင်ဆိုမှထိုင်နိုင်မည့်လူသည် ငါကဲ့သို့သော ပုဂ္ဂိုလ်မျိုးမဟုတ်၊ ငါသည် ပုဂ္ဂလိကပိုင်မဟုတ်, ကြေးစားကျွန်မျိုးစာရင်းဝင်မဟုတ်၊ စင်စစ်မှာ ငါ၏ကိုယ် ငါပိုင်သည်မဟုတ်၊ အနတ္တရုပ်နာမ်မျှသာ မဟုတ်ပါလော၊ ဤသို့နှလုံးသွင်းမိလျှင် လွတ်လပ်သော စိတ်အစဉ်သည် ကြည်လင်၍လာ၏၊ သဒ္ဓါတရားတို့သည် ကြည်လင် ဝမ်းမြောက်၍ လျှမ်းလျှမ်းတောက်လာကြသည်။"

# ကိုယ့်အလုပ်သည် ကိုယ့်ပါရမီပင်

စင်စစ်မှာ မည်သူ့ကိုမျှ ပြစ်တင်ရှုံ့ချနေရန်လည်းမလိုပါ၊ ငါလုပ်သမျှသည် ငါ့အလုပ်သာဖြစ်၏၊ သူတို့အလုပ်မဟုတ်ပေ၊ ကမ္ဘာလှည့်နာမည်ကျော် မာကိုပိုလိုသည် ဘယ်သူကမှ နာမည်ပြောင်းယူ၍မရ၊ သူ၏စွန့်စားမှုသည် သူ့ဥစ္စာသာတည်း၏၊ ခုနစ်ခေါက် ခရီးသွားခဲ့၏၊ ထူးခြားသော စွမ်းရည်ထူးရှင်အဖြစ် ထင်ရှားခဲ့သော ဆင်းဘတ်သည်လည်း ဆင်းဘတ်သာနာမည် ကျော်ရသည်၊ မည်သူကမှ အမျှော်အတုဆောင်၍ နာမည်ယူမရပေ။

မြတ်သောပါရမီကို ဖြည့်ကျင့်တော်မူကြသော ဘုရားဆုပန်အလောင်းတော်ကြီး တို့သည် ငါသည်သာ သတ္တဝါတွေ ချမ်းသာရေးအတွက် ပင်ပန်းဆင်းရဲခံ ပါရမီဖြည့်ရသည်၊ ပစ္စေကဗုဒ္ဓါအလောင်းတွေကဖြင့် တက်တစ်ချောင်းနှင့် လောင်းတစ်စင်းရလျှင် တစ်ကိုယ် တည်း တစ်ဖက်ကမ်းကူးသလို သူတို့တစ်ကိုယ်တည်း လွတ်မြောက်ရေးသာ အားထုတ် နေကြသည်"ဟု အပြစ်မဆိုကြပါ၊ ပစ္စေကဗုဒ္ဓါဆုရှင်ကလည်း ငါတို့သာလျှင် ကိုယ့်စွမ်း, ကိုယ့်ဉာဏ်နှင့် သမ္ဗုဒ္ဓဖြစ်၍ နိဗ္ဗာန်သွားနိုင်ရန် အားထုတ်ကြသည်။ သာဝကပါရမီရှင် တို့ကဖြင့် သူတစ်ပါးအားကိုးနေကြသည်ဟု အပြစ်မဆိုကြပါ၊ ထို့အတူ ငါသည်လည်း ငါ့ဘဝတွင် ငါဆောင်ရွက်သော အလုပ်သည် ငါ၏ဖြည့်ကြောင်း ပါရမီတည်းဟု နားလည် ထား၏။

# စေတနာဆောင်လျှင် အောင်ရမည်

ထိုမြတ်သော ရည်ရွယ်ချက်အတိုင်း ကမာရွတ် ရွာမဆရာတော်ဘုရားကြီးအား လျှောက်ထားတိုင်ပင်ပြီးလျှင် ယခုတစ်ကြိမ်သည် မည်သည့်အသင်းအဖွဲ့ တစ်ဦး တစ်ယောက်၏ ထောက်ပံ့ခြင်းမျှမပါ၊ ရောက်ရာအရပ်တွင် ဖြစ်သလိုတည်းခိုစားသောက်၍ တစ်ပါးတည်း သပိတ်တစ်လုံးနှင့် သာသနာပြုခရီးထွက်တော့မည်ဖြစ်ကြောင်းကို

သတင်းစာများမှ ကြေညာလိုက်၏၊ မူလရည်မှန်းထားသော ချင်းတောင်မဏိပူရနယ်ခြား နာဂသျှတြဲတောင်တန်းစသည်များသို့ တန်ခူးလဆန်း (၂)ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်မှ ခရီးထွက်ခဲ့သည်။

အလုပ်ဟူသမျှသည် စေတနာပဓာနဖြစ်၏၊ စေတနာကောင်းထား, မေတ္တာစာတ် အရင်းတည်၍ ဝီရိယအစွမ်းနှင့် ၄င်း သတ္တိကို အားကိုးပြုသွားခဲ့ရာ ရှေးကမရောက်ဖူးသော တောင်တန်းများစွာပေါက်၍ အထူးခရီးရောက်ခဲ့၏၊ မည်သည့်အရပ်ဒေသ, မည်သူ့ထံမှ ငွေကြေးအလှူခံခြင်း မပြုပေ၊ လှေကြုံလှည်းကြုံတွေ့လျှင်စီး၏၊ ဆွမ်းထုပ်ပေးလှူလျှင် ယူ၏၊ လှူသူမတွေ့လျှင် မစားဘဲနှင့် ရေသောက်၍ခရီးသွား၏၊ ရောက်ရာဒေသမှ မိမိတွေ့ကြုံ ရသောအကြောင်း၊ လုပ်ဆောင်ခဲ့သော အကြောင်းရာတို့ကိုလည်း သတင်းရေး၍ပို့သွား၏၊ ရံခါ မအိပ်ရဘဲလည်း ခရီးဆက်တိုက်သွားဖူးသည်။

ထို့ကြောင့် ရောက်ရာဒေသတိုင်းမှ မိမိ၏နေထိုင်သွားလာပုံ၊ လုပ်ဆောင်ပုံကို လက်တွေ့မြင်ကြရသော ရဟန်းတိုင်း, လူတိုင်းကပင် ချီးကျူးကြ၏၊ ဝမ်းမြောက်အားရ ကြ၏၊ နှစ်သက်ကြ၏၊ မြတ်နိုးကြ, ရိုသေလေးစားကြ၏၊ ရှေ့တွင်လည်း ချီးကျူးကြ၊ ကွယ်ရာ၌လည်း မြန်မာပြည်တွင် ဤပုဂ္ဂိုလ်လိုတကယ်စွန့်စားသော ပုဂ္ဂိုလ်မျိုး တစ်ခါမျှမပေါ် ပေါက်သေးဘူးဟု ပြောကြ၏၊ ဤသည်လျှင် အလုပ်မြင်၍ ချီးမွမ်းထိုက်သောကြောင့် ချီးမွမ်းကြခြင်းဖြစ်သတည်း၊ လိုရင်းကား စေတနာနှင့်စွန့်စားခြင်းတည်း။

ဦးဥတ္တမသာရ

တောင်တန်းနယ်ခြား သာသနာပြုဆရာတော်



ဆဌမပိုင်း

# စကြဝဠာ ကမ္ဘာလောကဓာတ်သည် ဘယ်ကဲ့သို့ ဖြစ်ပျက်တည်နေသလဲ

တောင်တန်းနယ်ခြားသားတို့အား ငါတို့နေရာ ကမ္ဘာလောကကြီးကို မည်သူဖန်ဆင်း၍ ဘယ်ကဲ့သို့တည်နေသည်၊ သတ္တဝါတို့ဘယ်လို ကျင်လည်ရွေ့ပြောင်းနေကြရသည် ဟူသော အမြဲမရှိ၊ အတည်မကျ၊ တစ်ဘဝမှတစ်ဘဝသို့ အစဉ်ပြေးသွားနေကြရပုံ ဟောကြားပေးရာ မည်သူမဆို သိသာနားလည်ထားရန် လိုသောကြောင့် ဤအခန်းတွင် တိုတိုရှင်းရှင်း ရေးပြလိုက်ရသည်။

## ကြိုတင်သိထားရန်

ကမ္ဘာလောကဘုံပြည်တွေကို ဘယ်သူဖန်ဆင်းသနည်းဆိုလျှင် စိတ်ဖန်ဆင်းသည်၊ သတ္တဝါတို့၏ စိတ်တွေက ဖန်ဆင်း၍ စိတ်တွေကပင်ဖျက်ဆီးကြသည်။ ဆောက်လုပ်သူကား (ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော)ဟူသော မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်- ဤဓာတ်ကြီးလေးပါးက ဆောက်လုပ်ကြသည်ကို ရှေးဦးစွာ ကြိုတင်၍သိထား ရမည်။

## ဘယ်အရာမှ အမြဲမရှိ

လူ့, နတ်,ပြဟ္မာ, တိရစ္ဆာန် သတ္တဝါအားလုံးတို့သည်လည်းကောင်း၊ ထိုသတ္တဝါတို့ နေထိုင်ရာ ဘုံပြည်သည်လည်းကောင်း အစဉ်ပြောင်းလဲလျက်ရှိ၏၊ ဘယ်အရာမှ အမြဲမတည်၊ ဖြစ်ပြီးလျှင် တရွေ့ရွေ့ပျက်၍ ပျက်ပြီးလျှင်လည်း တစ်ဖန်တည်ပြန်သည်။ သေးဖွဲ့သောအရာကို မဆိုထားဘိ၊ ကြီးကျယ်သော ငါတို့နေရာ စကြဝဠာကမ္ဘာကြီးပင်လျှင် ဖြစ်လိုက်, တည်လိုက်, ပျက်လိုက်နှင့် နေရသည်။ စုစုချုပ်မှာ အားလုံးယာယီလောကကြီးသာ ဖြစ်၏။

ဓာတ်ကြီးလေးပါးဖြင့် ဆောက်တည်၍ထားသော သင်္ခါရတရားတို့သည် အဘယ်ကဲ့သို့ ဖြစ်ပြီး၍ ပျက်ကြသနည်းဆိုသော် စကြဝဠာလောကဓာတ်ကြီးသည် လွန်ခဲ့သော ကမ္ဘာက မီးလောင်၍ အားလုံးပျက်စီးခဲ့ရပြီ၊ လေးကျွန်းတစ်မြင်းမိုရ်စီရှိသော စကြဝဠာပေါင်း ကုဋေတစ်သိန်းလုံး အကုန်မီးတွေလောင်၍ မီးသွေးမျှ ပြာမျှပင်မကျန် ပျက်စီးချုပ်ပျောက်ကုန်ခဲ့ကြသည်။ စကြဝဠာကုဋေတစ်သိန်းကို အောက်ခြေမှခံ၍ တည်နေကြသော ယူဇနာလေးသိန်းရှစ်သောင်းအထုရှိသည့် စကြဝဠာခံ ရေပြင်ကြီးသည်လည်း နှင်းပေါက်လောက်မျှ မကျန်အောင် အလွန်ခန်းခြောက်၍ ကုန်ခဲ့သည်။ လူ့ဘုံ, နတ်ပြည်ခြောက်ထပ်နှင့် ပထမဈာန်ပြဟ္မာသုံးဘုံအထိ ရှိရှိသမျှအရာဝတ္ထုအစိုင်အခဲဟူသမျှအားလုံး ပျောက်လွင့်၍ သွားကြ၏၊ အထက်ကောင်းကင်နှင့် အောက်ကောင်းကင် တစ်စပ်တည်း စပ်လျက် ဟင်းလင်းပြင် အမိုက်တိုက်ကြီးအတိ ဖြစ်နေခဲ့သည်။

ထိုအခါ အပါယ်လေးဘုံသားသတ္တဝါ, လူသတ္တဝါ, နတ်သတ္တဝါနှင့် ပထမဈာန်ပြဟ္မာဘုံသတ္တဝါတို့သည် အကုန်သေကျေကြ၍ အထက်ဖြစ်သော တတိယဈာန်ပြဟ္မာဘုံစသည်တို့သို့ ကပ်ရောက်ကြလျက် ပြဟ္မာတွေချည်းဖြစ်နေကြသည်။ များသောအားဖြင့် အာဘဿရပြဟ္မာဘုံသို့ ရောက်ကြလေသည်။

## ပြန်တည်သော ကမ္ဘာပြုမိုးကြီး

စကြဝဠာဘုံပြည်တွေပျောက်၍ မီးလောင်ပြင်ကြီး ဖြစ်နေခိုက်အခါ (မှောင်ရပ်မီးကလာပ်)ခေါ်သော အမိုက်မှောင်ထုကြီးအတိသာ တစ်ကမ္ဘာ၏ လေးပုံတစ်ပုံအချိန်ခန့်ကြာသော အဓွန့်ကာလပတ်လုံး တည်နေလေသည်။ ဤသို့ ရှည်စွာသော အဓွန့်လွန်သောအခါ အထက်ပိုင်းကို အအေးဓာတ်လွှမ်းကဲ၍ အောက်ပိုင်းတွင် အပူဥဏှဓာတ်လွှမ်းကဲသောကြောင့် အပူရှိန်ငွေ့အထက်သို့တက်ကာ ချွေးပြန်၍အရည်ဖြစ်ပြီး မိုးရွာလေသည်။

ထိုမိုးသည် အစဉ်မပြတ်ကြီးစွာ ရွာနေသော ကမ္ဘာပြုမိုးကြီးဖြစ်ရာ အောက်၌ယူဇနာ ကိုးသိန်းခြောက်သောင်းအတုရှိသော လေပြင်းကြီးမှသည် အထက်သို့ ပထမစျာန် ဗြဟ္မာဘုံ သုံးနေရာအထိပြည့်၍ ဘေးပတ်ဝန်းကျင်မှာ စကြဝဠာကုဋေတစ်သိန်းတည်နေရာ မီးလောင်ပြင် အားလုံးကို ပြည့်ဖြိုးနေသည်တိုင်အောင် ရွာလေသည်။ ထို့ပြင် ဟင်းလင်း ပြင်ကြီးကို ကမ္ဘာပြုမိုးရေဖြင့်ပြည့်၍ သွားလေတော့သည်။

# ဗြဟ္မာဘုံ စတည်သည်

ထိုရေထုရေပြင်ကြီးသည် လှိုင်းထန်၍ အနယ်ကျခြင်း ပြစ်ခဲ့ခြင်းရှိလာသည်။ တဖြည်းဖြည်း ခန်း၍ခန်း၍ လျော့ကျလည်းသွားသည်။ ရှည်စွာသော အခွန့်ကာလကိုလွန် သောအခါ ပထမစျာန်ဗြဟ္မာဘုံနေရာအောက်သို့ ရောက်သွား၏၊ ထိုအခါ ထိုနေရာ၌ သတ္တဝါမှဆိတ်သော ပထမစျာန်ဗြဟ္မာဘုံဗိမာန်တို့သည် အလိုအလျောက် ဘွားခနဲဖြစ်ပေါ် လာကြသည်။ ထို့နောက် အထက်ဗြဟ္မာဘုံတို့မှ ဗြဟ္မာသတ္တဝါအချို့တို့သည် အသက်ကုန်၍ လည်းကောင်း၊ ကံကုန်၍လည်းကောင်း၊ အသက်ကံ နှစ်ပါးစုံကုန်၍လည်းကောင်း တစ်ခုခုဖြင့် စုတေပြီးကာ သတ္တဝါမှ ဆိတ်သောထိုဘုံဗိမာန်များသို့ရောက်၍ ဗြဟ္မာဖြစ် ကြလေ၏၊ ပျက်စီးသော လောကကြီးကို ဖစ္စာဦး ဗြဟ္မာဘုံက စတင်တည်ထောင်လေသည်။

# နတ်ဘုံများ အဆင့်ဆင့်တည်ပုံ

ဤနည်းတူ ရေတို့သည် တဖြည်းဖြည်းခန်း၍ လျော့ကျဆင်းသွားလေ၍ ဝသဝတ္တီ နတ်ဘုံနေရာအောက်သို့ရောက်လျှင် ထိုနေရာ၌ သတ္တဝါမှ ဆိတ်သောနတ်ဘုံဗိမာန် တို့သည် ဘွားခနဲဖြစ်ပေါ်လာကြ၏၊ ထိုအခါ ဗြဟ္မာဘုံတို့မှ ဗြဟ္မာသတ္တဝါအချို့တို့စုတေ၍ ထိုဘုံသို့ ကျရောက်ကာ ဝသဝတ္တီနတ်များဖြစ်ကြသည်။ ဤနည်းအတိုင်း တဖြည်းဖြည်း ခန်း၍လျော့ကျသွားလေသော် ရှေးကမ္ဘာက တည်နေကျနေရာအောက်ရောက်လျှင် အစဉ် အတိုင်း နိမ္မာနရတိနတ်ဘုံ၊ ထိုအောက်တုသိတာနတ်ဘုံ၊ ထိုအောက် ယာမာနတ်ဘုံတို့ ဖြစ်ပေါ်တည်နေကြလေသည်။ ဤဘုံဗိမာန်တို့ကား ကောင်းကင်၌တည်သော အာကာ သဋ္ဌဘုံများ ဖြစ်ကြသည်။

# မြင်းမိုရ်စကြာဝဠာ

ဤနည်းတူပင် ရေတို့သည် တဖြည်းဖြည်း ခန်း၍လျော့ကျသွားသဖြင့် တာဝတိံသာ နတ်ဘုံတည်နေရာ မြင်းမိုရ်တောင်ထိပ်ဖျားအရပ်သို့ ရောက်လျှင် မြင်းမိုရ်တောင်ဖြစ်မည့်

နေရာ၌ ရေတို့သည် ပြစ်ခဲ့၍ မြေမှုန့်တွင် ရေနှစ်ဆရောမွှေထားသကဲ့သို့ရှိ၏၊ ကာလကြာမြင့်သော် ထိုအထက်တဖြည်းဖြည်းပြစ်ခဲ့၍ နွံ့ပြစ်ခဲ့ကြီးဖြစ်သွား၏၊ ထို့နောက် လှည်းဘီးသဏ္ဌာန်ဝိုင်းသော နွံ့လွှာကြီးဖြစ်လာလေသည်။ ၎င်းအစိုင်အခဲကြီးသည် အကျယ်အဝန်းယူဇနာ ရှစ်သောင်းလေးထောင်ကျယ်လေသည်။ ၎င်း၏ဘေးနံရံပတ်ဝန်းကျင်ရေစုကားလွှန်စွာကြည်၍ ကျဲနေကြသည်။ ထို့နောက် ကာလကြာသော် ရေကြည်ကျဲတို့သည်ခန်းလျော့ကျဆင်းသွား၍ မြင်းမိုရ်နွံ့လွှာခဲကြီးက အစိုင်အခဲမပျက် တည်ရစ်လေ၏၊ အောက်သို့ တိုး၍ခဲလျက်ထူ၍လည်း လိုက်သွား၏။

ရေတို့သည် လျော့ကျ၍ အစဉ်သဖြင့်လျော့သွားကြလေရာ စကြဝဠာတံတိုင်းထိပ်ဖျားနှင့်အမျှ လောက်ရောက်လျှင် စကြဝဠာတံတိုင်းဖြစ်မည့်နေရာ၌ ရေဟို့သည် ပြစ်ခဲ့နေကြ၏။

## ကျွန်းမြေနှင့် တောင်စဉ်ခုနစ်ထပ်

မြင်းမိုရ်တောင်ခြေ၌လည်း ရေတို့သည် ကျဆင်းလျော့သွားလေသော် တောင်ဖြစ်မည့်နေရာတို့၌ ပြစ်ခဲ့ပြီး နွံ့ညွန်နွံ့လွှာခဲတို့ ဖြစ်တည်နေရစ်၍ သီတာဖြစ်မည့်နေရာတို့ကရေကြည်ရေကျဲများဖြစ်ကာ ခန်း၍ကျဆင်းသွားနေသည်တွင် ရေပြင်ခြားလျက် ယုဂန္ဓိုရ်တောင်၊ ဣသိန္ဓိုရ်တောင်၊ ကရဝိကတောင်၊ သုဒဿနတောင်၊ နေမိန္ဓရတောင်၊ ဝိနတကတောင်၊ အဿကဏ်တောင်ဟူသော တောင်စဉ် (၇)ထပ် နွံ့လွှာခဲတို့ ဖြစ်ပေါ်နေကြ၏။

ထို့နောက် ဟိမဝန္တာတောင်နွံ့ခဲ ဟိမဝန္တာတောင်အောက် ငယ်သော တောင်ကြီးတောင်ငယ် နွံ့ခဲများနှင့် ကျွန်းမြေနေရာမြေလွှာ နွံ့ခဲတို့သည်လည်း အစဉ်အတိုင်းဖြစ်ပေါ်၍လာကြ၏ ဟိမဝန္တာနွံ့ခဲအတွင်း၌ အိုင်ကြီး (၇)အိုင် ဖြစ်မည့်နေရာတို့၌လည်းကောင်း၊ ကျွန်းမြေအပြင်မှ သမုဒ္ဒရာဖြစ်မည့်နေရာတို့လည်းကောင်း၊ ပကတိရေကြည်ရေကျဲအတိုင်းရှိကြ၏၊ အဿကဏ်တောင်ကိုပတ်လည်ဝိုင်း၍နေသော သမုဒ္ဒရာနှင့် စကြဝဠာတောင်ခြေရင်းက သမုဒ္ဒရာသည် မြင်းမိုရ်တောင်မှ ထောင့်လေးထောင့်အရပ်တို့၌ အချင်းချင်းတစ်စပ်တည်းဆက်၍ တည်နေကြ၏၊ ဤသမုဒ္ဒရာနှစ်ခုတို့အကြား မြင်းမိုရ်တောင်၏အရပ်လေးမျက်နှာတို့၌ ကျွန်းငယ်ငါးရာစီ အခြံအရံနှင့်တကွ ကျွန်းကြီးလေးကျွန်းတို့သည်ဖြစ်ပေါ်လာကြ၏၊ အရှေ့ကျွန်း၊ အနောက်ကျွန်းတို့ကား ယူဇနာ (၇)ထောင်စီကျယ်၏၊ မြောက်ကျွန်းရှစ်ထောင်ကျယ်၏၊ ငါတို့ဟောင်ကျွန်းကား ယူဇနာတစ်သောင်းကျယ်လေသည်။

## သဘာဝအလျှောက် ဖြစ်ပေါ်လာပုံ

မည်သို့မည်ပုံ ဖြစ်ပေါ်လာကြသနည်းဟူမူ ရေနှစ်ဆရောစပ်၍ ကျိုချက်အပ်သော ဖယောင်းရည်များကို အေးအောင်ထားသောအခါ ရေအပြင်သို့ တက်လျက်ရေအပြင်မှစ၍ အောက်သို့ တဖြည်းဖြည်း ခဲထပ်သွားဘိသကဲ့သို့ ဤပြဆိုခဲ့ပြီးသော မြင်းမိုရ်တောင် စသည့် ရွှံ့လွှာရွှံ့ခဲတို့သည် အပေါ်ယံမှစ၍ အောက်သို့တိုး၍ ထူ၍ခဲလျက်သွားသောကြောင့် မဟာပထဝီမြေပေါ်မှအောက်သို့ ယူဇနာ ၆၅၆-ယူဇနာနှင့် တစ်ဂါဝုတ်လောက်ထူသော နက်သောအခါ ကျွန်းမြေနှင့် အဿကဏ်တောင်မြေသည် အခြေချင်းစပ်လျက် တစ်ခုတည်းသော မြေလွှာအဖြစ်နှင့် အောက်သို့တိုး၍ ခဲလျက်ထူ၍သွားကြ၏၊ ထို့ကြောင့် အဿကဏ်တောင်သည် ရေထဲသို့ ၆၅၆-ယူဇနာနှင့် တစ်ဂါဝုတ်နစ်၍ အပေါ်အမြင့်နှင့် ဘေးအထုလည်း ၎င်းပမာဏအတိုင်းပေါ်တက်၍ ထူလေသည်။

## ရေနှင့် တောင်နက်မြင့်ပမာ

တောင်နစ်ပုံကိုပြသဖြင့် တောင်ခြေရင်းရှိ ဗဟိသမုဒ္ဒရာ၏ အနက်ခြင်းရာကိုလည်း ၎င်းအတိုင်းပမာဏကို သိနိုင်သည်။ အကျယ်ပမာဏလည်း ၎င်းအတိုင်းပင် ကျယ်လေသည်။ ဝိနတကတောင်သည် အဿကဏ်တောင်ထက် ထမ်းပိုးတိုး၍ ရေထဲသို့လည်း နစ်၏၊ ရေပေါ်သို့လည်း ပေါ်၏၊ ထူလည်းထူ၏. သမုဒ္ဒရာအနက်အကျယ်ပမာဏလည်း ၎င်းတောင်နှင့်ညီမျှသည်ပင်၊ ဤနည်းအတူ မြင်းမိုရ်တောင်ခြေရင်းက သမုဒ္ဒရာနှင့် ကြွင်းသော တောင်စဉ်တို့သည် မြင်းမိုရ်တောင်အထိ အစဉ်အတိုင်း ထမ်းပိုးတိုး၍ နက်ကြကျယ်ကြ၏၊ ရေပေါ်သို့လည်း ပေါ်တက်ကြသည်။

## အန္တောသမုဒ္ဒရာ သီတာခုနစ်တန်

ဤတောင်စဉ် (၇)ထပ်တို့၏ အကြားအကြား၌ (၇)တန်သောအတွင်းရေပြင် အန္တောသမုဒ္ဒရာတို့သည် အလွန်ကြည်လင်၍ သိမ်မွေ့သောရေရှိကြကုန်၏၊ ထို့ကြောင့် အလွန်ပေါ့သော ဥဒေါင်းမွေးငယ်ကလေးများပင် ကျသော်လည်း ရေပေါ်၌တည်မနေနိုင်ဘဲ နစ်သွားတတ်၏. ယင်းသို့ နှစ်စေတတ်၍ သီတာဟုခေါ်ရသည်။ အေး၍ သီတာခေါ်သည် မဟုတ်၊ ဤသီတာ (၇)တန် တောင်စဉ် (၇)ထပ်တို့သည် မြင်းမိုရ်တောင်ကြီးကို အစဉ်အတိုင်း အထပ်ထပ်ဝိုင်းလျက် စပ်၍ဝိုင်းရံနေကြသော တောင်ဝိုင်းရေဝိုင်းပတ်လည်ကြီးတွေသာ ဖြစ်ကြသည်။ စင်စစ်မှာ တောင်ကွင်းရေကွင်းကြီးများ ဖြစ်ကြသည်။

# စကြဝဠာတောင်တံတိုင်း

ကျွန်းမြေမှအောက်သို့ ယူဇနာ ရှစ်သောင်းနှစ်ထောင်နက်သောအခါ ကျွန်းမြေနှင့် စကြဝဠာတောင်မြေသည်လည်း တစ်စပ်တည်းပေါင်း၍ တည်သွားကြ၏၊ ထို့ကြောင့် စကြဝဠာတောင်သည် ရေထဲသို့ ရှစ်သောင်းနှစ်ထောင်နစ်ကြောင်း သိနိုင်၏၊ ရေပေါ် အမြင့်နှင့် အထုလည်း ၎င်းပမာအတိုင်းပင်ဖြစ်သည်။ ထိုတောင်ခြေရင်းရှိ ရေအနက်နှင့် အကျယ်တို့လည်း ၎င်းအတိုင်းပင် နက်ကျယ်ကြသည်။ ထိုတောင်ကို စကြဝဠာကြီးတစ်ခုလုံးကို ဘေးပတ်လည်မှ ဝိုင်း၍တည်သောကြောင့်တောင်ဟု မခေါ်ဘဲ စကြဝဠာတံတိုင်းဟု ခေါ်ရသည်။

# ရေချိုရေငန်

တောင်စဉ် (၇)ထပ်အတွင်းရှိ သီတာခေါ်သော အန္တောသမုဒ္ဒရာနှင့် အသဿကဏ် တောင်မှပြင်ဘက် စကြဝဠာတံတိုင်းထိ တည်ရှိသော ဗဟိသမုဒ္ဒရာရေတို့သည် နံဘေးထက် ဝန်းကျင်နှင့် အောက်ခြေတို့မှ မြေကြောကြီးခြား၍ ပိတ်ဆို့လိုက်သောအခါ ငန်သော အရသာလွှမ်းကဲလျက် ဆားငန်ရေဖြစ်သွားကြသည်။ ဟိမဝန္တာတောင်ပေါ်ရှိ အိုင်ကြီး (၇) အိုင်တို့သည် မငန် အလွန်ကြည်လင်၍ ချိုမြိန်ကောင်းမြတ်သော ရေဖြစ်ကြသည်။

# အသုရာဘုံနှင့် ငရဲကြီးများ

မြင်းမိုရ်တောင်သည် အောက်ရေထဲသို့ယူဇနာ ရှစ်သောင်းလေးထောင် နစ်မြုပ်နေသည်။ တောင်ခြေအဆုံးတွင် ရွှံ့မြေမခဲခင်က ရေ၏အတွင်း၌ လေပြင်းမုန်တိုင်းကြီး ထလျက် ရေတို့ကိုတိုက်လွှင့်ဖယ်ရှား၍ ထက်ဝန်းကျင် ယူဇနာတစ်သောင်းကျယ်အောင် လေခဲလေပြင်ကြီးဝပ်၍ နေလေရာ နောင်အထက်အောက် နံဘေးတို့မှရွှံ့ရေခဲသွားသော အခါ ထိုလေပြင်လေခဲကြီးသည် အလိုလိုငြိမ်သက်ချုပ်ပျောက်သွားပြီးလျှင် အသုရာတို့ နေရာဘုံ ဖြစ်သွားလေသည်။

ငါတို့ ဇမ္ဗူဒိပါ ကျွန်းမြေအောက်သို့လည်း ယူဇနာတစ်သောင်းငါးထောင်မျှလောက် နက်သောနေရာ၌ လေပြင်းမုန်တိုင်းကြီးထပြီး ဝပ်သည့်နေရာ၌ သိဥ္စိုင်းငရဲတွင်းကြီး ဖြစ်လာလေသည်။ ဤနည်းအတူအောက်သို့ ယူဇနာတစ်သောင်းငါးထောင်စီခြားလျက် ထက်ဝန်းကျင် ယူဇနာတစ်သောင်းတိုင် ကျယ်သော လေဥမင်ကြီးတွေထွင်း၍ထွင်း၍

သွားပြန်လေရာ ကာလသုတ်ငရဲ၊ သံဃာတငရဲ၊ ရောရုဝငရဲ၊ မဟာရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ အဝီစိငရဲဟူ၍ ငရဲသားတို့ကျခံစရာ သဘာဝအလျောက် ဖြစ်ပေါ်နေကြလေသည်။ ထို့ပြင် ဝသုန္ဒြာနတ်များ၊ နဂါးများစံရာဘုံဗိမာန်တည်စရာ မထင်မရှားသော နေရာမြောက်မြားစွာတို့၌ ဥမင်လိုဏ်ကြီးငယ်တွေလည်း မြေကြီးအတွင်း၌ များစွာရှိသေး၏။

# မြေနှစ်ထပ် တည်နေကြပုံ

အောက်ဆုံးအဝီစိငရဲမှသည် မြေပြင်ပေါ်သို့ ယူဇနာတစ်သိန်းနှစ်သောင်း ကွာခြား၏၊ ဤအတွင်းကား ပံသုပထဝီခေါ် မြေမှုန့်မြေထုကြီးဖြစ်သည်။ အဝီစိငရဲကြီးမှ အောက်သို့လည်း ယူဇနာတစ်သိန်း နှစ်သောင်းပင်မြေထုကြီးရှိလေသေးရာ ၎င်းမှာသီလာပထဝီခေါ် ကျောက်မြေခဲထုကြီးဖြစ်သည်။ ဤသီလာပံသု နှစ်ခုကိုပေါင်း၍ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးဟုခေါ်ဆိုကြသည်။

# မြေအောက်ရေ လေကောင်းကင်

ကမ္ဘာလောကဓာတ်ကြီးဖြစ်တည်ပုံသည် အံ့ဩဖွယ်ကောင်းသော သဘာဝကြီး တစ်ခုဖြစ်၏၊ မြေအောက်၌ ရေထုကြီးရှိ၍ ရေအောက်၌လေထုကြီးခံနေသည်။ ထိုအောက်၌ ဘာမှမရှိသော အောက်ကောင်းကင်ကြီးရှိကြောင်း ကြားဖူးကြမည်၊ မည်သို့ သဘာဝက ဖန်တီးပုံကို ဤသို့သိရာ၏။

ရေနှစ်ဆထည့်၍ ကျိုအပ်သောဖယောင်းရည်၊ အမဲဆီတို့၌ ဖယောင်းအဆီတို့က ရေပေါ်တက်၍ အကုန်ခဲသွားသောအခါ နှစ်ဆများသော ရေကျဲတို့သည် အဆီအနှစ်မှ ကင်းလျက် အောက်၌ကျန်၍ နေကြသကဲ့သို့ ထို့အတူမိုးရေ၌ အဆီအနှစ်ဟူသမျှတို့သည် အထက်သို့တက်၍ စကြဝဠာကြီးဖြစ်အောင် ခဲသွားကြသောကြောင့် သီလာပထဝီ ကျောက်မြေအောက်၌ ရေမခဲဘဲ အဆီအနှစ်မှကင်းသော ရေကျဲကြက်တက်ရည် ပကတိ ရေများ ကျန်ရစ်လျက် စကြဝဠာကမ္ဘာမြေခံရေထုကြီး ဖြစ်သွားကြလေသည်။ ၎င်းရေထုသည် မဟာပထဝီမြေထက် ထမ်းပိုးများ၏၊ လေးသိန်းရှစ်သောင်းရှိသည်။ ဤရေပြင်ရေထုကြီးအောက်၌ ရေကိုခံနေသော လေထုကြီးရှိ၏၊ ၎င်းလေထုသည် ယူဇနာကိုးသိန်း ခြောက်သောင်းရှိသည်။ ဤလေပြင်လေထုကြီးအောက်၌ကား မှောင်ရပ်မီးကလာပ်ခေါ် အမှောင်ထုဖြင့်ပြီးသော ဟင်းလင်းပြင် ကောင်းကင်ကြီးတည်ရှိလေသည်။ ထိုအောက်ကောင်းကင်ကား အဆုံးအဆ မရှိတော့ပေ။

## ရွှေကမ္ဘာနှင့် တစ်သားတည်းပင်

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော မြင်းမိုရ်ရှိ ခဲစသည်အလုံးစုံတို့သည် ရွှေရွှေကမ္ဘာတို့၌ ဖြစ်တည်နေကျပုံအတိုင်း တစ်သဝေမတိမ်း ရေမြေတောင် ထပ်ထူတည်လာကြသည်။ ရွှေဖြစ်တန်ရာ၌ရွှေ၊ ငွေဖြစ်တန်ရာ၌ငွေ၊ ကျောက်သံဖြစ်တန်ရာတို့၌ ရွှေငွေ ကျောက်သံ စသည်ဖြစ်ပေါ်လာကြသည်။ ရွှေကမ္ဘာက မြေနေရာ၊ တောင်နေရာ၊ ရေနေရာ တို့လည်း တစ်စုံတစ်ရာမပြောင်းလွဲပေ။

## မြင်းမိုရ်တောင် အရောင်လေးမျိုး

မြင်းမိုရ်တောင်ကြီးကား ဘာတောင်ကြီးလဲဟုဆိုလျှင် မြောက်ခြမ်းကား ရွှေသား အတိပြီး၏ အရှေ့ဘက်ခြမ်းကား ငွေသား၊ တောင်ဘက်ခြမ်းကား မြသား၊ အနောက်ဘက် ခြမ်းကား ဖန်သားအတိဖြစ်ကြသည်။ ဖုံမြေ နွံမြေမရှိ ရတနာကျောက်မြေတို့ဖြင့်သာ ပြီးသည်၊ထို့ကြောင့်မြင်းမိုရ်တောင်မှ ထွက်သောရွှေငွေမြဖန် လေးတန်သောအရောင်တို့သည် ၎င်းတို့ရှေးရှုရာ ဥပစာအရပ်မျက်နှာတို့၌ စကြဝဠာတံတိုင်းထိအောင် တူမျှသော အဆင်း အရောင်ပျံ့နှံ့လျက် တည်နေကြသည်။ ဤလက်ယာတောင်ကျွန်းမှာ မြစိမ်းညိုရောင် လွှမ်းသောကြောင့် ရေ သစ်ပင်သစ်ရွက်စသည်တို့သည် စိမ်းညိုကြ၏၊ ဆီးနှင်းမြူတိမ် ကင်းစင်သောအခါ ထက်ကောင်းကင်ပြင်ကို ကြည့်လျှင် ညိုမှိုင်းသောအဆင်းကို မြင်ရသည်မှာ မြင်းမိုရ်တောင်မှထွက်သော မြညိုရောင်ပင်ဖြစ်သည်။ မြူခိုးရောလျှင် ဖြူပြာပြာ မြင်ရ၏။

## တာဝတိံသာနတ်မင်းမြို့

ဤစကြဝဠာက အလယ်ဗဟို၌ ယူဇနာရှစ်သောင်းလေးထောင် အမြင့်အကျယ် ရှိသော မြင်းမိုရ်တောင်ကြီးထိပ်အလယ်ချက်ချာ၌ သိကြားနတ်မင်းတို့စံရာ ယူဇနာ တစ်သောင်းကျယ်သော သုဒဿနမည်သော နတ်မြို့ကြီးသည် မြို့ရိုးကျုံးနှင့်တကွ ဖြစ်ပေါ် လာ၏၊ တစ်မျက်နှာတစ်မျက်နှာ၌ တံခါးနှစ်ရာ့ငါးဆယ်စီရှိ၍ လေးမျက်နှာတွင် မြို့တံခါး ပေါင်း တစ်ထောင်ရှိ၏၊ သိကြားမင်းစံရန်နှင့် တစ်ပါးသောနတ်တို့စံရန်အသင့်၊ သတ္တဝါမှ ဆိတ်သော ဘုံဗိမာန်ကြီးတွေ သဘာဝအလျောက်ဖြစ်ပေါ်နေနှင့်ကြလေသည်။ နန္ဒဝန်၊ စိတ္တလတာ၊ ဖာရုသကာ အစရှိသော ဥယျာဉ်ပန်းမန်များနှင့် ကြာမျိုးငါးပါးဖြင့် ပြွမ်းသော မြစ်တွေ၊ ရေကန်တွေလည်း ဖြစ်ပေါ်လာကြသည်။

# ကမ္ဘာတည်သော သစ်ကြီး (၇)ပင်

မြင်းမိုရ်တောင်ထိပ်၌ ရှေးဦးစွာ ပေါက်သောသစ်ပင်ကား ပင်လယ်ကသစ်ပင် ဖြစ်သည်။ ထိုသစ်ပင်ကြီးသည် မည်မျှကြီးသနည်းဆိုလျှင် ပင်မလုံးပတ် တစ်ဆယ့်ငါး ယူဇနာ၊ မြေမှခွဆုံအထိအမြင့် ယူဇနာငါးဆယ်၊ ခွဆုံမှ ခေါင်းကိုင်းအဆုံး ယူဇနာငါးဆယ် ရှိ၏၊ လေးမျက်နှာ၌ ဖြာထွက်သော အကိုင်းတို့လည်း ယူဇနာငါးဆယ်စီရှိကြသည်။ ထို့ကြောင့် ယူဇနာတစ်ရာမြင့်၍ တစ်ရာအပြန့်ကျယ်သည်။ ကမ္ဘာပျက်မှပင် ပျက်စီးတော့သည်။

ဤသစ်ပင်ကြီးနှင့် အလားတူ တစ်ပါးသောသစ်ပင်တို့ မပေါက်မီရှေးဦးစွာ ကမ္ဘာဦးကပေါက်၍ ကမ္ဘာတည်သမျှတည်ပြီးလျှင် ကမ္ဘာပျက်မှ ပျက်စီးရသောသစ်ပင်ကြီးတို့ ရှိသေး၏၊ ၎င်းတို့ကား မြင်းမိုရ်တောင်ခြေရင်း၌ အလာလိန်ငါးဆင့်ရှိရာ ပထမအထပ်ဟူသော အာလိန်၌နဂါး၊ ဒုတိယအထပ်အာလိန်၌ ဂဠုန်တို့နေကြရာ ထိုဂဠုန်ပြည်၌ လက်ပံပင်ကြီး၊ အသုရာပြည်၌ သခွတ်ပင်ကြီး၊ အရှေ့ကျွန်းဟိမဝန္တာ၊ မြောက်သမုဒ္ဒရာကမ်းထိပ် ကျွန်းဦး၌ ကုက္ကိုပင်ကြီး၊ မြောက်ကျွန်း ဟိမဝန္တာ မြောက်သမုဒ္ဒရာကမ်းထိပ် ကျွန်းဦး၌ ပဒေသာပင်ကြီး၊ အနောက်ကျွန်းဟိမဝန္တာ မြောက်သမုဒ္ဒရာကမ်းထိပ် ကျွန်းဦး၌ ထိန်ပင်ကြီး၊ တောင်ကျွန်းဟိမဝန္တာမြောက်သမုဒ္ဒရာကမ်းထိပ်ကျွန်း၌ သပြေပင်ကြီးတို့ ဖြစ်ကြသည်။ ဤသစ်ပင်ကြီး (၇)ပင်တို့ကား ပင်မလုံးပတ် အနိမ့်အမြင့်အကျယ် အလုံးစုံ တူညီကြသည်။

# ရှေးဦးပေါ်မြေ တာဝတိံသာ

မြင်းမိုရ်တောင်ထိပ်မြေအရပ်သည် အခြားသော မြေအရပ်တစ်စုံတစ်ရာတို့ မပေါ်မီ ရှေးဦးဆုံးပထမဖြစ်ပေါ်လာသော မြေဖြစ်၍ တာဝတိံသာဟုခေါ်ရသည်၊ မြေပေါ်၌ ပေါ်လာသောနတ်ဘုံကိုလည်း တာဝတိံသာနတ်ပြည်ဟုခေါ်ကြသည်။ နတ်ဘုံ နေသားတကျ ပေါ်လာပြီးလျှင် အထက်ဗြဟ္မာပြည်မှ ဗြဟ္မာအချို့တို့သည် သက်တမ်းကုန်ခြင်း စသော ၃-ပါးသောသေခြင်းတို့တွင် တစ်ပါးပါးဖြင့်စုတေ၍ သတ္တဝါမှဆိတ်သော နတ်ဘုံသို့ ကျရောက်ဖြစ်လာကြလေသည်။

# စတုမဟာရာဇ်နတ်ဘုံ

စကြဝဠာတောင်တံတိုင်းကြီးသည် အထူးထူးသော ရတနာကျောက်တို့ဖြင့်ပြီးသော ကျောက်တံတိုင်းကြီးဖြစ်၏၊ ယုဂန္ဓိုရ်တောင်ကြီးသည် အထူးထူးသော ရတနာကျိုးဖြင့်ပြီးသော

ကျောက်တောင်ကြီးဖြစ်၏၊ ကြွင်းသော တောင်စဉ်တို့လည်း ထိုနည်းတူဖြစ်ကြသည်။ ဤယုဂန္ဓိုရ်တောင်ထိပ်၌ လောကပါလနတ်မင်းကြီး လေးယောက်တို့နေရန် ဥယျာဉ်ပန်းမန်နှင့်တကွ သတ္တဝါမှဆိတ်သော ဘုံဗိမာန်ကြီးတွေဖြစ်ပေါ်လာကြလေသည်။ တစ်ပါးသော နတ်တို့နေစရာ ဘုံဗိမာန်တွေလည်း ဖြစ်ပေါ်လာကြသည်။

## နေ-လနက္ခတ် ကြယ်ဗိမာန်တွေ

ယခုဂန္ဓိုရ်တောင်ထိပ်နှင့်အမျှ ကောင်းကင်ပြင်တစ်ပြင်လုံး၌လည်း သတ္တဝါမှဆိတ်သော နေဗိမာန်, လဗိမာန်, ကြယ်ဗိမာန်တွေလည်း ဘွားခနဲ ဘွားခနဲဖြစ်ပေါ်လာကြလျက် တစ်မိုးလုံးအနှံ့ မြင်းမိုရ်တောင်ကြီးကို လက်ယာရစ်လှည့်၍ မြား၏လျင်မြန်ခြင်းထက် ဆယ်ဆမကလျင်မြန်စွာ ပြေးသွားနေကြသည်။ ဤနေ, လ, နက္ခတ်, ကြယ်တာရာတို့နှင့်မျှသော ယုဂန္ဓိုရ်တောင်ထိပ်ကို စတုမဟာရာဇ်နတ်မင်းကြီး ၄-ဦးတို့ စိုးစံရာဖြစ်၍ စတုမဟာရာဇ်နတ်ဘုံဟုခေါ်ကြ၏၊ ဤဘုံဗိမာန် နေရာတကျတည်ပြီးလျှင် ရှေးနည်းအတိုင်း အထက်ဗြဟ္မာဘုံတို့၌ အချို့သောဗြဟ္မာတို့က စုတေ၍ ကျရောက်ကာ စတုမဟာရာဇ်နတ်ဖြစ်လာကြလေသည်။

## တစ်ဘုံမှတစ်ဘုံသို့ အကွာအဝေး

လူ့ဘုံနှင့် နတ်ဘုံအဆင့်ဆင့်တို့သည် အမြင့်မည်မျှကွာဝေးသနည်းဆိုလျှင် လူတို့နေရာမြေအပြင်မှ စတုမဟာရာဇ်နတ်ဘုံသို့ အမြင့်ယူဇနာလေးသောင်းနှစ်ထောင် ဝေးကွာ၏၊ ၎င်းဘုံမှ တာဝတိံသာသို့ ၎င်းအတိုင်းပင် ကွာခြားကြသည်။ သို့ရာတွင် ဗြဟ္မာဘုံတို့ကား ပိုမြင့်မားသွားလေရာ အထက်ဆုံးဝသဝတ္တိနတ်ဘုံမှ ပဌမစျာန်ဗြဟ္မာဘုံသို့ ယူဇနာ ငါးသန်းငါးသိန်းရှစ်သောင်းကွာခြား၏၊ အထက်ဗြဟ္မာဘုံတို့၌လည်း တစ်ဘုံမှတစ်ဘုံသို့ ယူဇနာ ငါးသန်းငါးသိန်းရှစ်သောင်းစီချည်း ကွာဝေးကြသည်။

## သယံဇာတရတနာများ

မည်သူမျှ မဖန်တီးရဘဲ သဘာဝ၏ သယံဇာတသည် လူလုပ်သည်ထက် ဆန်းကြယ်သေး၏၊ သမုဒ္ဒရာအတွင်း၌လည်း ရွှေ ငွေ ကျောက်သံရတနာမျိုးစုံတို့သည် များစွာဖြစ်တည်နေကြသည်။ စကြာရတနာကြီးလည်း ဖြစ်၍ရှိသည်။ ကျောက်ခေါင်း ကျောက်လိုဏ်တွေလည်း အဆန်းတကြယ်ရှိကြ၏၊ လှပသော ကျောက်ခဲသလဲတွေလည်း ရှိကြ၏။

အသူရာဘုံနှင့် အသူရာပြည်၌လည်း ရွှေ၊ ငွေ၊ စိန်၊ မြ၊ ပတ္တမြားစသော ရတနာကျောက်မြေအတိဖြစ်၏၊ ဥယျာဉ်ပန်းမန်နှင့်တကွ သတ္တဝါမှဆိတ်သော နတ်ဘုံဗိမာန်တွေလည်း ပေါ်ပေါက်လာကြသည်။ ဤအသူရာပြည် အတည်တကျဖြစ်ပေါ်လာပြီးသောအခါ ပြဟ္မာအချို့သက်တမ်းကြွေ၍ စုတေကာ လာရောက်ပြီးလျှင် အသူရာနတ်ဖြစ်လာကြလေသည်။ တာဝတိံသာနတ်တို့နှင့် သက်တမ်းချင်း၊ အဆင်းအရောင်ချင်း၊ ဘုန်းတန်ခိုးချင်း တူမျှသောကြောင့် တာဝတိံသာနတ်အဖြစ် ရေတွက်ရ၏၊ သို့ရာတွင် တာဝတိံသာနတ်တို့လောက် ရဲရင့်ခြင်း၊ သူရသဘောမရှိခြင်းကြောင့် အသူရာဟု အမည်တွင်ကြလေသည်။ တည်ရာကား မြင်းမိုရ်တောင်ခြေရင်း၌ ဖြစ်ကြသည်။

# ငရဲကြီးရှစ်ထပ်

ငရဲကြီးရှစ်ထပ်၌ များသောအားဖြင့် အလုံးစုံသံမြေဖြင့်ပြီး၍ မီးဟုန်းဟုန်းတောက်လောင် နေကြသောနေရာများ ဖြစ်ကြသည်။ အလုံးစုံတွင်းတွေ၊ ကျင်းတွေ၊ ဆူးငြောင့်ခလုတ်တွေ သင်ခုန်းသွားစီသောမြေတွေသာ များကုန်၏၊ ရေတွေလည်း ကျိုက်ကျိုက်ဆူပူလောင်လှသော မြစ်ရေမချောင်းရေတွေသာ ရှိကြသည်။ သစ်ပင်တွေလည်း သန်လျက်ရွက်ပင်တွေ မီးဟုန်းဟုန်းတောက်နေသော သံဆူးပင်တွေသာ ပေါက်နေကြသည်။ ငရဲကြီးရှစ်ထပ်လုံး၌ အကုသိုလ်ကံကြီးမား၍ ကျရောက်လာသော ငရဲသားတို့လှောင်ထားရန် ထောင်ကြီးတစ်လုံးစီလည်းရှိလေ၏၊ မကောင်းမှုပြုသူတို့ ခံစားစရာသဘာဝအလျောက် ဖြစ်ပေါ်နေကြသော မကောင်းသူတို့နေရန် ကမ္ဘာ့အကျဉ်းထောင်တစ်မျိုးပင်၊ လေးထောင့်စပ်စပ်လေးမျက်နှာ တံခါးတစ်ပေါက်စီရှိကြသည်။ မီးလျှံပြောင်ပြောင်တောက်၍ ထက်ဝန်းကျင်ယူဇနာ တစ်ရာတိုင်တိုင် မီးလျှံပျံ့နှံ့၍ အခါခပ်သိမ်းတည်နေကြသည်။

# ကျွန်းမြေနှင့် ဟိမဝန္တာတောင်

လူတို့နေရာ ကျွန်းမြေတွင် အချို့သောနေရာ၌ တောင်အချို့၊ အချို့နေရာ၌ မြေညီ၊ အချို့နေရာ၌ ကုန်းမြေတွေ ဖြစ်ပေါ်နေကြသည်။ တောင်တို့သည် အချို့ကားမြေတောင်၊ အချို့ကားကျောက်တောင်၊ အချို့ကားမြေကျောက် ရောလျက်ရှိကြသည်။ ဟိမဝန္တာတောင်ကား များသောအားဖြင့် ကျောက်အတိဖြစ်၏၊ အကျယ်ယူဇနာ သုံးထောင်၊ အမြင့်ယူဇနာငါးရာရှိ၏၊ ကျောက်တောင်ထွက်ပေါင်း ရှစ်သောင်းလေးထောင်ရှိသည်။

## ရွှေငွေရတနာ တောင်ထွတ်များ

ဟိမဝန္တာတွင် ထူးသောတောင်ထွတ်တွေ များစွာရှိလေရာ နေရုမည်သော တောင်ထွတ်ကား ရွှေစင်အတိဖြစ်၍ ရွှေရောင်တစ်ခဲနက် ထွက်နေ၏၊ ထို့ကြောင့်ဤနေရာ တောင်သို့ရောက်လာသော ငှက်မျိုးတို့သည် အလုံးစုံ ရွှေတုံးရွှေခဲကဲ့သို့ ရွှေရောင်အဆင်း ရှိကြ၏ ကေလာသမည်သော တောင်ထွက်ကြီးကား ငွေသားအတိဖြစ်၏၊ ကာလမည်သော တောင်ထွက်ကား ပတ္တမြားညိုအတိပြီး၏၊ စိတြတောင်ထွတ်ကား ရွှေ ငွေ၊ စိန်၊ မြ ပတ္တမြား စသောအထူးထူးသော ရတနာကျောက်တို့ဖြင့်ပြီး၏၊ သုဒဿနမည်သော တောင်ထွတ်ကား ရှု၍မငြီးနိုင်အောင် အထူးထူးသော ကျောက်မျက်ရတနာတို့ဖြင့်ပြီး၏။

## ဝေပုလ္လတောင်နှင့် ဂန္ဓမာဒနဂူများ

ဝေပုလ္လတောင်၌ ထူးမြတ်သော ပတ္တမြားကျောက်ပေါ်၏၊ ထိုတောင်မှ ပတ္တမြားကို အတောင်ခြောက်ဆယ်ရှိသော ဝါးဖျား၌တင်ထားလျှင် ထက်ဝန်းကျင်တစ်ယူဇနာအတွင်း၌ အရောင်ထွန်းလင်း၏၊ နေထွက်ဘိသကဲ့သို့မှတ်ရ၏၊ ဂန္ဓမာဒနတောင်ထူးတောင်မြတ်၌ကား ရွှေဂူ၊ ငွေဂူ၊ ဖန်ဂူ၊ စိန်ဂူ၊ မြဂူ၊ ပတ္တမြားဂူတွေပေါ်၏၊ အလွန်မွှေးကြိုင်သော နံ့သာမျိုး သစ်ပင်တို့ချည်း ပေါက်ကြသည်။ ဟိမဝန္တာတောင်၌ ရတနာမျိုးစုံ၊ ကျောက်မျိုးစုံ၊ သစ်ပင်မျိုးစုံ နံ့သာမျိုးစုံ၊ ပန်းမျိုးစုံ၊ သစ်သီးမျိုးစုံ ရှိကြ၏၊ မည်သည့်ရတနာကျောက်၊ နံ့သာ၊ သစ်သီး ပန်းမန်မရှိဟူ၍မရှိ၊ အားလုံးရှိ၏၊ အလုံးစုံပြည့်စုံ၏။

## သူယောင်သီး

ဟိမဝန္တာ၌ ထူးသောသစ်သီးတစ်မျိုးကား နတ်သမီးတမျှ လှပတင့်တယ်သော မိန်းမပျိုရုပ်သီးသော သူယောင်ပင်များ၊ သူယောင်တောကြီးများရှိ၏၊ ထိုအပင်မျိုးကား ဟိမဝန္တာပေါ် တောင်ဘက်စောင်း တဏှာဝမနတောင်၌ ပေါက်ကြ၏၊ ဟိမဝန္တာနှင့် မြောက်ကျွန်းဦး သပြေပင်ကြီး ဤနှစ်ခုကြား၌လည်းပေါက်ကြသည်။ ထိုသူယောင်သီး တို့သည် ဆွတ်ယူပြီး လေး, ငါးလလောက်ကြာမှ ပျက်စီးကြ၏၊ ဝိဇ္ဇာ, ဇော်ဂျီတို့ဆွတ်ယူ နိုင်ကြသည်။ ထိုသူယောင်မ ဖမ်းစားမိသောသူတို့လည်း လေးလလောက်ကြာမှ ပြန်လည် သတိရနိုင်ကြသည်။

## အိုင်ကြီးများနှင့် အနဝတတ်အိုင်

အိုင်ကြီး (၇)အိုင်တို့တွင် အချို့သည်တောင်ခြေ အောက်ခြေ၌ တည်ကြ၏၊ အချို့လည်း တောင်ခုလတ်၌တည်ကြ၏၊ အနဝတတ်အိုင်ထူးကြီးကား တောင်ထိပ်

တည့်တည့်ဝယ် ကေလာသ, ကာလ,စိတြ, သုဒဿန, ဂန္ဓမာဒနဟူသော တောင်ထွတ်ငါးလုံးတို့၏အကြား၌ တည်လေသည်။ အရှေ့ဘက်ကား ခြင်္သေ့ခံတွင်း၊ မြောက်ဘက်မြင်းခံတွင်း၊ အနောက်ဘက်ဆင်ခံတွင်း၊ တောင်ဘက်နွားခံတွင်းနှင့် တူကုန်သော ပြွန်လေးခုလည်းရှိ၏။

# မြေညီကုန်းတန်း ကျောက်မျိုးသစ်မျိုး

မြေညီအရပ်၊ ကုန်းအရပ်တို့တွင် အချို့သောနေရာ၌မြေဖြူ၏၊ အချို့သောနေရာ၌မြေနီ၏၊ ဝါ၏၊ မည်းနက်၏၊ အချို့နေရာ၌ မြေငန်၏၊ ရေလည်းငန်၏၊ အချို့နေရာ၌ အဆိပ်ဖြစ်၏၊ နံစော်သောရေရှိ၏၊ အချို့နေရာတို့၌ ရွှေသတ္တု၊ ငွေသတ္တု၊ စိန်၊ မြ၊ ပတ္တမြားကျောက်ငယ်ပေါ်၏၊ အချို့နေရာ၌ ကြေးကျောက်၊ သံကျောက်၊ ဆေးဒန်းကျောက်၊ ဒုတ္တာကျောက်၊ ထုံးကျောက်ပေါ်၏၊ အချို့နေရာ၌ စကျင်ကျောက်ဖြူ၊ မဟူရာကျောက်မည်းစသည်မျိုးစုံ ပေါ်များကြ၏၊ ကျောက်စရစ်ခဲ၊ ကျောက်သလဲဖြူ စသည်ရှိကြ၏၊ အချို့သောနေရာ၌ အထူးထူးသော မြက်မျိုး၊ စပါးမျိုး၊ ဝါးမျိုးတို့ပေါ်ကြ၏၊ အချို့နေရာ၌ အထူးထူးသောနွယ်မျိုး၊ ဆူးပင်၊ ချုံပင်မျိုး၊ အထူးထူးသော သစ်ပင်ကြီးမျိုးပေါ်ကြ၏၊ အနှစ်ရှိ၊ မရှိ အရွက်, အပွင့်, အသီးလည်း ထူးပြားခြားနားကြ၏၊ အချို့သစ်ပင် ချဉ်၏၊ အချို့ ချို၏၊ ဆိမ့်, ဖန်, ငန်, ခါး, စပ်ကြ၏၊ အချို့စားကောင်း၏ အချို့မစားကောင်း၊ တောက်, တက်, မူးတတ်, သေတတ်၏၊ အချို့ကားလူကို ကျန်းမာစေတတ်, ဝဖြိုးစေတတ်, အင်အားဖြစ်စေတတ်၏၊ အချို့သစ်ပင် နူးညံ့၏၊ အချို့ကားကြမ်းတမ်း၏၊ အချို့နေရာ၌ လွင်တီးခေါင်ပြင်ဖြစ်၏၊ အချို့နေရာ၌ တောအုပ်ကြီးဖြစ်၏၊ တောကြီးတောငယ် ဂနိုင်ပိတ်ပေါင်း မြိုင်ကြီး, ရှုံကြီးများဖြစ်ကြ၏။

ဤစကြဝဠာ၌ ပြဆိုအပ်ခဲ့ပြီးသော တော်တောင်ရေမြေ ဘုံဗိမာန်စသည် အလုံးစုံဖြစ်ပေါ်လာကြသည့်အတိုင်း ကြွင်းသော စကြဝဠာကုဋေတစ်သိန်းတို့၌လည်း ထပ်တူပင်တစ်ပြိုင်တည်းပေါ်ထွန်း၍ လာကြလေသည်။

# စကြဝဠာကမ္ဘာလောကကြီးကို ဘယ်သူသည် ဘာအလိုငှာ ဖန်ဆင်းရသနည်း

မည်သည့်အရာမျိုးမဆို အကျိုးရှိလျှင် အကြောင်းရှိရမည်ဖြစ်ရာ ဤစကြဝဠာကမ္ဘာလောကဓာတ်ကြီးကို ဘယ်သူဖန်ဆင်းသနည်း၊ ဘာအလို့ငှာ ဖန်ဆင်းသနည်း၊

ရေဆီခဲလျှင် ဖယောင်းခဲသကဲ့သို့ ရိုးရိုးတစ်ပြင်တည်းမခဲဘဲ အဘယ်ကြောင့်ရေတစ်သန့် ကုန်းမြေတစ်သန့် တောင်တွေတစ်ခြားဖြစ်ပေါ်နေရသနည်း၊ ဆန်းကြယ်လှစွာသော စကြဝဠာလောကဓာတ်ကြီးကို အဘယ်သူကပြုပြင်ဖန်ဆင်း၍ ထားရသနည်း။ အကယ်၍ ပြုပြင်ဖန်ဆင်းသူမရှိခြားအံ့၊ ဤကဲ့သို့ ထူးထွေဆန်းပြားစွာ နေရာတကျ မဖြစ်နိုင်ရာ၊ ပြုပြင်ဖန်ဆင်း၍သာ ဖြစ်နိုင်ရာသည်။ ထိုပြုပြင်ဖန်ဆင်းသူကို ရှာဖွေသိသာရန် လိုအပ်ပေသည်။

## ဖန်ဆင်းသူ တွေ့ရပြီ

ဤစကြဝဠာကမ္ဘာလောကကြီးကို ဖန်ဆင်းပြုပြင်သူကား အခြားသူမဟုတ်၊ စိတ်တည်း၊ စိတ်သည် ကမ္ဘာလောကကြီးကို ပြုပြင်ဖန်ဆင်း၏၊ ဖြစ်စေ၏၊ အဘယ်သူ၏ စိတ်နည်းဟု စိစစ်ပြန်သော် ဘုရားမဟုတ်၊ အရိယာဗြဟ္မာတွေတည်းမဟုတ်၊ ဤစကြဝဠာ ကမ္ဘာလောကထဲသို့ ပြန်လည်ဖြစ်လာလတ္တံ့သော ပုထုဇဉ်သတ္တဝါအားလုံးတို့၏ စိတ်အစု စိတ်ထုကြီးဖြစ်၏။

ဖန်ဆင်းပုံကား စိတ်အလိုအရ ထိုသတ္တဝါတို့၏ ကံအာနုဘော်ကြောင့် ဥတုက ဖန်ဆင်းပေးရခြင်းဖြစ်သည်။ ကံကစီမံညွှန်ကြားသူ၊ ဥတုက ကံစီမံလေသမျှ ဆောက်လုပ် ကျိုချက်ပုံသွင်းပေးသူ ဗိသုကာဆရာကြီးဖြစ်သည်။ စိတ်၊ ကံ၊ ဥတု - ဤ (၃)ခုပေါင်းစပ်၍ ဖြစ်ပေါ်လာရသော ကမ္ဘာလောကကြီးဟူ၍ပင် မှတ်အပ်၏။

ဤပုထုဇဉ်သတ္တဝါတို့၏ စိတ်သည် ထူးထူးပြားပြား ဆန်းဆန်းကြယ်ကြယ်နှင့် ပြည့်စုံသော အာရုံခြောက်ပါးကို ချစ်ခင်နှစ်သက်ကြ၏၊ အလိုရှိကြ၊ တောင့်တကြ၏၊ ထိုစိတ်၏ လိုလားတောင့်တသည့်အတိုင်း ကံတရားသည် စီရင်စေခိုင်းအပ်သည်ဖြစ်၍ ဥတုက အယုတ်အလတ်အမြတ် သုံးမျိုးသော သတ္တဝါတို့နှင့် ထိုက်တန်လျော်ကန်အောင် ထူးထွေဆန်းကြယ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟူသော အာရုံခြောက်ပါး စကြဝဠာကမ္ဘာလောကကြီးကို ပြုပြင်ဖန်ဆင်းရ ဖြစ်စေရသည်။

## သိဒ္ဓိ (၁၀)မျိုး ဆေးပင်များ

ထိုပြင်လည်း အနာရောဂါကင်းခြင်း အာရောဂျသိဒ္ဓိ၊ အိုသောအဖြစ်မှ ပျိုရွယ်၍ လာခြင်း ယောဗ္ဗနသိဒ္ဓိ၊ အသက်ရှည်ခြင်း အာယုသိဒ္ဓိ၊ ဓား၊ လှံ၊ သေနတ်ပြီး ရှိန်းပြီးစသော ကာယသိဒ္ဓိ၊ ချစ်ခင်စေခြင်း ပိယသိဒ္ဓိ၊ ရွှေငွေဖြစ်ခြင်း ဓနသိဒ္ဓိ၊ မြေကြောရှုံ့ခြင်း ပထဝီသိဒ္ဓိ၊ ရေပေါ်၌ သွားနိုင်ခြင်း ဥဒကသိဒ္ဓိ၊ ကောင်းကင်၌ သွားနိုင်ခြင်း အာကာသသိဒ္ဓိ၊ အထူးထူး

အပြားပြား တန်ခိုးဖန်ဆင်းနိုင်ခြင်း ဣဒ္ဓိဝိဓသိဒ္ဓိ - ဤသိဒ္ဓိ (၁၀)ပါးတို့ကို ပြီးစေနိုင်သော မြစ်ချင်းပြီး ဆေးပင်တွေကား ဟိမဝန္တာ၌လွန်စွာပေါ်များလေ၏။

# ကောင်း-မကောင်း ရောသောစိတ်တို့

ဤလောက၌ မနှစ်သက်အပ်သောအရာတို့လည်း ရောပြွန်း၍ဖြစ်ပေါ်လာရခြင်းမှာ သတ္တဝါတို့၏ စိတ်ကလည်း ကောင်းရာချည်းမကြံစည်၊ မကောင်းတာ မကောင်းရာတွေကိုလည်း ကြံစည်ကြ, တောင့်တတတ်ကြသောကြောင့် မကောင်းသောအရာတွေလည်း ရော၍ဖြစ်ပေါ်လာကြသည်။ ဥပမာ-ငရဲကိုဖြင့် ဘယ်သူမှလိုချင်မည်မဟုတ်ဟု ဆိုငြားအံ့၊ အနိုင်အထက် နှိပ်စက်ခံရသူတို့သည် ထိုရန်သူကို နိုင်သူပေါ်ပါစေ၊ ငါခံရသည်ထက် ဆင်းရဲကြီးစွာခံစားရပါစေဟု တောင့်တတတ်ကြ၏၊ မင်းမကောင်းလျှင်လည်း မင်းကျခံစေ၊ ငါမကောင်းလျှင်လည်း ငါခံမည်ဟု စိတ်မာန်အလျောက် ဒေါသစိတ်ကြောင့် လိုလားတတ်ကြသည်။ ငါမနိုင်, နိုင်သူနှင့်တွေ့ပါစေဟူသကဲ့သို့ ရန်သူအတွက် တောင့်တကြသည်။ ထို့ကြောင့် သူတစ်ပါးကို အနိုင်ယူ၍ ညှဉ်းပန်းနှိပ်စက်တတ်သော သူယုတ်မာတို့အတွက် ကျခံရန် ငရဲကြီး, ငရဲငယ်ဌာနတွေဖြစ်လာရသည်။

တရားနှင့်အညီအုပ်ချုပ်သော မင်းသည် ရန်သူပေါ်က ချထားရန်ရှေးဦးစွာ ထောင်ကို ဖန်တီးနိုင်ကြသကဲ့သို့ ဆိုးသောသတ္တဝါတို့အတွက်လည်း သဘာဝငရဲကြီးများကို ဖန်တီးထားနိုင်ကြသည်။ ထို့အတူ ဆူးပင်, အဆိပ်ပင်စသည်တို့လည်း ဆူးချုံရှိမှ ရန်သူကို ကာကွယ်နိုင်သော သတ္တဝါအတွက်ဆူးပင်၊ မိမိသူကစ်ပါးသေကြောင်း ကြံလိုသူတို့စိတ်က ကြံစည်တောင့်တသူများအတွက် အဆိပ်ပင်၊ ယားယံစေတတ်သောသစ်ပင် စသည်တို့ ဖြစ်လာကြသည်။

# စိတ်သာပဓာန စိတ်ရှေ့သွားခေါင်းဆောင်

လိုရင်းမှာ စိတ်, ကံ, ဥတု (၃)ပါးတွင် စိတ်သာ ပဓာနရှေ့သွားဦးစီးခေါင်းဆောင် ဖြစ်၏၊ ရွှေတိဂုံစေတီတော်ကြီးကို ပန်းရံဆရာတို့တည်ကြသော်လည်း လက်သမားမျှသာ ဖြစ်၏၊ စေခိုင်းတည်စေသူ ဥက္ကလာပမင်းကြီးဆန္ဒကြောင့် ဖြစ်ရသည်။ ကျောင်းဒါယကာ၊ ဘုရားဒါယကာသာပဓာန၊ လက်သမား, ပန်းရံတို့ပဓာနမဟုတ်သကဲ့သို့ စိတ်ပဓာနဖြစ်၏ ထို့ကြောင့် ဘုရားရှင်က -

စိတ္တေန နိယျတိ လောကော၊ စိတ္တေန ပရိကဿတိ။

စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမနွဂူ - ဟူ၍ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၌ ဟောတော်မူ၏။

လောကော၊ လောကသုံးပါးကို။ စိတ္တေန၊ စိတ်သည်။ နိယျတိ၊ ဖြစ်အောင်လည်း ဆောင်အပ်၏။ နိယျတိ၊ ဖျက်လည်းဖျက်ဆီးအပ်၏။ လောကော၊ လောကကြီးကို။ စိတ္တေန၊ စိတ်သည်။ ပရိကဿတိ၊ ပြုပြင်၏။ စိတ္တဿ၊ စိတ်ဟုဆိုအပ်သော။ ဧကဓမ္မဿ၊ တစ်ခုတည်းသောတရား၏။ ဝသံ၊ အလိုသို့။ သဗ္ဗေဝ၊ အလုံးစုံသော တရားတို့သည်ပင်လျှင်။ အန္ဝဂူ၊ အစဉ်လိုက်ကြကုန်၏။

# ယူဇနာ - တာ - တိုင်

မြန်မာတို့ အသုံးကို ရှေးဦးသိထားရန်မှာ ၂၄-လက်သစ်ကို တစ်ထောင်၊ (၇)တောင် တစ်တာ၊ တာ ၂၀-ကို တစ်ဥသဘ၊ ဥသဘ - ရှစ်ဆယ်ကို တစ်ဂါဝုတ်၊ လေးဂါဝုတ်ကို တစ်ယူဇနာဟုခေါ်၏။ တာငါးရာကို တစ်ကောသ၊ နှစ်ကောသကို တိုင်ဖွဲ့လျှင် တာတစ်ထောင်ရှိရာ မြန်မာသုံးဖြင့် တစ်တိုင်ခေါ်၏။ ဆယ်တိုင်လျှင် တာပေါင်းတစ်သောင်းရှိ၍ ခရီးတစ်သောင်းဟု ခေါ်ကြသည်။ တာလေးရာကို လေးရာတွင်း၊ တာငါးရာကို ငါးရာတွင်း ခေါ်ကြ၏၊ တစ်ယူဇနာမှာ ခြောက်တိုင်နှင့် လေးရာတွင်းရှိသည်။

# စကြဝဠာကြီး တည်နေပုံ

စိတ်သည် ပြုပြင်ဖန်ဆင်းအပ်သော စကြဝဠာကမ္ဘာလောကကြီး တည်နေပုံကို ဤသို့ သိရာ၏၊ စကြဝဠာတစ်ခုတစ်ခုသည် အလျား, အနံပမာဏအားဖြင့် ယူဇနာ (တစ်သန်း နှစ်သိန်း သုံးသောင်း လေးရာ ငါးဆယ်စီ)ကျယ်၏။ အဝန်းပမာဏကား ယူဇနာ သုံးသန်း ခြောက်သိန်း တစ်သောင်း သုံးရာ ငါးဆယ်ရှိ၏၊ ပုံသဏ္ဍာန်ကား ဝိုင်းဝိုင်း စက်စက်ကြီးဖြစ်၏၊ အထောင့်မရှိ ဝိုင်းစက်သော ကျောက်ခွက်ကြီးနှင့်တူပေမည်။

# မဟာနှင့် မဇ္ဈိမ လောကဓာတ်များ

ဤပြဆိုခဲ့ပြီးသော ဖြစ်အတူ တည်အတူ ပျက်အတူ ဖြစ်ဖော်ပျက်ဘက် စကြဝဠာ တို့၏ အရေအတွက်ကား ကုဋေပေါင်းတစ်သိန်းရှိ၏၊ ဤစကြဝဠာကုဋေတစ်သိန်းစုကြီးကို မဟာလောကဓာတ်ဟုခေါ်၏၊ တစ်ဖန် ဤမဟာလောကဓာတ်တစ်ခု၏အတွင်း၌ စကြဝဠာ တို့သည် တစ်သောင်းစီ- တစ်သောင်းစီ ပူးတွဲ၍နေကြ၏၊ ကျောက်ဖျာတစ်ခုပေါ်၌ ကျောက်ခွက်ပေါင်း တစ်သောင်းထွင်း၍ ထားသည်နှင့်တူလေသည်။ ဤစကြဝဠာ တစ်သောင်းတွဲ တစ်ခုတစ်ခုကိုကား မဇ္ဈိမလောကဓာတ် တစ်ခုတစ်ခုဟူ၍ မှတ်ရာ၏။

ဘုရားပစ္စေကဗုဒ္ဓါ ဈာန်အဘိညာဉ်ရှင်တို့သည် ကောင်းကင်၌ ပျံသန်း၍ကြည့်မြင် ရသောအခါ မဇ္ဈိမလောကဓာတ်တစ်ခုနှင့်တစ်ခု ယှဉ်စပ်နေကြပုံမှာ ဖြစ်ထဲ၌လှေ့တွေ

စပ်ကာစပ်ကာ ယှဉ်နေကြသည်နှင့် တူကြသည်။ တစ်သားတည်းနေအောင် ပူးတွဲခြင်း မရှိပေ။

# စကြာဝဠာ လည်သောအခါ

ထို့ကြောင့် စကြာဝဠာတစ်ခုလည်လျှင် ၎င်းနှင့်ပူးတွဲဖက် စကြာဝဠာတစ်သောင်း လုံးလည်၍လိုက်ကြ၏၊ တွဲဖက်မဟုတ်သော အခြားမဇ္ဈိမလောကဓာတ်တို့ မလည်ကြချေ၊ ဤသို့ ဘယ်အခါလည်ဖူးသလဲဆိုလျှင် ငါတို့ဘုရားအလောင်းတော် သုမေဓာရသေ့ကြီး သည် ဒီပင်္ကရာဘုရားရှင်ထံ ဗျာဒိတ်ခံယူပြီးလျှင် ဘုရားဖြစ်ခြင်း၏ အကြောင်း ပါရမီ ဆယ်ပါးတရားတို့ကို မိမိဘာသာစုံစမ်းရှာဖွေ၍ တွေ့မြင်ရပြီးသောခဏ၌ ထိုပါရမီပရိစယ ဉာဏ်၏ အာနုဘော်ကြောင့် ဤငါတို့တည်နေရာ မဇ္ဈိမလောကဓာတ်သည် အိုးထိန်းစက် ကဲ့သို့ လည်ဖူးလေသည်။ ထို့အတူ ဘုရားလောင်းတို့ ပစ္ဆိမဘဝိကတို့ ဖွားမြင်သောအခါ ဘုရားဖြစ်သောအခါ စသည်တို့၌လည်း နည်းတူလည်လေ့ရှိကြသည်။

ဤမဇ္ဈိမလောကဓာတ်တို့၏ အတွင်း၌ စကြာဝဠာတစ်ခုတစ်ခုတို့ကား လောက ဓာတ် အငယ်စား စူဠလောကဓာတ်ဟုခေါ်၏။

# လောကန္တရိက်ငရဲခံရာဌာန

ဤစူဠလောကဓာတ်, မဇ္ဈိမလောကဓာတ်တို့သည် အဝိုင်းကြီးတွေဖြစ်၍ အချင်းချင်းစပ်ဟပ်ကြရာတွင် အကြားအကြား၌ သုံးထောင့်ကွက်, လေးထောင့်ကွက် ကြီးတွေ ကျန်လျက်အောက်စကြာဝဠာခံရေကျအောင် အပေါက်တိုးလျှိုရှိနေကြသည်။ ၎င်းအရပ်သည် လောကန္တရိက်ငရဲသားတို့ကျခံရာ လောကန္တရိက်ငရဲဘုံများ ဖြစ်ကြသည်။

# ဘုရားပွင့်ရာ လောကဓာတ်

ယင်းသို့လျှင် စကြာဝဠာတစ်ခုသည် စူဠလောကဓာတ်တစ်ခု၊ စူဠလောကဓာတ် တစ်သောင်းသည် မဇ္ဈိမလောကဓာတ်တစ်ခု၊ မဇ္ဈိမလောကဓာတ်ပေါင်း ဆယ်ကုဋေသည် ဖြစ်ဖော်ဖြစ်ဖက် မဟာလောကဓာတ်တစ်ခုဖြစ်၏၊ ဤမဟာလောကဓာတ်ကြီးတစ်ခု၏ အတွင်း၌ စူဠလောကဓာတ်ပေါင်း ကုဋေတစ်သိန်း ရှိလေသည်။

ဤမဟာလောကဓာတ်ကြီးအတွင်း၌ ဘုရားရှင်တို့ ပွင့်တော်မူကြလေရာ ဘယ် လောကဓာတ်၌ ပွင့်ရိုးထုံးစံ ရှိပါမည်နည်းဆိုလျှင် အလယ်ဗဟိုဖြစ်သော မဇ္ဈိမလောက ဓာတ်၌ ပွင့်တော်မူကြ၏၊ တစ်ပါးသော ဘေးရံမဇ္ဈိမလောကဓာတ်တို့၌ ပွင့်တော်မမူကြကုန်၊

တစ်ဖန်မရှိမလောကဓာတ်၌လည်း အလယ်ခေါင်ဗဟိုတည့်တည့်ကျသော စူဠလောကဓာတ် အတွင်း၌သာ ပွင့်တော်မူကြ၏၊ ဘေးရံစူဠလောကဓာတ်တို့၌ ပွင့်တော်မမူကြကုန်။ ဤသို့ပွင့်ရာ စူဠလောကဓာတ်၌လည်း ကျွန်းကြီးလေးကျွန်းရှိသည်တွင် ဇမ္ဗူဒီပါလက်ယာတောင်ကျွန်း၌သာလျှင် ပွင့်တော်မူကြ၏၊ ကြွင်းသုံးကျွန်းတို့၌ ပွင့်တော်မမူကြကုန်၊ ထိုသို့ ပွင့်တော်မူကြသောအခါ တစ်ကြိမ်တစ်ကာလတည်း၌ ဘုရားနှစ်ဆူပြိုင်၍ ပွင့်ရိုးထုံးစံ မရှိပေ၊ တစ်ဆူပွင့်ပြီးနောက် အချိန်ပေါင်းများစွာခြားပြီးမှသာ ပွင့်တော်မူရိုးဓမ္မတာ ဖြစ်လေသည်။

# ဘုရားတစ်ဆူကြား မြေကြီးတက်ပုံ

တစ်ကမ္ဘာတည်း၌ ပွင့်တော်မူကြသော ဘုရားတစ်ဆူနှင့် တစ်ဆူစပ်ကြား ကာလသည်အဘယ်မျှကြာအောင် ခြားလေသနည်းဆိုသော် မဟာပထဝီမြေကြီးသည် အသစ်အသစ်တိုး၍ အနှစ်တ[illegible]လက်တစ်သစ်အပေါ်သို့တက်၏၊ ရှေးဘုရား၏ သာသနာကုန်သောနေ့မှစ၍ မဟာပထဝီမြေကြီး တစ်ယူဇနာတိုင်အောင် အပေါ်သို့တက်မှ နောက်ဘုရားတစ်ဆူ ပွင့်ပေါ်၏၊ သို့မျှလောက် ကြာညောင်းလှလေသည်။

# ဘုရားနှင့် ကမ္ဘာငါးရပ်

လောက၌ ထူးမြတ်သောဘုရားရှင်တို့သည် ကမ္ဘာတိုင်းပွင့်တော်မူသည်မဟုတ်ပေ၊ ပွင့်သောကမ္ဘာကနည်း၍ မပွင့်သောကမ္ဘာတွေက များလေသည်။ ဘုရားမပွင့်သော ကမ္ဘာကို ဘုရားမှဆိတ်ခြင်းကြောင့် သုညကမ္ဘာဟုခေါ်၏၊ ပွင့်သောကမ္ဘာကို အသုညကမ္ဘာ ခေါ်၏၊ ဘုရားပွင့်သော ကမ္ဘာတို့တွင်လည်း ဘုရားတစ်ဆူပွင့်လျှင် သာရကမ္ဘာ၊ နှစ်ဆူ ပွင့်လျှင် ဝရကမ္ဘာ၊ သုံးဆူပွင့်လျှင် မဏ္ဍကမ္ဘာ၊ လေးဆူပွင့်လျှင် သာရမဏ္ဍကမ္ဘာ၊ ငါးဆူ ပွင့်လျှင် ဘဒ္ဒကမ္ဘာဟု ငါးပါးအပြားရှိ၏၊ ငါးဆူထက်လွန်၍ မပွင့်တော့ပြီ၊ ဤကမ္ဘာကား ဘုရားငါးဆူပွင့်သော ဘဒ္ဒကမ္ဘာဖြစ်၏၊ လေးဆူပွင့်ပြီးပြီ၊ နောက်တစ်ဆူသာကျန်တော့၏။

ကမ္ဘာဦးအစ လူ့ပြည်ကျွန်းမြေ ပေါ်ဦးအခါ၌ ရှစ်ပါးသောပရိက္ခရာစုံ သီးသော ပဒုမ္မာကြာတစ်ပင်ပေါက်လေ့ရှိ၏၊ တစ်ဆူပွင့်လျှင် တစ်စုံ၊ နှစ်ဆူပွင့်လျှင်နှစ်စုံ၊ သုံးဆူ ပွင့်လျှင် သုံးစုံ၊ လေးဆူပွင့်လျှင် လေးစုံ၊ ငါးဆူပွင့်လျှင် ငါးစုံသီးသော ပဒုမ္မာကြာတစ်ပင်သာ ပေါက်၏၊ တစ်ဆူမှ မပွင့်လျှင် အသီးမပါဘဲ ပေါက်လာ၏၊ ထိုပရိက္ခရာတို့ကို ဘုရားပွင့်မည့် ကမ္ဘာလော၊ မပွင့်မည့်ကမ္ဘာလောဟု ပုဗ္ဗနိမိတ် အကြည့်လာကြသော သုဒ္ဓါဝါသပြဟ္မာ

ကြီးတို့က တွေ့မြင်၍ အလွန်လျှင်ဝမ်းမြောက်စွာနှင့် ယှဉ်ငင်သိမ်းဆည်းထားကြပြီးလျှင် နောင်ပစ္ဆိမဘဝိကဘုရားလောင်းတို့ တောထွက်သောအခါ ကပ်လှူကြလေသည်။

# ပစ္စေကဗုဒ္ဓါ ပွင့်ရာဌာန

ပစ္စေကဗုဒ္ဓါနှင့် လူအရိယာတို့သည်လည်း ဘုရားရှင်တို့ပွင့်ပေါ်ရာ အလယ်ဗဟို စူဠလောကဓာတ်၌သာလျှင် ဖြစ်ကြ ပွင့်ကြကုန်၏၊ နတ်, ဗြဟ္မာ, အရိယာတို့ကား ဘုရားပွင့်ရာ မဇ္ဈိမလောကဓာတ် စကြဝဠာတစ်သောင်းလုံးအတွင်း၌ပင်လျှင် ဖြစ်နိုင်ပွင့်နိုင်ကြ၏၊ သို့ရာတွင် ကြွင်းသောဘေးရံ မဇ္ဈိမလောကဓာတ်တို့၌ မဖြစ်နိုင် မပွင့်နိုင်ကြကုန်၊ ဤလူနတ်ဗြဟ္မာအရိယာတို့သည် သဗ္ဗညုဘုရားရှင်တို့၏ တပည့်သားများဖြစ်ကြ၏၊ ထို့ကြောင့် ဝေးလံရာ လောကဓာတ်၌ မဖြစ်ကြချေ။

ပစ္စေကဗုဒ္ဓါတို့သည်ကား သုညကမ္ဘာ, အသုညကမ္ဘာနှစ်ပါးစုံ၌ပင်လျှင် ပွင့်ပေါ်တော်မူကြ၏၊ သာဝကတို့ကဲ့သို့မဟုတ်၊ ဘုရားမပွင့်ချိန် သာသနာပအခါ၌ ဆရာမလို မိမိအလိုလို ကိုယ်တော်တိုင် အသီးအခြား သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိနိုင်စွမ်းသော ဘုရားငယ်များဖြစ်သောကြောင့်တည်း၊ တစ်ဆူတည်းလည်းပွင့်၏၊ နှစ်ဆူ, သုံးဆူ, တစ်ရာ, နှစ်ရာ စသည်ဖြင့် များစွာလည်းပြိုင်၍လည်းကောင်း၊မရှေးမနှောင်းလည်းကောင်း ပွင့်နိုင်ကြ၏။

စကြာမင်းတို့ကား ကမ္ဘာတိုင်းစကြဝဠာတိုင်း ဖြစ်ပေါ်နိုင်ကြ၏၊ သို့ရာတွင် တောင်ကျွန်း၌သာလျှင်ဖြစ်၍ လေးကျွန်းလုံးကို အစိုးရသော မင်းထူးကြီးများဖြစ်ကြသောကြောင့် စကြဝဠာတစ်ခုအတွင်း၌ စကြာမင်းနှစ်ပါးပြိုင် ဖြစ်ရိုးထုံးစံမရှိပေ။

# အာဏာနယ်ရာ စကြဝဠာ

ဘုရားပွင့်ပေါ်ရာ စူဠလောကဓာတ် မဇ္ဈိမလောကဓာတ်မှ ကြွင်းသော ဘေးရံလောကဓာတ် ဆယ်ကုဋေမျှလောက်တို့သည် ဘုရားမင်းတစ်ပါးအုပ်စိုးရာ နိုင်ငံတွင်းရှိ မြို့ရွာတို့ကဲ့သို့ ဘုရားရှင်၏အာဏာတော်နယ်ရာ လောကဓာတ်ရံများဖြစ်ကြ၏၊ မြတ်စွာဘုရားသည် ရတနသုတ်စသော ပရိတ်တော်ကို ဟောတော်မူသောအခါ ဤမဟာလောကဓာတ်အတွင်းရှိ နတ်, ဗြဟ္မာတို့သည် အလုံးစုံခံယူကြားနာရကုန်၏၊ ဘုရင်မင်းသည် မိမိနိုင်ငံတော်အတွင်းရှိ အချို့သောမြို့ရွာ ဇနပုဒ်တို့သို့ ရုံခါသွားရောက်အဆုံးအမ ပေးသကဲ့သို့ မြတ်စွာဘုရားရှင်သည်လည်း အာဏာတော်နယ်ရာ အချို့သောလောကဓာတ်များသို့ တရားဓမ္မဟောပြဆုံးမတော်မူခြင်းငှာ တစ်ရံတစ်ခါကြွသွားတော်မူလေ၏။

## မဆုံးနိုင်သော လောကဓာတ်တွေ

ဤစကြဝဠာကုဋေတစ်သိန်းသော မဟာလောကဓာတ်ကြီးအပြင် အခြားသော လောကဓာတ်တွေ ရှိသေးသလောဟူမူ များစွာရှိ၏၊ တစ်ဆူသော ဘုရားရှင်၏ ဖြစ်ထွန်းပွင့်ပေါ်တော်မူရာ မဟာလောကဓာတ်ကြီးတွေကား အရပ်ရှစ်မျက်နှာပတ်လုံး များပြားစွာရှိကြ၏ ရေတွက်၍မကုန် အဆုံးအဆရှိပေ၊ အဆုံးအဆမရှိ များလှစွာသော လောကဓာတ်အကုန်လုံးကို အနန္တလောကဓာတ်ဟုခေါ်ရ၏။

ထို့ကြောင့် လောကဓာတ်သည် စူဠလောကဓာတ်, မဇ္ဈိမလောကဓာတ်, မဟာလောကဓာတ်, အနန္တလောကဓာတ်ဟူ၍ လေးပါးအပြားရှိလေသည်။ ထိုအဆုံးမရှိ များပြားလှသော တစ်ပါးသော မဟာလောကဓာတ်တို့၏ ပျက်ပုံဖြစ်ပုံတည်ထောင်ပုံ အလုံးစုံနှင့် စကြဝမင်းတို့ဖြစ်ပုံ၊ လူနတ်ဗြဟ္မာအရိယာတို့ဖြစ်ပုံ၊ ပစ္စေကဗုဒ္ဓါတို့ ပွင့်ပေါ်ပုံ၊ သဗ္ဗညုဘုရားရှင်တို့ ဖြစ်ပုံ, ပွင့်ပေါ်ပုံအခြင်းအရာအလုံးစုံသည် ဤငါတို့ မဟာလောကဓာတ်၌ ပြဆိုခဲ့ပြီးသော နည်းအတိုင်း တူညီကြလေသည်။

## အဘယ်ကြောင့် ဘုရားပစ္စေကဗုဒ္ဓါတို့ ဖြစ်ပေါ်ရသနည်း

များပြားလှစွာသော မဟာလောကဓာတ်အလုံးစုံတို့၌ အကြွင်းအကျန်မရှိ ဘုရားပစ္စေကဗုဒ္ဓါ အရိယာတို့သည် အဘယ့်ကြောင့် ဖြစ်ထွန်းပွင့်ပေါ်၍ လာကြရကုန်သနည်းဟူမူ သတ္တဝါအပေါင်းတည်းဟူသော သတ္တလောကကြီး၌ အိုနာသေရေးဒုက္ခဘေးတို့ဖြင့် အမြဲလွှမ်းမိုး၍ နေကြ၏၊ သောကပရိဒေဝဒုက္ခဒေါမနဿ စသော မီးတို့ကလည်း တငြီးငြီးတပြောင်ပြောင်တောက်လောင်၍ နေသောကြောင့် ထိုမီးဘေးတို့မှ ကင်းလွတ်ရာ ဘဝသံသရာဒုက္ခဘုံပြည်ကြီးတို့မှ ထွက်မြောက်ရာ နိဗ္ဗာန်သို့ရောက်လိုကြသော သတ္တဝါတို့အတွက် ကယ်တင်ရန် ဖြစ်ပေါ်လာကြရသည်။ ထိုဘေးဒုက္ခမခံလိုကြ၍ ကြောက်ကြ၍ ရှောင်လိုကြသော သတ္တဝါဝေနေယျတို့ အကျိုးငှာ ဘုရားပစ္စေကဗုဒ္ဓါအရိယာတို့သည် ရှေးအခါကလည်း ဖြစ်ပေါ်ကြ, ပွင့်သွားကြလေကုန်ပြီ၊ ယခုအခါ၌လည်း ဖြစ်ပေါ်ကြ, ပွင့်တော်မူကြဆဲ, နောင်အခါ၌လည်း ဖြစ်ထွန်းကြ, ပွင့်တော်မူကြကုန်လတ္တံ့။

## လောကဓာတ်ခြားသော လေထုကြီးများ

များစွာသော မဟာလောကဓာတ်ကြီးတွေ တစ်ခုနှင့်တစ်ခုအကြားတို့၌ ယူဇနာကိုးသိန်းခြောက်သောင်းမျှလောက်သော လေထုကြီးတွေခြား၍နေကြ၏၊ ၎င်းလေထုကြီး

တွေကို များစွာသော မဟာလောကဓာတ်ကြီးတွေကို တစ်ခုနှင့်တစ်ခု ပိုင်းခြားတတ်သောကြောင့် လောကန္တရိကလေထုကြီးဟု မှတ်ရာ၏၊ ဤသို့ လေထုကြီးတွေခြား၍နေခြင်းကြောင့် မဟာလောကဓာတ်တစ်ခုနှင့်တစ်ခု မနီးစပ်ကြချေ၊ မဟာလောကဓာတ်ကို ခံ၍နေသော ရေချင်းလည်းမနီးစပ်ကြချေ၊ ထို့ကြောင့်အမှတ်မရှိ၊ တစ်ခုခုသော မဟာလောကဓာတ်ကို မီးလောင်သော်လည်း တစ်ပါးသောမဟာလောကဓာတ်သို့ မီးမကူးပေ၊ ကမ္ဘာပြုမိုးရွာသောအခါ၌လည်း ထိုမီးလောင်သော မဟာလောကဓာတ်အတွင်း၌သာလျှင် ဗြဟ္မာဘုံတိုင်အောင် လွှမ်းမိုး၏၊ လေထုကြီးအစွမ်းကြောင့် တစ်ပါးသော မဟာလောကဓာတ်သည် ပျံ့နှံ့လွှမ်းမိုးမသွားပြီ၊ ဤကားစိတ်သည် ပြုပြင်ဖန်ဆင်းအပ်သော လောကကြီး၏ တည်နေပုံတည်း။

# ကမ္ဘာဦးအစ လူတွေ ဖြစ်လာပုံ

စိတ်သည် ပြုပြင်ဖန်ဆင်းအပ်သည်ဖြစ်၍ သတ္တဝါတို့နေရန် ဖြစ်ပေါ်တည်ထောင်လာသော ဩကာသလောကကြီးဝယ် ဤလူ့ဘုံ၌ လူတို့သည် အဘယ်အခါ၌ ဖြစ်လာကြသနည်းဆိုသော် နေလနက္ခတ်တာရာတို့ မဖြစ်ပေါ်လာမီ အချိန်အတန်ကြာကာလကပင် အထက်ဗြဟ္မာဘုံမှ အချို့သောဗြဟ္မာသတ္တဝါတို့သည် အသက်တမ်းကုန်ဆုံးခြင်း၊ ကံကုန်ခြင်း၊ အသက်ကံ နှစ်ပါးစုံကုန်ခြင်းဟူသော သုံးမျိုးသော သေခြင်းတို့တွင် တစ်မျိုးမျိုးဖြင့် စုတေ၍ ဤလူ့ပြည်ကျွန်းမြေပေါ်သို့ ကိုယ်ထင်ရှားဖြစ်သော ဥပပါတ်ပဋိသန္ဓေဖြင့် လူသတ္တဝါဖြစ်လာကြ၏။

ထိုကမ္ဘာဦးလူတို့ကား ယောကျ်ားအသွင်လည်းမဟုတ်၊ မိန်းမအသွင်လည်းမဟုတ်၊ ထက်ဘုံနေမြတိုင်းသာ ဗြဟ္မာကြီးတို့အသွင်သဏ္ဌာန်ကဲ့သို့ လုံးချောကြီးတွေဖြစ်ကြ၏၊ အဝတ်ပုဆိုးလည်း မဝတ်ကြ၊ အစာကိုလည်း မမှီဝဲ၊ အဘဿရဗြဟ္မာတို့ကဲ့သို့ ပီတိဘက္ခဖြင့်သာလျှင်နေကြရာ အချိန်များစွာကြာလွန်ခဲ့ကြသည်။ နေလနက္ခတ်အလင်းရောင်တို့လည်း မရှိဘဲ မိမိတို့၏ကိုယ်ရောင်အလင်းဖြင့်သာလျှင် အမိုက်မှောင်ကို ပယ်ဖျောက်နေထိုင်ကြသည်။ ဗြဟ္မာကြီးတို့ကဲ့သို့ ကောင်းကင်သွားလာနိုင်သော ကမ္မဇိဒ္ဓိတန်ခိုးလည်း ရှိကြသည်။

# မြေဆီလွှာစားကြခါမှ

ထို့နောင် အတန်ကြာသောကာလကိုလွန်လေသော မြေအပြင်၌ ဟိုတစ်ကွက်သည်တစ်ကွက် ခဲပြင်၍နေသောအလွန်အဆင်းအနံ့အရသာနှင့် ပြည့်စုံသည့် မြေဆီလွှာ

တို့ကို တွေ့မြင်ဖန်များ၍ ထိုမြေဆီလွှာတို့၏ အဆင်းအနံ့တို့၌ နှစ်သက်သာယာသော တဏှာသည် အားကြီးစွာဖြစ်ပေါ်လာကြ၏၊ ထို့ကြောင့် လက်ဖြင့်ကိုင်ယူ၍နမ်းပြီးလျှင် ခံတွင်းသို့ ခွံ့ကြ၏၊ မြေဆီလွှာတို့သည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့သော် အရသာကြောင့် ကောင်းမှန်းသိလျှင် ထပ်ခါထပ်ခါကိုင်ယူနမ်းကြ, စားကြ, မျိုကြကုန်၏၊ ထိုရသပထဝီ မြေဆီခဲကို မပြတ်အမြဲမှီဝဲစားသောက်လေကုန်လျှင် ရုန့်ရင်းသော ရုပ်တို့ဖြစ်ပေါ်လာ သောကြောင့် ကိုယ်ရောင်များညှိုးမှိန်ပြီးလျှင် ကွယ်ပျောက်၍အမိုက်မှောင်အတိ ဖြစ်သွား လေ၏၊ အလွန်ကြောက်ရွံ့ခြင်း ဖြစ်ကြလေကုန်၏။

## နေ-လ-နက္ခတ် ပေါ်လာချိန်

ထိုသူတို့ ကြောက်ရွံ့နေကြစဉ် ၎င်းတို့၏ ကြောက်ရွံ့ခြင်းကိုပယ်ဖျောက်၍ ရဲရင့်ခြင်းကိုဖြစ်စေလျက် အလျားအနံ ယူဇနာငါးဆယ်ကျယ်သော နေဝန်းနေဗိမာန် ကြီးသည် အရှေ့လောကဓာတ်မှ ထွက်လာလေသည်။ ထိုအခါ ကမ္ဘာဦးလူတို့သည် ငါတို့၏ ရဲရင့်ခြင်းကို ဖြစ်စေလျက် ပေါ်လာပေသည်ဟု နေဗိမာန်ကို သူရိယဟုအမည်မှည့်ခေါ် ကြကုန်၏၊ ထိုနေသည် တစ်နေ့လုံးထွန်းလင်း၍ အနောက်သို့ဝင်ကာ ကွယ်ပျောက် သွားလေလျှင် မှောင်အတိဖြစ်ပြန်၍ ကြောက်ရွံ့ခြင်းဖြစ်ကြပြန်ရာ ငါတို့အား တစ်ပါးသော အလင်းရောင်ကိုရပါမူကား ကောင်းလေစွဟု အရောင်အလင်းကို တောင့်တဆဲအခါ ထိုလူတို့၏ အလိုဆန္ဒကို သိဘိသကဲ့သို့ နတ်က္ခတ်တာရာကြယ်အပေါင်းတို့နှင့်တကွ လေးဆယ့် ကိုးယူဇနာကျယ်သော လဝန်းဗိမာန်ကြီးသည် အရှေ့လောကဓာတ် ောင်းကင်မှ ထွက်ပေါ်လာလေသည်။ ထိုအခါ ကမ္ဘာဦးလူတို့က ငါတို့ဆန္ဒအတိုင်း ဖြစ်ပေါ်လာလေ၏ဟု လဝန်းဗိမာန်ကို စန္ဒ (ဆန္ဒ)ဟု အမည်မှည့်ထားကြလေ၏။

ထိုနေ, လ, နက္ခတ်တို့ဖြစ်ပေါ်လာသောအခါ လသည်နေနှင့် သမသတ်နေလျက် ဥတ္တရဖရဂုဏီ နက္ခတ်နှင့်ယှဉ်၍ ထွက်ပေါ်လာခြင်းကြောင့် ဖဂ္ဂုဏပုဏ္ဏမိဟု သမုတ်ကြ၏၊ ထိုဖဂ္ဂုဏပုဏ္ဏမိကို မြန်မာတို့က တပေါင်းလပြည့်နေ့ဟု ခေါ်ဆိုကြသည်။ ထိုအခါမှစ၍ အစဉ်အတိုင်း နေ့ညဉ့် ပက္ခ-လ-ဥတု နှစ်တို့သည် ထင်ရှားလာကြကုန်၏၊ နေထွက်ရာကို အရှေ့၊ နေဝင်ရာကို အနောက်စသောအရပ်မျက်နှာတို့လည်း ထင်ရှားဖြစ်လာကြလေ ကုန်သည်။

## ကမ္ဘာဦးလူတို့ စားသောက်ကြပုံ

ထိုကမ္ဘာဦးလူတို့သည် ရသပထဝီမှီဝဲခြင်းကြောင့် ရုပ်အထူးထူးဖောက်ပြန်သွား ကြလေရာ အချို့က အဆင်းလှ၍ အချို့ကအဆင်းမလှကြကုန်၊ ထိုအခါ အဆင်းလှသူ

တို့က အဆင်းညံ့သူတို့ကို မထီလေးစား အောက်မေ့ကြကုန်၏၊ ထိုသည့် စိတ်ခါတ်အတိမာနကြောင့် ပျားလဘို့ကဲ့သို့သော ရသပထဝီမြေဆီတို့ ကွယ်ပျောက်လေကုန်၏၊ ထို့နောက် ဘူမိပဂ္ဂဋကမည်သော မြေဖူးမြေငုံတို့သည် တောင်ပို့ကြီးများကဲ့သို့ ပေါက်လာကြ၏၊ ထိုမြေငုံ မြေဖူးကိုစားကြပြန်၏၊ လူတို့သည် အချင်းချင်းအတိမာနတရားကိန်းမှုကြောင့် ထိုမြေငုံတို့လည်း ကွယ်ပြန်လေ၏၊ ထိုအခါ ပဒါလတာမည်သော နွယ်ချိုမျိုးသည် ပေါ်ပေါက်လာပြန်၍ စားကြပြန်၏၊ ထိုနွယ်တို့သည်လည်း လူတို့၏အတိမာနကြောင့် ကွယ်ပြန်လျှင် အခွံမဖုံး၊ ဖွဲလည်းမကပ်သော သလေးဆန်မွှေးသီးသော စပါးတို့သည် ပေါက်လာကုန်၏၊ ထိုသလေးဆန်ကိုယူ၍ အိုးဖြင့်ချက်စားကြကုန်၏။

## ယောကျ်ား-မိန်းမ ပေါ်လာခဲ့ချိန်

ထိုသလေးဆန်ထမင်းသည် ဟင်းမလို၊ ဟင်းနှင့်ရောစားရန်မလိုပေ၊ ကောင်းသော အရသာရှိ၏၊ လူတို့စိတ်က အလိုရှိသော အရသာမျိုးတို့ဖြစ်ပေါ်လာကြသည်။ ထိုအ ါ ရုန့်ရင်းကြမ်းတမ်းသော သလေးထမင်းအာဟာရကို မှီဝဲစားသောက်ခြင်းကြောင့် ကျင်ကြီးကျင်ငယ်တို့သည် ဖြစ်ကုန်၏၊ ထိုကျင်ကြီးကျင်ငယ်တို့ထွက်စရာ အမာဝပွင့်ပေါက်ပွင့်တံတို့သည် ပေါက်ကွဲဖြစ်ပေါ်လာကြတော့ရာ မိန်းမဖြစ်ထိုက်သော ကံပါသူက မိန်းမ၊ ယောကျ်ားဖြစ်ထိုက်သော ကံပါသူကယောကျ်ားအသွင်သဏ္ဌာန် အင်္ဂါကြီးငယ်ဘာဝရုပ်တို ဖြစ်ပေါ်လာကြကုန်၏။

## ကမ္ဘာဦး ပဒေသာပင်

ထိုအခါမှ ရှက်ကြောက်ခြင်းဖြစ်ကြ၍ ပဒေသာပင်မှ အဝတ်ကိုဆွတ်ယူဝတ်ရုံဖုံးလွှမ်းနေကြသည်။ ကမ္ဘာဦးအခါ၌ ကျွန်းတိုင်းမှာပင် ပဒေသာပင်ရှိကြ၏၊ နောင်အခါမှ သုံးကျွန်း၌ ပျောက်ကွယ်သွား၍ မြောက်ကျွန်း၌သာ အမြဲရှိလေသည်။

## အိုးအိမ်နှင့် ကမ္ဘာဦးလူ

တိုအခါ ကမ္ဘာပျက်ခိုက်၌သာ အထက်ပြဟ္မာဘုံသွားရောက်နေရ၍ ကာမဘုံ၌သာ ကျင်လည်များသော လူအချို့တို့သည် ယောကျ်ားသည် မိန်းမကို၊ မိန်းမသည် ယောကျ်ားကို အခါလေးမြင့် တစိမ့်စိမ့်ကြည့်ကြကုန်လေသော် ရှေးဝသီအထုံပြန်ပေါ်လာကြလျက် အချင်းချင်းစိတ်ဖောက်ပြားကာ အစုံအစုံ မေထုန်ပြုကြလေကုန်၏။

ဈာန်အဘိညာဉ်ခေတ်ခံ သူတော်ကောင်း အလေ့အထုံများခဲ့သူတို့က မလိုလားကြချေ။ ထိုအမှုကို မပြုသူတို့က ပြုသူတို့ကို (မိဝသလာ)သူယုတ်တွေဟု ကဲ့ရဲ့ကြ၏၊ အချို့က ခဲနှင့်ပေါက်ခြင်း စသည်ပင်ပြုကြ၍ ထိုသူတို့ဘေးမှလည်း ကင်းလွတ် ချမ်းသာစွာ မေထုန်မှုပြုနိုင်ရန်ဟု ပုန်းကွယ်စရာ အိမ်ဆောက်လုပ်နေကြကုန်၏။

# အနာဂါရိယ အာဂါရိယ

ထိုကျား. မ အစုံ ရွာသူတို့ဓလေ့ကို မထုံခဲ့၍ မလိုသူတို့က အိမ်မဆောက်ဘဲ သစ်ပင်ရင်းလွင်တီးခေါင်တွင် စသည်တို့၌ ရှေးဖြဟ္မာဘဝကကဲ့သို့ နေထိုင်ကြ၏၊ ထိုအခါ သားမယားနှင့် အိမ်ဆောက်နေသူကို အာဂါရိယလူ၊ အိမ်၌မနေသူကို အနာဂါရိယလူဟု နှစ်မျိုးကွဲပြားလာကြသည်။

ထိုအခါ သားမယားနှင့် အိမ်ထောင်နေသူတို့တွင် ပျင်းရိသူတစ်ယောက်သည် သလေးခင်းသို့ အခါခါမသွားလိုဘဲ တစ်ခါတည်းနှစ်ရက်စာ, သုံးရက်စာအလောက်ယူခဲ့၍ သိုလှောင်ထားလေ၏၊ ထိုနည်းကိုလိုက်၍ အခြားလူပျင်းတို့ကလည်း လေးငါးရက်စာမက ယူ၍ သိုမှီးထားကြကုန်၏၊ ထိုအခါ ထိုလူပျင်းလောဘတို့ကြောင့် သလေးဆန်တို့သည် ဖွဲကပ်၍ အခွံဖုံးသွား၏၊ ယခင်က ရိတ်ရာယူရာ မထင်ခဲ့သော်လည်း ယခုအခါ ရိတ်ရာယူရာ ထင်၏၊ ပကတိအတိုင်းပေါက်၍ သီးနေခြင်းမရှိတော့ဘဲ ရိတ်ရာအငုတ်အတိုင်း နေကြတော့သည်။

ထိုအခါ လူအပေါင်းတို့ စုဝေးကြလျက် "အို - လူအပေါင်းတို့၊ လူသတ္တဝါတို့ စိတ်၌ ယုတ်မာသော တရားတို့သည် ဖြစ်ပေါ်လာကြ၍ ယခုငါတို့အား ကောင်းမြတ်ခြင်း အလုံးစုံသည် ကွယ်ပျောက်ဆုတ်ယုတ်ကုန်လေပြီ"ဟု ညည်းတွားပြောဆိုကြပြီးလျှင် သလေးခင်းကို အညီအမျှခွဲဝေလျက် သူ့အခင်း, ငါ့အခင်းဟု အပိုင်းအခြားထားကြလေကုန်၏။

# မဟာသမ္မတမင်း ပေါ်ထွက်ကြရပုံ

ထို့နောက် လူတစ်ယောက်သည် ဥစ္စာရှင်တို့မပေးဘဲ သူတစ်ပါးအခင်းမှ သလေးစပါးကိုခိုးယူလေ၏၊ ကိုခိုးယူသူကို ဥစ္စာရှင်တို့တွေ့မြင်၍ တစ်ကြိမ်နှစ်ကြိမ် မောင်းမဲတားမြစ်ကြ၏၊ သုံးကြိမ်မြောက် ခိုးယူပြန်သောအခါ သျှောင်ကိုဆွဲ၍ ထောင်းထုပုတ်ခတ်ကြကုန်၏။

ထိုအခါ လူအပေါင်းတို့သည် အလုံးစုံစည်းဝေးကြ၍ "အို - လူအပေါင်းတို့ လောက၌ လူဆိုးလူညစ်တို့သည် ပေါ်ပေါက်လာကုန်ပြီ၊ ထိုလူဆိုးတို့ကို နှိမ်နင်းဆုံးမခြင်းငှာ

ချီးမြှောက်တန်သူကို ချီးမြှောက်ခြင်းငှာ တစ်ဦးသောသူကို အကြီးအကဲတင်ထား မင်းမြှောက်ကြကုန်အံ့၊ ထိုမင်းအား ငါတို့၏သလေးခင်းမှဆယ်ဖို့ တစ်ဖို့တို့ကို ငါတို့နှစ်စဉ် ပေးကြကုန်အံ့"ဟု အညီအညွတ်သဘောတူ တိုင်ပင်ကြပြီးလျှင် သင့်လျော်ဆုံးသူကို ရွေးကောက်၍ မင်းမြှောက်ကြကုန်၏၊ ထိုအခါ မင်းမြှောက်ခံရသူသည် ငါတို့ဘုရားလောင်းတော်တည်း၊ ထိုမင်းကိုလူအများသည် မင်းဟု သမုတ်အပ်သောကြောင့် မဟာသမ္မတဟု အမည်ရလေ၏၊ လယ်မြေကို အစိုးရခြင်းကြောင့် ခတ္တိယ၊ တရားသဖြင့် သူတစ်ပါးတို့ကို တပ်မက်ချစ်ခင်စေတတ်သောကြောင့် ရာဇာဟု အမည်ရလေသည်။

# လူမျိုးလေးပါး ဖြစ်လာခဲ့ပုံ

မင်းမှ ကြွင်းသောအိမ်နေလူများသည် လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းစသော အမှုကိုပြုလုပ်ကြရခြင်းကြောင့် ဝေဿဟူ၍လည်းကောင်း၊ အိမ်၌ စိုးအုပ်နေခြင်းကြောင့် ဂဟပတိဟူ၍လည်းကောင်း အမည်ရကြ၏၊ နောင်ကာလကြာမြင့်သောအခါ ဝေဿမျိုးထဲမှ ဆင်းရဲနွမ်းပါးခြင်းစသော ရှေးကံမစင်ကြယ်သူတို့သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် ကျွန်အဖြစ်အလုပ်လုပ်ကြရသဖြင့် သုဒ္ဒမျိုးဟု သူဆင်းရဲမျိုးပေါ်လာခဲ့၏။

အိမ်၌မနေ ဖြဟ္မစရိယသီလနှင့် နေသော သူတော်ကောင်းကို လူတို့ထက် မြတ်သောကြောင့် ဗြဟ္မဏဟုခေါ်ဆိုကြ၏၊ ဗြဟ္မဏ-မြတ်သောသူ၊ မေထုန်စသော မကောင်းမှုကို မျှောတတ်သောသူဟု အဓိပ္ပာယ်ရ၏၊ ထိုဗြဟ္မဏအကျင့်နှင့် နေနိုင်သူတို့ကို အိမ်နေသူတို့က မြတ်သောပုဂ္ဂိုလ်များဖြစ်ပေသည်ဟု ချီးကျူးကြလျက် လှူဒါန်း ချီးမြှောက်ကြ၏၊ အချို့လည်းလူတို့ဝေးရာရှောင်ခွာလျက် တောတောင်သစ်ပင်လွင်တီးခေါင် စသည်၌ နေ၍ သစ်သီးသစ်ဥတို့ဖြင့် မျှနေကြ၏။ ကသိုဏ်းပရိကံစသောကမ္မဋ္ဌာန်းနှင့် ယှဉ်၍ လောကီစျာန်အဘိညာဉ်တို့ကို ရကြကုန်၏။

ထိုအချိန်ကစ၍ ခတ္တိယ-မင်းမျိုး၊ ဝေဿ-ကုန်သည် တောင်သူလယ်သမားမျိုး၊ သုဒ္ဒ-သူဆင်းရဲမျိုး၊ ဗြဟ္မဏ-အိမ်ရာမထောင်သော ရသေ့ရဟန်းမျိုးဟူ၍လူမျိုးလေးပါး ဖြစ်ပွားလာခဲ့ကြလေသည်။

# ဗြဟ္မဏနှင့် ဗေဒင်ကျမ်း

ထိုစဉ်က စျာန်အဘိညာဉ်ရှင်တို့သည် စျာန်အဘိညာဉ်၏အစွမ်းကြောင့် လောကကြောင်းရာကို ကောင်းစွာသိမြင်လိမ္မာကြ၍ လောကသားလူအများတို့၏ အကျိုးငှာဟု သာမယဇုက္ကသျှုဟူသော ဗေဒင်သုံးပုံတို့ကို ပြောဟောလျက်ဖြစ်စေခဲ့ကြ၏၊ ရေးသားပြုစု

ထားခဲ့ကြသည်။ တစ်ဖန်အက္ခရာပုဒ်ပါဠိဝါကျအမည်နာမတို့၌ ကောင်းစွာ လိမ္မာကြစေခြင်း အကျိုးငှာ သဒ္ဒါကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်း၊ အဘိဓာန်ကျမ်းတို့ကိုလည်း ဖြစ်စေကြလျက် ပြောဟောချပို့ကာ ရေးသားပြုစုထားခဲ့ကြသည်။

နောင်သောအခါ လူတို့သည် အိမ်ရာတည်ထောင်လူ၏ဘောင်မှထွက်၍ အနာဂါရိယ ပြဟ္မဏဘောင်သို့ဝင်ကာ သဒ္ဒါကျမ်းစသော ဗေဒင်သုံးပုံကို သင်ယူလေ့လာကြ၏၊ ဈာန်အဘိညာဉ်တရားကိုလည်းရအောင် အားထုတ်ကြ၏၊ ရသေ့ရဟန်းဟုခေါ်ကြသည်။ နောင်ကာလကြာမြင့်လာသောအခါ ဗေဒင်တတ်ပြဟ္မဏတို့သည် ရသေ့ရဟန်းမပြုသော တောင်၌မနေ၊ ဈာန်အဘိညာဉ်ကိုလည်း မဖြစ်စေဘဲ မြို့ရွာ၌နေဝတ်ဖြူဝတ်လျက် ဗေဒင်ကျမ်းဂန် ချပို့သောဆရာအဖြစ်နှင့်နေကြတော့၏၊ ဈာန်မရသောကြောင့် အဈာယကဟုခေါ်ကြ၏၊ နောင်ကာလကြာလတ်သော် အဇ္ဈာယက ဗေဒင်ရွတ်ဖတ်သောသူဟူ၍ ဂုဏ်ထူးကဲ့သို့ခေါ်လာကြပြန်၏၊ ပြဟ္မစရိယသီလ၌လည်း မတည်နိုင်ကြတော့၍ သားမယားနှင့်နေကြကာ အာဂါရိယအစားထဲ ဝင်ရောက်လျက် ပုဏ္ဏားမျိုးဟူ၍ဖြစ်သွားကြတော့သည်။ ရသေ့ရဟန်းအဖြစ် နေသူကိုပြဟ္မဏ၊ သားမယားနှင့်နေသူကို ပုဏ္ဏားဟူ၍ ခွဲခြားသွားတော့၏၊ ထိုကမ္ဘာဦးက လူမျိုးလေးပါးတို့သည် မာဂဓဘာသာစကား တစ်မျိုးတည်းသာ ပြောဆိုကြ၏၊ နောင်ကာလကြာညောင်းမှ အရပ်ဒေသဥတုရေမြေ ခြားကွာခြင်းကိုလိုက်၍ စကားအမျိုးမျိုး၊ ဘာသာဇာတ်အမျိုးမျိုး ခြားသွားကြသည်။

## အပါယ်လေးဘုံ သတ္တဝါများ

ဤလူ့ဘုံနှင့် နတ်ဘုံ (၆)ထပ်တို့မှ အချို့သောလူနတ်တို့သည် အသက်ကုန်, ကံကုန်, အသက်ကံနှစ်ပါးကုန် ဥပစ္ဆေဒကဟူသော သေခြင်းလေးပါးတို့တွင် တစ်မျိုးမျိုးဖြင့် စုတေကာ အကုသိုလ်ကံကြောင့် အပါယ်လေးဘုံသို့ရောက်ကြ၍ အချို့ငရဲ၊ အချို့တိရစ္ဆာန်၊ အချို့ပြိတ္တာ၊ အချို့က အသူရကာယ်ဘုံသို့ ဖြစ်ကြ၏၊ ရှေးဦးစွာ ဖြစ်ကြသောတိရစ္ဆာန်တို့သည် ဥပပါတ်နှင့် သံသေဒဇနှစ်ပါးဖြင့် ဖြစ်ကြလေသည်။

ဤပြဆိုခဲ့သော အလုံးစုံတို့သည် ကမ္ဘာပြုမိုးရွာသည်မှစ၍ အလုံးစုံသော ရုပ်ဓာတ်သင်္ခါရတို့၏ ဖြစ်ပေါ်မှုဟူသော (ဥဒယ)သဘောကို နားလည်ရန်ဖြစ်၏၊ ဤရုပ်ဓာတ်သင်္ခါရတရားတို့သည် ဤကဲ့သို့ဖြစ်ပြီးလျှင် တစ်ဖန်ပျက်စီးပြန်၏၊ အဘယ်ကဲ့သို့ ပျက်စီးသည်ကို အောက်၌ဆက်ကြည့်ပါ။

## လူတို့သက်တမ်း ဆုတ်ယုတ်လာပုံ

ကမ္ဘာဦးအခါ၌ လူတို့၏အသက်သည် ကျွန်းတိုင်းမှာ အသင်္ချေယျတိုင်အောင် နေရ၏၊ အသင်္ချေယျတမ်းမှသည် သတ္တဝါတို့၏ သန္တာန်၌ အကုသိုလ်တရားယုတ်တို့သည်

တဖြည်းဖြည်းတိုးပွားစည်ကားလာခြင်းကြောင့် ဥတုအာဟာရတို့သည် ဖောက်ပြန် သောင်းကျန်းလာကြ၏၊ ယုတ်ညံ့ကြမ်းတမ်းလာကြ၏၊ လူတို့၏ အသက်တမ်းသည် တဖြည်းဖြည်း ဆုတ်ယုတ်လာ၏၊ ထိုသို့ဆုတ်ယုတ်လာရာ၌ မြောက်ကျွန်းသားတို့သည် တစ်ထောင်တမ်းသို့ကျလျှင် မတိုးမဆုတ် အမြဲတမ်းရပ်တည်နေကြ၏၊ အရှေ့ကျွန်း, အနောက်ကျွန်းသားတို့ကား ငါးရာတမ်းသို့ကျလျှင် မတိုးမဆုတ်တန့်ရပ်တည်နေကြ၏။

တောင်ကျွန်းသားတို့မှာ ဆယ်နှစ်သက်တမ်းသို့အရောက် ဆုတ်ယုတ်ကျဆင်း၏၊ ထိုအခါ တစ်ရာတမ်းကာလ၌ သလေးထမင်းသည် မင်းသုံးဖြစ်ဘိသကဲ့သို့ လူးဆန် လူးထမင်းသည် အကောင်းဆုံးသော မင်းသုံးမင်းစာဖြစ်ကြ၏။

# လူတို့စရိုက်နှင့် လျော်သောကပ်

ထိုဆယ်နှစ်ကာလသည် တရားမရှိတော့ပေ၊ အဟိတ်တိရစ္ဆာန်တို့ကဲ့သို့ပင် ဟီရိဩတ္တပ္ပလည်း ပြတ်ကြ၏၊ လူတို့သန္တာန်၌ ရာဂလွန်ကဲအားကြီးနေလျှင် ရောဂါဘေး ရောဂန္တရကပ်၊ ဒေါသအားကြီးနေလျှင် လက်နက်ဘေးသတ္တန္တရကပ်၊ မောဟအားကြီး နေလျှင် ငတ်မွတ်ခြင်းဘေးဒုဗ္ဘိက္ခန္တရကပ်၊ ဤကပ်သုံးပါးတွင် တစ်ပါးပါးဖြင့် (၇)ရက်ပတ်လုံး ကြီးစွာနှိပ်စက်လျက် လူတို့သေကျေပျက်စီးကြရလေကုန်၏၊ ယခုရောက်လတ္တံ့သော ဆယ်နှစ်တမ်း၌ကား သတ္တန္တရကပ်ဆိုက်လတ္တံ့။

ထိုသို့ ခုနစ်ရက်ပတ်လုံး ဘေးကြီးပြင်းစွာနှိပ်စက်သောအခါ ရှေးဘုန်းကံရှိန်ကြောင့် ပညာအဆင်အခြင်နှင့် ပြည့်စုံသူအချို့သည် တောချုံနိုင်ပိတ်ပေါင်းသို့ ပြေးရှောင် ပုန်းအောင်းနေကြသူတို့လောက်သာ ကျန်ကြတော့သည်။ ထိုကြွင်းကျန်သူတို့သည် (၇)ရက် လွန်လျှင် ပုန်းအောင်းရာမှထွက်ခဲ့ကြ၍ တစ်ရာမှတစ်ယောက်နှစ်ယောက် စသည်တွေ့ကြ ရလျှင် လည်ဖက်ငိုကြွေးကြပြီးသော် အချင်းတို့-လူတွေကား သေကြကုန်ပြီ၊ ငါတို့ အနည်းငယ်သာ ကျန်တော့၏၊ ထိုငါတို့သည် တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဒေါသ မဖြစ်ကြ ကုန်အံ့၊ တစ်ဦးနှင့်တစ်ဦး မေတ္တာတရား, ကရုဏာတရား, မုဒိတာတရား ပွားကြကုန်အံ့၊ ငါးပါးသီလ စောင့်ကြကုန်အံ့၊ အချင်းချင်း ရိုသေကြ, စောင့်ရှောက်ကြကုန်အံ့ - ဟု ပြောဆိုလျက် အညီအညွတ်စုဝေး၍ ဗြဟ္မဝိဟာရတရား, ငါးပါးသီလတရားနှင့် နေကြကုန်၏။

# တရားနှင့်တက်ကပ်

ထိုလူစုသည် သူတို့၏ တရားအာနုဘော်ကြောင့် ထိုဆယ်နှစ်တမ်းသူတို့မှ မွေးဖွားသော သားတို့သည် အသက်နှစ်ဆယ်ရှည်ကြကုန်၏၊ ထိုနှစ်ဆယ်မှ မွေးဖွားသော

သားသမီးတို့သည် အသက်လေးဆယ် ရှည်ကြကုန်၏၊ ထိုလေးဆယ်မှ သားသမီးတို့သည် အသက်ရှစ်ဆယ်၊ ထိုရှစ်ဆယ်မှ သားသမီးတို့သည် တစ်ရာ့ခြောက်ဆယ် အသက်ရှည်ကြကုန်၏၊ ဤနည်းတူ ဆတိုးထမ်းပိုးတိုးလျက် လူတို့သက်တမ်းသည် အသင်္ချေယျတိုင်အောင် တက်သွားလေ၏။

တက်ကပ်၌ အလျင်အမြန်တက်၍ ဆုတ်ကပ်၌ တဖြည်းဖြည်းဆုတ်၏၊ လူတို့သန္တာန်၌ တရားတည်နေသေးလျှင် သက်တမ်းလည်း မဆုတ်ယုတ်ဘဲ ရပ်တည်နေ၏၊ လူတို့သန္တာန်၌ တရားဆုတ်လျှင် အကျမြန်လေသည်။

# အန္တရကပ်နှင့် အာယုကပ်

ဤကဲ့သို့ လူတို့၏အသက်တမ်း အသင်္ချေယျမှသည် ဆယ်နှစ်တမ်း၊ ဆယ်နှစ်တမ်းမှသည် အသင်္ချေယျ ကျအောင်ကာလသည် အန္တရကပ်တစ်ခုမည်၏၊ ဤအန္တရကပ် အတွင်း၌ လူတို့၏ရောက်ရာသက်တမ်းကို အာယုကပ်ဟုခေါ်ရသည်။ အယုကပ်တစ်ခု ခေါ်ကြ၏။

# ကမ္ဘာပျက်ချိန်ကာလ

တစ်ကမ္ဘာသည် မည်မျှကြာသနည်းဆိုလျှင် အသက်အသင်္ချေယျမှသည် ဆယ်နှစ်တမ်း ဆယ်နှစ်တမ်းမှသည် အာသင်္ချေယျ၊ ဤသို့ ဆုတ်ချည်တက်ချည် အဖန်ဖန် ခြောက်ဆယ့်လေးကပ် အသင်္ချေယျသို့ ဆိုက်လျှင် တစ်ကမ္ဘာ၏သက်တမ်းတည်ချိန် စေ့တော့သည်။ သို့ရာတွင် ထိုအသင်္ချေယျတမ်း၌ ကုသိုလ်တရားစည်ကားဆဲ သမ္ပတ္တိခေတ် ဖြစ်၍ ပျက်စီးခြင်းမဖြစ်နိုင်၊ တစ်ဖန်ပြန်ဆုတ်၍ လူတို့သက်တမ်း တစ်ထောင်တမ်း ကာလမှသာ ကမ္ဘာပျက်လေသည်။

# ကမ္ဘာပျက်နည်း သုံးမျိုးရှိ၏

ကမ္ဘာပျက်ရာ၌ အချို့သောကမ္ဘာသည် မီးဖျက်၍ပျက်စီး၏၊ အချို့ကမ္ဘာ ရေဖျက်၍ ပျက်၏၊ အချို့ကမ္ဘာ လေဖျက်၍ပျက်၏၊ မီးဖျက်သောကမ္ဘာ (၇)ကြိမ်ဆက်၍ပျက်ပြီးလျှင် ရှစ်ကြိမ်မြောက်ကမ္ဘာ၌ ရေဖျက်၍ပျက်၏၊ ဤသို့လျှင် မီးခုနစ်ကြိမ်, ရေတစ်ကြိမ်ဆက်၍ ချည်းဖျက်လေရာ ခြောက်ဆယ့်လေးခုမြောက်သောကမ္ဘာ၌ လေဖျက်၍ပျက်ရလေသည်။ ထို့နောက် မီးခုနစ်ကြိမ်, ရေတစ်ကြိမ်လာပြန်သည်။ ဤကဲ့သို့ အဖန်ဖန်ပျက်စီးနေရ၏။

# ကမ္ဘာပျက်ပုံအခြင်းအရာ

ဖြစ်ချိန်တုန်းက ဖြစ်ပေါ်လာခဲ့သော ကမ္ဘာဘုံပြည် ဩကာသလောကကြီးသည် ပျက်ချိန်တန်လျှင် ပျက်ရပြန်လေရာ ပျက်ပုံအ ခြင်းအရာကို ဤသို့သိရမည်။ ကမ္ဘာတည်ပြီး ချိန်မှစ၍ ရေတွက်လျှင် အန္တရကပ်ပေါင်း ခြောက်ဆယ့်လေးကပ်စေ့၍ ဟစ်ထောင်တမ်းသို့ အကျတွင် ကမ္ဘာပျက်၏၊ ထိုသို့ပျက်သောအခါ မပျက်မီအနှစ်တစ်သိန်းလောက်က ဗြဟ္မာ ကြီးတွေပြောကြားကြသဖြင့် ကာမာဝစရ လောကဗျူဟာနတ်ဟို့ယည် လူ့ပြည်သို့လာ၍ ထိတ်လန့်ဖွယ်သောအသွင်ဖြင့် နီသောအဝတ်ကိုဝတ်လျက် ဆံပင်ဖားလျားချကာ ငိုကြွေးသော မျက်ရည်ဖြင့် လူ့ပြည်ခရီးကိုလှည့်လည်ပြောကြားကြကုန်၏၊ အို - လူအပေါင်းတို့၊ ယနေ့မှစ၍ နောင်အနှစ်တစ်သိန်းတိုင်လျှင် ကမ္ဘာပျက်လတ္တံ့၊ မီးဖျက်မည့် ကမ္ဘာဖြစ်လျှင် မီးဖျက်ပုံအခြင်းအရာကိုပြော၏၊ ရေဖျက်မည့်ကမ္ဘာဖြစ်လျှင် ရေဖျက်ပုံ၊ လေဖျက်မည့် ကမ္ဘာဖြစ်လျှင် လေဖျက်ပုံအခြင်းအရာကိုပြော၏၊ အို - လူအပေါင်းတို့ ဤကမ္ဘာပျက်ဘေးကြီးမှလွတ်ရန် ဗြဟ္မာပြည်သို့ရောက်အောင် ကုသိုလ်ကောင်းမှုကို မမေ့မလျော့ အားထုတ်ကြကုန်လော့၊ အမိအဖကို ကောင်းမွန်စွာ ကျွေးကြကုန်လော့၊ အသက်ကြီး၊ ဂုဏ်ကြီးသောသူတို့ကို ကောင်းစွာရိုသေကြကုန်လော့၊ သီလဆောက်တည် ကြကုန်၊ တစ်ဦးနှင့်တစ်ဦး မေတ္တာတရား၊ ကရုဏာတရား၊ မုဒိတာတရား၊ ဥပေက္ခာတရား ပွားများကြကုန်၊ ကသိုဏ်းပရိကံတရားကို အားထုတ်ကြကုန်၊ မမေ့လျော့ကြကုန်နှင့် ဟူ၍ ပြောကြားပြီးလျှင် မိမိတို့နေရာ နတ်ပြည်သို့ပြန်ကြ၏၊ မဟာလောကဓာတ်အတွင်းရှိသမျှ စကြဝဠာတိုင်းပင် ဆိုင်ရာနတ်တို့က ဤသို့ပင် ပြောကြားကြကုန်၏။

# ဗြဟ္မာပြည်သို့ ရှောင်နေကြပုံ

ထိုနတ်တို့ ကြွေးကြော်သတိပေးသံကြားကြရသော လူအပေါင်းတို့သည် အလွန် ထိတ်လန့်ကြောက်ရွံ့ကြသဖြင့် ကုသိုလ်တရားကို လွန်စွာ အားထုတ်ကြကုန်၏၊ ဗြဟ္မဝိဟာရ တရား ကသိုဏ်းပရိကံတို့ကို လွန်စွာအားထုတ်ကြကုန်၏၊ ထို့ကြောင့် အချို့သူတို့သည် မျက်မှောက်ဘဝ၌ ဈာန်တရားကိုရ၍ စုတေလျှင် ဗြဟ္မာပြည်သို့ရောက်ကြ၏၊ မျက်မှောက် ဘဝ ဈာန်မရကြသူတို့လည်း ထိုကောင်းမှုကြောင့် နတ်ပြည်သို့ရောက်၍ နတ်ပြည်မှ တစ်ဆင့် ဈာန်ရအောင်အားထုတ်လျက် စုတေလျှင် ဗြဟ္မာဘုံသို့ရောက်ကြ၏၊ နတ်ပြည်၌ နတ်အပေါင်းတို့လည်း ဈာန်ကိုဖြစ်စေ၍ ဗြဟ္မာပြည်သို့ ဟက်ရောက်ကြ၏၊ နေနတ်သား၊ လနတ်သား၊ ကြယ်နတ်သားတို့လည်း ဈာန်ရအောင်အားထုတ်၍ ဗြဟ္မာဘုံသို့ချည်း

ဖြစ်ကြကုန်၏၊ နေဗိမာန်, လဗိမာန်, ကြယ်ဗိမာန်တို့သည် သတ္တဝါမှကင်းလျက် သွားမြဲတိုင်း လှည့်လည်နေကြ၏။ ပျက်စီးလတ္တံ့သော အောက်အောက်ဗြဟ္မာဘုံ၌ ဗြဟ္မာကြီးတို့လည်း အထက် အထက်စျာန်ကိုရအောင် အားထုတ်၍စုတေသောအခါ မပျက်စီးမည့် အထက် ဗြဟ္မာဘုံသို့ချည်း ရောက်ကြလေကုန်၏။

## အပရာပရိယဝေဒနီယကံစွမ်း

လောကဗျူဟာနတ်တို့ ကြွေးကြော်သံကို မကြားမသိသော သတ္တဝါဟူ၍မရှိ၊ သေးငယ်သော ပိုးရွ, ပုရွက်ဆိတ်တို့ကစ၍ အားလုံးကြားသိနားလည်ကြ၏၊ ထိုအခါ အပါယ်လေးဘုံသား သတ္တဝါတို့လည်း မိမိတို့ရှေးရှေးက ပြုခဲ့ဖူးသော အပရာပရိယ ဝေဒနိယ ကုသိုလ်ကံဟောင်းထောက်မလာကြသဖြင့် အားလုံးကုန် အပါယ်လေးဘုံမှ လွတ်၍ လူဘုံ, နတ်ဘုံ, သုဂတိဘုံရောက်ကြ၏၊ ထိုရောက်ရာဘုံဘဝမှ ဗြဟ္မာပြည်သို့ချည်း ရောက်ကြကုန်၏၊ အပရာပရိယဝေဒနီယကံမှ ကင်းသော သတ္တဝါဟူ၍မရှိပေ၊ ထိုကမ္ဘာ ပျက်မည့်အခါတွင် အပရာပရိယဝေဒနီယကံသည် ထောက်မ လာမြဲ ဓမ္မတာပင်ဖြစ်၏။

အနန္တရိယကံ ငါးပါးတွင် အကြီးလေးဆုံးသော သံဃာကိုသင်းခွဲသော သံဃ ဘေဒကကံမှာ ကပ္ပဋ္ဌေ-ကပ်ပတ်လုံး တည်သည်ဆိုရာ သံဃာသင်းခွဲ၍ စုတေပြီးချိန်မှ စ၍ ငရဲကျ၏၊ ကမ္ဘာပတ်လုံး ခံရသည်။ ကမ္ဘာပျက်ကာနီးတွင် လွတ်ရသည်။ ထို့ကြောင့် ကမ္ဘာဝေ၍မှ ငရဲကမလွတ်သောသတ္တဝါဟူ၍မရှိပေ။

## တစ်ပါးလောကဓာတ်သို့ မပြောင်းကြ

ကမ္ဘာပျက်သောအခါ ဗြဟ္မာဘုံသို့ချည်း ရောက်ကြသလော၊ တစ်ပါးသော မဟာလောကဓာတ်စကြဝဠာသို့ ကူးပြောင်းမဖြစ်ကြပြီလောဆိုသော် မကူးကြကုန်၊ ကိုယ့်လောကဓာတ်နှင့်ကိုယ်သာ ဖြစ်ရမည်ဟု နိယာမတရားတော့မရှိပေ၊ သို့သော် တစ်ခုသောမဟာလောကဓာတ်အတွင်းက သတ္တဝါသည် တစ်ပါးသောမဟာ လောကဓာတ်သို့ ကူးပြောင်းခဲ့၏။ သတ္တဝါတို့စိတ်အာရုံသည် ကျင်လည်နေကျ မြင်ဖူး, ကြားဖူး, ရောက်ဖူးရာ၌သာ စွဲလမ်းခင်မင်မှုရှိကြ၍ မကြားဖူး, မဖြစ်ဖူး, မရောက်ဖူး, မကျင် လည်ဖူးသောအရပ်၌ စိတ်အာရုံညွတ်ခဲ့သောကြောင့်တည်း။

## မီးဖျက်၍ ကမ္ဘာပျက်ပုံ

မီးဖျက်သောကမ္ဘာမှာ ကမ္ဘာပျက်တော့မည်ဟူသော ကောလဟာလဖြစ်၍ ကာမဘုံသားသတ္တဝါတို့ ဗြဟ္မာပြည်သို့ တက်ကြဆဲအခါ လူပြည့်၍ လူမကုန်ခင်အနှစ်

တစ်သိန်းလောက်ကျလျှင် မိုးကြီးသည်းထန်စွာ တစ်ကြိမ်ရွာ၏၊ ထိုအခါ ကြွင်းသော လူတို့သည် မျိုးစပါးကိုထုတ်၍ ကြဲကြကုန်၏၊ ထိုကြဲသောမျိုးသည် အိမ်သို့ပြန်မဝင်တော့ဘဲ အပြီးတိုင် မိုးခေါင်သွားတော့၏၊ ထိုအခါ လူတို့သည် သေကျေပျက်စီး၍ နတ်ပြည်သို့ ရောက်ကြကာ တစ်ဆင့်ဈာန်ကိုဖြစ်စေလျက် ဗြဟ္မာ့ဘုံသို့ရောက်ကြကုန်၏။

ထိုကမ္ဘာဖျက်မိုးကြီးသည် သည်းထန်စွာ တစ်ကြိမ်ရွာပြီးနောက် မိုးကောင်းကင်သည် မြင်းဟီသံကဲ့သို့ မြည်ဟိန်း၍တစ်ပေါက်မျှမကျဘဲ အပြီးတိုင်မိုးပြတ်သွားလေ၏၊ နောင်အနှစ်တစ်သိန်းတိုင်သောအခါ မီးဖျက်မည့်ကမ္ဘာ၌ မဟာလောကဓာတ်အတွင်း စကြဝဠာတိုင်းမှာပင် နေနှစ်စင်းထွက်လာ၏၊ ထို့နောက် ကြာမြင့်သောအခွန့်ကာလကို ခြား၍ အစဉ်အတိုင်း နောက်သုံးစင်း, လေးစင်း, ငါးစင်း, ခြောက်စင်း, ခုနစ်စင်းထွက်၍ စကြဝဠာခံရေနှင့်တကွ စကြဝဠာမဟာလောကဓာတ်ကြီးတစ်ခုလုံး မီးတွေလောင်လေ တော့သည်။ နေဗိမာန်နှင့်တကွ နတ်ဘုံတွေ, ပထမဈာန်ဗြဟ္မာ့ဘုံကိုပါ လောင်ကျွမ်း၏၊ လောင်စာကုန်သောအခါ မီးလျှံစဲလေပြီ၊ အထက်ကောင်းကင်နှင့် အောက်ကောင်းကင် တစ်စပ်တည်းစပ်လျက် ဟင်းလင်းပြင် အမိုက်မှောင်ကြီးအတိဖြစ်၍ တည်လေ၏။

# ရေဖျက်၍ ကမ္ဘာပျက်ပုံ

ရေဖျက်မည့်ကမ္ဘာမှာ အလွန်ခါး, အလွန်ငန်သော ရေငန်မိုးကြီးရွာ၍ စကြဝဠာ မဟာလောကဓာတ်ကြီးအကုန်လုံး ကြေမွပျက်စီးပြီး အရည်ပျော်၍သွားလေ၏၊ နတ်ဘုံနှင့် ပထမဈာန်, ဒုတိယဈာန်ဗြဟ္မာ့ဘုံတို့ကိုပါ ကြေမွစေ၍ အရည်ပျော်စေပြီးလျှင် စကြဝဠာ ရေနှင့်တကွ ကမ္ဘာဖျက်ရေငန်တို့သည် အပိတ်မဲ့သောခွက်၌ထားသော မာတ်ဆီကဲ့သို့ အလျင်အမြန်ကွယ်ချုပ်သွားကြလေသည်။ အထက်ကောင်းကင်နှင့် အောက်ကောင်းကင် တစ်စပ်တည်းစပ်လျက် ဟင်းလင်းအပြင် ကောင်းကင်အမိုက်မှောင်ကြီး အတိဖြစ်၍ တည်လေ၏။

# လေဖျက်၍ ကမ္ဘာပျက်ပုံ

လေဖျက်မည့်ကမ္ဘာမှာ အလွန်ပြင်းထန်သောလေတို့သည် ထ၍ဖုံမှုန့်, မြေခဲ, ကျောက်ခဲတို့ကို ကောင်းကင်သို့ လွင့်စေ၏၊ ကြာလေလျှင် ကျောက်ဖျာကျောက်ထွတ်, တောင်ထွတ်တွေကိုပါ ကောင်းကင်သို့လွင့်စေ၏၊ ဟိမဝန္တာမဟာတောင်, စကြဝဠာတောင်, မြင်းမိုရ်တောင်ကြီးတို့ကိုပါလွင့်စေ၏၊ စကြဝဠာ မဟာပထဝီမြေကြီးကိုပါ အစိတ်စိတ်

မှကြေကွဲဖျက်လျက် ကောင်းကင်သို့လွင့်စေ၏၊ နေဝိမာန်, လဝိမာန်, ကြယ်ဝိမာန် တို့ကိုလည်း ဖိလာ့အောက်ထက် လွင့်မိလွင့်ရာလွင့်စေ၏။

ကမ္ဘာဖျက်လေသည် လွင့်အပ်သည်ဖြစ်၍ ပျက်စီးသော ဤမဟာလောကဓာတ် အတွင်း၌ ကောင်းကင်ဆို့လွင့်လေသော အလုံးစုံသော အစိုင်အခဲ အထည်ဝတ္ထုတို့သည် စကြဝဠာအချင်းချင်းအားဖြင့် လည်းကောင်း၊ မြင်းမိုရ်တောင်အချင်းချင်းအားဖြင့် လည်းကောင်း မြင်းမိုရ်နှင့်စကြဝဠာအားဖြင့်လည်းကောင်း၊ မြင်းမိုရ်နှင့် ဘုံဝိမာန်အားဖြင့် လည်းကောင်း အမှတ်မရှိ တစ်ခုနှင့်တစ်ခုထိခိုက်ကြ၍ မှုန့် မှုန့်ညက်ညက် ကြေမွပျောက် ပျက်ကြလေကုန်၏၊ ထိုအခါ ကမ္ဘာဖျက်လေတို့သည် ခဏချင်းငြိမ်သက်၍ ချုပ်ပျောက် ကြလေကုန်၏၊ အထက်ကောင်းကင်နှင့် အောက်ကောင်းကင်တစ်စပ်တည်းစပ်လျက် ဟင်းလင်းပြင် ကောင်းကင်အမိုက်မှောင်အတိဖြစ်၍ တည်လေ၏။

## အသင်္ချေယျ လေးကပ်

တစ်ကမ္ဘာလျှင် လေးပိုင်းစီခြားရ၏၊ ကမ္ဘာပျက်မိုးကြီးရွာသည်မှစ၍ ဟင်းလင်း အပြင်ကောင်းကင်အတိ ဖြစ်သည်တိုင်အောင်ကာလသည် ပျက်စီးဆဲဖြစ်သော တစ်ခုသော သံဝဋ္ဋအသင်္ချေယျကပ်မည်၏၊ ဟင်းလင်းပြင် တည်သည်မှစ၍ ကမ္ဘာပြုမိုးကြီး ရွာသည် တိုင်အောင်သော ကာလသည် ပျက်ပြီး၍တည်နေသော တစ်ခုသောသံဝဋ္ဋဋ္ဌာယီအသင်္ချေယျ ကပ်မည်၏၊ ကမ္ဘာပြုမိုးကြီး ရွာသည်မှစ၍ နေလနက္ခတ်ပေါ်သည့်တိုင်အောင်သော ကာလသည် ပျက်စီးပြီးလျှင် တစ်ဖန်ဖြစ်ပျက်ဆဲသော တစ်ခုသော ဝိဝဋ္ဋအသင်္ချေယျကပ် မည်၏၊ နေလနက္ခတ်ပေါ်သောနေ့မှစ၍ ကမ္ဘာဖျက်မိုးကြီး ရွာသည်တိုင်အောင်ကာလသည် ဖြစ်ပြီး၍တည်နေဆဲသော တစ်ခုသောလူနေဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်မည်၏။

ဤအသင်္ချေယျကပ် လေးခုသည် အဓွန့်ကာလအကြာ ပမာဏညီမျှကြ၍ အန္တရကပ်ခြောက်ဆယ့်လေးကပ်စာစီချည်း ရှိကြ၏၊ ဤအသင်္ချေကပ် လေးခုအပေါင်းသည် တစ်ခုသောမဟာကပ် မည်၏၊ ဤမဟာကပ်တစ်ခုကိုပင် တစ်ကမ္ဘာဟူ၍ခေါ်၏၊ စင်စစ်မှာ လေးပုံတစ်ပုံသာလျှင် သတ္တဝါတို့ နေခွင့်ရကြသည်။

## ပျက်ချိန် ဝေးပါသေး၏

ဤငါတို့နေသော ကမ္ဘာကို မီးရေလေအဖျက်သုံးပါးတို့တွင် မီးဖျက်လတ္တံ့၊ တစ်ကမ္ဘာလျှင် အန္တရကပ် ခြောက်ဆယ့်လေးကပ်တွင် တစ်ဆယ့်တစ်ကပ်လွန်ခဲ့၍ ယခု တစ်ဆယ့်နှစ်ကပ်ကွင်းသို့ရောက်ပြီ၊ ဆယ်နှစ်တမ်းမှပြန်၍ အသင်္ချေယျတမ်းရောက်လျှင်

တစ်ဆယ့်နှစ်ကပ်ပြည့်မည်၊ ထို့နောက်ငါးဆယ့်နှစ်ကပ်အလွန် လူတို့သက်တမ်း တစ်ထောင်တမ်းကျမှ လောကဗျူဟာနတ်တို့ ကြွေးကြော်ပြီးလျှင် ကမ္ဘာပျက်လတ္တံ့၊ များစွာဝေးသေး၏၊ ဘယ်ဟာမှမတည်မြဲ ပျက်စီးရပုံကို မြတ်စွာဘုရားရှင်သည် အနိစ္စဝိပဿက တောနေရဟန်းငါးရာတို့အား အကျယ်အားဖြင့် ဟောကြားတော်မူခဲ့လေသည်။ (အင်္ဂုတ္တိုရ် သတ္တသူရိယသုတ်)

# အသင်္ချေယျကပ် ပမာဏ

တစ်ကမ္ဘာ၏လေးပုံတစ်ပုံဖြစ်သော ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်တစ်ခုအတွင်း၌ တစ်ပြောင်းပြန်ပြန် ကျင်လည်ရသော သတ္တဝါတစ်ဦး၏ ဖြစ်ရာဘဝကြီးငယ်တို့မှ အရိုးကြီးငယ်တွေကို တစ်နေရာတည်းစုပုံထားငြားအံ့၊ အကယ်၍ မပျက်မစီးရှိခဲ့လျှင် ဝေပုလ္လတောင်ကြီးနှင့် ညီမျှနိုင်သည်ဟူ၍ ဘုရားရှင်ဟောတော်မူလေရာ အချိန်မည်မျှကြာသည်ကို ဤပမာဏဖြင့် ဆကြည့်ရာ၏။

# ဗြဟ္မာဘုံ၌သာ အနေကြာရသည်

သို့ရာတွင် သတ္တဝါတို့သည် လူ့ဘုံ၊ နတ်ဘုံတို့ပျက်စီးနေသောအခါ နေစရာမရှိ၍ ကမ္ဘာပျက်ဘေးကြီး လွတ်ကင်းရာရှောင်တိမ်းရင်း အထက်ဗြဟ္မာဘုံသို့ ရောက်နေကြရသည်ကများ၏၊ ကမ္ဘာတိုင်းမှာပင် လေးပုံလျှင် သုံးပုံသောကာလသည် ဗြဟ္မာဘုံ၌ကြာကြရ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ဝါသေဋ္ဌပုဏ္ဏားကို ဟောကြားတော်မူခဲ့သည်မှာ-

> "အို ဝါသေဋ္ဌ - အကြင် တစ်ရံရောအခါ အချို့သောကာလ၌ ရှည်မြင့်စွာသော ကာလကို လွန်သဖြင့် ဤဩကာသလောကသည် ပျက်စီး၏၊ ဩကာသလောကကြီး ပျက်စီးသည်ရှိသော် သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရဘုံ၌ ဖြစ်ကြကုန်၏၊ ထိုသတ္တဝါတို့သည် ထိုအာဘဿရဘုံ၌ ဈာန်စိတ်ဖြင့် ပြီးကြကုန်၏၊ နှစ်သက်ခြင်းပီတိသာလျှင် အစာရှိကြကုန်၏၊ မိမိတို့၏ ကိုယ်ရောင်ဖြင့် ထွန်းလင်းကြကုန်၏၊ ကောင်းကင်လှည့်လည် ကျက်စား၍ တင့်တယ်စွာ တည်ကြကုန်၏၊ ထိုသတ္တဝါတို့သည် ထိုအာဘဿရဘုံ၌ ကြာမြင့်စွာသော ကာလပတ်လုံး တည်ကြကုန်၏။" (သုတ်ပါထေယျ အဂ္ဂညသုတ်)

# အဆုံးအမရှိသော အနမတဂ္ဂလေးချက်

တရားကိုယ်အားဖြင့် စုစုချုပ်ဆိုရလျှင် သတ္တဝါတို့၏ တည်ရာမှီရာဘုံလောကစကြဝဠာသည် အဆုံးအပိုင်းအခြားမရှိ မရေတွက်နိုင်အောင် များစွာတည်လျက်ရှိကြ၏၊

သတ္တဝါတို့သည်လည်း အဆုံးအပိုင်းအခြားမရှိ မရေတွက်နိုင်အောင် များစွာရှိကြ၏၊ တစ်ကမ္ဘာပျက်ပြီးလျှင် တစ်ကမ္ဘာဆက်ကာ တည်ထောင်နေကြသော သင်္ခါရလောကကပ် ကမ္ဘာတို့သည်လည်း မရေမတွက်နိုင် အဆုံးအပိုင်းအခြားမရှိ များစွာရှိ၏၊ ထို့အတူ လောကသား လူနတ်ဗြဟ္မာသတ္တဝါတို့၏ အကျိုးငှာ တစ်ခါတစ်ရံလူလောကသို့ ဖြစ်ပေါ်၍ ပွင့်တော်မူလာကြသော ဘုရားရှင်တို့သည်လည်း အဆုံးအပိုင်းအခြားမရှိ များစွာပင်ရှိတော်မူလေသည်။

# အစမထင် အဆုံးမမြင်သောကမ္ဘာ

ဤကမ္ဘာလောကဘုံပြည် စကြဝဠာတို့နှင့် သတ္တဝါတွေကို ဘယ်အခါက စတင်ဖြစ်ပေါ်လာသနည်း၊ ဘယ်နတ်ဗြဟ္မာ, ဘယ်ဘုရား ပစ္စေကဗုဒ္ဓါတန်ခိုးရှင်တို့က ဖန်ဆင်းထားလေသနည်းဟု တွေးခေါ်တတ်ကြ၏။ အချို့သောဘာသာခြားတို့က နတ်ဖန်ဆင်းသည်။ ဗြဟ္မာဖန်ဆင်းသည်။ ဘုရားဖန်ဆင်းသည်ဟု ရေးသားပြောဆိုကြ၏၊ စင်စစ်မှာ မမှန်ပေ၊ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကပင် မဟာဗြဟ္မာကြီးတစ်ဦးက သူဖန်ဆင်းကြောင်း မဟုတ်တမ်းစကားဖြင့် ကြွားဝါနေ၍ ဘုရားရှင်ကိုယ်တိုင် ဆုံးမခဲ့ဖူး၏၊ ရှေးလွန်ပြီးသောကာလ၌ ပွင့်တော်မူ၍ ပရိနိဗ္ဗာန်စံယူတော်မူသွားကြလေကုန်ပြီးသော ဘုရားရှင်တို့သည် အဘယ်မည်သော ဗုဒ္ဓရှင်တော်ကမှ သတ္တဝါနှင့်ဘုံပြည်တွေကို ဘယ်သူဖန်ဆင်းထားသည်ဟု မဟောခဲ့ကြပေ၊ အကြောင်းမှာ သက်ရှိသတ္တဝါတစ်စုံတစ်ဦးက ဖန်ဆင်းထားခြင်း မဟုတ်သောကြောင့်တည်း။

လောက၌ အတုမရှိသောဉာဏ်တော် အာနုဘော်တော်ကြီးရှင် ဖြစ်တော်မူသော ဘုရားရှင်သည် ကမ္ဘာလောကသားတို့ကို ဉာဏ်ဖြင့်ဆင်ခြင်သည်ရှိသော် တစ်ကမ္ဘာ၏ ရှေးကတစ်ကမ္ဘာ၊ ထိုရှေ့ကတစ်ကမ္ဘာဖြင့်သာ ဉာဏ်တော်တွင်အစဉ်လျှောက်၍ ဆင်ခြင်တိုင်း မြင်နေတော်မူရ၏၊ စွာဦးသော ကပ်ကမ္ဘာကိုလိုက်၍မဆုံး၊ ဤသို့သော နေ့ညဥ့်ရှိသမျှ ဆင်ခြင်နေခဲ့သော် ဝေနေယျများစွာတို့အား တရားဟောချွတ်ရန် အချိန်မရတော့ဘဲ သက်တမ်းကုန်၍ ပရိနိဗ္ဗာန်သာပြုဖွယ်ရာရှိ၏၊ ကပ်ကမ္ဘာကား လိုက်၍မဆုံးနိုင်ချေ၊ ထို့ကြောင့် အစမထင်သော သံသရာဟူ၍သာ ဟောကြားထားတော်မူခဲ့၏၊ ဘယ်သူဖန်ဆင်းသည်ဟု မဟောခြင်းသည် စင်စစ်ကျေးဇူးဖြစ်ထွန်းမှုလည်း မရှိပေ။

တစ်ဖန် နောက်သို့ မျှော်မှန်းဆင်ခြင်ကြည့်ပြန်လျှင်လည်း တစ်ကမ္ဘာပျက်ပြီးလျှင် တစ်ကမ္ဘာတည်၍ချည်း ဆက်နေဦးမည်သာဖြစ်ရာ အနာဂတ် ကာလကိုလည်း

ဘယ်ခေတ်ဘယ်အခါ ဘယ်ကမ္ဘာတွင် အဆုံးသတ်လိမ့်မည်ဟု အဆုံးကိုမမြင်ချေ၊ ထို့ကြောင့်သံသရာကပ် ကမ္ဘာသည်အစလည်းမထင်, အဆုံးလည်းမမြင်ဟုသာ မှတ်ရာ၏။

# လောက၏ အဆုံးခြေဖြင့် မရောက်နိုင်

ရှေ့နောက်ဝဲယာ အရပ်ဒေသအားဖြင့် လောက၏အဆုံးကို သွားရောက်နိုင်ပါသလောဟု ရောဟိတနတ်သားက ဘုရားရှင်ထံ၌လျှောက်ဖူး၏၊ "အကြင်အရပ်၌ အကြင်သူသည် ပဋိသန္ဓေမနေ၊ မအို, မသေတစ်ဖန်မဖြစ်၊ အရှင်ဘုရား. . . . ထိုအရပ်၌ ထိုသူသည် လောက၏အဆုံးကို သိခြင်းငှာလည်းကောင်း၊ မြင်ခြင်းငှာလည်းကောင်း၊ ရောက်ခြင်းငှာလည်းကောင်း ခြေကျင်သွားသဖြင့် တတ်နိုင်ရာပါအံ့လော"ဟု လျှောက်၍ ဘုရားရှင်က "အို. . . ရောဟိတနတ်သား၊ အကြင်အရပ်၌ ပဋိသန္ဓေမနေ၊ မအို, မသေ မစုတေ, တစ်ဖန်မဖြစ်၊ လောက၏ အဆုံးဖြစ်သော ထိုအရပ်သို့ ခြေဖြင့်သွား၍ မြင်နိုင် ရောက်နိုင်သည်ဟု ငါဘုရားဒေသနာတော်မမူ"ဟု မိန့်တော်မူ၏။

တစ်ဖန်နတ်သားက "အရှင်ဘုရား၊ အကျွန်ုပ်အား ငါသည် လောက၏အဆုံးကို ရောက်အံ့ဟု အလိုဖြစ်ပေါ်၍ လျင်သောအဟုန်ဖြင့် အနှစ်တစ်ရာ အသက်ရှည်သမျှ ကာလပတ်လုံးသွား၍ လောက၏အဆုံးကို မရောက်ပါဘဲ အကြား၌သာလျှင် စုတေသေလွန်ခဲ့ရပါ၏"ဟုလျှောက်၏။

ထို့ကြောင့် ဘုရားရှင်က "အို . . . နတ်သား-လောက၏အဆုံးကို မရောက်နိုင်သောကြောင့် ဒုက္ခ၏အဆုံးကိုပြုခြင်းငှာ ဟောတော်မူသည်။ စင်စစ်ကား သညာဝိညာဉ်ရှိသည်ဖြစ်သော ဤတစ်လံမျှလောက်သော အတ္တဘောကိုယ်ကောင်၌သာလျှင် လောကကိုလည်းကောင်း၊ လောက၏ဖြစ်ကြောင်းကိုလည်းကောင်း၊ လောက၏ ချုပ်ဆုံးရာကိုလည်းကောင်း၊ လောကချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကိုလည်းကောင်း ငါဘုရားဟောကြားတော်မူအပ်၏"ဟု မိန့်တော်မူလေသည်။

# ဒုက္ခ၏ ဆုံးရာဌာန

လောက၏အဆုံးကိုသွား၍ မရောက်နိုင်၊ လောကတွေများသောကြောင့် ဈာန်အဘိညာဉ်ရှင်ဘုရား၊ နတ်ဗြဟ္မာ၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့သည် ကွေးသောလက်ဆန့်သကဲ့သို့ ဝေးလံဗြဟ္မာဘုံသို့လည်းကောင်း၊ ဝေးလံကွာခြားသော စကြဝဠာသို့လည်းကောင်း လျင်မြန်စွာရောက်နိုင်ကြ၏၊ သို့သော် စကြဝဠာကမ္ဘာလောက၏ ဆုံးရာမရှိသောကြောင့်

ကျေးဇူးမရှိ၍ မသွားကြပေ၊ အချို့သွားစမ်း ကြည့်ကြဖူးသူတွေလည်း များစွာရှိ၏၊ ထို့ကြောင့် ဘုရားရှင်တို့ကား ကျေးဇူးများသော ဒုက္ခ၏ဆုံးရာဌာနကိုသာ ပို့ဆောင်တော်မူကြလေသည်။

ဥဒယပုဏ္ဏားကြီးကို ဟောတော်မူသည်မှာ ပဋ္ဌနိနတ်သည် အဖန်တလဲလဲ မိုးရွာ၏၊ လယ်သမားသည် အဖန်တလဲလဲ လယ်ထွန်ကြရကုန်၏၊ မျိုးစေ့ကိုအဖန်တလဲလဲ စိုက်ပျိုးကြကုန်၏၊ တိုင်းနေပြည်သူလူအပေါင်းသည် အဖန်တလဲလဲ စပါးလုပ်ရာသို့ ကပ်ရောက်ကြကုန်၏၊ နွားသူငယ်သည် အဖန်တလဲလဲ အမိဖြစ်သောနွားမတို့ကပ်၏၊ အဖန်တလဲလဲ ပင်ပန်း၏၊ အဖန်တလဲလဲ တုန်လှုပ်၏၊ နုံ့သောပညာရှိသောသူသည် အဖန်တလဲလဲ ပဋိသန္ဓေယူနေခြင်းဖြင့် အမိဝမ်းသို့ကပ်ရောက်၏။

အဖန်တလဲလဲ ပဋိသန္ဓေလည်းနေ၏၊ သေလည်းသေ၏၊ အဖန်တလဲလဲ သင်္ချိုင်းသို့ ဆောင်ကြကုန်၏၊ ကြီးသောပညာရှိသော သူတော်ကောင်းသည် နိဗ္ဗာန်ကိုရ၍တစ်ဖန် ပဋိသန္ဓေမနေရခြင်းငှာ အဖန်တလဲလဲ လုံ့လကိုဖြစ်စေ၏ - ဟုဟောတော်မူ၏။

ဒုက္ခ၏အဆုံးကား နိဗ္ဗာန်ချမ်းသာဖြစ်၏၊ နိဗ္ဗာန်ရောက်လျှင် ဒုက္ခဆုံးတော့သည်။ မရောက်သေးသမျှ မဆုံးသေး ထို့ကြောင့် ဒုက္ခ၏ဆုံးရာကို သွားရောက်လိုသော သူတော်ကောင်းသည် နိဗ္ဗာန်ရောက်ကြောင်းကိုသာ ကြိုးစားအားထုတ်ရာသတည်း။



# နိဂုံးမှတ်တမ်း

ဤဘုန်းကြီးမှတ်တမ်းစာသည် မြေပြန့်မြို့ရွာတို့၌ နေစဉ်အပိုင်း၊ တောင်တန်းနယ်ခြားတို့၌ သာသနာပြုလှည့်လည်စဉ် အပိုင်းဟူ၍ နှစ်ပိုင်းခွဲခြားမှတ်သားထားရာ ဤစာအုပ်သည် မြေပြန့်မှတ်တမ်းပိုင်း ဖြစ်၏။

ထိုစဉ်က နေ့စဉ်ဒိုင်ယာရီရေးမှတ်ထားရာတွင် လိုရာကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။ ယခုစာအုပ်စာတမ်းအဖြစ် ရေးသားသောအချိန်မှာ အာသံပြည်နယ်ခြားတောင်ရွာငယ် ၁၀-စုဗိုလ်တဲစခန်း၌ ခေတ္တကျောင်းအဖြစ်ဖြင့်နေစဉ် အခိုက်ဖြစ်၏။ ၁၃၂၀-ခု၊ တပို့တွဲလဆုတ် (၉)ရက်၊ အင်္ဂါနေ့စကာင်ရေးခဲ့ရာ ၁၃၂၁-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄-ရက်၊ သောကြာနေ့မှအားလုံး အချောပြုပြင်ရေးကူး၍ပြီး၏၊ နေ့စဉ်ပဓာနလုပ်ငန်းများရှိနေသည့်ပြင် ရံခါငှက်ဖျားဝင်၍ ဖျားနေတတ်ခြင်း၊ ဆီးနှင်းတွေထန်, နှင်းမြူခဲတွေကျ၍ စာမရေးနိုင်အောင် အအေးလွန်နေတတ်ခြင်း၊ မိုးပြင်းစွာရွာလျက် ရက်ဆက်လေပြင်းတိုက်ကာ မီးဖိုဒ္ဌပင် ခက်ခဲအောင်ရာသီဥတု ဆိုးဝါးနေတတ်ခြင်းတို့ကြောင့် မှန်မှန်စာမရေးနိုင်ပေ၊ ထို့ကြောင့် (၈)လကျော်ခန့် အချိန်ကြာမှ အပြီးသတ်ရသည်။

ဤစာအုပ်ရေးနေစဉ် နယ်ခြားတောင်ကြီးသို့ တစ်ပါးတည်းသံယောဇဉ်ခွာ၍ နေခဲ့သည်မှာ ၁၅-နှစ် (၅)မိုးရှိလေပြီ၊ အဘယ့်ကြောင့် နယ်ခြားနှင့်အလှမ်းကွာဝေးသော နယ်ခြားတောတောင်ကြီးသို့ ကြွရောက်သီတင်းသုံးနေပါသနည်းဟုဆိုလျှင် တစ်ခါက (ကန္တာရဇီရာ) အမည်ခံဒါယကာ စာရေးဆရာကြီး တစ်ဦးထံသို့ ရေးသားပေးပို့လိုက်ဖူးသော အောက်ပါ နိဗ္ဗိန္ဒသံဝေဂလေးချိုးစာတမ်းဖြင့် သိသာနိုင်သဖြင့် ဖော်ပြလိုက်ရပေသည်။

# နိဗ္ဗိန္ဒလေးချိုး စာတမ်း

နိက္ခမံ - လာဝသီအလျောက်ပေမို့၊ စိတ်အကြံ ဘာဂီပြောက်စေဖို့၊ အမိဋ္ဌာန် ပါရမ်လဲ ပေါက်ရန်ဟု၊ တာအရှည်ဘာဟီတွေကို မထောက်နိုင်ဘူး၊ အနိစ္စရူပက္ခန္ဓာကို နော်ကွယ်၊ ဝနာဆီစာရီနှင့်လျှောက်ပါလို့၊ ဒိဋ္ဌမူသစ်ဖန်။

သံသရာ - အဏ္ဏဝါကြောကိုလ၊ ပြန်လှန်ကာ အထွေထွေဖန်ခါခါ မျောကြတာမို့၊ ကံဇာတာသဘောကို အရှည်မျှော်မိတော့၊ ဝသီဘော်လေ့လာလို့ထားပါမှ၊ မတည်ချော် ရွှေ့ကာငယ်သွားမှုဖြင့်၊ မဆိမလျှော် ဘဝေ့ဘဝါတွေကလည်း များတက်ပေသမို့၊ ဘုရားနိဗ္ဗာခံတို့တောင်၊ ကြည့်စာရန်ဇာတ်တော်ကို ရှုလိုက်တော့၊ ဝိပါက်ဖြစ်ဖော်တဲ့ အနုတို့ကိုလ၊ သိမူဖန်ဝေဆင်၍၊ သံဝေမြင် ထိတ်ဖွယ်ဝဋ်တွေကို၊ ကျွတ်ဖို့အဓိဋ္ဌာန်ရယ်နော်ကွယ်၊ လွတ်ဖို့စိတ်အကြံ။

သင်္ခါရဘေဝဇ္ဇနနွယ်တရားတို့ကိုလ၊ မြင်ကရာတွေ အနိစ္စဟယ်လို့ပွားပြီးတော့ တဒင်္ဂါအနေဝိဋ္ဌာနယ်သို့ လားသလိုပဲ၊ စိတ်မှာရှယ်ကာထားပါဘဲ့ ဝေးရပ်ဌာန်၊ ဘေးမြတ် မမွခန်ဘေ့နဲ့မွေ့ကာမြူး၊ (ဘိုးက္ကန္ဒာရယ်) ဘောမကောင် ရန်ဘယာတွေ ကွာလို့မို့ အလေ့ ဝါသနာသူ။

ဘဂဝါဆုကံ့မှုယ် မဟာကရုဏာအရာကျယ်လို့၊ ငါဆရာတကာ်တော်ဆီသို့ မြန်းခဲ့ပေါ့ ညာဟာကာအန္တယ်တွေကို မနောလည်လို့လည်း လွှမ်းတော့ပါဘူး သခ်မ်းရယ် တောင်ရုံမြေက ဘာ၀ခနေနေ့စဉ်ပွားပါလို့ တခါတလေ တွေ့မြင်တဲ့တရားတို့ကိုလ ဆွေသားနောင်တော်ကို့ကို ဆောင်ခေါ်ကာဟောကာမြွက်ချင်ရဲ့၊ တောနက်ဥဩဗွေချာသို့ စေတနာရှေ့ရှုံလို့သွားပုံက ဘဝေဘဝါတွေ့ကြုံတဲ့ တရားတွေကြောင့် ဇကစာ အလေ့အထုံ တွေကလည်း မျှားခဲ့ပြီထင့်၊ ရဟတ်ချားပမာတင်သည့်၊ သံသာပြင်စမထင်တဲ့ အတိတ်ဆီက၊ ဇောဟိတ်ဖန်လာစဉ်၍ မနောစိတ်ကြဲကာဝင်လို့မို့၊ သမ္ဗရဥ်သမုဒယခဲ့တဲ့အကျင့်တွေနှင့်၊ ဉာဏ်အမြင်ရှုဆပါလို့ ချင့်တဲ့ပြီး ကြောင်းသင့်ထုတ်ဆိုဘာဂီလေ့ရှင်နှင့် မခြားသလိုပ လောင်းမင်းဗုဒ္ဓိုရ်ပါရမီဖြည့်စဉ်အလားနှယ်သို့၊ မကိုခင်ကြိုတင်၍ထားပါမှ အာစိဏ္ဏကံကို ကြိမ်ဖန်ဖန်ပွားလို့ရယ် တရားပြဟ္မစိုရ်ထုံ၍ ချမ်းသာဘုံကူးရန်ပ၊ အလကားအပိုအမိုတွေကို ဆပွားကာ မကြုံတွေ့လိုသူတစ်ဦးဟာမို့ အလားဓမ္မာအနေကို ခြားမကွာလှုံမွေ့၍ မြူးလျက် သာပ (ဘိုးက္ကန္ဒာရယ်) ကြည်နူးဘဝင်ဆောင်စိတ်တွေသန်လို့မို့၊ အောင်နိဗ္ဗာန် ခေမာနန်း ကိုကွယ် မြန်းဖို့ရည်စူး . . . . ။

အရှင် ဦးဥတ္တမသာရ
(အာသံပြည်နယ်ခြားတောင်ကြီး)
၁၃၂၁-ခု၊ တန်ဆောင်မုန်းလဆုတ် (၇)ရက်နေ့။

